www.burmeseclassic.com

BURMESE CLASSIC

Charles Dickens

# OLIVER TWIST

# အိုလီဗာတွစ်

မိုးဝေ မြန်မာပြန်



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# မိုးဝေ

(ဦးခင်မောင်ကြီး)

# အိုလီဗာတွစ်

# OLIVER TWIST

Charles Dickens

၂၀၀၇ ခုနှစ်၊ မတ်လ
တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

အိုလီဗာတွစ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၂၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၂၅၀၆၁၂ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ။.ဒ.၀ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က တတိယ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၇ ခု၊ မတ်လတွင် တန်ဖိုး ဖြန့်ချိသည်။

၃၅၀၊ဇူလိုင်/ဒုတိယအကြိမ်-၁၉၅၃၊မြေ(သွေးသောက်တိုက်)

စာအုပ်ချုပ် - ကိုမြင့်

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

ဤအိုလီဗာတွစ် ဝတ္ထုကို မူလ ရေးသားသူ စာရေးဆရာကြီး ချားလ်စ် ဒစ်ကင်းစ်ကား အင်္ဂလိပ် စာပေ ရာဇဝင်တွင် ထင်ရှားခဲ့သည့် စာရေးဆရာကြီး တစ်ယောက် ဖြစ်ပေသည်။ ချားလ်စ်ဒစ်ကင်းစ်၏ စာပေများသည် ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးဟု ဆိုနိုင်လေသည်။ ထိုမျှသာမကသေး ချားလ်စ် ဒစ်ကင်းစ်မှာ ကမ္ဘာပေါ်တွင် လူကြိုက် အများဆုံးသော စာရေးဆရာ ဟူ၍ပင် နာမည် တွင်ခဲ့လေသည်။ ယခုထက်တိုင်ပင် သူ ရေးသားပြုစုခဲ့သော စာပေ အရပ်ရပ်တို့ကို ကမ္ဘာ့ စာဖတ်သူ လူထုက အမြတ်တနိုး လက်ခံထားနေလျက်ပင် ရှိသေးသည်ကို ထောက်လျှင် ထိုစကားမှာ ချဲ့ထွင်လွန်းသော စကား မဟုတ်သည်ကို သိသာနိုင်ပေ၏။

သူ ပြုစုခဲ့သော စာပေများမှာ စာပေသမားများအဖို့ ယခုထက်ထိ စိတ်ဝင်စားစရာ ကောင်းနေဆဲ ဖြစ်လေသည်။ ချားလ်စ် ဒစ်ကင်းစ်နှင့် ပတ်သက်၍ လည်းကောင်း၊ သူ၏စာပေနှင့် ပတ်သက်၍ လည်းကောင်း စာပေသမားများ ပြုစုရေးသားခဲ့သော စာအုပ်များသည်လည်း များပြားလှတော့ပေသည်။ ချားလ်စ် ဒစ်ကင်းစ်၏ စာပေများမှာ စာပေသမားတို့၏ စိတ်ဝင်စားမှုကို မည်မျှ ဖြူဆောင်ဆွဲဆောင်နိုင်စွမ်း ရှိသနည်းဆိုလျှင် သူ ပြုစုခဲ့သော စာပေများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ စာပေသမားများက ဝေဖန်ရေးသား ပြုစုခဲ့သည့် စာပေရပ်များပင် စုစုပေါင်း ၃၀၀၀ ကျော် ရှိခဲ့လေ၏။

ချားလ်စ်ဒစ်ကင်းစ် အသက်ရှင်စဉ် အခါကဆိုလျှင် သူ၏ နာမည်မှာ အင်္ဂလန်ပြည်၌သာမက အမေရိကတိုက်သို့ပင် ကူးစက် ကျော်ကြားခဲ့လေသည်။ ချားလ်စ်ဒစ်ကင်းစ် အမေရိကန် ပြည်ထောင်စုကို လှည့်လည်ခဲ့စဉ်က ဆိုလျှင် သူ၏ ဟောပြောပွဲများကို တက်ရောက် နားထောင်ရန်အတွက် မြောက်မြားစွာသော လူများသည် တစ်ညလုံး စီတန်းလျက် စောင့်နေခဲ့ကြဖူးလေသည်။

သူ၏ ဝတ္ထုရှည်ကို အပတ်စဉ် ဖော်ပြကြသော မဂ္ဂဇင်း၊ ဂျာနယ်များမှာဆိုလျှင်လည်း ရောင်းမလောက်အောင် တွင်ကျယ်ခဲ့လေသည်။ သူ့ဝတ္ထု အဆက်ပါသည့် မဂ္ဂဇင်း တစ်စောင် ထွက်လာပြီဆိုလျှင် တောနယ်များ၌ နေရသည့် သူ့ စာဖတ်ပရိသတ်သည် စာတိုက်တစ်ခု ရှိရာသို့ မိုင်ပေါင်းများစွာ လမ်းလျှောက်ပြီး မဂ္ဂဇင်း စာအုပ် သွားယူကြကာ အိမ်ပြန်ရောက်သည် အထိပင် မစောင့်နိုင်ကြသည့် အတွက် လမ်းတွင်ပင် တစ်ယောက်က ဖတ်ပြသွားသည်ကို ကျန် လူများက နားထောင်လာတတ်ကြလေ၏။

ချားလ်စ်ဒစ်ကင်းစ်သည် အဘယ်ကြောင့် ဤမျှပင် လူကြိုက် များခဲ့ရသနည်း။ ဤမေးခွန်းကို စာပေသမားပေါင်း မြောက်မြားစွာက အမျိုးမျိုး ဖြေဆိုခဲ့ကြလေပြီ။ သို့ရာတွင် အချက်တစ်ခုကား ထင်ရှား နေပေသည်။ ချားလ်စ်ဒစ်ကင်းစ်သည် သူ့ ခေတ်ကာလ အခြေအနေ သရုပ်မှန်ကို ထက်မြက်လှစွာသော ကလောင်ချက်ဖြင့် ဖော်ပြနိုင်စွမ်း ရှိလှလေသည်။ ထို့ပြင် သာမက သူ့ဝတ္ထုတိုင်းတွင် ပါဝင်ကြသော ဇာတ်ကောင်တိုင်းကို စာဖတ်သူ အဖို့ မမေ့နိုင်အောင်ပင် စိတ်ထဲတွင် စွဲမြဲနေစေသည်အထိ ကွက်ကွက်ကွင်းကွင်းနှင့် အသက် ဝင်လာ အောင် သရုပ်ဖော်ပြနိုင်စွမ်း ရှိပေ၏။ သူ့ အရေးအသားမှာလည်း ပြောင်လှောင် သရော်ရာတွင် ထက်မြက်လှပေတော့သည်။

ဤ အိုလီဗာတွစ် ဝတ္ထုကား ထိုခေတ်ထိုကာလဆီက အင်္ဂလန် ပြည်၏ လူဆင်းရဲများ၏ ဆိုးဝါးလှသော နင်းပြားဘဝကို ထင်ပြ ဖော်ထုတ်ထားသော ဝတ္ထုကြီး တစ်ပုဒ်ပင် ဖြစ်လေသည်။ အင်္ဂလန် ပြည်တွင် ထိုအခါက လူဆင်းရဲများကို ရပ်ကွက်လူမှု အဖွဲ့အစည်း

www.burmeseclassic.com



က တာဝန်ယူ၍ ကျွေးမွေးရသော ထုံးစလေ့ ရှိခဲ့လေရာ၊ ရပ်ကွက်တိုင်း မှာပင် လူဆင်းရဲများ ခိုလှုံ နေထိုင်ဖို့အတွက် (Work House) ခေါ် အလုပ်အိမ် သို့မဟုတ် ဘုံအိမ်များကို ဖွင့်လှစ်ထားခဲ့ကြလေသည်။

ဤသို့အားဖြင့် လူဆင်းရဲများအတွက် ဘုံအိမ်များ ဖွင့်လှစ် ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းအတွက် ရှိအပ်သော တာဝန်မှာ ကျေပွန် သွားခဲ့ရသော်လည်း ခံစားရသော လူဆင်းရဲများ အဖို့မှာတော့ အဘယ်မျှလောက် ဆိုးရွားလှသည်ကို ချားလ်စ်ဒစ်ကင်းစ်က ဤ ဝတ္ထုတွင် ကလောင်ချက် ထက်ထက်ဖြင့် တင်ပြ သရုပ်ဖော်ထားခဲ့ ခြင်းပင် ဖြစ်လေသည်။

ဝတ္ထုကို ဖတ်ကြည့်လျှင် ချားလ်စ်ဒစ်ကင်းစ်သည် ရပ်ကွက် လူ့ အဖွဲ့အစည်းကို အဘယ်သို့ ထက်မြက်လှစွာဖြင့် ပြောင်လှောင် သရော်ထားသည်ကို တွေ့ရမည် ဖြစ်လေ၏။ ထိုအချက်မှအပ အိုလီဗာတွစ် ဟူသော မိဘမဲ့ တစ်ကောင်ကြွက် ဒုက္ခိတ သူငယ် ကလေး တစ်ယောက်က သူ့ ဘဝလမ်းစဉ်တွင် တွေ့ကြုံခံစားရသော အဖြစ်သနစ်များမှာ ဝမ်းနည်း ကြေကွဲဖွယ်ရာ၊ ခံပြင်း ဒေါသထွက် ဖွယ်ရာ၊ ကြည်နူး နှစ်သိမ့်ဖွယ်ရာ အစရှိသည့် စိတ်လှုပ်ရှားမှု အမျိုးမျိုးတို့ကို စာဖတ်သူအတွက် ပေးဆောင်နိုင်စွမ်း ရှိလှပေရကား ဤဝတ္ထုမှာ ကုန်လွန်ခဲ့သည့် အနှစ် ၁၀၀ အတွင်း၌ လူကြိုက် အများ ဆုံးသော ဝတ္ထုကြီး တစ်ပုဒ် ဖြစ်ခဲ့ရသည်မှာ အံ့သြဖွယ်ရာ မရှိတော့ ပါပေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၁။ လောကဇာတ်ခုံပေါ်သို့

အင်္ဂလန်ပြည်၏ မည်သည့် မြို့ကြီးမြို့ငယ်များတွင်မဆို လူထုနှင့် စပ်ဆိုင်ရာ အဆောက်အအုံများ ရှိကြသည့်အနက် အခြေအမြစ် မရှိကြသော လူဆင်းရဲတို့၏ အလုပ်အိမ် သို့မဟုတ် ဘုံအိမ် တစ်ခုသည်လည်း အများအားဖြင့်တော့ ရှိတတ်စမြဲပင် ဖြစ်လေ၏။ မြို့တစ်မြို့၏ ယင်းသို့သော လူဆင်းရဲများအတွက် ဘုံအိမ် တစ်ခုဝယ်၊ ဤဝတ္ထု အမည်ကို ဆောင်ယူသော မနုဿကလေး တစ်ယောက်က မွေးဖွား လာခဲ့လေ၏။

ထိုမနုဿကလေးသည် အရပ်ဆရာဝန် တစ်ယောက်၏ အကူအညီနှင့် အမိဝမ်းမှ ကျွတ်မြောက်ကာ ဒုက္ခ များမြောင်လှသော ဤလူ့ဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ရသည့်နောက် ၎င်းသည် နာမည်တစ်ခုကို ခံယူနိုင်သည်အထိ အသက်ရှင်လျက် နေနိုင်ပါဦးမည်လော ဟူသည့် ကိစ္စမှာ အချိန်ကာလ အတော်ကြာမြင့်လှစွာပင် မတင်မကျ မသေမချာကြီး ဖြစ်နေခဲ့ရလေသည်။

ဖြစ်ရပုံက အိုလီဗာအား အသက်ရှူခိုင်းဖို့ ကိစ္စတွင် ခဲယဉ်းမှု တွေ့ရှိရခြင်းပင် ဖြစ်လေသည်။ ဂွမ်းကပ်မွေ့ရာ ကလေးပေါ်တွင် အသက်မရှူနိုင် ...ယ်နိုင် ဖြစ်နေခဲ့ရာမှ သူ၏ ဝိညာဉ်ကလေးမှာ ဤလောကနှင့် အခြားသော လောကအကြားဝယ် ဝဲပျံ၍ နေခဲ့ရှာသည်။ ချိန်ခွင်လျှာကတော့ အခြားလောကဘက်သို့ ပို၍ တိမ်းစောင်းလျက် ရှိနေခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၁။ လောကဇာတ်ခုံပေါ်သို့

အင်္ဂလန်ပြည်၏ မည်သည့် မြို့ကြီးမြို့ငယ်များတွင်မဆို လူထုနှင့် စပ်ဆိုင်ရာ အဆောက်အအုံများ ရှိကြသည့်အနက် အခြေအမြစ် မရှိကြသော လူဆင်းရဲတို့၏ အလုပ်အိမ် သို့မဟုတ် ဘုံအိမ် တစ်ခုသည်လည်း အများအားဖြင့်တော့ ရှိတတ်စမြဲပင် ဖြစ်လေ၏။ မြို့တစ်မြို့၏ ယင်းသို့သော လူဆင်းရဲများအတွက် ဘုံအိမ် တစ်ခုဝယ်၊ ဤဝတ္ထု အမည်ကို ဆောင်ယူသော မနုသ ကလေး တစ်ယောက်က မွေးဖွား လာခဲ့လေ၏။

ထိုမနုသကလေးသည် အရပ်ဆရာဝန် တစ်ယောက်၏ အကူအညီနှင့် အမိဝမ်းမှ ကျွတ်မြောက်ကာ ဒုက္ခ များမြောင်လှသော ဤလူ့ဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ရသည့်နောက် ၎င်းသည် နာမည်တစ်ခုကို ခံယူနိုင်သည်အထိ အသက်ရှင်လျက် နေနိုင်ပါဦးမည်လော ဟူသည့် ကိစ္စမှာ အချိန်ကာလ အတော်ကြာမြင့်လှစွာပင် မတင်မကျ မသေမချာကြီး ဖြစ်နေခဲ့ရသသည်။

ဖြစ်ရပုံက အိုလီဗာအား အသက်ရှုနိုင်းဖို့ ကိစ္စတွင် ခဲယဉ်းမှု တွေ့ရှိခြင်းပင် ဖြစ်လေသည်။ ဂွမ်းကပ်မွေ့ရာ ကလေးပေါ်တွင် အသက်မရှုနိုင်ဘဲ ငြိမ်နိုင် ဖြစ်နေခဲ့ရာမှ သူ၏ ဝိညာဉ်ကလေးမှာ ဤလောကနှင့် အခြားသော လောကအကြားဝယ် ဝဲပျံ၍ နေခဲ့ရှာသည်။ ချိန်ခွင်လျှာကတော့ အခြားလောကဘက်သို့ ပို၍ တိမ်းစောင်းလျက် ရှိနေခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ထိုအချိန်ကလေးအတွင်း၌ အိုလီဗာမှာ သတိရှိသော ဘွားအေများ၊ ကျွမ်းကျင်သော ဝမ်းဆွဲများနှင့် ဉာဏ်ပညာ ထက်မြက်လှသော ဆရာဝန် အကျော်အမော်ကြီးများ ဝိုင်းဝန်း၍ ပြုစုချက်ကို ခံစားရမည် ဆိုပါလျှင် သူကလေးမှာ မုချ အသက်ပျောက်သွားရမည်သာ ဖြစ်လေ၏။ သို့စေငြားလည်း ယခုတော့ သူ့အား ပြုစုမည့်လူမှာ ဗျစ်ရည် မူးနေသော လူဆင်းရဲ အဘွားအိုကြီး တစ်ယောက်နှင့် ဤကိစ္စများကို ကန်ထရိုက်နှင့် ဆောင်ရွက်ပေးနေသော အရပ် ဆရာဝန်မှအပ အခြားဘယ်သူမှ မရှိခဲ့ပေရာ အိုလီဗာနှင့် သဘာဝကသာလျှင် သူ၏ အသက်ရှင်ရေး မရှင်ရေး ကိစ္စကို တိုက်ရိုက် ဆုံးဖြတ်ခဲ့ကြလေ၏။

ယင်းသည်ကြောင့်လည်း အိုလီဗာသည် အနည်းငယ် ကျိုးစားလိုက်ပြီးနောက် အသက်ရှူနိုင်လာကာ မကြာမီမှာပင် ဟပ်ချိုးဟု ချေဆတ်လိုက်ခြင်းဖြင့်၊ သူ၏ အဆုတ်ကလေးများသည် ကောင်းစွာ အလုပ် လုပ်နိုင်ကြပြီဖြစ်ကြောင်းကို လက်တွေ့သာဓက ပြလိုက်လေ၏။

သံခုတင်ပေါ်တွင် လွှမ်းထားသော စပ်စောင်သည် လှုပ်ရှားလာ၍ကာ မိန်းမရွယ် တစ်ယောက်၏ ဖြူဖပ်ဖြူရော်နှင့် သွေးဆုတ်နေရှာသော မျက်နှာကလေးက ခေါင်းအုံးပေါ်မှ အားနွဲ့စွာဖြင့် ထူထောင်လာပြီးနောက် ခပ်သဲ့သဲ့ အသံကလေးဖြင့် စကားလုံးများကို မပီမသ မသဲမကွဲ ရေရွတ်လိုက်ရှာလေ၏။

"ကလေးကို ကျွန်မ ကြည့်ပြီးမှ သေပါရစေရှင်"

ဆရာဝန်က ကလေးကို သူမ၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။ ကလေး၏ နဖူးပြင် ကလေးပေါ်တွင် မိန်းမရွယ်က သူမ၏ အေးစက် ဖြူရော်နေရှာသော နှုတ်ခမ်းများကို ဖိကပ်လိုက်လေသည်။ ထိုနောက် သူမ၏ မျက်နှာကို လက်ကလေးများနှင့် သပ်လိုက်ရင်းက ပတ်ဝန်းကျင်ကို ကယောင်ချောက်ချားနှင့် လှည့်ပတ် ကြည့်ရှုလိုက်ပြီးသည့် နောက်တွင် ပက်လက်လန်၍ လဲကျသွားကာ အသက်ပျောက်သွားရှာလေ၏။ ဆရာဝန်နှင့် အဘွားအိုသည် သူမ၏ နားသယ်၊ ရင်ဘတ်နှင့် လက်များကို ပွတ်သပ်ဆုပ်နယ် ပေးကြသေးသော်လည်း သူမ၏ ကိုယ်ခန္ဓာထဲတွင် သွေးကြောမှာ ထာဝစဉ် ရပ်စဲသွားခဲ့ကြပြီ ဖြစ်လေ၏။

"အင်း… မရတော့ဘူး… ကိစ္စချောပါပြီ"

ဆရာဝန်က နောက်ဆုံးပိတ် လက်လျှော့လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...သနားစရာ ကလေးပဲ၊ သွားရှာပြီ သနားစရာ ကလေးပဲ"

ဝမ်းဆွဲကြီးက ကလေးငယ်ကိုကောက်ယူလိုက်ရင်းက တတွတ်တွတ် ရေရွတ်လိုက်လေသည်။

"ရုပ်ကလေးက သနားကမားပဲနော်၊ သူ ဘယ်က ရောက်လာတာ လဲ..."

"မနေ့ညက သူ့ကို ဒီခေါ်လာကြတာပဲ၊ လမ်းမပေါ်မှာ လဲနေတာ တွေ့ရလို့တဲ့။ သူဟာ အတော် ခရီးဝေး လမ်းလျှောက်ခဲ့ရပုံပဲ၊ သူ့ ဖိနပ်တွေ ဟာ အစုတ်စုတ် အပြတ်ပြတ် ဖြစ်နေခဲ့တယ်တဲ့။ ဒါပေမဲ့ သူ ဘယ်က လာ တယ်၊ ဘယ်ကို သွားမယ် ဆိုတာတော့ ဘယ်သူကမှ မသိကြရပါဘူး"

"အင်း...ဖြစ်နေကျ အတိုင်းပါပဲ။ လက်ထပ်လက်စွပ် မရှိဘူး" ဟု ဆရာဝန်က မှတ်ချက်ချလိုက်ပြီး ဝမ်းဆွဲကြီးအား နှုတ်ဆက်ကာ ပြန်ထွက် သွားလေ၏။

'တောင်းမှာအကွပ်၊ လူမှာအဝတ်' ဟူသည့် စကား ဘယ်လောက် မှန်သည်ကို အိုလီဗာကလေးက ထောက်ခံလျက် ရှိနေလေ၏။ အမိဝမ်းမှ ကျွတ်မြောက်ခဲ့ပြီးနောက် စောင်တစ်ထည်နှင့် ရောထွေးပတ်၍ ထားခဲ့စဉ် ကတော့ ကလေးမှာ မျိုးရိုးမြင့်မြတ်သူ၏ ကလေးလော၊ သူတောင်းစား၏ ကလေးလော...ဟု ဘယ်သူကမှ ခွဲခြား၍ ပြောနိုင်လိမ့်မည် မဟုတ်ပေ။ ယခုတော့ သူကလေးကို ဝမ်းဆွဲကြီးက ဟောင်းနွမ်းလှပြီဖြစ်၍ ဝါထိန် နေသော အဝတ်အထည်ကို ဝတ်ဆင် ပေးလိုက်သည်တွင် အိုလီဗာမှာ ချက်ချင်း လက်ငင်းပင် သူ့အခြေအနေ သူ့အဆင့်အတန်းနှင့် ညီညွတ် သွားရ တော့၏။ အရပ်၏ စေ့တနာ ဒါနကို အားထား နေရသော ဘုံအိမ်ထဲတွင် မွေးသည့် မိဘမဲ့ ကလေးတစ်ယောက် အဖြစ်နှင့် တံဆိပ် အမှတ်အသား ခတ်နှိပ်ပြီး သွားသလို ဖြစ်သွားတော့ကာ သူ့တစ်သက်တာလုံးဝယ် မည်သူ ၏ သနားကြင်နာမှု၊ ဂရုစိုက်မှုတို့ကိုမှ ခံစားနိုင်ခွင့် မရှိတော့ဘဲ လူတိုင်း၏ ရှုံ့ရှာ စက်ဆုပ်မှုတို့ကိုသာ ခံစားရရင်း လောကဓာတ်ခုံပေါ်တွင် ကပြ အသုံး တော် ခံရမည့် လူတစ်ယောက် အသွင်သို့ ပြောင်းလဲ ရောက်ရှိသွားရလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၂။ ဆုငွေငါးပေါင်

နောက် လေး ငါး ဆယ်လ အတွင်း၀ယ် အိုလီဗာသည် နို့ဘူးကို အမှီပြု၍ အသက်ရှင်ခဲ့ ရလေသည်။ ကလေးငယ်တွင် လိုအပ်သော အာဟာရ ချို့တဲ့ နေမှုကို ဘုံအိမ်ကို အုပ်ထိန်းရသည့် သက်ဆိုင်ရာ လူကြီးများက ရပ်ကွက် လူကြီး တွေထံ၌ အစီရင်ခံခဲ့ရလေ၏။

ဤတွင် ရပ်ကွက် လူကြီးများက ဘုံအိမ် လူကြီးများထံတွင် အိုလီဗာ လိုအပ်သည့် အာဟာရကို တိုက်ကျွေးနိုင်မည့် မိန်းမ ရှိသလောဟု ပြန်လည်၍ စုံစမ်းမေးမြန်း ခဲ့လေ၏။ ဘုံအိမ် လူကြီးများကလည်း ရှိသေ လေးစားစွာနှင့် မရှိပါဟု ပြန်၍ ဖြေကြားခဲ့၏။

ဤတွင် ရပ်ကွက် လူကြီးများလည်း သနားကြင်နာ ညှာတာ ထောက်ထားတတ်သော စိတ်ဓာတ်နှင့် အိုလီဗာ၏ ရွှေ့ရေးကို စီမံခန့်ခွဲ လိုက်ကြတော့သည်။ အခြားမဟုတ် လူဆင်းရဲများ လိုက်နာရန် ဥပဒေများကို ကျူးလွန်ခဲ့သော အယောက် ၂၀ နှင့် ၃၀ ခန့်မျှသော ကလေးသူငယ်များကို အစာ မငတ်ရုံတစ်မည် ကျွေးမွေး ပြုစုထားသည့် ဘုံအိမ်ခွဲ တစ်ခုဆီသို့ ဤ အာဟာရ ချို့တဲ့နေသည်ဆိုသော အိုလီဗာ အမည်ရှိ ကလေးကို ပို့ရာဟု အမိန့် ချမှတ်ခဲ့ကြလေ၏။

ထိုဘုံအိမ်ကို အုပ်ထိန်းသူကား အသက်ကြီးရင့်ပြီဖြစ်သော မိန်းမကြီး တစ်ယောက် ဖြစ်လေသည်။ သူမသည် အားကိုးရာမဲ့ ကလေးသူငယ်များကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်လျှင် ရက်သီတင်းတစ်ပတ်အတွက် ပိုက်ဆံ ခုနစ်ပဲနိစ်နှင့် လက်ခံကာ ထိုကလေးသူငယ်များအား ကျွေးမွေး စောင့်ရှောက်ရသော တာဝန်ကို ယူထားရလေသည်။ သူမကား လောက အကြောင်းကို ကောင်းကောင်း ကျွမ်းကျင်ပြီး ဉာဏ်ပညာ အမြော်အမြင် ရှိသူလည်း ဖြစ်လေရာ ကလေးများအား ဘယ်လို ကျွေးမွေး ပြုစုရမည်ကို ကောင်းစွာပင် နားလည်ထားလေ၏။ ထိုပြင်မက မိမိကိုယ်မိမိ ဘယ်လို ကျွေးမွေး ပြုစုရမည်ကိုလည်း ထို့ထက်ပို၍ ကောင်းစွာပင် နားလည်ထားပြန်လေ၏။ ထို့ကြောင့်လည်း ကလေးများ အတွက် ရပ်ကွက်က ပေးသည့် ငွေများအထဲမှ သူမ အတွက် အရင်းနှီးဆုံး အသုံးချပြီးမှသာ ကျန်သည့်ငွေကို ကလေးများ အတွက် အသုံးချတတ်လေ၏။

ထိုသို့သော ကျွေးမွေး ပြုစုမှုကို မိမိနှင့် ဘဝတူ အခြားကလေး နှစ်ဆယ် သုံးဆယ်တို့နှင့် အတူတကွ ခံစား ကြီးပြင်းလာခဲ့ရသည့် အိုလီဗာအား သူ၏ အသက် ကိုးနှစ်ပြည့်သည့် နှစ်တွင် အသားကလေး ဖြူဖပ်ဖြူရော် ကိုယ်ကာယကလေး ကြုံကြုံလှီလှီ ဖြစ်နေသော သူငယ်ကလေးတစ်ယောက် အဖြစ်နှင့် တွေ့မြင်ရသည်ကို အံ့ဩစရာ မရှိတော့ပါပေ။ သို့တစေလည်း သဘာဝ သို့မဟုတ် မျိုးရိုးဗီဇ၏ အမွေအနှစ်က အိုလီဗာ၏ ရင်ထဲတွင် ခိုင်မာသော စိတ်ဓာတ် သတ္တိကလေးကိုတော့ ထည့်သွင်း ပေးခဲ့လေသည်။ မွေးနေ့ အထိမ်းအမှတ်အဖြစ်နှင့် သူ၏ ဘဝတူ အဖော် နှစ်ယောက်နှင့်အတူ ထမင်း ဆာပါသည်ဟု ပြောမိသော အပြစ်ကြောင့် အုပ်ထိန်းသူ မိန်းမကြီး၏ ကြိမ်လုံးဒဏ်ကို လှလှကြီး ခံစားခဲ့ရပြီးသည့်နောက် မြေအောက် အခန်းထဲတွင် အလှောင်ခံပြီး ဒဏ်ခံနေရစဉ်တွင် မစ္စက်မန်း အမည်ရှိသူ အုပ်ထိန်းသူ မိန်းမကြီးသည် သူမ၏ ဝင်းခြံ တံခါးဝကို ဖွင့်ဖို့ ကြိုးစားနေသည့် အရပ်စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်ကို တွေ့မြင်လိုက်ရလေ၏။

"အမယ်လေး... စာရေးကြီးကို တွေ့ရတာ ဝမ်းသာလိုက်တာလေ တကယ့်ကိုပါပဲ..."

"ဟဲ့...မိဆူဆန်...ဟိုသေနာကောင် ကလေးတွေကို အပေါ် ပြန်ခေါ်ပြီး မြန်မြန် ဆေးကြောပေးလိုက်စမ်း..."

မစ္စတာ ဘမ်ဘယ်လ်ကား လူဝလည်းဖြစ်၊ စိတ်တိုတတ်သူလည်း ဖြစ်လေသည်။ ထို့ကြောင့် မစ္စက်မန်း၏ အသည်းနှလုံး ပွင့်လင်းစွာဖြင့် ဝမ်းမြောက် ဝမ်းသာ ဆီးကြို နှုတ်ဆက်ခြင်းကို ဖော်ရွေစွာနှင့် ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ခြေကြားခြင်း မပြုဘဲ ဝင်းခြံတံခါးကိုသာ အရပ်စာရေးကြီး၏ မာန်မာနဖြင့် တစ်အား ဆောင့်ကန် ဖွင့်လိုက်လေ၏။

"ဗျို့ မစွက်မန်း... ရပ်ကွက်က ခန့်အပ်ထားခြင်းခံရတဲ့ စာရေးတော် အရာရှိက ခင်ဗျား အိမ်ဝင်းခြံဝမှာ ရပ်စောင့်နေရတာ အင်မတန်မှ ဣန္ဒြေ ပျက်လှသဗျာ။ ကျုပ် ဒီကို လာရတာ ရပ်ကွက်နဲ့ သက်ဆိုင်တဲ့ အလုပ်နဲ့ ပတ်သက်လို့ ရပ်ကွက်ကို မှီခိုနေရတဲ့ မိဘမဲ့ ကလေးတွေကို ကြည့်ဖို့ လာခဲ့ တာဗျ။ ခင်ဗျား ကိုယ်တိုင်ကလည်း ဒီရပ်ကွက်ကို မှီခိုပြီး အလုပ် လုပ်နေ ရတယ်ဆိုတာကို တစ်ဆိတ်ကလေးများ ပြန်ပြီး သတိရစမ်းပါဦး"

"မှန်ပါတယ် စာရေးကြီးရယ်... ကျွန်မက စာရေးကြီး လာတာကို တွေ့ရတော့ စာရေးကြီး အင်မတန်မှ နှစ်သက် ချစ်ခင်တဲ့ ကလေးတွေကို စာရေးကြီး လာပြီဟေ့လို့ ပြောပြ နေမိလို့ပါရှင့်"

စာရေးကြီး မစွတာ ဘမ်ဘယ်လ်မှာ သူ၏ စကားပြော ကောင်းမှုနှင့် သူ၏ အရေးပါ အရာရောက်မှုကို အတော်ကြီး အထင်ကြီးသူ ဖြစ်လေသည်။ ယခု ထိုအချက် နှစ်ရပ်ကို မစွက်မန်းအား လေးနက်စွာ ထုတ်ဖော်ပြလိုက်ရပြီ ဖြစ်ရကား ကျေနပ် ရောင့်ရဲသွားပြီ ဖြစ်လေ၏။

မစွက်မန်းလည်း ရပ်ကွက် စာရေးကြီးကို အုတ်ခင်းထားသည့် ညှော်ခန်းကလေး အတွင်းသို့ ခေါ်ဆောင်လာခဲ့လေသည်။ ပြီးနောက် ကုလား ထိုင် တစ်လုံးကို ထိုးပေးလိုက်ကာ စာရေးကြီး၏ ဦးထုပ်နှင့် ကြိမ်လုံးကို သူ့ ရှေ့မှ စားပွဲပေါ်တွင် ရိုသေစွာနှင့် တင်ထားပေးလိုက်လေသည်။ စာရေး ကြီးလည်း လမ်းလျှောက်ခဲ့သည့်အတွက် နဖူးတွင် ချွေးများ စို့တက်နေသည် ကို သုတ်လိုက် ပြီးနောက်မှ ပြုံးလိုက်လေ၏။

"ကဲ...စာရေးကြီး၊ ကျွန်မ ပြောမှာကို စိတ်လည်း မဆိုးလိုက်ပါနဲ့နော်၊ စာရေးကြီးမှာ တော်တော်ဝေးဝေးကြီး လမ်းလျှောက်ခဲ့ရတယ် ဆိုတာကို ကျွန်မ သိပါတယ်၊ နို့မဟုတ်ရင် ကျွန်မ မပြောပါဘူး။ ကဲ...ဘယ့်နှယ်လဲ၊ တစ်ပေါက်လောက် အမောပြေကလေး ဆိုသလို သောက်လိုက် ပါဦးလား ရှင်"

စာရေးကြီးသည် ပထမတော့ စာရေးကြီး၏ သိက္ခာဖြင့် ဟန်ဆောင် ငြင်းပယ် လိုက်ပြီးနောက်မှ မစွက်မန်းက အလိုက်သိစွာဖြင့် အားတင်းငှဲ့ထည့် ပေးသော ဂျင်အရက် တစ်ဖန်ခွက်ကို လက်ခံလိုက်လေ၏။ ဖန်ခွက်ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



အရက်ကို တစ်ဝက်ခန့် မော့ချလိုက်ပြီးသည့်နောက်မှ "ကဲ အလုပ်ကိစ္စကို ကြေပါစို့" ဟု မိန့်မြွက်လိုက်လေ၏။

စာရေးကြီးသည် ပြောပြောဆိုဆို သားရေအိတ်ကလေးကို ထုတ်ယူလိုက်ပြီး ဆက်လက်၍ ပြောလိုက်လေသည်။ "ကိစ္စကတော့ ရေနှစ်မင်္ဂလာ တစ်ဝက်သာ ပေးခဲ့ရတဲ့ အိုလီဗာတွစ်နဲ့ ပတ်သက်ပါတယ်။ သူဟာ ဒီကနေ့ အသက်ကိုးနှစ်တိတိ ပြည့်ခဲ့ပြီ..."

"သူ့ကို ဘုရားသခင်က ကောင်းချီးမင်္ဂလာ ပေးပါစေရှင်..." ဟု မစွက် မန်းက မျက်ရည် ရွှဲချင်ယောင်ဆောင်ကာ မေတ္တာပို့ ဆုတောင်းလိုက်လေသည်။

"ရပ်ကွက်က ဘယ်လိုပဲ အမျိုးမျိုး ကြိုးစားစေကာမူ၊ ဆုငွေ ပေါင် ၁၀ ထုတ်ပြန် ကြေညာပြီးနောက် ပေါင် ၂၀ အထိ တိုးပေးခဲ့စေကာမူ ဒီကလေးရဲ့ အဖေဟာ ဘယ်သူဆိုတာ၊ အမေရဲ့ အစ်ကို ဆိုတာတို့ကို ကျုပ်တို့ လုံးဝ မသိခဲ့ရဘူး"

မစွက်မန်းသည် အံ့အားသင့်သည့် ဟန်ဖြင့် လက်နှစ်ဖက်ကို ပင့်မြှောက်လိုက်ပြီးနောက်မှ 'ဒါနဲ့တောင် သူ့မှာ ဘယ်လိုလုပ်ပြီး နာမည် ရခဲ့ရတာလဲဟင်'ဟု မေးလိုက်လေသည်။

(မှတ်ချက်။ ။ အနောက်တိုင်း ထုံးစံတွင် အဖေ မပေါ် မွေးကြသော ကလေးများမှာ (Sir Name) မျိုးရိုးအမည် ခံယူနိုင်ခွင့် မရှိကြချေ။)

စာရေးကြီးသည် ဂုဏ်တက် ဝင့်ကြွားသော အမူအရာနှင့် ရင်ကော့လိုက်လေသည်။

"နာမည်ကို ကျုပ်က ထွင်ပြီးပေးရတာပေါ့"

"အို...စာရေးကြီးက သူ့ကို နာမည်ပေးခဲ့ရတယ် ဟုတ်လား"

"ကျုပ်က ပေးခဲ့ရတာပေါ့ မစွက်မန်း...ကျုပ်တို့ရဲ့ ပြုစုစောင့်ရှောက်မှုကို ခံယူနေရတဲ့ မိဘမဲ့ ကလေးတွေကို နာမည်ပေးဖို့ ကျုပ်က စနစ်တစ်ခု ထွင်ပေး ထားခဲ့ပါတယ်။ တခြား မဟုတ်ဘူး။ ကျုပ်တို့ရဲ့ အေဘီစီဒီ အက္ခရာ စာလုံးတွေအလိုက် အစဉ်အလိုက် နာမည် မှည့်ပေးတာပဲ၊ အိုလီဗာ့ အရင် ကလေး တစ်ယောက်ကို (အက်စ်) အက္ခရာနဲ့ နာမည်ပေးခဲ့ရတော့ ကျုပ်က ဆွပ်ဘိုလ်လို့ မှည့်လိုက်တယ်။ အိုလီဗာကျတော့ (တီ) တွစ်လို့ မှည့်လိုက်ရတာပေါ့"

"အို စာရေးကြီးက သိပ်ဉာဏ်ကောင်းတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"အဟောင်းဟောင်း ဟုတ်ချင်လည်း ဟုတ်မှာပေါ့ မစ္စက်မန်း" ဟု စာရေးကြီး ဘမ်ဘယ်လ်သည် မစ္စက်မန်း၏ မြှောက်လုံးကလေးကို သဘောကျစွာနှင့် ပြန်ပြောလိုက်လေ၏။ ပြီးနောက်...

"အခု အိုလီဗာဟာ အသက်ကြီးလာပြီဆိုတော့ ခင်ဗျားဆီမှာ ဆက်နေဖို့ မဖြစ်နိုင်တော့ဘူး။ ရပ်ကွက် ဘုတ်အဖွဲ့က သူ့ကို ဘုံအိမ်မှာ ပြန်ခေါ်ထားဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါကြောင့် အခု... သူ့ကို ကျုပ် ကိုယ်တိုင် ခေါ်သွားဖို့လာခဲ့တာပဲ၊ ကဲ... သူ့ကို ကျုပ် ခုချက်ချင်း တွေ့ပါရစေ"

"ကျွန်မ ခုချက်ချင်းပဲ သူ့ကို သွားခေါ်ပေးပါ့မယ်ရှင်" ဟု ပြောပြောဆိုဆို မစ္စက်မန်းက အခန်းထဲမှ ထွက်သွားလေ၏။ ထိုအချိန်၌ အိုလီဗာကို စင်ကြယ်နိုင်သမျှ စင်ကြယ်အောင် ဆေးကြောသုတ်သင်ပြီးဖြစ်နေရာ မစ္စက်မန်းသည် သူ့ကို ဧည့်ခန်းထဲသို့ ခေါ်ခဲ့လေ၏။

"အိုလီဗာ... မင်း ငါနဲ့ လိုက်ခဲ့မလား" ဟု စာရေးကြီးက ခန့်ညားစွာ မေးလိုက်လေသည်။

အိုလီဗာလည်း ဤအိမ်မှာ မနေရတော့ဘူးဆိုလျှင် ဘယ်သူနှင့်မဆို ဘယ်လိုဖြစ်ဖြစ် လိုက်ပါရန် အသင့်ရှိပါသည်ဟု ပြန်ဖြေမည်ပြုနေစဉ် စာရေးကြီး၏ ကုလားထိုင် နောက်မှနေ၍ မျက်မှောင်ကြီးကုတ်ကာ သူ့ကို လက်သီး ဆုပ်ပြနေသော မစ္စက်မန်းကြီးကို တွေ့လိုက်ရလေသည်။ အိုလီဗာလည်း မစ္စက်မန်းကြီး၏ အရိပ်ပြချက်ကို ချက်ချင်းပင် အကောင်ထင်သွားတော့လေသည်။ အကြောင်းမူကား မစ္စက်မန်းကြီး ဆုပ်ပြသော လက်သီးကို သူ့ ကိုယ်ခန္ဓာတွင် မကြာခဏ ခံစားခဲ့ရပြီဖြစ်ရာ သူ့ မှတ်ဉာဏ်တွင်လည်း စွဲမြဲလျက် ရှိနေပြီ ဖြစ်လေ၏။

"မစ္စက်မန်းကြီးပါ ကျွန်တော်နဲ့ လိုက်မလား" ဟု အိုလီဗာခများ မစ္စက်မန်းကြီး အကြိုက်လိုက်၍ ပြောလိုက်ရလေသည်။

"သူ ဘယ်လိုက်နိုင်မလဲကွ။ ဒါပေမဲ့ သူ မင်းကို မကြာခဏ လာကြည့်ပါလိမ့်မယ်"

အမှန်ကတော့ မစ္စက်မန်းကြီး သူ့ကို မကြာခဏ လာကြည့်ခြင်းမှာ အိုလီဗာအတွက် မက်မောစရာ တစ်ခု မဟုတ်ပေ။ သို့ရာတွင် သူ့မှာ အသက်ပင် ငယ်ရွယ်သော်လည်း ယခုလို မစ္စက်မန်းကြီးနှင့် ခွဲခွာသွားရမည်ကို ဝမ်းနည်းကြေကွဲဟန်ဆောင်ဖို့ကိုကား သူ နားလည်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မစ္စက်မန်းကြီးလည်း အိုလီဗာအား တစ်ခါမှ မဖက်စဖူး ဖက်ယမ်းနှုတ်ဆက်နေလေသည်။ ပြီးနောက် သူမထံမှ အိုလီဗာ ပိုမို၍ အလိုရှိသည့် ပေါင်မုန့် ထောပတ်သုတ် တစ်ချပ်ကို အိုလီဗာ ဘုတ်အဖွဲ့သို့ ရောက်သွားလျှင် ဆာလောင်မွတ်သိပ်သည့် ရုပ်ပေါက်နေမည်စိုးသည့်အတွက် ပေးလိုက်လေ၏။ သို့နှင့်ပင် အိုလီဗာသည် ပေါင်မုန့်ကို လက်တစ်ဖက်တွင် တင်းကျပ်စွာ*ဆုပ်ကိုင်ကာ မစ္စတာဘမ်ဘယ်လ် ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရတော့လေ၏။

အိုလီဗာသည် ဘုံအိမ်သို့ ရောက်သွား၏။ ၁၅ မိနစ် မပြည့်မီမှာပင် မိမိကိုယ်ကို ဘုတ်အဖွဲ့က တွေ့ဆုံတော့မည် ဖြစ်ကြောင်းကို စာရေးကြီး မစ္စတာဘမ်ဘယ်လ်ထံမှ ကြားသိရလေသည်။ ဘုတ်အဖွဲ့ ဆိုသည်မှာ ဘာမှန်း သေသေချာချာ မသိသော အိုလီဗာတွစ်လည်း မိမိဘုတ်အဖွဲ့နှင့် တွေ့ဆုံရမည် ဆိုသည်ကို အံ့အားအသင့်ကြီး သင့်မိကာ ငိုရမလား ရယ်ရမလားဟု ခွဲခြား၍ မသိနိုင်အောင် ဖြစ်နေမိရှာတော့လေ၏။ သို့ရာတွင် အိုလီဗာသည် ထိုကိစ္စကို စဉ်းစားနေဖို့ အချိန်မရ၊ မစ္စတာဘမ်ဘယ်လ်က သူ့အား နိုးနိုးကြားကြား ရှိစေရန်ဆို၍ ကြိမ်လုံးဖြင့် ခေါင်းကို တစ်ချက်ခိုက်ကာ ဖျတ်ဖျတ်လတ်လတ် ရှိစေရန်ဆိုပြန်၍ ကျောကို တစ်ချက် ထပ်ရိုက်ပြီး ဆေးဖြူသုတ်ထားသော အခန်းကြီး တစ်ခန်းထဲသို့ ခေါ်သွားလေ၏။ အခန်းထဲတွင်မူကား လေးဆယ်ယောက်ခန့်မျှရှိသော လူဝကြီးများသည် စားပွဲတစ်လုံးကို ဝိုင်းထိုင်လျက် ရှိကြလေ၏။ စားပွဲထိပ်တွင်မူကား အခြားကုလားထိုင်များထက် ပို၍မြင့်သော ကုလားထိုင် တစ်လုံးပေါ်တွင် မျက်နှာနီနီနှင့် ဝိုင်းပြီး အတော်ဝသော လူကြီးတစ်ယောက် ထိုင်လျက်ရှိနေ၏။

"ဘုတ်အဖွဲ့ကို ဦးညွှတ် အရိုအသေပြု" ဟု မစ္စတာ ဘမ်ဘယ်လ်က အိုလီဗာအား တီးတိုးခိုင်းလိုက်လေသည်။ အိုလီဗာလည်း မျက်လုံးများတွင် စဲနေသည့် မျက်ရည်စများကို သုတ်ပစ်ရာက သူ့ရှေ့တွင် တွေ့ရသည့် စားပွဲကို ဘုတ်အဖွဲ့အမှတ်နှင့် ကံကောင်းထောက်မစွာပင် ဦးညွှတ် အလေးပြုလိုက်လေ၏။

"မင်း နာမည် ဘယ်သူလဲ သူငယ်လေး..." ဟု ကုလားထိုင်မြင့်ကြီးပေါ်မှ လူကြီးက မေးလိုက်လေသည်။

အိုလီဗာကား များပြားလှသော လူကြီးလူကောင်းတွေအား မြင်တွေ့နေရခြင်းကို ကြောက်ရွံ့လှသည့်အတွက် တစ်ကိုယ်လုံး တုန်ခါနေရှာလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစဉ် စာရေးကြီးက သူ့တင်ပါးကို ကြိမ်လုံးနှင့် တစ်ချက် ရိုက်လိုက်ပြန်ရာ ဝဲနေသော မျက်ရည်များသည် ထွက်ကျလာလေ၏။ ထို့ကြောင့် သူ့ကို မေးလိုက်သော လူကြီးလူကောင်းအား သူပြန်ဖြေလိုက်သံမှာ တိုးတိုးကလေး ဖြစ်သွားသည်။ ဤတွင် အတွင်းခံအကျီအစဖြူ ဝတ်ထားသော လူကြီးလူကောင်း တစ်ယောက်က သူ့ကို အရူးကလေးပဲဟု စွပ်စွဲလိုက်လေ၏။

"သူငယ်ကလေး... ငါပြောတာကို နားထောင်စမ်း၊ မင်းဟာ မိဘမဲ့တဲ့ ကလေးတစ်ယောက် ဖြစ်တာကို မင်းသိမှာပေါ့" ဟု ကုလားထိုင်မြင့်ကြီး ပေါ်က လူကြီးက မေးလိုက်လေသည်။

"ဘာပြောတယ် ခင်ဗျ" ဟု အိုလီဗာက ပြန်မေးမိရှာလေသည်။

"ဒီကောင်ကလေးဟာ အရူးလေးပါလို့ ကျုပ် မပြောဘူးလား" ဟု အတွင်းခံအကျီအဖြူနှင့် လူက ဝင်ပြောလိုက်ပြန်၏။

"မင်းမှာ အဖေလည်း မရှိဘူး၊ အမေလည်း မရှိဘူး။ မင်းဟာ အရပ်ကို မှီခိုပြီး ကြီးပြင်းလာရတယ် ဆိုတာ မင်းသိတယ် မဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ..." ဟု ပြန်ဖြေလိုက်ပြီးနောက် အိုလီဗာသည် ဝမ်းနည်း ကြေကွဲလှစွာ ငိုကြွေးလိုက်ရှာလေသည်။

"မင်းက ဘာကြောင့် ငိုနေရပြန်တာတုန်း" ဟု အတွင်းခံ အကျီ အဖြူနှင့် လူကြီးက ဝင်မေးလိုက်ပြန်လေသည်။

"မင်း ဒီကိုရောက်တာ ပညာသင်ဖို့ပဲကွယ့်။ အသုံးဝင်တဲ့ အသက်မွေး ဝမ်းကျောင်းပညာ တစ်ခုခု တတ်မြောက်အောင် သင်ရမယ်"

"အေး... ဒါကြောင့်မို့ မင်း မနက် ခြောက်နာရီကစပြီး သင်္ဘောဖာတဲ့ လျှော်မျှင်တွေကို ထွင်တဲ့အလုပ် လုပ်ပေတော့" ဟု အတွင်းခံအကျီ အဖြူနှင့် လူကြီးကဝင်၍ အမိန့် ချလိုက်လေ၏။

သို့နှင့်ပင် အိုလီဗာသည် လူဆင်းရဲများအတွက် ရပ်ကွက်က ထောင်ပေးထားသော အလုပ်ရုံ သို့မဟုတ် ဘုံအိမ်သို့ ရောက်ခဲ့ရပြန်လေ၏။

ဤဘုံအိမ်ကို ကြီးကြပ်အုပ်ချုပ်ရသည့် တာဝန်ကို ယူထားကြရသည့် ရပ်ကွက်၏ ဘုတ်အဖွဲ့ဝင် လူကြီးလူကောင်း မင်းများကား လောက အကြောင်းကို နားလည်တတ်မြောက်ပြီး ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံကြသူများ ဖြစ်ကြကုန်၏။ ထို့ကြောင့် ဘုံအိမ်နှင့် ပတ်သက်၍ အခြား သာမန် လူများ ဘယ်တော့မှ သိမြင်နိုင်လိမ့်မည် မဟုတ်သည့် အချက် တစ်ခုကို သူတို့သည် ချက်ချင်းပင် သိမြင်ခဲ့ကြရလေသည်။ အခြားမဟုတ် ဘုံအိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



လူဆင်းရဲများသည် အတော်သဘောကျကြသည် ဟူ၏။ လူဆင်းရဲသားများ အတွက် ဘုံအိမ်မှာ သူတို့ အလိုရှိတာတွေကို ဖြည့်စွမ်း ပေးနေသည့် ဌာန တစ်ခု ဖြစ်နေတော့သည်။ တစ်နှစ်ပတ်လုံး မနက်စာ ညစာကို ဘာအလုပ်မှ လည်း မလုပ်ရ၊ ဘာအခမှလည်း မပေးရဘဲ မှန်မှန်ကြီး စားနေရကာ ဘုံအိမ် ၏ ခိုင်ခန့်သော အုတ်နံရံများကလည်း ၎င်းတို့ကို ရာသီဥတု အမျိုးမျိုးတို့မှ နှစ်ပတ်လည်လုံး အကွယ်အကာ ပေးနေကြ၏။ ယင်းသို့သော အချက်တွေ ကို သိမြင်လာရသည့် ဘုတ်လူကြီးများလည်း "အို... ဟို... ဒီအတိုင်း ဘယ် ဖြစ်နိုင်မလဲ၊ ဒီအမှားကို ပြုပြင်ရမယ့် လူတွေဟာ တို့တစ်တွေပဲ၊ ဒီကိစ္စကို ရပ်တန်းက ရပ်စေမှ ဖြစ်တော့မယ်" ဟု သိနားလည်တတ်စွာနှင့် ဥပဒေ တစ်ခု ထုတ်ပြန်လိုက်လေသည်။ အခြားမဟုတ် လူဆင်းရဲများကို ဘုံအိမ် ထဲတွင် တဖြည်းဖြည်း သေသေမည်လော၊ ဒါမှမဟုတ် ဘုံအိမ် အပြင်ဘက် တွင် ချက်ချင်းလက်ငင်း သေသေမည်လော ဟူ၍ ရွေးချယ်နိုင်းခြင်းပင် ဖြစ်တော့လေ၏။ (ဘုတ်လူကြီးများသည် ဘယ်သူ့ကိုမှ အတင်းအကျပ် မခိုင်းပါ။ ရွေးချယ်ဖို့တော့ ပေးပါသေးသည်) ထိုသို့သော အယူအဆမျိုးနှင့် ဘုတ်လူကြီးများသည် ရေသွင်းသော ကုမ္ပဏီ တစ်ခုထံမှ ဘုံအိမ် အတွက် ရေ အမြောက်အမြားကို ကန့်ထရိုက်နှင့် သွင်းစေကာ ပြောင်းဆန်ကုမ္ပဏီ တစ်ခုထံမှလည်း အပတ်စဉ် ပြောင်းဆန် အနည်းငယ် မှာယူပြီး ဘုံအိမ်တွင် နေသည့် လူဆင်းရဲများအား ပြောင်းဆန်ကို အရည်ကျိုလျက် တစ်နေ့လျှင် သုံးခါ ကျွေးစေလေ၏။ ဒါပေမဲ့ ပြောင်းဆန် အရည်ကျိုချည်းသာပဲ မဟုတ် သေးပါ။ တစ်ပတ်လျှင် နှစ်ခါမျှ ကြက်သွန်ဥ တစ်လုံးစီပေးပြီး တနင်္ဂနွေနေ့ များတွင်မူ ပေါင်မုန့်တစ်ခြမ်းစီ စားစေပါသေး၏။

ဘုံအိမ်သို့ အိုလီဗာ ရောက်သွားခဲ့ပြီးနောက် ပထမ ခြောက်လမတ် အတွင်းဝယ် ထိုဘုတ်လူကြီးများ၏ စီမံကိန်းများမှာ လက်တွေ့ ဖြစ်မြောက် လျက် ရှိနေပြီ ဖြစ်လေ၏။ ထိုစီမံကိန်းမှာ ပထမတော့ အတော်ကလေး အကုန်အကျ များခဲ့လေ၏။ အကြောင်းမူကား စားစရိတ်ဘက်က သက်သာ သော်လည်း၊ အသုဘစရိတ်ဘက်က အကုန်အကျ ပိုမို များပြားလာခဲ့သော ကြောင့် ဖြစ်လေ၏။ သို့ရာတွင် ဘုံအိမ်ထဲ၌ နေထိုင်ကြသူ လူဆင်းရဲများ မှာ ဘုံအိမ် အပြင်ဘက်မှ သူတောင်းစားများ နည်းတူပင် မကြာမီ ကြုံလှီ ပိန်သေး သွားခဲ့ကြတော့ရာ ဘုတ်အဖွဲ့ လူကြီးလူကောင်းမင်းများမှာ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြလေကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်များအား အစာကျွေးသည့် နေရာကား ကျယ်ဝန်းသော အခန်းရှည်ကြီးထဲတွင် ဖြစ်လေသည်။ အခန်း၏ တစ်ဖက်ထောင့်တွင် ကြေးအိုးကြီးတစ်လုံး ထားရှိလေ၏။ စားဖိုမှူးကြီးသည် တံခါးတွင် အဝတ်ဖြူတစ်ထည်ပတ်ကာ မိန်းမ တစ်ယောက် နှစ်ယောက်၏ အကူအညီနှင့် ထိုကြေးအိုးကြီးထဲမှ အရည်ကျိုထားသော ပြောင်းဆန်များကို ကလေးများအားတစ်ယောက် တစ်ဇွန်းစီ ဝေငှပေးထားလေ၏။ ကလေးများသည် တစ်ဇွန်းစီထက် ပို၍ မရကြပေ။ ထူးခြားသော အချိန်အခါများတွင်မှသာ ပြောင်းဆန်ရည်ကျဲ နှစ်အောင်စကို သာမက ပေါင်မုန့်တစ်ခြမ်းစီ ရရှိကြလေ၏။

ကလေးများ စားသောက်သည့် ပန်းကန်များကို ဘယ်အခါ ဆေးကြောရန် မလိုပေ၊ အကြောင်းမူကား ကလေးများသည် မိမိတို့၏ ပန်းကန်များထဲမှ ပြောင်းဆန်ရည်ကျိုများကို တက်တက်ပြောင်သည်အထိ ဇွန်းနှင့်ခြစ်ကုတ်စား သောက်တတ်ကြသောကြောင့် ဖြစ်လေ၏။ ဤကဲ့သို့ ဇွန်းဖြင့်တက်တက်ပြောင်အောင် ခြစ်ကုတ်ပြီးကြသည့် အခါတွင် (ထိုအချိန်မှာလည်းဘယ်တော့မှ ကြာမြင့်ခြင်း မရှိ) ကလေးများသည် ကြေးအိုးကြီးဆီသို့ ဆာလောင် မွတ်သိပ်လှစွာနှင့် ငေးကြည့်နေတတ် ကြလေသည်။ ထိုသို့ ငေးကြည့်နေကြစဉ်အတွင်း ၎င်းတို့သည် အချိန်ကို အလဟဿ မဖြုန်းတီးကြ၊ မိမိတို့၏ လက်ကလေးများတွင် ပေကျံနေသည့် ပြောင်းဆန် အစအနကလေးများကို တစ်စေ့မကျန် ပါးစပ်နှင့် တပြွတ်ပြွတ် စုပ်ယူနေ တတ်ကြလေသည်။

ကလေးများကား စားကောင်းသောက်ကောင်း အရွယ်များ ဖြစ်ကြ၏။ အိုလီဗာတွစ်နှင့် သူ့အဖော်များသည် တဖြည်းဖြည်းနှင့် အစာငတ်ခံရခြင်းဝဋ်ဒုက္ခကို သုံးလတိတိ ကြိတ်မှိတ် ခံပြီးသည့် နောက်၌ကား အမြဲတစေခံစား နေကြရသော ဆာလောင်မွတ်သိပ်မှု ဝေဒနာဖြင့် ဘာပဲဖြစ်ဖြစ်တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်ပစ်လိုက်ချင်စိတ်များ ဖြစ်ပေါ်လာကြတော့ လေသည်။ သူတို့သည် အချင်းချင်း ကျိတ်၍ တိုင်ပင်ကြပြီးနောက်ထိုနေ့ည ညစာ စား ကြရသည့်အခါ၌ သူတို့အထဲမှ တစ်ယောက်သည်စားဖိုမှူးကြီး ထံသို့ သွားကာ ပြောင်းဆန်ရည်ကျိုကို နောက်ထပ်တောင်းရန်ဆုံးဖြတ်လိုက်ကြလေသည်။ ထိုသူကို မဲချရွေးချယ်လေရာ အိုလီဗာအပေါ်၌မဲကျလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ညစာ စားဖို့ အချိန်ရောက်လာ၏။ သူငယ်ကလေးများသည် ကိုယ့်နေရာသို့ကိုယ် အသီးသီး ရောက်လာကြလေ၏။ စားဖိုမှူးကြီးသည်လည်း ထုံးစံအတိုင်း ကြေးအိုးကြီးဘေးတွင် နေရာ ယူလိုက်ကာ သူ့ အကူအညီ မိန်းမကြီးများကလည်း သူ့နောက်တွင် ရှိသေစွာ ရပ်နေကြ၏။ ပြောင်းဆန်ရည်ကျိုများကို ထုံးစံအတိုင်း သူငယ်ကလေး အသီးသီး ပန်းကန်များထဲသို့ တစ်ဇွန်းစီ ထည့်ပေးလိုက်သည့်နောက် တိုတောင်းလှသော အချိန်အတွင်း တက်တက်ပြောင်သွားမည့် ဤအစားအစာအတွက် ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းဆုတောင်းခြင်း အလုပ်ကို ရှည်လျားလှစွာ ပြုလုပ်နေကြရပြန်၏။ ထို့နောက်ကား ပြောင်းဆန်ရည်ကျိုများသည် သူငယ်ကလေးများ၏ ပန်းကန်တိုင်းမှ ချက်ချင်းလက်ငင်းပင် တက်တက်ပြောင်သွားကြလေ၏။ သူငယ်ကလေးများသည် အချင်းချင်း တီးတိုးစကားပြောလာကြ၏။ အိုလီဗာအား မျက်စိမှိတ်လျက် အချက်ပေးကြ၏။ အိုလီဗာ့ဘေးတွင် ထိုင်နေသည့် သူငယ်ကလေးကလည်း အိုလီဗာအား တံတောင်ဆစ်နှင့် တွက်လိုက်၏။ ကလေးသူငယ်ကလေးပင် ဖြစ်စေကာမူ အိုလီဗာကား ဆာလောင် မွတ်သိပ်သော ဝေဒနာကြောင့် ဘာပဲဖြစ်ဖြစ် တုံးတိုက်တိုက် ကမ်းတိုက်တိုက် ဖွတ်မိုတ်လုပ်လိုက်ရန် အသင့်ရှိနေလေသည်။ သူသည် မိမိ၏ ပန်းကန်နှင့် ဇွန်းကို လက်တွင်ကိုင်ကာ စားပွဲမှထလျက် စားဖိုမှူးကြီးထံသို့ လျှောက်သွားလေသည်။ ပြီးနောက် သူ၏ ရဲတင်းမှုကို မသိမသာ ပြန်လန့်လာမိရာကပင်–

"ကျွန်တော့်ကို နည်းနည်း ထပ်ပေးပါဦး ခင်ဗျာ"

စားဖိုမှူးကြီးကား ကျန်းမာသန်စွမ်း၍ ဝသော လူကြီးတစ်ယောက်ဖြစ်၏။ သို့ရာတွင် သူ၏ မျက်နှာသည် သွေးဆုတ်သွားသည့် အလား ဖြူဖပ်ဖြူရော် ဖြစ်သွားရာက တစ်ဖက်သို့ လှည့်သွား၏။ ပြီးနောက်မှ ဤ ငယ်ရွယ်သော သူပုန်ကလေးကို အံ့အားသင့် ကြက်သေသေကာ ငေးကြည့်မိလျက် သူ့ ကိုယ်ခန္ဓာကြီး လဲကျ မသွားစေရန်အတွက် မီးဖိုကို လက်များနှင့် ဖက်တွယ် ထားလိုက်ရလေ၏။ သူ၏ လက်ထောက်များမှာလည်း အံ့အားသင့်လှသဖြင့် မတုန်မလှုပ် ဖြစ်နေကြသလို အိုလီဗာ၏ အဖော်များမှာလည်း ကြောက်ရွံ့ ထိတ်လန့်စွာနှင့် ကုပ်ကုပ်ကလေးတွေ ငြိမ်သက်နေကြလေ၏။ နောက်ဆုံးမှ–

"မင်း ဘာပြောတယ်" ဟု စားဖိုမှူးကြီးက ခပ်သဲ့သဲ့ အသံနှင့် မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို နည်းနည်း ထပ်ပေးပါဦး ခင်ဗျာ"

စာဖိုမှူးကြီးသည် သူ့လက်ထဲမှ ဇွန်းကြီးနှင့် အိုလီဗာ၏ ခေါင်းကို ခေါက်လိုက်လေသည်။ ပြီးနောက် အိုလီဗာ၏ လက်များကို ချုပ်နှောင်ထား လိုက်ကာ စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်အား အော်ခေါ်လိုက်လေသည်။

ဘုတ်အဖွဲ့ လူကြီးများသည် ဏ္ဍမြေ့ရလုစွာနှင့် အစည်းအဝေး ပြုလုပ် နေကြစဉ် စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်သည် ပျာလောင်ခတ်သော အမူ အရာနှင့် အစည်းအဝေးထဲသို့ ဝင်ရောက်လာလေသည်။ ပြီးနောက် ကုလား ထိုင်မြင့်ကြီးပေါ်မှ လူကြီးအား...

"မစ္စတာလင်ဘကင်းစ် ခင်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်။ အိုလီဗာတွစ်ဟာ သူ့ဝေစုနဲ့ မကျေနပ်ဘဲ ထပ်တောင်းပါတယ်"

ဘုတ်အဖွဲ့ဝင် လူကြီးမင်း အားလုံးတို့ပင် လန့်ဖျပ် သွားကြလေ သည်။

"ထပ်တောင်းတယ်... ဟုတ်လား...ဒီမှာ ဘမ်ဘယ်လ် ငါ မေးနေ တာကို ရှင်းရှင်းလင်းလင်း ပြန်ဖြေစမ်းပါ။ အိုလီဗာတွစ်ဟာ သူတို့ သတ် မှတ်ထားတဲ့ ညစာ စားရတာကို မတင်းတိမ်နိုင်ဘဲ ထပ်တောင်းတယ် ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျား"

"ဒီကောင်လေးဟာ တစ်နေ့ကျရင် ကြိုးပေး အသတ်ခံရပါလိမ့်မယ်။ ကျုပ် သိပါတယ်။ တစ်နေ့နေ့ကျရင် ကြိုးပေး အသတ်ခံရပါလိမ့်မယ်" ဟု အတွင်းခံ အင်္ကျီ အဖြူနှင့် လူကြီးက ရေရွတ်လိုက်လေ၏။

ထိုလူကြီး၏ ဗေဒင်ဟောချက်ကို ဘယ်သူကမှ ငြင်းခုံကြခြင်း မရှိကြ။ ဘုတ်အဖွဲ့ဝင် လူကြီးမင်းများသည် အိုလီဗာ့ ကိစ္စကို တိုင်ပင်ဆွေးနွေးကြ ပြီးနောက် အိုလီဗာအား ယခု ချက်ချင်း အခန်းလှောင် အပြစ်ပေးရမည်ဟု ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။ နောက်တစ်နေ့တွင်ကား ဘုံအိမ် ဝင်းဝတွင် ကြော်ငြာစာ တစ်ရွက် ကပ်ထားသည်ကို တွေ့မြင်ကြရလေသည်။ ကြော်ငြာ ကား ဘုံအိမ်မှ အိုလီဗာတွစ် ဆိုသည့် သူငယ်ကလေး တစ်ယောက်အား မိမိ တို့၏ အလုပ်များတွင် အလုပ်သင် တစ်ယောက်အဖြစ်နှင့် လက်ခံသည့် အလုပ်ရှင်များကို ဆုငွေ ငါးပေါင် ပေးမည်ဟူ၍ပင် ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၃။ ဒုတိယဆု ငွေငါးပေါင်

အိုလီဗာ ခမျာတွင်ကား အစာ မဝ၍ ထပ်တောင်းမိသော ကြီးလေးသည့် အပြစ်ဒဏ်ကြောင့် ခုနစ်ရက်တိတိ တစ်ကိုယ်တည်း အခန်းလှောင်ထားခြင်း ခံခဲ့ရလေသည်။ ထို့နောက်မှာတော့ ကြော်ငြာကပ်ထားသည့် အတိုင်း အိုလီဗာတွစ်အား အဖွဲ့မှ ချီးမြှင့်မည့် ဆုငွေအသပြာ ငါးပေါင်နှင့်အတူ မိမိတို့၏ အလုပ်တွင် လက်ခံမည့်လူ နှစ်ယောက် ပေါ်ပေါက်လာကြလေသည်။ ပထမဦးဆုံး လူကား အိမ်များရှိ မီးဖိုခေါင်းတိုင်များမှ ကျပ်ခိုးများကို ရှင်းလင်းပေးရသူ ဖြစ်လေ၏။ ထိုလူသည် ကြွေးမြီဆပ်ရဖို့ ငွေလိုနေစဉ် ဘုတ်အဖွဲ့၏ ကြော်ငြာကို တွေ့ရှိခဲ့ရသည်ဖြစ်ရာ ဝမ်းမြောက်ဝမ်းသာနှင့်ပင် အိုလီဗာအား မိမိ၏ အလုပ်တွင် အလုပ်သင်အဖြစ်နှင့် လက်ခံပါမည်။ ဆုငွေ ငါးပေါင်ကို ဆက်ဆက်ပေးပါဟု စာရေးကြီး မစ္စတာဘမ်ဘယ်လ်ထံမှ တစ်ဆင့် ဘုတ်အဖွဲ့ဝင်များထံ ဝင်ရောက် လျှောက်ကြားခဲ့လေသည်။

ပထမတော့ မီးခိုးခေါင်းတိုင်မှ ကျပ်ခိုးများ ရှင်းလင်းသည့် အလုပ်မှာ ကလေးသူငယ်များအတွက် ဘေးအန္တရာယ် များပြားသည်ဟူ၍ ဘုတ်အဖွဲ့ဝင်များက ၎င်း၏ လျှောက်ကြားချက်ကို ငြင်းပယ်ခဲ့၏။ အမှန်တော့လည်း ထိုအလုပ်မှာ ကလေးသူငယ်များအတွက် အမှန်ပင် ဘေးအန္တရာယ် များပြားလှပါပေ၏။ ထိုအလုပ် လုပ်ရင်းနှင့်ပင် ထိုလူ၏ အလုပ်သင် ကလေး နှစ်ယောက်သည် မီးဖိုခေါင်းတိုင်မှ ပြိုကျလာသော ကျပ်ခိုးများ ပိကာ သေဆုံးခဲ့ဖူး၏။ သို့စေငြားလည်း နောက်ဆုံး၌ ထိုလူက ဆုငွေကို သုံးပေါင်

www.burmeseclassic.com



နှင့် ၁၀ သျှီလင်သာ လျှော့ယူဖို့ သဘောတူညီခဲ့သည့်အတွက် ဘုတ်အဖွဲ့ဝင် လူကြီးမင်းများလည်း ထိုလူ့ထံတွင်ပင် အိုလီဗာတွစ်ကို အလုပ်သင်ကလေး အဖြစ်နှင့် ထည့်အပ်လိုက်ဖို့ အားလုံး တူညီ ဆုံးဖြတ်လိုက်ကြလေသည်။ သို့တစေလည်း အိုလီဗာ၏ ကုသိုလ်ကံ ကောင်း၍ပဲလား မသိ၊ အိုလီဗာအား မီးဖိုခေါင်းတိုင် ရှင်းလင်းသမား၏ အလုပ်သင်အဖြစ်နှင့် ပေးအပ်လိုက်ဖို့ ကိစ္စတွင် တရားသူကြီး နှစ်ယောက်၏ သဘောတူညီ ခွင့်ပြုချက်ကိုလည်း လိုအပ်နေပေသေးရာ ထိုကိစ္စနှင့် ပတ်သက်၍ တရားရုံးတော်သို့ တက်၍ လျှောက်ကြားကြရပြန်လေ၏။

စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်သည် တရားရုံးခန်းထဲသို့ အိုလီဗာ အား ခေါ်မသွားမီ၌ တရားသူကြီးများအား ဘယ်လိုဘယ်ပုံ ပြန်၍ ဖြေဆိုဖို့ အိုလီဗာအား ကျကျနနကြီး သင်ကြားပေးခဲ့၏။ ရုံးသို့ရောက်လျှင် မစ္စတာ ဘမ်ဘယ်လ်သည် အိုလီဗာအား အခန်းကလေး တစ်ခန်းထဲတွင် သူလာ မခေါ်မချင်း ဘယ်ကိုမှ မသွားဘဲ စောင့်နေရမည်ဟု မှာကြားပြီး တစ်ယောက် တည်း ထားပစ်ခဲ့လေသည်။ အိုလီဗာလည်း ရင်တထိတ်ထိတ်နှင့်ပင် ထို အခန်းထဲ၌ နာရီဝက်ခန့် ထိုင်နေပြီးနောက် တံခါးပေါက်ဝတွင် မစ္စတာ ဘမ်ဘယ်လ်၏ မျက်နှာကြီးက ပြူဝင်ပေါ်လာလေ၏။

"ကဲ…အိုလီဗာ လူကလေး ရုံးမင်းတွေရှေ့ ဝင်တော့"

ထိုစကားတွေကို ပြောလိုက်စဉ်၌ မစ္စတာ ဘမ်ဘယ်လ်သည် အိုလီ ဗာအား ခြိမ်းခြောက်သည့် မျက်နှာထားကြီးနှင့် ကြည့်ပြီး ဆက်လက်၍ တီးတိုး လေသံဖြင့် "ငါ မှာထားတာတွေကို မမေ့နဲ့နော်… ခွေးနာကောင် ကလေး…" ဟု ဖြည့်စွက်လိုက်လေသည်။

ရုံးခန်းထဲတွင်ကား စားပွဲတစ်လုံး၌ တရားသူကြီး နှစ်ယောက်သည် ယှဉ်လျက်သား ထိုင်နေကြလေသည်။ တစ်ယောက်မှာ သတင်းစာ ဖတ်နေ ကာ အခြား တစ်ယောက်ကမူ ကော်ကိုင်း မျက်မှန်ကြီးတစ်စုံ၏ အကူအညီ ဖြင့် စာရွက်တစ်ရွက်ကို ကြည့်နေ၏။ ဘုတ်အဖွဲ့၏ ချယ်ရာမင် လူကြီး မစ္စတာ လင်ဘကင်းစ်နှင့် အိုလီဗာအား အလုပ်သင် အဖြစ်နှင့် လက်ခံမည့်သူ ဖြစ်သော မီးဖိုခေါင်းတိုင်ရှင်းသမားကား စားပွဲတစ်ဖက်တွင် ရပ်နေကြ လေသည်။

ကျွဲကော်ကိုင်း မျက်မှန်နှင့် တရားသူကြီးသည် စာရွက်ပေါ်တွင် ဦးခေါင်းကြီး ငိုက်စိုက်ချရင်းက တဖြည်းဖြည်း အိပ်ငိုက် လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဘမ်ဘယ်လ်ကလည်း စားပွဲရှေ့တွင် အိုလီဗာအား နေရာချထားပေးလိုက်ပြီးနောက်...

"ဒီသူငယ်ကလေးပါပဲ အရှင်ဘုရား..." ဟု တရားသူကြီးအား တင်လျှောက်လိုက်လေ၏။

ဤတွင် သတင်းစာ ဖတ်နေသော တရားသူကြီးက ခေါင်းမော့ကြည့်လိုက်ပြီးနောက် အိပ်ငိုက်နေသော သူ့ အဖော်ကို အင်္ကျီလက်စ တစ်ဖက်အားဆွဲ၍ နှိုးလိုက်လေ၏။

"ဩော်...ဒီသူငယ်လား..."

"မှန်ပါတယ် အရှင်ဘုရား... အိုလီဗာ တရားသူကြီးမင်းကို ဦးညွှတ်အလေးပြုလေ..."

"အင်း... ဒီသူငယ်ကလေးဟာ မီးဖိုခေါင်းတိုင် ရှင်းလင်း ပေးရတဲ့အလုပ်ကို နှစ်သက်ရဲ့လား"

"အလွန်တစ်ရာမှ နှစ်သက်လှပါတယ် အရှင်ဘုရား..." ဟု မစ္စတာဘမ်ဘယ်လ်က ပြန်ဖြေလိုက်ပြီး အိုလီဗာကို သူ့စကားများအား ကန့်ကွက်ခြင်း မပြုရန် သတိပေးသည့် အနေနှင့် တိတ်တဆိတ် လှမ်းဆိတ်လိုက်၏။

"အင်း...ဒီလိုဆိုရင် သူငယ်ကလေးဟာ မီးဖိုခေါင်းတိုင် ရှင်းပေးရတဲ့အလုပ်ကို လုပ်မယ်ပေါ့"

"သူ့ကို တခြား အလုပ်လုပ်ခိုင်းရင် သူဟာ အဲဒီအလုပ်က ချက်ချင်းထွက်ပြေးသွားမှာပဲ အရှင်ဘုရား..." ဟု မစ္စတာ ဘမ်ဘယ်လ်ကပင် အိုလီဗာကိုယ်စား ပြန်ဖြေလိုက်ပြန်၏။

"နို့ ဒီသူငယ်ရဲ့ အလုပ်ရှင်ကကော မင်း မဟုတ်လား၊ ဘယ်နှယ့်လဲမင်းက ဟောဒီ သူငယ်ကို ကောင်းကောင်းမွန်မွန် ကျွေးမွေး စောင့်ရှောက်မယ် မဟုတ်လား"

"ကျွန်တော်မျိုးဟာ လုပ်မယ်လို့ ပြောရင် ပြောတဲ့အတိုင်း လုပ်တဲ့သူစားပါ အရှင်ဘုရား..."

"အေး...မင်းစကား ပြောပုံကတော့ ကြမ်းကြမ်းတမ်းတမ်း ရှိပေမယ့်မင်းကို ကြည့်ရတာ လူရိုးလူဖြောင့် တစ်ယောက် ဖြစ်ဟန်ရှိပါတယ်..."

တရားသူကြီးသည် အိုလီဗာအား အလုပ်သင်အဖြစ်နှင့် လက်ခံသည့်စာကို ကျွဲကော်ကိုင်း မျက်မှန်ကြီးထဲမှ လှမ်းကြည့်ရင်းက ပြောလိုက်လေသည်။ ထိုလူ၏ မျက်နှာကား ရက်စက်ကြမ်းကြုတ်မှုကို ထင်ဟပ် ခတ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အလား ထင်ရှားစွာ ဖော်ပြနေလေ၏။ သို့ရာတွင် တရားသူကြီးမင်းမှာ သူငယ်ပြန်လုလုအရွယ် မျက်စိ အင်မတန်မှ မှုန်နေသည်ဖြစ်ရာ အခြားလူတွေမှာ ဘယ်လို လူစားမျိုးတွေ ဖြစ်သည်ဆိုသည်ကို အဘယ်သို့ ဝေခွဲဆုံးဖြတ်နိုင်စွမ်း ရှိလိမ့်မည်နည်း။

တရားသူကြီးသည် အိုလီဗာအား မီးဖိုခေါင်းတိုင်ရှင်းသမား ထံတွင် အလုပ်သင် အဖြစ်နှင့် ပေးအပ်စေရန် အမိန့်ချမှတ် လက်မှတ်ရေးထိုးဖို့ ကလောင်တံကို ကောက်ယူကာ မင်အိုးကို လိုက်လံ ရှာဖွေနေလေ၏။

ထိုအချိန် ကလေးကား အိုလီဗာ၏ ကံကြမ္မာ ဖန်တီးလာရေးအတွက် အင်မတန်မှ စိုးရိမ်စရာ ကောင်းလှသော အချိန်ကလေး တစ်ရပ်ပင် ဖြစ်ပေတော့သည်။ အကယ်၍ မင်အိုးသည်သာ တရားသူကြီးမင်းက လိုက်လံရှာဖွေနေသည့် နေရာများတွင် ရှိနေခဲ့ပါက တရားသူကြီးမင်းများ လွယ်လွယ်ကူကူပင် ကလောင်တံကို မင်တို့ကာ အိုလီဗာအား အလုပ်သင်ကလေးအဖြစ်နှင့် မီးဖိုခေါင်းတိုင်ရှင်သမား ထံတွင် သွားရောက် နေထိုင်စေဟူ၍ အမိန့်စာတွင် လက်မှတ်ရေးထိုး လိုက်မိပြီး ဖြစ်ပေမည်။ သို့ရာတွင် မင်အိုးမှာ တရားသူကြီးမင်းက လိုက်၍ ရှာဖွေနေသော နေရာများတွင် မရှိဘဲ တစ်ချိန်လုံး ၎င်း၏ နှာခေါင်းအောက် တည့်တည့်၌သာ ရှိနေခဲ့သည် ဖြစ်ေကား တရားသူကြီးမင်း ခမျာမှာ စားပွဲတစ်ခုလုံး အနှံ့အပြား လိုက်၍ ရှာဖွေပါသော်လည်း မတွေ့ရဘဲ ရှိနေလေ၏။

တရားသူကြီးမင်းက ဤသို့လျှင် သူ့နှာခေါင်းအောက် တည့်တည့်မ မင်အိုးကို လိုက်၍ ရှာနေရင်းမှ သူ့ရှေ့တည့်တည့်သို့ ကြည့်လိုက်မိလေရာ ကြောက်ရွံ့ထိတ်လန့်ခြင်း လွှမ်းမိုးနေသော အိုလီဗာ၏ မျက်နှာကလေးကို သွား၍ မြင်တွေ့မိလေတော့၏။ အိုလီဗာကား သူ့ကို မစ္စတာ ဘမ်ဘယ်လ်က ဘယ်လိုပင် ဆိတ်ဆိတ် သူ့အလုပ်သခင် ဖြစ်ရတော့မည့် လူကြီး၏ ရ စက်ကြမ်းကြုတ်သော မျက်နှာကြီးကိုတော့ ကြောက်ရွံ့ ထိတ်လန့်ခြင်းနှ ရွံရှာ စက်ဆုပ်ခြင်းတို့ ရောယှက်နေသော အမူအရာကလေးဖြင့် မကြည့်ဘဲ မနေနိုင်ရှာချေ။ သူ၏ ယင်းသို့သော အမူအရာ ကလေးကို မျက်စိကပ် နီးပါး မှုန်နေသော တရားသူကြီးမင်းကပင် သတိမပြုမိဘဲ မနေနိုင်တော့ချေ

တရားသူကြီးမင်းသည် ကလောင်တံကို လွှတ်ချလိုက်ပြီး အိုလီဗာကို တစ်လှည့်၊ ဘုတ်အဖွဲ့ ချယ်ရာမင် လူကြီးမင်း မစ္စတာ လင်ဘကင်းစ် တစ်လှည့် ကြည့်လိုက်လေသည်။ ပြီးနောက် အိုလီဗာအား 'လူကလေး'

www.burmeseclassic.com



လှမ်းခေါ်လိုက်လေ၏။ အိုလီဗာ ခမျာမှာတော့ ထိတ်လန့် သွားမိရှာသည်။ ဒါကို အပြစ်ဆိုစရာ မရှိ။ အကြောင်းမှုကား တရားသူကြီးမင်းက သနားကြင်နာခြင်း မကင်းသော အသံနှင့် ခေါ်လိုက်ခြင်း ဖြစ်လေရာ တစ်ခါမှ မကြုံဖူးသော ထူးဆန်းသည့် အသံများသည် ကလေးသူငယ်များကို ထိတ်လန့်စေတတ်သည် မဟုတ်ပါလော။ အိုလီဗာသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာကာ မျက်ရည်များလည်း ယိုစီးကျလာလေ၏။

"လူကလေး...မင်းကို ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ ကြောက်ရွံ့နေပုံရပါတယ်၊ ဘာဖြစ်လို့လဲကွယ့်"

"ဟော့ စာရေးကြီး၊ မင်း သူငယ်ကလေး အနားက ဖယ်နေလိုက်စမ်း"

အခြား တရားသူကြီးမင်းကလည်း သတင်းစာကို ဘေးသို့ ချလိုက်ရင်း လှမ်းပြောလိုက်ရာမှ စိတ်ဝင်စားလာဟန်နှင့် ကိုယ်ခန္ဓာကို ရှေ့သို့ ကိုင်းညိုက်လေသည်။ "ကဲ လူငယ်လေး ဘာဖြစ်တယ် ဆိုတာကို ပြောပြစမ်း ဘာမှ မကြောက်ပါနဲ့ကွယ်"

ဤတွင် အိုလီဗာမှာ ကြမ်းပြင်ပေါ်သို့ ဒူးကလေးနှစ်ဖက် ထောက်ချထိုက်ပြီး လက်နှစ်ဖက်ကို ဆုပ်ကာ မိမိအား မှောင်မိုက်နေသော အခန်းထဲတွင် ပြန်၍ လှောင်ထားလျှင်လည်း လှောင်ထားကြပါတော့။ ရိုက်ချင်ရင်လည်း ရိုက်ပါ။ ဒါမှမဟုတ် အစာအငတ် ထားချင်ရင်လည်း ထားကြပါ။ အို...တစ်ခါတည်းသာ အသေသတ်ချင်လျှင်လည်း သတ်ပစ်လိုက်ကြပါတော့။ သို့ရာတွင် ထိုကြောက်စရာ ကောင်းလှသော လူကြီးလက်ထဲသို့တော့ အပ်လိုက်ပါနှင့် ဟူ၍ တောင်းပန် အသနားခံရှာလေတော့၏။

သို့နှင့်ပင် အိုလီဗာအား မီးဖိုခေါင်းတိုင်ရှင်းသမား၏ အလုပ်သင်ကလေးအဖြစ်နှင့် ပေးအပ်လိုက်ဖို့ ကိစ္စမှာ တရားသူကြီးမင်းများ၏ ခွင့်ပြုချက်ကို မရတော့သည့်အတွက် ပျက်ပြား သွားခဲ့ရတော့လေ၏။ ယနေ့ နံနက်တွင်အား အိုလီဗာတွစ်အား ဘယ်သူ့ကိုမဆို ငှားရမ်းပါမည်။ လက်ခံမည့်သူအား ငွေငါးပေါင်ပေးမည်ဟူသော ကြော်ငြာကို ဘုံအိမ်ဝင်းပေါက်ဝတွင် လူအများဆင်ခြင်မိ၍ တွေ့ရှိရပြန်လေသတည်း။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၄။ အိုလီဗာ၏ စွန့်စားခန်း

မကြာမီမှာပင် အိုလီဗာအား ငွေငါးပေါင်နှင့်အတူ အလုပ်သင် အဖြစ်နှင့် လက်ခံမည့် လူတစ်ယောက် ပေါ်ပေါက်လာပြန်လေသည်။ ထိုလူမှာ အရပ် သုဘရာဇာ့ ခေါင်း လုပ်သူ မစ္စတာ ဆိုဝါဘယ်ရီပင် ဖြစ်လေသတည်း။

ဤတွင်မူကား အိုလီဗာမှာ သုဘရာဇာ အလုပ်သင် အရိုင်းအစိုင်း သူငယ်ကလေး အဖြစ်သို့ ချောချောမောမောပင် ရောက်ရှိခဲ့လေသည်။ အကြောင်းမူကား ဘုတ်အဖွဲ့ဝင် လူကြီးမင်းများက အိုလီဗာကို သူတို့၏ ရှေ့တော်မှောက်သို့ ခေါ်ကာ ခေါင်းလုပ်သူ သုဘရာဇာ ထံတွင် အလုပ်သင် အဖြစ်နှင့် သွားရောက် နေထိုင်ရမည်ဖြစ်ကြောင်း၊ ထိုလူ့ ထံတွင် ကောင်းစွာ မနေဘဲ ပြန်ရောက်လာမည်ဆိုပါက ၎င်းအား ပင်လယ်ကူး သင်္ဘောများတွင် အခိုင်းအစေ ကလေးအဖြစ်နှင့် ထည့်ပေးလိုက်ရတော့မည် ဖြစ်ကြောင်းနှင့် ခြိမ်းခြောက်ခဲ့ကြသောကြောင့် ဖြစ်လေ၏။

ညတွင်းချင်းပင်လျှင် ရပ်ကွက် စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်သည် အိုလီဗာအား ခေါင်းလုပ်သူ မစ္စတာ ဆိုဝါဘယ်ရီ၏ နေအိမ်သို့ ခေါ်ဆောင် သွားလေသည်။ ၎င်းတို့ ရောက်သွားကြသည့် အခါတွင် ခေါင်းလုပ်သူ မစ္စတာ ဆိုဝါဘယ်ရီမှာ ထိုနေ့အတွက် ဆိုင်ပိတ်ပြီး၍ ဖယောင်းတိုင် တစ်တိုင်၏ မှေးမှိန် မှုန်ရီသော အလင်းရောင်ကလေးဖြင့် စာရင်းအင်း ရေးမှတ်နေသည်ကို တွေ့ကြရလေ၏။

"အား စာရေးကြီးမှတ်တယ်" ဟု မစ္စတာ ဆိုဝါဘယ်ရီက စာရင်း စာအုပ်မှ မော့ကြည့်ကာ နှုတ်ဆက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ရှိနေဦးမှာလဲဗျာ။ ဟောဒီမှာ ကျုပ် ကောင်ကလေးကို ခေါ်လာခဲ့တယ်"

အိုလီဗာသည် သူ့အလုပ်ရှင် ဖြစ်ရတော့မည့် လူကို ဦးညွှတ်အလေးပြု လိုက်လေသည်။

"ဩော်...ဒီသူငယ်ကလေးပဲလား"

ပြောပြောဆိုဆို မစ္စတာ ဆိုဝါဘယ်ရီသည် အိုလီဗာကို ကျကျနန မြင်နိုင်ဖို့ ဖယောင်းတိုင်ကို ခေါင်းပေါ်တွင် မြှောက်လိုက်ပြီးနောက် ဇနီး ဖြစ်သူကို လှမ်းခေါ်လိုက်လေ၏။

ဆိုဝါဘယ်ရီက အော်သည်။ ခေါင်းဆိုင်၏ နောက်ဘက် အခန်းငယ် ကလေးထဲမှ ထွက်လာလေသည်။ သူမမှာ အရပ်ပုပု ပိန်ချုံးချုံးဖြင့် ခြောက် ကပ်နေသော ရုပ်ရည်အသွင်အပြင် ရှိလေ၏။

"ရှင်မရေ...ငါပြောတဲ့ ဘုံအိမ်က ကောင်ကလေးဆိုတာ သူပဲကွယ့်"

အိုလီဗာသည် သူ့အလုပ်သခင် ကတော်အား ဦးညွှတ် အလေးပြု လိုက် ပြန်လေ၏။

"အလိုလေး... ကောင်လေးက သေးသေးကွေးကွေး ကလေးပါလား တော်"

"အင်း... ဟုတ်သားပဲ၊ ကောင်ကလေးက သေးသေးကွေးကွေး ပါပဲ လား" ဟု စာရေးကြီးက အိုလီဗာကို ကြည့်ပြီး ပြောလိုက်လေသည်။ သူ့ အမူအရာမှာ အိုလီဗာက ယခုလို သေးသေးကွေးကွေး ဖြစ်နေရခြင်းကို အိုလီဗာ့ အပေါ်၌ပင် အပြစ်တင်လိုဟန် ဖြစ်လေ၏။ ပြီးနောက်မှ ဆက်လက် ၍-

"ဒါပေမဲ့ ကောင်ကလေးက ထွားလာပါလိမ့်မယ် ခင်ဗျား၊ ဟုတ်ပါ တယ် မကြာခင်မှာပဲ ထွားလာပါလိမ့်မယ်"

"ထွားလာမှာပေါ့... ကျုပ်တို့ ကျွေးမွေးရတာတွေကို စားရမယ်ဆိုရင် ထွားလာမှာကိုတော့ ယုံမှားစရာ မရှိပါဘူးတော်..." ဟု ဆိုဝါဘယ်ရီကတော် က ခပ်ပေါ့ပေါ့ ပြောလိုက်ပြီး ဆက်လက်၍...

"ကျုပ်တော့... ဒီလို အရပ်က မွေးထားရတဲ့ ကောင်ကလေးတွေကို သက်ခံရမှာ အကျိုးရှိမယ် မထင်ပါဘူးတော်။ သူတို့ အလုပ်လုပ်တာက ကျုပ်တို့က သူတို့ကို ပြန်ပြီး ကျွေးရမွေးရတာနဲ့ ကာမိမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ တော်တို့ ယောကျ်ားတွေက ပြောလို့ရတာ မဟုတ်ပါဘူးလေ။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်လုပ် ရှင်တို့သာ မှန်တယ် ထင်ကြတာပဲ။ ဟဲ့…အရိုးစုကလေး အောက်ထပ်ကို ဆင်းလေကွယ်…”

ပြောပြောဆိုဆိုနှင့် ခေါင်းဆရာကတော်သည် အခန်းထဲမှ ဘေးတံခါးကို ဖွင့်ကာ အိုလီဗာအား အောက်ထပ်သို့ တွန်းပို့လိုက်လေသည်။ အိုလီဗာလည်း အတော်ကလေး စောက်သော လှေကားအတိုင်း ဆင်းခဲ့ရာ မှုန်မှုန်ကုပ်ကုပ်နှင့် စိုစိုစွတ်စွတ် ထိုင်းထိုင်းမှိုင်းမှိုင်း ရှိလှသော မြေအောက်အခန်းငယ်တစ်ခုသို့ ရောက်သွားလေ၏။ ထိုအခန်းကား ဤအိမ်၏ မီးဖိုဆောင်ကလေးပင် ဖြစ်လေသည်။ အခန်းထဲတွင်ကား အဝတ်အစားကို မသေမသပ် ကပိုကရို ဝတ်ဆင်ထားသော သူငယ်မကလေး တစ်ယောက် ထိုင်နေလေ၏။

“ဒီမှာ…ချားလော့တ်၊ ဒီကောင်ကလေးကို ဟိုအကောင် ထရစ်ပ်ဖို့ ချန်ထားတဲ့ ထမင်းကျန်တွေ ကျွေးလိုက်စမ်းအေ။ ထရစ်ပ်ဆိုတဲ့ အကောင်က မနက်ကတည်းက ထွက်သွားတာ ခုထက်ထိ ပြန်မလာသေးဘူး၊ ဒီကောင် ငတ်ပါစေ။ ထမင်းကျန်တွေကို ကောင်လေးတော့ စားနိုင်ပါလိမ့်မယ် ဘယ့်နှယ်လဲဟေ့…”

ထမင်း ဟူသော စကားကို ကြားလိုက်ရကတည်းက မျက်လုံးများ တောက်ပြောင်လာကြကာ အားရပါးရကြီး စားလိုက်ဖို့ကိုသာလျှင် စိတ်အား သန်နေမိသော အိုလီဗာကလည်း သွက်လက်စွာပင် ခေါင်းညိတ်ပြလိုက်လေ၏။

မကြာမီမှာပင် သူ့ရှေ့သို့ ထမင်းကျန် ဟင်းကျန် ပန်းကန်ပြား တစ်ချပ် အပြည့် ရောက်ရှိလာလေသည်။

ခေါင်းလုပ် ဆရာကတော်ကား ထမင်းဟင်း အကျန်များကို အိုလီဗာက အားရပါးရကြီး ကုန်းလွေးနေသည်ကို တအံ့တသြ ငေးကြည့်နေ လိုက်မိရာမှ၊ ဒီကောင်ကလေး ဒီလိုသာ အစားကြီးရင် ခက်ရချည်ရဲ့ဟု တွေးကာ စိုးရိမ်ကြောင့်ကြ လာမိလေသည်။ ပန်းကန်ပြား တက်တက်ပြောင်သွားသည့် အခါတွင်ကား “ဘယ့်နှယ်လဲ ဗြီးပြီလား…” ဟု ခေါင်းလုပ် ဆရာကတော်က မေးလိုက်လေသည်။ နောက်ထပ်စားစရာကို အနီးအနားတွင် မတွေ့သည့် အိုလီဗာကလည်း ခေါင်းညိတ်ပြလိုက်ရလေ၏။

“ကဲ…ဒီလိုဆိုရင် ငါ့ နောက်လိုက်ခဲ့”

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလုပ် ဆရာကတော်သည် ကျပ်ခိုးတက်နေသော မှန်အိမ်တစ်လုံးကို ဆွဲကာ လှေကားပေါ်သို့ ရှေ့ဆောင် တက်သွားပြီးနောက်...

"မင်း... ဆိုင်ခန်းထဲက အလုပ်လက်ခံတဲ့ စားပွဲခုံအောက်မှာ အိပ်ရမယ် ကြားလား...ခေါင်းတွေကြားထဲ မင်းအိပ်ရမှာကို မကြောက်ပါဘူးနော်၊ ဒါပေမဲ့ မင်းက ကြောက်လည်း ဒီမှာပဲ အိပ်ရမှာပဲ။ တခြား မင်းအိပ်ဖို့ နေရာက ဘယ်မှာမှ ရှိတာ မဟုတ်ဘူး။ ကဲ...လာလေကွယ်၊ မင်းကို ငါက တစ်ညလုံး စောင့်နေရမှာလား..."

အိုလီဗာလည်း သူ၏ သခင်မ အသစ်နောက်သို့ ကုပ်ကုပ်ကလေး လိုက်သွားရလေ၏။

ခေါင်းတွေ ထားသည့် ဆိုင်ခန်းထဲတွင် တစ်ယောက်တည်း ထားပစ်ခြင်းခံခဲ့ရသည့် အခါတွင် အိုလီဗာသည် မီးခွက်ကို ခုံးရှည် တစ်ခုပေါ်တွင်ချကာ သူ့ပတ်ဝန်းကျင်ကို ကြောက်ရွံ့ထိတ်လန့်လှစွာ လှည့်ပတ် ကြည့်ရှုမိလေ၏။ သူ့ထက် အသက်ကြီးသူ အမြောက်အမြားကပင် ကိုယ်ချင်းစာနိုင်လည်မိကြမည် ဖြစ်ရှေ၏။

အခန်းအလယ် ခွေးခြေတစ်ခုပေါ်တွင် တင်ထားသည့် တစ်ပိုင်းတစ်စပြုလုပ်ထားသော ခေါင်းကြီးမှာ စိတ်ချောက်ချားဖွယ်ရာ သေခြင်း၏ အတိတ် နိမိတ်ကို ဆောင်ယူဖော်ပြလျက် ရှိနေသည့်အတွက် အိုလီဗာ ခမျာတွင် တစ်ကိုယ်လုံး အေးစိမ့်ပြီး တဆတ်ဆတ် တုန်ယင်လာမိလေ၏။ ခေါင်းကြီးဆီသို့ မျက်လုံးများ ရောက်သွားမိသည့် အခါတိုင်း ကြောက်ရွံ့ဖွယ်ရာ ကောင်းလှသော သဏ္ဌာန်ကြီး တစ်ခုခုသည် ခေါင်းထဲမှ ထလာလေမည်လားဟု စိုးရွံ့မိကာ ခံစားနေရသော ကြောက်စိတ်များမှာ ပိုလို့သာ ပြင်းပြလာပြီး ရူးမလိုလိုပင် စိတ်များ ချောက်ချား လာမိရှာလေသည်။ အခန်း၏ နံရံတွင်ကား ခေါင်းလုပ်ရန် ရွယ်တူ ပျဉ်ချပ်ကြီးများကို အစီအရီ ထောင်ထားလေရာ မှုန်ရီသော အလင်းရောင်အောက်တွင် ကြည့်လိုက်သည့်အခါ၌ ခေါင်းကြီးတွေ မြင့်မားကြသော တစ္ဆေသဘက်ကြီးများက ဘောင်းဘီအိတ်ထဲသို့ ကိုယ်စီလက်များ ထည့်ထားကြရင်းက မားမားကြီးတွေ ရပ်နေကြသည့် အလား ထင်မှားစရာ ဖြစ်နေတော့သည်။

အခန်းကလေး အတွင်း၌ကား ပူလောင် အိုက်စပ်လှပေတော့သည်။ အခန်းထဲ၌ ရှိနေသော လေထုသည်ပင်လျှင် ခေါင်းအနံ့အသက်များ စွဲငြိနေသည်ဟု ထင်မှတ်ရလေသည်။ အလုပ်လက်ခံသည့် စားပွဲ အောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဝွမ်းကပ်မွေ့ရာ ပါးကလေးကို ကရော်ကမည် ခင်းထားသော အိပ်ရာသည် နေရာ ကလေးမှာလည်း သချိုင်းထဲမှ လူသေအလောင်း မြှုပ်ထားရာ မြေပုံကလေး တစ်ခုနှင့်သာ တူနေတော့၏။

အမှန်မှာတော့ ကြောက်ရွံ့ခြင်း တစ်ခုသာ အိုလီဗာ၏ စိတ်များကို ညစ်ညူး လေးလံနေစေသည် မဟုတ်သေး။ သူ့အဖို့ လုံးဝ သူစိမ်းတစ်ရံဆံ များ ဖြစ်ကြသော လူတွေထဲသို့ သူ့တစ်ကိုယ်တည်း မျက်နှာမွဲနှင့် ရောက်နေ ရပြီ ဖြစ်ရာ စိတ်အားငယ်ခြင်းကိုလည်း ခံစားနေရရှာသည်။ သူ့တွင် ဂရုစိုက် ခင်တွယ်ရမည့် မိတ်ဆွေများ မရှိသည့်နည်းတူ သူ့အား ဂရုစိုက် ခင်တွယ် ကြမည့် မိတ်ဆွေများမှာလည်း လုံးဝကင်းမဲ့နေတော့ပေ၏။

နံနက် မိုးသောက်လျှင် ဆိုင်တံခါးကို အပြင်ဘက်မှ တစ်စုံ တစ် ယောက်က ခြေထောက်နှင့် တဝုန်းဝုန်းဆောင့်ကန်နေသော အသံကြောင့် အိုလီဗာမှာ အိပ်ပျော်ရာမှ လန့်နိုးလာလေသည်။ အိုလီဗာလည်း အိပ်ရာမှ ထကာ သူ့အဝတ် အစားများကို ကပျာကယာ ကောက်ဝတ်နေစဉ်မှာပင် အပြင်ဘက်မှ တံခါးကို ကန်ကျောက်သံသည် တစ်ကြိမ်ထပ်၍ ထွက်ပေါ် လာပြန်လေသည်။ တံခါးမှ ဆံကြိုးကို အိုလီဗာက ဖြုတ်လိုက်သည့်အခါ၌ ကန်ကျောက်သံမှာ ရပ်စဲသွားကာ စကားပြောသံ ထွက်ပေါ်လာလေ၏။

"ဟေ့ တံခါးဖွင့်ကွ" ဟု တံခါးကို ကန်ကျောက်ခဲ့သော ခြေထောက် များ ပိုင်ရှင်၏ အသံက အပြင်မှ နေ၍ အော်ဟစ်လိုက်လေသည်။

"ခုချက်ချင်းပဲ ဖွင့်ပေးပါ့မယ် ခင်ဗျာ..." ဟု အိုလီဗာသည် တံခါး သံကြိုးကို ဖြေလျက် သော့ကို လှည့်နေရင်းက ပြန်ဖြေလိုက်လေသည်။

"မင်းဟာ အသစ်ရောက်လာမယ်ဆိုတဲ့ ကောင်ကလေးပဲ မဟုတ် လား ဟေ့..." အပြင်ဘက်မှ အသံက သော့ပေါက်ကြားထဲမှ နေ၍ မေးခွန်း ထုတ်လိုက် ပြန်လေသည်။

"ဟုတ်ပါတယ် ခင်ဗျာ..."

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ်နှစ် ရှိပါပြီ ခင်ဗျာ"

"အေး ဒီလိုဆိုရင် အထဲကို ရောက်တာနဲ့ တစ်ခါတည်း ငါမင်းကို ဆော်မှာပဲဟေ့၊ မယုံရင် စောင့်ကြည့်နေပေတော့ ဘုံအိမ်ဂျပိုးကလေး"

ယင်းသည်လို အခြောက်တိုက် ကြိမ်းဝါးလိုက်ပြီးနောက်မှ အသံသည် ပျောက်ကွယ်သွားကာ လေချွန်သံက ထွက်ပေါ်လာပြန်လေသည်။ အိုလီဗာ

www.burmeseclassic.com



လည်း တုန်ယင်နေသော လက်များဖြင့် တံခါး ကလန့်များကို ဖြုတ်လိုက်ပြီး နောက် တံခါးဖွင့်ပေး လိုက်လေသည်။

သူ တွေ့ရသူကား အခြားမဟုတ်။ အတော်ကလေး ထွားကျိုင်းကာ အခိုင်းအစေနှင့် တူသော သူငယ်ကြီး တစ်ယောက်ပင် ဖြစ်နေသည်။ ထို သူငယ်ကြီးသည် အိမ်ရှေ့က တုံးတစ်ခုပေါ်တွင် ထိုင်နေရာမှ လက်ထဲမှ ထောပတ်သုတ် ပေါင်မုန့်တုံးကြီးကို တစ်လုတ်စာစီ မောင်းချဓားနှင့် လှီးဖြတ်ပြီး ပလုတ်ပလောင်း စားနေလေ၏။

အိုလီဗာလည်း အိမ်ရှေ့တွင် အခြား ဘယ်သူ့ကိုမှ မတွေ့ရသည့် အတွက် တံခါး ကန်ကျောက်ခဲ့သည့် လူမှာ ဤသူငယ်ကြီးပင် ဖြစ်ရမည်ဟု တွေးမိကာ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ။ တံခါးခေါက်တဲ့ လူဟာ ဆရာ မဟုတ်လား..." ဟု မေးလိုက်လေသည်။

"တံခါးခေါက်တာ မဟုတ်ဘူးကွ။ တံခါးကို ခြေနဲ့ကန်တာ"

"ဩ ဆရာက ခေါင်းလိုချင်လို့လား"

အိုလီဗာက ရိုးသားစွာ မေးလိုက်ခြင်း ဖြစ်သော်လည်း သူငယ်ကြီးမှာ ဒေါမာန်ရှသွားဟန်ဖြင့် မျက်နှာကြီးကို ကြောက်စရာ ကောင်းအောင် လုပ်ပြ လိုက်ကာ အကယ်၍ အိုလီဗာသည် မိမိ၏ အထက်လူကြီးကို ယခုကဲ့သို့ မရိုမသေ၊ မလေးမစား နောက်ပြောင်ခြင်း ပြုပါက အိုလီဗာသာလျှင် မကြာမီ အတောအတွင်း၌ ခေါင်းကို လိုအပ်လာလိမ့်မည် ဖြစ်သည်ဟု ကြိမ်းဝါးလိုက် လေ၏။

"မင်းက ငါ ဘယ်သူမှန်း မသိသေးဘူး ထင်ပါရဲ့... ဟုတ်လားကွ ဘုံအိမ်ဂျပိုးကလေး"

သူငယ်ကြီးက ဆက်လက်၍ မေးလိုက်ပြီး ထိုင်နေသော တုံးပေါ်မှ သွက်လက်စွာ ခုန်ဆင်းလိုက်လေသည်။

"မသိပါဘူးဆရာ..."

"ငါ့နာမည်က မစ္စတာ နောဧကလေးဗိုလ်တဲ့ကွ။ မင်းဟာ ငါ့လက် အောက်မှာ အလုပ် လုပ်ရမှာပဲ။ ကဲလေကွာ တံခါးက တရုတ်ကပ်တွေကို လိုက်ဖြုတ်ပါတော့လား သောက်ဖျင်းကလေး..."

ပြောပြောဆိုဆို သူငယ်ကြီးက အိုလီဗာအား တစ်ချက်ကန်၍ ကန် လိုက်ကာ ဆိုင်တွင်းသို့ ဣန္ဒြေသမ္ပတ္တိ ကြီးမားလှစွာနှင့် ဝင်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် လေးလံလှသော တရုတ်ကပ်ကြီးတွေကို တစ်ယောက်တည်း မနိုင်မနင်းနှင့် လိုက်ဖြုတ်နေရသော အိုလီဗာအား စတိုင်ပါပါနှင့် ဝင်ရောက်ကူညီပေးလေ၏။ မကြာမီမှာပင် သူတို့၏ သခင်မ ဆိုဝါဘယ်ရီ ကတော်လည်း အိပ်ရာမှ နိုးလာကာ အောက်ထပ်သို့ ဆင်းလာလေသည်။

အိုလီဗာလည်း နံနက်စာ စားဖို့အတွက် နောအနေင့်အတူ မီးဖိုခန်းထဲသို့ ဆင်းလိုက်ခဲ့လေသည်။ အစေခံမကလေး ချားလော့တ်သည် နောဧကို တွေ့ရလျှင် ပျူပျူငှာငှာ ပျာပျာသလဲနှင့် ဆီး၍ကြိုဆိုလေ၏။

"နောရေ...လာဟေ့...ဟောဒီ မီးဖိုနားမှာ လာထိုင်။ မင်းစားဖို့ သခင်ရဲ့ နံနက်စာထဲက ဝက်ပေါင်ခြောက်တွေ ချန်ထားပါတယ်ကွယ့်။ ဟဲ့...အိုလီဗာ မစ္စတာနောဧ ကျောဘက်က တံခါးကို ပိတ်ပေးစမ်း။ ကဲရော့ ဟောဒီမှာ နင့်ဖို့ မုန့်အကြွင်းအကျန်တွေ။ နင်သောက်ဖို့ လက်ဖက်ရည်ခွက်ကိုယူပြီး ဟောဟိုက သေတ္တာကြီးပေါ်မှာ သွားစားချေ။ မြန်မြန်လည်းလုပ်နော်။ နင့်ကို သခင်တို့က ဆိုင်ကြည့်ခိုင်းလိမ့်မယ်။ ပြောနေတာ ကြားရဲ့လားဟဲ့"

"ဟေ့ကောင် ပြောနေတာ ကြားရဲ့လားကွ... ဟင်။ ဘုံအိမ် ဂျပိုးကလေး"

"အို...နောဧကလည်းကွယ်...ကောင်လေး...သူ့ဘာသာသူ နေပါစေ"

"သူ့ဘာသာ သူနေပါစေ...ဟုတ်လား... သူ့ဘာသာ သူမနေလည်း ဘယ်သူက သူ့ကို ဂရုစိုက်မှာလဲ။ သူ့အဖေနဲ့ အမေကတောင် သူ့ကို ဂရုမစိုက်ကြဘူး။ သူ့ဆွေမျိုးတွေကလည်း သူ့ကို တစ်ယောက်တည်း ပစ်ထားကြတယ် မဟုတ်ဘူးလား ချားလော့တ်။ ဟား...ဟား...ဟား"

နောဧကား အခိုင်းအစေ တစ်ယောက် ဖြစ်သော်လည်း ဘုံအိမ်တွင် မှီခိုကပ်ရပ် နေခဲ့ရသော မိဘမဲ့ မျက်နှာမွဲကား မဟုတ်ပေ။ သူသည် မတော်တဆ လူ့လောကထဲသို့ ရောက်လာရသည် မဟုတ်။ အကြောင်းမူကား သူ့ဆွေမျိုး အစဉ်အဆက်ကို သူ့မိဘတွေ အထိတော့ ညွှန်ပြနိုင်သောကြောင့် ဖြစ်လေ၏။ သူ့အမေကား ခဝါသည်ဖြစ်ကာ၊ သူ့အဖေကတော့ ခြေထောက် တစ်ဖက်သာ ပါရှိသော စစ်သားလူထွက်၊ ယစ်ထုပ်ကြီး တစ်ဦး ဖြစ်လေသည်။

ယင်းသို့လျှင် အခြေအနေ နိမ့်ကျသော မိဘများမှ ပေါက်ဖွားမိခဲ့ရသည့်အတွက် နောဧမှာတွင် သူ့ထက် အဆင့်အတန်း သာလွန် ကြကုန်

www.burmeseclassic.com

www.burmeseclassic.com



သော အရပ်ထဲမှ ရွယ်တူ အခြား သူငယ်ကလေးများ၏ အနိုင်ကျင့် ပြောင်လှောင်ရှုတ်ချမှုတို့ကို ခေါင်းငုံ့၍သာ ခံစားခဲ့ရလေသည်။ ယခုတွင်ကား ကံတရားသည် အနိမ့်ကျဆုံးကပင် လက်ညှိုးထိုး၍ ပြောင်လှောင် ရှုတ်ချနိုင်သော မထင်မရှား မရေရာသော မိဘများမှ ပေါက်ဖွားလာလျက် အရပ်ဘုံအိမ်၌ လာ၍ခိုကပ် ကြီးပြင်းလာခဲ့သော အိုလီဗာတွစ်ကို သူထံသို့ ပို့ဆောင်ခဲ့ပြီ ဖြစ်လေရာ နောသေည် ကံတရားက ပေးဆောင်လိုက်သည့် အခွင့်ထူးကြီးကို အတိုးချ၍ အသုံးပြုနေတော့လေ၏။

သုဘရာဇာ ခေါင်းလုပ်ဆရာ၏ အိမ်တွင် အလုပ်သင်ကလေးတစ်ယောက် အဖြစ်နှင့် အိုလီဗာ ရောက်နေခဲ့ရသည်မှာ တစ်လနီးပါးမျှ ကြာမြင့် သွားခဲ့ရသည့်အခါတွင် ခေါင်းလုပ် ဆရာက အိုလီဗာအား သူ့အလုပ်တွင် အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်သော နည်းလမ်းတစ်ခုကို စဉ်းစားမိခဲ့လေ၏။

အိုလီဗာမှာ ဆင်းရဲဒုက္ခ အရပ်ရပ်တို့ကို အရွယ်နှင့် မလိုက်အောင် ခံစားခဲ့သည် ဖြစ်ရကား သူ့မျက်နှာကလေးမှာ အမြဲတစေပင် ဝမ်းနည်းဆွေးမြည့်သည့် အသွင်ကို ဆောင်ယူထားလျက် ရှိနေလေ၏။ ထိုအချက်ကို သတိပြုမိသော ခေါင်းလုပ်ဆရာ သူ့သခင်မှာ မိမိထံမှ ခေါင်းဝယ်ယူကြသော အသုဘရှင်များအတွက် အသုဘ ချသည့်အခါများတွင် အိုလီဗာကို 'ငိုချင်းသည်' ကလေးတစ်ယောက်အဖြစ်နှင့် ထားဖို့ စိတ်ကူးလာမိလေသည်။ ထိုစိတ်ကူး ရလာမိသည်က အစပြု၍ အိုလီဗာသည် သုဘရာဇာ ဆရာထံမှ ခေါင်းဝယ်၍ ချသော အသုဘတိုင်း၌ ခေါင်းရှေ့မှ ဝမ်းနည်းကြေကွဲစွာနှင့် လိုက်ပါရသော 'ငိုချင်းသည်' ကလေး တစ်ယောက်အဖြစ်နှင့် ပါဝင်ခဲ့ရတော့၏။

သူ့ဆရာတွေ ထင်မိခဲ့သည့်အတိုင်းပင် အိုလီဗာ၏ ဝမ်းနည်းကြေကွဲမှု အသွင်ကို နဂိုအတိုင်း ဆောင်ယူထားနေသော မျက်နှာကလေးမှာ မြင်တွေ့ရသူတိုင်း၏ စိတ်ကို ထိခိုက်စေလေရာ မကြာမီ အတွင်း၌ပင် အိုလီဗာမှာ အသုဘများအတွက် အင်မတန်မှ ကိုက်ညီသင့် လျော်လှသည့် 'ငိုချင်းသည်' ကလေးတစ်ယောက် အဖြစ်နှင့် ခေတ်စားလာခဲ့ရလေသည်။

ဤသို့လျှင် အချိန်တွေမှာ တရွေ့ရွေ့ ကုန်လွန်ခဲ့ရလေသည်။ ထိုအတောအတွင်း၌ အိုလီဗာသည် နောအ၏ အနိုင်ကျင့်မှု ညှဉ်းပန်းမှုများကို ခေါင်းငုံ့၍သာ သည်းခံနေခဲ့လေသည်။ အိုလီဗာမှာ အသုဘ ကိစ္စများတွင်

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် ပိုမို၍ အရေးပါ အရာရောက်နေရကား နော်ဇမော့ မနာလို ဝန်တိုမှုကို ခံစားနေရလေသည်။ ထို့ကြောင့်လည်း အိုလီဗာ့ အပေါ်တွင် ပိုမို၍သာ အမျိုးမျိုး အနိုင်ကျင့် ညှဉ်းပန်းနေခဲ့တော့သည်။

နော်ဇကို ကြိုက်နေသော အစေခံမ ချားလော့တ်ကလည်း သူ့အဆက်၏ အတုကိုယူကာ အိုလီဗာကို နှိပ်စက်ညှဉ်းပန်း တတ်လေသည်။ သူတို့၏ သခင်မ ဆိုဝါဘယ်ရီ ကတော်မှာမူကား အိုလီဗာ၏ တကယ့် ရန်သူကြီး တစ်ယောက် ဖြစ်နေရတော့၏။ အကြောင်းဆိုသော် ဆိုဝါဘယ်ရီ ကတော်မှာ ဘာမဆို သူ့ယောကျ်ားနှင့် ဆန့်ကျင်ဘက် လုပ်ခြင်းကို ဝါသနာ ထုံပြီး အကျင့်ကြီး ဖြစ်နေရာ ယခုလည်း ခေါင်းလုပ်ဆရာက သူ၏ တပည့်သစ်ကလေး အိုလီဗာအား နှစ်သက်ကြည်နူးနေပုံရသည်ကို ဆရာကတော်က အကဲခတ်မိပြီး ဝါသနာထုံနေသည့်အတိုင်း သူ့ယောကျ်ားနှင့် ဆန့်ကျင်ဘက် လုပ်လျက် အိုလီဗာအား အခြောက်တိုက် မုန်းတီးနေခြင်းပင် ဖြစ်လေ၏။ ယင်းသည်ကြောင့်လည်း အိုလီဗာ၏ ဘဝမှာ ဘုံအိမ်တွင် နေရစဉ်ကထက် သာရုံကလေးမျှသာ ရှိသည်ဟု ဆိုနိုင်သော်လည်း သူ့ကိုတော့ စိတ်ချမ်းသာမှု လုံးဝပေးဆောင်နိုင်ခြင်း မရှိခဲ့ပေ။

တစ်နေ့တွင်ကား နော်ဇနှင့် အိုလီဗာတို့သည် မီးဖိုခန်းသို့ ဆင်း၍ ထုံးစံအတိုင်း ညစာစားသောက် ကြရလေသည်။ ထိုစဉ်၌ ချားလော့တ်ကို သူ့သခင်မက ခေါ်သဖြင့် ထွက်သွားရသည်တွင် ထမင်းဆာ၍ စိတ်တိုနေသော နော်ဇသည် ချားလော့တ် ပြန်လာသည်အထိ စောင့်နေရမည့် အချိန်ကို အိုလီဗာအား မခံချိမခံသာ ဖြစ်အောင် နောက်ပြောင်ရင်းဖြင့် ကုန်လွန်စေလေ၏။

နော်ဇသည် မိမိခြေထောက်များကို ထမင်းစားပွဲ ပေါ်တွင်တင်၍ ထိုင်ရင်းက အိုလီဗာအား ဆံပင်ကို ဆွဲလိုဆွဲ နားရွက်ကို လိမ်လိုလိမ်နှင့် အနိုင်ကျင့်နေရာမှ နှုတ်မှလည်း အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချနေလေသည်။ သို့ရာတွင် သူက ဘယ်လိုပဲ အနိုင်ကျင့်သည် ဖြစ်ပစေ၊ အိုလီဗာမှာ မငိုဘဲ ကျိတ်၍သာ ခံနေရာ နော်ဇလည်း သည့်ထက်ပို၍ အိုလီဗာ၏ စိတ်ကို ဆွနိုင်ရန် ကြိုးစား နေပြန်တော့သည်။

"ဟေ့... ဘုံအိမ်ဂျပိုးကလေး၊ မင်းအမေ ဘယ်မှာလဲကွ"

"ကျွန်တော့်အမေ သေပြီ။ သူ့အကြောင်းနဲ့ ပတ်သက်လို့ ခင်ဗျားကြီး ဘာမှ မပြောနဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအမေက ဘာဖြစ်လို့ သေသွားရတာလဲကွ... ဟင် ဘုံအိမ်ဂျပိုးကလေး"

"ရင်ကွဲပြီး သေတာလို့ ဘုံအိမ်က အမယ်ကြီး တချို့က ကျွန်တော့်ကို ပြောပြခဲ့ကြပါတယ်" ဟု အိုလီဗာသည် နောဧ၏ အမေးကို ပြန်ဖြေသည်ထက် သူ့ဘာသာသူ ပြောနေသည့်အလား ပြောလိုက်လေသည်။ ထိုနောက် ဆက်လက်၍...

"ရင်ကွဲ သေရတာ ဘယ်လိုဆိုတာကို ကျွန်တော် သိပါတယ်"

"တူနယ်...တူနယ်...တူနယ် လမြောင်...ဟား...ဟား...ဟော့...မင်းက ဘာလို့ ငိုနေရပြန်တာတုံးကွ"

အိုလီဗာသည် ပြောရင်းက ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက် လိမ့်ကျလာသည်ကို တွေ့ရသည်။ နောဧက ငိုချင်းပါးစပ် ဆိုင်းတီး၍ လိုက်ပြောင်လိုက်လေသည်။ အိုလီဗာလည်း ကပျာကယာ မျက်ရည်ပေါက်ကို သုတ်ပစ်လိုက်ပြီး...

"ခင်ဗျားကြီးကြောင့် ကျုပ်ငိုတာ မဟုတ်ပါဘူးဗျ"

"အို...ဟို...ငါ့ကြောင့် ငိုတာ မဟုတ်ဘူးလား...၊ နို့ ဘာလို့ ငိုတာလဲကွ၊ ဟဲ...ဟဲ..."

"ခင်ဗျားကြီးကြောင့် ငိုတာ မဟုတ်ပါဘူးလို့ ဆိုနေ။ [illegible]ပြီဗျာ ခင်ဗျားကြီး ကျုပ် အမေအကြောင်းကို ဆက်မပြောရင် ကောင်းလိမ့်မယ် ထင်တယ်"

"အမယ်... မင်းက မင့်အမေက ဘာမို့လို့လဲ၊ မင်း... မင်း... အမေက သိပ်ကောင်းတဲ့ မိန်းမ တစ်ယောက်ပေါ့လေ ဟုတ်လား"

နောဧသည် ပြောပြောဆိုဆိုနှင့် တစ်စုံတစ်ရာကို သိထားသော အမူအရာနှင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ နှာခေါင်းကိုလည်း တတ်နိုင်သမျှ ရှုံ့လိုက်လေသည်။ အိုလီဗာက တိတ်ဆိတ်နေလေရာ နောဧလည်း ရဲတင်းလာပြီး စကားဆက်ပြောပြန်လေ၏။

"ဟော့..ဒီမှာ ဘုံအိမ်ဂျပိုးကလေး၊ ခုမှ ပြောနေလို့လည်း ဘယ်လိုမှ အကျိုး ရှိမှာတော့ မဟုတ်ပါဘူးလေ၊ မင်းအပြစ်လို့လည်း မဆိုလိုပါဘူး ငါလည်း မင်းအမေကို သနားပါတယ်ကွာ၊ မင်းအမေကို လူတိုင်းကသဲ ဘာရကာ သက်ခဲ့ကြပါတယ်။ ဒါပေမဲ့ မင်းအမေက လူကယ်ကို ဆိုးတဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုးကြီး တစ်ယောက်ကွ၊ မင်းလည်း သိတယ် မဟုတ်လား ဘုံအိမ်ဂျပိုး ကလေးဟင်"

"ခင်ဗျားကြီး ဘာပြောလိုက်တယ်"

"မင်းအမေဟာ တကယ့်ကို ဆိုးတဲ့မိန်းမဆိုးကြီး တစ်ယောက်ကွ။ မင်းကို မွေးတုန်းက သူသေသွားတာ သူ့အတွက် ကောင်းတယ်လို့ ဆိုရမှာပဲ။ နို့မို့လို့ရှိရင် မင်းအမေဟာ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျရင်ကျ ဒါမှ မဟုတ်လည်း တစ်ကျွန်း အပို့ခံရမှာပဲကွ၊ အေးလေ ကြိုးပေးအသတ်ခံရမှာ ကွယ့်"

အိုလီဗာကား ဒေါသဖြစ်လွန်းလှသဖြင့် မျက်နှာကလေး နီရဲလာရင်းက ကုလားထိုင်နှင့် စားပွဲလဲကျသွားသည်အထိ တအား ခုန်ထလိုက်လေသည်။ ပြီးနောက် နောဇော်၏ လည်မျိုကို လက်နှစ်ဖက်နှင့် ခုန်ဖမ်းဖျစ်ညှစ်ကာ ၎င်း၏ ခေါင်းထဲမှသွားချင်း တချပ်ချပ် ရိုက်ဆော်မိသည်အထိ ပြင်းထန်လှသော ဒေါသနှင့် တအား ဆွဲခါလိုက်မိလေသည်။ တစ်ဖန်ရှိသမျှ အင်အားစုရုံးပြီး လက်သီးတစ်ချက်တည်းနှင့်ပင် နောအေား အလဲထိုးချလိုက်လေ၏။

လွန်ခဲ့သည့် တစ်မိနစ်လောက်ကဆိုလျှင် အိုလီဗာမှာ ညှဉ်းပန်းနှိပ်စက်မှုများကို ထပ်တလဲလဲ ခံစားရသဖြင့် ခေါင်းမထောင်ရဲသော ကလေး တစ်ယောက် ဖြစ်ခဲ့လေသည်။ သို့ရာတွင် နောက်ဆုံးတော့ သူ့စိတ်ဓာတ်မှာ အံကြွထလာ ခဲ့ရလေပြီ။ သေဆုံးခဲ့ပြီဖြစ်သော သူ့မိခင်ကို နောဇော ပက်ပက် စက်စက် စော်ကားခြင်းသည် သူ့သွေးတွေကို တပွက်ပွက် ဆူလောင်လာစေ လေသည်။ သူ့ရင်သည် နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ သူသည် မားမားကြီး ရပ်ကာ သူ့မျက်လုံးများမှာ အရောင်တောက်ပ၍ လာ၏။ အိုလီဗာသည် သူ့ခြေရင်းတွင် ဒူးထောက်ရက်သား ဖြစ်နေသည့် သူ့ကို အနိုင်ကျင့်ခဲ့သော နောဇော်ကို သူတစ်ခါဖူးမျှ မခံစားဖူးသေးသော စွမ်းပကားနှင့် အန်တုတော် လှန် နေမိတော့လေ၏။

"သူ ကျွန်တော့်ကို သတ်တော့မယ် လာကြပါဦးဗျို့။ ဟောဒီမှာ အိုလီဗာက ကျွန်တော့်ကို သတ်နေပါပြီ။ ချားလော့တ်၊ သခင်မ ကျွန်တော့်ကို ကယ်ကြပါဗျို့။ ဟောဒီမှာ အိုလီဗာ ရူးသွားပြီး ကျွန်တော်ကို သတ်ဖို့ ကြိုးစားနေပါတယ်"

နောဇော ဤကဲ့သို့ သတ္တိကြောင်လှစွာနှင့် ငယ်သံပါအောင် အော်၍ အကူအညီ တောင်းလိုက်သည်နှင့် မရှေးမနှောင်းမှာပင် ချားလော့တ်၏

www.burmeseclassic.com

www.burmeseclassic.com



အော်သံနှင့် သုဘာရာဇာ ကတော်၏ ပို၍ ကျယ်လောင်သော အော်သံတို့သည် ရှေ့ဆင့်နောက်ဆင့် ထွက်ပေါ်လာကြလေ၏။ ချားလော့တ်သည် မီးဖိုခန်းထဲသို့ ကမူးရှူးထိုး ပြေးဝင်လာပြီး သုဘာရာဇာ ကတော်မှာတော့ လှေကားပေါ်မှ ရပ်ကြည့်နေပြီး မီးဖိုချောင်ထဲတွင် သူ၏ အသက်ဘေးရန် မရှိသည်ကို တွေ့ရမှ ဆင်းလာလေ၏။

"ဟဲ့ ခွေးကောင်ကလေး"

ငယ်သံပါအောင် အော်ဟစ်ရင်းက ချားလော့တ်သည် အတော်အသင့်သန်မာသော ယောကျ်ားတစ်ယောက်နှင့် ညီမျှသော အင်အားဖြင့် အိုလီဗာအား ဖမ်းချုပ်မွေ့ယမ်းလိုက်လေသည်။

"ခွေးကောင်ကလေး မင်းလူဆိုးကလေး။ မင်းကျေးဇူးကန်းတဲ့ အမျိုးယုတ်ကလေး ဟင်"

ချားလော့တ်သည် စကားတစ်ခွန်း ပြောလိုက်တိုင်း ပြောလိုက်တိုင်း သူမတွင် ရှိသမျှ အင်အားနှင့် အိုလီဗာအား ရိုက်နှက် ထိုးကြိတ်နေစေ၏။ ထိုးကြိတ်စဉ် အတွင်း၌လည်း ဘေးလူတွေ့ကြားကောင်းအောင် သူမကို အိုလီဗာက သတ်နေသည့် အလား စူးစူးရှရှ အော်ဟစ်နေပြန်လေသည်။

ချားလော့တ်၏ လက်သီးဒဏ်ချက်များကား သက်သက်သာသာဟု ဘယ်နည်းနှင့်မျှ ဆိုနိုင်မည်မဟုတ်။ သို့တစေလည်း လက်သီးဒဏ်များသည် အိုလီဗာအား နှိပ်ကွပ်ရာတွင် လုံလောက် ထိရောက်ခြင်း မရှိမည်ကို စိုးရိမ်မိသည့် သုဘာရာဇာ ကတော်သည် မီးဖိုချောင်ထဲသို့ ပြေးဝင်လာပြန်ကာ အိုလီဗာအား လက်တစ်ဖက်နှင့် ဖမ်းချုပ်ထားပြီး ကျန်လက်တစ်ဖက်နှင့် သူ့မျက်နှာ ကလေးကို ကုတ်ခြစ်နေပြန်လေသည်။ မိမိအတွက် စိုးရိမ်စရာ ရှိတော့သည်ကို တွေ့ရသော နောဧသည်လည်း ကြမ်းပြင်ပေါ်မှ ထလာကာ အိုလီဗာအား နောက်ကနေ ထိုးကြိတ်ကန်ကျောက် ပြန်လေ၏။

သူတို့သုံးယောက်စလုံး မောပန်းနွမ်းနယ် သွားကြသည့် အခါတွင်မှ အော်ဟစ်ရုန်းကန်နေသော အိုလီဗာကို မီးသွေးလှောင်ထားသည့် မြေအောက်အခန်းကလေးထဲသို့ ဆွဲသွင်းလိုက်ကြကာ တံခါးပိတ်လှောင် ထားလိုက်ကြလေ၏။ ဤတွင်မှ ဆိုဝါဘယ်ရီ ကတော်လည်း ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ချလိုက်ကာ မျက်ရည်များ သွန်ချလိုက်လေသည်။

"ဟဲ့ လုပ်ပါဦး၊ သခင်မ တက်နေပြီ ထင်တယ်။ ရေတစ်ခွက် ယူခဲ့ပါ။ နောဧ မြန်မြန်" ဟု ချားလော့တ်က ပျာယီးပျာယာ နောဧကို ခိုင်းလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ နော်ဧ ရေတစ်ခွက်ကို သူ့သခင်မ၏ ခေါင်းပေါ်မှ လောင်းချလိုက်သည့်အခါတွင်မှ ဆိုဝါဘယ်ရီကတော်လည်း စကားပြောနိုင်တော့လေ၏။

"ချားလော့တ်ရေ၊ တို့တစ်တွေ အကုန်လုံး အိပ်ရာထဲ အိပ်နေရင်း အသတ် မခံခဲ့ရတာဟာ ဘုရားသခင်ရဲ့ မဟာကရုဏာတော်ကြောင့်သာပဲ ကွယ့်"

"ဒါပေါ့ မမရယ် ဘုရားသခင်ရဲ့ မဟာကရုဏာတော်ကြောင့်သာပဲ ပေါ့။ ကျွန်မတို့ သခင်လည်း နောက်နောင်ကို လူဆိုးလူယုတ် ကလေးတွေ ဖြစ်လာရဖို့သာ မွေးလာရတဲ့ ဒီလိုကြောက်စရာ ကောင်ကလေးမျိုးတွေနဲ့ မပတ်သက်ဖို့ သင်ခန်းစာ ရပါစေလို့ ဆုတောင်းရတော့တာပဲ။ နော်ဧမျာလည်း ကံကြီးပေလို့သာပေါ့။ ကျွန်မ အခန်းထဲ ပြေးဝင်လာတော့ သူ့ခမျာ အသတ်ခံရတော့မယ်"

"သြော်ကွယ်...ကံကြီးရှာပေလို့သာပေါ့..." ဟု ဆိုဝါဘယ်ရီကတော်သည် နော်ဧကို ကရုဏာ သက်လှစွာနှင့် လှမ်းကြည့်ရင်းက ပြောလိုက်လေသည်။

သူ၏ အင်္ကျီအပေါ်ဆုံး ကြယ်သီးသည် အိုလီဗာ၏ ဦးခေါင်းနှင့်ညီတူညီမျှ မြင့်မားခြင်းရှိသည့် နော်ဧလည်း သူ့သခင်မနှင့် အချစ်တော် ချားလော့တ်တို့၏ ကရုဏာ စကားတွေကို နားထောင်ရင်းက မျက်လုံးများကို လက်ဖြင့်ပွတ်ကာ နှပ်တရှုံ့ရှုံ့နှင့် မျက်ရည်များ ထုတ်နေလေ၏။

"ကဲ နော်ဧ၊ အရပ်စာရေးကြီးကို ပြေးခေါ်ချေစမ်းပါဦးကွယ်။ ဦးထုပ်တွေ ဘာတွေ ဆောင်းမနေပါနဲ့တော့ကွယ်။ မြန်မြန်သွားစမ်းပါ။ နောက်ပြီး မင်းရဲ့ ရောင်နေတဲ့ မျက်လုံးတစ်ဖက်ကိုလည်း မောင်းချဓား အသွားနဲ့ အသာကပ်ပေးပော့။ ဒါမှ အရောင်သက်သာ သွားမယ်"

နော်ဧလည်း သူ့သခင်မကို ပြန်ဖြေမနေတော့။ အမြန်ဆုံး ပြေးထွက်ခဲ့လေသည်။ ဦးထုပ်မပါဘဲ မောင်းချဓားသွားကို မျက်လုံးတစ်ဖက်တွင် ကပ်ရင်းက လမ်းတစ်လျှောက်လုံး ဒုန်းချ ပြေးသွားသော နော်ဧသည် လမ်းသွား လမ်းလာများကို အံ့အားသင့် ကြက်သေသေ ကျန်ရစ်ခဲ့ပြစေလေ၏။

နော်ဧသည် ဘုံအိမ်ဝင်းဝသို့ ရောက်သွားသည်အထိ လမ်းတွင် တစ်ချက်မှ မနားဘဲ အမြန်ဆုံး ပြေးခဲ့လေသည်။ ဝင်းဝသို့ ရောက်သွားတော့မှ အသက်ရှူရန် တစ်မိနစ်မျှ နားနေပြီးမှ တွေ့ရသူတိုင်းအဖို့ လေးနက်လှသည်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ ထိတ်လန့်ခြင်း အမူအရာနှင့် ဝင်းတံခါးကို ကျယ်လောင်လှစွာ ခေါက်လိုက်လေသည်။ တံခါးလာဖွင့်ပေးသော ဘုံအိမ်ထဲမှ သူဆင်းရဲ အဘိုးကြီးသည်လည်း နောအေ၏ ထိတ်လန့် တုန်လှုပ်နေသော အမူအရာကို ဆောင်ထားရသည့် မျက်နှာကို တွေ့လိုက်ရလျှင် ဘုံအိမ်ထဲ၌ ထိုသို့သော မျက်နှာများကို တွေ့မြင်နေကျ လူတစ်ယောက် ဖြစ်သည့်အတိုင်း သူ ကိုယ်တိုင်ပင် အတော်ကလေး တုန်လှုပ်ချောက်ချား သွားမိတော့လေသည်။

"ဟော့ သူငယ်လေး၊ မင်း ဘာဖြစ်လာတာလဲကွယ့်"

"မစ္စတာ ဘမ်ဘယ်လ် မစ္စတာ ဘမ်ဘယ်လ်..." ဟု နောအေသည် အတော်ကလေး သရုပ်ပါသော ထိတ်လန့်စိုးရွံ့မှု အမူအရာ လုပ်ရင်းက ကျယ်လောင် လှုပ်ရှားသံနှင့် အော်ခေါ်လိုက်လေသည်။ သူ၏ ကျယ်လောင်သော အသံကို ကြားရသော မစ္စတာဘမ်ဘယ်လ်တွင်လည်း သူဆောင်းနေကျ ဦးထုပ်ကိုပင် ဆောင်းရန် သတိမရတော့ဘဲ ကမန်းကတန်း ထိတ်ထိတ်ပျာပျာ ပြေးလာလေ၏။

"အမလေး...မစ္စတာဘမ်ဘယ်လ်...အိုလီဗာလေ...အိုလီဗာလေ"

"ဘာလဲ...ထွက်ပြေးသွားပြီလား...ဒီကောင်ကလေး ထွက်ပြေးသွားပြီပေါ့လေ"

"မဟုတ်ပါဘူး ခင်ဗျာ ထွက်ပြေးမသွားပါဘူး။ ဒါပေမဲ့ ရူးများရူးသွားသလား မသိဘူး ဆရာရဲ့၊ ကျွန်တော့်ကို သတ်ဖို့ ကြိုးစားတယ်။ ကျွန်တော် တင်မှကပါဘူး။ ချားလော့တ်ကိုရော သခင်မကိုရော သူက သတ်မလို့ ခင်ဗျ"

နောအေလည်း ဤသို့ပြောနေရင်းက သူ့ကို အိုလီဗာက ပြင်းပြင်းထန်ထန် လုပ်လိုက်သော ဒဏ်ချက်ကြောင့် ပြင်းထန်သော အတွင်းကြေ ဒဏ်ရာများကို ခံစားနေရဟန်နှင့် သူ့ကိုယ်ခန္ဓာကိုယ် ငါးရှဉ့် ရှုံးလောက်အောင် တွန့်လိန် ပြနေလေ၏။ မစ္စတာ ဘမ်ဘယ်လ်မှာလည်း သူကြားသိရသည့် အကြောင်းကြောင့် အံ့အားကြီးသင့်ကာ ကြက်သေသေ နေသည်ကို တွေ့ရပြန်လျှင် နောအေသည် ယခင်ကထက် ဆယ်ဆမျှ ပို၍ ကျယ်လောင်စွာ အော်ဟစ် ညည်းညူ နေပြန်တော့လေ၏။

သူတို့နှစ်ယောက်လည်း အခေါင်းဆိုင်သို့ မြန်နိုင်သမျှ မြန်အောင် ပြေးလာခဲ့ကြလေသည်။ ဆိုင်သို့ ၎င်းတို့ ရောက်သွားသည့် အခါတွင်လည်း အခြေအနေမှာ ကောင်းမွန်လာခြင်း မရှိသေးသည်ကို သူတို့တွေ့ကြရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သုဘရာဇာ မစ္စတာ ဆိုဝါဘယ်ရီမှာ အပြင်ထွက်သွားရာက ယခု ထက်ထိ ပြန်ရောက် မလာသေးပေ။ အိုလီဗာကလည်း သူ အလှောင်ခံ နေရသည့် အခန်းတံခါးကို မလျှော့သော လုံ့လဖြင့် ကန်မြဲတိုင်း ကန်နေတုန်း ဖြစ်လေ၏။ သူ၏ ဆိုးသွမ်းမှုများမှာလည်း သုဘရာဇာ ကတော်နှင့် ချားလော့တ်တို့၏ စကားများအတိုင်းဆိုလျှင် အတော်ကြီး ထိတ်လန့်စရာ ကောင်းလှပေရကား။ မစ္စတာ ဘမ်ဘယ်လ်ကလည်း တံခါးကို မဖွင့်သေးခင် ပထမ အပြင်ဘက်မှ နေ၍ အိုလီဗာအား ပါးစပ်နှင့် ဆုံးမဦးမှ ဖြစ်မည်ဟု တွေးပြီး တံခါးသော့ ပေါက်တွင် ပါးစပ်တေ့ကာ လေးနက် အောင်မြင်သော အသံကြီးနှင့်

"အိုလီဗာ"

"ကျုပ်ကို အခန်းထဲက လာထုတ်ပေးလှဲ့"

"အခု ပြောနေတဲ့ အသံကို မင်းသိတယ် မဟုတ်လား အိုလီဗာ..."

"သိတယ်"

"ဒီလိုဆိုရင် မင်း မကြောက်ဘူးလား ဟင်၊ ငါစကား ပြောနေတုန်း မင်းဒူးတုန်မနေဘူးလား"

"မတုန်ဘူး" ဟု အိုလီဗာက အခန်းတွင်းက ရဲတင်းစွာ ပြန်ဖြေလိုက် လေသည်။

ထိုအဖြေမှာ သူမျှော်လင့်နေသည့် ကြားနေကျ အဖြေနှင့် ကွာခြားနေရကား မစ္စတာ ဘမ်ဘယ်လ်တွင် ဘာလုပ်ရမှန်း မသိအောင် အံ့အားကြီးသင့် သွားမိလေသည်။ တံခါးသော့ပေါက်မှနေ၍ နောက်သို့ ဆုတ်လိုက်ကာ ကိုယ်ကို မတ်မတ်ရပ်လိုက်ပြီး စကား မပြောနိုင်လောက်အောင် အံ့အားသင့် စွာနှင့် သူ့ဘေးမှ လူသုံးယောက်ကို ကြည့်လိုက်မိလေသည်။

"ကဲ ကြည့်ပေတော့ မစ္စတာ ဘမ်ဘယ်လ်၊ ကောင်ကလေးကတော့ ရူးနေပါပြီ" ဟု ဆိုဝါဘယ်ရီကတော်က ပြောလိုက်လေသည်။ "ဘယ်ကောင် ကလေးမှ ရှင့်ကို ခုလိုပြန်ပြောရဲမှာ မဟုတ်ပါဘူး"

မစ္စတာ ဘမ်ဘယ်လ်လည်း ခေတ္တမျှ စဉ်းစားသုံးသပ်နေပြီးမှ

"ဒီကောင်ကလေး ရူးလို့ မဟုတ်ပါဘူးဗျာ၊ အစာ ဝနေလို့ပါ"

"ဘာပြောတယ်"

"အစာ ဝနေလို့ ခင်ဗျ၊ ခင်ဗျားတို့က ဒီကောင်ကလေးကို အစာကျွေး တာ လွန်သွားကြတာကိုး။ သူ့အကြောင်းကို ကောင်းကောင်းကြီး နားလည်

www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ဘုတ်အဖွဲ့ဝင် လူကြီးမင်းများ အမိန့်ရှိတဲ့အတိုင်းပဲ။ ဒီလို ကောင်လေးမျိုးဟာ အစာဝရင် သူ့အခြေအနေနဲ့ မတန်အောင် လူပါးဝလာကြတယ် ခင်ဗျ။ စိတ်ဓာတ်ကလေး ရှိလာတတ်ကြတယ် ခင်ဗျ။ ဒါပေမဲ့ ဒီသူတောင်းစား ကလေးတွေအတွက် စိတ်ဓာတ်ရှိဖို့ မလိုအပ်ပါဘူး။ သူတို့ အသက်ရှင်နေစေတာဟာပဲ လုံလောက်နေပါပြီ။ တကယ်လို့ ဒီကောင်လေးကို ခင်ဗျားတို့က ထမင်းဝဝ မကျွေးဘဲ ယာဂုသာ ကျိုကျွေးခဲ့ရင် ခုလို ဖြစ်ရမှာ မဟုတ်ပါဘူး"

"ဘုရား ဘုရား မျှမျှတတ ရှိမိတဲ့ အကျိုးပဲလေ" ဟု ဆိုဝါဘယ်ရီကတော်က မစ္စတာ ဘမ်ဘယ်လ်၏ စကားကို လေးစားကာ ကြည်ညိုလှစွာနှင့် ထောက်ခံလိုက်လေ၏။

"အင်း...ခုလုပ်နိုင်တာ တစ်ခုပဲရှိတော့တယ်။ သူ့ကို ဒီအခန်းထဲမှာပဲ တစ်ရက် နှစ်ရက်လောက် လှောင်ထား၊ အစာအတော်ကလေး ငတ်သွားတော့မှ အခန်းထဲက ထုတ်ပြီး သူဒီမှာ နေနေသရွေ့ ကာလပတ်လုံး သူ့ကို ထမင်း မကျွေးဘဲ ယာဂုသာ ကျိုကျွေးပေတော့။ ဒီကောင်ကလေးက မျိုးရိုးကောင်းတာ မဟုတ်ဘူး။ သဘော အင့်မတန်ဆိုးတာ၊ စိတ်ကလည်း တော်တော်ကလေး ပြင်းတယ်။ သူ့ကို မွေးရတဲ့ ဆရာဝန်နဲ့ ဝမ်းဆွဲက ပြောပြတယ်။ သူ့အမေဟာ တခြားသာမန် မိန်းကလေးတစ်ယောက်ဆို မုချသေသွားမယ့် အခက်အခဲ ဝေဒနာဒုက္ခ အရပ်ရပ်ကို ခံစားကျော်လွန်ပြီး ဒီကို မရောက်ရောက်အောင် လာနိုင်ခဲ့တာ အင်မတန် အံ့ဩဖို့ကောင်းတယ်တဲ့"

ဤသို့သော မစ္စတာဘမ်ဘယ်လ်၏ စကားများကို အခန်းတွင်းမှ ကြားရသော အိုလီဗာတွစ်လည်း သူ့မိခင်နှင့် ပတ်သက်၍ ပြောဆိုနေကြပြန်ပြီဟူ၍ နားလည်မိရကား၊ အခန်းတံခါးကို ဝုန်ဝုန်းဒိုင်းဒိုင်းနှင့် အခြားအသံများ မကြားရနိုင်တော့အောင် ကန်ဆောင့်နေပြန်တော့လေသည်။ ထိုစဉ်မှာပင် သုဘရာဇာ မစ္စတာ ဆိုဝါဘယ်ရီ ပြန်ရောက်လာလေ၏။ အိုလီဗာ၏ ဆိုးသွမ်းစော်ကားမှုကို မိန်းမနှစ်ယောက်က သူ့ဒေါသကို ဆွပေးနိုင်ရန်နှင့် ချဲ့ထွင်၍ တိုင်ကြားကြလေရာ ဆိုဝါဘယ်ရီလည်း မျက်စိတစ်မှိတ် အတွင်း အခန်းတံခါးကို ဖွင့်လျက် ပုန်ကန်တော်လှန်နေသော သူ့တပည့်ကလေးကို အကျႌကော်လံမှ နေ၍ ဆွဲထုတ်လာတော့လေသည်။

အိုလီဗာ၏ အဝတ်အစားတွေ ချားလော့တ်တို့ သုံးယောက်က ဝိုင်း၍ ရိုက်နှက်ခဲ့ကြစဉ်ကတည်းက စုတ်ပြဲနေခဲ့လေသည်။ သူ့မျက်နှာကလေးမှာ

www.burmeseclassic.com



လည်း လက်သည်းရာ တင်းကြမ်းနှင့် ညိုမည်းဖူးရောင် နေရှာလေသည်။ ဆံပင်တွေမှာလည်း သူ့နဖူးပြင်ကလေးပေါ်တွင် ဖရိုဖရဲ ဝဲကျလျက် ရှိနေလေသည်။ သို့ရာတွင် သူ့မျက်နှာကလေးကား ဒေါသဖြင့် နီရဲနေတုန်းပင်ဖြစ်ကာ အခန်း အပြင်သို့ ရောက်လာသည့်အခါ၌ နောအား မျက်မှောင်ကလေး ကုတ်လျက် ကြည့်နေလေသည်။ သူ့အမူအရာမှာလည်း ကြောက်ရွံ့မှုကို လုံးဝ ဖော်ပြခြင်း မရှိချေ။

"မင်းဟာ တော်တော်မလိမ္မာတဲ့ ကောင်ကလေးပါလားဟင်" ဟု ဆိုဝါ ဘယ်ရီက ပြောပြောဆိုဆို အိုလီဗာ၏ နားရင်းကို တစ်ချက်ပိတ်အုပ် လိုက်လေသည်။

"နောအကေ ကျွန်တော့် အမေအကြောင်း မဟုတ်တာတွေ ပြောတယ် ခင်ဗျ"

"ပြောလည်း ဘာအရေးလဲ၊ ဟဲ့ ကျေးဇူးကန်းတဲ့ အမျိုးယုတ်ကလေး" ဟု ဆိုဝါဘယ်ရီ ကတော်က ဝင်၍ ရန်တွေ့လိုက်လေသည်။

"နင့်အမေက သူ ပြောတာထက်တောင် ပိုဆိုးတဲ့ မိန်းမပဲ"

"မဟုတ်ဘူး"

"ဟုတ်တယ်"

"ခင်ဗျားကြီး မဟုတ်တာတွေ ပြောနေတာ"

ဆိုဝါဘယ်ရီကတော်လည်း မျက်ရည်များ သွန်ချလိုက်လေတော့၏။ ဤနေရာတွင် သုဘရာဇာကတော်၏ မျက်ရည်များကြောင့် သုဘရာဇာအဖို့ ပြုလုပ်စရာ လမ်းတစ်ခုသာ ရှိလာတော့လေ၏။ အကယ်၍ သုဘရာဇာသည် အိုလီဗာအား ချက်ချင်း လက်ငင်း ဆုံးမဖို့ လက်နှေးခဲ့ပါက ၎င်းမှာ အိမ်ထောင်သည်တို့ လိုက်နာရမည့် စည်းကမ်းအစဉ်အလာအရဆိုလျှင် တိရစ္ဆာန်ကြီး၊ မယားအပေါ်တွင် ညှာတာထောက်ထားခြင်း မရှိသည့်လင်၊ ယောကျ်ား မပီသသည့် ယောကျ်ား၊ အစရှိသည့် နာမည်များကို ခံယူရဖို့သာ ရှိတော့ပေ၏။ ထို့ကြောင့်လည်း ဆိုဝါဘယ်ရီသည် အိုလီဗာအား ချက်ချင်းပင် ရိုက်နှက်ဆုံးမလိုက်ရာ ဆိုဝါဘယ်ရီကတော်ကပင်လျှင် မျက်ရည် ခန်းခြောက် ကျေနပ် သွားတော့လျက် နောက်ထပ် မစ္စတာဘမ်ဘယ်လ်က ပေးသော ကြိမ်ဒဏ်သည်လည်း အပိုလိုလိုပင် ဖြစ်သွားရတော့လေ၏။

ဆိုဝါဘယ်ရီ၏ မှန်ကုတ်သော ဆိုင်ခန်းကလေးထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့်အခါတွင်မှ အိုလီဗာသည် သူခံစားခဲ့ရသမျှ

www.burmeseclassic.com

www.burmeseclassic.com



တို့၏ ဒဏ်ချက်တို့ကြောင့် ရင်ထဲတွင် မျိုသိပ်ထားခဲ့ရသမျှသော ဝမ်းနည်းကြေကွဲမှုတို့ကို အလျှော့ပေးလိုက်တော့လေသည်။ သူသည် သူ့ကို ဝိုင်းဝန်းအနိုင်ကျင့် နှိပ်စက် စော်ကားခဲ့သမျှတို့ကို မျက်ရည်တစ်စက်မှ မထွက်ဘဲကြောက်မရွံ့ ကြိတ်မှိတ်ခံခဲ့လေသည်။ အကြောင်းမူကား သူ့ရင်ထဲတွင်ဒိုးထောင် ပေါ်ထွက် လာခဲ့သည့် မာနစိတ်ကလေးမှာ ဘယ်လို နာကြည်းမှုဝေဒနာမျိုးကို ဖြစ်စေ အသံတစ်ချက်မှ မထွက်ဘဲ ခံစားစေနိုင်အောင်ပြင်းထန် ရင့်သန်ခဲ့သောကြောင့် ဖြစ်လေ၏။ သို့တစေလည်း ယခု သူ့ကိုမြင်နိုင် ကြားနိုင်မည့်သူ တစ်ယောက်မှ မရှိတော့သည့်အခါ၌ကား ကြမ်းပြင်ပေါ်တွင် ဒူးကလေးများ ထောက်ကာ မျက်နှာကလေးကို လက်များနှင့်ယှက်ဖုံးလျက် မျက်ရည်များကို အားရပါးရကြီး သွန်ချမိတော့လေသတည်း။

အတော်ကြီး ကြာမြင့်လှစွာပင် အိုလီဗာသည် ဤအတိုင်း ငြိမ်သက်နေလေသည်။ အခန်းထဲတွင် ထွန်းထားသည့် ဖယောင်းတိုင်သည် ကုန်လုနီးပါး ရှိသွားတော့မှ အိုလီဗာလည်း ထိုင်နေရာမှ ထလာတော့လေသည်။ သူ့ပတ်ဝန်းကျင်ကို သတိထား အကဲခတ် ကြည့်ရှုလိုက်ကာ အသံဗလံများကို ဂရုစိုက်၍ နားစွင့်နေပြီးနောက်မှ သူသည် တံခါးကို အသာအယာဖွင့်ကာ ပြင်ပလောကကို မျှော်ကြည့်နေလေ၏။

ညကား မှောင်မိုက် အေးမြလှပေ၏။ ကြယ်ပွင့်ကလေးတွေမှာလည်းဤကမ္ဘာကြီးနှင့် ခါတိုင်းထက်ပိုမို၍ ဝေးကွာနေကြသည်ဟု အိုလီဗာ စိတ်ထဲတွင် ထင်မှတ်မိလေသည်။ လေသည် ပကတိ ငြိမ်သက်နေလေရာ မြေကြီးပေါ်တွင် ကျရောက်နေသည့် သစ်ပင်ရိပ်များမှာ ငြိမ်သက်နေလှသည့်အတွက် တစ်မျိုးအားဖြင့် ကြောက်ရွံ့စရာ ကောင်းနေတော့လေသည်။ အိုလီဗာလည်း တံခါးကို ညင်သာစွာ ပြန်ပိတ်လိုက်ကာ ဖယောင်းတိုင်မီးရောင်အောက်တွင် လက်ကိုင်ပဝါ တစ်ထည်၌ သူ၏ အဝတ်အစားကလေးများကို ထုတ်လိုက်ပြီး နောက် ခုံရှည်တစ်ခုပေါ်တွင် ထိုင်လျက်နံနက်မိုးသောက်ကို စောင့်စားနေလေ ၏။

နံနက်ဦး၏ ရောင်ခြည်သစ် များသည် တရုတ်ကပ်တွေကြားမှ အခန်းထဲသို့ ထိုးဝင်လာကြသည့် အခါ၌ အိုလီဗာသည် ထိုင်ရာမှ ထကာ တံခါးကိုဖွင့်လိုက်ပြန်လေသည်။ အနည်းငယ် ကြောက်ရွံ့စွာနှင့် ပတ်ဝန်းကျင်ကိုကြည့်ရှုကာ ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်မှ အိုလီဗာမှာ တံခါးကို သူ့

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ပိတ်ထားခဲ့ကာ လမ်းပေါ်သို့ ရောက်လာတော့လေ၏။

အိုလီဗာသည် လမ်းပေါ်တွင်ရပ်ကာ ဘယ်အရပ်သို့ သွားရမည် မသိဘဲ မိမိ၏ ဝဲဘက်သို့ ကြည့်လိုက်၊ ယာဘက်သို့ ကြည့်လိုက်နှင့် စိတ် ဆုံးဖြတ်၍ မရဘဲ ဖြစ်နေမိပြန်လေသည်။ ပြီးမှ လှည်းကြီးများ မြို့ပြင်သို့ ထွက်သည့်လမ်းအတိုင်း ခပ်သွက်သွက် ကလေးလျှောက်ခဲ့လေ၏။ ကွင်းပြင် တွေ အစပ်သို့ ရောက်လာသည့်အခါ၌ ကွင်းပြင်တွေကို ဖြတ်သွားသော ဖြတ်လမ်းကလေး တစ်ခုအတိုင်း လျှောက်ခဲ့လေ၏။

ဖြတ်လမ်း၏ အဆုံးသို့ ရောက်လာလျှင်ကား အိုလီဗာသည် လမ်းမ ကြီး အပေါ်သို့ ပြန်ရောက်လာပြန်လေသည်။ ထိုအချိန်ကား နံနက် ရှစ်နာရီ ထိုးနေပြီ ဖြစ်လေ၏။ မြို့နှင့်ငါးမိုင်မျှ ကွာဝေးခဲ့ရပြီ ဖြစ်သည့်တိုင် သူ့ကို ပြန်ဖမ်းခေါ်သွားရန် နောက်မှ လိုက်လာကြမည်ကို စိုးရိမ်မိသည့်အတွက် အိုလီဗာသည် နေမွန်းတည့်သည်အထိ ပြေးချည်တစ်ခါ ပုန်းချည် တစ်လှည့် နှင့် ခရီး အပြင်း နှင်ခဲ့လေသည်။ ထို့နောက်မှ အိုလီဗာသည် လမ်းဘေး၌ မိုင်တိုင် ကျောက်တုံးပေါ်တွင် ထိုင်ကာ အမောဖြေ အနားယူရင်းက ပထမဦး ဆုံး အကြိမ် အဖြစ်နှင့် မိမိဘယ်အရပ်သို့ သွား၍ ဘယ်လိုနေထိုင်ရမည်ကို စဉ်းစားမိတော့လေ၏။

သူထိုင်နေသော မိုင်တိုင်၏ မျက်နှာစာတွင်ကား ဤနေရာသည် လန်ဒန်မြို့တော်ကြီးနှင့် မိုင် ၇၀ ဝေးကွာကြောင်းကို ကြီးမားသော စာလုံးကြီး ဖြင့် ဖော်ပြလျက် ရှိနေလေသည်။ လန်ဒန်ဆိုသော နာမည်သည် အိုလီဗာ၏ ခေါင်းထဲသို့ အတွေးသစ်တစ်ခုကို ထည့်ပေးလိုက်လေသည်။ လန်ဒန်— ကြီးမား လှသောမြို့ကြီး၊ ထိုမြို့ကြီးထဲတွင် သူ့ကို မစ္စတာ ဘမ်ဘယ်လ်ကပင် ရှာဖွေ တွေ့ရှိနိုင်မည် မဟုတ်ပေ။ သူဘုံအိမ်တွင် နေခဲ့ရစဉ်ကလည်း စွန့်စား ရဲသော သူငယ်ကလေးများသည် လန်ဒန်မြို့၌ လိုလေသေးမရှိအောင် နေထိုင်နိုင်သည်ဟူ၍ သက်ကြီး လူဆင်းရဲများ အချင်းချင်း ပြောဆိုခဲ့သည်ကို သူကြား ဖူးခဲ့၏။

အိုလီဗာသည် ချက်ချင်းပင် စိတ်ဆုံးဖြတ်လိုက်ကာ မိုင်တိုင်ပေါ်မှ ခုန်ထလိုက်ပြီး ခရီးဆက်လက် နှင်ခဲ့ပြန်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၅။ အိုလီဗာ၏ လောကသစ်

မိမိ၏ ဇာတိချက်မြှုပ် အရပ်ကို စွန့်ခွာခဲ့သည့်နောက် ခုနစ်ရက် ပြည့်မြောက်သည့် နံနက်ခင်းတွင် အိုလီဗာသည် ဘားနက်ဆိုသည့် မြို့ကလေးထဲသို့ ထော့နဲ့ထော့နဲ့နှင့် နှေးကန်စွာ ဝင်လာလေသည်။ အိမ်တိုင်းအိမ်တိုင်းမှာ တံခါးတွေ ပိတ်ထားကြတုန်းပင် ရှိနေကြပြီး ဆိုင်တွေမှာလည်း မဖွင့်ကြသေး။ ရွာ လမ်းတွေထဲ၌လည်း ဘယ်သူ့ကိုမှ မတွေ့ရကြ။

နေ့သစ်၏ လုပ်ငန်းဆောင်တာများကို ထမ်းရွက်ပြုလုပ်ကြရန် ဘယ်သူမှ နိုးကြားကြခြင်း မရှိသေးပေ။ နေဝန်းကြီးကား မိမိ၏ ခန့်ညားလှသော ထူးဆန်းမှုဖြင့် ပေါ်ထွန်းခဲ့ပြီ ဖြစ်သည့်တိုင် နေ၏ အလင်းရောင်မှ ဖုန်အလူးလူးနှင့် ခြေထောက်ကလေးများတွင်လည်း သွေးတွေ ပေကျံနေသော သူငယ်ကလေး တစ်ယောက် အိမ်တစ်အိမ်၏ လှေကားထစ် ပေါ်ဝယ် တစ်ကိုယ်တည်း စိတ်အားငယ်လှစွာနှင့် ထိုင်နေသည့်အဖြစ်ကိုပြဖို့ တစ်ခုလောက်သာ အသုံးဝင်နေပေတော့၏။

သို့ရာတွင် တဖြည်းဖြည်းနှင့် အိမ်တံခါးပေါက်တွေ ပွင့်လာကြကာ အခါတွင်လည်း လူများသည် တစ်စတစ်စနှင့် ဥဒဟို သွားလာစ ပြုလာကြလေသည်။ တချို့က အိုလီဗာအား စိမ်းစိမ်းကြီး စူးစိုက်ကြည့်ရှု သွားကြသည်၊ တချို့တလေကလည်း လမ်းလျှောက်သွားကြရာက အိုလီဗာကို ခဏ မိနစ်ဝက်လောက်ရပ်၍ ကြည့်ကြ၏။ သို့ရာတွင် ဘယ်သူကမှ အိုလီဗာအား အကူအညီ မပေးကြ။ အဘယ်ကြောင့် ဘယ်လိုဘယ်ပုံ သူကလေး၌အရပ်

www.burmeseclassic.com



သို့ ရောက်လာရသည်ကို မေးမြန်းစုံစမ်းဖို့လည်း ဒုက္ခမရှာကြချေ။ အိုလီဗာမှာလည်း ၎င်းတို့ထံမှ အကူအညီတောင်း အသနားခံဖို့ စိတ်မရှိမိဘဲ ထိုနေရာတွင်၌သာ ငုတ်တုတ်ကလေး ထိုင်နေလေ၏။

ဤကဲ့သို့ အိုလီဗာသည် လှေကားထစ်တွင် ထိုင်ကာ မိမိ၏ ပတ်ဝန်းကျင်တွင် တွေ့ရသည့် များပြားလှသော အရက်ဆိုင်များကို လည်းကောင်း၊ လမ်းပေါ်တွင် ဖြတ်သန်းသွားလာ နေကြသည့် မြင်းရထားကြီးများကိုလည်းကောင်း ကြည့်နေမိပြီး မိမိ ခုနစ်ရက်တိတိ ဖွဲသန်သန်နှင့် အရှယ်နှင့် မလိုက်အောင် ကြိုးစားခဲ့ရပြီးမှ ရောက်ရှိလာနိုင်သည့် အရပ်ကို ထိုမြင်းရထားကြီးများမှာတော့ နာရီပေါင်း အနည်းငယ်အတွင်း လွယ်ကူ ချောမောစွာ ရောက်ရှိလာနိုင်သည်မှာ ထူးခြားလှပါကလားဟု တွေးတောနေမိရှာလေသည်။ ထိုစဉ်၌ သူသည် မိမိကို လွန်ခဲ့သော မိနစ်အနည်းငယ် အတွင်းက ဖြတ်ကျော်သွားခဲ့သည့် သူငယ်ကလေး တစ်ယောက်သည် ယခု သူ့အနီးသို့ တစ်ဖန် ပြန်လည် ချဉ်းကပ်လာပြီး လမ်းတစ်ဖက်ရှိ မိမိနှင့် မျက်နှာချင်းဆိုင်ရှိ အိမ်တံခါးပေါက်ဝမှ နေ၍ မိမိအား သေသေချာချာ ကြည့်ရှုနေသည်ကို အိုလီဗာ သတိပြုလာမိလေ၏။ ပထမတော့ အိုလီဗာသည် ထိုအခြင်းအရာကို ဂရုမစိုက်ဘဲနေသော်လည်း သူငယ်ကလေးသည် မိမိအား ဆက်လက်၍ ကြည့်မြဲကြည့်နေပြန်ရကား အိုလီဗာလည်း မနေနိုင်တော့ဘဲ ခေါင်းကို မော့ကာ ၎င်းအား ပြန်လည် စူးစိုက်ကြည့်ရှု နေမိတော့လေသည်။ ဤတွင်မှ ထိုသူငယ်ကလေးလည်း လမ်းကို ဖြတ်ကူးလျက် အိုလီဗာ့ အနီးသို့ ကပ်လာကာ–

"ဟေ့… ငါ့လူ ဘာဖြစ်လာတာလဲကွ" ဟု မေးလိုက်လေ၏။

ထိုသူငယ်ကလေးကား အိုလီဗာနှင့် အသက်အရွယ် တူလောက်ပင်ရှိကာ အိုလီဗာ တွေ့ဖူးသမျှ သူငယ်ကလေးများ အထဲတွင် အထူးခြားဆုံး တစ်ယောက် ဖြစ်နေလေ၏။ ၎င်းကား နှာခေါင်းပုတိုတို နဖူးပြားပြားနှင့် ယေဘုယျ သူငယ်ကလေး တစ်ယောက်၏ မျက်နှာရှိသည် မှန်သော်လည်း သူ့အမူအရာ သူ့ဟန်မှာတော့ လူကြီး ဆန်လှတော့လေသည်။ သူသည် အတော်ကလေး အရပ်ပု၏။ သူ့ခြေထောက်များမှာလည်း ခွင်နေ၏။ သူ့မျက်လုံးများမှာတော့ သေးငယ်စူးရှပြီး အရုပ်ဆိုးလှလေသည်။ ဦးထုပ်ကိုလည်း နောက်စေ့တွင် တင်ရုံကလေး တင်ဆောင်းထားသည့်အတွက် တစ်ချိန်လုံး လိုလိုပင် ခေါင်းပေါ်မှ ကျွတ်ကျသွားတော့မလို ဖြစ်နေလေသည်။ တကယ်

www.burmeseclassic.com

www.burmeseclassic.com



သော့လည်း ဦးထုပ် ဆောင်းထားသူက ဦးထုပ် ကျွတ်ကျသွားခါနီးတွင် ခေါင်းကို ရှေ့သို့ ဆတ်လိုက်တတ်သဖြင့်သာ ဦးထုပ်သည် ခေါင်းပေါ်တွင် တည်မြဲနေခြင်း ဖြစ်တော့ပေသည်။ သူဝတ်ထားသော ကုတ်အင်္ကျီကြီးကား လူကြီးဝတ် ဖြစ်သည့်အတွက် သူ့ခြေဖနောင့်များအထိ ဖားဖားကြီး ကျနေ၏။ အင်္ကျီ လက်မောင်းများကိုမူ လက်များကို ထုတ်နိုင်ရန်အတွက် တစ်ဝက်နီးပါး ခေါက်တင်ထားလေသည်။ သို့ရာတွင် လက်များကို ထုတ်ထားခြင်းကားလည်း သူ့ ဘောင်းဘီ အိတ်ထဲတွင် ထည့်ဖို့အတွက်သာ ဖြစ်ဟန် ရှိလေသည်။ အကြောင်းမူကား သူ့လက်များကို တစ်ချိန်လုံး ဘောင်းဘီအိတ်များထဲတွင် ထည့်ထားခြင်းကြောင့် ဖြစ်လေ၏။ အကုန်လုံး ခြုံကြည့်လိုက်မည်ဆိုပါက သူငယ်ကလေးကား အရပ်လေးပေ ခြောက်လက်မမျှသာ မြင့်သည့် ဘိုင်ပေးလှသော လူကြီး ကလေးတစ်ယောက်ပင် ဖြစ်နေတော့လေသည်။

"ဟေ့ ငါ့လူ မင်းဘာ ဖြစ်နေတာလဲကွ" ဟု ထိုသူငယ်ကလေးက အိုလီဗာအား ထပ်မေးလိုက်ပြန်လေသည်။

"ကျွန်တော် ထမင်း သိုပ်ဆာတယ်ဗျာ။ နောက်ပြီး သိပ်ဖားတာပဲ"ဟု အိုလီဗာသည် မျက်ရည်ကလေး လည်လာရာက ပြန်ဖြေလိုက်လေသည်။ "ကျွန်တော် အဝေးကြီး လမ်းလျှောက်ရတယ်ဗျ။ ကျွန်တော် လမ်းလျှောက်လာခဲ့ရတာ ခုနစ်ရက် တိတိ ရှိသွားပြီ"

ငယ်ရွယ်လှသော လူကြီးကလေးလည်း အိုလီဗာအား ဆွဲထူလိုက်ကာ အနီးအနားရှိ ကုန်စုံဆိုင် တစ်ဆိုင်သို့ ခေါ်သွားလျက် ပေါင်မုန့် တစ်ခြမ်းနှင့် ဝက်ပေါင်ခြောက်များကို လုံလုံလောက်လောက် ဝယ်ယူလိုက်လေသည်။ ထို့နောက် အိုလီဗာအား အရက်ဆိုင် တစ်ဆိုင်ဆီသို့ ခေါ်သွားပြန်ကာ ဆိုင်နောက်ဖေးရှိ အခန်းကလေးသို့ ဝင်ခဲ့ကြလေသည်။ ထိုနေရာတွင် ဗျစ်ရည်အိုးကို မှာယူလိုက်ပြန်ကာ အိုလီဗာလည်း သူ့မိတ်ဆွေသစ်၏ တိုက်တွန်းချက်အရ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်များကို ဗျစ်ရည်နှင့် မျှောချလျက် အားရပါးရကြီး စားသောက်နေမိတော့လေသည်။ ထိုအတောအတွင်း၌ ထူးခြားသော သူငယ်ကလေးသည် အိုလီဗာအား မကြာခဏ ဆိုသလို အကဲခတ် ကြည့်ရှုနေခဲ့လေ၏။

အိုလီဗာ စားသောက်ပြီးစီးသွားသည့်အခါတွင်–

"လန်ဒန်ကို သွားမလို့လား" ဟု ထူးခြားသော သူငယ်ကလေးက မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တည်းခိုဖို့ အိမ်ရှိသလား"

"မရှိပါဘူး"

"ငွေကော..."

"မရှိပါဘူး"

ထူးခြားသော သူငယ်ကလေးသည် လေချွန်လိုက်ကာ ခေါက်တင်ထားသော ကုတ်အင်္ကျီ လက်ရှည်ကြီးထဲမှ ထွက်နေသော သူ့လက်များကို ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်လေသည်။

"ခင်ဗျား လန်ဒန်မှာ နေသလား" ဟု အိုလီဗာက ပြန်မေးလိုက်လေသည်။

"မင်း ငါ့အိမ်မှာနေတဲ့အခါ ကျရင်တော့ လန်ဒန်မှာပဲ နေတာပေါ့၊ ဒါနဲ့ မင်းဒီညအိပ်ဖို့နေရာ တစ်ခုခုတော့ လိုချင်မှာပေါ့ မဟုတ်ဘူးလား"

"လိုချင်တာပေါ့ဗျာ။ ကျွန်တော် တောက လာခဲ့ကတည်းက ခေါင်မိုးအောက်မှာ တစ်ညမှ မအိပ်ခဲ့ရပါဘူး"

"ဒီအတွက် ပူမနေပါနဲ့ကွာ၊ ငါ ဒီည လန်ဒန်ကို ပြန်ရမှာကွ။ လန်ဒန်မှာ ငါ့အသိ လူကြီးတစ်ယောက် ရှိတယ်။ အဲဒီ လူကြီးက သူ့ အသိထဲက ခေါ်လာတဲ့ ဘယ်သူ့ကိုမဆို သူ့အိမ်မှာ လက်ခံတယ်ကွ၊ ပိုက်ဆံလည်း တစ်ပြားမှ မပေးရဘူး၊ သူက ငါ့ကို သိသလား မသိပါဘူး ဘယ်သိမှာလဲ"

ငယ်ရွယ်လှသော လူကြီးကလေးသည် သူနောက်ဆုံး ပြောသွားလိုက်သော စကားတွေမှာ စင်စစ်တော့ ဆန့်ကျင်ဘက် အဓိပ္ပာယ်ဖြစ်သည် ဟူသော အမူအရာမျိုးနှင့် ပြုံးလိုက်လေသည်။

ယင်းသို့သော လုံးဝ မမျှော်လင့်မိသည့် အကူအညီကို အိုလီဗာသည် မငြင်းနိုင်တော့ လက်ခံလိုက်ရလေသည်။ ထို့ကြောင့်လည်း ၎င်းတို့ နှစ်ယောက် ပိုမို၍ ရင်းနှီးလာကာ တစ်ယောက်အကြောင်းကို တစ်ယောက် အနည်းအကျဉ်းတော့ သိရှိလာကြရလေသည်။ ထိုသူငယ်ကလေး၏ အမည်မှာ ရက်ဒေါကင်းစ် ဖြစ်လျက် အိုလီဗာကို လက်ခံမည်ဆိုသည့် လူကြီးက လက်သပ် မွေးထားသော တပည့်ကျော်ကလေး တစ်ယောက် ဖြစ်ကြောင်းကို အိုလီဗာ သိရလေ၏။ လူကြီးကမူ သူ့အား ဒေါ့ဂျား(အရှေ့ကောင်း)ဟု နာမည်မှည့် ထားသည်ဆို၏။

လန်ဒန်မြို့ထဲသို့ ညမရောက်ခင် ဝင်ရန်ကို ဒေါ့ဂျားက သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



သည့် အတွက် သူတို့နှစ်ယောက်သည် ညရှစ်နာရီ ထိုးမှပင် လန်ဒန်မြို့ထဲမှ အစ်စလင်တန် ရပ်ကွက်ထဲသို့ ရောက်လာကြလေသည်။ ထိုရပ်ကွက် လောက် ညစ်ပတ်စုတ်ချာသော နေရာမျိုးကို အိုလီဗာ မတွေ့ဖူးခဲ့ချေ။ အခန်း ကလေးမှာ ကျဉ်းမြောင်းလှသလောက် ရွံ့ထူကာ အနံ့အသက် အမျိုးမျိုးတို့ ဖြင့် နံစော်လှတော့လေသည်။ အရက်ဆိုင်တွေကလည်း များပြားလှကာ ဆိုင်တွေထဲတွင် အောက်တန်းအကျဆုံး လူတွေမှာ ရန်ဖြစ် ဆူညံလျက် ရှိနေ ကြလေသည်။ လမ်းကြီးမှ ဖြာထွက်သွားကြသည့် လမ်းမြောင်ကလေးများ တွင်တော့ အိမ်များကို တွေ့နိုင်ကာ အိမ်တွေအထဲ၌ကား အရက် မူးယစ် နေကြသည့် ယောကျ်ားနှင့် မိန်းမများသည် မကောင်းမှု ဒုစရိုက်ထဲတွင် နစ်မြုပ်နေကြလေသည်။ အချို့ တံခါးပေါက်တွေဆီကတော့ ကြမ်းတမ်း ဆိုးသွမ်းပုံရသည့် လူကြီးများသည် မကောင်းမှုများကို ပြုလုပ်ရန်ဟု ထင်ရ သောဟန်နှင့် ကုပ်ချောင်းချောင်း ထွက်လာတတ်ကြလေသည်။

အိုလီဗာလည်း ထွက်ပြေးရ ကောင်းမည်လောဟု စဉ်းစားနေမိစဉ်မှာ ပင် သူတို့သည် ကုန်းမြင့်ကလေး၏ ခြေရင်းသို့ ရောက်ရှိလာကြလေသည်။ သူ့အဖော်လည်း အိုလီဗာ၏ လက်မောင်းကို ဖမ်းဆုပ်လိုက်ကာ လမ်းကလေး တစ်လမ်း အနီးတွင် ရှိသည့် အိမ်တစ်အိမ်၏ တံခါးကို တွန်းဖွင့်လိုက်ပြီး အိမ်ထဲသို့ ဆွဲသွင်းလိုက်ကာ တံခါးကို ပြန်ပိတ်ထားလိုက်လေ၏။

ဒေါ့ဂျားက လေချွန် အချက်ပေးလိုက်ရာ ကြမ်းပြင်အောက်မှ အသံ တစ်သံ ပြန်ထွက်ပေါ်လာလေသည်။

ဒေါ့ဂျားကလည်း တစ်ဖန်ပြန်၍ အချက်ပေး စကားနှစ်ခွန်းကို အော် လိုက်ရာ မှေးမှိန်အားနည်းသော ဖယောင်းတိုင် မီးရောင်လှဲ့လှဲ့ကလေးသည် အိမ်၏တစ်ဖက်အစွန်းရှိ နံရံတွင် လာရောက် ထင်ဟပ်လာပြီးနောက် မီးဖို ဆောင်ထဲသို့ ဆင်းသည့်လှေကားလက်ရန်း အကျိုးကြီးဆီမှ လူတစ်ယောက် ၏ မျက်နှာပြူလာလေ၏။

"ဟေ့ မင်းတို့နှစ်ယောက်ပါလား" ဟု ထိုလူသည် ပြောပြောဆိုဆို သက်ထဲမှ ဖယောင်းတိုင်ကို မြှောက်လိုက်ကာ မျက်လုံးများတွင် လက်ကာ၍ ကြည့်လိုက်ပြီး "ဟိုတစ်ယောက်က ဘယ်သူလဲ" ဟု မေးလိုက်လေ၏။

"မိတ်ဆွေသစ်လေ" ဟု ဒေါ့ဂျားက ပြန်ဖြေပြီး အိုလီဗာအား ရှေ့သို့ ဆွဲခေါ်ပြလိုက်လေသည်။

"သူက ဘယ်ကလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဂရင်းလန်းကျွန်းက ဖေဂင် အပေါ်မှာလား"

"အေး... လက်ကိုင်ပဝါတွေ ရွေးနေတယ်၊ တက်သွားလေကွာ"

ဖယောင်းတိုင်နှင့် မျက်နှာသည် ပြန်လည် ပျောက်ကွယ်သွားလေ၏။ အိုလီဗာ၏ လက်တစ်ဖက်ကို သူ့အဖော်က ဆွဲလျက် မှောင်နေသော လှေကားမှ ကျိုးပဲ့နေသော လှေကားထစ်များကို တက်သွားကြလေ၏။ အိုလီဗာလည်း လက်တစ်ဖက်နှင့် တစမ်းစမ်း လုပ်ရင်းက ခဲခဲယဉ်းယဉ်း လိုက်ပါသွားလေ၏။ သူ့အဖော်ကတော့ ဤလှေကားမှာ သူ့အတွက် ရှိနေပြီဖြစ်ဟန်နှင့် လွယ်ကူ သွက်လက်စွာပင် တက်နေလေသည်။ လှေကား ထိပ်သို့ ရောက်လာကြလျှင် ဒေါ့ဂျားသည် အခန်းတစ်ခန်း၏ တံခါးကို တွန်းဖွင့်လိုက်ကာ အိုလီဗာအား ဆွဲခေါ်လျက် အခန်းထဲသို့ ဝင်ခဲ့ကြလေ၏။

အခန်း၏ နံရံများနှင့် မျက်နှာကြက်များကား ဖုန်များ၊ ကျပ်ခိုးများ တက်လျက် ပကတိ မည်းနက်နေလေသည်။ မီးလင်းဖိုတစ်ခု ရှေ့တွင်ကား ဖဲကစားသည့် စားပွဲတစ်လုံး ရှိလေသည်။ စားပွဲပေါ်တွင်ကား ပုလင်းတစ်လုံး၏ ထိပ်ဝတွင် ထွန်းညှိထားသည့် ဖယောင်းတိုင် တစ်ချောင်း၊ မြေအိုး သုံး လေးလုံး၊ ပန်းကန်ပြား တစ်ချပ်၊ ပေါင်မုန့် တစ်လုံးနှင့် ထောပတ်ပန်းကန်တို့ ရှိကြလေသည်။ မီးလင်းဖိုပေါ်တွင်ကား ဒယ်အိုးတစ်လုံးကို တည်ထားကာ မီးဖို အရှေ့တွင်မူ ရှုပ်ပွရှည်လျားလှသော ဆံပင်နီများက မျက်နှာတစ်ခြမ်းကို ဖုံးကွယ်ထားသော ရေဝတီလူကြီး တစ်ယောက်သည် ခက်ရင်းတစ်ချောင်းကို လက်တွင်ကိုင်လျက် ဝက်အူချောင်းများကို ဒယ်အိုးထဲသို့ ထည့်ကြော်နေ လေ၏။

သူ၏ အဝတ်အစားကား ညစ်ပတ်ပေရေနေသော သက္ကလတ် ဖလား နယ် အင်္ကျီရှည်ကြီးတစ်ခုသာဖြစ်ကာ အင်္ကျီလည်ပင်းကို ဖွင့်ထားလေသည်။ သူသည် ဝက်အူချောင်းကို ကြော်လိုက် အနီးရှိ အဝတ်လှန်းသည့် တန်းလျား ကြီးတွင် ဆွဲထားသည့် မြောက်မြားလှစွာသော လက်ကိုင်ပဝါတွေ ဘက်သို့ လှည့်လိုက်နှင့် အလုပ်နှစ်ခုကို တစ်ပြိုင်တည်း လုပ်နေဟန် တူလေသည်။ အခန်း၏ ကြမ်းပြင်ပေါ်တွင်ကား ဂုံနီအိတ်များကို ခင်းထားသည့် အိပ်ရာ အချို့ကို အားချင်းယှဉ်လျက် ခင်းထားလေသည်။ သူငယ်ကလေးလေးငါး ခြောက်ယောက်သည် စားပွဲကို ဝိုင်းထိုင်နေကြလေသည်။

၎င်းတို့ အထဲမှ ဒေါ့ဂျားထက် အသက်ပို၍ ကြီးသူ တစ်ယောက်မှ မရှိကြချေ။ သို့ရာတွင် ၎င်းတို့ အားလုံးပင်လျှင် တကယ့်လူကြီးများ၏ အ

www.burmeseclassic.com

www.burmeseclassic.com



အရာများနှင့် ရှည်လျားသော ရွှံ့ဆေးတံကြီးများကို ပါးစပ်တွင် ခဲထား ကြကာ အရက် သောက်နေကြလေသည်။

ဒေါ်ဂျူးနှင့်ဖေဂင်ဆိုသည့် ရေဝတီကြီးသည် တီးတိုးစကားပြော နေကြသည့်အတွင်း ၎င်းသူငယ်ကလေးများသည် ဒေါ်ဂျူး အနီးသို့ အားလုံး ဝိုင်းအုံ သွားကြလေသည်။ ပြီးနောက် အားလုံးပင် အိုလီဗာအား ပြုံးစိစိ မျက်နှာထားနှင့် ကြည့်နေကြလေ၏။ ဖေဂင် ကိုယ်တိုင်ကလည်း လက်ထဲ တွင် ခက်ရင်းကြီးကို ကိုင်ရင်းက အိုလီဗာအား လှည့်ကြည့်လိုက်လေ၏။

"သူပဲ ဖေဂင်၊ ကျွန်တော့် သူငယ်ချင်း အိုလီဗာတွစ်" ဟု ဒေါ်ဂျူးက မိတ်ဆက်ပေးလိုက်လေသည်။

ဖေဂင်လည်း ပြုံးစိစိ အမူအရာနှင့် ဦးညွတ်လိုက်ပြီးနောက် အိုလီဗာ ၏ လက်တစ်ဖက်ကို ဆွဲယမ်း နှုတ်ဆက်ကာ ရင်းနှီးစွာ သိကျွမ်းရခြင်းကို ဂုဏ်ယူခွင့် ရလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောလိုက်လေသည်။ ဤတွင် သူငယ်ကလေးများသည်လည်း အိုလီဗာထံ ဝိုင်းအုံလာကြကာ တစ်ယောက် ပြီး တစ်ယောက် လက်ဆွဲ နှုတ်ဆက်ကြလေ၏။

"မင်းနဲ့ တို့တွေ့ရတာ အများကြီး ဝမ်းသာပါတယ် အိုလီဗာ ဟေ့ ဒေါ်ဂျူး [illegible]ဒီ ဝက်အူချောင်း ဆယ်ပြီး မီးလင်းဖိုနားမှာ အိုလီဗာ ထိုင်ဖို့ ခုံ တစ်ခုပေးပါဟ၊ ဩ...အိုလီဗာက လက်ကိုင်ပဝါတွေကို ကြည့်နေတာကိုး အများကြီးပဲနော်၊ ဒီဟာတွေ လျှော်ဖို့ ထားတာပါကွာ၊ ဟဲ...ဟဲ လျှော်ဖို့ပါကွ၊ ဟား...ဟား...ဟား..."

ဖေဂင်၏ နောက်ဆုံးပိတ် စကားများကို သူ၏ တပည့်ကလေးများက သဘောကျလှစွာနှင့် ဝိုင်းရယ်လိုက်ကြလေသည်။ ဤသို့ ရယ်ကြမောကြ ရင်းနှင့်ပင် သူတို့လူစုသည်။ ညစာကို ဝိုင်းဖွဲ့စားသောက် ကြလေ၏။

အိုလီဗာလည်း သူ့ဝေစုကို စားလိုက်လေသည်။ ဖေဂင်သည် သူ့အား ရောထားသော ဂျင်အရက် တစ်ခွက်ကို လှမ်းပေးပြီး ထိုခွက်ကို အခြား တစ်ယောက် လိုချင်သည် ဖြစ်၍ မြန်မြန်သောက်ပါဟု ပြောလိုက်လေသည်။ အိုလီဗာလည်း မော့ချလိုက်ရလေသည်။

ထို့နောက်ကား သူ့ကို တစ်စုံတစ်ယောက်က ညင်သာစွာ ဂုံနီ အိပ်ရာ ပေါ်သို့ ပွေ့ချလိုက်သည်ကို သိလိုက်ရပြီးနောက် နှစ်ခြိုက်စွာ အိပ်ပျော်သွား ခဲ့တော့လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၆။ မိန်းမ နှစ်ယောက်

နောက်တစ်နေ့ နံနက်ကျတော့မှပင် အိုလီဗာသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေရာမှ နိုးလာတော့လေသည်။ အခန်းထဲတွင်ကား ဖေဂင် တစ်ယောက်မှတစ်ပါး ဘယ်သူမှ မရှိကြ။ သူသည် ဒယ်အိုးကြီးတစ်လုံးတွင် နံနက်စာအတွက် ကော်ဖီ ကျိုနေရာက တစ်ယောက်တည်း ညင်သာစွာ လေချွန်နေကာ သံဇွန်းကြီး တစ်ချောင်းနှင့် ဒယ်အိုးထဲမှ ကော်ဖီရည်များကို မွှေနေလေ၏။ သူသည် မကြာခဏ ဆိုသလို လေချွန်ရပ်လိုက်ကာ အောက် ထပ်မှ အသံဗလံများ ကြားရမည်လားဟု နားစွင့်နေတတ်ပြီး ဘာမှ မကြားရ ဟု ကျေနပ်သွားသည့်အခါတွင်မှ ဆက်လက်၍ လေချွန်ကာ ဇွန်းကြီးကို အိုးထဲတွင် မွှေမြဲမွှေနေပြန်လေ၏။

ဖေဂင်၏ ညွှန်ကြားချက်အရ အိုလီဗာသည် သူ့ကိုယ်သူ ဆေးကြော သုတ်သင်ပြီးကာစမှာပင် ဒေါ့ဂျားသည် ရွှင်ပျဖျတ်လတ်ပုံရသော သူငယ် ကလေးတစ်ယောက်နှင့် အတူ ပြန်ရောက်လာလေသည်။ ထိုသူငယ်ကလေး ကို အိုလီဗာသည် ညကတည်းကပင် တွေ့ခဲ့သော်လည်း သူ့နာမည်ကိုမူ ယခုမှပင် ချာလီဘိတ်စ် ဟူ၍ သိရှိရလေ၏။ သူတို့လေးယောက်သားလည်း စားပွဲတွင် ထိုင်ကာ ဖေဂင် ကျိုထားသည့် ကော်ဖီနှင့် ဒေါ့ဂျားက သူ့ဦးထုပ် ထဲတွင် ထည့်ယူလာခဲ့သည့် ပူနွေးသော ပေါင်မုန့်နှင့် ဝက်ပေါင်ကြော်များကို စားသောက်နေကြလေ၏။

"ကဲ မင်းတို့ ဒီကနေ့မနက် အလုပ်ကို တော်တော်ကြီး ကြိုးစားကြရဲ့ လားကွ၊ ဟော့...ငါ့လူကလေးတွေ"

www.burmeseclassic.com

www.burmeseclassic.com



ဖေဂင်သည် အိုလီဗာအား ပါးနပ်စွာ ကြည့်လိုက်ပြီးနောက် ဒေါ့ဂျား တို့အား လှမ်းမေးလိုက်လေသည်။

"ကြိုးစားပါတယ်" ဒေါ့ဂျား ပြန်ဖြေလိုက်၏။

"နွားတွေလိုပဲ" ဟု ချာလီက ဖြည့်စွက်လိုက်၏။

"အေး လိမ္မာတယ်၊ လိမ္မာတယ်။ ကဲ ဒေါ့ဂျား မင်းက ဘာရခဲ့သလဲ"

"ပိုက်ဆံအိတ် နှစ်ခု"

"ပြည့်ရဲ့လားကွ"

"တော်တော်ပြည့်ပါတယ်" ဟု ပြောပြောဆိုဆို ဒေါ့ဂျားသည် ပိုက်ဆံ အိတ်နှစ်ခုကို ထုတ်ပေးလိုက်လေသည်။ တစ်ခုမှာ အနီရောင်၊ တစ်ခုမှာ အစိမ်း...။

"အေး အိတ်ပြည့်တန်သလောက် မပြည့်ဘူး။ ဒါပေမဲ့လည်း မဆိုးပါ ဘူးလေ...။ ဒေါ့ဂျားက အတော်တော်တဲ့ အလုပ်သမားတစ်ယောက်ပဲနော် အိုလီဗာ"

"ဟုတ်ကဲ့ခင်ဗျာ"

ဤကဲ့သို့ အိုလီဗာက ပြန်ဖြေလိုက်သည်ကို မစွတာ ချာလီဘိတ်စ် ကလေးက အားရပါးရကြီး အော်ရယ်လိုက်ရာ ရယ်စရာ ရှာမတွေ့သည့် အိုလီဗာမှာ အံ့အားသင့် အူကြောင်ကြောင် ဖြစ်သွားမိလေ၏။

"ကဲ ငါ့လူကလေးကော ဘာရခဲ့သလဲ" ဟု ဖေဂင်က ချာလီအား မေးလိုက်လေသည်။

"လက်ကိုင်ပဝါတွေပေါ့" ဟု ချာလီက ပြန်ဖြေရာက လက်ကိုင်ပဝါ လေးထည်ကို ထုတ်ပေးလိုက်လေသည်။ ဖေဂင်လည်း လက်ကိုင်ပဝါများကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးနောက်–

"အင်း အတော့်ကို ကောင်းတဲ့ လက်ကိုင်ပဝါတွေပါပဲ။ ဒါပေမဲ့ ချာလီ ဒီဟာတွေကို မှတ်ထား၊ ဒါတွေဟာ သိပ်မကောင်းလှဘူး၊ ဒီတော့ အပေါ်က အမှတ်အသားတွေကို အပ်နဲ့ ထွင်ပစ်ရလိမ့်မယ်။ ဘယ့်နှယ် သဘောရသလဲ အိုလီဗာ သင့်ပေးရမလားကွယ့်၊ ဟား...ဟား..."

"ဟုတ်ကဲ့၊ သင်ပေးပါခင်ဗျား"

"မင်းလည်း ချာလီလိုပဲ လက်ကိုင်ပဝါတွေကို လွယ်လွယ်ကူကူ ထုပ်တတ်ချင်တယ် မဟုတ်လား အိုလီဗာ"

"ဟုတ်ကဲ့ လုပ်ချင်ပါတယ် ခင်ဗျာ၊ ဦးကသာ ကျွန်တော့်ကို သင် ပေးပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ချာလီကား အိုလီဗာ၏ အဖြေတွင် ရယ်စရာ တွေ့သွားပြန်သဖြင့် အားရပါးရ ရယ်လိုက်ပြန်လေသည်။ သို့ရာတွင် သူသောက်နေသော ကော်ဖီမှာ ဝင်ရမည့် အပေါက်ထဲသို့ မဝင်ဘဲ လမ်းမှားသွားရသည့်အတွက် တခွီးခွီး သီးရင်းက အရယ် ရပ်လိုက်လေ၏။ အသီးရပ်သွားသည့်အခါမှ–

"သူက သိပ်မနူးမနပ် နိုင်လွန်းလို့ပါ" ဟု ချာလီက သူ့အပြုအမူကို တောင်းပန်လိုက်လေသည်။

ဒေါ့ဂျားကတော့ ဘာမှမပြောဘဲ အိုလီဗာ၏ ဆံပင်ကိုသာ သပ်ပေးနေလေသည်။ ပြီးမှ "အို သူမကြာခင် နားလည်လာပါလိမ့်မယ်ကွာ" ဟု ပြောလိုက်လေသည်။ အိုလီဗာ၏ မျက်နှာကလေး နီလာသည်ကို သတိပြုမိသော ရေဝတီကြီးလည်း စကားပြောင်းပစ်လိုက်လေ၏။

ထို့နောက် မိန်းမပျိုကလေး နှစ်ယောက်သည် ချာလီနှင့် ဒေါ့ဂျားတို့ထံ လာလည်ကြလေသည်။ တစ်ယောက်မှာ ဘက်တီဖြစ်လျက် ကျန်တစ်ယောက်ကား နန်စီ ဖြစ်လေ၏။ သူတို့မှာ ဆံပင်တွေ များပြားလှသော်လည်း သေသေသပ်သပ် ထုံးထားခြင်း မရှိကြ။ အဝတ်အစားများမှာလည်း မသပ်မရပ် ရှိလှပေသည်။ သူတို့ကို ချောသည်ဟု ခေါ်နိုင်မည် မဟုတ်သော်လည်း မျက်နှာများတွင် သွေးရောင်ကလေးများ လျှမ်းတက်နေကာ တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်များ ရှိကြလေသည်။

သူတို့၏ အမူအရာတွေမှာ ဖော်ဖော်ရွေရွေ လွတ်လွတ်လပ်လပ် ရှိကြလေရာ "ဒီသူငယ်မကလေးတွေဟာ အတော် သဘောကောင်းတာပဲ" ဟု အိုလီဗာ ထင်မိလေသည်။ အမှန်တော့လည်း သူတို့မှာ ယုံမှားစရာ မရှိအောင် သဘော ကောင်းလှပေ၏။

သူတို့နှစ်ယောက်တို့သည် ဒေါ့ဂျားတို့နှင့် အတန်ကြာပင် စကားပြောနေကြသည်။ ထို့နောက် မိန်းမပျို တစ်ယောက်က ချမ်းသည်ဟု စကားခေါ်သဖြင့် ဖေဂင်က အရက်ထုတ်ပေးလေရာ မကြာခင်မှာပင် သူတို့ပြောသော စကားတွေမှာ ပျော်ပွဲစားထွက်နေကြသည့်အလား သွက်လက် ရွှင်ပျလာကြလေသည်။ နောက်ဆုံး၌ ချာလီက အပြင်ထွက်ဖို့ အချိန်တန်ပြီဟု ပြောလိုက်သည်မှ အစပြု၍ ဖေဂင်က ချာလီနှင့် ဒေါ့ဂျားတို့ သုံးစွဲရန် ငွေထုတ်ပေးပြီး သူတို့နှစ်ယောက်နှင့်အတူ မိန်းမပျိုနှစ်ယောက်သည် ထွက်ခွာသွားကြလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၇။ အလုပ်သင်

ကော်ပေါင်းအတော်မြောက်မြားလှစွာပင် အိုလီဗာသည် နေ့စဉ်နေ့တိုင်း ဒေါ်ဂျားတို့ လူစု ယူလာကြသော လက်ကိုင်ပဝါများမှ အမှတ်အသားများကို အပ်ကဲလေးနှင့် ထွင်ထုတ်ရခြင်း အလုပ်ကို လုပ်ရင်း ဖေဂင်၏ အခန်းထဲတွင် ပင် အချိန်ကုန်လွန်ခဲ့ရလေသ[illegible]။ နောက်ဆုံး၌ လေကောင်းလေသန့်ကို တောင့်တစိတ် ပြင်းထန်လာလေရကား အိုလီဗာသည် ဖေဂင်ထံတွင် သူ့ အဖော်နှစ်ယောက်နှင့်အတူ အပြင်သို့ လိုက်၍ အလုပ်လုပ်ပါရစေဟု မကြာ ခဏ ပူဆာမိလေ၏။

တစ်နေ့သော နံနက်ခင်းတွင်ကား အိုလီဗာသည် ဖေဂင်ထံမှ သူ စိတ်အားထက်သန်စွာ တောင်းဆိုခဲ့ရသည့် အခွင့်အရေးကို ရရှိလေတော့ သည်။ ဖေဂင်က အိုလီဗာကို အပြင်ထွက်ခွင့် ပေးလိုက်ကာ ဒေါ်ဂျားနှင့် ချာလီတို့ နှစ်ယောက်၏ စောင့်ရှောက်မှုဝယ် ပေးအပ်လိုက်လေ၏။

သူတို့သုံးယောက်လည်း အတူတကွ ထွက်ခဲ့ကြလေသည်။ ဒေါ်ဂျား ကား သူ့ထုံးစံအတိုင်း အကျီလက်ကြီးများကို ခေါက်တင်ထားကာ ဦးထုပ် ကိုလည်း ကျွတ်လုကျွတ်ခင် ဆောင်းထားပြီး ချာလီကတော့ ဘောင်းဘီအိတ် များထဲသို့ လက်နှစ်ဖက် နှိုက်ရာက အိုလီဗာကို သူတို့ အလယ်တွင် ထား လျက် လမ်းတစ်လျှောက် ဖြည်းညင်းစွာ လျှောက်ခဲ့ကြလေသည်။ သူတို့ သည် ရိုးသားသော အလုပ်တစ်ခုခုကို လုပ်ရမည်ဟု ထင်နေရှာသော အိုလီဗာကား သူတို့ယခု ဘယ်ကိုသွားပြီး သူကတော့ ဘယ်လိုအလုပ်များ လုပ်ရမှာလဲဟု စဉ်းစားနေမိရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဖြည်းဖြည်းဆေးဆေး ရှိလှစွာပင် လမ်းလျှောက်လာကြလေသည်။ ထိုအတွင်း ချာလီသည် လမ်းဘေးဆိုင်များဆီမှ သစ်တော်သီးနှင့် ကြက်သွန်နီဥကြီးများကို အခွင့်ရတိုင်း အလစ်သုတ်လာခဲ့ပြီး သူ၏ အင်္ကျီဘောင်းဘီအိတ်များထဲသို့ ထိုးထည့်လာလေရာ သူ့အဝတ်အစားများမှာ အချိုးအစား မကျဘဲ ဖောင်းသည့်နေရာကဖောင်း ခွက်သည့်နေရာက ခွက်နေတော့လေ၏။

သူတို့သည် လမ်းကြားကလေး တစ်ခုမှ ထွက်လာကြစဉ် ဒေါ့ဂျားသည် ရုတ်တရက် ခြေလှမ်းများကို ရပ်လိုက်ကာ သူ့ နှုတ်ခမ်း ပေါ်တွင် လက်ညှိုး တစ်ချောင်း တင်ပြီး အထူး သတိထားရမည့် အမူအရာနှင့် သူ့အဖော် နှစ်ယောက်ကို လမ်းကြားကလေး အတွင်းသို့ ဆွဲသွင်းလိုက်လေသည်။

"ဘာဖြစ်လို့လဲ" ဟု အိုလီဗာက မေးမိသည်။

"ရှူး...တိတ်တိတ်နေ" ဟု ဒေါ့ဂျားက ပြန်ဖြေလိုက်ပြီး-

"ဟောဟို စာအုပ်ဆိုင်ရှေ့မှာ ရပ်နေတဲ့ အဘိုးကြီးကို တွေ့သလား" ဟု ဆက်လက်၍ မေးလိုက်လေသည်။

"ဟိုက အဘိုးကြီးလား၊ တွေ့သားပဲ"

"အေး...သူဟာ အံကိုက်ပဲကွ"

"မလွဲနိုင်တဲ့ အမဲပေါ့" ဟု ချာလီက ဝင်ပြောလိုက်၏။ အိုလီဗာကား အံ့အားသင့်စွာနှင့် သူတို့ နှစ်ယောက်ကို တစ်ယောက် တစ်လှည့်စီ ကြည့်နေမိလေသည်။ သို့ရာတွင် နောက်ထပ်မေးဖို့ အခွင့်မရတော့။ အကြောင်းမူကား ဒေါ့ဂျားနှင့် ချာလီတို့သည် အမဲလိုက်သည့် မုဆိုးအမူအရာနှင့် စာအုပ်ဆိုင်ရှေ့မှ အဘိုးကြီးဆီသို့ ရောက်သွားကြသောကြောင့် ဖြစ်လေ၏။ သူတို့နှစ်ယောက်သည် အဘိုးကြီး၏ ကျောဘက်သို့ မယောင်မလည် ရောက်သွားကြလေသည်။ အိုလီဗာကား ဘာလုပ်ရမည် မသိဘဲ သူတို့နောက်သို့ မလှမ်းမကမ်းမှ လိုက်ပါသွားမိလေသည်။

အဘိုးကြီးကား ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ဦးဖြစ်ဟန် ရှိလေသည်။ ခေတ်ထုံးစံအရ ခေါင်းတွင် ပေါင်ဒါတွေ ဖွေးနေအောင် လိမ်းထားကာ ရွှေမျက်မှန် တပ်ထားလေသည်။ အနက်ရောင် ကတ္တီပါ ကော်လံပါသော အစိမ်းရင့်ရောင် ကုတ်အင်္ကျီနှင့် ဘောင်းဘီအဖြူကို ဝတ်ဆင်ထားကာ ဓါးကြိမ်လုံး တစ်ချောင်းကို သူ့ချိုင်းတွင် ညှပ်ထားလေသည်။ ၎င်းမှာ ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ခင်းထားသည့် စာအုပ်များအထဲမှ စာအုပ်တစ်အုပ်ကို ရွေးချယ်ကာ သူ့အိမ် စာကြည့်ခန်းမှ ကုလားထိုင်တွင် ပြန်ရောက်နေသည့်အလား သဲသဲမဲမဲကြီး ထိုစာအုပ်ကို ဖတ်ရှုလျက် ရှိနေလေ၏။

အိုလီဗာသည် သူ၏ မျက်ခွံများကို အစွမ်းကုန် ဖွင့်ကာ ကြည့်နေမိရာ ဒေါ်ဂျားသည် သူ၏ လက်တစ်ဖက်ကို အဘိုးကြီး၏ အကျီအိတ်ထဲသို့ ဆည့်လိုက်ပြီးနောက် လက်ကိုင်ပဝါ တစ်ထည်ကို ဆွဲထုတ်လိုက်သည်ကို အံ့ဩ ထိတ်လန့်စွာ တွေ့မြင်ရတော့လေသည်။ ပြီးနောက် ဒေါ်ဂျားသည် လက်ထဲမှ လက်ကိုင်ပဝါကို ချာလီအား လှမ်းပေးလိုက်ကာ နှစ်ယောက်သား လမ်းကွေ့တစ်ကွေ့ဆီသို့ လျင်မြန်စွာ ပြေးသွားကြသည်ကို မြင်တွေ့ပြန်လေ၏။

ချက်ချင်း လိုလိုမှာပင် လက်ကိုင်ပဝါများ၏ ကိစ္စသည် အိုလီဗာ၏ ဦးနှောက်ထဲတွင် ရှင်းလင်းလာလေတော့သည်။ သူသည် အံ့အားသင့်ကာ ကြက်သေသေ၍ ရပ်နေမိရာက သူ့သွေးများသည် ကြောက်ရွံ့ထိတ်လန့်မှုဖြင့် သွေးကြောများအတွင်း ဆူပွက်လာလေရာ သူ့ကိုယ်သူ မီးများ တောက်လောင် နေပြီလားဟု ထင်မှတ်မိလိုက်လေ၏။ ပြီးနောက်မှ ကြောက်ရွံ့ထိတ်လန့် စိတ်ရှုပ်ထွေးလှစွာ မိမိကိုယ်မိမိ ဘာလုပ်နေမှန်း မသိဘဲနှင့် ခြေကုန်သုတ်၍ ပြေးမိလေ၏။

ဤအဖြစ်အပျက်များကား တစ်မိနစ်အတွင်း၌ပင် ဖြစ်ပျက်သွားလေသည်။ အိုလီဗာ စတင်၍ ပြေးသွားသည်နှင့် တစ်ပြိုင်နက်မှာပင် အဘိုးကြီးသည် သူ့အိတ်ထဲမှ လက်ကိုင်ပဝါ ပျောက်နေကြောင်းကို သိသွားသဖြင့် ချာခနဲ လှည့်ကြည့်လိုက်လေသည်။ ဤတွင် အိုလီဗာ ထွက်ပြေးသွားသည်ကို တွေ့လိုက်ရလေရာ အဘိုးကြီးလည်း ခါးပိုက်နှိုက်မှာ ဤကောင်ကလေးဖြစ်ရမည်ဟု ယူဆလိုက်မိကာ–

"ခါးပိုက်နှိုက်ဗျို့၊ သူခိုးဗျို့" ဟု တအားအော်လျက် ဖတ်နေသော စာအုပ်ကို လက်ထဲတွင် ကိုင်ရင်းက နောက်မှ ပြေးလိုက်သွားလေ၏။

သို့ရာတွင် "သူခိုးဗျို့" ဟု အော်ဟစ်လိုက်သူမှာ အဘိုးကြီး တစ်ယောက်သာ မဟုတ်ပေ။ ဒေါ်ဂျားနှင့် ချာလီတို့သည် လမ်းတစ်လျှောက် ပြေးသွားကြပါလျှင် လူများက မုချ သင်္ကာမကင်းဖြစ်လာကြမည်ကို သိရှိကြရကား။ အဘိုးကြီးထံမှ လက်ကိုင်ပဝါ နှိုက်ခဲ့ပြီးနောက် လမ်းကွေ့ တစ်ခုရောက်သည် အထိသာ ပြေးခဲ့ကြပြီး အိမ်တစ်အိမ်ကို ကွယ်လျက် အရိပ်

www.burmeseclassic.com



အခြည် စောင့်ကြည့် နေခဲ့ကြ၏။ ထွက်ပြေးသွားသော အိုလီဗာကို သူခိုးဟု ထင်မှတ်ကာ အဘိုးကြီးသည် အော်ရင်းဟစ်ရင်းနှင့် နောက်မှပြေးလိုက် သွားသည့် အခါတွင်ကား သူတို့ နှစ်ယောက်လည်း အခြေအနေကို ချက်ချင်းပင် နားလည်ကြကာ အခြားလူများနှင့်အတူ ရောနှောအော်ဟစ်ရင်း က အိုလီဗာ နောက်သို့ ပြေးလိုက် လာကြပြန်လေ၏။

"သူခိုးဗျို့... ဖမ်းကြပါ... ဖမ်းကြပါ"

လူတိုင်းတွင် တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ရာအား လိုက်လံ ဖမ်းဆီးချင်သည့် စိတ်ကလေးသည် ရှိစမြဲ ဖြစ်ပေသည်။ သနားစရာ ကလေး ကလေးတစ်ယောက်သည် ကြောက်အားလန့်အားနှင့် သူ့နောက်မှ လိုက်လာသည့် လူများ၏ လက်ထဲမှ လွတ်မြောက်ရန် အားခဲ ကြိုးစားနေရှာ သည်ကို လိုက်ဖမ်းကြသူများကလည်း ရှေ့ကကောင်ကလေး အားလျော့ လာလေ ဝမ်းသာအားရ အော်ဟစ်ကြလေလေနှင့် မလျော့တမ်း လိုက်၍ ဖမ်းလျက် ရှိနေကြလေသည်။

နောက်ဆုံးတွင်တော့ ဖမ်းမိသွားကြသည်။ လူတစ်ယောက်သည် ရှေ့မှ နေ၍ ဆီးထိုးလိုက်၏။ အိုလီဗာသည် လမ်းပေါ်သို့ လဲကျသွားလေရာ လူတွေ ဝိုင်းအုံလာကြ၏။ နောက်ထပ် ရောက်လာကြသူများကလည်း သူခိုး လေးကို ကြည့်ရန်အတွက် ရှေ့မှလူများကို အတင်းတိုးဖယ်၍ နေကြ၏။

"ဟေ့ သိပ်မတိုးကြပါနဲ့ကွ၊ သူ့ခမျာ အသက်ရှူလို့ ဘယ်ရတော့ မှာလဲ"

"အမယ်...ဘာဖြစ်သေးသလဲဗျ၊ သေသွားကော ဘာအရေးလဲ၊ အခိုးခံ ရတဲ့သူကော ဘယ်မှာလဲ"

"ဟောဟိုမှာ လာနေပြီ၊ ဟေ့ လမ်းဖယ်ပေးကြလေကွာ"

"ဒီသူငယ်ကလေးလား"

"ဟုတ်ပါတယ်"

အိုလီဗာသည် တစ်ကိုယ်လုံး ရွှံ့အလူးလူးနှင့် ပါးစပ်မှလည်း သွေး များ ကျနေရာက မြေကြီးပေါ်တွင် လဲနေကာ သူ့ကို ဝိုင်းထားကြသည့် မျက်နှာထုကြီးကို ကယောင်ချောက်ချား ကျီးကန်းတောင်းမှော်က် ကြည့်နေ ရှာလေသည်။ ထိုစဉ်မှာပင် အဘိုးကြီးက လူများကို အိုလီဗာဆီသို့ တွန်းဖို့ လိုက်ကြလေ၏။

"အင်း...ဒီသူငယ်ကလေးပါပဲ၊ ဖြစ်ရလေကွယ်..."

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီး၏ စိတ်မကောင်းသံကို ဘေးမှဝိုင်းအုံနေကြသော လူများက အုံ့ညြစွာ ရေရွတ်ဝေဖန် လိုက်ကြလေသည်။

"သနားစရာ ကလေးပါလား၊ အလို သူ့ပါးစပ်မှာလည်း သွေးတွေနဲ့ ပါကလား"

"ကျွန်တော် လုပ်လိုက်တာပေါ့ ခင်ဗျ" တုတ်တုတ်ခိုင်ခိုင် လူကြီး တစ်ယောက်က ရှေ့သို့ တိုးလာရင်း ပြောလိုက်လေသည်။ "ဒီမှာ ကြည့်ပါလား၊ ကျွန်တော့် လက်ဆစ်တွေတောင် သူ့သွားနဲ့ ထိမိပြီး ကွဲသွားတယ်"

ထိုလူကြီးသည် အဘိုးကြီးက သူ့ကို ဆုချလိမ့်မည်ဟု မျှော်လင့်ဟန်နှင့် ဆလန်ပေးကာ ပြုံးစိစိ လုပ်နေလေသည်။ သို့ရာတွင် အဘိုးကြီးက ၎င်းကို မနှစ်မြို့သည့် အမူအရာနှင့် ကြည့်လိုက်ကာ ထိုနေရာမှ ထွက်ပြေးသွားတော့မည့် အမူအရာနှင့် သူ့ပတ်ပတ်လည်ကို လှည့်ကြည့်လိုက်လေသည်။ အကယ်၍ ထိုအချိန်၌ ထုံးစံအတိုင်း သူများထက် နောက်ကျလှစွာနှင့် ပုလိပ် တစ်ယောက်သာ ရောက်မလာပါက အဘိုးကြီးသည် ထိုနေရာမှ ထွက်ပြေးသွား မိမည်ဖြစ်လေရာ လူအုပ်ကြီးကလည်း သူ့နောက်မှ ပြေးလိုက်သွားစရာ အကြောင်းရှိပေ၏။ သို့ရာတွင် ဖော်ပြခဲ့သလိုပင် ပုလိပ်အမှုထမ်း တစ်ယောက်သည် လူတွေကြားထဲမှ တိုးခွေ့ဝင်လာပြီး အိုလီဗာအား အကျႌကော်လံမှ နေ၍ ဖမ်းဆုပ်လိုက်လေသည်။

"ကဲ...ထစမ်း" ဟု ပုလိပ်က ကြမ်းတမ်းစွာ ရေရွတ်လိုက်လေသည်။

"ကျွန်တော် မဟုတ်ပါဘူး ခင်ဗျာ၊ တကယ်ပါ ကျွန်တော် မဟုတ်ပါဘူး၊ တခြား ကောင်ကလေး နှစ်ယောက်ပါ" ဟု အိုလီဗာသည် လက်နှစ်ဖက်ဆက်၍ တောင်းပန်ရာက သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက် လေသည်။ "သူတို့ ဒီအထဲမှာ ရှိမှာပါပဲ ခင်ဗျာ"

"ဘယ်ကလာ ရှိရမှာလဲ"

ပုလိပ်၏ စကားမှာ ပြောင်ပြောလိုက်ခြင်း ဖြစ်သော်လည်း မှန်ကန်လှပေသည်။ အကြောင်းမူကား ဒေါ့ဂျားနှင့် ချာလီတို့မှာ လမ်းကြားတစ်ခုသို့ ထွက်ပြေး ပျောက်ကွယ် သွားကြပြီ ဖြစ်လေ၏။

"ကဲ ထလေကွာ"

"သူငယ်[redacted]လေးကို အနာတရ ဖြစ်အောင်တော့ မလုပ်ကြပါနဲ့ကွယ်"

"အို...စိတ်ချပါ မလုပ်ပါဘူး၊ ကဲ...ထလေကွာ၊ မင်းကို သိပါတယ်၊ မူလကျီ လုပ်မနေပါနဲ့၊ ကဲ...ထစမ်းပါကွာ သူ့ရဲ့ဆိုးကလေး"

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ် မထနိုင်သော အိုလီဗာသည် သူ့ ကိုယ်ခန္ဓာကို ကြိုးစား၍ ထူလိုက်ရလေသည်။ ချက်ချင်းပင် သူ့ကို ကော်လံမှ ဆွဲ၍ ပုလိပ်က သွက်သွက်ကြီး ခေါ်ဆောင်သွားတော့လေသည်။ လက်ကိုင်ပဝါ အခိုးခံရသည့် လူကြီးလည်း ပုလိပ်ဘေးမှ လိုက်ပါသွားလေသည်။ လူအုပ်ကြီးလည်း နောက်မှ လိုက်ပါလာကြကာ အချို့ကမူ ပုလိပ်ကို ကျော်လွန်၍ လျှောက်သွားကြပြီးမှ ပုလိပ်လက်ထဲမှ အိုလီဗာကို ရှေ့မှနေ၍ ပြန်ကြည့် နေကြလေ၏။ လူအုပ်ထဲတွင် ပါလာသည့် ကလေးသူငယ် ကလေးများကလည်း ဝမ်းသာအားရ အော်ဟစ် လိုက်ပါလာကြလေသည်။

အိုလီဗာ ကျူးလွန်မိသည်ဆိုသော အပြစ်ကား အထူးသဖြင့် နာမည်ဆိုး ကျော်ကြားနေသည့် ပုလိပ်ရုံး တစ်ရုံး၏ ပိုင်နက်အတွင်းဝယ် ဖြစ်ပွားခဲ့လေသည်။ ထို့ကြောင့် အိုလီဗာမှာ ထိုရုံးသို့ ရောက်သွားတော့လေသည်။

ပလိပ်သည် အိုလီဗာအား ရုံး၏ နောက်ဖေးဘက်မှ ခေါ်သွင်း လာလေသည်။ ရုံးထဲ၌ လက်ထဲတွင် သော့တွဲကိုင်ထားသည့် နှုတ်ခမ်းမွေးကြီး ထူထူနှင့် လူ တုတ်တုတ်ခိုင်ခိုင်ကြီး တစ်ယောက်ကို သူတို့ တွေ့ကြရလေ၏။

"ဘာဖြစ်လာပြန်တာလဲကွ" ဟု ထိုလူက ပုလိပ်အမှုထမ်းအား ဆီးမေးလိုက်လေသည်။

"ခါးပိုက်နှိုက်ကလေး တစ်ယောက်ပေါ့ဗျာ"

"ဩော်...နို့ ဒီက ဦးက ခါးပိုက်နှိုက် ခံရတာလား ခင်ဗျား"

"ဟုတ်ပါတယ်...ကျုပ် ပါပဲ" ဟု လိုက်ပါလာသည့် အဘိုးကြီးက ပြန်ဖြေလိုက်ပြီးနောက် "ဒါပေမဲ့ လက်ကိုင်ပဝါကို နှိုက်သွားတဲ့ ခါးပိုက်နှိုက်ဟာ ဒီသူငယ်ကလေးလို့ ဦးအတပ် မစွဲနိုင်ပါဘူး၊ ဒါကြောင့် အမှုတွေဘာတွေ လုပ်မနေပါနဲ့"

"ဟာ အမှု မလုပ်လို့ မဖြစ်တော့ဘူး ဆရာ၊ တရားသူကြီးရှေ့ကျမှ ပြောစရာရှိတာ ပြောပေတော့၊ နောက်တစ်မိနစ် အတွင်းမှာ တရားသူကြီးမင်း အားလပ်သွားမှာပဲ၊ ကဲ ကြိုးစင်ကောင်ကလေး"

လူကြီးလည်း အိုလီဗာကို အကျဉ်းခန်းကလေး တစ်ခု အတွင်းသို့ သွင်းလိုက်လေသည်။ ပြီးနောက် အိုလီဗာ ကိုယ်တွင် ရှာဖွေကြလေ၏။ ဘာမှ မတွေ့ရသည့် အခါ၌ အိုလီဗာအား အကျဉ်းထဲတွင် သော့ခတ်ထည့်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးကား အိုလီဗာကဲ့သို့ပင် စိတ်ပျက်ဝမ်းနည်းနေပုံ ရလေ၏။ သူသည် သက်ပြင်းတစ်ချက် ချလိုက်ကာ ဤကိစ္စ၏ အပြစ်မဲ့သော တရားခံ ဖြစ်သည့် သူ့လက်ထဲမှ စာအုပ်ကို ဖတ်နေလေ၏။

သူ့ပခုံးကို တစ်စုံတစ်ယောက်က လာတို့တော့မှ စာအုပ်မှ မော်ကြည့်လိုက်ရာ သေနတ်ကွဲနှင့်လူက သူနှင့်အတူ ရုံးခန်းထဲသို့ လိုက်ခဲ့ရန် ခေါ်ငင်သည့် အတွက် စာအုပ်ကို ကပျာကယာ ပိတ်လျက် ထလိုက်သွားရလေရာ ချက်ချင်းပင် နာမည်ကျော်ကြားလှသော တရားသူကြီး မစ္စတာဖန်း ရှေ့မှောက်သို့ ရောက်သွားတော့လေ၏။

မစ္စတာဖန်းသည် တရားစီရင်ရန် အဆင့်သင့် ဖြစ်နေလေသည်။ အခန်းထောင့် တစ်ထောင့်တွင်တော့ ဝက်ခြံကလေး အတွင်း၌ အိုလီဗာ ရောက်နှင့်နေပြီ ဖြစ်လေသည်။ အိုလီဗာ ခမျာတွင်ကား တစ်ကိုယ်လုံး တုန်ယင်နေအောင်ပင် ကြောက်ရွံ့နေရှာလေ၏။

တရားသူကြီး မစ္စတာဖန်းကား ပိန်ပိန်ပါးပါး ကျောရှည်ရှည် လည်ပင်းတောင့်တောင့်နှင့် လူတစ်ယောက်ဖြစ်ကာ ခေါင်းတွင် ဆံပင်သိပ် ရှိသူ မဟုတ်ပေ။ ရှိသမျှ ဆံပင်တို့မှာ ခေါင်းနောက်စေ့နှင့် နားထင်များ၌သာ ပေါက်ရောက်နေကြ၏။ အကယ်၍ သူသည် တကယ်ပဲ အရက်သေစာကို အလွန်အကြူး မသောက်သူ ဖြစ်ပါက သူ့မျက်နှာကို မတရား အသရေ ဖျက်မှုနှင့် တရားစွဲလျှင် လျော်ကြေး မြောက်မြားစွာ ရမည်ဖြစ်လေ၏။

အဘိုးကြီးသည် လေးစားစွာ ဦးညွှတ်လိုက်ပြီးနောက် တရားသူကြီး ၏ စားပွဲသို့ လျှောက်သွားပြီး သူ့နာမည်နှင့် လိပ်စာပါသည့် ကတ်ပြား ကလေး တစ်ချပ်ကို လှမ်းပေးလိုက်လေသည်။ ပြီးနောက်မှ ပြန်ဆုတ်ကာ တရားသူကြီး စစ်ဆေးမည်ကို စောင့်စားနေလေ၏။

မစ္စတာဖန်းကား ထိုအချိန်၌ သတင်းစာ တစ်စောင်မှ မကြာသေးခင် က ဆုံးဖြတ်ခဲ့သည့် အမှုတစ်ခုနှင့် ပတ်သက်၍ ဝေဖန်ရေးသားပြီး ပြည်ထဲ ရေး ဝန်ကြီးထံသို့ သူ့ကို အရေးယူဖို့ သုံးရာနှင့် ငါးဆယ့်သုံးကြိမ်မြောက် တိုက်တွန်းသည့် ဆောင်းပါးတစ်ပုဒ်ကို ဖတ်ပြီး စိတ်တိုနေလေရာ စိတ်ဆိုး လှစွာ မျက်မှောင်ကြီးကုတ်လျက် မော်ကြည့်လိုက်လေ၏။

"မင်း ဘယ်သူလဲ"

အဘိုးကြီးလည်း အံ့အားသင့်စွာနှင့် သူ ပေးလိုက်သော ကတ်ပြား ကလေးကို ညွှန်ပြလိုက်လေသည်။ ဤတွင် တရားသူကြီးလည်း ကတ်ပြား ကလေးကို သတင်းစာနှင့်အတူ လွှင့်ပစ်လိုက်ပြီးနောက်–

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... အမှုထမ်း ဒီလူဟာ ဘယ်သူလဲ" ဟု လှမ်းမေးလိုက်ပြန် လေ၏။

"ကျွန်ုပ်နာမည် မစ္စတာ ဘရောင်းလို။ ကျွန်ုပ်လို ဂုဏ်သရေရှိ လူကြီး လူကောင်း တစ်ယောက်ကို တရားခွင်ပေါ်ကနေပြီး အကြောင်းမရှိ စော်ကား တဲ့ တရားသူကြီးရဲ့ နာမည်ကို ပြန်မေးပါရစေ"

မစ္စတာ ဘရောင်းလိုသည် လူကြီးလူကောင်း ပီသစွာနှင့် ပြောလိုက် ရင်းက သူ့မေးခွန်းကို ဖြေမည့်သူအား ရှာဖွေသကဲ့သို့ ရုံးခန်းကို လှည့်ပတ် ကြည့်ရှုလိုက်လေသည်။

"အမှုထမ်း... ဒီလူကို ဘာအမှုနဲ့ စွပ်စွဲထားသလဲ"

"သူ့ကို ဘာအမှုနဲ့မှ မစွပ်စွဲပါဘူး ကိုယ်တော်။ သူက တရားလိုပါ။ ဟိုသူငယ်ကလေးက တရားခံပါ"

"သူက တရားလို ဟုတ်လား..." ဟု ပြောပြောဆိုဆို မစ္စတာဖန်း သည် အထင်သေးသည့် အမူအရာနှင့် မစ္စတာဘရောင်းလိုအား ခြေအဆုံး ခေါင်းအဆုံး ကြည့်လိုက်လေသည်။ "ကဲ သူ့ကို ကျမ်းကျိန်ခိုင်း"

"ကျွန်ုပ် ကျမ်းမကိုင်ခင် တစ်ခု ပြောပါရစေ။ ပြောချင်တာကတော့ ကျွန်ုပ်ဟာ တကယ် မတွေ့ကြုံရဘဲနဲ့ ဒီသူငယ်ကလေးဟာ..."

"ပါးစပ်ပိတ်ထားစမ်းပါလေ..."

"ကျွန်ုပ် မပိတ်နိုင်ဘူး"

"နောက်ထပ် စကား မပြောနဲ့တော့။ ပြောရင် ဒီရုံးခန်းထဲက ချက်ချင်း မောင်းထုတ်ပစ်လိုက်ရမယ်။ မင်းဟာ တော်တော်လူဝါးဝတာပဲ။ တရားသူ ကြီး တစ်ယောက်ကို မင်းက ပမာမခန့် လုပ်ရဲတယ်ပေါ့လေ"

"ဘာပြောတယ်"

"ကဲ ရှေ့ဖတ်စာရေး၊ ဒီလူကို ကျမ်းကျိန်ခိုင်းစမ်း"

မစ္စတာ ဘရောင်းလိုကား တရားသူကြီး၏ ရိုင်းစိုင်းသော အပြုအမူ ကြောင့် အတော်ကလေး စိတ်ဆိုးဒေါသ ထွက်နေမိသော်လည်း သူ ကလန် ကဆန် လုပ်မိပါက ဝက်ခြံထဲမှ တရားခံကလေးသာ နစ်နာစရာ ရှိသည်ကို တွေးမိပြီး ကြိုးစား၍ ချုပ်တည်း ထားလိုက်ရလေသည်။

"ကဲ ဒီကောင်ကလေးကို ဘာအမှုနဲ့ စွပ်စွဲနေတာလဲ၊ ခင်ဗျားကရော ဘာပြောစရာများ ရှိသလဲ"

"ကျွန်ုပ် စာအုပ်ဆိုင် တစ်ဆိုင်ရှေ့မှာ ရပ်နေတုန်း"

www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ပိတ်ထားလိုက်စမ်း၊ ပုလိပ်အမှုထမ်း ဘယ်မှာလဲ။ သူ့ကို ကျမ်းကျိန်ခိုင်းစမ်း၊ ကဲ...ကောင်းပြီ၊ မင်း ပြောစရာရှိတာ ပြောစမ်း"

ပုလိပ်အမှုထမ်းလည်း ရှိသေလေးစားစွာနှင့်ပင် အိုလီဗာအား မည်သို့ မည်ပုံ ဖမ်းမိပုံ၊ အိုလီဗာအား ရှာဖွေသော်လည်း ဘာကိုမှ မတွေ့ရပုံတို့ကို အစစ်ခံရလေ၏။

"သက်သေရှိသလား"

"တစ်ယောက်မှ မရှိပါဘူး အရှင်ဘုရား"

ဤတွင် မစ္စတာဖန်းလည်း မိနစ် အနည်းငယ်မျှ တိတ်ဆိတ်စွာ ထိုင်နေပြီးနောက် တရားလို မစ္စတာဘရောင်းလိုဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ဟေ့လူ ခင်ဗျား ဒီသူငယ်ကလေးကို စွပ်စွဲမှာလား။ မစွပ်စွဲဘူးလား။ ခင်ဗျားဟာ ကျမ်းကျိန်ပြီးပြီ။ ဒီတော့ ခင်ဗျား ရုံးတော်က လိုအပ်တဲ့ သက်သေ အထောက်အထားကို ပေးရင်ပေး၊ မပေးရင်တော့ ရုံးတော်က မရိုမသေ လုပ်တယ်ဆိုပြီး အပြစ်ပေးရလိမ့်မယ်"

တရားသူကြီးလည်း ပြောပြောဆိုဆို ဆဲရေးတိုင်းထွာ လိုက်သော်လည်း ရှေ့ဖတ်စာရေးက အလိုက်သိစွာ စာအုပ်တစ်အုပ်ကို ပစ်ချလိုက်သည့် အတိုင်း ဆဲသံကို စာအုပ်သံက ဖုံးကွယ်သွားလေ၏။

မစ္စတာ ဘရောင်းလိုလည်း တရားသူကြီး၏ စကားဖြတ်ဝင်ပြောမှုနှင့် စော်ကားမှုများကို အကြိမ်ကြိမ် သည်းခံရင်းက သူငယ်ကလေးအား သူ့ကို ခါးပိုက်နှိုက်သွားမိ၍ ပြေးလိုက်သွားမိခြင်း ဖြစ်ကြောင်း၊ သို့ရာတွင် သူငယ်ကလေး သူ့လက်ကိုင်ပဝါ နှိုက်သွားသည့် ခါးပိုက်နှိုက်ကလေး ဖြစ်ရမည်ဟု အတတ် မပြောနိုင်ကြောင်း၊ အကယ်၍ သူငယ်ကလေး သူ့ထံမှ ခါးပိုက်နှိုက် သွားသူ မဟုတ်သည့်တိုင် တကယ့် ခါးပိုက်နှိုက်များနှင့်မူ အဆက်အသွယ် ရှိသည်ဟု ရုံးတော်က ယူဆပါက သူငယ်ကလေးကို တရား ဥပဒေမှ အခွင့်ပေး၍ သနားညှာတာ ထောက်ထားပါသည့် အကြောင်း စသည်ဖြင့် အစစ်ခံ နေလေ၏။

"ခုတွင်ပဲ သူကလေးဟာ အနာတရ ဖြစ်ခဲ့ရပါပြီ" ဟု မစ္စတာ ဘရောင်းလိုက နိဂုံးချုပ်လိုက်ပြီး ဝက်ခြံထဲတွင် ရပ်နေသည့် အိုလီဗာကို လှမ်းကြည့်လိုက်ပြီး ဆက်လက်၍ "နောက်ပြီး သူ့ကို ကြည့်ရတာ အတော် နေမကောင်း ဖြစ်နေပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို၊ နေမကောင်း ဖြစ်နေတယ် ဟုတ်လား" ဟု တရားသူကြီးက လှောင်လိုက်ပြီး အိုလီဗာဘက်သို့ လှမ်းကြည့်လိုက်ကာ...

"ဟော့...တောလေကလေး၊ ဒီရုံးတော်ထဲမှာ မင်း ဘာမှုလကျို လုပ်နေတာလဲ၊ မင်းနာမည် ဘယ်သူလဲ ပြောစမ်း" ဟု လှမ်းမေးလိုက်လေသည်။

အိုလီဗာသည် ဖြေရန် ကြိုးစားသော်လည်း သူ့လျှာကို လှုပ်ရှား၍ မရချေ။ သူ့မျက်နှာကား တကယ့်ကို ဖြူဖပ်ဖြူရော် သွေးဆုတ်နေကာ ရုံးခန်းတစ်ခုလုံးမှာ သူ့မျက်စိများတွင် ပတ်ချာလည်နေလေ၏။

"ဟော့ လူဆိုးကလေး မင်းနာမည် ဘာလဲ။ ဒီမှာ ရှေ့ဖတ်စာရေး ဒီကောင်လေး နာမည်ဘာလဲ"

သဘောကောင်းပုံရသော ရှေ့ဖတ် စာရေးလည်း အိုလီဗာ အနားသို့ ကပ်သွားကာ နာမည်ကို မေးလိုက်လေသည်။ ဤတွင် အိုလီဗာမှာ သူ့မေးခွန်းကို နားလည်ပုံမရသည်ကို အကဲခတ်မိလေ၏။ အကယ်၍ မေးခွန်းကို ပြန်မဖြေပါက တရားသူကြီးသည် မုချစိတ်ဆိုးတော့မည်ကို သိသဖြင့် ၎င်းလည်း အိုလီဗာ၏ နာမည်ကို စိတ်ကူးနှင့် ဖြေလိုက်လေ၏။

"တွမ်ဝိုက်ပါတဲ့ အရှင်ဘုရား"

"သူဘယ်မှာ နေသတဲ့လဲ"

"သူ့မှာ နေစရာ အိမ်အတည်တကျ မရှိပါဘူးတဲ့၊ ဖြစ်သလို နေသွားရပါသတဲ့ အရှင်ဘုရား" ဟု ရှေ့ဖတ် စာရေးကြီးက အိုလီဗာထံမှ အဖြေရဟန်နှင့် ရမ်းဖြေလိုက်ပြန်လေသည်။

"သူ့မှာ မိဘတွေ ရှိသလား"

"သူ ငယ်ငယ် ကလေးတည်းက သေသွားပါတယ်တဲ့ အရှင်ဘုရား"

ထိုစဉ်၌ အိုလီဗာသည် ခေါင်းမော့ကြည့်ကာ အသနားခံသော ချောင်လုံးများဖြင့် သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရာက ရေတစ်ခွက် သောက်ပါရစေဟု တောင်းပန်ရေရွတ် လိုက်ရှာလေသည်။

"ဟာ...အစိမ့်ပွာယ် မရှိတာတွေ...ဟော့ကောင်လေး မင်းငါ့ကို အရူးလုပ်မနေစမ်းပါနဲ့" ဟု တရားသူကြီးက ကြိမ်းလိုက်လေ၏။

"သူ့ကို ကြည့်ရတာ တကယ်ပဲ နေမကောင်းပုံရတယ် အရှင်ဘုရား" ဟု ရှေ့ဖတ်စာရေးက ဝင်ပြောလိုက်လေသည်။

"ဒီကောင်လေးတွေဓာတ် ငါသိပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"သတိထားပါ စာရေးကြီး။ သူလဲကျသွားလိမ့်မယ်" ဟု မစ္စတာဘာရောင်းလိုက အိုလီဗာအတွက် စိုးရိမ်ကြီးစွာ ဝင်ပြောလိုက်လေသည်။

"ဟေ့ စာရေးကြီး ဖယ်နေစမ်း။ သူ့ဘာသာသူ လဲချင်လဲပါစေ"

တရားသူကြီး၏ ကရုဏာနှင့် ပေးလိုက်သော အခွင့်ကိုယူကာ အိုလီဗာလည်း သတိလစ်လျက် ကြမ်းပြင်ပေါ်သို့ လဲကျသွားရှာတော့လေသည်။ ရုံးခန်းထဲမှ လူများလည်း တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်နေကြသော်လည်း ဘယ်သူမှ မလှုပ်ရဲကြချေ။

"အလကား ဟန်ဆောင်နေတာပါ။ သူ့ဟာသူ နေပါစေ၊ မကြာခင် ထလာမှာပဲ"

"အရှင်ဘုရား ဒီအမှုကို ဘယ်လို ဆုံးဖြတ်မှာလဲ" ဟု ရှေ့ဖတ် စာရေးက အရဲစွန့်ကာ တီးတိုး မေးလိုက်လေသည်။

"အလုပ်ကြမ်းနဲ့ ထောင်ဒဏ် သုံးလပေါ့ကွ၊ ကဲ ရုံးခန်းကို ရှင်းလိုက်တော့"

တရားသူကြီး၏ အမိန့်အတိုင်း ပြုလုပ်ရန်အတွက် ရုံးအမှုထမ်းများသည် တံခါးကို ဖွင့်လိုက်ကာ သတိလစ်နေသော အိုလီဗာကလေးကို ပွေ့ချီသွားကြမည် ပြုနေစဉ် ဆင်းရဲပုံရသော်လည်း အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် လူကြီးတစ်ယောက်သည် ရုံးခန်းထဲသို့ ပျာယီးပျာယာ ပြေးဝင်လာလေ၏။

"နေကြပါဦး... နေကြပါဦး...၊ သူငယ်ကလေးကို ခေါ်မသွားကြပါနဲ့ဦး"

"ဟေ့ ဒါဘာလဲ၊ ဒီလူ ဘယ်သူလဲ၊ ရုံးခန်းကို ရှင်းပစ်လိုက်၊ ဒီလူကို ရုံးခန်းထဲက ဆွဲထုတ်ပစ်လိုက်"

"ကျွန်တော့်မှာ ပြောစရာ ရှိတယ်။ ကျွန်တော် အကုန် မြင်လိုက်ရပါတယ်။ ကျွန်တော်ဟာ စာအုပ်ဆိုင်ရှင်ပဲ။ ကျွန်တော့်ကိုသာ ကျမ်းကျိန်ခိုင်းပါ။ မစ္စတာဖန်း ကျွန်တော် ပြောမှာကို ကျေးဇူးပြု၍ နားထောင်ပါခင်ဗျား"

"ကဲ...ကဲ...ဒီလူကို ကျမ်းကျိန်ခိုင်းလိုက်" ဟု တရားသူကြီးလည်း စိတ်တိုစွာ အခွင့်ပေးလိုက်ရလေသည်။ "ကဲ...မောင်မင်း ဘာပြောစရာ ရှိသလဲ"

"ကျွန်တော့် စာအုပ်ဆိုင်ရှေ့မှာ သူငယ်ကလေး နှစ်ယောက်နှင့် ဟောဒီက သူငယ်ကလေးဟာ ယောင်လည်လည် လုပ်နေကြတာကို တွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ဟောဒီက လူကြီးမင်း စာဖတ်နေတုန်းမှာ တခြားကောင်ကလေး နှစ်ယောက်က အိတ်ထဲက လက်ကိုင်ပဝါကို နှိုက်ယူတာပါ။ ကျွန်တော် ကိုယ်တိုင် မျက်စိနဲ့ တွေ့ရပါတယ်။ ဟောဒီက သူငယ်ကလေးက ဘာမှ မသိရှာပါဘူး။ သူကတောင် အံ့အားသင့်ပြီး ကြည့်နေရှာပါတယ်"

"ဒီလိုဆိုရင် ဘာပြုလို့ စောစောက လာအစစ်မခံတာလဲ"

"ကျွန်တော့်ဆိုင်ကို ကြည့်ပေးမယ့် လူတစ်ယောက်မှ မရှိလို့ပါ အရှင်ဘုရား။ အခုနကမှ လူတစ်ယောက်ဆီမှာ ဆိုင်ကိုအပ်ပြီး ဒီကို အမြန်ဆုံး ပြေးလာခဲ့ရတာပဲ"

"တရားလိုက အဲဒီတုန်းက စာဖတ်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ်။ ခုသူ့လက်ထဲက စာအုပ်ပေါ့..."

"ဩော်...ဒီစာအုပ်လား။ ဒါနဲ့ သူ စာအုပ်ဖိုးကို ပေးပြီးပြီလား"

"ဟုတ်ပါရဲ့ ကျွန်တော်လည်း ထိုကိစ္စကြောင့် မေ့သွားတယ်..." ဟု သတိမေ့တတ်သော မစ္စတာဘရောင်းလိုက ဝန်ခံလိုက်လေ၏။

"အင်း ဒါနဲ့များ ခင်ဗျားက သနားစရာ ကောင်းတဲ့ သူငယ်ကလေးကို မတရား စွပ်စွဲသေးတယ်" ဟု တရားသူကြီးက ယခုမှ သူ့ကိုယ်သူ ထောက်ထား ညှာတာသူ အဖြစ်နှင့် မစ္စတာ ဘရောင်းလိုအား လှမ်း၍ အပြစ်တင်လိုက်လေသည်။

"ခင်ဗျား ဒီစာအုပ်ကို ယူလာပုံဟာ အင်မတန် မသင်္ကာစရာ ကောင်းတယ်လို့ ကျွန်ုပ် ယူဆမိတာပဲ။ စာအုပ်ဆိုင်ရှင်က တရားမစွဲတာကို ခင်ဗျား ကံကောင်းတယ် မှတ်ပါ။ ခုဖြစ်တာကို ခင်ဗျား သင်ခန်းစာယူပြီး နောက်ထပ် ဒီလိုမဖြစ်စေပါနဲ့။ ဒါမှမဟုတ်ရင် တရားဥပဒေက ခင်ဗျားကို ညှာမှာ မဟုတ်ဘူး။ ကဲ... သူငယ်ကလေးကို တရားသေ လွှတ်ပစ်လိုက်။ ရုံးခန်းကို ရှင်းလိုက်တော့"

မစ္စတာ ဘရောင်းလိုကား ချုပ်တည်းထားရသော ဒေါသတွေ ပေါက်ကွဲ ထွက်လာတော့ကာ ဒေါသတကြီး မြည်တမ်းရေရွတ်စဉ်မှာပင် ရုံးအမှုထမ်းများက ၎င်းကို ရုံးခန်း အပြင်ဘက်သို့ ခေါ်ဆောင်သွားလေ၏။ ရုံးဝင်းအတွင်းသို့ ရောက်လာသည့်အခါတွင်ကား သူ့ဒေါသမှာ ပျောက်ကွယ် သွားတော့လေသည်။ အိုလီဗာတွစ်ကား ကျောက်ခင်းထားသော ဝင်းခြံ အတွင်းဝယ် မျက်နှာကလေး ဖြူဖပ်ဖြူရော်၊ တစ်ကိုယ်လုံး တုန်ယင်စွာနှင့် လဲနေရှာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို လူကလေး…လူကလေး…ဖြစ်ရလေကွယ်" ဟု မစ္စတာ ဘရောင်းလိုသည် အိုလီဗာအား ငုံ့ကြည့်ရာက "မြင်းရထား တစ်စင်း ခေါ်ပေးစမ်းပါ။ လုပ်စမ်းပါ။ တစ်ယောက်ယောက် မြင်းရထား တစ်စီး ခေါ်ပေးစမ်းပါ" ဟု အကူအညီ တောင်းလိုက်လေ၏။

မကြာခင်မှာပင် မြင်းရထားတစ်စီး ရောက်လာလေရာ အိုလီဗာကို ရထားပေါ်သို့ ပွေ့တင်လိုက်ကြပြီး မစ္စတာ ဘရောင်းလိုလည်း ရထားပေါ်သို့ တက်လိုက်လေ၏။

"ကျွန်တော်ပါ လိုက်ခဲ့ရဦးမလား" ဟု စာအုပ်ဆိုင်ရှင်က ရထားပြတင်းပေါက်မှ ခေါင်းပြူကာ မေးလိုက်လေ၏။

"ဟာ ဟုတ်သားပဲ၊ ခင်ဗျားစာအုပ်ဖိုးကို ခုထက်ထိ မပေးရသေးပါကလား။ ကဲ…ကဲ လိုက်ခဲ့လေ…"

စာအုပ်ဆိုင်ရှင်လည်း ရထားပေါ်သို့ ခုန်တက်လိုက်ပြီးနောက် ရထားလည်း ထွက်ခွာခဲ့လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၈။ မမြဲတဲ့ရိပ်သာ

မစ္စတာဘာရောင်းလိုသည့် အရိပ်ကောင်းသော ဆိတ်ငြိမ်သည့် လမ်းတစ်လမ်းရှိ သူ့အိမ်သို့ အိုလီဗာအား ခေါ်ဆောင်သွားလေသည်။ အိမ်သို့ ရောက်လျှင် ချက်ချင်းပင် အိပ်ရာကို ပြင်ဆင်နိုင်းကာ အိုလီဗာအား သိပ်ထားလိုက်လေသည်။ ပြီးနောက် အဆုံးမရှိသော ကြင်နာယုယမှုနှင့် အိုလီဗာကို ပြုစုနေလေ၏။

သို့ရာတွင် အိုလီဗာကား ရက်ပေါင်း မြောက်မြားလှစွာပင် သူ၏ မိတ်ဆွေသစ်များ၏ ကြင်နာမှုကို သတိမပြုနိုင်ခဲ့ချေ။ နောက်ဆုံးမှ အင်အားချို့တဲ့စွာနှင့် သူသည် ရှည်လျားလှသော အိပ်မက်ဆိုးကြီးကို မြင်မက်နေရသည်မှ လွတ်ကင်း နိုးကြားလာသည့်အလား သတိရလာတော့လေသည်။ အားနည်းလှစွာနှင့် ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီးနောက် အိုလီဗာသည် သူ့ပတ်ဝန်းကျင်ကို စိုးရိမ်မကင်း လှည့်ကြည့်မိလေသည်။

"ကျွန်တော် ဘယ်ရောက်နေတာလဲ။ ဒီအခန်းက ဘာအခန်းလဲ။ ကျွန်တော် အိပ်ပျော်သွားတဲ့ အခန်း မဟုတ်ဘူး"

သူ့အသံကား အားနည်းလှသည့်အတွက် တိုးတိုးကလေး ဖြစ်သော်လည်း ချက်ချင်းပင် စိတ်သဘောနူးညံ့ပုံရသည့် မိန်းမကြီးတစ်ယောက်သည် သူ့အနားသို့ ရောက်လာလေ၏။

"ရှူး ငြိမ်ငြိမ်နေနော် လူကလေး။ တော်တော်ကြာ ပြန်ပြီးမကောင်းဖြစ်နေဦးမယ်၊ လူကလေး အတော်ကြီးကို ဖျားခဲ့တာ။ ကဲ ငြိမ်ငြိမ်ကလေး နေလိုက်နော် လိမ္မာပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကြီးသည် ဤသို့ ယုယုယယ ပြောရာက အိုလီဗာအား ယုယစွာ ပြန်သိပ်လိုက်လေသည်။ ပြီးနောက် အိုလီဗာ၏ မျက်နှာကလေးကို ချစ်ခင်ကြင်နာလှစွာ ကြည့်နေသည့်အတွက် အိုလီဗာလည်း မနေနိုင်တော့ဘဲ အလိုအလျောက် သူ့လက်ကလေးများကို မိန်းမကြီး၏ လက်ထဲတွင် ထည့်ကာ သူ့လည်ပင်းတွင် ရစ်ပတ်လိုက်စေလေ၏။

"အလို ချစ်စရာ ကောင်းလှချေကလားကွယ်။ အင်း ခုနေ သူ့အမေသာ ငါ့နေရာမှာ ရောက်နေမယ်ဆိုရင်ဖြင့် ဘယ်လိုနေရှာမယ် မသိဘူး"

ပြီးနောက် မိန်းမကြီးသည် အိုလီဗာ သောက်ရန်အတွက် အေးမြသော အရည်တစ်ခု ပြုပေးပြီး ငြိမ်ငြိမ်နေရန် ပြောဆိုပြန်လေ၏။ အိုလီဗာတွင်လည်း သူ့အပေါ် ကြင်နာလှသော မိန်းမကြီးကို ကျေနပ်စေရန် အတွက်ကြောင့် လည်းကောင်း၊ သူကိုယ်တိုင်ကလည်း အတော်ကလေး နုံးလာပြီဖြစ်သည် တစ်ကြောင်းတို့ကြောင့် ငြိမ်ငြိမ်သက်သက်ပင် နေလိုက်လေသည်။ မကြာခင်မှာပင် အိပ်ပျော်သွားပြန်လေ၏။

မစ္စတာ ဘရောင်းလို၏ ဆရာဝန် ဆေးစွမ်းကြောင့်လည်းကောင်း၊ မစ္စက်ဘက်ဒဝင် အမည်ရှိသော မိန်းမကြီး၏ ကြင်နာယုယစွာနှင့် ပြုစုမှုကြောင့် လည်းကောင်း၊ အိုလီဗာမှာ စိုးရိမ်ဖွယ်ရာ ကောင်းသော အခြေအနေမှ တစ်စတစ်စ သက်သာလာကာ သုံးရက်မြောက်သော နေ့တွင် ဝက်လက် ကုလားထိုင်ပေါ်၌ ခေါင်းအုံးများကို မှီကာ ထိုင်နိုင်လာတော့လေသည်။ သို့ရာတွင် အင်အားနည်းနေသေးသည့်အတွက် လမ်းလျှောက်နိုင်ခြင်း မရှိသေးရာ မစ္စက်ဘက်ဒဝင်က သူမ၏ အခန်းဝသို့ ချီချသွားရလေ၏။ ပြီးနောက် အိုလီဗာ ဤမျှလောက် ထူထူထောင်ထောင် ဖြစ်လာရသည်ကို ဝမ်းမြောက်လှသည့်အတွက် မစ္စက်ဘက်ဒဝင်သည် မိန်းမသားပီပီ ငိုကြွေးလေတော့၏။ ပြီးမှ…

"လူကလေး အမေ့အတွက် မစိုးရိမ်ပါနဲ့ကွယ်။ အမေ ဝမ်းသာလွန်းလို့ ငိုတာပါကွယ့်။ ကဲ ခုမငိုတော့ပါဘူး"

"ဒေါ်ဒေါ်ဟာ ကျွန်တော့်အပေါ်မှာ သိပ်ကြင်နာတာပဲ"

"ဒါက ကိစ္စမရှိပါဘူးကွယ်။ ခု လူကလေး စွပ်ပြုတ်သောက်ရမယ့် အချိန် ရောက်ပြီကွယ့်။ စွပ်ပြုတ်သောက်မှ အားရှိလာမှာနော်။ နောက်ပြီး မစ္စတာ ဘရောင်းလိုက လူကလေးကို လာကြည့်နိုင်ပြီကွယ့်။ ဒါတော့ လူထာ

www.burmeseclassic.com

www.burmeseclassic.com



လေးကို ကောင်းကောင်းမွန်မွန် တွေ့ရလေလေ သူဝမ်းသာလေလေ ဖြစ်မှာကွယ့်"

ရေရောလိုက်လျှင် လူဆင်းရဲပေါင်း ၃၅၀ ခန့်ကို ကျွေးနိုင်မည့် အနှစ်အရသာ ပြည့်စုံလှသည့် စွပ်ပြုတ်ကို သောက်ပြီးသွားသည့်အခါတွင် အိုလီဗာသည် သူ့ကုလားထိုင်နှင့် မျက်နှာချင်းဆိုင် နံရံ၌ ချိတ်ဆွဲထားသည့် ပန်းချီပုံတူ ကားချပ်တစ်ခုကို စူးစူးစိုက်စိုက် ကြည့်ရှုနေလေရာ-

"လူကလေးက ရုပ်ပုံတွေကို ကြိုက်သလား" ဟု မစ္စက်ဘက်ဒဝင်က မေးလိုက်လေသည်။ ဤတွင်မှ အိုလီဗာလည်း ရုပ်ပုံကားချပ်မှ မျက်လုံးများ လွှဲလိုက်ပြီး...

"ကျွန်တော် မပြောတတ်ဘူး ဒေါ်ဒေါ်။ ရုပ်ပုံတွေကို ကျွန်တော် နည်းနည်းကလေးသာ တွေ့ဖူးပါတယ်။ ဟိုပုံထဲက မိန်းမကသိပ်ပြီး သဘောနူးညံ့ပုံရတယ်နော်...သူ့မျက်နှာကလေးက သိပ်ချိုတာပဲ"

"ဒီလိုပေါ့ကွယ်...ပန်းချီဆရာတွေက သူတို့ ကူးဆွဲရတဲ့ မိန်းမတွေကို ရုပ်ပုံထဲမှာ ပိုလှပိုချောအောင် ရေးဆွဲပေးကြရတာပေါ့။ နို့မို့ရင် သူတို့ ဘယ်အလုပ် လုပ်ရတော့မှာလဲကွယ့်"

"ဒီရုပ်ပုံက လူကိုကြည့် ဆွဲထားလား ဒေါ်ဒေါ်"

"ဒါပေါ့ကွယ်။ ပုံတူကားချပ်လို့ ခေါ်တယ်"

"ဘယ်သူ့ပုံလဲ ဒေါ်ဒေါ်"

"ဘယ်သူ့ပုံလည်းတော့ ဒေါ်ဒေါ်လည်း မပြောတတ်ဘူး လူကလေး။ လူကလေးက ဒီပုံကို သိပ်သဘောကျနေတယ် ထင်တယ်"

"သိပ်လှတာပဲ ဒေါ်ဒေါ်"

"လူကလေးကို ကြည့်ရတာ ပုံကိုကြည့်ပြီး ကြောက်နေသလိုလိုပါပဲ"

မစ္စက်ဘက်ဒဝင်က အိုလီဗာသည် လေးနက်သော အံ့သြခြင်း အမူအရာနှင့် ရုပ်ပုံကားချပ်အား ကြည့်နေသည်ကို တွေ့ရသောကြောင့် မေးလိုက်လေသည်။

"အို မကြောက်ပါဘူး။ ဒါပေမဲ့ သူ့မျက်လုံးလေးတွေက သိပ်ပြီး ဝမ်းနည်းနေတဲ့ ပုံပါပဲ။ ကျွန်တော်ထိုင်နေတဲ့ နေရာကဆိုရင် မျက်လုံးတွေက ကျွန်တော့်ကို တည့်တည့်ကြီး ကြည့်နေပုံပဲ။ ကျွန်တော် ရင်ထဲ ခုန်လာတယ်။ ရုပ်ပုံက အသက်ရှင်လာပြီး ကျွန်တော့်ကို စကားပြောချင်ရက်နှင့် မပြောနိုင်သလိုဘဲ ဒေါ်ဒေါ်"

www.burmeseclassic.com

www.burmeseclassic.com



"အလိုဘုရားရေ..." မစ္စက်ဘက်ဒဝင်သည် ကြောက်ရွံ့လာဟန်နှင့် ရေရွတ်လိုက်လေသည်။

"ဒီလို မပြောပါနဲ့ လူကလေးရယ်။ လူကလေးက ဖျားပြီးစဆိုတော့ စိတ်တွေတစ်မျိုး ဖြစ်နေတယ် ထင်ပါရဲ့။ ကဲ...ကဲ ဒီရုပ်ပုံကို မကြည့်နဲ့ ကွယ်။ ကုလားထိုင်ကို တခြားဘက် လှည့်ပေးမယ်နော်။ ကဲ...မမြင်ရတော့ဘူး မဟုတ်လား"

အိုလီဗာကား သူ့စိတ်ကို လှုပ်ရှားစေသော ရုပ်ပုံကားချပ်ကြီးက ချက်စိထဲတွင် ထင်ထင်ရှားရှားကြီး မြင်ယောင် စွဲလမ်းနေမိသော်လည်း မစ္စက် ဘက်ဒဝင် ထိတ်လန့်မည် စိုးသည့်အတွက် တိတ်တိတ်ပင် နေလိုက်လေ၏။

ထိုစဉ်၌ ဖြည်းညင်းစွာ တံခါးခေါက်လိုက်သံ တစ်ချက် ထွက်ပေါ်လာကာ မစ္စက်ဘက်ဒဝင်က ဝင်ခွင့်ပေးလိုက်လျှင် အခန်းထဲသို့ မစ္စတာဘရောင်းလို ဝင်ရောက်လာလေ၏။ အိုလီဗာသည် သူ့ကျေးဇူးရှင်ကို မတ်တတ် ထ၍ အရိုအသေပေးရန် ကြိုးစားသော်လည်း နုံးချည့်နေသူဖြစ်ရကား ကုလားထိုင်ပေါ်တွင် ပြန်လဲကျသွားလေသည်။

"အင်း... သနားစရာ၊ သနားစရာ။ ဘယ်နှယ့် နေသေးသလဲ လူကလေး"

"သိပ်ပျော်ပါတယ်ဦး။ ဦး ကျွန်တော့် အပေါ် ကောင်းခဲ့တာတွေကို ကျေးဇူးတင်လို့ မဆုံးအောင် ဖြစ်နေမိပါတယ်"

"လိမ္မာတဲ့ လူကလေးပဲ" ဟု မစ္စတာ ဘရောင်းလိုက အားရပါးရကြီး ပြောလိုက်လေသည်။ "ဘက်ဒဝင် ကလေးကို အင်အား တိုးစေမယ့် အစာ ကျွေးပြီးပြီလား"

"ခုနကပဲ စွပ်ပြုတ် တစ်ပန်းကန် သောက်ပြီးပါပြီဦး"

"စွပ်ပြုတ်ဟုတ်လား။ ချတ်ပိုတ်ပိုင် နှစ်ဖန်ခွက်လောက် တိုက်လိုက်ရင်ကမှ ပိုကောင်းဦးမယ်၊ မဟုတ်ဘူးလား တွမ်ဝှိုက်"

"ကျွန်တော့် နာမည်က အိုလီဗာပါ ဦး" ဟု အိုလီဗာက အံ့အားသင့်စွာပြန်ဖြေလိုက်လေသည်။

"အိုလီဗာ ဟုတ်လား၊ အိုလီဗာ ဘာလဲ... အိုလီဗာဝှိုက်လား"

"မဟုတ်ပါဘူး ဦး။ တွစ်ပါ အိုလီဗာတွစ်"

www.burmeseclassic.com

www.burmeseclassic.com



"အတော်ဆန်းတဲ့ နာမည်ပဲ။ နို့ ဘာပြုလို့ တရားသူကြီးကိုတော့ တွင်ခိုက်လို့ ပြောခဲ့ရတာလဲ"

"ကျွန်တော် ဘယ်တုန်းကမှ မပြောခဲ့ပါဘူး ဦး" ဟု အိုလီဗာက အံ့သြစွာပင် ပြန်ဖြေလိုက်လေသည်။ သို့ရာတွင် အဘိုးကြီး အတွက်တော့ အိုလီဗာက တမင်သက်သက် မုသား ပြောလိုက်သလိုပင် ဖြစ်သွားလေရာ အဘိုးကြီးသည် အိုလီဗာအား တင်းမာသော မျက်နှာထားနှင့် ကြည့်လိုက်လေသည်။ သို့ရာတွင် သူ့စကားကို မယုံကြည်လို့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်၊ အိုလီဗာ၏ မျက်နှာ ကလေးတွင် ဖြောင့်မှန်မှုသည် ထင်ရှားစွာ ပေါ်လွင်နေသောကြောင့် ဖြစ်လေ၏။

"အင်း...မှားလို့ ဖြစ်မှာပါကွယ်"

အိုလီဗာ၏ မျက်နှာကလေးကို ဆက်လက် ကြည့်စရာ အကြောင်းက မစ္စတာ ဘရောင်းလိုတွင် မရှိတော့သည့်တိုင်အောင် ထိုမျက်နှာကလေးသည် သူမြင်ဖူးသော ရင်းနှီးသည့် အခြားမျက်နှာတစ်ခုနှင့် တူလှချည့်ဟု စိတ်ထဲတွင် ထင်မှတ်မိသည့်အတွက် မစ္စတာ ဘရောင်းလိုတွင် သူ့မျက်လုံးများကို အိုလီဗာ၏ မျက်နှာမှ ခွာမရနိုင်အောင် ဖြစ်နေမိတော့လေသည်။

"ကျွန်တော့်ကို စိတ်ဆိုးနေသလား ဦး" ဟု အိုလီဗာက အသနားခံသော မျက်လုံးများနှင့် လှန်ကြည့်ရင်းက မေးလိုက်လေသည်။

"မဆိုးပါဘူးကွယ်...မဆိုးပါဘူး" ဟု မစ္စတာ ဘရောင်းလိုက ပြန်ဖြေလိုက်ပြီးနောက် ရုတ်တရက်ကြီး ဆိုသလို

"အလို ဘုရားရေ...ဟော့ ဘက်ဒဝင် ဟိုမှာကြည့်စမ်း"

အဘိုးကြီးသည် ပြောပြောဆိုဆို အိုလီဗာ၏ ခေါင်းပေါ်မှ ပုံတူကားချပ်ကြီးဆီသို့ လက်ညှိုးထိုးပြလိုက်ကာ တစ်ဖန် အိုလီဗာ၏ မျက်နှာကလေး ဆီသို့လည်း လက်ညှိုး ထိုးပြလိုက်လေ၏။ အိုလီဗာ၏ မျက်နှာကလေးကား ရုပ်ပုံကားချပ်၏ အသက်ရှင်နေသော ပုံတူကလေးပင် ဖြစ်နေတော့သည်။ ခေါင်းအနေအထား၊ မျက်လုံးနှင့် နှာခေါင်းနှင့် အခြား အင်္ဂါတိုင်းမှာ တူညီလှပေ၏။ ထိုအချိန်ကလေး၌ အမူအရာချင်းပင် တူညီနေလေရာ ရုပ်ပုံကားချပ်၏ မျက်နှာကို အိုလီဗာ၏ မျက်နှာပေါ်တွင် အသေးငယ်ဆုံးသော မျဉ်းကြောင်း ကလေးကအစ၊ အံ့သြစရာ ကောင်းလောက်အောင် တူညီစွာ ကူးယူ ထားသကဲ့သို့ ဖြစ်နေတော့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိုလီဗာကတော့ အဘိုးကြီး ဘာကြောင့် အလန့်တကြား ဖြစ်နေသည်ကို နားမလည်ရကား၊ ထိတ်လန့်သွားမိပြီး အင်အားနည်းပါးနေဆဲ ဖြစ်ရကား ထိတ်လန့်မှု၏ ဒဏ်ချက်ကို မခံနိုင်ဘဲ သတိမေ့သွား ရှာပြန်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၉။ ဖေဂင်၏ ရှာပုံတော်

"အိုလီဗာ ဘယ်မလဲ သူ ဘယ်မှာ ကျန်ရစ်ခဲ့တာလဲ" ဟု ဖေဂင်သည် ခြိမ်းခြောက် ရန်ပြုတော့မည့် အမူအရာကြီးနှင့် ထိုင်ရာမှထရင်း မေးလိုက်လေသည်။

သူခိုးကလေးများကား သူတို့ဆရာ၏ အမူအရာကို ကြောက်ရွံ့သွားသကဲ့သို့ ကြည့်လိုက်ကြပြီး တစ်ယောက်ကို တစ်ယောက်ကြည့် နေကြပြန်လေသည်။ သို့ရာတွင် သူတို့သည် ဘယ်လိုမှ ပြန်မဖြေကြ။

"ကောင်ကလေး ဘာဖြစ်ကျန်ခဲ့သလဲ" ဟု ဖေဂင်သည် ဒေါ့ဂျားအား အကျီကော်လံမှနေ၍ တင်းကျပ်စွာ ဖမ်းဆုပ် ကိုင်လိုက်ပြီးနောက် မေးလိုက်ပြန်လေသည်။ "ပြောလေကွာ၊ မင်းကို ငါ လည်ပင်း ညှစ်သတ်လိုက်ရမလား"

ဖေဂင်၏ အမူအရာမှာ ပြောသည့်အတိုင်း လုပ်မည့်အမူအရာမျိုးဖြစ်နေရကား သူ့ဘေးအန္တရာယ်ကို ကြိုတင်မြင်တတ်သူ ချာလီဘိတ်(စ)သည် ဒေါ့ဂျားပြီးလျှင် သူ့အလှည့် ဖြစ်ရမည်ဟု တွေးမိကာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက် ရှူးနေသော နွားသိုးသံကြီးနှင့် စကားပြော အော်သံကြီး၏ အသံတို့ ကြားထဲဝယ် ရှိသောအသံနှင့် ကျယ်လောင်လှစွာ မဆုံးနိုင်အောင် အော်ဟစ်နေတော့လေသည်။

"မပြောဘူးလားကွ" ဟု ဖေဂင်က ပြောပြောဆိုဆို ဒေါ့ဂျား၏ ကြမ်းတမ်းလှစွာ ဆွဲခါနေလေရာ ဒေါ့ဂျားကိုယ်တွင် ကုတ်အကျီကြီး မြဲနိုင်ခြင်းမှာ အံ့သြစရာ ကောင်းနေတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ။ ကောင်လေးကို ပုလိပ်တွေ ဖမ်းမိသွားတာပေါ့" ဒေါ်ဂျားက မှန်တေတေနှင့် ပြန်ပြောလိုက်လေသည်။ "ကဲ ကျုပ်ကို တ်ဗျာ"

ပြောပြောဆိုဆို ဒေါ်ဂျားသည် သူဝတ်ထားသော ကုတ်အင်္ကျီထဲမှ တ်ထွက်သွားအောင် တစ်ချက်တည်း ရုန်းကန်ထွက်လိုက်လေရာ ကုတ် ကျီကြီးသာလျှင် ဖေဂင်၏ လက်ထဲတွင် သူ့ကိုယ်စား ကျန်ရစ်ခဲ့လေ တော့သည်။ ပြီးနောက် ဒေါ်ဂျားသည် စားပွဲပေါ်မှ ခက်ရင်းတစ်ချောင်းကို ကောက်ယူလိုက်ရပြီး ဖေဂင်၏ ဘိုက်ဆီသို့ တစ်ချက် လှမ်းထိုးလိုက် သည်။ ဖေဂင်လည်း သူ့ကိုယ်ခန္ဓာကြီးနှင့် မလိုက်အောင် သွက်လက် ပါးစွာ နောက်သို့ တစ်လှမ်းခုန်လိုက်လေသည်။ ပြီးနောက် ဗျစ်ရည်အိုး စ်လုံးကို ကောက်ယူကာ ဒေါ်ဂျားအား ပေါက်ရန် ရွယ်လိုက်လေသည်။ ရာတွင် ထိုအချိန်၌ ချာလီက တကယ်ကြောက်စရာ ကောင်းလှအောင် အော်လိုက်ပြန်လေရာ ရေဝတီကြီးလည်း အိုးကို ၎င်းထံသို့ ပေါက်လိုက် သ၏။

"နင့်အမေကလွှားတဲ့။ ငါ့ကို ဘယ်သူက အိုးနဲ့ပေါက်လိုက်တာလဲကွ၊ င် အိုးနဲ့မထိဘဲ ဗျစ်ရည်တွေသာ ငါ့ကို လာစဉ်တာ ကံကောင်းတယ်မှတ်။ ရင် ပေါက်တဲ့ကောင်တော့ အသေပဲ။ ဟေ့ ဖေဂင် ဘာဖြစ်နေတာလဲကွ။ ခွေးမှပဲ ငါလည်းစည်းလည်း ဗျစ်ရည်တွေ ပေကုန်ပါပြီ။ ကဲ ဟို သောက် ကလည်း ဝင်လေကွာ။ မင်းက ဘာပြုလို့ အပြင်မှာ ရပ်နေရတာလဲ။ ာလဲ မင်းဟာ မင်းဆရာကိုများ ရှက်နေသလား ဟင်"

ထိုစကားများကို အသံဩကြီးနှင့် ကြိမ်းဝါးပြောဆိုလိုက်သူကား တ္တိပါ ကုတ်အင်္ကျီအနက်နှင့် ညစ်ပေသော ဘောင်းဘီကို ဝတ်ဆင်ထား ည့် ကိုယ်လုံးတုတ်တုတ် ခိုင်ခိုင်နှင့် အသက် ၃၅ နှစ်ခန့်ရှိ လူကြီး တစ် ာက် ဖြစ်လေ၏။ ၎င်း၏ ဘွတ်ရှည်စီးလျက် မီးခိုးရောင်ချည် ခြေအိတ် စွပ်ထားသည့် ခြေထောက်များမှာ တုတ်ခိုင်စွာထွက်နေသော ခြေသလုံး နှင့် ကြီးမားလှပေ၏။

သူ့ခေါင်းပေါ်တွင်ကား အညိုရောင် သက္ကလတ် ဦးထုပ်ဆောင်းထား လည်ပင်းတွင် ညစ်ပတ်လှသော လက်ကိုင်ပဝါ တစ်ထည် စည်းထား သည်။ ၎င်းသည် ထိုလက်ကိုင်ပဝါဖြင့် မျက်နှာတွင် ပေကျံနေသော ရည်များကို သုတ်နေရင်းက စကားပြောနေခြင်း ဖြစ်၏။ လက်ကိုင်ပဝါကို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှ ဖယ်လိုက်လျှင်ကား နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို သုံးရ
တိတိ မရိတ်ဘဲ ထားခဲ့သည့် မျက်နှာကြီးနှင့် မျက်မှောင်ကြီး ကုတ်ထားသေ
မျက်လုံးနှစ်လုံးကို တွေ့ရလေ၏။ မျက်လုံးတစ်ဖက်ကား မကြာသေးခင်
အထိုးခံရသည့်အတွက် ညိုမည်းနေလေ၏။

"ဝင်လာလေကွာ၊ ပြောနေတာ မကြားဘူးလား" ဟု ထိုလူကြီးသည်
လည်ချောင်းသံကြီးနှင့် ငေါက်လိုက်ပြန်လေသည်။

အမွေးစုတ်ဖွားနှင့် ခွေးဖြူတစ်ကောင်သည် ကုပ်ချောင်းချောင်းနှ
အခန်းထဲသို့ ဝင်လာလေသည်။ ခွေး၏ မျက်နှာတွင်ကား ဒဏ်ရာဒဏ်ချ
အမြောက်အမြားကို အနှံ့အပြား တွေ့နိုင်လေ၏။

"ဖေဂင် မင်းဘာလုပ်နေတာလဲ။ ကောင်ကလေးကို ညှဉ်းနေတ
ပေါ့လေ။ သူတို့ ဘာပြုလို့ မင်းကို သတ်မပစ်ကြသေးသလဲ ဆိုတာ
ငါတော့ အံ့ဩမိတယ်။ ငါသာ ဆိုရင်တော့ သတ်ပစ်မိမှာပဲ"

"ရှူးရှူး မစ္စတာ ဆိုက်စ်၊ ဒီလို မပြောပါနဲ့"

မစ္စတာ ဆိုက်စ်လည်း အရက်သုံးလေးခွက် သောက်ပြီးမှ ဒေါ့ဂျား
လူစုကို အရေးစိုက်လာဖော်ရတော့ကား စကားမပြည် ပြောတော့လေ
အိုလီဗာတွစ်အား ပုလိပ်များ ဖမ်းမိသွားသည့် အကြောင်းကို ဒေါ့ဂျာ
အမျိုးမျိုး ချဲ့ထွင်လျက် ပြောပြလိုက်လေ၏။ ဤတွင် ဖေဂင်က...

"ဒီကောင်ကလေးက ပုလိပ်တွေကို ကျုပ်တို့ ဒုက္ခရောက်စ
အကြောင်းတွေ ပြောမှာကို ကျုပ် သိပ်စိုးရိမ်မိတာပဲ" ဟု ဖေဂင်က ပြောလို
လေသည်။

အတော်ကြာ တိတ်ဆိတ် သွားကြလေ၏။ လူတိုင်း လူတိုင်းတွင်
ကိုယ့်အတွေးထဲဝယ် နစ်မြုပ်နေကြပုံရလေသည်။ ဆိုက်စ်၏ ခွေးသည
ပင်လျှင် နှုတ်ခမ်းများကို လျှာနှင့်လျက်နေရာမှ လမ်းပေါ်သို့ ပြန်ရော
သွားသည်နှင့် တစ်ပြိုင်နက် ဘယ်သူ့ကို ကိုက်ရပါ့မလဲဟု တွေးတောနေ
ရလေ၏။

နောက်ဆုံးမှ မစ္စတာဆိုက်စ်က အသံတိုးတိုးနှင့် တိတ်ဆိတ်မှု
ဖောက်ဖျက်လိုက်လေသည်။

"ပုလိပ်ရုံးမှာ ဘာဖြစ်တယ်ဆိုတာကို တစ်ယောက်ယောက် သွ
စုံစမ်းမှ ဖြစ်မယ်"

ဖေဂင်က သူ့စကားကို ခေါင်းညိတ် ထောက်ခံလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်စ် ပြောသည့်အတိုင်း လုပ်ဖို့ လမ်းသာရှိသည်ကို သူတို့အားလုံး သိမြင်ကြလေ၏။ သို့ရာတွင် ထိုသို့ ပြုလုပ်ဖို့ မဖြစ်နိုင်သည့် အကြောင်း တစ်ရပ်ကား ရှိနေပြန်၏။ အခြား မဟုတ် ဒေါ်ဂျား၊ ချာလီ၊ ဖေဂင်နှင့် မစ္စတာ ဆိုက်စ်တို့ လေးယောက်စလုံးမှာ စိတ်သဘော တူညီလှစွာနှင့် ဘယ် အကြောင်း ကိစ္စနှင့်မဆို ပုလိပ်ရုံး အနားသို့ပင် သွားရမည်ကို ပြင်းပြင်း ထန်ထန်ကြီး မနှစ်မြို့ ဖြစ်နေမိကြခြင်းပင် ဖြစ်တော့လေသည်။

အကယ်၍ ထိုအချိန်၌ နန်စီနှင့် ဘက်တီတို့ နှစ်ယောက်သည် အခန်း ထဲသို့ ဝင်မလာကြပါက သူတို့အားလုံး အဘယ်မျှလောက် ကြာအောင် အကျပ်ရိုက်နေ မိကြမည်မသိပေ။ ယခုတော့ နန်စီကို အိုလီဗာအကြောင်း ပြောကာ ပုလိပ်ရုံးသို့ အတင်း စေလွှတ်ကြတော့လေသည်။ နန်စီက ငြင်း ဆန် သေးသော်လည်း ဆိုက်စ်က အတင်းခြိမ်းခြောက်၊ ချော့ကာ ခိုင်းသည့် အတွက် နောက်ဆုံးတွင် နန်စီမှာ သွားဖို့သဘောတူညီ လိုက်ရလေ၏။

နန်စီသည် သူမ၏ အဝတ်အစားများကို သပ်သပ်ရပ်ရပ် ပြန်လည် ပြုပြင်လိုက်ကာ ကောက်ရိုးဦးထုပ်ကလေး ဆောင်းလျက် လက်တစ်ဖက်တွင် ခြင်း တောင်းကလေးချိတ်ကာ ပုလိပ်ရုံးသို့ ထွက်ခဲ့လေ၏။

ရုံးသို့ ရောက်လျှင် နန်စီသည် သဘောကောင်းပုံရသော ရှေ့ဖတ် စာရေးကြီးထံ တိုက်ရိုက်သွားစုံစမ်းလေ၏။ အိုလီဗာအား သူမ၏ မောင်လေး တစ်ယောက် အနေနှင့် ဤရုံးမှ မတရား ချုပ်ထားသည်ဟု ကြားရကြောင်း၊ ထို့ကြောင်း ချက်ချင်း ထုတ်ပေးပါမည့်အကြောင်း မျက်ရည်များကို ညှစ် ထုတ်ကာ စာရေးကြီးအား အပူကပ်တော့လေသည်။

"သူ တို့ဆီမှာ မရှိပါဘူး ကလေးမရဲ့"

"ဒီလိုဆိုရင် သူ ဘယ်မှာလဲ" ဟု နန်စီက သူ့မောင်လေးအတွက် စိုးရိမ်ထိတ်လန့်မိသော အမူအရာနှင့် အော်မေးလိုက်လေ၏။

"ဟို ဟိုလူကြီး[illegible]တစ်ယောက် ခေါ်သွားတာပဲ"

"အလို ဘုရားရေ၊ ကျွန်မ မောင်ကလေးတော့ ဒုက္ခပါပဲ။ ဘယ်က လူကြီးလဲဟင်... ဘယ်က လူကြီးလဲ"

ဤတွင် ရှေ့ဖတ်စာရေးလည်း အိုလီဗာ ရုံးခန်းထဲတွင် မေ့လဲသွား နောက် အပြစ်မှ လွတ်ပုံ။ ပြီးနောက် ခါးပိုက်နှိုက်ခံရသည့် လူကြီးက ခြင်းရထားနဲ့ ခေါ်ဆောင်သွားပုံတို့ကို ပြောပြပြီး၊ ထိုလူကြီးက ခြင်းရထား

www.burmeseclassic.com

www.burmeseclassic.com

သမားအား ပင့်တွန်ဗီးရပ်ကွက်သို့ မောင်းရန် အမိန့်ပေးလိုက်သံကို မိ
ကြားခဲ့ရကြောင်း စသည်ဖြင့် ပြောပြလိုက်လေသည်။

ဤတွင် နန်စီသည် သူမ၏ ရည်ရွယ်ချက်အတိုင်း အိုလီဗာ
အကြောင်းကို သိရှိရပြီး ဖြစ်ရကား၊ ဖေဂင်ထံသို့ အမြန်ပြန်ခဲ့ကာ အကျိ
အကြောင်း အစီရင်ခံရပြန်လေသည်။ နန်စီက ပြောပြပြီးသည့်နောက် ဖေ
မှာ အထူးပင် တုန်လှုပ်လာပုံ ရလေသည်။

"အိုလီဗာ ဘယ်မှာရှိတယ် ဆိုတာကို ငါတို့ သိမှဖြစ်မယ်။ သူ့
မတွေ့တွေ့အောင် ရှာရမယ်။ ဟော့ချာလီ မင်းကတော့ အရေးထဲကျရင် စိ
ကောက်နေဖို့ပဲ တတ်တယ်။ အေး... ဘာမှမလုပ်ဘဲ ထိုင်ပြီး စိတ်ကော
နေ။ နန်စီ ငါတော့မင်းကိုပဲ အားကိုးတာပဲကွာ။ အိုလီဗာကို ပြန်တွေ့
ဖြစ်မယ်။ ဒေါ့ဂျားနဲ့ မင်းအပေါ်မှာပဲ ငါတော့ လုံးလုံးအားကိုးမိတာပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၁၀။ အိုလီဗာအား စမ်းသပ်ခြင်း

ပုံတူကားချပ်နှင့် ပတ်သက်၍ မစ္စတာဘရောင်းလို အလန့်တကြား ပြောလိုက်မိသည့် စကားတွေကြောင့် အိုလီဗာခမျာတွင် ထိတ်လန့်ပြီး သတိမေ့မြော သွားခဲ့သော်လည်း မကြာခင်မှာပင် ပြန်လည်သတိရနေထိုင်ကောင်းလာ ပြန်လေသည်။ မစ္စတာ ဘရောင်းလိုနှင့် မစ္စက်ဘက်ဒဝင်တို့ကား ထိုပုံတူ ကားချပ်ကြီးနှင့် ပတ်သက်၍ နောက်ထပ်ဘာတစ်ခွန်းမှ မပြောကြတော့ဘဲ အခြားစကားများကိုသာ ဆက်လက်၍ ပြောဆိုကြလေသည်။ ထို စကားများတွင်လည်း အိုလီဗာ၏ ရာဇဝင်နှင့် ရှေ့ဘဝ လမ်းစဉ်တို့ကို မေးမြန်း မိုငြမ်းခြင်း မရှိ။ အိုလီဗာ၏ စိတ်ကို လှုပ်ရှားခြင်း ဖြစ်စေမည့် စကားမှန်သရွေ့ကို အထူး သတိထား၍ ရှောင်ကာ၊ အိုလီဗာ သဘောကျနှစ်ခြိုက်မည့် အကြောင်းအရာများကိုသာ ပြောဆိုကြလေ၏။

အိုလီဗာကား တဖြည်းဖြည်းနှင့် နာလန်ထ ကျန်းမာလာလေသည်။ ထိုအချိန်များကား အိုလီဗာအတွက် ပျော်စရာ အချိန်များ ဖြစ်ကြလေ၏။ ဘယ်အရာမဆို ငြိမ်ငြိမ်သက်သက် သပ်သပ်ရပ်ရပ်နှင့် စည်းကမ်းသေဝပ်စွာ ရှိလှကာ လူတိုင်းလူတိုင်းကလည်း ကြင်နာယုယ သဘောကောင်းကြသူများ ဖြစ်ကြလေရာ ဆူညံရှုပ်ပွေသည့် ပတ်ဝန်းကျင်ထဲတွင် အမြဲတစေ နေထိုင်ခဲ့ဖူးသည့် အိုလီဗာ အဖို့ နိဗ္ဗာန်သို့ ရောက်နေသကဲ့သို့ ဖြစ်နေလေ၏။ အိုလီဗာ အဝတ်အစားများကို ကျကျနန ဝတ်ဆင်နိုင်သည်အထိ အင်အားပြည့်လာသည်နှင့် တစ်ပြိုင်နက် မစ္စတာ ဘရောင်းလိုသည် သူ့အတွက် ဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ထည် ကက်ဦးထုပ်နှင့် ရှူးဖိနပ်များကို ဝယ်ခြမ်း၍ ဆင်ပေးရှာလေသည်။ သူ့အဝတ် ဟောင်းများကိုမူ မိမိသဘောကျသလို စီမံခွင့်ရသဖြင့် ၎င်းတို့ကို မိမိအပေါ် ကြင်ကြင်နာနာ ပြုစုခဲ့သော အစေခံ တစ်ယောက်အား ရောင်းစားရန် ပေးလိုက်လေသည်။

ပုံတူကားချပ်နှင့် ပတ်သက်၍ အိုလီဗာ သတိမေ့သွားရသည့်နေ့ကို ကျော်လွန်ခဲ့၍ ခုနစ်ရက် တစ်ပတ်ခန့် ကြာမြင့်ခဲ့သော တစ်ညနေခင်းတွင်ကား အိုလီဗာသည် မစ္စက်ဘက်ဒဝင်နှင့် ထိုင်စကားပြောနေစဉ် မစ္စတာ ဘရောင်းလိုက အိုလီဗာ နေထိုင်ကောင်းပါက မိမိ၏ စာကြည့်ခန်းသို့ လာပြီး ခေတ္တမျှ စကားစမြည် ပြောလှည့်ပါဟု အခေါ်လွှတ်လိုက်လေသည်။ မစ္စက်ဘက်ဒဝင် ကလည်း ပျာယီးပျာယာနှင့် အိုလီဗာ၏ ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးပေးကာ အဝတ်အစားများကိုလည်း သေသေသပ်သပ် ဖြစ်အောင် ပြုပြင်ပေးပြီးမှ မစ္စတာ ဘရောင်းလိုထံသို့ လွှတ်လိုက်လေသည်။

အိုလီဗာသည် စာကြည့်ခန်း တံခါးကို ခေါက်လိုက်ရာ အထဲမှ မစ္စတာ ဘရောင်းလို၏ ဝင်ခွင့်ပေးသံ ထွက်ပေါ်လာလေသည်။ အခန်းထဲသို့ ဝင်ခဲ့သည့် အခါ၌ စာအုပ်တွေ ပြည့်နေပြီး လှပသော ပန်းခြံကလေး တစ်ခုကို မြင်နိုင်သည့် ပြတင်းပေါက်တစ်ပေါက်နှင့် အခန်းငယ်ကလေး တစ်ခုဖြစ်သည်ကို အိုလီဗာ တွေ့ရလေ၏။ ပြတင်းပေါက်ရှေ့တွင်ကား စားပွဲတစ်ခုကို ရွှေ့ထားကာ စားပွဲတွင်ကား စာထိုင်ဖတ်နေသော မစ္စတာ ဘရောင်းလိုကို တွေ့ရလေသည်။ မစ္စတာ ဘရောင်းလိုသည် အိုလီဗာကို တွေ့ရလျှင် စာအုပ်ကို ဘေးသို့ ဖယ်လိုက်ကာ အိုလီဗာအား စားပွဲအနီးတွင် လာထိုင်ရန် ခေါ်လိုက်လေ၏။

"စာအုပ်တွေ သိပ်များတယ်နော် လူကလေး"

ကြမ်းပြင်မှနေ၍ မျက်နှာကြက်အထိ စာအုပ်တွေနှင့် ပြည့်နေသော စာအုပ်စင်များကို လိုက်ကြည့်နေသော အိုလီဗာအား မစ္စတာဘရောင်းလိုက ပြောလိုက်ခြင်း ဖြစ်လေသည်။

"သိပ်များတာပဲ ဦး။ ဒါလောက်များတာ ကျွန်တော် တစ်ခါမှ မတွေ့ဖူးသေးဘူး"

"အေး...လူကလေး ကောင်းကောင်းနေရင် ဒီစာအုပ်တွေကို ဖတ်ရမှာပေါ့ကွယ်။ ခုလို အပြင်ကနေ ကြည့်ရတာထက် စာအုပ်ကို ဖတ်ရတာကို လူကလေး ပိုသဘောတွေ့မှာပဲကွယ့်။ အေးလေ... ခုကုန်လုံးကိုတော့

www.burmeseclassic.com



ပြောတာ မဟုတ်ပါဘူး။ ဘာပြုလို့လဲ ဆိုတော့ တချို့စာအုပ်တွေဟာ အဖုံးနှစ်ခုသာ အကောင်းဆုံး ဖြစ်နေတတ်တာကိုးကွယ့်"

"ဟို စာအုပ် လေးလေးကြီး ထင်တယ်" ဟု ပြောပြောဆိုဆို အိုလီဗာက ကတ်ထူ သားရေဖုံး ရွှေစာလုံးများနှင့် စာအုပ်ထူထူကြီးတွေကို ညွှန်ပြလိုက်လေသည်။

မစ္စတာ ဘရောင်းလိုသည် ပြုံးလိုက်ကာ အိုလီဗာခေါင်းကို ယုယစွာပွတ်လိုက်ရင်းက "ဒါတွေချည်းပဲလည်း မဟုတ်ပါဘူးကွယ်၊ တချို့စာအုပ်တွေဟာ သေးသေးကလေးတွေပေမယ့် ဒီလိုပဲ လေးတတ်တယ်ကွယ့်။ လူကလေး ကြီးလာရင် ပညာရှိကြီး တစ်ယောက် ဖြစ်ပြီး စာအုပ်တွေ ဘာတွေမရေးချင်ဘူးလားကွယ့်"

"ကျွန်တော်ကတော့ စာရေးတာထက် စာပိုဖတ်ချင်တာပဲ ဦး"

"အလို...လူကလေးက စာရေးဆရာ မလုပ်ချင်ဘူးလားကွယ့်..."

အိုလီဗာလည်း ခေတ္တမျှ စဉ်းစားနေပြီးမှ စာရေးဆရာ ဖြစ်ရခြင်းထက် စာအုပ်ရောင်းသမား လုပ်ရခြင်းက ပိုကောင်းရမည်ဟု ပြန်ဖြေလိုက်ရာ အဘိုးကြီးသည် အားရပါးရ အော်ရယ်ရာက အိုလီဗာ၏ စကားများမှာ ကောင်းလှသည်ဟု ချီးမွမ်းလိုက်လေ၏။ ကောင်းသော စကားတွေကို ပြောမိသည့် အိုလီဗာသည် မိမိ၏ စကားများ ကောင်းသည်ဆိုခြင်းကို ဘာမှန်း မသိသည့်တိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားမိလေသည်။

"ကဲ...ကဲ...မစိုးရိမ်ပါနဲ့ကွယ်။ အုတ်ဖုတ်တဲ့ အလုပ်လို ဖြောင့်မှန်တဲ့ အလုပ်တွေ ရှိနေသရွေ့တော့ လူကလေးကို စာရေးဆရာမ မဖြစ်စေရပါဘူးကွယ့်"

"ကျေးဇူးတင်ပါတယ် ဦး"

အိုလီဗာ၏ ပြန်ဖြေပုံမှာ စိတ်ပါလက်ပါ ရှိလှသည့် အတွက် မစ္စတာ ဘရောင်းလိုသည် သဘောကျစွာ ရယ်လိုက်ပြန်လေသည်။ ပြီးနောက်မှ ပို၍လည်း ကြင်နာ၊ ပို၍လည်း တည်ကြည်သော အမူအရာနှင့်...

"ကဲ...လူကလေး၊ ခုဦးပြောတဲ့ စကားတွေကို သေသေချာချာ ဂရုစိုက်စေချင်တယ်။ လူကလေးကို ဦးဘာမှ ကွယ်ဝှက်မထားဘဲ ရှင်းရှင်းပြောမယ်"

"အို...ဦး ကျွန်တော့်ကို နှင်ပစ်တော့မလို့လား ဦး၊ ကျွန်တော် တောင်းပန်ပါတယ် ဦးရယ်...ဦး ကျွန်တော့်ကို နှင်ပစ်လိုက်လို့ရှိရင် ကျွန်တော်တော့

www.burmeseclassic.com



ဒုက္ခပါပဲ၊ လမ်းဂျပိုး ပြန်ဖြစ်တော့မှာပဲ၊ ကျွန်တော် ဦးဆီမှာပဲ နေပါရစေ ခင်ဗျာ၊ အစေခံအဖြစ်နဲ့ပဲ နေပါ့မယ်။ ဒါပေမဲ့ ကျွန်တော် လာခဲ့တဲ့ နေရာဆိုးကြီးကိုတော့ ပြန်မပို့ပါနဲ့ ဦးရယ်၊ ကျွန်တော့်ကို သနားပါ ခင်ဗျာ"

အိုလီဗာ၏ လှိုက်လှိုက်လှဲလှဲ တောင်းပန်ချက်သည် မစ္စတာဘရောင်းလိုအား စိတ်ထိခိုက် သွားစေလေသည်။

"လူကလေး...လူကလေးက ဒီအိမ်မှာ မနေနိုင်အောင် မလုပ်သရွေ့ကာလပတ်လုံး လူကလေးကို ဦးက နှင်ထုတ်မှာ မစိုးရိမ်ပါနဲ့ကွယ်"

"ဒီအိမ်မှာ မနေနိုင်အောင် ကျွန်တော် ဘယ်တော့မှ မလုပ်ပါဘူး ဦးရယ်၊ ဘယ်တော့မှ မလုပ်ပါဘူး"

"ဦးလည်း ဒီလိုပဲ မျှော်လင့်မိပါတယ်ကွယ်၊ ဦးစိတ်မချမ်းသာမယ့် အမှုကို လူကလေး ဘယ်တော့မှ ပြုမှာ မဟုတ်ဘူးလို့ ဦးထင်မိပါတယ်။ အရင်တုန်းကဆိုရင်ဖြင့် ဦး ကရုဏာထားပြီး စောင့်ရှောက်ကူညီခဲ့တဲ့ လူတွေဟာ နောက်ဆုံးတော့ ဦးကို ပြန်ညာသွားခဲ့ကြတယ်။ ဒါပေမဲ့ လူကလေးတော့ ဦး ယုံကြည်နိုင်တယ်လို့ စိတ်ထဲမှာ ပြင်းပြင်းထန်ထန်ကြီး ထင်မိတာပဲ။ လူကလေးနဲ့ ပတ်သက်လို့ ဦးသိပ်စိတ်ဝင်စားနေမိတယ်။ ဘာကြောင့်လဲလို့ ဦးဘာသာလည်း မပြောတတ်ဘူး။ ဦးရဲ့ မေတ္တာတွေကို ပုံအပ်မိခဲ့တဲ့ လူတွေဟာ အခုတော့ မြေမှုန့်တွေ ဖြစ်ကုန်ကြရပြီ။ ဒါကြောင့် ဦးဘဝမှာ ခံစားရတဲ့ ပျော်ရွှင်မှု ကြည်နူးမှုတွေဟာ သူတို့နဲ့ အတူတူ ပါသွားခဲ့ကြရပြီ။ ဒါပေမဲ့လည်း ဦးရဲ့ အသည်းနှလုံးကိုတော့ ခေါင်းကြီးလို အလုံပိတ်မထားပါဘူးကွယ်။ ဦးရဲ့ မြတ်နိုးချစ်ခင်တဲ့ စိတ်တွေဟာ ပျောက်ပြယ် မသွားသေးပါဘူး။ အင်မတန် ပြင်းထန်တဲ့ စိတ်ဒုက္ခဟာ ဦးရဲ့ မြတ်နိုးချစ်ခင်တတ်တဲ့ စိတ်တွေကို ပိုပြီး အားကောင်းလာစေခဲ့တယ်"

အဘိုးကြီးသည် ထိုစကားကို အိုလီဗာအား ပြောနေသည်ထက် မိမိကိုယ် မိမိ ပြန်ပြောနေသည့်အလား၊ အသံနိမ့်နိမ့်နှင့် ပြောလိုက်ပြီးနောက် ခဏ္ဍ ငြိမ်သက်ဆိတ်နေလေ၏။ ပြီးမှ အဘိုးကြီးက ရွှင်ပျလာသောအသံနှင့်...

"ကဲ...ကဲ ဦး ဒါတွေကို ပြောပြနေတာဟာ လူကလေးကို နားလည်စေချင်လို့ပါပဲ။ လူကလေးက ငယ်ငယ်ကလေးဆိုတော့ လူကလေးရဲ့ အသည်းနှလုံးက အင်မတန် နုပျိုသေးတယ်။ ဒီတော့ ဦးဟာ အင်မတန်ကြီးကျယ်တဲ့ နာကြည်းမှုနဲ့ ဝမ်းနည်းမှုတွေကို ခံစားခဲ့ရတယ် ဆိုတာကို လူကလေး သိထားလို့ ရှိရင် လူကလေးက ဦးကို နောက်လည်း ဒီလိုဒဏ်ချက်

www.burmeseclassic.com

www.burmeseclassic.com



တွေ မပေးဖို့ အထူးသတိထားမှာပဲလို့ မျှော်လင့်ပြီး ပြောတာဆိုပါတော့ကွယ်။ လူကလေးဟာ မိဘမဲ့ တစ်ကောင်ကြွက်ကလေးလို့ ပြောပြခဲ့တယ်။ ဦးနုံစမ်းလို့ သိရသမျှဟာလည်း လူကလေး ပြောတဲ့အတိုင်းပဲ။ ဒါကြောင့် လူကလေးရဲ့ အဖြစ်ကို ဦးသေသေချာချာ သိပါရစေကွယ်။ လူကလေး ဘယ်ကလာတယ်။ လူကလေးကို ဘယ်သူက အုပ်ထိန်း စောင့်ရှောက်ခဲ့တယ်။ နောက်ပြီး လူကလေး ဘယ်လိုဘယ်ပုံ လူဆိုးလူပေတွေနဲ့ ပေါင်းမိတယ်ဆိုတာတွေကို ပြောပြပါ။ လူကလေး မှန်မှန်ပြောရင် ဦးအသက်ရှင်နေသရွေ့ ကာလပတ်လုံးတော့ လူကလေးကို ဘယ်တော့မှ မိတ်ဆွေမဲ့ မဖြစ်စေရပါဘူး"

အိုလီဗာ၏ ရှိက်သံများသည် သူ့စကားများကို မိနစ်အနည်းငယ်မျှ တားဆီးထားလေသည်။ ပြီးမှ သူဘယ်လို ဘယ်ပုံ မိဘမဲ့ ကလေးများ၏ ဘုံအိမ်ထဲတွင် ကြီးပြင်းလာခဲ့ပြီးနောက် ဘုံအိမ်ကြီးသို့ မစ္စတာ ဘမ်ဘယ်လ်၏ ခေါ်ဆောင်မှုဖြင့် ရောက်လာခဲ့ရပုံတွေကို ပြန်လည် ပြောပြတော့မည် ပြုနေစဉ်မှာပင် အိမ်ရှေ့တံခါးမကြီးမှ စိတ်မရှည်သလို တံခါးမြန်မြန်ကြီး ခေါက်လိုက်သံ ကြားရပြီးနောက် အစေခံတစ်ယောက်သည် မစ္စတာ ဘရောင်းလိုထံသို့ ပြေးလာကာ မစ္စတာ ဂရင်းမဝစ်ဂ် ရောက်နေကြောင်းကို ပြောပြလေ၏။

"သူအပေါ်ကို တက်လာပြီလား"

"ဟုတ်ကဲ့ ဦး၊ သူက အိမ်မှာ ကြက်ဥမုန့်ပြား ရှိသလားလို့ မေးတယ်။ ရှိတယ်လို့ ကျွန်မ ပြန်ဖြေတော့ သူက ဒီအိမ်မှာ လက်ဖက်ရည် သောက်ရအောင် လာခဲ့တာလို့ ပြန်ပြောတယ်"

ဤတွင် မစ္စတာ ဘရောင်းလိုလည်း ပြုံးလိုက်ပြီးနောက် အိုလီဗာဘက်သို့ လှည့်လိုက်ကာ မစ္စတာ ဂရင်းမဝစ်ဂ် ဆိုသည်မှာ မိမိ၏ မိတ်ဆွေရင်း ကြီးတစ်ယောက် ဖြစ်ကြောင်း၊ ထိုလူကြီးမှာ ပြောပုံဆိုပုံ ကြမ်းတမ်းသော်လည်း စိတ်ထားကောင်းသူ တစ်ယောက် ဖြစ်၍ ထိုလူကြီးအပေါ် အပြင်ပန်း ပြုမူပုံတွေကို အမှတ်မထားရန် ပြောကြားလိုက်လေသည်။

"ကျွန်တော် အောက်ဆင်းနေရမလားဦး"

"မဆင်းပါနဲ့ကွယ်၊ ဦးက လူကလေးကို သူနဲ့ သိပ်တွေ့စေချင်တယ်ကွယ့်"

ထိုအချိန်၌ ခြေတစ်ဖက် သိပ်သန်ပုံ မရသည့် ဝဝဖိုင့်ဖိုင့် အဘိုးကြီးတစ်ယောက်သည် တုတ်ကြီးတစ်ချောင်းကို အားပြုလျက် အခန်းထဲသို့

www.burmeseclassic.com



ဝင်လာလေသည်။ သူ၏ ထူးခြားချက်မှာ သူ့မျက်နှာထားကို ပုံပန်း အမျိုးမျိုးသို့ ပြောင်းလဲစေနိုင်ပြီး စကား ပြောသည့်အခါတွင် ခေါင်းကို တစ်ဖက်သို့ လှည့်ကာ မျက်လုံးများကို ထောင့်ကပ်ကြည့်တတ်ခြင်းပင် ဖြစ်လေ၏။ ထိုအပြု အမူကြောင့် သူ့ကိုတွေ့လျှင် ကြက်တူရွေးငှက်ကို ပြေး၍ သတိရမိတတ်လေသည်။ ယခုလည်း အဘိုးကြီးသည် ဤအတိုင်းရပ်ပြီး လိမ္မော်ခွံတစ်ခုကို လက်တွင် ဆန့်တန်းကိုင်ရင်းက မကျေမနပ် လည်ချောင်း သံကြီးနှင့် ကြိမ်းဝါး လိုက်လေ၏။

"ဒီမှာကြည့်စမ်း... ဒါကို တွေ့သလား၊ ကျုပ် လူတစ်ယောက်ရဲ့ အိမ်ကို လာတိုင်း ဟောဒီက ဆရာဝန်ရဲ့ မိတ်ဆွေကို လှေကားပေါ်မှာ မတွေ့တဲ့ အခါလို့ မရှိတာ မဆန်းဘူးလား။ အံ့ဩစရာ မကောင်းဘူးလား။ ကျုပ်ဟာ လိမ္မော်ခွံကြောင့် ခြေတစ်ဖက် မသန်တော့ဘူး။ ကျုပ် သေတဲ့အခါကျရင်လည်း ဒီလိမ္မော်ခွံကြောင့်ပဲ သေရမှာပဲ။ ကျုပ်ပြောတဲ့အတိုင်း မဟုတ်ရင် ကျုပ် ခေါင်းကို ကျုပ် ပြန်စားပြမယ်ဗျာ"

ဤကား မစ္စတာ ဂရင်းမဝစ်ဂ်က တစ်ခုခုကို ပြောတိုင်း မပါမပြီးသည့် စကားတစ်ခွန်းပင်ဖြစ်လေသည်။ ဤစကားမှာ သူ့အတွက်တော့ အတော်ကလေး ထူးခြားနေလေသည်။ စကားငြင်းခုံနိုင်ဖို့အတွက် လောကဓာတ်ပညာသည် သိပ်ပြီး ထွန်းကားလာခဲ့သည့်အတွက် လူတစ်ယောက်သည် မိမိ၏ ဦးခေါင်းကို ပြန်စားလိုက စားနိုင်သည်ဟူ၍ပဲ ထားလိုက်ပါတော့။ သို့ရာတွင် မစ္စတာ ဂရင်းမဝစ်ဂ် ဦးခေါင်းမှာမူ လွန်စွာမှ ကြီးမားလှပြန်သည် သာမက ပေါင်ဒါတွေကလည်း အဖွေးသား ဖြစ်နေသည့်အတွက် ထိုခေါင်းကြီးကို လူသား အစားရဲဆုံးသော လူတစ်ယောက်ကပင်လျှင် တစ်ထိုင်တည်း ကုန်အောင် စားနိုင်မည့် အလုပ်မှာ မဖြစ်နိုင်သည့် ကိစ္စတစ်ခုဟု ဆိုရမည်ဖြစ်လေ၏။

"ကျုပ်ခေါင်းကို ကျုပ်ပြန်စားပြမယ်ဗျာ" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က တုတ်ကြီးကို ကြမ်းပြင်ပေါ်တွင် ဆောင့်ရင်းက ထပ်ပြောလိုက်ပြန်လေသည်။ ပြီးနောက် အိုလီဗာကို လက်ညှိုးကြီးထိုးလိုက်ကာ "နေဦး၊ နေဦး စကားမပြောနဲ့၊ လိမ္မော်သီးစားတဲ့ ကောင်လေးဟာ ဒီကောင်လေးပဲ၊ စားပြီး လိမ္မော်ခွံကို လှေကားပေါ်မှာ ပစ်ချထားခဲ့တယ်။ ဒီကောင်ကလေးဟာ လိမ္မော်သီး စားပြီး လိမ္မော်ခွံကို လှေကားပေါ်မှာ ပစ်ထားခဲ့တာ မဟုတ်ဘူးဆိုရင် ကျုပ်ခေါင်းကို ကျုပ်ဘာသာ ပြန်စားလိုက်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မစ္စတာ ဘရောင်းလိုက ရယ်လိုက်ပြီး...

"မဟုတ်ပါဘူး...သူ မဟုတ်ပါဘူး၊ ကဲပါ ခင်ဗျားရဲ့ ဦးထုပ်ကို ချွတ်လိုက်ပါဦး၊ ပြီးတော့ ဟောဒီက ကျွန်တော့ မိတ်ဆွေကလေးနဲ့ စကားပြောပါဦး"

"ကျုပ်ဒီကိစ္စအတွက်နဲ့ ပတ်သက်လို့ အတော်ကလေး စိတ်ဆိုးတယ်ဗျာ" မစ္စတာ ဂရင်းမဝစ်ဂ်က သူ့လက်အိတ်များကို ချွတ်နေရင်းက လိမ္မော်ခွံကိစ္စကိုပင် မကျေမချမ်း ဆက်လက် ပြောနေပြန်လေသည်။ "ဒီမြို့ထဲက လမ်းတွေပေါ်မှာ လိမ္မော်ခွံတွေ အနည်းနှင့်အများတော့ ရှိတတ်တယ်ဆိုတာ ကျုပ် သိပါတယ်။ နောက်ပြီး ဒီလိမ္မော်ခွံတွေကို ကျုပ်တို့ လမ်းထောင့်မှာ နေတဲ့ ဆရာဝန်ရဲ့ ကောင်ကလေးက လျှောက်ချထားတာဆိုတာကိုလည်း ကျုပ်သိပါတယ်။ မနေ့ညက မိန်းကလေးတစ်ယောက်ဟာ လိမ္မော်ခွံနင်းမိပြီး ချော်လဲ သွားရှာတယ်။ သူပြန်ထလာတော့ ဘာလုပ်တယ်မှတ်သလဲ။ ဆရာဝန် အိမ်မှာ ထွန်းထားတဲ့ မီးနီကလေးကို လှမ်းကြည့်မိတာပဲ။ ကျုပ်က ပြတင်းပေါက်ကနေ လှမ်းသတိပေးတာပေါ့၊ "သူ့ဆီ မသွားနဲ့ သူဟာ လူသတ်သမား လူ့ထောင်ချောက်"လို့ သတိပေးလိုက်ရတယ်။ ကျုပ် ပြောတဲ့ အတိုင်းပဲ သူဟာ လူ့ထောင်ချောက် တစ်ယောက်ပါပဲ ကျုပ် ပြောတာ မဟုတ်ရင်..."

အဘိုးကြီးသည် ကြမ်းပြင်ပေါ်သို့ တုတ်ကြီးကို ဆောင့်ချလိုက်လေသည်။ ဤကား သူပြောနေကျ စကားကို ပါးစပ်မှ မပြောဘဲ အဓိပ္ပာယ်ဖော်ပြလိုက်ခြင်းသာ ဖြစ်သည်ကို သူ့မိတ်ဆွေတိုင်း နားလည်ကြလေ၏။ အဘိုးကြီးသည် တုတ်ကြီးကို လက်မှ မလွှတ်သေးဘဲ ထိုင်လိုက်လေသည်။ ပြီးနောက် ဖဲကြိုးအနက်ကလေး တင်ထားသည့် မျက်မှန်ကြီးကို ထုတ်ကာ ထိုမျက်မှန်ကြီးဖြင့် အိုလီဗာကို ကြည့်နေလေသည်။ သူ့ကို စစ်ဆေးကြည့်ရှုနေမှန်းကို သိရသော အိုလီဗာသည် မျက်နှာကလေးတွင် အရောင်တက်လာရာက ဦးညွှတ်လိုက်ပြန်လေသည်။

"အင်း ဒီသူငယ်ကလေးပဲလား"

"ဟုတ်ပါတယ်၊ ဒီသူငယ်ကလေးပါပဲ"

"ဘယ်နှယ့်နေသေးလဲ သူငယ်ကလေး"

"အတော်ကြီး နေကောင်းသွားပါပြီ ခင်ဗျာ။ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဘရောင်းလိုလည်း သူ့မိတ်ဆွေသည် အိုလီဗာအား ဘုမှတ်တော့မည်ကို ရိပ်မိသည့်အလား။ မစ္စက်ဘက်ဒဝင်အား လက်ဖက်ရည် သောက်ဖို့ အဆင်သင့်ရှိနေပြီ ဖြစ်ကြောင်းကို သွားပြောချေဟု အိုလီဗာအား ခိုင်းလိုက်လေသည်။ အိုလီဗာလည်း ဧည့်သည်၏ ပြောပုံဆိုပုံတွေကို ကောင်းကောင်း နှစ်မြို့ခြင်း မရှိရကား ကျေနပ်ဝမ်းမြောက်စွာပင် အခန်းထဲမှ ထွက်သွားလေ၏။

"သူကလေးဟာ တော်တော် ချစ်စရာ ကောင်းတယ်နော်..." ဟု မစ္စတာ ဘရောင်းလိုက စကားခေါ်လိုက်လေသည်။

"ဘယ်သိမလဲ" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က ဘုကျကျ ပြန်ဖြေလိုက်လေသည်။

သို့ရာတွင် အကယ်စင်စစ်တော့ မစ္စတာ ဂရင်းမဝစ်ဂ်၏ စိတ်ရင်းထဲ၌ကား အိုလီဗာ၏ ပြောပုံဆိုပုံနှင့် အသွင်အပြင်တွေမှာ သဘောကျ နှစ်ခြိုက်စရာပင် ဖြစ်သည်ဟု ဝန်ခံမိပြီး ဖြစ်လေသည်။ သို့ရာတွင် သူ့ဝါသနာမှာ လူတစ်ဖက်သား၏ စကားကို ဆန့်ကျင်၍ ပြောရမှ ကျေနပ်သူတစ်ယောက် ဖြစ်ပြီး လိမ္မော်ခွဲ ကိစ္စကြောင့် စိတ်ကလေးကလည်း တိုနေပြန်လေရာ ကလေးတစ်ယောက် ချစ်စရာ ကောင်းသည်မကောင်းသည် ဆိုသော အချက်ကို ဘယ်သူကမှ မိမိအား ပြောပြနေစရာ မလိုဟု ကျိတ်၍ ဆုံးဖြတ်လိုက်ကာ သူ့မိတ်ဆွေကို ဆန့်ကျင်ဘက်လုပ်ဖို့ စိတ်ပိုင်းဖြတ်ထားလေ၏။

ထို့ကြောင့် အိုလီဗာ၏ ရာဇဝင်နှင့် ပတ်သက်၍ စုံစမ်းသမျှတို့မှာ ဘယ်လိုမှ ကျေနပ်ဖွယ် မရှိသေးကြောင်းကို မစ္စတာ ဘရောင်းလိုက ဝန်ခံပြီး အိုလီဗာ ကောင်းကောင်းကြီး ကျန်းမာလာတော့မှ မိမိသိချင်သည့် အကြောင်းအရာတွေကို မေးမြန်းမည်ဟု ပြောပြသည့်အခါတွင် မစ္စတာ ဂရင်းမဝစ်ဂ်သည် ငေါ်ထေ့ထေ့ အမူအရာနှင့် ရယ်ခဲ့လေသည်။ ပြီးနောက်တလည်း မစ္စတာ ဘရောင်းလို၏ အိမ်ထောင်ကို အုပ်ထိန်းရသည့် မစ္စက်ဘက်ဒဝင်သည် အိမ်တွင်ရှိသည့် ငွေပန်းကန် ငွေဇွန်းတွေကို ညညကျလျှင် သေသေချာချာ ရေတွက်ထားဖို့ ကောင်းကြောင်း၊ အဘယ်ကြောင့်ဆိုသော် အကယ်၍ တစ်နေ့ နေ့သော နံနက်ခင်းဝယ် ငွေဇွန်းသုံးလေးချောင်းပျောက်နေသည်ကို မတွေ့ရက အစရှိသည်ဖြင့် ပြောင်ချော်ချော် ထေ့ငေါ်ငေါ် ပြောနေလေ၏။

သူပြောသမျှနှင့် သူ့အကျင့်ကို သိသည့် မစ္စတာ ဘရောင်းလိုက ပြုံးပြုံး ရယ်ရယ်နှင့် သည်းခံနေခဲ့လေသည်။ ထိုနောက် လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



သောက်ကြသည့် အခါတွင် မစ္စတာဂရင်းမဝစ်ဂ်မှာ သူကြိုက်သော ကြက်ဥမုန့်ပြားတွေကို စားရ၍ သဘော အနည်းငယ် ကောင်းလာပြီး မုန့်တွေကိုချီးကျူးလေရာ လက်ဖက်ရည်ဝိုင်းတွင် အပါအဝင် ဖြစ်သည့် အိုလီဗာတွစ်အနည်းငယ် နေသာထိုင်သာ ရှိလာတော့လေသည်။

"အိုလီဗာတွစ်ရဲ့ မုန်ကန်ပြည့်စုံတဲ့ ဘဝ ရာဇဝင်နဲ့ စွန့်စားခန်းတွေကို ခင်ဗျားဘယ်တော့မှ နားထောင်မလို့လဲ" ဟု မစ္စတာ ဂရင်းမဝစ်ဂ်သည် လက်ဖက်ရည် သောက်ပြီးသွားသည့်အခါတွင် အိုလီဗာအား မျက်စောင်းထိုးကြည့်ရာက မစ္စတာ ဘရောင်းလိုအား လှမ်းမေးလိုက်လေသည်။

"မနက်ဖြန် မနက်" ဟု မစ္စတာ ဘရောင်းလိုက ပြန်ဖြေလိုက်လေသည်။ အဲဒီအခါကျရင် သူနဲ့ ကျွန်တော်နှစ်ယောက်တည်းပဲ ရှိဖို့ ကျွန်တော်ဆိုလားတယ်။ မနက်ဖြန် မနက် ၁၀နာရီမှာ ဦးဆီကို လာခဲ့ဦးနော်... သူကလေး"

"ဟုတ်ကဲ့ဦး"

အိုလီဗာသည် တုန်နှေးနှေး ပြန့်ဖြေလိုက်လေသည်။ အကြောင်းမှုကားသူ့ကို မစ္စတာ ဂရင်းမဝစ်ဂ်က သေသေချာချာချည်း စူးစိုက် ကြည့်ရှုနေသည့်အတွက် ယောင်ချာချာ ဖြစ်သွားခြင်းကြောင့် ဖြစ်လေ၏။

ဤတွင် မစ္စတာ ဂရင်းမဝစ်ဂ်က မစ္စတာ ဘရောင်းလိုအား လေသံနှင့်သွမ်း၍ စကားပြောလိုက်လေသည်။ "မနက်ဖြန်ကျရင် ကောင်လေးခင်ဗျားဆီလာမှာ မဟုတ်ဘူး။ သူပြန်ဖြေပုံ ကြည့်ပါလား၊ ချက်ချင်းပြန်ဖြေတာ မဟုတ်ဘူး၊ ကောင်လေးက ခင်ဗျားကို လှည့်စားနေတာနော်"

"သူက ကျွန်တော့်ကို မလှည့်စားဘူးလို့ ကျွန်တော် ကျိန်ပြောရဲတယ်"

"ခင်ဗျားကို မလှည့်စားရင် ကျုပ်..." မစ္စတာ ဂရင်းမဝစ်ဂ်၏တုတ်ကြီးသည် ကြမ်းပြင်ပေါ်ကို ဒုန်းခနဲ ဆောင့်လိုက်ပြန်၏။

"ဒီသူငယ်ကလေးရဲ့ ဖြောင့်မှန်မှုကို ကျွန်တော် အသက်နဲ့ အာမခံရဲပါတယ်" ဟု မစ္စတာ ဘရောင်းလိုကလည်း စားပွဲကို လက်သီးနှင့်ထုတာ ပြောလိုက်လေသည်။

"အေး...ကျုပ်ကလည်း ဒီကောင်လေးကို လူညာကလေးလို့ ကျုပ်ခေါင်းကို အာမခံထားပြီး ပြောရဲပါတယ်" ဟု မစ္စတာ ဂရင်းမဝစ်ဂ်ကလည်း စားပွဲကို လက်သီးနှင့်ထုလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်သေးတာပေါ့လေ..."

"အေး...ကြည့်တာပေါ့လေ၊ ကြည့်တာပေါ့" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က ခပ်လျောင်လျောင် ပြုံးရင်းက သံယောင်လိုက်လိုက် လေသည်။

ကံကြမ္မာ ဖန်တီးလာခြင်းလားမသိ။ ထိုအချိန်၌ မစ္စက်ဘက်ဒဝင်သည် အခန်းထဲသို့ ဝင်လာလေသည်။ မစ္စတာ ဘရောင်းလို မနက်က စာအုပ်ဆိုင်မှ မှာခဲ့သည့် စာအုပ်များ ရောက်လာသည့်အတွက် လာပို့ခြင်း ဖြစ်လေသည်။ သူမသည် စာအုပ်များကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီးနောက် အခန်းထဲမှ ပြန်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ဩော်...ဒါနဲ့ စာအုပ်ဆိုင်က ကောင်ကလေးကို တားထားလိုက်စမ်းပါ။ မစ္စက်ဘက်ဒဝင် သူ့ကို ပြန်ပေးလိုက်စရာကလေး ရှိတယ်"

"သူ ပြန်သွားပြီဦး..."

"အို...ဒီလိုဆိုရင် ခေါ်လိုက်စမ်းပါဦး၊ စာအုပ်ဖိုးတွေ ပေးရသေးတာ မဟုတ်ဘူး။ စာအုပ်ဆိုင်ရှင်ဟာ အတော်ဆင်းရဲတဲ့လူ၊ နောက်ပြီး တချို့ စာအုပ်တွေကိုလည်း ပြန်ပေးစရာ ရှိသေးတယ်"

အိုလီဗာနှင့် အစေခံမကလေးသည် လမ်းတစ်ဖက်တစ်ချက်ဆီသို့ ပြေးလိုက်ကြပါသော်လည်း ဘယ်သူငယ်ကလေးကိုမှ မတွေ့ရချေ။ မစ္စတာ ဘရောင်းလိုကို ထိုအကြောင်းအား ပြန်ပြောပြသည့် အခါ၌...

"ခက်တာပဲ ဒီစာအုပ်တွေကို ကျုပ်ဒီကနေ့ပဲ ဆက်ဆက် ပြန်ပို့ချင်တာပဲဗျာ" ဟု ညည်းလိုက်လေသည်။

"အိုလီဗာနဲ့ အပို့ခိုင်းလိုက်ပါလားဗျ၊ သူက ဆိုင်ရှင်လက်ထဲ ချော ချောမောမော ပို့ပေးမှာပေါ့..." ဟု မစ္စတာ ဂရင်းမဝစ်ဂ်က လှောင်ပြုံးပြုံးရင်း ပြောလိုက်လေသည်။

"ဟုတ်ကဲ့ ကျွန်တော်ပို့ပေးပါရစေဦး။ ကျွန်တော် မြန်မြန်ကြီးသွား ပေးပါ့မယ်"

မစ္စတာ ဘရောင်းလိုကား အိုလီဗာအား တစ်ယောက်တည်း လွှတ် လိုက် ရန်ကို စိတ်မချသည့်အတွက် ငြင်းလိုက်မည် ပြုစဉ်မှာပင် မစ္စတာ ဂရင်းမဝစ်ဂ်က ငေါ့ထေ့ထေ့ ချောင်းဆိုးလိုက်လေသည့်အတွက် အိုလီဗာအား လွှတ်လိုက် မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။ ထိုတာဝန်ကို အိုလီဗာအား ကျေကျေ ပွန်ပွန် ထမ်းရွက်ပြလိုက်စေခြင်းအားဖြင့် မစ္စတာ ဂရင်းမဝစ်ဂ်၏

www.burmeseclassic.com

www.burmeseclassic.com



သံသယဖြစ်မှုများ တရားခြင်း မရှိသည်ကို တစ်ခါတည်း အကြောင်းပြ လိုက်မည်ဟု မစ္စတာ ဘရောင်းလို စိတ်ကူးမိလေသည်။

"ကောင်းပြီ၊ လူကလေး သွားရမယ်၊ စာအုပ်တွေ ဦးရဲ့ စားပွဲနားက ကုလားထိုင်ပေါ်မှာ ရှိတယ် သွားယူချေ"

အိုလီဗာကား မိမိ၏ ကျေးဇူးရှင်အတွက် တစ်စုံတစ်ခု ပြုပေးရတော့ မည်ကို ဝမ်းသာအားရ ဖြစ်မိရာက စာအုပ်များကို သွက်လက်စွာ သွားယူလာ ပြီး စာအုပ်ဆိုင်ရှင်အား မစ္စတာဘရောင်းလိုက ဘယ်လိုများ မှာလိုက်ဦးမည် နည်းဟု စောင့်နေလေ၏။

မစ္စတာဘရောင်းလိုသည် မစ္စတာ ဂရင်းမဝစ်ဂ်ကို ခပ်တည်တည်ကြီး သုမ်းကြည့်ရင်းက...

"လူကလေး စာအုပ်ဆိုင်ရှင်ကို ဟောဒီ စာအုပ်တွေ ပြန်လာပို့တယ် လို့ ပြော။ နောက်ပြီး သူ့ကို ပေးစရာရှိတဲ့ ငွေလေးပေါင်နဲ့ ၁၀ သျှီလင်ကို ယူလာတယ်လို့ပြော။ ဟောဒီမှာ ငါးပေါင်တန် ငွေစက္ကူ စာအုပ်ဆိုင်ရှင်က ၁၀ သျှီလင် ပြန်အမ်းတာကို ဦးဆီယူခဲ့နော်..."

"ကျွန်တော် ၁၀ မိနစ်တောင် မကြာစေရပါဘူး" ဟု အိုလီဗာက စိတ်အားထက်သန်စွာ ပြန်ပြောလိုက်လေသည်။ ပြီးနောက် ငွေစက္ကူကို အင်္ကျီ အိတ်ထဲထည့်လျက် အိတ်ကို သေသေချာချာ ကြယ်သီးတပ်လိုက်ကာ စာအုပ် များကိုလည်း ချိုင်းကြားတွင် ညှပ်လိုက်ပြီးနောက် မစ္စတာ ဘရောင်းလိုအား ရိုသေစွာ ဦးညွတ် နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခဲ့လေ၏။ မစ္စက် ဘက်ဒဝင်ကတော့ သူ့ကို အိမ်ရှေ့တံခါးဝအထိ လိုက်ပို့ကာ စာအုပ်ဆိုင်သို့ ရောက်မည့် အနီးဆုံးကားနှင့် ဆိုင်ရှိသည့် လမ်းနာမည်၊ ဆိုင်ရှင်၏ နာမည် တို့ကို သေသေချာချာ ညွှန်ကြားပြောဆိုနေလေ၏။ အိုလီဗာက ကောင်း ကောင်းကြီး နားလည်ပါပြီဆိုမှ အဘွားကြီးလည်း လမ်းတွင် အအေးမမိ စေရန် သတိပြု ဖို့မှာကြား[illegible]ကာ အိုလီဗာအား သွားခွင့်ပြုလိုက်လေသည်။

"အင်း..မျက်နှာကလေးက ချိုချိုနဲ့ ချစ်စရာ ကောင်းလိုက်တဲ့ သူကလေးရယ်၊ မင်းကို မျက်စိအောက်က အပျောက်မခံနိုင်တော့ဘူးကွယ်" ဟု မစ္စက် ဘက်ဒဝင်သည် တံခါးဝမှ နေ၍ အိုလီဗာအား မျက်စိတဆုံး ကြည့်နေရင်းက တစ်ကိုယ်တည်း ရေရွတ်လိုက်ရာလေသည်။ ထိုအခိုက် အိုလီဗာသည် လမ်းထောင့်သို့ အရောက် ချိုးမဝင်ခင် နောက်ပြန်လှည့်ပြီး ခေါင်းညိတ်နှုတ်ဆက် လိုက်ပြန်ရာ အဘွားကြီးမှာလည်း ပြုံးပြုံးကြီး ပြန်

www.burmeseclassic.com



နှုတ်ဆက်လိုက်ပြီး နောက်မှ တံခါးကို ပိတ်ကာ သူ့အခန်းကြီး
ပြန်ခဲ့လေ၏။

"နေပါဦး အကြာဆုံးဆိုရင် သူငယ်ကလေးဟာ မိနစ် ၂၀ အတွ
ပြန်ရောက်လာမှာပဲ" ဟု မစ္စတာ ဘရောင်းလိုက ပြောပြောဆိုဆို သူ့ခါးပို
ဆောင်နာရီကို ထုတ်ယူပြီးနောက် စားပွဲပေါ်တွင် တင်ထားလိုက်လေသည်
"အတော်တော့ မိုးချုပ်နေမှာပဲ"

"အို...ခင်ဗျားက ကောင်လေးပြန်လာမယ်လို့များ မျှော်လင့်နေသေ
လား" မစ္စတာ ဂရင်းမဝစ်ဂ်က မေးလိုက်လေသည်။

"ခင်ဗျားကော" ဟု မစ္စတာ ဘရောင်းလိုက ခပ်ပြုံးပြုံး ပြန်မေးလို
လေသည်။

သူများနှင့် ဆန့်ကျင်ဘက် ပြုလုပ်လိုသောစိတ် ပြင်းထန်သ
မစ္စတာ ဂရင်းမဝစ်ဂ်ကား သူ့မိတ်ဆွေ၏ ယုံကြည်စိတ်ချသော အပြုံး
တွေ့ရလျှင် သာ၍သာ ပြင်းထန်လာလေရကား စားပွဲကို လက်နှင့်တစ်ချ
ပုတ်လိုက်ကာ

"ကျုပ်တော့ ခင်ဗျားကောင်လေး ပြန်လာတော့မှာ မဟုတ်ဘူး
အတတ် ပြောရဲတယ်။ သူ့ကျောမှာ အဝတ်အစားအသစ်တစ်စုံနဲ့ အင်္ကျီအိ
ထဲမှာ ငွေငါးပေါင်ပါသွားပြီး အဖိုးတန် စာအုပ်တွေလည်း သူ့ချိုင်းအောက်
ညှပ်သွားတယ်။ ဒီတော့ ကောင်လေးဟာ ဘယ်နည်းနဲ့မှ ပြန်မလာ
သူ့မိတ်ဆွေ သူခိုးတေလေတွေဆီ ပြန်သွားပြီး ခင်ဗျားကို နွားကျတဲ့ အဘိုးြ
လို့ လှောင်မှာပဲ။ ဒီကောင်လေးသာ ဒီအိမ်ကို ပြန်လာမယ်ဆိုရင် ကျုပ်ခေါ
ကို ကျုပ်ဘာသာ ပြန်စားပစ်လိုက်မယ်ဗျာ"

ထိုစကားနှင့်အတူ မစ္စတာ ဂရင်းမဝစ်ဂ်သည် သူ့ကုလားထိုင်
စားပွဲ နားသို့ ပိုမို၍ တိုးလိုက်လေသည်။

ထိုသို့ပင် သူငယ်ချင်း နှစ်ယောက်သည် နာရီကို သူတို့အလယ်တ
ထားထိုင်ရင်းက တိတ်ဆိတ်သော မျှော်လင့်ချက် အသီးသီးနှင့် စောင့်မျှေ
နေကြလေ၏။

နာရီ၏ မျက်နှာပေါ်မှ ဂဏန်းများကို မမြင်ရနိုင်တော့သည့်အ
မှောင်လာလေသည်။ သို့တစေလည်း အဘိုးကြီး နှစ်ယောက်ကား နာရီ
သူတို့အလယ်တွင် ထားကာ တိတ်ဆိတ်စွာ ထိုင်မြဲထိုင်နေကြလေ၏။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ မရှောင်သာသည့် ဘဝဆိုး

ဆယ်ဖရန့် တောင်ကုန်းကလေးဟု ခေါ်သည့်ရပ်ကွက် တစ်ကွက်၏ အနိမ့်ကျဆုံးသော အပိုင်းရှိ အရက်ဆိုင်ကလေး တစ်ဆိုင်၏ သီးသန့် ဧည့်ခန်းကလေးထဲတွင် ကတ္တီပါ ကုတ်အင်္ကျီနှင့် ဘောင်းဘီတိုကို ဝတ်ဆင် ထားသည့် လူတစ်ယောက်သည် အရက်နံ့ ဟောင်နေသော ခွက်တစ်ခွက်ကို ရှေ့တွင် ချကာ မှုန်တေတေကြီး စဉ်းစားခန်း ဝင်နေလေ၏။ ထိုလူကို ဝါရင့်သော ပုလိပ်အဖွဲ့ဝင်တိုင်းကပင်လျှင် မစ္စတာ ဝီလျံဆိုက်စ် ဟူ၍ မမှတ်မိဘဲ ရှိကြမည် မဟုတ်ပေ။ သူ့ခြေရင်းတွင်ကား အမွေးဖြူဖြူ မျက်လုံး နီနီနှင့် ခွေးတစ်ကောင် ထိုင်နေလေသည်။ ခွေးမှာ မျက်လုံးများ မှိတ်ချည်ဖွင့်ချည်နှင့် သူ့သခင်ကို ကြည့်လိုက်။ ပါးစပ်နားတွင် လတ်လတ် ဆတ်ဆတ်ကြီး ကွဲနေသော ဒဏ်ရာ တစ်ခုကို လျှာနှင့်လျက်လိုက်နှင့် နေနေလေသည်။

"တိတ်တိတ် နေစမ်း ခွေးစုတ်၊ တိတ်တိတ်နေစမ်း" ဟု မစ္စတာ ဆိုက်စ်သည် ရုတ်တရက် တိတ်ဆိတ်မှုကို ဖောက်ဖျက်လိုက်လေသည်။ ပြီးနောက် ကုလားမနိုင် ရခိုင်မဲသည့် အမူအရာမျိုးနှင့် ခွေးကို ခြေထောက်နှင့် လှမ်းကန်လိုက်လေသည်။

ခွေးသည် ညာဘက်မှနေ ဘယ်ဘက်သို့ ခုန်လိုက်၊ ဘယ်ဘက်မှနေ ညာဘက်သို့ ခုန်လိုက်နှင့် ရှောင်တိမ်းရာက သခင်ဖြစ်သူကို ပြန်ကြောင် ပြန်ကိုက် ပြန့်၍ မာန်ဖီနေရာ သခင်ဖြစ်သူကလည်း ပါးစပ်မှ ဆဲဆိုကြိမ်းမောင်း ရင်းက ခွေးကို လိုက်ကန်နေလေ၏။ ဤသို့ ခွေးနှင့်လူ ရန်ဖြစ်ပွဲကြီးသည်

www.burmeseclassic.com



တစ်ဦးဦးအတွက် အရေးအကြီးဆုံး အချိန်တစ်ချိန် ဖြစ်လာနေစဉ်၌ တံခါးသည် ရုတ်တရက် ပွင့်သွားကာ ခွေးသည်အပြင်သို့ လှစ်ခနဲ ထွက်ပြေးသွားတော့လေ၏။

ရန်ဖြစ်ချင်လျှင် လူနှစ်ယောက် အနည်းဆုံး ရှိရမည်ဟု စကားပုံဟောင်းတစ်ခု ရှိခဲ့သည်နှင့်အညီ အခန်းထဲသို့ ဝင်လာသူနှင့် ဆက်လက်ရန်ဖြစ်နေလေ၏။

"မင်းက မင့်မေကလွှားမို့ ငါ့ခွေးနဲ့ ငါ့ကြား ဝင်ရှုပ်တာလားကွ"

"ကျုပ် မသိလို့ပါ ကိုယ့်လူရာ ကျုပ်မသိလို့ပါ" ဟု ဖေဂင်က (ဝင်လာသူမှာ ဖေဂင်ဖြစ်၏။) တောင်းပန်လိုက်လေသည်။

"ဘာမသိဘူးလဲ၊ အသည်းကြောင်သူခိုး၊ အသံမကြားရဘူးလားကွဟင်"

"ဘုရားစူးပါရစေရဲ့ ကိုယ့်လူ မကြားလို့ပါ"

"ကဲ မင်းကိုမင်း အစော်ကားခံရတဲ့ မျက်နှာမျိုး လုပ်မနေစမ်းပါနဲ့၊ ခေါင်းလောင်းတီးလိုက်စမ်း"

ခေါင်းလောင်းတီးလိုက်ပြီး မကြာခင်မှာပင် ဖေဂင်ထက်ငယ်သည့် ရေဝတီကလေး တစ်ယောက် ဝင်လာပြန်သည်။ ဆိုက်စ်က အရက်ချိုင့်ကြီးကို ညွှန်ပြလိုက်ရာ ရေဝတီကလေးလည်း ဆိုက်စ် ဘာလိုချင်သည်ကို နားလည်စွာဖြင့် အရက်ချိုင့်ကို ဖြည့်ပေးရန် ထွက်သွားပြန်လေ၏။

"ဆိုင်မှာ တခြား ဘယ်သူတွေ ရှိသလဲ ဘာနီ" ဟု ဖေဂင်က ၎င်းအား လှမ်းမေးလိုက်လေသည်။

"တစ်ယောက်မှ မရှိပါဘူး" ဟု ဘာနီက နှာခေါင်းသံ ပါပါနှင့် ပြန်ဖြေလိုက်ပြီးနောက် အရက်ချိုင့်ကို ယူကာ ထွက်သွားလေ၏။

ထိုအချိန်၌ အိုလီဗာတွစ်ကား ဖေဂင်နှင့် ဘာမျှ ဝေးကွာခြင်း မရှိလှသည့် နေရာတွင် မိမိရောက်နေသည်ကို မသိရှာဘဲ စာအုပ်ဆိုင်ဆီသို့ သွားနေဆဲ ဖြစ်လေသည်။ သူသည် ကျေနပ်ပျော်ရွှင်စွာနှင့် လမ်းလျှောက်နေဆဲ မိန်းမ တစ်ယောက်၏ ကျယ်လောင်စွာ အော်ဟစ်လိုက်သော အသံတစ်သံကြောင့် ထိတ်လန့်သွားမိလေ၏။

"အမလေး၊ ကျွန်မမောင်ကလေးပါလား"

အိုလီဗာက မော်မကြည့်နိုင်ခင်မှာပင် သန်မာသော လက်နှစ်ဖက်သည် သူ့ကိုယ်ပေါ်သို့ ကျရောက်လာကာ တင်းကျပ်လှစွာ ဖက်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို...ခင်ဗျား ဘယ်သူလဲ ကျွန်တော့်ကို လွှတ်ပါဗျ။ ဘာလို့ ဖက်ထားတာလဲ" ဟု အိုလီဗာက ရုန်းကန်ရင်း အော်လိုက်လေသည်။ သို့ရာတွင် သူရရှိသည့် အဖြေကား သူ့ကို ဖက်ထားသော လက်ဆွဲခြင်းကလေးနှင့် မိန်းမ၏ အော်ဟစ်အပြစ်တင်သံပင် ဖြစ်လေ၏။

"အမလေး... မောင်လေးရယ် ခုမှပဲ တွေ့ရတော့တယ်၊ အိုလီဗာ— အိုလီဗာ မောင်လေး... မင်းကလေးဟာ မမကို သိပ်ဒုက္ခပေးပါလားကွယ်— မင်းအတွက်နဲ့ မမမှာ ဘယ်လောက် စိတ်ပူခဲ့ရသလဲကွယ်။ ခုတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် မောင်ကလေးကို ပြန်တွေ့ရပြီ အိမ်ပြန် လိုက်ခဲ့တော့"

ပြောပြောဆိုဆို မိန်းမပျိုသည် တက်လုမတတ် ငိုကြွေးလိုက်လေရာ သူ့ကို လာဝိုင်းကြည့်နေကြသည့် လူများမှာ ဆရာဝန်ထံ ပြေးခေါ်ရတော့ မလိုလို ဖြစ်သွားမိကြလေသည်။ ဤတွင်မှ မိန်းမပျိုသည် အငိုရပ်သွားတော့ကာ...

"အို... နေပါစေ ကိစ္စမရှိပါဘူး။ ကျွန်မ မောင်လေးကို ပြန်တွေ့ရလို့ ဝမ်းသာမိလွန်းလို့ပါ။ ကဲ အိုလီဗာ လူဆိုးကလေး ခုချက်ချင်း မမနဲ့ အိမ်ပြန်လိုက်ခဲ့တော့"

"ဘာဖြစ်တာလဲရှင်..." ဟု ဝိုင်းကြည့်နေသော လူများအထဲမှ မိန်းမတစ်ယောက်က မေးလိုက်လေသည်။

"အို ဒေါ်ဒေါ်၊ သူလေ လွန်ခဲ့တဲ့ တစ်လလောက်က သူ့မိဘတွေဆီက ထွက်ပြေးသွားတယ် ဒေါ်ဒေါ်ရဲ့။ သူ့မိဘတွေဟာ အလုပ်အကိုင် ရိုးရိုးတန်းတန်း လုပ်စားနေတဲ့ လူတွေပါ။ ဒါကိုကောင်ကလေးက မနေနိုင်ဘဲ သူခိုးလူဆိုးတွေဆီ ထွက်ပြေးသွားတော့ မိဘလုပ်သူခမျာတွေမှာ ရင်ကျိုးကျန်ရစ် ရှာတာပေါ့"

"လူဆိုးကလေးပါလား"

"ဟော့ကောင် လူဆိုးကလေး ပြန်လိုက်သွား"

"ကျွန်တော် လူဆိုးကလေး မဟုတ်ပါဘူး၊ သူ့ကိုလည်း ကျွန်တော် မသိပါဘူး၊ ကျွန်တော့်မှာ အမေလည်း မရှိပါဘူး။ အဖေလည်း မရှိပါဘူး။ အစ်မလည်း မရှိပါဘူး။ ကျွန်တော်ဟာ မိဘမဲ့ပါ။ ကျွန်တော် ပင်တိုဗီးလ်မှာ နေပါတယ်"

"အို ကြည့်စမ်း၊ သူ သက်သက် ညာနေပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"အို ခင်ဗျားဟာ နန်စီပဲ" ဟု ယခုမှ သေသေချာချာ ကြည့်ခွင့်ရသည့် အိုလီဗာက သူ့အစ်မဟု ပြောနေသူ မိန်းမအား ခေါ်လိုက်မိလေသည်။

"ဟော ကြည့်ပါလား။ သူ ကျွန်မကို သိတယ် မဟုတ်လား။ သူ့ကို ကျွန်မနဲ့ အိမ်ပြန်လိုက်ဖို့ ဝိုင်းပြောပေးကြပါရှင်။ သူ့အဖေနဲ့အမေ ခမျာမှာ သူ့အတွက်နဲ့ စိတ်ဒုက္ခရောက်ရလှပါပြီ။ သူ့အမေခမျာမှာ သူ့စိတ်နဲ့ ရင်ကျိုး နေရရှာပြီ"

"ဘာဖြစ်နေကြတာလဲ"

ဆိုင်တစ်ဆိုင် အတွင်းမှ ထွက်လာသော လူတစ်ယောက်က လူတွေ ကြားထဲသို့ တိုးဝင်လာရာက မေးလိုက်ခြင်း ဖြစ်လေသည်။ သူ့နောက် တွင်ကား ခွေးဖြူတစ်ကောင် ပါလာ၏။

"အလို အိုလီဗာပါကလား၊ ကြည့်စမ်း တိရစ္ဆာန်ကလေး လာခဲ့၊ မင်း အမေဆီကို ချက်ချင်း ပြန်လိုက်ခဲ့"

"သူတို့ကို ကျွန်တော် မသိပါဘူး။ သူတို့နဲ့ ကျွန်တော် ဘယ်လိုမှ မဆိုင်ပါဘူး။ ကျွန်တော့်ကို ကယ်ကြပါ၊ ကယ်ကြပါ"

အိုလီဗာသည် လူကြီး၏ သန်မာသော လက်များအတွင်းမှ ရုန်းကန် ရင်း အော်ဟစ်နေလေ၏။

"ဘာ...မင်းကို ကယ်ရမယ်ဟုတ်လား... ကောင်းပြီ၊ မင်းကို ငါ ကယ် မယ်၊ လူဆိုးကလေး အလို ဒီစာအုပ်တွေ မင်းဘယ်က ရသလဲ၊ မင်းခိုး လာတာပေါ့လေ၊ ပေးစမ်း"

ပြောပြောဆိုဆို ထိုလူကြီးလည်း အိုလီဗာ၏ လက်ထဲမှ စာအုပ် များကို အတင်းဆွဲယူလိုက်ပြီးနောက် အိုလီဗာ၏ ခေါင်းကို တအား ပိတ်ချ လိုက်လေ၏။

အိုလီဗာလို ကလေးကလေး တစ်ယောက်သည် ကလိန်ဉာဏ်များလှ သော လူကြီးနှစ်ယောက်ကို အဘယ်မှာလျှင် ခုခံနိုင်ပါမည်နည်း။ ထို့ကြောင့် မိန်းမပျိုနှင့် လူကြီးတို့ ဆွဲခေါ်သွားရာသို့ ပါသွားရှာတော့ကာ မကြာခင် မှာပင် သူတို့ သုံးယောက်သားမှာ လမ်းကြိုလမ်းကြားထဲသို့ ဝင်ရောက် ပျောက်ကွယ် သွားကြတော့လေ၏။

အိမ်ကြီးအတွင်း၌ကား ဓာတ်ငွေ့မီးတိုင်များကို ထွန်းညှိပြီးခဲ့လေပြီ။ မစ္စက်ဘက်ဒဝင်ကား တံခါးပေါက်မှနေ၍ အိုလီဗာကို တမ်းမျှော်တည်း မျှော် နေ၏။ အစေခံမကလေးသည်လည်း အကြိမ် ၂၀ မကတော့အောင်ပင်

www.burmeseclassic.com

www.burmeseclassic.com



အိုလီဗာ ပြန်လာလို ပြန်လာငြား လမ်းပေါ်သို့ ထွက်ခဲ့လေပြီ။ အဲဘိုးကြီးနှစ်ယောက်ကား နာရီကို ၎င်းတို့ အလယ်တွင် ထားကာ တိတ်ဆိတ်စွာ ထိုင်စောင့်နေကြတုန်းဖြစ်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ နန်စီ၏ ကရုဏာ

အိုလီဗာကို လမ်းပေါ်မှ အတင်းအဓမ္မ ဥဏ်ဆင်လျက် ခေါ်ဆောင်သွားကြသူများကား ဗီလျံဆိုက်စ်နှင့် နန်စီတို့ပင် ဖြစ်ကြလေသည်။ ၎င်းတို့သည် လမ်းကြိုလမ်းကြား အသွယ်သွယ်တွင် ဝင်ရောက်ခြေရာ ဖျောက်ကြပြီး နောက်မှ အိုလီဗာအား ဖေဂင်၏ အိမ်သို့ ပြန်လည် ခေါ်ဆောင်သွားကြလေ၏။

"အလို ကြည့်စမ်းပါဦး၊ သူ ရောက်လာပါပကော" ဟု ချာလီဘိတ်စ်သည် အိုလီဗာကို တွေ့ရလျှင် ဝမ်းသာအားရ ပြောလိုက်ရာက အိုလီဗာ ပြန်ရောက်လာသည်မှာ ရယ်စရာ တစ်ခုအလား ကြမ်းပြင်ပေါ်တွင် လိမ့်ကာ အားရပါးရ အူတက်မတတ် ရယ်ကာနေလေ၏။ ဖေဂင်ကား သူ၏ ခေါင်းမှ ညဝတ်အိပ်သည့် ခေါင်းစွပ်ကြီး ချွတ်လိုက်ကာ ပြောင်ချော်ချော်နှင့် ခါးကို ကိုင်းကာကိုင်းကာနှင့် အိုလီဗာအား ဦးညွှတ်အလေးပြုနေလေ၏။ ဒေါ့ဂျားကတော့ မရယ်မပြုံး ခပ်တည်တည်နှင့်ပင် အိုလီဗာ၏ အိတ်များကို နှိုက်နှောရှာဖွေနေလေ၏။

ချာလီဘိတ်စ်လည်း ကြမ်းပြင်ပေါ်တွင် လူးလိမ့်ရယ်နေရာက ထ... ကာ မီးတိုင်တစ်တိုင်ကို ယူလျက် အိုလီဗာ၏ အဝတ်အစားများကို မီးရှို့တော့မည့်အလား နီးကပ်စွာ ကြည့်ရှုလိုက်ပြီး..."

"ကြည့်စမ်းပါဦး...သူ့အဝတ်တွေကို ကြည့်လိုက်စမ်းပါဦး၊ ဖတ်စကလပ် အဝတ်အစားတွေ ပါလား၊ နောက်ပြီးတော့ ...စာအုပ်တွေကော

www.burmeseclassic.com

www.burmeseclassic.com



ဟား... ဟား... ဟား၊ ရယ်စရာ ကောင်းလိုက်တာဗျာ၊ လူကြီးလူကောင်းကလေး တစ်ယောက် ဖြစ်လာတာကို...ဟား...ဟား...ဟား...ဟား"

ဖေဂင်ကလည်း အိုလီဗာအား ပြောင်ချော်ချော် ဦးညွှတ် အလေးပြုလိုက် ပြန်လေ၏။

"အခုလို ကောင်းကောင်းမွန်မွန် ဖြစ်နေတာ တွေ့ရတာကို ဝမ်းသာပါတယ် လူကလေး။ ဒါပေမဲ့ လူကလေးရဲ့ အဝတ်အစားတွေကို ဒေါ့ဂျားပေးမယ့် အဝတ်အစားတွေနဲ့ လဲဝတ်လိုက်နော်။ နို့မို့ရင် အဝတ်အစား လှလှကလေးတွေ ပျက်စီးသွားဦးမယ်၊ လူကလေးက စီဘီကို လာမယ်လို့ စာရေးအကြောင်းကြား လိုက်ရောပေါ့၊ ဒါပေမဲ့ လူကလေးဖို့ ညစာ ပူပူနွေးနွေးတော့ ရှိပါတယ်"

ဤတွင် ချာလီဘိတ်စ်လည်း အော်ရယ်လိုက်ပြန် လေသည်။ ဒေါ့ဂျားကပင်လျှင် ပြုံးလိုက်လေသည်။ သို့ရာတွင် ဒေါ့ဂျား ပြုံးခြင်းကား ဖေဂင်၏ ပြက်လုံးကို သဘောကျခြင်းကြောင့် ဟူ၍ကား အတတ် မဆိုရဲ၊ အကြောင်းမူကား ထိုအချိန်၌ သူသည် အိုလီဗာ့ အိတ်အတွင်းမှ ငါးပေါင်တန်ငွေစက္ကူကို ဆွဲထုတ်လိုက်သောကြောင့် ဖြစ်လေသည်။

"ဟော့...ဒါဘာလဲ" ဟု ဆိုက်စ်က ထိုငွေစက္ကူကို ဖေဂင်က ကျီးကန်းသုတ်သလို သုတ်လိုက်စဉ်မှာပင် ရှေ့သို့ တိုးလာကာ ထလိုက်လေသည်။
"ဟော့ ဖေဂင် ဒါ ငါ့ဥစ္စာကွ"

"မဟုတ်ဘူး ကိုယ့်လူ ကျုပ် ဥစ္စာပါဗျ၊ ခင်ဗျားစာအုပ်တွေကို ယူပေါ့"

"ဒီငွေဟာ ငါ့ဥစ္စာမဟုတ်ဘူး ဆိုရင်၊ အေးလေ...နန်စီနဲ့ ငါ့အတွက်မဟုတ်ဘူးဆိုရင် ကောင်လေးကို ချက်ချင်း ပြန်ခေါ်သွားရလိမ့်မယ်"

နောက်ဆုံးတွင် ဆိုက်စ်က ထိုငွေစက္ကူကို ဖေဂင့်ထံမှ အတင်းမရမကတောင်းယူလိုက်လေ၏။

"အဲဒီငွေက ငါတို့ ဒုက္ခခံရှာရတဲ့အတွက် ဝေစုပဲ၊ မင်းကတော့ စာအုပ်တွေယူပေါ့။ စာဖတ်ဝါသနာပါရင် စာအုပ်တွေ သိမ်းထား။ မပါဘူးဆိုရင် ရောင်းစားပေါ့"

"စာအုပ်တွေက သိပ်လှတာပဲ" ဟု ချာလီဘိတ်စ်သည် စာအုပ်တစ်အုပ်ကို ဖတ်ချင်ယောင်ဆောင်နေရာက ပြောင်ချော်ချော် ပြောလိုက်လေသည်။ ပြီးနောက် အိုလီဗာ၏ စိတ်ပျက်ဝမ်းနည်းနေသော အမူအရာကလေးကို ကြည့်ကာ ဝမ်းသာအားရ ရယ်လိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီစာအုပ်တွေဟာ ကျွန်တော့် အပေါ်မှာ သိပ်ကောင်းခဲ့တဲ့ လူကြီးရဲ့ စာအုပ်တွေပါ ခင်ဗျာ။ သူက ကျွန်တော့်ကို သူ့အိမ်ခေါ်သွားပြီး ကျွန်တော် ပြန်ကျန်းမာလာတဲ့အထိ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။ စာအုပ်တွေနဲ့ ငွေ ငါးပေါင်ကို သူ့ဆီ ပြန်ပို့လိုက်ကြပါ ခင်ဗျာ။ ကျွန်တော့်ကို ခင်ဗျားတို့ ဆီမှာ တစ်သက်လုံး ခေါ်ထားချင်ရင့်လည်း ခေါ်ထားကြပါတော့။ ဒါပေမဲ့ ငွေနဲ့ စာအုပ်ကိုတော့ ပြန်ပို့ပေးကြပါ ခင်ဗျာ။ ကျွန်တော့် အပေါ်မှာ ကြင်နာ ယုယခဲ့ကြတဲ့ လူတွေဟာ ကျွန်တော်က သူတို့ကို ညာသွားပြီလို့ ထင်နေကြ ပါလိမ့်မယ်။ ဒီဟာတွေကို ကျွန်တော် ခိုးသွားပြီလို့ ထင်နေပါလိမ့်မယ်။ ကျွန်တော့်ကို သနားကြပါ ခင်ဗျာ၊ ငွေနဲ့စာအုပ်တွေကို ပြန်ပို့ လိုက်ပါ ခင်ဗျာ"

အိုလီဗာသည် ပြောပြောဆိုဆို ရုတ်တရက် ခုန်ထလိုက်ကာ အခန်း ထဲမှ ကယောင်ချောက်ချား ပြေးထွက်သွားရှာလေသည်။ ကယ်ပါ ယူပါဟု လည်း အိမ်အိုကြီး တစ်အိမ်လုံး ပဲ့တင်သံ ရိုက်သွားသည်အထိ အော်ဟစ်နေ လေ၏။

"ခွေးကို ဖမ်းထားကြပါတော့လား" ဟု နန်စီသည် ဖေဂင်နှင့် သူ၏ တပည့်ကလေး နှစ်ယောက် အိုလီဗာ နောက်သို့ ပြေးလိုက်သွားသည့်နောက် တံခါးကို ခုန်ပိတ်ရင်းက ဆိုက်စ်အား လှမ်းပြောလိုက်လေသည်။ "ခွေးကို ဖမ်းထားပါ။ နို့မိုရင် ကောင်လေးတော့ ရှင့်ခွေးကိုက်တာနဲ့ သေရှာတော့မှာပဲ"

"သေလည်း ကောင်းတာပဲ။ ခွေးသားကလေး ဖယ်စမ်း၊ နင့်ခေါင်းကို သံရုံမှာ ရိုက်ခွဲလိုက်ရမလား"

"အို ရိုက်ခွဲချင်လည်း ရိုက်ခွဲ၊ ကောင်ကလေးတော့ ရှင့်ခွေးကိုက်တာနဲ့ မသေစေချင်ပါဘူး၊ ကျွန်မကို သတ်ပစ်ချင်သတ်ပစ်"

ဆိုက်စ်လည်း နန်စီကို အတင်းဆွဲဖယ် တွန်းပစ်လိုက်စဉ်မှာပင် အိုလီဗာကို ဖမ်းမိလာသော ဖေဂင်နှင့် တေလေကလေး နှစ်ယောက်သည် အခန်းထဲသို့ ပြန်ဝင်လာကြလေသည်။

"ဒီမှာ ဘာဖြစ်နေကြတာလဲ" ဟု ဖေဂင်က မေးလိုက်လေ၏။

"နန်စီပေါ့ကွာ၊ ကောင်မက ရူးများသွားပြီလား မဆိုနိုင်ပါဘူး..."

"အို...မရူးပါဘူး၊ ရူးတယ်လို့များ နည်းနည်းကလေးမှ ထောင်လိုက် ကြပါနဲ့"

"ဒီလိုဆိုရင် တိတ်တိတ်နေစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"မနေဘူး၊ ကဲ ရှင် ဘာလုပ်ချင်သေးလဲ"

"အလို ... မင်းအမေကလွှား မင်းက ဘယ်လို အဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ၊ မင်းကို မင်း ဘာကောင်မ ဆိုတာသိတယ် မဟုတ်လား"

"သိတယ်လေ၊ သိတယ်လေ" ဟု နန်စီက ပြန်ဖြေလိုက်ရာက စိတ်ချောက်ချားစွာနှင့် တအား အော်ရယ်လိုက်လေ၏။

"သိရင် တိတ်တိတ်နေစမ်း၊ နို့မို့ရင် တစ်ခါတည်း တိတ်သွားအောင် ါ လုပ်ပစ်လိုက်မယ်"

နန်စီသည် တိုး၍သာ ရယ်လိုက်ပြီးမှ ကပျာကယာ ဆိုက်စ်ကို လှမ်းကြည့်ကာ သွေးများ စို့တက်လာသည်အထိ နှုတ်ခမ်းများကို ကိုက်ထားိုက်လေ၏။ ဆိုက်စ်က သူမကို ရွံရှာစက်ဆုပ်စွာ ကြည့်လိုက်လေသည်။

"နင်ဟာ သိပ်ကောင်းတဲ့ ကောင်မပဲ၊ သနားစိတ်တွေ ဘာတွေ ဝင်နေိတ်တာ"

"သနားတယ်၊ သနားတယ်၊ ကျွန်မ သူကလေးကို ခေါ်လာမိတာ များကြီး မှားတာပဲ။ သူကလေးကို လမ်းပေါ်မှာ တွေ့ရတုန်းက ကျွန်မ စ်ခါတည်း လဲသေသွားခဲ့ရင် ဘယ်လောက်ကောင်းမလဲ၊ ခုတော့ သူ လေးဟာ ဒီကနေ့ညက စပြီးတော့ သူခိုးလူဆိုးကလေး ဖြစ်သွားရှာတော့ ယ်"

"ကဲပါ ဆိုက်စ်ရယ် ရန်ဖြစ်မနေကြပါနဲ့" ဟု ဖေဂင်က ဝင်၍ ဖျန်ဖြေ ိုက်လေသည်။ ထိုစဉ် နန်စီသည် ဆိုက်စ်ထံသို့ ပြေးသွားပြီး ကုတ်ခြစ် တ်ပုတ်တော့မည် ပြုနေစဉ်မှာပင် ဆိုက်စ်က သူမ၏ လက်ကောက်ဝတ် ကို ဖမ်းချုပ်ထားလိုက်လေသည်။ နန်စီလည်း အနည်းငယ် ရုန်းကန်ပြီး က် သတိမေ့မြော သွားလေ၏။

"အင်း ကိစ္စမရှိပါဘူး။ သူ စိတ်လှုပ်ရှားလာရင် ဒီလိုပဲ ဖြစ်တတ်တယ်၊ ပြန်ရလာတဲ့ အခါကျတော့ လူကောင်းပြန်ဖြစ်သွားမှာပဲ..." ဟု ဆိုက်စ် က နန်စီကို အခန်းထောင့်တွင် ချထားလိုက်ရင်းက ပြောလိုက်လေသည်။

"အင်း... မိန်းမပျိုတွေနဲ့ ဆက်ဆံရတာ ဒါတွေ ခက်တာပဲ" ဟု ဂင်က နဖူးမှ ချွေးတွေသုတ်ရင်းက ပြန်ဖြေလိုက်လေသည်။

"ဒါပေမဲ့လည်း ကျုပ်တို့ အလုပ်မျိုးမှာ သူတို့ မပါရင်လည်း မ ဘူး သူတို့က အတော်ဉာဏ်သွားတာ၊ ကဲ ချာလီ မင်းက အိုလီဗာကို သူ ရာထဲ လိုက်ပို့လိုက်..."

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဝတ်အစား လှလှကလေးတွေကို နောက်ကျရင် သူ့ကို ပေး ဝတ်ဖို့ မသင့်ဘူးလို့ ထင်တာပဲ" ဟု ချာလီက ဖေဂင်ကို ပြုံးစိစိ ကြည့်ရင်းက ပြောလိုက်ရာ..

"ဒါပေါ့ကွ" ဟု ဖေဂင်ကလည်း ပြုံးစိစိ မျက်နှာထားနှင့် ပြန်ဖြေလိုက် လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ စေတနာ့ရှင်ဘရောင်းလို ရွှေဒင်္ဂါးငါးပေါင် ဆုငွေပေးမည်

အိုလီဗာတွစ်အမည်ရှိသည့် သူငယ်ကလေးတစ်ယောက်သည် ကြာသပတေး နေ့ ညနေခင်းက ၎င်း၏ နေအိမ်မှ ထွက်ပြေးသွားခဲ့သည်။ သို့မဟုတ် သူတစ်ပါး၏ သွေးဆောင်လှည့်ဖြား ခေါ်ငင်သွားခြင်းကို ခံရသည်ဟု ထင်ရ ကြောင်း၊ ၎င်း သူငယ်ကလေးကို ပြန်ရှာတွေ့နိုင်ရန် သတင်း ပေးနိုင်သူကို သည်းကောင်း၊ ၎င်း၏ အတိတ်ရာဇဝင်ကို ပြောပြနိုင်သူကို လည်းကောင်း၊ ကြော်ငြာရှင်သည် အကြောင်းအမျိုးမျိုးကြောင့် စိတ်ဝင်စား နေမိသည် ဖြစ်ရာ အထက်ဖော်ပြပါ ဆုငွေကို ကျေးဇူးတင်စွာဖြင့် ပေးမည် ဖြစ်ပါကြောင်း။

သတင်းစာထဲတွင် အထက်ပါအတိုင်း ပါလာသည့် ကြော်ငြာကို တော်ရ သူကား လန်ဒန်မြို့ထဲသို့ အလုပ်ကိစ္စ တစ်ရပ်နှင့် ထွက်နေသူ အရပ် စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်ပင် ဖြစ်တော့လေသည်။ မစ္စတာ ဘမ်ဘယ်လ်သည် ထိုကြော်ငြာကို တွေ့ရလျှင် မျက်လုံးများ ပြူးကျယ် သွားရာက နောက်တစ်ကြိမ် ထပ်မံ၍ ဖတ်နေပြန်လေသည်။ ကြော်ငြာ၏ အောက်ပိုင်းတွင်ကား အိုလီဗာ၏ ရုပ်ရည် အသွင်အပြင် အဝတ်အစားနှင့် တကွ ကြော်ငြာရှင်၏ လိပ်စာကို ဖော်ပြထားရာ ငါးမိနစ်အတွင်း မစ္စတာ ဘမ်ဘယ်လ်မှာ ပင်တိုဗီးလ် အရပ်သို့ ရောက်သွားတော့လေ၏။

"မစ္စတာ ဘရောင်းလို ရှိသလား" ဟု မစ္စတာ ဘမ်ဘယ်လ်က တံခါး ဖွင့်ပေးသူ အစေခံမ ကလေးအား မေးလိုက်လေသည်။

"ဘာကိစ္စ ရှိလို့ပါလဲ"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဘမ်ဘယ်လ်လည်း သူ လာရောက်ရသည့် ကိစ္စကို ပြော
လေရာ အိုလီဗာတွစ် ဟူသော နာမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်
နက် ဧည့်ခန်းတံခါးနားက နားထောင်နေသူ မစ္စက် ဘက်ဒဝင်က ပျာယာ
သလဲနှင့် မစ္စတာ ဘမ်ဘယ်လ်အား မစ္စတာ ဘရောင်းလို ထံသို့ လိုက်
လိုက်လေ၏။

မစ္စက်ဘက်ဒဝင်သည် မစ္စတာ ဘမ်ဘယ်လ်အား စာကြည့်ခန်း
ကလေးထဲသို့ ခေါ်ဆောင်သွားလေသည်။ အခန်းထဲတွင်ကား မစ္စတာ
ဘရောင်းလိုနှင့် မစ္စတာ ဂရင်းမဝစ်ဂ် တို့သည် အရက် ဖန်ခွက်များနှင့်
ဖန်ချိုင့်ကိုအလယ်တွင်ထားကာ ထိုင်နေကြလေသည်။ မစ္စတာ ဘမ်ဘယ်လ်
ကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် မစ္စတာ ဂရင်းမဝစ်ဂ်သည် သူ့ ထုံး
အတိုင်း...။

"အရပ်စာရေးပဲ ဟုတ်ပါတယ်။ ဒီလူဟာ အရပ်စာရေး တစ်ယောက်
ပါပဲ။ မဟုတ်လို့ရှိရင် ကျုပ်ခေါင်းကို ကျုပ် ပြန်စားလိုက်မယ်ဗျ"

"ကျေးဇူးပြုပြီး ဝင်မစ္စက်စမ်းပါနဲ့ဗျာ" ဟု မစ္စတာ ဘရောင်းလို
သူ့မိတ်ဆွေအား တောင်းပန်လိုက်ပြီးနောက် "ထိုင်ပါ" ဟု မစ္စတာ
ဘမ်ဘယ်လ်ကို ပြောလိုက်လေ၏။

မစ္စတာဘမ်ဘယ်လ်ကား မစ္စတာ ဂရင်းမဝစ်ဂ်၏ ထူးခြားမှု
အံ့အားသင့် ကြက်သေ သေနေမိရာကပင် ကုလားထိုင်တွင် ဝင်ထိုင် လိုက်
လေ၏။ မစ္စတာ ဘရောင်းလိုလည်း မစ္စတာ ဘမ်ဘယ်လ်၏ မျက်နှာ
ထားကို သေချာစွာ ကြည့်ရှုအကဲခတ်နိုင်ရန် အတွက် မီးတိုင်ကို ရွှေ့လိုက်ပြီး
နောက် စိတ်မရှည်သည့် အမူအရာနှင့်...

"ကဲ ကျုပ်ထည့်လိုက်တဲ့ ကြော်ငြာကို တွေ့ရလို့ ခင်ဗျားလာခဲ့ရတာ
လား" ဟု မေးလိုက်လေသည်။

"ဟုတ်ပါတယ် ဦးမင်း ခင်ဗျား..."

"နောက်ပြီး မင်းဟာ အရပ်စာရေးတစ်ယောက် မဟုတ်လား"

မစ္စတာ ဂရင်းမဝစ်ဂ်က မေးလိုက်ပြန်၏။

"မှန်ပါတယ် ကျွန်တော်ဟာ အရပ်နဲ့ သက်ဆိုင်ရာ ကိစ္စဝိဝတွေကို
လိုက်လံဆောင်ရွက်ရတဲ့ အရပ်စာရေးကြီးပါပဲ" ဟု မစ္စတာဘမ်ဘယ်လ်က
ဂုဏ်တက်ဝင့်ကြွားစွာ ပြန်ဖြေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမှာပေါ့၊ သူ့ကို တွေ့ရတာနဲ့ သူဟာ အရပ်စာရေးတစ်ယောက် ဖြစ်မှန်း ကျုပ် သိပြီးသားပဲ" ဟု မစ္စတာ ဂရင်းမစ်ဂ်က ပြောလိုက်သည်ကို မစ္စတာ ဘရောင်းလိုက တိတ်တိတ်နေပါဟူသော အမူအရာနှင့် ခေါင်းခါပြလိုက်ပြီးနောက်...

"ကဲ ခုသူငယ်ကလေး ဘယ်ရောက်နေတယ် ဆိုတာကို ခင်ဗျား သိတယ် မဟုတ်လား" ဟု မစ္စတာ ဘမ်ဘယ်လ်ကို မေးလိုက်လေသည်။

"ဘယ်သူထက်မှ ပိုမသိပါဘူး ခင်ဗျာ"

"ကဲ...ဒီလိုဆိုရင်ဖြင့် သူ့အကြောင်း ဘာသိသလဲ ပြောလေ။ ခင်ဗျား ပြောစရာ ရှိတာကို ပြောစမ်းပါ။ သူ့အကြောင်း ဘာသိသလဲ"

"သူ့အကြောင်းနဲ့ ပတ်သက်လို့ ခင်ဗျား ကောင်းကောင်း သိတာများ ရှိသလား" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က အရပ်စာရေးကြီး၏ မျက်နှာကို သေသေချာချာ အကဲခတ် ကြည့်ရှုပြီးနောက် မေးလိုက်လေသည်။

လူပါးကြီး မစ္စတာ ဘမ်ဘယ်လ်မှာလည်း မစ္စတာဂရင်းမဝစ်ဂ် ဘယ်လို အဓိပ္ပာယ်နှင့် မေးသည်ကို ချက်ချင်းပင် နားလည် ရိပ်မိနေကား မျက်နှာထား တည်တည်ကြီးနှင့် ခေါင်းခါပြလိုက်လေသည်။

"ကဲ...တွေ့လား" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က အောင်နိုင်သော အမူအရာနှင့် မစ္စတာ ဘရောင်းလိုကို ကြည့်ရင်းက ပြောလိုက်လေသည်။

မစ္စတာ ဘရောင်းလိုလည်း အရပ်စာရေးကြီး၏ ခပ်တည်တည် လုပ်ထားသော မျက်နှာထားကို တွေးတော စိုးရိမ်ပူပန်စွာနှင့် လှမ်း၍ အကဲခတ်မိပြီးနောက်မှ "အိုလီဗာနှင့် ပတ်သက်၍ ၎င်းသိသမျှကို စကား အနည်းဆုံးနှင့် ပြောပြပါ" ဟု ခိုင်းစေလိုက်လေ၏။

မစ္စတာဘမ်းဘယ်လ် မိနစ် ၂၀ မျှ ပြောပြသမျှ စကားတွေကို ခရေစေ့ တွင်းကျ ဖော်ပြနေပါက ပျင်းစရာ ကောင်းနေတော့မည်။ သူပြောသမျှ၏ အချုပ်ကား အောက်ပါအတိုင်း ဖြစ်လေ၏။

အိုလီဗာသည် အဖေမပေါ်ဘဲ မွေးသည့် ကလေးတစ်ယောက် ဖြစ်၏။ သူ့မိဘတွေမှာလည်း နိမ့်ကျယုတ်ညံ့လှပေ၏။

အိုလီဗာ ကိုယ်တိုင်မှာလည်း မွေးလာရကတည်းက သစ္စာမဲ့ [illegible] ကန်းတတ်သော အကျင့်မှအပ ကောင်းမွန်သော အရည်အချင်း [illegible]။ သူ သည် သူ၏ ရှေ့ရေးအတွက် ရပ်ကွက် ဘုတ်လူကြီးများက [illegible] အလုပ်ကို ကောင်းစွာမလုပ်ဘဲ သူ့အပေါ် ဘယ်လိုမှ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ကလေး တစ်ယောက်ကို သတ္တိကြောင်လှစွာ ကျူးကျော် သတ်ပုတ်ပြီး နောက် အလုပ်မှ ထွက်ပြေးသွားခဲ့၏။

မစ္စတာ ဘမ်ဘယ်လ်သည် ထိုသို့ ပြောဆိုပြီးနောက် မိမိမှာ အရပ် စာရေးကြီးတစ်ယောက် ဖြစ်ကြောင်းကို သက်သေခံစာများ ထုတ်ပြလေ သည်။ ပြီးနောက် မစ္စတာ ဘရောင်းလို၏ စကားများကို စောင့်စားနေလေ ၏။ မစ္စတာ ဘရောင်းလိုသည်လည်း အရပ်စာရေးကြီး၏ သက်သေခံ စာများကို ဖတ်ရှု ပြီးနော်က် ဝမ်းနည်းစွာနှင့်–

"အင်း...ခင်ဗျား ပြောတဲ့အတိုင်း မှန်တယ်လို့ ယူဆရတော့မှာပဲ။ ဒါပေမဲ့ သူငယ်ကလေး အကြောင်းကို ခင်ဗျားဆီက အကောင်းသာ ကြားခဲ့ ရရင် ထုတ်ထားတဲ့ ဆုငွေနှစ်ဆကို ကျုပ် ဝမ်းမြောက်ဝမ်းသာ ပေးမိခဲ့ပါရဲ့ ဗျာ"

အကယ်၍သာ ထိုအကြောင်းကို မစ္စတာ ဘမ်ဘယ်လ် ခပ်စောစော က သိခဲ့ရပါက သူသည် အိုလီဗာနှင့် ပတ်သက်၍ ယခု ပြောပြသည့်အတိုင်း မဟုတ်တော့ဘဲ တကယ့်ကို ကွဲပြားလှစွာ ပြောပြမိမည် ဖြစ်လေသည်။ သို့ရာတွင် ယခုတော့ နောက်ကျခဲ့ပြီ ဖြစ်လေရာ မစ္စတာ ဘရောင်းလို ပေးသည့် ဆုငွေ ငါးပေါင်နှင့်ပင် ကျေနပ်ရပြီး ထွက်ခွာသွားတော့လေ၏။

မစ္စတာ ဘရောင်းလိုကား အရပ်စာရေးကြီးထံမှ ကြားသိခဲ့ရသမျှ အကြောင်းတို့ကြောင့် အတော်စိတ်ထိခိုက်နေပုံ ရလေရာ မစ္စတာဂရင်းဝစ်ဂ် ကပင်လျှင် ထိုအကြောင်းနှင့် ပတ်သက်၍ ဘာမှဝင်မပြောတော့ချေ။ အတော် ကြာမှ မစ္စတာ ဘရောင်းလိုသည် အခန်းထဲတွင် စကြံလျှောက်နေရာမှ ရပ်လိုက်ကာ လူခေါ်ခေါင်းလောင်း ကလေးကို တီးလိုက်လေသည်။ မရှေး မနှောင်းပင် မစ္စက်ဘက်ဒဝင်လည်း အခန်းထဲသို့ ရောက်လာလေရာ–

"မစ္စက်ဘက်ဒဝင် အိုလီဗာဆိုတဲ့ ကောင်ကလေးဟာ ဟန်ဆောင် ကောင်းတဲ့ တကယ့်လူဆိုးကလေး တစ်ယောက်ပဲ"

"အို မဟုတ်နိုင်ပါဘူး၊ မဟုတ်နိုင်ပါဘူး" ဟု အဘိုးကြီးကို ခါးခါး သီးသီးကြီး ငြင်းပယ်လိုက််လေသည်။

"ဟုတ်ပါတယ်၊ ခင်ဗျားကို ကျုပ် ပြောနေတယ် မဟုတ်လား၊ မဟုတ်ဘူးလို့ ဘာကြောင့် ခင်ဗျားက တပ်အပ်ပြောနိုင်ရတာလဲ။ ခုနကပဲ သူ့အကြောင်းကို သူမွေးတဲ့ အချိန်ကစပြီး ကျုပ်တို့ကြားသိခဲ့ရပြီ။ ကောင်

www.burmeseclassic.com



ကလေးဟာ သူ့တစ်သက်လုံး တကယ့်ကို လူဆိုးကလေး တစ်ယောက်လို ကျင့်ကြံခဲ့တာပဲ"

"အို...ကျွန်မတော့ မယုံနိုင်ဘူး ဦး၊ ဘယ်နည်းနဲ့မှ မယုံနိုင်ပါဘူး"

"ခင်ဗျားတို့လို အဒေါ်ကြီးတွေဟာ ဆရာလိမ် ဆရာယောင်တွေနဲ့ လူတွေကို ညာနေတဲ့ ဝတ္ထုစာအုပ်တွေ ကလွဲလို့ တခြားဘာကိုမှ ယုံတာမှ မဟုတ်ဘဲ" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က ဝင်ပြောလိုက်လေသည်။

"ကျုပ်ကတော့ အစကတည်းက သိခဲ့ပါတယ်"

"အို...သူငယ်ကလေးဟာ ကျေးဇူးသိတတ်ပြီး အင်မတန် စိတ်နူးညံ့တဲ့ ချစ်စရာ ကလေးလေးပါ။ ကလေးတွေအကြောင်း ကျွန်မ ကောင်းကောင်းကြီး သိပါတယ် ဦးရယ်။ ကျွန်မဟာ အနှစ် ၄၀ လုံးလုံး ကိုယ့်ကလေးတွေကို စောင့်ရှောက်အုပ်ထိန်း လာရတဲ့ မိန်းမပါ။ ကလေးတွေ အကြောင်းဘာမှန်း မသိတဲ့ လူက ကလေးနဲ့ ပတ်သက်လို့ ဘာမှပြောဖို့ မသင့်ဘူး"

ဤစကားသည် လူပျိုကြီးဖြစ်သည့် မစ္စတာ ဂရင်းမဝစ်ဂ်အား မစ္စတာ ဘက်ဒဝင်က နှက်လိုက်ခြင်း ဖြစ်လေသည်။ သို့ရာတွင် မစ္စတာ ဂရင်းမဝစ်ဂ်က ပြုံးရုံသာ ပြုံးလိုက်ရာ မစ္စတာ ဘက်ဒဝင်လည်း ဆက်ပြောမည်ပြုစဉ် မစ္စတာ ဘရောင်းလိုက သူ့ကို တားဆီးလိုက်လေ၏။

"တော်...တော်... ဒီကောင်လေး နာမည်ကို ကျုပ် နောက်ထပ် ဘယ်တော့မှ မကြားရပါစေနဲ့တော့၊ ခုအဲဒါကို ပြောချင်လို့ ခင်ဗျားကို ခေါ်လိုက်တာပဲ ဘက်ဒဝင်။ ဘာကိစ္စပဲဖြစ်ဖြစ် ဒီကောင်ကလေး နာမည်ကို ကျုပ် ဘယ်တော့မှ မကြားချင်တော့ဘူး။ ကဲ...သွားတော့။ ကျုပ်ပြောတာကို ကောင်းကောင်း သတိချပ်ပါနော်...ကျုပ် တကယ်ပြောနေတာ"

ထိုညတွင် မစ္စတာ ဘရောင်းလို၏ အိမ်သားတိုင်း၏ အသည်းနှလုံး နာကျည်း ဝမ်းနည်းမှုသာ ဖုံးလွှမ်း၍ နေကြလေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၁၄။ အချုပ်ထဲမှ အိုလီဗာ

ဖေဂင်သည် အိုလီဗာအား အိမ်ထဲမှ ဘယ်မှ ထွက်ခွင့်မပြုဘဲ အခန်းလှောင်ထားလေသည်။ တစ်နေ့ပြီးတစ်နေ့ အိမ်ကြီးအတွင်း၌သာ အခန်းတိုင်းလျှောက်လှည့်လည်နေရခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရလေသည်။ တစ်နေ့လုံးလိုလိုပင် ဘယ်သူနှင့်မှလည်း စကားပြောဖော် မရှိ။ ဖေဂင်နှင့် သူ့တပည့်ကလေးများသည် တစ်နေ့လုံး အပြင်ထွက်၍ အလုပ် လုပ်ကြလေရာ အိမ်ကြီးထဲ၌ အိုလီဗာတစ်ယောက်သာ ကျန်ရစ်ခဲ့တတ်လေသည်။ အိုလီဗာတွစ်လည်း တစ်နေ့လုံး ပျင်းပျင်းရိရိနှင့် အိမ်ကြီးထဲတွင် တစ်ခန်းဝင် တစ်ခန်းထွက်နှင့် လျှောက်သွားနေတတ်ပြီး မှောင်လာသည့် အခါတွင်ကား တခြားအသက်ရှင်နေကြသော လူများနှင့် နီးကပ်နိုင်သမျှ နီးကပ်နိုင်ရန် အတွက် အိမ်ကြီး၏ တံခါးမကြီး အနားတွင် ထိုင်ကာ ဖေဂင်တို့ လူစုပြန်လာမည့် အချိန်ကိုသာ စောင့်မျှော်နေတတ်လေ၏။

ဤကဲ့သို့လျှင် အိုလီဗာမှာ နေ့အချိန်များ၌ အိမ်ကြီးတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့တတ်သော်လည်း ထွက်ပြေးရန်ကား မဖြစ်ပေ။ အကြောင်းမူကား ဖေဂင်သည် အိုလီဗာ ရောက်လာကတည်းကပင်လျှင် အိမ်ကြီးရှိပြတင်းပေါက် မှန်သမျှတို့ကို အလုံပိတ်ထားခဲ့သောကြောင့် ဖြစ်လေ၏။ တံခါးမကြီးကိုလည်း အပြင်မှ သော့ခတ်လိုက်လျှင် အိမ်ထဲမှ ဘယ်လိုမှ မထွက်နိုင်တော့ချေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ ဆိုက်(စ်)၏ ခေါ်ဆောင်ရာသို့

တစ်နေ့သော နံနက်ခင်းတွင် အိုလီဗာသည် အိပ်ရာမှ နိုးလာသည့်အခါ၌ သူ့ အိပ်ရာဘေးတွင် နိုင်မာတူထပ်သော ခွာများနှင့် ရှူးဖိနပ်အသစ်တစ်ရံ ချထားသည်ကို အံ့ဩစွာ တွေ့ရလေသည်။ ပထမတော့ ဤဖိနပ်အသစ် တစ်ရံကို မိမိအား ပေးခြင်းသည် မိမိကို ပြန်လွှတ်တော့မှာမို့လို့ပဲဟု အိုလီဗာ တွေးတော သဘောကျမိသော်လည်း ဖေဂင်နှင့်အတူ နံနက်စာ စားသည့်အခါ ၌ကား ထိုအတွေးအတောမှာ လျင်မြန်စွာပင် ပျောက်ကွယ်သွားရတော့လေ သည်။ အကြောင်းမူကား ထိုညတွင် မိမိကို ဆိုက်စ်အိမ်သို့ ခေါ်ဆောင်သွား လိမ့်မည်ဟု ဖေဂင်က ပြောပြသောကြောင့် ဖြစ်လေ၏။ ဖေဂင်ပြောပုံဆိုပုံ တို့မှာ အိုလီဗာအား ကြောက်ရွံ့လာစေလေသည်။ ရေဝတီကြီးသည် သတိ ပေးသည့် အမူအရာနှင့် လက်ညှိုးတစ်ချောင်းကို တဆတ်ဆတ် လှုပ်ရာက—

"သတိထားနော်...အိုလီဗာ...သတိထား..ဆိုက်စ်ဟာ လူကြမ်းကြီး တစ်ယောက်ကွ။ သူ့အကျိုးဆိုရင် လူတောင် သတ်ရဲတဲ့ လူတစ်ယောက်ပဲ။ ဒီတော့ သူက မင့်ကို ဘာပဲခိုင်းခိုင်း လုပ်ပေတော့။ ဘာပဲဖြစ်ဖြစ် မင်းက ဘာမှမပြောနဲ့"

ဖေဂင်လည်း ခေါင်းကို တဆတ်ဆတ် ညိတ်ကာ အခန်းထဲမှ ထွက်သွားလေသည်။ အိုလီဗာလည်း ကြောက်ရွံ့စိုးရိမ်စိတ် လွှမ်းမိုးသော ကြမ်းပြင် ပေါ်တွင် ဒူးထောက်လျက် မိမိအား ဤဝင်္ဒုက္ခမှ ကာတင်ပါးမှ ဘုရားသခင် ထံတွင် ဆုတောင်းမိလေ၏။

www.burmeseclassic.com



နာရီပေါင်း မြောက်မြားစွာ ကြာမြင့်သွားခဲ့၏။ အိုလီဗာသည် မျက်နှာကို လက်များနှင့် ဖွက်လျက် ထိုင်နေရာမှ အသံတစ်သံ ကြားလိုက်ရသည့်အတွက် စောင့်ကြည့်လိုက်မိလေသည်။

"ဘာလဲ" ဟု အိုလီဗာလည်း အလန့်တကြား အော်လိုက်ရာက အခန်း[illegible] သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရလျှင် "ဘယ်သူလဲ" ဟု တုန်တုန်ယင်ယင် မေးလိုက်မိလေသည်။

"ကိုယ်ပါကွ ကိုယ်ပါ"

အိုလီဗာလည်း ဖယောင်းတိုင်ကို ခေါင်းပေါ်တွင် မြှောက်လျက် ကြည့်လိုက်ရာ နန်စီ ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဖယောင်းတိုင် ဖယ်လိုက်စမ်းပါ။ ကိုယ် မျက်စိ ကျိန်းလွန်းလို့ပါ"

သူမမှာ အသားအရေတွေ ဖြူဖပ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရလေရာ အိုလီဗာလည်း နေမကောင်းလို့လားဟု ကြင်နာစွာ မေးလိုက်မိလေသည်။ နန်စီလည်း ကုလားထိုင် တစ်လုံးပေါ်တွင် အိုလီဗာကို ကျောပေးလျက် ထိုင်ချ လိုက်လေသည်။ ပြီးနောက် လက်များကို ဆုပ်နယ်နေရာက တိတ်ဆိတ် နေလေ၏။ အတော်ကြာမှ...

"ဘုရားသခင် ကျွန်မကို အပြစ်လွှတ်ပါ။ ကျွန်မ ဒီလိုဖြစ်မယ်လို့ မတွေးမိခဲ့ဘူး" ဟု အော်ဟစ် ရေရွတ်လိုက်လေ၏။

"ဘာဖြစ်လို့လဲ နန်စီ၊ ကျွန်တော် မကူနိုင်ဘူးလား ကူညီနိုင်ရင် ကူညီပါ့မယ် နန်စီရယ် တကယ်ပြောတာပါ"

နန်စီသည် သူမ၏ ကိုယ်ခန္ဓာကို ရှေ့တိုးနောက်ငင် ယိမ်းထိုးနေပြီးနောက် လည်ပင်းကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ အသက် မရှူနိုင် မကယ်နိုင် ဖြစ်နေလေ၏။

"ဘာဖြစ်တာလဲ နန်စီ ဘာဖြစ်တာလဲ"

နန်စီသည် သူမ၏ ဒူးများပေါ်တွင် လက်များကို ထုနေပြီး ခြေထောက်များကိုလည်း ကြမ်းပြင်ပေါ်တွင် တဒုန်းဒုန်း ဆောင့်နေရာက ရုတ်တရက် ရပ်လိုက်ကာ ခြုံထားသည့် လျှော်စောင်တစ်ခုကို သူမ၏ ကိုယ်တွင် ရစ်ပတ်လိုက်ပြီး ချမ်းလှုပာန်နှင့် တဆတ်ဆတ် တုန်ယင် နေလေ၏။ အိုလီဗာလည်း မီးဖိုမှ ထင်းများကို ဆွပေးလိုက်လေသည်။ နန်စီလည်း ကုလားထိုင်ကို မီးဖိုအနားသို့ ရွှေ့ထိုင်လိုက်ပြီး စကားမပြောဘဲ အတော်

www.burmeseclassic.com

www.burmeseclassic.com



ကြာအောင် တိတ်ဆိတ်နေပြီးနောက် စောင်းလိုက်ကာ အိုလီဗာအား ကြည့်လိုက်လေသည်။

"တစ်ခါတလေကျရင် ကိုယ်ဘာဖြစ်မှန်း မသိပါဘူးကွယ်။ ဒီညစ်ပတ်တဲ့ အခန်းကြောင့်ပဲ ထင်ပါရဲ့။ ကဲ...အိုလီဗာ မင်း အဆင်သင့်ဖြစ်ပြီလား"

"ကျွန်တော် ခင်ဗျားနဲ့ လိုက်ခဲ့ရမှာလား"

"အေး...ဆိုက်စ်ဆီက လာခဲ့တာပဲ။ မင်း ကိုယ်နဲ့ လိုက်ခဲ့ရမယ်"

"ဘာလုပ်ဖို့လဲ"

"ဘာလုပ်ဖို့လဲ" ဟု နန်စီသည် သံယောင် လိုက်လိုက်ပြီးနောက် မျက်လုံးများကို မော့ကြည့်လိုက်လေသည်။ သို့ရာတွင် အိုလီဗာ၏ မျက်နှာကို တွေ့ရသည်နှင့် တစ်ပြိုင်နက် ပြန်၍ လွှဲဖယ်လိုက်ကာ "အို... မင်း ဘယ်လိုမှ ဘေး မတွေ့စေရပါဘူးကွယ်"

"ကျွန်တော် မယုံပါဘူး"

"မင်းကိုလေ သူတို့ နှိပ်စက်မယ် လုပ်တုန်းက ငါတစ်ခါ ဝင်ကယ်ခဲ့ပါပြီ။ ခုလည်း မင်းကို ငါ လာကယ်တာပဲ။ ငါသာ မလာရင် မင်းကို သူတို့ ကိုယ်တိုင် လာခေါ်မှာပဲ။ သူတို့က မင်းကို ညှာမှာ မဟုတ်ဘူး။ ငါက မင်း ငြိမ်ငြိမ်သက်သက် လိုက်ခဲ့ပါမယ်လို့ သူတို့ကို ကတိပေးခဲ့ရတယ်။ ဒီတော့ မင်း ငြိမ်ငြိမ်သက်သက် မလိုက်ခဲ့ရင် မင်းသာမက ငါပါ ဘေးတွေ့မှာပဲ။ ငါ မင်းအတွက်နဲ့ သေချင်တောင် သေရမှာ၊ ဒီမှာ ကြည့်စမ်း မင်းအတွက်နဲ့ ငါခံခဲ့ရတာ"

သူမသည် ပြောပြောဆိုဆို သူမ၏ လက်ချောင်းများနှင့် လည်ပင်းတွင် ရဲရဲကြီး ထင်နေသည့် အရှိုးရာကြီးများကို ကပျာကယာ ပြလိုက်ပြီး ဆက်လက်၍...

"မင်းအတွက်နဲ့ ပ[illegible]သက်ပြီး ခုလောလောဆယ်ဆယ်တော့ ငါ ထပ်ပြီး ဒုက္ခမခံစားရပါစေနဲ့ကွယ်၊ မင်းကို ငါ ကူညီနိုင်ရင် ကူညီပါ့မယ် ကွယ်။ ဒါပေမဲ့ ငါ ကူညီနိုင်စွမ်း မရှိသေးဘူး။ သူတို့က မင်းကို ရန်ရှာကြမှာ မဟုတ်ပါဘူး။ ကဲ တိတ်တိတ်နေနော် မင်းပြောမယ့် စကားလုံးတွေဟာ ငါ့အတွက် အရိုက်ခံရ သလိုပါပဲကွယ်။ ကဲသွားကြစို့ ပေးစမ်း မင်း[illegible]"

နန်စီသည် အိုလီဗာကို ဆွဲလျက် အိမ်ပေါ်မှ ဆင်းခဲ့လေသည်။ အိမ်တံခါးကို သူတို့မမြင်ရသည့် လူတစ်ယောက်က ဖွင့်ပေးပြီး သူတို့ ထွက်လာ

www.burmeseclassic.com



သည်နှင့် တစ်ပြိုင်နက် ပြန်ပိတ်လိုက်လေ၏။ မြင်းရထား တစ်စီးသည် သူတို့ကို စောင့်နေလေရာ နန်စီလည်း အိုလီဗာအား သူမနှင့်အတူ ရထားပေါ်သို့ ဆွဲတင်လိုက်လေသည်။ မြင်းရထားမောင်းသူကား လမ်းညွှန်ကြားရာသို့ စောင့်မနေတော့ဘဲ ချက်ချင်းပင် သူ့မြင်းကို ကြာပွတ်နှင့် ရိုက်လျက် အမြန်ဆုံး ထွက်ခဲ့လေ၏။

နန်းစီသည် အိုလီဗာ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားတုန်းပင် ဖြစ်လေ၏။ သတိပေး စကားများကိုလည်း တတွတ်တွတ် ပြောနေတုန်း ဖြစ်လေ၏။ အိုလီဗာသည် ဘယ်သွားလို့ ဘယ်ကိုရောက်မှန်း မတွေးနိုင်မီမှာပင် မြင်းရထားသည် အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်လေသည်။

"ကဲ...ဆင်းပေတော့"

နန်စီသည် အိုလီဗာ၏ လက်ကို လွှတ်လိုက်ပြီးနောက် နှစ်ယောက်သား မြင်းရထားပေါ်မှ ဆင်းခဲ့လေသည်။ အိမ်တံခါးဝတွင် ဆိုက်စ်သည် သူတို့ကို ဆီးကြိုလေ၏။

"ကောင်လေးပါလာပြီကိုး"

"မြင်တဲ့အတိုင်းပဲလေ"

"ငြိမ်ငြိမ်သက်သက် လိုက်ခဲ့ရဲ့လား"

"ငြိမ်လိုက်တာမှ သိုးကလေးလိုပဲ"

ဆိုက်စ်လည်း အိုလီဗာအား အခန်းထဲသို့ ခေါ်သွားကာ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သူ့ရှေ့တွင် ရပ်လိုက်စေလေသည်။

"ကဲ...ဒါဘာလဲ သိသလား..." ဟု ဆိုက်စ်သည် စားပွဲပေါ်မှ ပစ္စတိုသေနတ်တစ်လက်ကို ကောက်ယူရာက မေးလိုက်လေသည်။

"ကဲ...ကောင်းပြီ ဒီမှာကြည့်စမ်း။ ဟောဒီမှာ ယမ်းမှုန့် ဟောဒါက ကျည်ဆန်ပါ။ ဦးထုပ်သက္ကလတ်စကလေး"

ပြောပြောဆိုဆို ဆိုက်စ်သည် သေနတ်ထဲသို့ ယမ်းမှုန့်လောင်းထည့်၏။ နောက် သက္ကလတ်စကို ခံပြီးမှ ကျည်ဆန်ကလေးကို ထည့်လိုက်ပြန်လေသည်။

"ကဲ...အခု ကျည်ဆန်ထည့်ပြီးသွားပြီ"

"ဟုတ်ကဲ့ ကျွန်တော်တွေ့ပါတယ်"

"ကောင်းပြီ" ဆိုက်စ်သည် အိုလီဗာ၏ လက်ကောက်ဝတ် တစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း သူ့အနီးသို့ ဆွဲယူကာ သေနတ်ပြောင်းဝကို

www.burmeseclassic.com

www.burmeseclassic.com



အိုလီဗာ၏ နားထင်တွင် တေ့လိုက်လေရာ အိုလီဗာ ခမျာတွင် ကိုယ်ကလေး တုန်လျက် ထိတ်လန့်သွားမိရှာလေသည်။

"ကောင်းပြီ၊ မင်းကို ငါ အပြင်ကို ခေါ်သွားတုန်းမှာ ငါက မပြောဘဲနဲ့ မင်း စကားတစ်ခွန်း ပြောမယ်ဆိုရင် ဟောဒီ သေနတ်ထဲက ကျည်ဆန်ဟာ မင်းခေါင်းထဲ ချက်ချင်း ရောက်သွားမှာပဲ။ ဒီတော့ အခွင့်မရဘဲ စကား ပြောမယ် ဆိုရင် ဘုရား အရင် ရှိခိုးထားပေတော့"

ပြီးနောက် ဆိုက်စ်သည် အရက်နှင့် ညစာကို အားရပါးရကြီး စား သောက်နေလေ၏။ စားပြီးသွားသည့်အခါတွင်ကား ခုတင်ပေါ်တွင် ပစ်လှဲ လိုက်ကာ ငါးနာရီထိုးလျှင် မိမိအား ဆက်ဆက်နှိုးဖို့ နန်စီအား မှာကြားလိုက် လေသည်။ အိုလီဗာကိုလည်း ကြမ်းပြင်ပေါ်တွင် အိပ်ရာတစ်ခု ခင်းပေးလျက် အိပ်စေလေ၏။ နန်စီ တစ်ယောက်သည်သာ မီးဖိုရှေ့တွင် ထိုင်စောင့် နေလေ ၏။

အိုလီဗာကား တော်တော်နှင့် အိပ်မပျော်နိုင်။ နန်စီက သူ့ကို တီးတိုး စကားများ အကြံပေးဦးမည်နည်းဟု စောင့်စားနေမိလေသည်။ သို့ရာတွင် နန်စီမှာ တိတ်ဆိတ်စွာနှင့် မီးဖိုရှေ့တွင်သာ မှုန်တေတေကြီး ထိုင်နေရာ နောက်ဆုံးတွင် အိုလီဗာလည်း အိပ်ပျော်သွားတော့လေ၏။

သူနိုးလာသည့်အခါတွင် နန်စီက လက်ဖက်ရည် အဆင်သင့် ပြင်ဆင်ပြီး ဖြစ်နေကာ ဆိုက်စ်မှာတော့ သူ၏ ကုတ်အင်္ကျီရှည်ကြီး၏ အိတ် များထဲသို့ အမျိုးမျိုးသော ပစ္စည်းကိရိယာများကို ထည့်သွင်းလျက် ရှိနေ သည်ကို တွေ့ရလေ၏။ မိုးကား မလင်းသေးပေ။ အပြင်ဘက်တွင်ကား မိုးသည် တသည်းသည်း ရွာနေလေသည်။

ဆိုက်စ်လည်း အိုလီဗာအား လက်ဖက်ရည် မြန်မြန်သောက်ရန် ကြိမ်းဝါးလိုက်ပြီးနောက် သောက်ပြီးသွားလျှင် အိုလီဗာအား နန်စီက လည်ပင်းတွင် လက်ကိုင်ပဝါတစ်ထည် စည်းပေးကာ ဆိုက်စ်က ခြုံရန် ကုတ်လုံ ကြီးတစ်ထည် ပေးလိုက်လေသည်။ ပြီးနောက် ဆိုက်စ်သည် မိမိ၏ အိတ်ထဲတွင် သေနတ်ရှိသည်ဟူ၍ လက်များနှင့် အမူအရာ လုပ်ပြပြီးနောက် အိုလီဗာ၏ လက်ကို ဆွဲကာ အိမ်ထဲမှ ထွက်ခဲ့ကြလေ၏။

အိုလီဗာကား မိမိအား နန်စီက နှုတ်ဆက်လေဦးမလား ဟူသော မျှော်လင့်ချက်နှင့် လှည့်ကြည့်လိုက်သေးသော်လည်း နန်စီမှာ မီးဖိုရှေ့ သူမ နေရာတွင် မတုန်မလှုပ်ကြီး ပြန်ထိုင်နေလေတော့၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ လန်ဒန်တွင်

ဆိုက်စ်နှင့် အိုလီဗာတို့သည် လန်ဒန်မြို့တော်၏ လမ်းများထဲသို့ ရောက်လာခဲ့သည့်အခါ၌ နံနက် မိုးသောက်ခဲ့လေပြီ။ သို့ရာတွင် စိတ် ရွှင်မြူးဖွယ်ကောင်းသော နံနက်ခင်းကား မဟုတ်။ လေသည် ခပ်ပြင်းပြင်း တိုက်ခတ်နေကာ မိုးကလည်း သည်းသည်းကြီး ရွာချနေလေသည်။ မိုးသား တိမ်လိပ်တွေမှာလည်း အုံ့အုံ့ဆိုင်းဆိုင်းနှင့် လေပြင်းမုန်တိုင်း ကျတော့မည့်အသွင်ကို ဆောင်ယူထားလျက် ရှိနေကြလေ၏။ ညတစ်ညလုံး မိုးရွာချခဲ့သည် ဖြစ်ရာကား၊ လမ်းများ ပေါ်တွင် ရေအိုင်တွေ ဖြစ်နေကာ လမ်းဘေးမြောင်းတွေမှာလည်း ရေတွေ ပြည့်လျှံလျက် ရှိနေကြလေသည်။

ဘက်သ်နယ်လ်ဂရင်းသို့ သူတို့ ရောက်လာကြသည့်အခါတွင်ကား မိုးသည် စင်စင်လင်းစပြုနေလေပြီ။ လမ်းမကြီးမှာလည်း ငြိမ်းကုန်ကြပြီဖြစ်ကာ တောနယ်တွေမှ တက်လာသည့် လှည်းတွေမှာလည်း လန်ဒန်မြို့တော်ဆီသို့ ဖြည်းညှင်းစွာ တအိအိ သွားနေကြပြီ။ မကြာခဏ ဆိုသလို ခရီးသည်များ ကို တင်ဆောင်လာသည့် စာပို့မြင်းရထား တစ်စီးတလေသည် ရွှံ့များအလူးလူးနှင့် သွက်လက်စွာ ဖြတ်သန်းသွားတတ်လေ၏။

ခတ်ငွေ့မီးတိုင်များ ထွန်းညှိထားသော အရက်ဆိုင်များမှာလည်း ဖွင့်နေလေပြီ။ တဖြည်းဖြည်းနှင့်ပင် အခြားဆိုင်များမှာလည်း ဖွင့်လာကြကာ လမ်းပေါ်တွင် လူများကို ကွက်တိကွက်ကျား တွေ့လာကြရလေ၏။ ထို့နောက်ကား အလုပ်လုပ်ရန် စောစောစီးစီး ထွက်လာသည့် အလုပ်သမား

www.burmeseclassic.com



များ၊ ငါးတောင်းများကို ခေါင်းပေါ်တွင် ထမ်းရွက်လာကြသည့် ငါးစိမ်း သည် ယောကျ်ားမိန်းမများ၊ လားတွေ ဆွဲလာသည့် ဟင်းသီးဟင်းရွက် သည်များ၊ ဖျက်ပြီးသား အမဲသားတွေကို တင်ဆောင်လာသည့် အမဲလှည်း များ၊ နို့သည်များ စသည့်လူများ လှည်းများသည် အဆုံးမရှိဘဲ တသီတတန်း ကြီးနှင့် မြို့တော်အရှေ့ပိုင်း ဆင်ခြေဖုံးရပ်ကွက်များသို့ ကုန်မျိုးစုံနှင့် သွားနေ ကြလေ၏။ မြို့လယ်ကောင်နှင့် နီးလေလေ အသွားအလာ ရှုပ်ထွေး ဆူညံ လေလေ ဖြစ်လာကာ ရီးစ်(ချ်)ရပ်ကွက်နှင့် စမစ်သ်ဖီးလ်ဒ်ရပ်ကွက် အကြားရှိ လမ်းများသို့ ရောက်လာကြလျှင်ကား အသွားအလာ လူထု ရထားထုကြီးမှာ အစဉ်မပြတ် ဆူညံစည်ကား နေတော့လေ၏။

"ကဲ…ကောင်လေး ခုနစ်နာရီတောင် ထိုးတော့မယ် မြန်မြန်လျှောက် စမ်းလေကွာ၊ တကယ်ဖျင်းတဲ့ ကောင်ပဲ" ဟု ဆိုက်စ်က စိန့်အင်ဒရူး ဘုရားကျောင်း နာရီကြီးကို မော်ကြည့်ရာက အိုလီဗာအား ကြိမ်းလိုက်လေသည်။ ထိုစဉ်က ကြိမ်းလိုက်ရုံသာ မဟုတ်သေး၊ အိုလီဗာ၏ လက်ကောက်ဝတ် တစ်ဖက်ကိုလည်း ဆောင့်ဆွဲလိုက်လေရာ အိုလီဗာခမျာတွင်လည်း ခပ် သွက်သွက် လျှောက်ချည်တစ်လှည့် ပြေးချည်တစ်ခါနှင့်သာ အိမ်ဖောက် သမား ဆိုက်စ်၏ သွက်လက်လှသော ခြေလှမ်းကို အမီ လိုက်ရရှာလေ၏။

ဟိုက်ပတ် ပန်းခြံထောင့်ကို ကျော်လွန်ခဲ့ပြီး ကင်ဆီတန်ဆီသို့ သွားနေကြသည့်အခါတွင်မှ ဆိုက်စ်၏ ခြေလှမ်းများမှာ နှေးသွားလေသည်။ ထိုစဉ်၌ သူတို့နောက်မှ ကုန်မပါသော လှည်းတစ်စီးသည် သူတို့ကို မီလာ လေရာ လှည်း၏ ကိုယ်ထည်ပေါ်တွင် ဟောင်းစလိုဟု ရေးထားသည်ကို တွေ့ရသဖြင့် ဆိုက်စ်လည်း လှည်းမောင်းသမားအား သူတတ်နိုင်သလောက် ယဉ်ကျေးစွာနှင့် မိမိတို့ နှစ်ယောက်ကို အိုက်စ်လ်ဝပ်သ်အထိ တင်ဆောင် သွားပါရန် တောင်းပန်လိုက်လေသည်။

"တက်လေဗျာ။ ဒီသူငယ်က ခင်ဗျားကလေးလား"

"ဟုတ်တယ်။ ကျုပ်ကလေးပဲ" ဟု ဆိုက်စ်က ပြန်ဖြေလိုက်ကာ အိုလီဗာအား စိုက်ကြည့်ပြီး သေနတ်ထည့်ထားသော သူ့အင်္ကျီအိတ်ထဲသို့ အမှုမဲ့ အမှတ်မဲ့ အမူအရာနှင့် လက်တစ်ဖက် ထည့်လိုက်လေ၏။

နောက်ဆုံးတွင် လမ်းနှစ်ခွ ခွဲသွားသည့် အနားတွင် ရှိသည့် အရက် ဆိုင် တစ်ဆိုင်သို့ ရောက်လာကြလေရာ လှည်းသမားလည်း လှည်းကို ရပ် ဆးလိုက်လေသည်။ ဤတွင် ဆိုက်စ်လည်း လှည်းပေါ်မှ အောက်သို့ဆင်း

www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာ ဆင်းလိုက်ကာ အိုလီဗာကိုလည်း လှည်းပေါ်မှ ပွေ့ချလိုက်ပြီး နောက် အိုလီဗာအား ကြောက်မက်ဖွယ် မျက်နှာထားကြီးနှင့် လှမ်းကြည့်ကာ သူ့အကျႌအိတ်ကို လက်နှင့် ပုတ်ပြလိုက်ပြန်လေသည်။

"သွားပြီဟေ့...လူကလေး" ဟု လှည်းသမားက အိုလီဗာကို လှမ်း၍ နှုတ်ဆက်သွားလေ၏။

အိုလီဗာနှင့် ဆိုက်စ်တို့လည်း အရက်ဆိုင်ကို ကျော်ဖြတ်ပြီး သူတို့၏ လက်ဝဲဘက်သို့ လျှောက်ခဲ့ကြကာ တစ်ဖန်လက်ယာဘက်ရှိ လမ်း တစ်လမ်း အတိုင်း မြန်လှစွာ ဆက်လက် လျှောက်ခဲ့ကြပြန်လေသည်။ လမ်းတွင် ကျယ်ဝန်းသော ပန်းခြံကြီးများနှင့် လူကြီးလူကောင်း လူကုံထံတွေ၏ အိမ်တွေကို ကျော်ဖြတ်ခဲ့ကြရလေသည်။ မြို့တစ်မြို့ကို ရောက်လာသည် အထိ ဗျစ်ရည်နည်းနည်း သောက်ဖို့မှအပ၊ နားခြင်းမရှိဘဲ လျှောက်ခဲ့ကြ လေသည်။ မြို့သို့ ရောက်လာကြလျှင်ကား အိမ်တစ်အိမ်၏ နံရံပေါ်တွင် အတော်ကလေး ကြီးမားသော စာလုံးများနှင့် "ဟန်မ်ဗတန်မြို့" ဟု ရေးထား သည်ကို အိုလီဗာ တွေ့ရလေ၏။ သူတို့သည် မြို့သို့ မဝင်ကြသေးဘဲ မြို့ပြင် ရှိ လယ်ကွင်းများတွင် နာရီပေါင်း အတော်ကြာ အချိန်ဖြုန်းနေကြလေသည်။ ပြီးမှ မြို့ထဲသို့ ဝင်လာကြကာ မထင်ရှားသော ဆိုင်းဘုတ်နှင့် အရက်ဆိုင် အိုကြီး တစ်ဆိုင်သို့ ဝင်လျက် ညစာ စားသောက်ကြလေ၏။

ထမင်းစားခန်းထဲတွင် အသွင်အပြင် ကြမ်းတမ်းပုံရသည့် လူအချို့ ထိုင်နေကြသော်လည်း သူတို့သည် ဆိုက်စ်နှင့် အိုလီဗာကို ဂရုမစိုက်ကြ။ ဆိုက်စ်ကလည်း သူတို့ကို ပြန်ဂရုမစိုက်။ အိုလီဗာနှင့်အတူ အခန်းထောင့် တစ်ထောင့်တွင် သူတို့ ဘာသာ သူတို့ သတ်သတ်ထိုင်ကာ ညစာ စား သောက်ကြလေ၏။

စားသောက်ပြီးစီးသွားကြသည့် အခါတွင် ဆိုက်စ်သည် ထိုင်ရာမှ မထဘဲ ဆေးတံကို လေးငါးအိုး ဆက်လက်၍ သောက်နေရာ အိုလီဗာလည်း ထိုညတော့ ခရီးဆက်လက်၍ သွားရတော့မည် မဟုတ်ဟု ယုံကြည် စိတ်ချ မိပြီ။ နံနက်ကလည်း အစောကြီး ထခဲ့ရပြန်၊ ခရီးကလည်း ပန်းလာသည့် အတွက် ဝင်ဝန်းနွမ်းနယ်မှုနှင့် ဆိုက်စ်၏ ဆေးတံမှ ဆေးငွေ့တွေ လွှမ်းမိုး၍ အောက်ထယ် အိပ်ပျော်သွားမိတော့လေ၏။

သူ့ကို ဆိုက်စ်က တွန်းနှိုးလိုက်သည့်အခါ၌ အတော်ဗာလေး မှောင် မိုက်နေပြီ ဖြစ်လေ၏။ အိပ်မှုန်စုံမွှားနှင့် ထထိုင်ကာ သူ့ ပတ်ဝန်းကျင်ကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့် လိုက်သည့်အခါတွင် ဆိုက်စ်မှာ အလုပ်သမား တစ်ယောက်နှင့် တူသော လူတစ်ယောက်နှင့်အတူ ဖျစ်ရည်သောက်ရင်း ခေါင်းချင်းဆိုင် တိုင်ပင်နေ ကြသည်ကို တွေ့ရလေ၏။

"ဒီလိုဆို ခင်ဗျား ဟဲလီဖို့ဒ် အောက်ပိုင်းကို သွားမလို့ပေါ့" ဟု ဆိုက်စ်က မေးနေလေသည်။ နောက်ဆုံးတွင် ထိုလူ၏ လှည်းနှင့်ပင် သူတို့ နှစ်ယောက် သွားလိုရာ အရပ်သို့ လိုက်ခွင့်ရခဲ့ကြလေ၏။

လမ်းတစ်လျှောက်လုံးတွင် ဘယ်သူမျှ စကားမပြောကြချေ။ လှည်းမောင်းသမားကား သောက်ခဲ့ရသော ဖျစ်ရည် အဆီရစ်ပြီး အိပ်ငိုက်နေလေသည်။ ဆိုက်စ်မှာလည်း ၎င်းနှင့် စကားပြောလိုစိတ် မရှိ။ အိုလီဗာကား လှည်း၏ ထောင့်တစ်ထောင့်တွင် ကုပ်ကုပ်ကလေး ထိုင်လျက် လိုက်ပါလာရာက စိုးရွံ့ထိတ်လန့်မှု အမျိုးမျိုးတို့ကို ခံစားနေရရှာလေ၏။

ညခုနစ်နာရီလောက်တွင် သူတို့လှည်းသည် ဆန်းဗျူရီမြို့ကလေးကို ကျော်လွန်ခဲ့ကြလေသည်။ နှစ်မိုင်၊ သုံးမိုင်မျှ ခရီးဆက်လက်၍ နှင်ခဲ့ကြပြီးလျှင် ဆိုက်စ်နှင့် အိုလီဗာတို့လည်း လှည်းသမားနှင့် လမ်းခွဲခဲ့ကြရပြန်လေသည်။ ဆိုက်စ်သည် အိုလီဗာအား လက်တစ်ဖက်နှင့် ဆွဲကာ ဆက်လက်၍ လမ်း လျှောက်ခဲ့ကြရပြန်လေ၏။

ရှက်ပါးတွန်မြို့သို့ ရောက်လာလျှင်လည်း ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်သော အိုလီဗာ ထင်မိသည့်အတိုင်းပင် ဘယ်အိမ်တွင်မှ ဝင်၍ မနားကြဘဲ မှုန်ကုပ်သော လမ်းအသွယ်သွယ်နှင့် အေးချမ်းလှသော လွင်ပြင်များကို ကျော်ဖြတ်ကာ ခရီးဆက်လက် နှင်ခဲ့ကြလေသည်။ ပြီးနောက်ကား သူတို့၏ ရှေ့မဝေးကွာလှသော အရပ်တွင် မြို့တစ်မြို့မှ မီးရောင်များကို တွေ့ကြရလေ၏။ အိုလီဗာလည်း ပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်မိသည့်အခါတွင် သူတို့ရှေ့၌ ရေပြင်ကြီးကို တွေ့ရကာ သူတို့ကိုယ်တိုင်မှာလည်း တံတားတစ်ခု၏ ခြေရင်းသို့ ရောက်နေကြသည်ကို သိလာလေ၏။

ဆိုက်စ်သည် တံတားအနီးသို့ တည့်တည့်ကြီး ချဉ်းကပ်သွားပြီးမှ ရုတ်တရက် သူ၏ လက်ဝဲဘက်ရှိ ရေပြင်၏ ကမ်းစပ်ဆီသို့ ချိုးဆင်းသွားပြန်လေ၏။

"ပြီးပါလေရော။ သူ ငါ့ကို သတ်ရအောင်လို့ ဒီနေရာကို ခေါ်လာတာပါပဲ၊ ငါ့ကိုသတ်ပြီး ရေထဲပစ်ချလိုက်မှာပဲ ထင်တယ်" ဟု အိုလီဗာ ချောက်ချား ကြောက်ရွံ့ထိတ်လန့်မိလှစွာဖြင့် တွေးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ၏ နုပျိုသော အသက်ကလေးကို သေဘေးမှ လွတ်မြောက်ရန် ကြိုးစားတော့မည်ဟု သူ့ကိုယ်ကလေးကို မြေကြီးပေါ်သို့ ပစ်လှဲချလိုက်တော့မည် ပြုနေစဉ်မှာပင် သူတို့နှစ်ယောက်သည် ပျက်စီးဆွေးမြည့်နေသော တစ်ခုထီးတည်း တည်ရှိနေသည့် အိမ်တစ်အိမ်ရှေ့သို့ ရောက်လာကြလေ၏။ အိမ်ပေါက်ဝ၏ တစ်ဖက်တစ်ချက်တွင် ပြတင်းပေါက် တစ်ခုစီ ရှိကာ၊ နှစ်ထပ်အိမ်ဖြစ်၏။ သို့သော် မီးရောင်ကိုတော့ မတွေ့ရချေ။ အိမ်ကြီးကား မှောင်မိုက်ပျက်စီးနေပြီး အသွင်အပြင်မှာလည်း လူနေပုံမရချေ။

ဆိုက်စ်လည်း အိုလီဗာကို လက်တစ်ဖက်က ဆွဲရင်းနှင့်ပင် အိမ်ကြီးဆီသို့ ဖြည်းညင်းစွာ ချဉ်းကပ်ခဲ့လေသည်။ ပြီးနောက် ဝရန်တာပေါ်သို့ တက်ကာ အိမ်တံခါးကို အသာအယာ တွန်းဖွင့်လိုက်ပြီး နှစ်ယောက်သား အိမ်ထဲသို့ ဝင်ခဲ့ကြလေ၏။

❑

"ဟာလို"

သူတို့နှစ်ယောက် အိမ်ထဲသို့ ရောက်သွားကြသည်နှင့် တစ်ပြိုင်နက် ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာလေသည်။

"ဟေ့…ဒါလောက် ဆူဆူညံညံ လုပ်မနေပါနဲ့။ မီးရောင်ကလေး ဘာကလေး ပြစမ်းပါဦးကွ၊ တော့ဘီ" ဟု ဆိုက်စ်က တံခါးကို မင်းတုပ်ချရင်းက ပြန်ဖြေလိုက်လေသည်။

"အဟား…ကျုပ်မိတ်ဆွေကြီးပါလား…ဟေ့ ဘာနီ မီးရောင်ကလေး ဘာကလေး ပြပါဦးလေကွာ"

ကြမ်းပြင်ပေါ်တွင် တရှပ်ရှပ်နှင့် ရှပ်တိုက်၍ လျှောက်လာသော ခြေသံကို ကြားရပြီးနောက် လက်ယာဘက် တံခါးပေါက်ဆီမှ ပထမဦးဆုံး အလင်းတိုင် မီးရောင်လှဲ့လှဲ့ကလေး ထွက်လာကာ နောက်မှ ယခင်တစ်ခါက ဖော်ပြခဲ့ပြီဖြစ်သော နှာခေါင်းသံပါပါနှင့် စကားပြောတတ်သည့် ဆင်ဖရန် တောင်ကုန်းကလေး ရပ်ကွက်တွင် ရှိသော အရက်ဆိုင်မှ စားပွဲထိုး ဘာနီ၏ ပုံသဏ္ဍာန် ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဆိုက်စ်ပါလား" ဟု ဘာနီက ဟန်လုပ်၍လား၊ ဒါမှမဟုတ် တကယ်ပဲလားမသိ၊ ဝမ်းမြောက်ဝမ်းသာနှင့် နှုတ်ဆက်လိုက်လေသည်။ "လာပါ ဆရာ၊ လာပါ ဆရာ"

"ကဲ...မင်းက အရင်ဝင်စမ်းကွာ" ဟု ဆိုက်စ်သည် အိုလီဗာကို ရှေ့က ဝင်စေလေသည်။ "မြန်မြန်ဝင်လေကွာ၊ မင်းခြေဖနောင့်တွေ ငါတက်နင်းမိပါဦးမယ်"

ဆိုက်စ်သည် အိုလီဗာအား နောက်ကနေ တွန်းရင်းက မျက်နှာကြက် နိမ့်နိမ့်နှင့် မီးခိုးတလူလူ ထွက်နေသော မီးဖိုကြီးတစ်ခုရှိသည့် အခန်းမှောင်မှောင်ထဲသို့ ဝင်ခဲ့လေသည်။ အခန်းထဲတွင်ကား ကျိုးပဲ့နေသော ကုလားထိုင် သုံးလေးလုံး၊ စားပွဲတစ်လုံးနှင့် ခုံရှည်ကြီးတစ်လုံး ရှိလေသည်။ ခုံရှည်ကြီးပေါ်တွင်ကား...လူတစ်ယောက်သည် ခြေနှစ်ဖက် မြှောက်ကာ စန့်စန့်ကြီး လဲလျောင်းလျက် ရှိနေလေ၏။ ထိုလူမှာ စတိုင်ကျကျ ချုပ်ထားသည့် ကြေးကြယ်သီးများ တပ်ထားသော ကုတ်အင်္ကျီအကွက်ကျားကျား အတွင်းခံအင်္ကျီနှင့် ဒူးကျပ်ဘောင်းဘီကို ဝတ်ဆင်ထားလေသည်။ သူ့နာမည်ကား မစ္စတာ ခရက်ကစ် ဖြစ်လေ၏။ သူ့တွင် ဆံပင်များများ မရှိ၊ ရှိသည့် ဆံပင်ကို ဆေးနှီဆိုးထားကာ ဝက်အူလှည့်ကဲ့သို့ ကောက်လိမ်ထားလေသည်။ ထိုဆံပင်များထဲသို့ အပေါ်စား လက်စွပ်ကြီးများကို ဝတ်ဆင်ထားသည့် လက်ချောင်းများကို မကြာခဏ ထိုးထည့်နေလေ၏။

သူ၏ ကိုယ်လုံးကိုယ်ထည်ကား သာမန်ထက် အနည်းငယ် ကြီးမား သော်လည်း ခြေထောက်များမှာတော့ ကောင်းစွာ သန်မာပုံ မရချေ။ သို့ရာတွင် ထိုအချက်သည် ခြေထောက်၌ စွပ်ထားသည့် ဘွတ်ဖိနပ်ရှည်ကြီး များတွင် ပိုင်ရှင်၏ သဘောကျစေမှုကို ယုတ်လျော့စေဟန် မတူ။ အကြောင်း မူကား သူသည် ထိုဘွတ်ဖိနပ်ရှည်ကြီးများကို ထင်ရှားသော ကျေနပ်မှုဖြင့် ကြည့်ရှုနေသောကြောင့် ဖြစ်လေ၏။

"ဘီလ်...ကိုယ့်လူ"ဟု သူသည် ခေါင်းကို တံခါးဆီသို့ [illegible] ရာက နှုတ်ဆက်လိုက်လေသည်။ "မင်းကို တွေ့ရတာ ဝမ်းသာ[illegible] မင်းလာမှ လာပါတော့မလားလို့ စိတ်ပူနေမိသေးတယ်။ [illegible]"

နောက်ဆုံးပိတ် စကားနှစ်လုံးကို အိုလီဗာအား [illegible] အကြီးအကျယ် အံ့အားသင့်သွားဟန်နှင့် မစ္စတာ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထွက်ဆိုလိုက်ခြင်း ဖြစ်လေသည်။ သူသည် လုံနေရာက ထထိုင်လိုက်ကာ အိုလီဗာ မည်သူမည်ဝါ ဖြစ်ကြောင်းကို မေးမြန်းတော့လေ၏။

"ဟိုကောင်လေးပေါ့ဗျ...ဟိုကောင်လေးပေါ့"ဟု ဆိုက်စ်က ကုလားထိုင် တစ်လုံးကို မီးဖိုကြီး အနားတွင် ဆွဲယူထိုင်လိုက်ရာက ပြန်ဖြေ လိုက်လေ၏။

"ဖေဂင်ရဲ့ ကောင်လေး တစ်ယောက်ပေါ့"ဟု ဘာနီကလည်း ပြုံးစိစိ ဝင်ပြောလိုက်လေသည်။

"ဖေဂင်ရဲ့ ကောင်ကလေး ဟုတ်လား" ဟု တော့ဘီက အိုလီဗာကို ကြည့်ရင်း ပြောလိုက်လေသည်။ "အင်း...ဝတီကလေးကို ဘုရားရှိခိုးကျောင်း ထဲဝင်ပြီး အဘွားကြီးတွေကို ခါးပိုက်နှိုက်ခိုင်းရရင် သိပ်ဟန်ကျမှာကွ။ မျက်နှာကလေးက အဘွားကြီးတွေကျမယ့် ရုပ်ပဲ"

"ကဲ...ကဲ...တော်ပါတော့" ဟု ဝင်ပြောလိုက်ရာ ဆိုက်စ်သည် တော့ဘီ၏ နားထဲသို့ တစ်စုံတစ်ရာကို တီးတိုး ပြောဆိုလိုက်လေသည်။ ဤတွင် မစ္စတာ တော့ဘီခရက်ကစ်လည်း အားရပါးရ ရယ်လိုက်ပြီးနောက် အိုလီဗာအား အတော်ကြာအောင် စိုက်ကြည့်နေလေ၏။

ဆိုက်စ်လည်း သူ့နေရာတွင် ပြန်ထိုင်လိုက်ပြီးနောက်

"ကဲ ကျုပ်တို့ စောင့်နေတုန်း တစ်ခုခုစားဖို့ ပေးစမ်းပါဗျာ။ ဟော့ ကောင်လေး မီးဖိုနားမှာ ထိုင်ပြီး အနားယူလေကွာ။ ဒီနေ့ည မင်း ငါတို့နဲ့ အတူတူ အပြင်ထွက်ရဦးမှာကွ၊ ဒါပေမဲ့ သိပ်တော့ မဝေးပါဘူးလေ..."

အိုလီဗာကား ဆိုက်စ်ကို တိတ်ဆိတ်သော ကြောက်ရွံ့ခြင်းဖြင့် ကြည့်နေရှာလေသည်။ ပြီးနောက် ခွေးခြေကလေး တစ်ခုကို မီးလင်းဖိုကြီး နားသို့ ဆွဲယူလိုက်ကာ သူ၏ ကိုက်ခဲနေသော ခေါင်းကလေးကို လက်များ ပေါ်တွင် တင်ထိုင်လျက် သူ ဘယ်ရောက်နေသည်ကိုလည်းကောင်း၊ သူ့အနီး တွင် ဘာလုပ်နေကြသည်ကို လည်းကောင်း၊ မသိအောင် ဖြစ်နေရှာတော့လေ ၏။

ဆိုက်စ်လည်း တော့ဘီက ထုတ်ပေးသည့် အစားအစာ အနည်းငယ် နှင့် အရက်ကို စားသောက်ကာ အိုလီဗာအားလည်း အနည်းငယ် စားခိုင်း လျက် အရက်တစ်ခွက်ကိုလည်း အတင်းအဓမ္မ သောက်လိုက်စေလေသည်။ အိုလီဗာ အရက်သောက်လိုက်ပြီး မွန်သီးနေမိသည့်အခါ၌ တော့ဘီနှင့် ဘာနီ

www.burmeseclassic.com

www.burmeseclassic.com



တို့က သဘောကျစွာ ရယ်လိုက်ကာ ဆိုက်စ်ကပင်လျှင် ခပ်သဲ့သဲ့ ပြုံးလိုက်လေ၏။

ထို့နောက်ကား... သူတို့အားလုံးပင် တစ်ရေးတစ်မော အိပ်ကြလေသည်။ အိုလီဗာမှာလည်း မီးဖိုကြီးနားက ခွေးခြေကလေးပေါ်တွင် ထိုင်ရင်းကပင် မှေးခနဲ အိပ်ပျော်သွားမိလေ၏။ သူသည် တစ်နေ့လုံး ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည် အိပ်မက် မက်နေမိစဉ် တော့ဘီက အိပ်နေရာမှ ထခုန်လိုက်ကာ "တစ်နာရီခွဲပြီဟေ့" ဟု အော်လိုက်သည့်အတွက် လန့်နိုး လာရလေ၏။

ပြီးနောက်ကား ဆိုက်စ်နှင့်တော့ဘီတို့သည် အပြင်ထွက်ရန် ပြင်ဆင်ကြလေ၏။ တစ်ယောက်လျှင် သေနတ်တစ်လက်စီနှင့် အိမ်ဖောက်ကိရိယာတန်ဆာပလာတို့ကို အသီးသီး၏ အကျႌအိတ်ကြီးများတွင် ထည့်ကာ လည်ပင်းများတွင် လည်ပတ်ကြီးများ ပတ်လိုက်ကြလေသည်။ ပြီးနောက် အိုလီဗာကိုလည်း သူ၏ဝတ်ရုံကြီးကို ပြန်ခြုံစေကာ ၎င်း၏ လက်ကလေးနှစ်ဖက်ကို တစ်ယောက် တစ်ဖက်စီဆွဲကြပြီး အပြင်ဘက်သို့ ထွက်ခဲ့ကြလေ၏။ အိမ်ကြီးထဲတွင် ဘာနီ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့လေ၏။ အိုလီဗာ ခမျာတွင်ကား ဆိုက်စ်နှင့် တော့ဘီတို့က ၎င်းကို ခေါ်ဆောင်သွားသည့် နောက်သို့ ဘုမသိ ဘမသိနှင့်ပင် ကြောင်တက်တက် လိုက်ပါသွားရတော့လေသည်။

ညဉ့်ကား ပကတိ မှောင်မိုက်နေပြီ ဖြစ်လေ၏။ နှင်းမြူများမှာလည်း ညဉ့်ဦးကထက် ထူထပ်စွာ ကျရောက်လျက် ရှိနေသည်ဖြစ်လေရာ စိုစိုစွတ်စွတ် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်နေလေ၏။ သူတို့သည် တံတားကို ကျော်ဖြတ်ခဲ့ကာ ညဦးက အိုလီဗာ တွေ့ခဲ့ရသည့် မြို့ကလေးတစ်မြို့၏ မီးရောင်များဆီသို့ ရှေးရှုပြီး ခပ်သုတ်သုတ်ကလေး လျှောက်ခဲ့ကြလေ၏။

အားလုံးတိတ်ဆိတ်အိပ်မောကျလျက် ရှိနေသော မြို့ကို ကျော်ဖြတ်လာ ပြီးခဲ့ကြသည့်အခါတွင်ကား မြို့၏ ဘုရားရှိခိုးကျောင်းမှ ညနှစ်နာရီထိုးသံကို ကြားကြရလေ၏။ သူတို့၏ ခြေလှမ်းများသည် သွက်လာကြကာ သူတို့၏ လက်ဝဲဘက်ရှိ လမ်းတစ်လမ်းတည်းသို့ ချိုးဝင်လိုက်ကြလေ၏။ နှစ်ဖာလုံခန့် ရောက်မိခဲ့ကြလျှင်ကား အုတ်တံတိုင်း ဝင်းခြံကြီး တစ်ခု ထီးတည်း တည်ရှိနေသော အိမ်တစ်ဆောင်သို့ ရောက်ကြလေသည်။ တော့ဘီခရက်ကစ်သည် လျင်မြန် သွက်လက်စွာနှင့် အုတ်တံတိုင်းပေါ်သို့

www.burmeseclassic.com



တွယ်ကပ် တက်သွားပြီးနောက် ဆိုက်စ်က အောက်ကနေ ပင့်ပေးသော အိုလီဗာကို ဆွဲယူလိုက်လေသည်။ အိုလီဗာသည် သူ့ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရဖို့ အချိန်မရခင်မှာပင် သူတို့ သုံးယောက်စလုံးမှာ အိမ်ကြီး၏ ဝင်းထဲ မြက်ခင်းပေါ်သို့ ရောက်ရှိ နေကြပြီဖြစ်လေ၏။ သူတို့သည် အထူး သတိထားလျက် အိမ်ကြီးဆီသို့ ချဉ်းကပ်ခဲ့ကြလေသည်။

ထိုအခါမှပင် စိုးရွံ့ ထိတ်လန့်မှုကို ပြင်းထန်စွာ ခံစားနေခဲ့ရသော အိုလီဗာ ခမျာ ဆိုက်စ်နှင့်တော့ဘီတို့မှာ ဤအိမ်ကြီးကို ဖောက်ထွင်းခိုးယူရန် ရောက်လာကြခြင်း ဖြစ်သည်ကို ပထမဦးဆုံးအကြိမ်အဖြစ်နှင့် နားလည် မိတော့သည်။ ထို့ကြောင့်လည်း အမှုမဲ့ အမှတ်မဲ့ ဆိုသလို စက်ဆုပ် ထိတ်လန့် စွာနှင့် တစ်ချက် အော်လိုက်ပြီး မြက်ခင်းပေါ်သို့ ဒူးထောက်လဲကျ သွားမိ လေ၏။

"ထစမ်း" ဟု ဆိုက်စ်သည် ဒေါသကြောင့် တုန်ယင်နေရာက လေသံ နှင့် ကြိမ်းလိုက်လေသည်။ သူ့သေနတ်ကိုလည်း အိတ်ထဲမှ ထုတ်ယူလိုက် လေသည်။ "ထစမ်း... မထရင် မင်းဦးနှောက်တွေကို မြက်ခင်းတွေပေါ် ကြဲပြီး သား ဖြစ်သွားအောင် ဖောက်ထုတ်ပစ်လိုက်မယ်"

"ကျွန်တော့်ကို လွှတ်ပါဗျာ... ဘုရားသခင်ရဲ့ မျက်နှာတော်ကို ထောက်ပြီး... ကျွန်တော်ကို လွှတ်ကြပါခင်ဗျာ... ကျွန်တော့်ဘာသာ ကျွန်တော် ထွက်ပြေးပြီး လယ်ကွင်းတွေထဲမှာ သေရင်လည်း သေပါစေ တော့။ ဒါပေမဲ့ ကျွန်တော် သူခိုးတော့ မလုပ်ပါရစေနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်"

ဆိုက်စ်ကား ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုလိုက်လေရာက သူ့ သေနတ်ကို မောင်းတင်လိုက်လေသည်။ ထိုစဉ် တော့ဘီက သေနတ်ကို ဆိုက်စ်၏ လက်ထဲမှ ပုတ်ချလိုက်ပြီး အိုလီဗာ၏ ပါးစပ်ကို သူ့လက်ကြီး များနှင့် ပိတ်ကာ အိမ်ကြီးအနီးသို့ အတင်းဆွဲ ခေါ်သွားလေ၏။

"ရှူး... တိတ်တိတ်ဆိတ်ဆိတ် လုပ်ပါကွ၊ မင်း နောက်ထပ် စကား တစ်ခွန်းပြောရင် ခေါင်းကိုရိုက်ခွဲလိုက်မယ်။ အသံမကြားရပေမယ့် အတူတူ ထိရောက်တာပဲကွနော်...။ ကဲ ဘီလ် တရုတ်ကပ်တွေကို သံချောင်းနဲ့ ထုတ်စမ်းကွာ ငတိကလေး ခုတော့ လုပ်ရဲလာပါပြီကွ။ သူ့ထက်ကြီးတဲ့ ကောင်တွေတောင် ဒီလိုအေးတဲ့ ညမျိုးမှာ သူ့လိုပဲ မလုပ်ခင် သတ္တိကြောင်ဖူး ကြတာ ငါတွေ့ဖူးခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်စ်သည် အိုလီဗာအား ထည့်လိုက်ရပါ့မလားဟု အောင်အား အမျိုးမျိုး ဆဲဆိုနေရင်းက အဆင်သင့်ပါသည့် သံတူရွင်းဖြင့် တရုတ် ကတ်ကို အသံမကြားအောင် ခွာထုတ်နေလေ၏။ အတော်ကလေးကြာသွားမှ တော့ဘီ၏ အကူအညီဖြင့် တရုတ်ကတ်မှာ ပတ္တာများ ပွင့်သွားလေသည်။

ပြတင်းပေါက်ကား သေးငယ်လှသော ရာဇမတ် ပြတင်းပေါက်ကလေး ဖြစ်လေသည်။ အိမ်နောက်ဖေးဘက် မီးဖိုဆောင်တွင်ဖြစ်ကာ မြေကြီးမှနေ၍ ငါးပေခွဲလောက် မြင့်မားလေ၏။ အပေါက်ကလေးမှာ အတော်ပင် သေးငယ်လှပေရာ လူရိုးရိုးတစ်ယောက် ဝင်နိုင်မည် မဟုတ်ရကား…အိမ်သားများသည် ထိုအပေါက်ကို ဂရုတစိုက် ပိတ်ဆို့ထားကြခြင်း မရှိပေ။ သို့ရာတွင် အိုလီဗာလို သေးသွယ်သော ကလေးတစ်ယောက် ဝင်နိုင်လောက်အောင်ကား ကျယ်လေ၏။

မစ္စတာဆိုက်စ်က သူတတ်ကျွမ်းသော ပညာကို နောက်ထပ်၍ အနည်းငယ် သုံးလိုက်လျှင်ပင် ပြတင်းပေါက်ကို ကာထားသည့် ရာဇမတ် ကွက်များ ကွာလာကာ ပြတင်းပေါက်မှာ ဟာလာဟင်းလင်းကြီး ဖြစ်လာလေ၏။

"ကဲ…နားထောင်စမ်း။ ခွေးကောင်လေး" ဟု ဆိုက်စ်သည် သူ့အိတ်ထဲမှ မီးအိမ်တစ်ခု ဆွဲထုတ်ကာ မီးရောင်ကို အိုလီဗာ၏ မျက်နှာ ထည့်တည့်တွင် ကျရောက်စေရာက ပြောလိုက်လေသည်။ "မင်းကို ဒီအပေါက်ကနေ ငါသွင်း ပေးလိုက်မယ်။ ဟောဒီ မီးအိမ်ကို ယူသွားပြီး ဒီ အခန်းကနေ တည့်တည့်ကြီး လှေကားထစ်တွေကို ကျော်သွားရင် အိမ်ရှေ့ ခန်းမကြီးကို ရောက်သွားလိမ့်မယ်။ အေး… ဟိုကျရင် တံခါးမကြီးကို မင်း တွေ့ရမှာပဲ။ အဲဒါကို ဖွင့်ပေးစမ်း တို့ဝင်လာမယ်"

"တံခါးမကြီးရဲ့ အပေါ်ဂလန့်ကိုတော့…မင်းမီမှာ မဟုတ်ဘူး။ ဒီတော့ ခန်းမကြီးထဲက ကုလားထိုင် တစ်လုံးကို ရွှေ့ပြီး ကုလားထိုင်ပေါ်က တက် ဖွင့်" ဟု တော့ဘီက ဝင်ပြောလိုက်ပြန်လေသည်။

ပြီးနောက် တော့ဘီသည် ပြတင်းပေါက်အောက် နံရံတွင် ဒူးပေါ်တွင် လက်များတင်လျက် ရပ်ပေးလိုက်ရာ ဆိုက်စ်က သူ့ပေါ်တက်ပြီး အိုလီဗာကို ပြတင်းပေါက်မှ နေ၍ အိမ်ထဲသို့ အသံမကြားအောင် ချပေးလိုက်လေ၏။

"ရော့…ဟောဒီ မီးအိမ်ယူ၊ အိမ်ရှေ့က လှေကားထစ်တွေတွေ့တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့" ဟု အိုလီဗာသည် ကြောက်ရွံ့ထိတ်လန့်ခြင်း လွှမ်းမိုးနေရာက ပြန်ဖြေလိုက်လေသည်။ ဆိုက်စ်လည်း သူ၏ သေနတ် ပြောင်းဝနှင့် သူတို့ နေရာကနေ မြင်နေရသော တံခါးမကြီးကို ညွှန်ပြကာ လမ်းတွင် အိုလီဗာ ယီးတီးယားတားလုပ်က သေနတ်နှင့်အလွယ်တကူ ပစ်သတ်နိုင်သည်ဟု ခြိမ်းခြောက်လိုက်ပြန်လေ၏။

"မင်းအလုပ်ဟာ တစ်မိနစ်လောက်ပဲ ကြာမယ်...ဟော"

"ဘာသံလဲကွ"

သူတို့နှစ်ယောက်သည် နားစွင့်နေကြ၏။ ပြီးမှ...

"ဘာမှ မဟုတ်ပါဘူး" ဟု ဆိုက်စ်က ပြောကာ အိုလီဗာ၏ အင်္ကျီကော်လံကို လက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားရာက လွှတ်လိုက်လေသည်။

အိုလီဗာကား ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ပျက်ပြားနေသော အသိဉာဏ်များကို ပြန်လည်စုရုံးဖို့ ရလိုက်သည့် အချိန်ကလေးအတွင်း တစ်စုံတစ်ခုကို စိတ်ပိုင်းဖြတ်လိုက်ခဲ့ပြီ ဖြစ်လေသည်။ အခြားမဟုတ် သူသည် သေချင်လည်း သေပါစေတော့။ လှေကားကနေ၍ အိမ်ပေါ်သို့ ပြေးတက်ကာ အိမ်သားများကို သတိပေးဖို့ ကြိုးစားတော့မည်ဟူ၍ပင် ဖြစ်လေ၏။ ဤသို့သော စိတ်ကူး ခေါင်းထဲတွင် ပြည့်လျှံနေရာက အိုလီဗာသည် ချက်ချင်းပင် ရှေ့သို့ တိုးခဲ့လေသည်။

ရုတ်တရက် ဆိုက်စ်၏ ကျယ်လောင်စွာ အော်ဟစ်လိုက်သံ ထွက်ပေါ်၍ လာ၏။

"ပြန်လာ...ပြန်လာ..."

တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ဤကဲ့သို့ ရုတ်တရက် ချိုးဖောက်လိုက်သံနှင့် ချက်ချင်းပင် ထွက်ပေါ်လာပြန်သည့် ကျယ်လောင်လှသော အော်သံ တစ်ခုကြောင့် အိုလီဗာခမျာတွင်ကား ကြောက်စိတ်မွှန်သွားမိတော့ ကာ လက်မှ မီးအိမ် လွတ်ကျသွားမိပြီး ရှေ့ပဲ ဆက်သွားရမလား...နောက်ပဲ ဆုတ်ရမလား ဟု ခွဲခြား၍ မသိတော့ဘဲ ယောင်ချာချာ ဖြစ်နေမိရှာလေ၏။

ကျယ်လောင်သော အသံသည် နောက်တစ်ကြိမ် ထပ်၍ ထွက်ပေါ်လာပြန်၏။ မီးရောင်တစ်ခုလည်း လင်းလာ၏။ အဝတ်အစား တစ်ဝတ်တစ်ပျက်ကြီး ဝတ်ဆင်ထားသော အင်မတန် ကြောက်ရွံ့တုန်လှုပ် နေကြဟန်တူသည့် လူနှစ်ယောက်ကို လှေကားထိပ်တွင် တွေ့လိုက်ပြီးနောက် လက်ခနဲ မီးရောင်တစ်ရောင်၊ ကျယ်လောင်လှသော အသံကြီးတစ်သံ၊

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းခနဲ ထွက်လာသော မီးခိုးများ၊ ဘယ်နေရာကမှန်းမသိ တစ်စုံတစ်ခု သံပြိုင်ကျသံ၊ ပြီးနောက်ကား အိုလီဗာသည် ဒယီးဒယိုင်နှင့် နောက်သို့ ပြန်ဆုတ်လာလေ၏။

ဆိုက်စ်ကား ခေတ္တမျှ ပျောက်ကွယ်နေသော်လည်း ချက်ချင်းပင် ပြတင်းပေါက်တွင် ပြန်ပေါ်လာကာ မီးခိုးများငွေ့တက် ပျောက်ကွယ်သွားခင်မှာပင် အိုလီဗာကို အင်္ကျီကော်လံမှနေ၍ လက်တစ်ဖက်နှင့် ဆုပ်ကိုင် လိုက်ပြီးပြီ ဖြစ်နေလေ၏။ ထို့နောက် အိမ်ထဲမှ လူများဆီသို့ သူ့သေနတ်ဖြင့် လှမ်းပစ်လိုက်ကာ အိုလီဗာအား အပြင်သို့ ဆွဲထုတ်လိုက်လေသည်။

"ငါ့ကို ကြပ်ကြပ်ကြီး ဖက်ထားနော်" ဟု ဆိုက်စ်က အိုလီဗာကို ပြတင်းပေါက်မှနေ၍ ဆွဲထုတ်ရင်းက ပြောလိုက်လေ၏။ "ဟေ့ တော့ဘီ သည်ပတ်တစ်ထည် ပေးစမ်းပါကွ။ ငတိကလေးကို သေနတ်မှန်သွားပြီ။ မြန်မြန်လုပ်ပါကွ။ သွေးတွေကလည်း ထွက်လိုက်တာကွာ"

အိုလီဗာ၏ နားထဲတွင် ခေါင်းလောင်းကို ကျယ်လောင်လှစွာ တီးလိုက်သံ၊ သေနတ်ပစ်ဖောက်သံများနှင့် လူများ အော်ဟစ်သံတွေကို ရောထွေး၍ ကြားသလိုလို ရှိနိုင်ပြီး သူ့ကိုလည်း တစ်စုံတစ်ယောက်က ဆွဲ့ချီလျက် မညီညာသော မြေကြီးပေါ်တွင် လျင်မြန်စွာ ပြေးနေကြောင်းကိုလည်း သိလိုက်ရလေသည်။ ထို့နောက်ကား အသံဗလံများသည် ရောထွေးလျက် ဝေးကွာလှသော အရပ်တွင် ကျန်ရစ်ခဲ့သည်ဟု ထင်မှတ်ရကာ သူ၏ အသည်းနှလုံး တစ်ဝိုက်တွင် ထူးခြားလှသော ဝေဒနာတစ်ရပ်ကို ခံစား လိုက်ရပြီးနောက် နောက်ထပ်၍ ဘာမှမကြားရတော့။ ဘာကိုမှ လည်း မမြင်ရတော့ပေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၁၇။ အမယ်အို

အိုလီဗာတွစ်အား မွေးဖွားခဲ့ရာ ဘုံအိမ်ကို အုပ်ချုပ်ရသည့် မုဆိုးမ အဒေါ်ကြီး မစ္စကော်နီသည် နှင်းတွေ တဖွဲဖွဲ ကျလျက် အလွန်တရာ ချမ်းအေး သည့် ညတစ်ညဝယ် ဘုံအိမ်အတွင်းရှိ သူမ၏ အခန်းကလေးထဲ၌ အ ကောင်းလှသော မီးလင်းဖိုရှေ့တွင် ထိုင်လျက် လက်ဖက်ရည် သောက်မည် ပြုနေစဉ် သူမ၏ အခန်းတံခါးကို ညင်သာစွာ တစ်စုံတစ်ယောက်က ခေါက် လိုက်သံကို ကြားလေ၏။

"အို...ဝင်ခဲ့လေ...ဝင်ခဲ့" ဟု မစ္စကော်နီက ခတ်ဆတ်ဆတ် လှမ်းအော် လိုက်လေသည်။

"ဘာလဲကွ။ ဘယ်အဘွားကြီး အသက်ငင်နေပြန်ပြီလဲ။ ကျုပ် အ စား တော့မယ်ဆိုရင် တစ်ယောက်ယောက်တော့ သေတာပဲ။ ကဲ ဘာဖြ သလဲ ပြောလေ"

"ဘာမှ မဖြစ်ပါဘူး ခင်ဗျာ" ဟု ယောကျ်ားသံ တစ်သံက ပြန်ဖြေ လိုက်လေသည်။

"အလို ဘုရားရေ...မစ္စတာဘမ်ဘယ်လ်ကြီး မဟုတ်လား" ဟု မစ္စ ကော်နီသည် ချိုသာသည့် အသံနှင့် ရေရွတ်လိုက်လေသည်။

မစ္စတာ ဘမ်ဘယ်လ်ကြီးသည် လက်တစ်ဖက်တွင် သူ၏ထုပ်ကြီးကို ကိုင်လျက် ကျန်တစ်ဖက်တွင် အထုပ်တစ်ထုပ်ကို ပိုက်၍ အခန်းထဲသို့ ဝင်လာလေ၏။ ထို့နောက် သူတို့ နှစ်ယောက်သည် ရာသီဥတု အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အားစမြည် ပြောကြရင်းက မစ္စတာ ဘမ်ဘယ်လ်သည် မစ္စက်ကော်နီဖို့ ယက်ဆောင်ယူလာသည့် ပစ္စည်းများကို အထုပ်ထဲမှ ထုတ်ယူလိုက် လေသည်။

"ဘုံအိမ်က ဆေးရုံအတွက် ဘုတ်အဖွဲ့ဝင် လူကြီးမင်းတွေက မှာပေး တဲ့ ပေါ့ဝိုင်အရက်ပေါ့ ခင်ဗျာ။ ကျွန်တော်က ဦးဦးဖျားဖျား မစ္စက်ကော်နီဖို့ သည်ကြီးထဲက ထုတ်ယူလာတာပဲ။ သိပ်လတ်ဆတ်တာပဲ ခင်ဗျာ"

မစ္စတာ ဘမ်ဘယ်လ်သည် ဝိုင်အရက်နှစ်ပုလင်းကို ဗီရိုတစ်ခုပေါ်၌ တင်ထားလိုက်ပြီးနောက် ပုလင်းများကို ထုတ်ယူလာသည့် လက်ကိုင် အိတ်ကြီးကို ပြန်ခေါက်ကာ သူ့အိတ်ထဲသို့ ဂရုတစိုက် ထည့်လိုက်လေသည်။ ပြီးနောက် ပြန်တော့မည့် အမူအရာနှင့် သူ့ဦးထုပ်ကို ကောက်ယူလိုက်လေ၏။

"မစ္စတာ ဘမ်ဘယ်လ် ပြန်သွားရင် နှင်းတောထဲ လမ်းလျှောက်ရမှာပဲ နော်" ဟု မစ္စက်ကော်နီက ပြောလိုက်လေသည်။

"ဟုတ်ကဲ့။ မစ္စက်ကော်နီ" ဟု မစ္စတာ ဘမ်ဘယ်လ်က သူ၏ အင်္ကျီ ဘုတ်ကော်လံကြီးကို ဆွဲထောင်နေရင်းက ပြန်ဖြေလိုက်လေသည်။ "သိပ် အေးတာပဲဗျာ။ လေကလည်း တိုက်တော့ နားရွက်တွေများ ပြတ်ကျ မလား ထို့ အောက်မေ့ရတယ်"

ဤတွင်မှ မစ္စက်ကော်နီလည်း မစ္စတာ ဘမ်ဘယ်လ်အား မပြန် သေးဘဲ သူမနှင့်အတူ လက်ဖက်ရည် သောက်ပါဦးဟု ရက်ကိုးရက်ကန်း ဖိတ်ခေါ်လိုက်လေသည်။ မစ္စတာ ဘမ်ဘယ်လ်မှာလည်း ထိုဖိတ်ခေါ်ချက်ကို စောင့်စားနေသူ ဖြစ်ရကား ချက်ချင်းပင် အင်္ကျီကော်လံကို ပြန်ဆွဲချ၊ ဦးထုပ် နှင့် ကြိမ်လုံးကို ကုလားထိုင်တစ်လုံးပေါ်တွင် ပြန်တင်ကာ လက်ဖက်ရည် စားပွဲသို့ ကုလားထိုင် တစ်လုံးဆွဲ၍ ယူလိုက်လေသည်။ ကုလားထိုင်ပေါ်တွင် သူ့ကိုယ်ကြီးကို ဖြည်းညင်းစွာ ထိုင်ချလိုက်စဉ် သူသည် မစ္စက်ကော်နီကို ကြည့်လိုက်လေသည်။ မစ္စက်ကော်နီကတော့ လက်ဖက်ရည်အိုးကိုသာ စိုက်ကြည့်နေ၏။ မစ္စတာ ဘမ်ဘယ်လ်လည်း ချောင်းဆိုးလိုက်ကာ ခပ်သဲ့သဲ့ ပြုံးလိုက်လေသည်။

"ချိုချိုကြိုက်သလား၊ မစ္စတာ ဘမ်ဘယ်လ်" ဟု မစ္စက်ကော်နီသည် သကြားပန်းကန်ကို လှမ်းယူလိုက်ရင်းက မေးလိုက်လေသည်။

"ဟုတ်ကဲ့...ချိုချိုကလေးဖျော်ပါ" ဟု မစ္စတာ ဘမ်ဘယ်လ်က ပြန်ဖြေလိုက်လေသည်။ ထိုသို့ ပြောစဉ် မစ္စတာ ဘမ်ဘယ်လ်သည် မစ္စက်

www.burmeseclassic.com

www.burmeseclassic.com



ကော်နီအား စိုက်ကြည့်လိုက်လေသည်။ အကယ်၍ စာရေးကြီးတော်ယော သည် ယုယုယယ ကြင်ကြင်နာနာ ရှိဖူးသည် ဆိုပါက ထိုစာရေးကြီးအ မစ္စတာ ဘမ်ဘယ်လ်ပင် ဖြစ်တော့လေသည်။

လက်ဖက်ရည် စားပွဲကား စားပွဲဝိုင်းကလေး ဖြစ်လေသည်။ မစ္စတာ ဘမ်ဘယ်လ်နှင့် မစ္စက်ကော်နီတို့မှာ မျက်နှာချင်းဆိုင် ထိုင်နေကြသည် ဖြစ်သော်လည်း မစ္စတာ ဘမ်ဘယ်လ်သည် မသိမသာနှင့် ကုလားထိုင်ကို မစ္စက်ကော်နီ၏ ကုလားထိုင် အနီးသို့ ရွှေ့သွားလေသည်။ ကုလားထိုင်ချင်း ထိသွားတော့မှပင် မစ္စတာ ဘမ်ဘယ်လ်လည်း ကျေနပ်သွားတော့လေသည်။

BURMESE CLASSIC

အကယ်၍ မစ္စက်ကော်နီသည် သူမ၏ ကုလားထိုင်ကို ညာဘက်သို့ ရွှေ့လိုက်ပါက မီးလင်းဖိုကြီးထဲသို့ ကျသွားမည်ဖြစ်ကာ ဘယ်ဘက်သို့ ရွှေ့လိုက်မည် ဆိုပါကလည်း မစ္စတာ ဘမ်ဘယ်လ်၏ ရင်ခွင်ထဲသို့ ရောက် သွားမည် ဖြစ်လေ၏။ ထို့ကြောင့် သူမသည် နေရာတွင်ပင် မြဲနေကာ မစ္စတာ ဘမ်ဘယ်လ်အား လက်ဖက်ရည်တစ်ခွက် လှမ်းပေးလိုက်ပြန်လေသည်။

မစ္စတာ ဘမ်ဘယ်လ်လည်း လက်ဖက်ရည်ကို တစ်စက်မကျန် သောက်လိုက်ကာ ပေါင်မုန့်တစ်ချပ်ကိုလည်း ကုန်အောင်စားပြီး သူ၏ ပေါင်ပေါ်မှ မုန့်အစအနများကို လက်နှင့် သပ်ချလိုက်လေသည်။ ပြီးနောက် သူ့နှုတ်ခမ်းများကို သုတ်ပစ်လိုက်ကာ မစ္စက်ကော်နီအား သေသေချာချာကြီး ဖက်နမ်းလိုက်လေ၏။

"အို…မစ္စတာ ဘမ်ဘယ်လ်" ဟု မစ္စက် ကော်နီက လေသံကလေး နှင့် အော်လိုက်လေသည်။ သူမ၏ ကြောက်ရွံ့စိတ်မှာ ကြီးမားလှသည် အတွက် အသံပင်ပျောက်သွားလေသည်။ "အို…မစ္စတာ ဘမ်ဘယ်လ် ကျွန်မ အော်လိုက်မယ်နော်…" မစ္စတာ ဘမ်ဘယ်လ်က ဘယ်လိုမှ ပြန်၍မပြော သို့ရာတွင် ဣန္ဒြေရရနှင့် သူ့လက်တစ်ဖက်ကို မစ္စက်ကော်နီ၏ ခါးတွင် ရစ်ပတ်လိုက်လေ၏။

မစ္စက်ကော်နီက အော်လိုက်မည်ဟု ပြောပြီးဖြစ်လေရာ ယခု မစ္စတာ ဘမ်ဘယ်လ်၏ နောက်ထပ်၍ ရဲတင်းမှုကြောင့် သူမ ပြောသည့်အတိုင်း အော်လိုက်မည်ဟု ယုံကြည်ရပေ၏။ သို့ရာတွင် မစ္စက် ကော်နီ၏ အော်ဟစ် ရန် ကိစ္စမှာ ရုတ်တရက် တံခါးကို တစ်စုံတစ်ယောက်က ခေါက်လိုက်သည် အတွက် မလိုအပ်တော့သော ကိစ္စတစ်ရပ် ဖြစ်သွားရလေ၏။ အကြောင်း မှုကား တံခါးခေါက်သံ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မစ္စတာ

www.burmeseclassic.com

www.burmeseclassic.com



ဘမ်ဘယ်လ်သည် ကပျာကယာ ထိုင်ရာမှထကာ ဗီရိုပေါ်ဆီမှ ဝိုင်အရက်ပုလင်းများ ဆီသို့ သွက်လက်စွာ လျှောက်သွားပြီး အရက်ပုလင်းများကို ကြိုးစားပမ်းစားကြီး ဖုန်သုတ်နေသောကြောင့် ဖြစ်လေ၏။ မစ္စက်ကော်နီက ခပ်ဆတ်ဆတ် အသံနှင့် “ဘယ်သူလဲ” ဟု လှမ်းမေးလိုက်လေသည်။

အရုပ်ဆိုးလှသော အမယ်အိုရှုတ်တွ သူဆင်းရဲမကြီး တစ်ယောက်သည် တံခါးပေါက်ဝတွင် ခေါင်းပြူလာရာက

“သခင်မ ဆယ်လီကြီးတော့ သွားတော့မယ်”ဟု ပြန်ဖြေလိုက်လေသည်။

“အေးလေ။ အဲဒါ ငါ ဘာလုပ်ရမှာလဲ၊ သူ့ကို ငါက မသေအောင် လုပ်နိုင်တာမှ မဟုတ်တာ” ဟု မစ္စက် ကော်နီက စိတ်ဆိုးမာန်ဆိုး ပြန်ဖြေလိုက်လေ၏။

“ဟုတ်ပါတယ် သခင်မ။ သူ့ကို ဘယ်သူကမှ မကယ်နိုင်တော့ပါဘူး။ ကျွန်မ လူတွေသေတာ တွေ့ဖူးခဲ့လှပြီ။ ကလေးငယ်ငယ် ကလေးတွေကော သန်သန်မာမာ ယောကျ်ားကြီးတွေကော၊ ဒါကြောင့် လူ တစ်ယောက် သေမယ်ဆိုရင် ကျွန်မ မြင်ရုံနဲ့ သိပါတယ်။ ဆယ်လီကြီးလည်း သေတော့မှာပဲ။ ဒါပေမဲ့ သူ့စိတ်ကို အနှောင့်အယှက် တစ်ခုပေးနေတာ တစ်ခုရှိတယ်။ သတိ နည်းနည်းပြန်လည်လာတိုင်း သခင်မကို သူပြောစရာ တစ်ခုရှိတယ်လို့ ချည်း ပြောနေတယ်”

ဤတွင် မစ္စက်ကော်နီလည်း သေတာတောင်မှ သူတို့၏ အထက်လူကြီးများကို အနှောင့်အယှက် မပေးဘဲ မသေနိုင်ကြဘူးဟု ရေရွတ် ဆောင့်အောင့်ကာ လျှော်စောင်တစ်ထည်ကို ခြုံလျက် မစ္စတာ ဘမ်ဘယ်လ်အား လည်း သူမပြန်လာသည်အထိ စောင့်နေရန် မှာကြားပြီးနောက် သူ့ကို လာခေါ်သည့် သူဆင်းရဲမ အမယ်အိုကြီးနှင့်အတူ ဆူဆူဆောင့်ဆောင့် လိုက်ပါသွားတော့လေ၏။

အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် အခါတွင် မစ္စတာ ဘမ်ဘယ်လ်၏ ပြုမူပုံများမှာ အတော်ကလေး ထူးခြားလှပေ၏။ သူသည် ကြောင်အိမ်ကို ဖွင့်လိုက်ကာ အထဲတွင် ရှိသော ငွေဇွန်းများကို ရေတွက်လေ၏။ ပြီးနောက် သကြားလုံးများကို ညှပ်သည့် ငွေညှပ်ကလေးကို [illegible] တွင် ချိန်ဆ ကြည့်နေပြန်၏။ ပြီးနောက် နို့ထည့်သည့် ငွေ[illegible] ငွေစစ် မစစ် သေသေချာချာ စစ်ဆေးကြည့်ရှုပြီးနောက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



အခါတွင် သူ့ဦးထုပ်ကြီးကို နှားစောင်းဆောင်းလိုက်ကာ ဣန္ဒြေ သမ္မတ္တိကြီးမားလှစွာနှင့် စားပွဲကို လေးကြိမ်လေးခါတိတိ ပတ်ချာလှည့်ပြီး ကလိုက်လေသည်။ ပြီးနောက်မှ ဦးထုပ်ကို ပြန်ချွတ်ကာ မီးဖိုကြီးကို ကျောပေးလျက် ထိုင်လိုက်ပြီးနောက် အခန်းထဲတွင် ပြင်ဆင်ထားသည့် အိမ်ထောင်ပရိဘောဂများ၏ တန်ဖိုးကို စိတ်တွက် တွက်နေပြန်လေ၏။

❑

မစ္စက်ကော်နီကို လာခေါ်ခဲ့သည့် အမယ်အိုကြီးကား သေမင်းတမန် ဖြစ်ထိုက်သည့် မိန်းမကြီး တစ်ယောက်ပင် ဖြစ်လေသည်။ သူ၏ ခါးမှာ ဇရာထောင်းသဖြင့် ကိုင်းကျနေပြီဖြစ်ရာ ခြေလက်တို့မှာ တဆတ်ဆတ် တုန်ယင်နေလေသည်။ မျက်နှာကြီးမှာလည်း အရေတွေ တွန့်နေပြီး ပါးစပ်ကြီးရွဲ့နေသည့်အတွက် အရုပ်ဆိုးလှတော့ပေ၏။

BURMESE CLASSIC

အမယ်အိုကြီးလည်း ပါးစပ်မှ တတွတ်တွတ် ရေရွတ်ရင်းက စကြံတစ်လျှောက် မစ္စက်ကော်နီရှေ့မှ တလှုပ်လှုပ် သွားနေလေသည်။ နောက်ဆုံးတွင် မစ္စက်ကော်နီက စိတ်မရှည်တော့ဘဲ သူမ၏ လက်ထဲက ဖယောင်းတိုင်ကို ယူကာ ရှေ့မှသွားနှင့်လေရာ အဘွားကြီးတစ်ယောက်တည်း မှောင်ထဲတွင် ကျန်ရစ်ခဲ့ရာမှ တတ်နိုင်သမျှ နောက်က လိုက်လာရရှာလေ၏။

အသက်ငင်နေသည့် အဘွားကြီးရှိရာ အခန်းကား အိမ်ခေါင်မိုးနှင့် ကပ်လျက်ရှိသည့် အခန်းငယ်ကလေး ဖြစ်လေသည်။ အခန်းထောင့်တွင် မီးရောင်လဲ့လဲ့ ကလေးတစ်ခုသာ မှိတ်တုတ်မှိတ်တုတ် လင်းနေလေ၏။ လူမမာကို စောင့်နေသော အမယ်အိုကြီး တစ်ယောက်နှင့် အရပ်ဗိန္ဒောဆရာ၏ လက်ထောက် တစ်ယောက်တို့ ရှိနေကြလေ၏။

"အတော်အေးတဲ့ညပဲ မစ္စက်ကော်နီ" ဟု ဗိန္ဒောဆရာ၏ လက်ထောက်သည် မစ္စက်ကော်နီကို လှမ်း၍ နှုတ်ဆက်လိုက်လေသည်။

"ဟုတ်ကဲ့၊ အတော့်ကို အေးတာပဲ" ဟု မစ္စက် ကော်နီက ဖော်ရွေစွာ ပြန်ဖြေလိုက်လေသည်။ ထို့နောက် သူတို့နှစ်ယောက်သည် ဘုံအိမ်အတွက် အသုံးပြုရန်အတွက် ဘုတ်အဖွဲ့ဝင်များက ဝယ်ပေးထားသည့် ကျောက်မီးသွေးများ ညံ့လှပုံကို ပြောဆိုနေကြစဉ် လူမမာထံမှ ညည်းသံ တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် စကားပြတ်သွားကြလေ၏။ ဤတွင်မှ ဗိန္ဓောဆရာ၏ လက်ထောက်သည် ယခုမှ လူမမာကို သတိရလာဟန်နှင့် လှည့်လိုက်လေသည်။

"သွားတော့မှာပဲ မစွက်ကော်နီ"

"ဟုတ်လားဆရာ"

"နှစ်နာရီလောက် ဆက်ခံနိုင်ရင် ကျွန်တော်တော့ အံ့သြမိမှာပဲဗျို့။ အဘွားကြီး လူမမာ မှိန်းနေသလား"

လူမမာ အနားတွင် ထိုင်နေသည့် အဘွားကြီးလည်း လူမမာကို ငုံ့ကြည့်လိုက်ရာက ခေါင်းညိတ်ပြလိုက်လေသည်။

"အင်း...ဒီလိုမှိန်းနေရင်းကပဲ သွားမှာပါပဲ"

ပြီးနောက် ဗိန္ဓောဆရာလည်း မစွက်ကော်နီအား နှုတ်ဆက်ကာ အခန်းထဲက ထွက်သွားသည်တွင် အခန်းထဲ၌ မစွက်ကော်နီနှင့် လူမမာကို စောင့်နေသည့် အဘွားကြီးနှစ်ယောက် (မစွက်ကော်နီကို လာခေါ်သည့် အဘွားကြီး ရောက်လာသဖြင့်) တို့သာ ကျန်ရစ်ခဲ့ကြလေ၏။

အတော်ကြာအောင် တိတ်ဆိတ်စွာ ထိုင်စောင့်နေကြပြီးနောက်မှ မစွက်ကော်နီသည် ကျောက်မီးသွေးမီးဖိုကြီး အနားတွင် မီးလှုံနေသော အမယ်အိုကြီး နှစ်ယောက်အနီးသို့ ချဉ်းကပ်လာကာ မည်မျှလောက် ကြာအောင် ဆက်လက်၍ စောင့်နေရဦးမည်နည်းဟု ဆူဆူဆောင့်ဆောင့် မေးလိုက် လေ၏။

"မကြာတော့ဘူး သခင်မ၊ မရဏ ရှင်သေမင်းကို ကျုပ်တို့ အကြာကြီး စောင့်မနေရတော့ပါဘူး။ စိတ်သာရှည်ရှည်ထားပါ။ ကျုပ်တို့အားလုံး အတွက် မရဏရှင်သေမင်းဟာ စောစောကြီးကို ရောက်လာပါလိမ့်မယ်" ဟု ဒုတိယ အမယ်အိုကြီးက မစွက်ကော်နီ၏ မျက်နှာကို မော်ကြည့်ကာ ပြောလိုက်လေသည်။

"တိတ်တိတ်နေစမ်း အရူးမကြီး၊ ကဲ မာသာ ငါ့ကို ပြောပြစမ်း။ လူမမာဟာ အလျင်တုန်းကလည်း ဒီလိုပဲ ဖြစ်ဖူးသလား"

"ဖြစ်ဖူးတာပေါ့...ခဏ...ခဏပဲ"

"ဒါပေမဲ့ နောက်ထပ် ဘယ်တော့မှ ဒီလိုဖြစ်တော့မှာ မဟုတ်ပါဘူး" ဟု ပထမပြောလိုက်သော အမယ်ကြီးက ဝင်ပြောလိုက်ပြန်သည်။ "သူဟာ နောက်တစ်ခါ ပြန်သတိရလာပြီးလို့ ရှိရင် တစ်ခါတည်း သွားတော့မှာပဲ မကြာတော့ပါဘူး၊ မကြာတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အို...ကြာကြာ... မကြာကြာ သူပြန်သတိရလာရင် ငါ့ကို တွေ့ရတော့မှာ မဟုတ်ဘူး။ နင်တို့ နှစ်ယောက်လည်း နောက်ငါ့ကို အလကားသက်သက် လာမနှောင့်ယှက်ကြနဲ့။ ကြပ်ကြပ်သတိထားလိုက်ပါ။ ဘုံအိမ်ထဲက အမယ်ကြီးတွေ သေတိုင်း ကျုပ်မှာလာကြည့်ရဖို့ တာဝန်ရှိတာ မဟုတ်ဘူး။ ဒါကို ကြပ်ကြပ်သတိထားလုပ်ကြ၊ အမယ်ကြီး နှစ်ယောက် နောက်တစ်ခါ ကျုပ်ကို အကြောင်းမရှိဘဲ လာနှောင့်ယှက်ဦးမယ်ဆိုရင် တော်တို့ ကျုပ် အကြောင်း သိရမှာပဲ"

မစ္စက်ကော်နီသည် အခန်းထဲမှ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားစဉ် လူမမာအား လှည့်ကြည့်မိကြသော အမယ်ကြီးနှစ်ယောက်ထံမှ အော်သံထွက်ပေါ်လာသည့်အတွက် ပြန်၍ လှည့်ကြည့်လိုက်လေသည်။ လူမမာအားခုတင်ပေါ်တွင် ငေါက်ငေါက်ကြီး ထထိုင်နေရာက လက်နှစ်ဖက်ကို သူတို့ဆီသို့ ဆန့်တန်းနေလေ၏။

"ဒါ ဘယ်သူလဲ" ဟု လူမမာကြီးလည်း ဂလိုဏ်သံကြီးနှင့် မေးလိုက်လေသည်။

"ရှူး...ရှူး...ပြန်လှဲနေလေ" ဟု အမယ်ကြီး တစ်ယောက်က ပြောလိုက်၏။

"ကျုပ် အသက်ရှင်လျက်နဲ့ ဘယ်တော့မှ ပြန်လှဲနိုင်တော့မှာ မဟုတ်ဘူး။ ကျုပ်သူ့ကို ပြောစရာ တစ်ခုရှိတယ်။ ကျုပ်သူ့ကို ပြောဖြစ်အောင် ပြောရမယ်။ ဒီကိုလာပါ တိုးလာပါဦး။ ရှင့်နားထဲကို ကျွန်မ တိုးတိုးကလေး ပြောပါရစေ"

လူမမာသည် မစ္စက်ကော်နီ၏ လက်မောင်းကို တင်းကျပ်စွာဆုပ်ကိုင်ပြီး ခုတင်ဘေးရှိ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်ချလိုက်စေ၏။ ပြီးနောက် စကားပြောတော့မည် ပြုပြီးမှ အမယ်ကြီး နှစ်ယောက်သည် စိတ်အား ထက်သန်စွာနှင့် နားစွင့်နေသည်ကို တွေ့လိုက်ရလေသည်။

"သူတို့ကို မောင်းထုတ်လိုက်ပါ မြန်မြန် မြန်မြန်"

မစ္စက်ကော်နီလည်း မသွားချင်ကြသော အမယ်အိုကြီး နှစ်ယောက်ကို အခန်းထဲမှ အတင်းအဓမ္မ နှင်ထုတ်ပစ်လိုက်လေ၏။ ထို့နောက်မှ..

"ကျုပ်ပြောမှာကို ဂရုစိုက် နားထောင်စမ်းပါ" ဟု အသက်ငင်နေသည့် လူမမာသည် သူမ၏ အင်အားကို နောက်ဆုံးပိတ် ဖျစ်ညှစ်ထုတ်လိုက်သည့်အလား အသံခပ်ကျယ်ကျယ်နှင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီအခန်းထဲက ကျုပ် ခုအိပ်နေတဲ့ ခုတင်ပေါ်မှာပါပဲ တစ်ခါတုန်းက အသက်ငယ်ငယ်ကလေး ရှိရှာသေးတဲ့ ချစ်စရာ မိန်းကလေး တစ်ယောက်ကို ကျုပ်က ဝမ်းဆွဲပေးခဲ့ရတယ်။ သူကလေးရဲ့ ခြေထောက်တွေဟာ အဝေးကြီး လမ်းလျှောက်ခဲ့ရလို့ ပွန်းပဲ့နေရှာတယ်။ ဖုန်တွေသွေးတွေ လည်း အလူးလူးနဲ့၊ သူကလေးဟာ သားယောကျ်ားကလေး တစ်ယောက် မွေးလာပြီး သေသွားရှာတော့တယ်၊ နေပါဦး... ဘယ်နှခုနှစ်ကပါလိမ့်"

"ခုနှစ်၊ သက္ကရာဇ်တွေက အရေးမကြီးပါဘူးလေ" ဟု စိတ်မရှည်သော မစ္စကော်နီက ဝင်ပြောလိုက်လေသည်။

"ဆက်ပြောပါ သူသေသွားတော့ ဘာဖြစ်သလဲ"

"အေး သူသေသွားတော့ ဘာဖြစ်သလဲ၊ ဟုတ်တယ် ဘာဖြစ်သလဲ" ဟု လူမမာသည် သတိများ ပြန်လည် လစ်ဟင်းသွားပြန်ဟန်နှင့် ကြောင်ကြောင်ကြီး ရေရွတ်နေလေသည်။ ပြီးနောက်မှ ရုတ်တရက် အိပ်ရာပေါ် တွင် ငေါက်ခနဲ ထထိုင်လိုက်ပြန်ကာ မျက်လုံးကြီးများ ပြူးကျယ်လာရာက "သိပြီ...သိပြီ ကျုပ်သိပြီ။ သူကလေးဆီက ကျုပ်ခိုးမိတယ်။ ဟုတ်တယ်။ ကျုပ်ခိုးမိတယ်၊ အလောင်းမှ မအေးသေးဘူး၊ လူသေဆီက ကျုပ်ခိုးမိတယ်"

"ဘာခိုးတာလဲ ပြောစမ်းပါလေ။ တော်က ဘာခိုးတာလဲ"

"ဟိုဟာပေါ့၊ သူ့မှာ ဒီဟာကလေး တစ်ခုသာ ရှိရှာတာ။ သူ့ကိုနွေးစေမယ့် အဝတ်အစားတွေ ဝယ်ဖို့လိုခဲ့တယ်။ သူ့ကို အင်အားပြည့်စေမယ့် အစားအစာတွေကိုလည်း လိုခဲ့တယ်။ ဒါတောင်မှ သူက အဲဒီဟာကလေးကို အသုံးမပြုဘဲ လုံလုံခြုံခြုံ သိမ်းထားခဲ့ရှာတယ်။ ရွှေပေါ့ရှင် ရွှေပေါ့။ သိပ် ကောင်းတဲ့ ရွှေပဲ။ သူ့ အသက်ကိုတောင် ကယ်နိုင်မယ့် ရွှေပါပဲ..."

ပြောပြောဆိုဆို လူမမာလည်း အိပ်ရာပေါ်သို့ ပြန်လဲကျသွားလေသည်။ မစ္စကော်နီကဲ့သို့ စိတ်အားထက်သန်စွာနှင့် လူမမာအပေါ်မှ မိုးကြည့်ရာက...

"ရွှေဟုတ်လား၊ ကဲ ကောင်းပြီလေ အဲဒါ ဘာဖြစ်သလဲ၊ ဆက်ပြောစမ်းပါ၊ ရှင်ပြောတဲ့ သူငယ်မလေးက ဘယ်သူလဲ၊ ဘယ်တုန်းက ဖြစ်တာလဲ"

"သူငယ်မလေးက အဲဒီဟာကလေးကို ကျွန်မဆီမှာ အပ်သွားခဲ့တယ်။ လုံလုံခြုံခြုံ သိမ်းထားပါတဲ့။ သူ့အနားမှာ ကျုပ်တစ်ယောက်[illegible] မိန်းမအဖော်ရှိရှာတော့ ကျုပ်ကို သူကလေး ယုံယုံကြည်ကြည်နဲ့[illegible] ရှာတယ်။ သူ့ လည်ပင်းမှာ ဆွဲထားတာကို သူက ထုတ်ပြ[illegible]

www.burmeseclassic.com



ဟာ စိတ်ထဲက နိုးပြီးနှင့်နေပြီ။ သူ့ကလေး ကလေးသေရတာလည်း ကျုပ်ကြောင့်ပါပဲလေ။ သူတို့သာ အကြောင်းမှန်ကိုသိရင် ကလေးကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ကြမှာပဲ"

"ဘာအကြောင်းမှန်ကို သိတာလဲ ပြောစမ်း"

"သူကလေး...သူကလေး" လူမမာသည် ခါတိုင်းထက်ပို၍ ဖျစ်ညှစ်ကြိုးစားလိုက်ရပြီးနောက်မှ "သူကလေးဟာ သေရတော့မယ် ဆိုတာကို သိတော့ ကျုပ်ကို တိုးတိုးကလေး မှာသွားခဲ့တယ်၊ တကယ်လို့ သူ့ကလေးဟာ အရှင်မွေးလာရင် သူကြီးလာတဲ့အခါကျတော့ သူ့အမေရဲ့ နာမည်ကို ရှက် ကြောက် ဂုဏ်နိမ့်စရာ မရှိဘဲ ခေါ်နိုင်မယ့် နေ့တစ်နေ့တော့ ရောက်လာချင် ရောက်လာမှာပါပဲတဲ့။ ဘုရားသခင်ဆီမှာတောင် သူ ဆုတောင်းသွားရှာသေးတယ်။ "မဟာကရုဏာတော်နှင့် ပြည့်စုံလှသည့် အိုဘုရားသခင်တဲ့၊ မိန်းကလေးပဲ ဖြစ်ဖြစ်၊ ယောကျ်ားကလေးပဲဖြစ်ဖြစ် အင်မတန် ဒုက္ခများပြောင်လှတဲ့၊ ဒီလောကကြီးထဲမှာ ဒီကလေးကို တစ်ယောက်တည်း ပစ်ထားတော်မမူပါနဲ့တဲ့၊ ကရုဏာတော် သက်ရောက်ပြီး မိတ်ဆွေ ကောင်းတွေ ရှာပေးတော်မူပါတဲ့"

"ကလေးမွေးတော့ ဘာကလေးမွေးသလဲ"

"ယောကျ်ားကလေးပါ"

"နာမည်ကကော"

"သူတို့က အိုလီဗာလို့ မှည့်ကြတယ်။ ကျုပ်ခိုးတဲ့ ရွှေဆိုတာက..."

"အင်း...ပြောလေ...ပြောလေ ဘာလဲ"

မစွက်ကော်နီသည် စိတ်အားထက်သန်လှစွာနှင့် လူမမာ အပေါ်မှ ခါးကြည့်ရင်း လူမမာထံမှ အဖြေကို စောင့်စားနေလေသည်။ လူမမာသည် ရုတ်ဘရက် လဲနေရာမှ ထလိုက်ရာ မစွက်ကော်နီလည်း သူမ၏ ကိုယ်ကို နောက်ဆုတ်လိုက်ရ၏။ လူမမာကား အိပ်ရာထဲတွင် ထိုင်လိုက်ပြီးနောက် စောင်ကို လက်နှစ်ဖက်နှင့် တင်းကျပ်စွာ ဆုပ်ကိုင်ကာ လည်ချောင်းထဲတွင် မကြွဲပြားသော အသံများကို ရေရွတ်လိုက်ရင်းက အသက်ထွက်သွားပြီး ခုတင်ပေါ်သို့ ပြန်လဲကျသွားလေ၏။

❑

www.burmeseclassic.com



"သွားရှာပါပြီတော့" ဟု အခန်းတွင်းသို့ ပြန်ဝင်လာကြသော အမယ်ကြီး နှစ်ယောက်အနက် တစ်ယောက်က ပြောလိုက်လေသည်။ သူတို့မှာ မစ္စက်ကော်နီက တံခါးကို ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် အခန်းထဲသို့ ကပျာကယာ ဝင်လာကြလေသည်။

"နောက်ပြီး ဘာမှလည်း ပြောမသွားပါဘူး" ဟု မစ္စက်ကော်နီက ပြောလိုက်ပြီးနောက် ဂရုမစိုက်သည့် အမူအရာနှင့် အခန်းထဲမှ ထွက်သွားလေ၏။ အမယ်အိုကြီး နှစ်ယောက်ကား အလောင်းကို ဆေးကြောပြင်ဆင်ရန် အတွက် အလောင်းနားသို့ ချဉ်းကပ်သွားကြရာက ဘယ်လိုမှ ပြန်မပြေ ကြချေ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ မည်းမည်းသဏ္ဌာန်

ဘုံအိမ်ထဲ၌ အထက်တွင် ဖော်ပြသကဲ့သို့ ဖြစ်ပျက်နေသည့် အချိန်၌ ရေဝတီကြီး ဖေဂင်ကား သူ့ အခန်းထဲတွင် မီးခိုးတွေက လူလူ ထွက်နေသော မီးလင်းဖိုကြီးနားတွင် ထိုင်ရာက မှုန်တေတေ မျက်နှာကြီးနှင့် စဉ်းစားခန်း ဝင်လျက် ရှိလေ၏။ သူ့ ကျောဘက်တွင်ရှိ စားပွဲတွင်ကား ဒေါ့ဂျား ချာလီဘိတ်(စ်) နှင့် ထောင်ထွက် ချစ်တလင်း အမည်ရှိ လူဆိုး တစ်ယောက်သည် ဖဲ ကစားလျက် ရှိနေကြလေ၏။

"ဟော ခေါင်းလောင်းသံကြားတယ်" ဟု ဒေါ့ဂျားက ရုတ်တရက် ပြောလိုက်လေသည်။ ပြီးနောက် မီးတိုင်ကို ကောက်ယူကာ အခန်းထဲမှ ဖြေးညှင်းစွာ ထွက်သွားလေ၏။

ဖျောင်သွားသောအခန်းသဲ၌ ကျန်ရစ်ခဲ့ကြသူများသည် ခေါင်းလောင်းကို တစ်စုံတစ်ယောက်က စိတ်မရှည်သလို ထပ်၍ ထိုးလိုက်သံကို ကြားကြရပြန်လေသည်။ ခဏ္ဍမျှ ကြာလျှင် ဒေါ့ဂျား အခန်းထဲသို့ ပြန်ရောက်လာကာ ဖေဂင်၏ နားထဲသို့ တစ်စုံတစ်ရာကို တီးတိုး ပြောလိုက်လေ၏။

"ဘာ... သူ တစ်ယောက်တည်းလား" ဟု ဖေဂင်က မေးလိုက်ပြီးနောက် စက္ကန့် အနည်းငယ်မျှ တွေးနေပြန်၏။ ပြီးနောက် "ခု သူ ဘယ်မှာလဲ" ဟု မေးလိုက်ပြန်၏။

ဒေါ့ဂျားက သူတို့ ရောက်နေသည့် မြေအောက်အခန်း၏ အပေါ်သို့ ညွှန်ပြလိုက်ပြီး၊ အခန်းထဲမှ ထွက်သွားမည်ဟု ခြေလှမ်းလက်ဟန် ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး သူ့ကို ဒီခေါ်ခဲ့" ဟု ဖေဂင်က ဒေါ့ဂျားဓ၏ အသံမထွက်သော မေးမြန်းချက်ကို ပြန်ဖြေလိုက်လေသည်။

"ရှူး...တိုးတိုး ချာလီ၊ တွမ် လစ်ကြလေကွာ"

ဖေဂင်၏ ခိုင်းစေချက်ကို ချာလီဘိတ်စ်နှင့် တွမ်ချစ်တလင်းတို့က တိတ်တိတ်ဆိတ်ဆိတ်နှင့် လျင်မြန်စွာပင် လိုက်နာကြ၏။ မီးတိုင်ကို လက်တွင်ကိုင်ထားသော ဒေါ့ဂျားက လူတစ်ယောက်ကို အခန်းထဲသို့ ခေါ်ဆောင်လာသည့် အခါတွင်ကား ၎င်းတို့နှစ်ယောက် ဘယ်မှာရှိသည်ကို မသိနိုင်တော့ချေ။ ဒေါ့ဂျား ခေါ်ဆောင်လာသည့်လူသည် သူ့ ပတ်ဝန်းကျင်ကို အဖျာကယာ လှည့်ပတ် ကြည့်ရှုလိုက်ပြီးနောက် သူ့ မျက်နှာ အောက်ပိုင်းတွင် ရစ်ပတ်ထားသည့် အဝတ်ကြီးကို ဖယ်ရှားလိုက်ရာ၊ တော့ဘီခရက်ကစ်၏ ညစ်ပတ်ပေရေနေသော မျက်နှာကြီး ပေါ်လာလေ၏။

"ဘယ့်နှယ်လဲ ဖေဂင်မာရဲ့လားကွ၊ ငါ့ ရှောစောင်ကို ငါ ပြန်တဲ့အခါ လွယ်လွယ်ကူကူ တွေ့မယ့် နေရာမှာ ထားလိုက်စမ်းပါ ဒေါ့ဂျားရာ၊ အေး မင်းလည်း မကြာခင် ကျွမ်းကျင်တဲ့ အိမ်ဖောက်သမား တစ်ယောက် ဖြစ်လာတော့မှာပါပဲ"

ထိုသို့ ပြောရင်းက တော့ဘီသည် သူ့ ကိုယ်မှ ကုတ်အကျႌကြီးကို ချွတ်လိုက်ကာ၊ မီးလင်းဖိုကြီးအနီးသို့ ကုလားထိုင်တစ်လုံး ဆွဲယူလိုက်ပြီး၊ သူ့ ထုံးစံအတိုင်း သံဆန်ခါတွင် ခြေနှစ်ဖက် မြှောင်တင်လိုက်ပြီး ထိုင်လိုက်လေ၏။

"ဟော့ ဖေဂင်၊ ငါ အရက် မသောက်ရတာ ကြာပြီကွ၊ ငါ့ကို ဒီလို ကြည့်မနေစမ်းပါနဲ့ကွာ...ငါ အရက် ကောင်းကောင်းသောက်ပြီး ထမင်း ကောင်းကောင်း မစားရသေးသမျှ အလုပ်အကြောင်း မပြောနိုင်ဘူးကွ၊ ဒီတော့ ထုတ်လေကွာ... ဘယ်မှာလဲ အရက်၊ ဘယ်မှာလဲ ထမင်း"

ဖေဂင်လည်း ဒေါ့ဂျားအား ရှိသမျှ အစားအစာများကို စားပွဲပေါ်တွင် တင်ပေးခိုင်းလိုက်ပြီးနောက် တော့ဘီနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်ကာ၊ တော့ဘီ စကားပြောမည့် အချိန်ကို စောင့်မျှော်နေရလေ၏။

သူ့ အမူအရာကို ကြည့်ရခြင်းအားဖြင့်၊ တော့ဘီမှာ စကားပြောဖို့ စိတ် ရှိသေးဟန် မတူပေ။ ပထမတော့ ဖေဂင်သည် တော့ဘီ ဘာသတင်းများ ယူဆောင်လာသလဲဟု သဲလွန်စ ရလိုရငြား၊ သူ့ မျက်နှာထားကို စိတ်ရှည်စွာ အကဲခတ် ကြည့်နေခြင်းဖြင့် သူ့ စိတ်ကို ကျေနပ်စေ၏။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် အချည်းနှီးသာ ဖြစ်ရလေ၏။ တော့ဘီကား... ပင်ပန်းနွမ်းနယ်လာ ရသော်လည်း၊ သူ့ မျက်နှာကား ခါတိုင်းကလိုပင် ကျေကျေနပ်နပ် အေးအေး ဆေးဆေး ဖြစ်နေလေသည်။ ထို့နောက်ကား ဖေဂင်သည် စိတ်မရှည်နိုင် တော့ဘဲ တော့ဘီ ပါးစပ်ထဲသို့ သွင်းနေသည့် အစား အလုတ်တိုင်း အလုတ် တိုင်းကို ကြည့်နေရင်းက အခန်းထဲတွင် စကြံ လျှောက်နေမိလေ၏။ သို့ တွင် တော့ဘီကတော့ အေးအေးဆေးဆေး အမူအရာနှင့်ပင် အစားကိုသာ ဆက်လက်၍ စားသောက်နေလေသည်။ နောက်ထပ်၍ မစားနိုင်တော့ သူသည် ဒေါ်ဂျားကို အခန်းအပြင်ဘက်သို့ နှင်ထုတ်လိုက်ကာ တံခါး ပိတ်ပြီးနောက် အရက်နှင့် ရေကို ရောစပ်ရင်းက စကားပြောဖို့ ပြင်ဆင် လေသည်။

"ပထမဦးဆုံးနဲ့ အရေးအကြီးဆုံးက"

"အင်း–အင်း"

မစ္စတာ တော့ဘီခရက်ကစ်သည် အရက် တစ်ကျိုက် မော့ချလို ရန်အတွက် စကားကို ရပ်ထားလိုက်ပြန်၏။ ပြီးနောက်မှ အရက်ကောင် ကြောင်းကို ချီးမွမ်းလိုက်ကာ သူ့ ဘွတ်ဖိနပ် ဝတ်ထားသည့် ခြေထော များကို သူ့ မျက်စိ တည့်တည့်တွင် မြှောက်တင်ထားလိုက်ပြီး နောက် စကား ဆက်ပြောလိုက်လေ၏။

"ပထမဦးဆုံးနဲ့ အရေးအကြီးဆုံးက ဘီလ် ဘယ့်နှယ်နေသလဲ"

"ဘာ" ဟု ဖေဂင်သည် အော်လိုက်ကာ ကုလားထိုင်ပေါ်မှ ခုန် လိုက်လေသည်။

"ဘာ...ဘီလ် အကြောင်းကို မင်း မသိရသေးဘူးလား" ဟု တော့ ကလည်း မျက်နှာ ဖြူရော်သွားရာက မေးလိုက်လေသည်။

"ဘယ်သိမှာလဲ" ဟု ဖေဂင်က ဒေါသကြီးလှစွာနှင့် ကြမ်းပြင် ခြေနှင့်ဆောင့်ရင်းက အော်လိုက်လေသည်။

"သူတို့ ဘယ်မှာလဲ ဟင်...ဆိုက်စ်နဲ့ ကောင်လေးဘယ်မှာလဲ၊ သူ ဘယ်မှာကျန်ရစ်နေသလဲ၊ သူတို့ ဘယ်မှာပုန်းနေကြသလဲ၊ သူတို့ ဘ ဒီကို မလာကြတာလဲ"

"ငါတို့ အကြံ မအောင်မြင်ဘူးကွ" ဟု တော့ဘီက အသံ သဲ ကလေးနှင့် ပြန်ဖြေလိုက်လေသည်။

"ဒါကို ကျုပ်သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဂင်က ပြန်ဖြေပြီး၊ သူ့အိပ်ထဲမှ သတင်းစာတစ်စောင်ကို ထုတ်ပြ လိုက်လေသည်။ "ဘာဖြစ်သေးသလဲ"

"အိမ်သားတွေက သေနတ်နဲ့ ပစ်လိုက်တာ ကောင်လေးကို ထိသွား တယ်။ ကျုပ်တို့လည်း အိမ်နောက်ဖေးဘက် ကွင်းပြင်တွေကို ဖြတ်ပြေးရတာ ပဲ၊ ကောင်လေးက ကျုပ်တို့ နှစ်ယောက်အလယ်မှာ ပါလာတယ်။ မြောင်း တွေရော၊ ခြံတွေရော နင်းကျော်ပြီး တည့်တည့်ကြီးကို စွတ်ပြေးကြရတာပဲ။ သူတို့ကလည်း နောက်က လိုက်လာကြတယ်။ တစ်ရွာလုံး ထွက်လိုက်ကြ တာပဲ၊ ခွေးတွေကို အနံ့ ခံခိုင်းကြတယ်"

"ကောင်လေးအကြောင်း ပြောစမ်းပါ"

"ဘီလ်က သူ့ကို ကျောပိုးပြီး လေတိုက်သလို ပြေးတာပဲ၊ နောက် သူ့ကို ကျုပ်တို့ နှစ်ယောက် အတူတူ သယ်ဖို့ ရပ်တော့၊ သူ့တစ်ကိုယ်လုံး ဟာ အေးစက်နေပြီ။ ဇက်လည်း ကျိုးနေပြီ။ နောက်က လိုက်လာတဲ့ လူတွေ ကလည်း ကပ်နေတယ် ဒီတော့ ဘယ်သူ့ကိုမှ ညှာမနေနိုင်တော့ဘူး၊ ကျုပ်နဲ့ ဘီလ် လူချင်းခွဲပြီး ဆက်လစ်ခဲ့ကြရတော့ပဲ။ ကောင်လေး သေသလား ရှင် သလားတော့ ကျုပ်တို့ မသိဘူး"

ဖေဂင်သည် ဆက်လက်၍ နားမထောင်တော့၊ တစ်ချက် အသံကုန် အော်လိုက်ရာက၊ လက်များကို လေထဲတွင် ဇွေ့ယမ်းပြီး အခန်းထဲမှ ပြေး ထွက်သွားလေ၏။

❑

ဖေဂင်သည် မြင်းရထား တစ်စီးကို ခေါ်ကာ ဘက်သနယ်လ်ဂရင်း ရပ်ကွက် ရှိ ဘီလ်ဆိုက်စ်၏ နေအိမ်သို့ ထွက်ခဲ့လေ၏။ သို့ရာတွင် မြင်းရထားကို ဘီလ်ဆိုက်စ်၏ အိမ်ရောက်ဖို့ နှစ်ဖာလုံလောက် အလိုတွင် ရပ်စေကာ ခြေကျင် ဆက်လက်နှင်ခဲ့လေသည်။

"ကဲ မင်းတို့က ငါ့ကို တစ်ပတ်ရိုက် ယီးတီးယားတား လုပ်မယ် ဆိုရင်ကွာ မင်းတို့တော့ သိရတော့မှာပေါ့" ဟု ရေရွတ်ရာက ဖေဂင်သည် တံခါးကို ခေါက်လိုက်လေသည်။ တံခါးဖွင့်သော မိန်းမကြီးက ဆိုက်စ် ၏ အခန်းထဲတွင် နန်စီ တစ်ယောက်တည်း ရှိနေကြောင်းကို ပြောပြသော ကြောင့် ဖေဂင်လည်း ဆိုက်စ်၏ အခန်းထဲသို့ ဝင်ခဲ့သည်တွင် နန်စီမှာ စားပွဲ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ခေါင်းတင်ကာ ဆံပင်တွေ ပြန့်ကျဲလျက် တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ရလေ၏။

ဖေဂင်လည်း တံခါးကို ပြန်ပိတ်လိုက်ရာ၊ ထိုအသံကြောင့် နန်စီသည် ခေါင်းထောင်ကြည့်လိုက်လေ၏။ ဖေဂင်ကို တွေ့ရလျှင် ဘီလ်ဆိုက်စ်နှင့် အိုလီဗာတို့၏ သတင်းကို ကြားရသလောဟု မေးမြန်းလိုက်ပြီး...ဖေဂင်က တော့ဘီခရက်ကစ်ထံမှ သိခဲ့ရသမျှကို ပြန်လည် ပြောပြနေသည့်အတွင်း ဖေဂင်၏ ကောက်ကျစ်စဉ်းလဲသော မျက်နှာကြီးကို သေသေချာချာ အထဲ ခတ်ကြည့်ရှုပြီး နားထောင်နေလေ၏။ ဖေဂင်က စကား အဆုံးသတ်လိုက် လျှင်ကား၊ စကားတစ်ခွန်းမျှ မပြောဘဲ ယခင်ကအတိုင်း စားပွဲပေါ်တွင် ပြန်မှောက် လိုက်ကာ ငြိမ်သက် တိတ်ဆိတ်နေပြန်လေ၏။

ဖေဂင်ကား ဆိုက်စ်သည် သူ မသိအောင်များ တိတ်တဆိတ် ပြန် ရောက်နေပြီလောဟု အိမ်ကလေး၏ အရိပ်အခြည်ကို သေသေချာချာ ကြည့်ရှု အကဲခတ်ပြီး ကျေနပ်သွားမှ နန်စီနှင့် စကားပြောရန် သုံးလေးခါ ကြိုးစား သော်လည်း နန်စီသည် မတုန်မလှုပ် ငြိမ်သက်မြဲ ငြိမ်သက်နေလေ ၏။ ဖေဂင်လည်း သူ့ လက်နှစ်ဖက်ကို ပွတ်သပ်လိုက်ရင်းက အချိုသာဆုံး အသံနှင့် နောက်တစ်ကြိမ် ထပ်၍ ကြိုးစားလိုက်ပြန်လေသည်။

"ကဲ...နန်စီ၊ ခု ဘီလ် ဘယ်ကိုများရောက်နေတယ် ထင်သလဲ..."

သို့ရာတွင် နန်စီက ခေါင်းထောင်မကြည့်ဘဲ "မပြောတတ်ဘူး" ဟူ၍ သာ မသဲမကွဲ ပြန်ဖြေလိုက်လေသည်။ သူမထံမှ ထွက်ပေါ်လာသော အသံ ကို နားထောင်ရခြင်းဖြင့် သူမမှာ ငိုနေဟန်တူ၏။

"အင်း နောက်ပြီးတော့ ကောင်ကလေးကော" ဟု ဖေဂင်သည် နန်စီ၏ မျက်နှာကို မြင်ရန် ကြိုးစားရင်းက မေးလိုက်ပြန်သည်။ "သနားစရာ ကောင်းတဲ့ ကောင်လေးပဲနော်၊ မြောင်းထဲမှာ ကျန်ရစ်ရှာတယ်တဲ့ ကြည့်ပါ ဦး"

ဤတွင် နန်စီသည် ရုတ်တရက် ခေါင်းထောင်ကြည့်လိုက်လေသည်။

"ကောင်လေးဟာ ကျွန်မတို့နဲ့ အတူတူနေရတာထက် ခုလို မြောင်း ထဲမှာ ကျန်ရစ်ခဲ့တာ သူ့အတွက် ပိုကောင်းပါတယ်၊ တကယ်လို့ ဘီလ်သာ ဒုက္ခ မရောက်ဘူးဆိုရင် ကောင်လေးဟာ မြောင်းထဲမှာသေပြီး အရိုးဆွေးနေ ပါစေရှင်"

"ဘာ" ဖေဂင်ကား အကြီးအကျယ် အံ့အားသင့်သွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ကြားသိခဲ့သမျှကို နန်စီအား ပြောပြရန်နှင့် ဆိုက်စ် တကယ် ပြန်မရောက်သေးကြောင်းကို မိမိ၏ မျက်စိနှင့် သေချာစွာ သိမြင်ရရန် ဟူသော ရည်ရွယ်ချက် နှစ်ရပ်မှာ ပြည့်စုံခဲ့ပြီ ဖြစ်လေရာ ဖေဂင်လည်း စားပွဲပေါ်တွင် အိပ်ပျော်သွားသော နန်စီကို ထားပစ်ခဲ့ကာ အိမ်သို့ ပြန်ထွက်ခဲ့လေ၏။

အချိန်ကား သန်းခေါင်ရောက်ဖို့ တစ်နာရီ လိုသေးပေ၏။ ရာသီဥတုမှာ အေးမြလှပြီး မှောင်မိုက်လေရကား ဖေဂင်သည် လမ်းတွင် အချိန်ဆွဲနေဖို့ စိတ်မရှိပေ။

သူ့ အိမ်ပေါက်ဝသို့ ပြန်ရောက်လာပြီး အိတ်ထဲတွင် တံခါးသော့ကို ရှာနေစဉ်၌၊ မည်းမည်းသဏ္ဌာန် တစ်ခုသည် မှောင်ရိပ်ထဲမှ ထွက်လာကာ ဖေဂင့် အနားသို့ ချဉ်းကပ်လာလေ၏။

'ဖေဂင်' ဟု ထိုသဏ္ဌာန်သည် တီးတိုး ခေါ်လိုက်ရာ ဖေဂင်လည်း ချာခနဲ လှည့်ကြည့်လိုက်လေသည်။

"အား ခင်ဗျား..."

"ဟုတ်တယ် ကျုပ် ဒီနားမှာ ယောင်လည်လည် လုပ်နေတာ ၂ နာရီလောက် ရှိသွားပြီ။ မင်း ဘယ်သွားနေတာလဲ"

"ခင်ဗျားကိစ္စနဲ့ ပတ်သက်လို့ပေါ့ ကိုယ့်လူရဲ့" ဟု ဖေဂင်က ထိုလူ၏ မျက်နှာကို စိတ် မသိုးမသန့်နှင့် ကြည့်ရာက ပြန်ဖြေလိုက်လေသည်။ "ခင်ဗျားကိစ္စနဲ့ ပတ်သက်လို့ပေါ့"

"ဪ ဟုတ်ရဲ့လား..." ဟု ထိုလူက ခပ်ရှောင်ရှောင် မေးလိုက်လေသည်။

"ကဲ ဆိုစမ်းပါဦး၊ ဘယ်လိုများ ထူးခြားသေးသလဲ"

"သိပ် မနိပ်လှပါဘူး ဆရာရေ့"

"ဘာ သိပ်မနိပ်ဘူး ဟုတ်လား" ဟု ထိုလူက ထိတ်လန့်သွားသော အမူအရာနှင့် ဖေဂင်ကို ကြည့်ကာ ပြောလိုက်လေသည်။

ဖေဂင်လည်း ပြန်ဖြေမည်ပြုစဉ်၊ ထိုလူက အိမ်ထဲသို့ ဝင်ပြီးမှ ပြောစရာရှိသည်ကို ပြောကြမည်ဟု ဆိုလိုက်လေသည်။ ဖေဂင်လည်း အခြား မတော်ကြီး၌ ဧည့်သည်ကို အိမ်ထဲသို့ ခေါ်မသွားချင် သော်လည်း၊ ဧည့်သည်က အတင်း ပူဆာသည့်အတွက် နောက်ဆုံးတွင် သဘောတူလိုက်ရ လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖေဂင်သည် တံခါးကို သော့ဖွင့်လိုက်ကာ၊ နှစ်ယောက်သား အိမ်ထဲသို့ ဝင်ခဲ့ကြပြီးနောက် ဖေဂင်က မီးချစ်ရှာဖွေနေရာက၊ ညွှဲသည်အား တံခါးကို ဖြည်းညင်းစွာ ပြန်ပိတ်လိုက်ပါဟု ခိုင်းလိုက်လေသည်။

“သချိုင်းလိုပဲ မှောင်နေတာပဲကွာ၊ မြန်မြန် မီးထွန်းပါကွ” ဟု ညွှဲသည်က မပြင်မကန်းနှင့် ရှေ့သို့ လှမ်းရင်းက ပြောလိုက်လေသည်။

“တံခါး ပြန်ပိတ်လိုက်ပါလေ” ဟု ဖေဂင်က အခန်း၏ တစ်ဖက်ထောင့်မှ၊ လေသံနှင့် လှမ်းပြောလိုက်ပြန်လေသည်။ ထိုစဉ်ပင်၊ တံခါးသည် ဂျိမ်းခနဲ ပိတ်သွားလေ၏။

“ဒါ ကျုပ် ပိတ်တာမဟုတ်ဘူးဗျို့၊ လေတိုက်လို့ သူ့ဘာသာ ပြန်ပိတ်သွားတာ...၊ ကဲ မီး မြန်မြန်ထွန်းပါလေ၊ တော်တော်ကြာ ခလုတ်တွေ ဘာတွေတိုက် လဲနေပါလိမ့်မယ်”

ဖေဂင်လည်း မကြာခင်မှာပင် ဖယောင်းတိုင် တစ်ခု ကိုင်လျက် အိမ်နောက်ဖေးဘက်မှ ထွက်လာလေသည်။ တော့ဘီ ခရက်တစ်မှာ နောက်ဖေးခန်း တစ်ခန်းတွင် အိပ်ပျော်နေပြီး ဒေါ့ဂျားနှင့် ချာလီမှာမူ အိမ်ရှေ့ခန်း တစ်ခန်းတွင် ရှိနေရကား၊ ဖေဂင်သည် သူ့ ညွှဲသည်ကို အိမ်ပေါ်ထပ်သို့ ခေါ်ဆောင်သွားလေ၏။

“ကျုပ်တို့ ပြောစရာရှိတာကို အခန်းထဲမှာ ပြောနိုင်ပါတယ်၊ အခန်းက ထရံတွေ ပျက်နေတော့ ဖယောင်းတိုင်ကို ဒီမှာပဲ ထားခဲ့မယ်”

ဖေဂင်သည် ဖယောင်းတိုင်ကို အခန်းတံခါးပေါက်နှင့် တည့်တည့် လှေကားထိပ်တွင်ထားခဲ့ကာ၊ နှစ်ယောက်သား အခန်းထဲသို့ ဝင်ခဲ့ကြလေ၏၊ ပြီးနောက် ညွှဲသည်နှင့် ဖေဂင်သည် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြလေသည်၊ အခန်းတံခါးကား မသိမသာ ပွင့်နေလေရာ၊ လှေကားထိပ်မှ ဖယောင်းတိုင် မီးရောင်သည် အခန်း၏ နံရံ တစ်ဖက်တွင်လာ၍ ဟပ်နေလေ၏၊

သူတို့နှစ်ယောက်သည် အတော်ကလေး ကြာအောင်ပင် လေသံများနှင့် စကားပြောနေကြ၏။ သူတို့ ပြောသမျှ စကားတွေမှာ တစ်ခါတစ်ရံ စကား တစ်ပိုင်းတစ်စများမှ အပ၊ ခွဲခြား၍ ကွဲကွဲပြားပြား မရှိသည့်ပိုင်းသားမှ နားထောင်နေသူသည် ဖေဂင်ကို ညွှဲသည်က တစ်စုံတစ်ခုသော အကြောင်းနှင့် ပတ်သက်၍ အပြစ်တင်နေရာ၊ ဖေဂင်ကလည်း ပြန်လည်ချေပနေခြင်းဖြစ်သည်ကို နားလည်နိုင်မည် ဖြစ်လေ၏။ အတော်ကြာမှ ဖေဂင်က

www.burmeseclassic.com

www.burmeseclassic.com



မန့်(ခ်)စ် ဟု ခေါ်သည့် ညှော်သည်က၊ သူ့အသံကို မြှင့်လိုက်လေသည်။

"အို...ငါတော့ မင်း ကြံ့စည်တာကို ဟန့်မကျပါဘူးလို့ ပြောချင်တာပဲ။ ကောင်လေးကို ဘာပြုလို့ တခြား ကောင်လေးတွေနဲ့ အတူတူထားပြီး ခါးပိုက်နှိုက်ဓာတ် မသွင်းခဲ့တာလဲ"

"သူ့ကို ခါးပိုက်နှိုက် ဓာတ်သွင်းဖို့ မလွယ်ဘူးဆိုတာကို ကျုပ် သိခဲ့တာကိုးဗျ။ ကောင်လေးက တခြား ကျုပ် ကောင်လေးတွေလို မဟုတ်ဘူး။ အခြေအနေချင်း တူတာ မဟုတ်ဘူး'

"အင်း...ဟုတ်တာပဲ ခွေးကောင်လေး...နို့မို့ရင် မင်းလက်ထဲရောက် မလာခင်ကတည်းက သူခိုးကလေး ဖြစ်နေရှာမယ်"

"သူ့ကို ကျုပ်က အကျုပ်ကိုင်နိုင်စရာအကြောင်း ဘာမှမရှိဘူးဗျ၊ သူ့ကို ခြိမ်းခြောက်စရာ ကျုပ်မှာ ဘာမှ မရှိဘူး။ လူ တစ်ယောက်ကို ဆိုးဖို့ အတင်းအကျပ် ပြုလုပ်တဲ့အခါမှာ သူ့ အပေါ်မှာ နိုင်ပေါက် တစ်ခုတော့ ကျုပ်တို့ဆီမှာ ရှိမှ ဖြစ်တာဗျ"

"ဟော...ဟိုမှာ ဘာလဲ"၊ ဟု မန့်(က)စ်သည် ဖေဂင်၏ လက်မောင်းကို ကြောက်ရွံ့လှစွာ ဆုပ်ကိုင်ထားလိုက်ရင်းက အလန့်တကြား မေးလိုက်လေသည်။ ဖေဂင်လည်း သတ္တိ ကြောင်လှသော သူ့ ညှော်သည်၏ ကိုယ်ကို လက်နှစ်ဖက်နှင့် ပြန်ဖက်ထားလိုက်ရာက ထိုင်ရာမှ ထလိုက်လေသည်။ "ဘာလဲ ဘယ်မှာလဲ"

"ဟိုမှာ" ဟု မန့်(ခ်)စ် က သူနှင့် မျက်နှာချင်းဆိုင် နံရံကို ပြူးပြူးကြောင်ကြောင် ကြည့်ရင်း ပြန်ဖြေလိုက်လေသည်။ "အရိပ်တစ်ခု၊ ဦးထုပ်ဆောင်းပြီး ရှောစောင်ခြုံထားတဲ့ မိန်းမတစ်ယောက်ရဲ့ အရိပ် ဖြတ်သွားတာကို တွေ့လိုက်ရတယ်...ရိပ်ခနဲ ဖြတ်သွားတာ"

ဖေဂင်လည်း မန့်(ခ်)စ် ကို လွှတ်လိုက်ကာ၊ အခန်းအပြင်ဘက်သို့ ကမူးရှူးထိုး ပြေးထွက်သွားလေသည်။ ဖယောင်းတိုင်ကား...သူတို့ ထားခဲ့သည့် နေရာတွင်ပင် ရှိနေ၏။ ဖယောင်းတိုင်၏ မီးရောင်သည် လူ တစ်ယောက် မှ မရှိသည့် လှေကားကြီးနှင့် သူတို့၏ ဖြူရော်သော မျက်နှာများကိုသာ ပြနေလေသည်။ သူတို့သည် ဂရုစိုက်၍ နားထောင်ကြ သော်လည်း ပကတိ လေးနက်လှသော တိတ်ဆိတ်မှုသည်သာ အိမ်ကြီးကို လွှမ်းမိုးနေလေ၏။

"ခင်ဗျား စိတ်ထင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မြင်ရတယ်လို့ ကျိန်ပြောရဲပါတယ်ဗျာ၊ ကျုပ် တွေ့တော့ အရိပ်က ရှေ့ကို ကုန်းနေတယ်ဗျ၊ ကျုပ်ကလည်း အော်လိုက်ရော ထွက်ပြေး သွားတာပဲ"

ဖေဂင်လည်း သူ့ အဖော်၏ ဖြူရော်နေသော မျက်နှာကို အထင် သေးလှစွာနှင့် ကြည့်ပြီး၊ လှေကားပေါ်မှ ဆင်းသွားလေ၏။ သူတို့သည် အခန်းတိုင်းကို လိုက်ကြည့်ကြသော်လည်း ဘယ်သူ့ကိုမှ မတွေ့ချေ။

❑

မစ္စက်ကော်နီ ထွက်သွားပြီးနောက်၊ အခန်းထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် မစ္စတာ ဘမ်ဘယ်လ်သည် မစ္စက်ကော်နီ၏ ပစ္စည်းများကို အကြိမ်ကြိမ် အခါခါ ကြည့်ရှု စစ်ဆေးပြီးနောက်၊ မစ္စက်ကော်နီ ပြန်လာလျှင် သူ့ကို လက်ထပ်ရန် ဖွင့်ပြောမည်ဟု စိတ် ဆုံးဖြတ်ချက် ချလိုက်လေ၏။ မစ္စက်ကော်နီ အုပ်ထိန်းနေရသည့် ဘုံအိမ်၏ အကြီးအကဲဖြစ်သူ လူကြီးမှာ မမာ မကျန်း ဖြစ်နေသဖြင့်၊ ယခု လေးငါးရက်အတွင်း သေဆုံးတော့မည်ဟု တွက် ထားသော မစ္စတာဘမ်ဘယ်လ်သည် ထိုလူကြီး၏ လစ်လပ်သော နေရာကို မိမိက ဝင်ယူပြီး၊ မစ္စက်ကော်နီနှင့် လက်ထပ်ပါက၊ မိမိ၏ ရှေ့ရေးမှာ ပူစရာ လုံးဝရှိတော့မည် မဟုတ်ဟု တထစ်ချ ကျိန်းသေ ယူဆ ထားမိလေ၏။

ထို့ကြောင့် မစ္စက်ကော်နီ အခန်းထဲသို့ ပြန်ရောက်လာပြီး အခွင့် သင့်သည်နှင့် တစ်ပြိုင်နက်၊ သူ့ကို လက်ထပ်ပါမည့်အကြောင်း ဖွင့်ပြော လိုက်လေရာ၊ မုဆိုးမကြီး မစ္စက်ကော်နီကလည်း ကြည်ဖြူစွာပင် သဘော တူလိုက်လေသည်။ ထို့နောက် မစ္စက်ကော်နီ အခန်းထဲသို့ ပြန်ဝင်လာစဉ်က အမူအရာ ထူးခြားနေသည်ကို သတိပြုမိခဲ့သော မစ္စတာ ဘမ်ဘယ်လ်က အကျိုးအကြောင်း မေးမြန်းသေးသော်လည်း၊ မစ္စက်ကော်နီက တိကျစွာ ပြန် မဖြေဘဲ၊ သူတို့ လက်ထပ်ပြီး တစ်နေ့နေ့ကျမှ ဖွင့်ပြောသင့်က ဖွင့်ပြောမည် ဟု ပြန်လည် ဖြေကြားလိုက်လေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com



အိုလီဗာကား သူ့ကို ဆိုက်က ပစ်ထားခဲ့သည့် မြောင်းထဲ၌ပင် တစ်ညလုံး သတိလစ် မေ့မြောနေရှာလေသည်။ နံနက် မိုးသောက်လာတော့မှပင် အိုလီဗာထံမှ ညည်းညူသံ ခပ်သဲ့သဲ့ ထွက်ပေါ်လာကာ ညည်းနေရင်းနှင့်ပင် အိုလီဗာသည် သတိရလာလေ၏။ သူ၏ လက်ဝဲလက်ကား လည်ပတ် တစ်ထည်နှင့် ဖြစ်ကတတ်ဆန်း ပတ်တီးစီးထားကာ၊ အသုံးချလို့ မရတော့ဘဲ၊ တောင့်တောင့်ကြီး တွဲလောင်းကျလျက် ရှိနေလေသည်။ သူ့ တစ်ကိုယ်လုံးမှာလည်း အင်အား ဆုတ်ယုတ် ပျော့ခွေနွမ်းလျ နေမိသည့်အတွက်၊ မြောင်းထဲတွင် လဲနေသည့် သူ့ ကိုယ်ကလေးကို မနည်းကြီး ကြိုးစားပြီးမှ ထထိုင်လိုက်နိုင်လေသည်။ ထို့နောက် သူ့ ပတ်ဝန်းကျင်တွင် အကူအညီပေးမည့်လူကို လိုက်လံရှာဖွေမိရာက၊ နာကျင်လှသော ဝေဒနာဖြင့် တညည်းတည်း ညည်းနေမိရှာလေ၏။ ချမ်းကလည်းချမ်း၊ ဝေဒနာကိုလည်း ခံစားနေရပြန်သည့်အတွက် သူ့ အရိုးအဆစ် အမြစ်တွေမှာ တဆတ်ဆတ် တုန်ယင်နေရှာလေသည်။ သူသည် မတ်တတ်ရပ်နိုင်ရန် ကြိုးစားသေးသော်လည်း တစ်ကိုယ်လုံး တုန်ယင်လာကာ မြေကြီးပေါ်သို့ ပြန်လဲကျသွားရှာပြန်လေ၏။

သူသည် ခေတ္တမျှ သတိလစ် မိန်းမောသွားမိပြန်ပြီးမှ သူ ဤနေရာတွင် ဤသို့သာ ဆက်ဏက်၍ လဲလျောင်းနေမိပါက၊ မုချ သေရတော့မည်ဟု နားလည်မိသဖြင့်၊ ကြိုးစား၍ မတ်တတ်ရပ်လိုက်ကာ၊ ခြေထောက်များကိုလည်း တစ်စတစ်စနှင့် လှမ်းလိုက်လေသည်။ သူ့ခေါင်းကား မူးနောက်နေသဖြင့်၊ သူသည် အရက်မူးသမား တစ်ယောက်လိုပင် ကိုယ်ခန္ဓာကလေး ယိမ်းထိုးနေရှာလေသည်။ သို့ရာတွင် အားမလျော့၊ ခေါင်းကို ငိုက်စိုက်ချကာ ဘယ်နေရာသို့ သွားရမည် မသိဘဲ၊ ဆက်လက်၍သာ လျှောက်ခဲ့လေ၏။

ဤသို့လျှင် အိုလီဗာသည် စက်ရပ်ကြီးအလား ခြံစည်းရိုးတွေ ကြားမှ တိုး၍ လည်းကောင်း၊ *ဝင်းခြံတံခါးပေါက်တွေ သစ်သားတန်းတွေ* အကြားမှ ငုံ့လျှိုး၍ လည်းကောင်း၊ ဒယိမ်းဒယိုင် လျှောက်ချည်တစ်လှည့် လေးဖက်တွား၍ တစ်ခါနှင့်ပင်၊ လမ်းတစ်လမ်းပေါ်သို့ ရောက်လာလေသည်။ ထိုအခါ၌ မိုးသည် ခပ်သည်းသည်းကလေး ရွာချလိုက်လေရာ၊ မိုးပေါက်များသည် သတိ လစ်လုဆဲဖြစ်သော အိုလီဗာကို နှိုးဆွလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၁၉။ မြောင်းထဲမှ အိုလီဗာ

သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်ရှုမိသည်တွင် မနီးမဝေး၌ အိမ်တစ်ဆောင်ကို တွေ့ရလေ၏။ ထို အိမ်သို့ သူ ရောက်အောင် သွားနိုင်လိမ့်မည်ဟု သူ့စိတ်ကို တင်းလိုက်၏။ အိမ်သားများသည် သူ့ အခြေအနေကို တွေ့ရလျှင် ကရုဏာ သက်ရောက်ကြပေလိမ့်မည်။ သို့မဟုတ်လျှင်လည်း လူတွေအနားတွင် သွားရောက် သေရခြင်းက၊ လွင်ပြင် ခေါင်ခေါင်တွင် တစ်ယောက်တည်း သေရခြင်းထက် ပိုမို ကောင်းမွန်ပေလိမ့်မည်။ နောက်ဆုံးကြိုးစားမှုအတွက် အိုလီဗာသည် သူ၏ အင်အားရှိသမျှကို စုရုံးကာ၊ သူ၏ မခိုင်မြဲသော ခြေလှမ်းများကို အိမ်ကြီးဆီသို့ ဦးတည်လိုက်လေ၏။

အိမ်ကြီးနှင့် နီးကပ်လာသည့်အခါတွင်၊ အိုလီဗာ့ စိတ်ထဲ၌ ထိုအိမ်ကြီးကို သူ မြင်ဖူးပါသည်ဟု ထင်မြင်လာမိလေသည်။ အမှန်မှာ သူတို့ညက ဖောက်ထွင်းဝင်ရောက်ဖို့ ကြိုးစားခဲ့သည့် အိမ်ကြီးပင် ဖြစ်လေ၏။

ထို အိမ်ကြီးကို မှတ်မိလိုက်သည်နှင့် တစ်ပြိုင်နက်၊ ကြောက်ရွံ့ထိတ်လန့်မှုသည် သူ့ စိတ်ကို လွှမ်းမိုးလာသည့်အတွက်၊ အိုလီဗာတွင် သူ၏ ဒဏ်ရာမှာ ခံစားနေရသည့် ဝေဒနာကိုပင် မေ့လျော့သွားမိတော့ကာ၊ ထွက်ပြေးဖို့ တစ်ခုကိုသာ တွေးလိုက်မိလေသည်။ သို့ရာတွင် ထွက်ပြေးရန်မှာ သူ့ အတွက် ခဲယဉ်းလှတော့ပေ၏။ သူသည် မတ်တတ်ရပ်နိုင်ဖို့ပင် အင်္ဂည်းကြီး ကြိုးစားနေရ၏။ အကယ်၍ သူ၏ နုပျိုသော ကိုယ်ခန္ဓာမှာ အင်အားနှင့် ပြည့်စုံနေသည် ဆိုပါဦးတော့၊ သူ ဘယ်နေရာသို့ ထွက်ပြေးရမည်နည်း။

www.burmeseclassic.com



အိုလီဗာသည် ဝင်းခြံတံခါးကို တွန်းလိုက်ရာ၊ တံခါးလည်း သော့ခတ်ထားခြင်း မရှိသည့်အတွက်၊ အလိုက်သင့် ပွင့်သွားလေသည်။ အိုလီဗာလည်း ဝင်းခြံထဲသို့ ဝင်ခဲ့ကာ၊ မြက်ခင်းကို ဒယိမ်းဒယိုင် ဖြတ်ကျော်ပြီး လှေကားထစ်များကို ကျော်တက်လိုက်၏။ ပြီးနောက် တံခါးကို ခပ်သဲ့သဲ့ကလေး ခေါက်နိုင်ကာ၊ သူ့တွင် ရှိသမျှ အင်အားတို့မှာ ကုန်ခန်းသွားပြီဖြစ်ရကား၊ ပုံလျက်ကလေး လဲကျသွားရှာလေ၏။

ထို အတောအတွင်း၌ အိမ်ကြီး၏ ဘဏ္ဍာစိုးဖြစ်သော မစ္စတာဂိုင်းလ်(စ်)၊ အစေခံ ဘရစ်တယ်လ်(စ်) နှင့် သူတို့အိမ်တွင် ခေတ္တရောက်နေသည့် သံဖြူဆရာတို့ သုံးယောက်သားမှာ ညက သူခိုးလိုက်ရစဉ်တုန်းက ခံစားခဲ့ရသည့် မောပန်းမှုများနှင့် ကြောက်ရွံ့ထိတ်လန့်မှုများကို နှစ်သိမ့်ဖျော်ဖြေသည့် သဘောနှင့် မီးဖိုဆောင်ထဲတွင် လက်ဖက်ရည် သောက်လျက်ရှိနေကြလေ၏။ အမှန်တော့ မစ္စတာဂိုင်းလ်(စ်)မှာ သူ့ လက်အောက်ငယ်သား အစေခံများနှင့် ဤသို့ ရောရောနှောနှော နေလေ့နေထ မရှိခဲ့။ သူသည် သာမန် အစေခံတွေထက် အဆင့်အတန်း မြင့်သော အခြေအနေတွင် ရှိသည်ကို လက်အောက်ငယ်သားများအား အရောမဝင်ဘဲနှင့်ပင် ဖော်ရွေစွာ ဆက်ဆံခြင်းဖြင့် သတိပေးတတ်သူ ဖြစ်၏။ သို့ရာတွင် သေခြင်း၊ မီးလောင်ခြင်းနှင့် သူခိုး ခိုးခံရခြင်းသည် လူတိုင်း လူတိုင်းအား အဆင့်အတန်း ခွဲခြားမှု မရှိဘဲ ညီမျှသွားစေတတ်လေသည်။ ထို့ကြောင့် ယခု မစ္စတာဂိုင်းလ်(စ်)သည် မီးဖိုသံဆန်ခါပေါ်တွင် ခြေထောက်များ တင်လျက် ကားကားကြီးထိုင် ရင်းက၊ သူ့ ဘယ်ဘက်လက်ကို စားပွဲတွင် ထောက်ကာ၊ ညာလက်ဖြင့် သူ့ စကားများကို ရင် တထိတ်ထိတ်နှင့် နားထောင်နေသူများအား၊ (အထူးသဖြင့် ထမင်းချက်နှင့် အစေခံမကလေးအား) ညက ဖြစ်ပွားခဲ့သည့် သူခိုးဝင်ခြင်း ကိစ္စကို အသေးစိတ် သရုပ်ဖော်ပြနေလေ၏။

"၂-နာရီခွဲလောက်က ထင်တယ်၊ အင်းလေ...၂-နာရီခွဲလို့တော့ ဆိုနိုင်မပြောရဲဘူး၊ သုံးနာရီ ထိုးခါနီးလောက် ဆိုကြပါစို့လေ...ကျုပ် အိပ်ရာက နိုးလာတယ်၊ ကျုပ်လည်း အိပ်နေရင်းက တစ်ဖက်သို့ လှည့်လိုက်တော့" ဆိုနေရာတွင် မစ္စတာဂိုင်းလ်(စ်)သည် စားပွဲခင်း အစကို ဆောင်ဆွဲ၍ ဆုပ်ကိုင်ပြီး၊ ကုလားထိုင်ပေါ်တွင် ကိုယ်ကို လှဲပြလိုက်၏။) "ကျုပ် အသံ တစ်သံကို ကြားလိုက်ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ထမင်းချက် မိန်းမကြီးသည် ဖြူဖပ်ဖြူရော် ဖြစ်သွားကာ အစေခံမကလေးအား တံခါး ပိတ်ခိုင်းလိုက်လေသည်။ အစေခံမကလေးက ဘရစ်တယ်လ်စ်ကို တစ်ဆင့်ခိုင်းလိုက်ပြီး ဘရစ်တယ်လ်စ်က သံဖြူဆရာကို တစ်ဆင့် ခိုင်းလိုက်ပြန်လေသည်။ သို့ရာတွင် သံဖြူဆရာက မကြားချင်ယောင်ဆောင်နေ၏။

"အသံတစ်သံကို ကြားလိုက်ရတယ်" ဟု မစ္စတာဂိုင်းလ်စ် က ဆက်လက်၍ ပြောနေလေသည်။ "ပထမတော့ ကျုပ်က စိတ်ထင်လို့ပါလေလို့ ဆိုပြီး ပြန်အိပ်တော့မယ် လုပ်တုန်း အသံ တစ်သံကို ပြတ်ပြတ်သားသားကြီး နောက်ထပ် ကြားလိုက်ရပြန်တာပေါ့"

"ဘယ်လို အသံမျိုးလဲ" ဟု ထမင်းချက် မိန်းမကြီးက မေးလိုက်လေသည်။

"တစ်ခုခု ပေါက်သွားတဲ့ အသံမျိုးပေါ့"

"သံချောင်းနဲ့ သံဆန်ခါ ခြစ်မိသံနဲ့ ပိုတူပါတယ်ဗျာ" ဟု ဘရစ်တယ်လ်စ်က ဝင်ပြောလိုက်လေသည်။

"အေး အဲဒါက မင်းကြားတော့မှပေါ့ကွ။ ဒါပေမဲ့ ငါ ကြားတုန်းကတော့ တစ်ခုခု ပေါက်သွားသံပါပဲ၊ ကျုပ်လည်း စောင်ကို ခွာလိုက်ပြီး ထထိုင်လိုက်တယ်၊ ပြီးတော့ နားထောင်နေလိုက်တာပေါ့"

ထမင်းချက်နှင့် အစေခံမလေးသည် 'ဘုရားရေ' ဟု ရေရွတ်လိုက်ရာက တစ်ယောက်အခန်းအနီးသို့ တစ်ယောက်က တိုးသွားကြလေသည်။

"ကျုပ် အသံကို ထင်ထင်ရှားရှားကြီး ထပ်ကြားပြန်တယ်၊ အင်းတစ်ယောက်ယောက်တော့ တံခါးပေါက် ဒါမှမဟုတ် ပြတင်းပေါက် တစ်ပေါက်ကိုတော့ အပြင်ကနေ ဖွင့်နေပြီလို့ ကျုပ်ဘာသာ ကျုပ် ပြန်ပြောလိုက်တယ် ကဲ ငါ ဘာလုပ်ရမလဲ။ ကောင်ကလေး ဘရစ်တယ်လ်စ်ကို သူ့အိပ်ရာသဲ အသတ် မခံရအောင် သွားခေါ်ဦး မှပဲ၊ ငါ မခေါ်ဘဲ ထားလိုက်ရင် ကောင်လေးတော့လည်းပင်း တိတိရိရိ ပြတ်ပြီး သေရတော့မှာပဲလို့ ကျုပ်တွေးလိုက်မိတယ်"

ဤတွင် အားလုံး၏ မျက်စိတွေမှာ ဘရစ်တယ်လ်စ် ထံသို့ရောက်သွားလေသည်။ ဘရစ်တယ်လ်စ်ကလည်း စကားပြောနေသူကို ပါးစပ်ကြီးအဟောင်းသား ဟ ရင်းက၊ ပကတိ ကြောက်ရွံ့လှသော မျက်နှာထားနှင့်စိုက်ကြည့်နေလေ၏။

www.burmeseclassic.com



"ကျုပ်လည်း စောင်တွေကို လွှင့်ပစ်လိုက်တယ်" ဟု မစ္စတာ ဂိုင်းလ်စ်သည် စားပွဲခင်းအစကို လက်ထဲမှ လွှင့်ပစ်လိုက်ကာ ထမင်းချက်နှင့် အစေခံကောလေးကို ကြည့်ရင်းက ပြောလိုက်၏။ "အိပ်ရာထဲက အသာကလေးဆင်းပြီး ကျုပ်ရဲ့..."

"မိန်းမတွေ ရှိတယ် မစ္စတာဂိုင်းလ်စ်" ဟု သံဖြူဆရာကု ဘဏ္ဍာစိုးသည် သူ့ ဘောင်းဘီဝတ်ပုံကို ပြောတော့မည်ဟု ထင်မှတ်မိပြီး ဝင်၍ သတိပေးလိုက်လေသည်။ ဤတွင် မစ္စတာဂိုင်းလ်စ်လည်း သံဖြူဆရာဘက်သို့ လှည့်လိုက်ကာ...

"ကျုပ်ရဲ့ ဖိနပ်တွေကို (ဖိနပ်တွေ ဟူသော စကားနှစ်လုံးကို ကျယ်ကျယ်ကြီး ပြောလိုက်သည်) ကောက်စွပ်လိုက်တယ်၊ ပြီးတော့ ငွေ ပန်းကန်ငွေဇွန်းတွေနဲ့အတူ အမြဲ အိမ်ပေါ်မှာ ယူထားတဲ့ ယမ်းထိုးပြီးသား ပစ္စတိုသေနတ်ကို ဆွဲပြီး ဘရစ်တယ်လ်စ် အခန်းကို ခြေဖျားထောက် ထွက်ခဲ့တာပေါ့။ ရောက်တော့ ဘရစ်တယ်လ်စ်ကို နှိုးပြီး "ဘရစ်တယ်လ်စ် မင်း ဘာမှ မကြောက်နဲ့" လို့ ကျုပ် အားပေးလိုက်တယ်"

"ဟုတ်တယ်ဗျ သူက ကျွန်တော့်ကို ဒီလိုပဲ အားပေးတယ်" ဟု ဘရစ်တယ်လ်စ်က မစ္စတာဂိုင်းလ်စ်၏ စကားကို ထောက်ခံလိုက်လေသည်။

"ငါတို့တော့ သေရတော့မှာပဲ၊ ဒါပေမဲ့ မကြောက်ပါနဲ့ကွာလို့ ကျုပ်က အားပေးလိုက်တယ်"

"နို့ သူကကော ကြောက်နေသလား" ဟု ထမင်းချက်က မေးလိုက်လေသည်။

"မကြောက်ပါဘူး နည်းနည်းလေးမှ မကြောက်ရှာပါဘူး၊ ကျုပ်လောက် နီးနီးပဲ သတ္တိရှိတဲ့ ယောကျ်ားတစ်ယောက်ပါပဲ"

"ကျွန်မသာဆိုရင်ဖြင့် ကြောက်တာနဲ့ပဲ သေမှာပါပဲတော်" ဟု အစေခံမကလေးက ဝင်ပြောလိုက်ပြန်သည်။

"အို ဒါတော့ မင်းက မိန်းမကိုးကွ"

"ဟုတ်တယ် ဘရစ်တယ်လ်စ် ပြောတာ မှန်တယ် မိန်းမဆိုလျှင် ကြောက်တတ်တာပေါ့။ ဒါပေမဲ့ ကျုပ်တို့က ယောကျ်ားတွေကလား ဘရစ်တယ်လစ်ရဲ့ အခန်းထဲမှာရှိတဲ့ မီးအိမ်ကို ယူပြီး အောက်ထပ်ကို ဆင်းခဲ့တာပဲ မှောင်လိုက်တာ ဘာဆိုဘာမှ မမြင်ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဂိုင်းလ်စ်သည် သူ့ စကားကို သရုပ်ဖော်ရန်အတွက် ထိုင်ရာမှ ထကာ ခြေလှမ်းနှစ်လှမ်း လှမ်းလိုက်ပြီးသည့် နောက်တွင် ထခုန်တော့ မတတ် အကြီးအကျယ် ထိတ်လန့်သွားကာ ကပျာကယာ သူ့ ကုလားထိုင်ပေါ်သို့ ပြန်ရောက်သွား၏။ အခြား သူများမှာလည်း သူ့ လိုပင် ထိတ်လန့်သွားကြလေသည်။ ထမင်းချက်နှင့် အစေခံမကလေးကား ပြုံးတူ အော်လိုက်ကြ၏။

"တံခါးခေါက်လိုက်သံပါဗျာ" ဟု မစ္စတာဂိုင်းလ်စ်သည် ဣန္ဒြေ ပြန်ဆည်ရင်းက ပြောလိုက်လေသည်။

"ကဲ တစ်ယောက်ယောက်က တံခါးသွားဖွင့် ပေးလိုက်ပါ..."

ဘယ်သူမှ မလှုပ်ကြပေ။

"အင်း ခုလို မနက်စောကြီးမှာ တံခါးလာခေါက်တာ အတော်တော့ ဆန်းတာပဲ" ဟု မစ္စတာဂိုင်းလ်စ်သည် သူ့ ပတ်ပတ်လည်မှ ကြောက်ရွံ့ ဖြူရော်နေကြသော မျက်နှာများကို လှည့်ကြည့်မိရင်းက ပြောလိုက်လေသည်။ သူ့ မျက်နှာမှာလည်း ထို့ အတူပင် ဖြစ်နေ၏။

"ဒါပေမဲ့ တံခါးကိုတော့ ဖွင့်ပေးလိုက်ရလိမ့်မယ်။ ကဲ...တစ်ယောက် ယောက် သွားဖွင့်ပေးလိုက်ပါလေ"

မစ္စတာဂိုင်းလ်စ်သည် ပြောရင်းက ဘရစ်တယ်လစ်ကို လှမ်းကြည့် လိုက်၏။ သို့ရာတွင် ဘရစ်တယ်လ်စ်ကား မိမိကိုယ်ကိုယ် မိမိ နှိမ့်ချတတ်သူ ဖြစ်လေရာ၊ မိမိသည် မစ္စတာဂိုင်းလ်စ်၏ တစ်ယောက်ယောက်ထဲတွင် ပါဝင် နိုင်ရန် အရေးပါ အရာရောက်သူ မဟုတ်ဟု ယူဆပြီး ဘယ်လိုမှ ပြန်မဖြေ ချေ။ မစ္စတာဂိုင်းလ်စ်လည်း သံဖြူဆရာထံ လှမ်းကြည့်လိုက်ပြန်၏။ သံဖြူဆရာမှာလည်း ချက်ချင်းပင် အိပ်ပျော် နေ၏။

"ကဲ ဘရစ်တယ်လ်စ်က သက်သေတွေ ရှေ့မှာ တံခါးဖွင့်ပေးရဲမယ် ဆိုရင် ကျုပ်က သက်သေတစ်ယောက် လုပ်ဖို့ အဆင်သင့်ပဲ" ဟု မစ္စတာ ဂိုင်းလ်စ်က အလိမ္မာဖက်လိုက်လေသည်။

"အင်း ကျုပ်လည်း လုပ်ပါ့မယ်" ဟု သံဖြူဆရာကလည်း ချက်ချင်း ပင် အိပ်ရာက ပြန်နိုးလာပြီး၊ ဝင်ပြောလိုက်လေသည်။

"အင်း ကျုပ်လည်း လုပ်ပါ့မယ်" ဟု သံဖြူဆရာကလည်း ချက်ချင်း ပင် အိပ်ရာက ပြန်နိုးလာပြီး၊ ဝင်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို စည်းကမ်းချက်များကြောင့် ဘရစ်တယ်လ်စ်လည်း လက်နက်ချ အရှုံးပေးလိုက်ရတော့ကာ၊ တံခါးဖွင့်ပေးရန် သဘောတူညီ လိုက်ရလေ၏။ သူတို့ လူစုသည် တံရှတ်ကပ်တွေကို ဖွင့်လိုက်သည့်အခါ၌ မိုးစင်စင်လင်း နေပြီ ဖြစ်ကြောင်းကို တွေ့ရသည့်အတွက် စိတ်ချ ရဲတင်းလာတော့ကာ၊ ခွေးတွေကို ရှေ့က ထားလျက် အပေါ်ထပ် တက်ခဲ့ကြလေသည်။ မီးဖိုဆောင် ထဲတွင် နေရစ်ခဲ့ရမည်ကို ကြောက်ရွံ့ကြသည့် မိန်းမ နှစ်ယောက်မှာလည်း ယောကျ်ားတွေ နောက်က ပါလာကြ၏။ မစ္စတာဂိုင်းလ်စ်၏ အကြံပေးချက် အရ မိမိတို့မှာ လူအင်အား များပြားကြောင်းကို အပြင်ဘက်မှ လူဆိုးတွေကို သိသာစေရန်အတွက် စကားကို ကျယ်လောင်စွာ ပြောဆိုကြကာ၊ ခွေးတွေ တွင်တွင်ကြီး ဟောင်စေရန်အတွက်၊ ခွေးမြီးတွေကို နာနာကြီး ဆိတ်ပေးကြ လေ၏။

ထိုသို့သော ကြိုတင် ကာကွယ်မှုများကို ပြုလုပ်ပြီးမှ မစ္စတာဂိုင်းလ်စ် သည် သံဖြူဆရာအား ထွက်မပြေးနိုင်ရန်ဟု ဆို၍ လက်မောင်းတွင် တင်းကျပ်စွာ ဆုပ်ကိုင်လိုက်ပြီး၊ တံခါးဖွင့်ပေးရန် အမိန့်ပေးလိုက်လေ၏။ ဘရစ်တယ်လ်စ်လည်း အမိန့်ကို ဆောင်ရွက်လိုက်လေသည်။ သူတို့လူစု လည်း တစ်ယောက်၏ ပခုံးမှ တစ်ယောက်က ကျော်ကြည့်ကြခြင်းဖြင့် အပြင် ဘက်တွင် သူတို့ စိုးရွံ့သလို ကြောက်စရာ ထိတ်စရာဆို၍ ဘာတစ်ခုမှ မတွေ့ကြရဘဲ၊ သနားစရာ ကောင်းလှသည့် အိုလီဗာ၏ သဏ္ဌာန်ကိုသာ တွေ့ကြ ရလေ၏။ အိုလီဗာကား စကားမပြောနိုင်၊ မျက်လုံးများနှင့်သာ သူတို့ လူစုထံ တွင် အသနားခံနိုင်လေ၏။

"ကောင်လေးပါလား" ဟု မစ္စတာ ဂိုင်းလ်စ်သည် သတ္တိရှိလှစွာနှင့် သံဖြူဆရာကို နောက်သို့ တွန်းထုတ်လိုက်ရင်းက အော်လိုက်လေသည်။ "ကောင်လေး ဘာဖြစ်လာတာ... အလို...ဟာ ဟော့ ဘရစ်တယ်လ်စ် ဒီမှာ ကြည့်စမ်း၊ မင်း မသိဘူးလား"

ဘရစ်တယ်လ်စ်လည်း အိုလီဗာကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင် နက် ကျယ်လောင်စွာ တစ်ချက် အော်လိုက်သည်။ မစ္စတာဂိုင်းသည်လည်း အိုလီဗာအား ခြေထောက်တစ်ဖက်နှင့် လက်တစ်ဖက်မှ (ကံကောင်း [illegible] ဒဏ်ရာ ရနေသော လက်မဟုတ်ဘဲ) ဆွဲကိုင်ကာ အိမ်ထဲသို့ ဆွဲယူ [illegible] ဆေါ်သို့ အလျားလိုက် ပစ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူပဲပေါ့၊ သူပဲပေါ့၊ ဟောဒီမှာ ညက သူခိုးတစ်ယောက်ကို မိပြီ ဒေါ်ဒေါ်" ဟု ဂိုင်းလ်စ်သည် ထိတ်လန့်တကြား လှေကားခြေရင်းမှ နေ၍ အပေါ်ထပ်သို့ အော်ပြောလိုက်လေသည်။ "သူခိုးတစ်ယောက်ကို မိပြီ ဒေါ်ဒေါ်... ဒဏ်ရာ ရလာတယ်၊ ကျွန်တော် ပစ်လိုက်တဲ့ သေနတ်ကျည်ဆံ က သူ့ကို မှန်သွားတယ်။ ဟုတ်တယ်၊ သူ့ကို ကျွန်တော် သေနတ်နဲ့ ပစ်ထည့် လိုက်တာပေါ့၊ ဘရစ်တယ်လ်စ်က မီးအိမ်ကို ကိုင်ထားတယ်"

အစေခံ မိန်းမ နှစ်ယောက်လည်း၊ ဘဏ္ဍာစိုးကြီး မစ္စတာ ဂိုင်းလ်စ်က သူခိုးတစ်ယောက်ကို ဖမ်းထားပြီ ဟူသော ထူးခြားလှသည့် သတင်းကို ပြော ပြရန်အတွက် အိမ်ပေါ်ထပ်ရှိ သူတို့ သခင်မများ ဆီသို့ ပြေးတက်သွားကြ လေ၏။ သံဖြူဆရာကလည်း သူခိုးလေးကို ကြိုးစင်ပေါ်တင်၍ ကြိုးမပေး မသတ်ရခင် သေသွားမည်ကို စိုးရိမ်သည့်အလား၊ အိုလီဗာ သတိပြန်လည် လာစေရန် ပြုစုနေလေ၏။ ထိုကဲ့သို့ ဆူညံနေစဉ် ချိုအေးလှသော မိန်းမသံ ကလေး တစ်သံကို ကြားလိုက်ရကာ၊ ဆူညံနေသမျှ မှာလည်း ချက်ချင်းပင် တိတ်ဆိတ်သွားလေ၏။

"ဂိုင်းလ်စ်" ဟု ထိုအသံကလေးသည် လှေကားထိပ်ပေါ်မှ ညင်သာ စွာ ခေါ်လိုက်လေသည်။

"ကျွန်တော် ဒီမှာရှိပါတယ် မမလေး...မကြောက်ပါနဲ့ မမလေး ဒီကောင် ဘာမှ မလုပ်နိုင်တော့ပါဘူး။ သူ သိပ်ပြီးတော့ မခုခံနိုင်ပါဘူး၊ ကျွန်တော်က သူ့ထက် ပို အားကောင်းတာပဲ"

"ရှူး...တိုးတိုး ပြောကြပါရှင်၊ ရှင်တို့က သူခိုးတွေထက်တောင် ဒေါ်ဒေါ်ကို ထိတ်လန့်စေတာကိုး၊ ဖမ်းမိထားတဲ့လူဟာ ဒဏ်ရာ ရလာတယ် ဆို၊ သနားစရာပဲ သိပ်ပြီးများ ကြီးကျယ်သလား"

"ဟုတ်ကဲ့၊ သိပ်ကို ကြီးကျယ်ပါတယ်"

"သူ့ကို ကြည့်ရတာ သွားတော့မှာပဲ..." ဟု ဘရစ်တယ်လ်စ်က အော် ပြောလိုက်ပြန်လေသည်။ "သူ့ကို မမလေး လာကြည့်ပါဦးမယ်"

သူမ၏ အသံလိုပင် ညင်သာလှသည့် ခြေလှမ်းများဖြင့် အသံရှင် သည် လှေကားထိပ်မှ ပျောက်ကွယ် သွားလေ၏။ မကြာခင် ပြန်ရောက်လာ ကာ၊ ဒဏ်ရာ ရလာသော လူဆိုးကို ဂိုင်းလ်စ်၏ အခန်းထဲသို့ ယူလာရန်နှင့် ဘရစ်တယ်လ်စ်က မြင်းစီးပြီး ချက်ချင်းပင် ချာတ်စီမြို့သို့ သွားလျက်၊ ထို မြို့မှ ပုလိပ် တစ်ယောက်နှင့် ဆရာဝန်ကို ခေါ်ခဲ့ရန် အမိန့် ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမလေး သူ့ကို တစ်ခါတလေမှ လာမကြည့်တော့ဘူးလား" ဟု ဂိုင်းလ်စ်က သူ ခဲခဲယဉ်းယဉ်း ပစ်ချ၍ထားသည့် ဇာမဏီငှက်ကို လူတွေအား ပြ၍ ကြွားချင်သော မှဆိုး၏ အမူအရာမျိုးနှင့် မေးလိုက်လေသည်။

"တစ်ခါတည်း လာကြည့်ပါလား မမလေးရယ်"

"အခုတော့ မကြည့်ပါရစေနဲ့ရှင်... သနားစရာ ကောင်းလိုက်တဲ့ လူပဲ နော်၊ အင်းလေ သူ့ကို ဂရုစိုက်ပြီး ပြုစုလိုက်ပါရှင်"

ဤတွင် မစ္စတာဂိုင်းလ်စ်လည်း မိန်းမ တစ်ယောက်အလား ကြင်နာယုယစွာနှင့် အိုလီဗာအား ညင်ညင်သာသာ ပွေ့ယူလိုက်ကာ အိမ်ပေါ်သို့ ခေါ်ဆောင်သွားတော့လေ၏။

❑

ရှေးဆန်ပြီး နေသာထိုင်သာ ရှိလှသည့် အိမ်ထောင် ပရိဘောဂများ ခင်းကျင်းပြင်ဆင်ထားသည့် အခန်းထဲဝယ် မိန်းမ နှစ်ယောက်တို့သည် စားဖွယ်သောက်ဖွယ်များ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသော နံနက်စာ စားပွဲ၌ ထိုင်လျက် ရှိနေကြလေသည်။ အနက်ရောင် ဝတ်ရုံကို သေသေသပ်သပ် ဝတ်ဆင်ထားသည့် ဘဏ္ဍာစိုးကြီး မစ္စတာဂိုင်းလ်စ်ကား တောင့်တောင့်ကြီး ရပ်နေရာက သူတို့ အပေါ်တွင် ခစားနေလေသည်။ သူ၏ အမူအရာကား မိမိ၏ အရေးပါ အရာရောက်မှုကို အတော်ကလေး ကျေနပ်စွာနှင့် သိမြင်နေသော လူတစ်ယောက်၏ အမူအရာမျိုးပင် ဖြစ်လေ၏။

မိန်းမ နှစ်ယောက်၊ တစ်ယောက်မှာ အတော်ကြီး အသက်အရွယ်ကြီးရင့်လှပြီ ဖြစ်လေသည်။ သို့ရာတွင် သူမ၏ ကိုယ်ခန္ဓာမှာကား သူမက ထိုင်နေသော တည့်မတ်လှသည့် ကုလားထိုင်ကြီးထက်ပင် ပို၍ တည့်မတ်လှတော့ပေသည်။ သူမ၏ အဝတ်အစားများမှာကား၊ ကုန်လွန်ခဲ့သည့် အချိန်ကာလက ခေတ်စားခဲ့သည့် ဖက်ရှင်တွင် ယခုခေတ်စားနေသော ဖက်ရှင်ကို မသိမသာ ရောစပ်ထားလေရာ၊ တစ်မျိုး ထူးခြားနေသော်လည်း၊ ရှေးခေတ်ကို မပျက်စီးစေသည်သာမက တစ်မျိုးပင် ထင်ရှားနေစေသည့် အဝတ်အစားများ ဖြစ်ကြလေ၏။ သူမ၏ မျက်လုံးများကား (အသက်အရွယ်ကြီးရင့်မှု သည့် ထိုမျက်လုံးများ၏ တောက်ပြောင်မှုကို မပြောပလောက်သော အချိန်

www.burmeseclassic.com



နေစေသည်) သူမ၏အဖော် မိန်းမပျိုကလေးတွင် ငြိတွယ်လျက် ရှိနေကြလေ၏။

မိန်းမပျိုကလေးမှာကား လှပစွာ ပွင့်ဖူးနေသော အပျိုအရွယ်ကလေးဖြစ်လေသည်။ သူမမှာ အသက် ၁၇-နှစ်ထက် ကျော်ဦးမည် မဟုတ်ပေ။ သူမ၏ အသွင်အပြင် ရုပ်ဆင်းလက္ခဏာမှာ လွန်စွာမှ သိမ်မွေ့ နူးညံ့လှသည့်အတွက် သူမမှာ ဤကမ္ဘာ လောကကြီးနှင့်လည်းကောင်း၊ ကမ္ဘာပေါ်မှ ကြမ်းတမ်းလှသော လူများနှင့် လည်းကောင်း၊ မအပ်စပ်သလို ဖြစ်နေလေတော့၏။ သူမ၏ ပြာရင့်သော မျက်လုံးများတွင် တောက်ပနေသော သိမြင်နားလည်မှုကား သူမ၏ အသက်အရွယ်နှင့် မလိုက်အောင်ပင် လေးနက်လှပေ၏။ သူမ၏ အသက် အရွယ်ကို ထားလိုက်ဦးတော့၊ ဤ ကမ္ဘာ လောကကြီးနှင့် မလိုက်အောင်ပင် ထူးခြား ရှားပါးလှပေတော့၏။ သို့တစေလည်း သူမ၏ မျက်နှာပေါ်တွင် မကြာခဏ ပြောင်းလဲပေါ်လွင်နေသည့် အမူအရာများကား...စိတ်သဘောထား နူးညံ့ ချိုသာမှုနှင့် ရှင်မြူးသော စိတ်ကို ဖော်ပြနေပြန်ကာ၊ သူမ၏ ရှင်မြူးလှသော အပြုံးကလေးမှာလည်း သူမ၏အိမ်ကို ခင်မင်တွယ်တာတတ်သည့် မိန်းမတစ်ယောက် ဖြစ်ကြောင်းကို ထင်ရှားသိသာစေလေ၏။

သူမသည် စားပွဲပေါ်မှ အစားအသောက်များကို ပြင်ဆင်လုပ်ကိုင်နေရာက၊ သူမအား ကြည့်နေသော အဒေါ်ကြီးကို မော်ကြည့်လိုက်လေသည်။ ထိုအခါတွင် သူမ၏ မျက်နှာကလေး၌ ခင်မင်မြတ်နိုးသော အရိပ်အယောင်ကလေးများ ပေါ်လွင် ယှက်သန်းလာလေသည်။

"ဘရစ်တယ်လ်စ် ထွက်သွားတာ တစ်နာရီကျော်ကျော် ရှိသွားပြီမဟုတ်လား" ဟု အဒေါ်ကြီးက ရုတ်တရက် မေးလိုက်လေသည်။

"တစ်နာရီနဲ့ ၁၂-မိနစ်တိတိ ရှိသွားပြီ ဒေါ်ဒေါ်" ဟု မစ္စတာဂိုင်းလ်စ် ၏ သူ၏ အိတ်ဆောင် ငွေနာရီကို ထုတ်ကြည့်ရာက ပြန်ဖြေလိုက်သည်။

"ကျွန်တော်ဖြင့် ဒါမျိုး မကြားဖူးပါဘူးခင်ဗျာ၊ ပြီးတော့ ညကြီးသန်းခေါင်မှာတဲ့ ဘုရားဘုရား မစ္စက်မေလီရယ်၊ ကျွန်တော်ဖြင့် တကယ့်ကို ဒါမျိုး မကြားခဲ့ပါဘူးခင်ဗျား"

ညက ဖြစ်ပွားခဲ့ရသော ကိစ္စနှင့် ပတ်သက်၍ အထက်ပါ စကားတွေကို ရေရွတ်ခြင်းဖြင့် သူ၏ ကြင်နာ ကရုဏာသက်သော စိတ်ထားကို သရုပ်ဖော်ရာက ထို လူဝကြီးသည် မစ္စက်မေလီနှင့် မိန်းမပျိုကလေးကို လက်ဆွဲ

www.burmeseclassic.com



နှုတ်ဆက်နေလေသည်။ ပြီးနောက် ကုလားထိုင် တစ်လုံး ဆွဲယူ ထိုင်လိုက်ရာက စကား ဆက်လိုက်ပြန်လေ၏။

"မစ္စက်မေလီတို့အတွက် အသက်ထွက်လောက်အောင် ကြောက်စရာကောင်းမှာပဲဗျာ...နော်...ကျွန်တော့်ဆီ ချက်ချင်း အခေါ်လွှတ်လိုက်ရောပေါ့ဗျာ၊ ကျွန်တော်တို့ ချက်ချင်းရောက်လာမှာပေါ့၊ အင်း ဘုရား ဘုရား ညကြီးသန်းခေါင်မှာတဲ့ဗျာ၊ ကြည့်ကြပါဦး"

လူဆိုးများသည် အိမ်ဖောက်ထွင်းသော အလုပ်ကို နေ့ခင်းကြောင်တောင်တွင်မှ လုပ်ရမည့် ထုံးစလေ့ရှိသည့်အလား၊ လူဝကြီးသည် ညသန်းခေါင်တွင်မှ အိမ် ဖောက်ခံရသည်ကို မကျေမနပ်နှင့် ပြောနေပြန်လေသည်။

"မစ္စရိုစီရော သိပ် ကြောက်သွားသလား" လူဝကြီးသည် မိန်းမပျိုကလေးဘက်သို့ လှည့်ကာပြောလိုက်စဉ် "ဟာ... သိပ်ကို ကြောက်သွားတာပေါ့"ဟု ရိုစီက ကြားဖြတ်၍ ပြောလိုက်လေသည်။ "ဒါပေမဲ့ ဒီအကြောင်းတွေ နောက်မှ ပြောကြတာပေါ့၊ ခုတော့ ဒဏ်ရာ ရထားတဲ့ ညက လူဆိုးတစ်ယောက်ကို ကြည့်ပေးပါဦးနော်၊ သူ့ခမျာ ဒဏ်ရာ အတော်ပြင်းတယ်တဲ့ သနားစရာပဲ"

"ဟာ၊ ကြည့်တာပေါ့၊ ကြည့်တာပေါ့"

လူဝကြီးသည် ဂိုင်းလ်စ်နှင့်အတူ အိမ်ပေါ်ထပ်သို့ ရောက်နေဆဲ၊ သူ့အကြောင်းကို စာဖတ်သူများအား အနည်းငယ် အစီရင်ခံရမည်ဖြစ်လေသည်။ ၎င်းမှာ မစ္စတာလော့စတန်း အမည်ရှိ ထိုအရပ်မှ ဆရာဝန် တစ်ယောက်ဖြစ်လေသည်။ ထိုအရပ်၏ ၁၀–မိုင် ပတ်လည်တွင် သူ့အား 'ဆရာဝန်ကြီး' ဟူ၍ လူတိုင်းက သိရှိကြလေ၏။ ၎င်းမှာ အိမ်ထောင်ဖက် မရှိသည့် လူပျိုကြီး တစ်ယောက်ဖြစ်ပြီး၊ လူပျိုကြီးတို့၏ ထုံးစံအတိုင်း စကား အပြောအဆိုနေပုံထိုင်ပုံမှာ သူများထက် တစ်မျိုး ထူးခြားတတ်သော်လည်း၊ ကြင်နာတတ်သည့် စိတ်သဘောထား ရှိသူ တစ်ယောက် ဖြစ်လေ၏။ စိတ် သဘောထား ကြင်နာတတ်ရုံမျှသာမက အမြဲတစေ ပျော်ပျော်ရွှင်ရွှင် နေတတ်သည့်အတွက်လည်း သူ၏ ကိုယ်ခန္ဓာကြီးမှာ ဤမျှလောက် ဝလာရခြင်း ဖြစ်လေသည်။

သူသည် အိမ်ရှင် မိန်းမနှစ်ယောက် မျှော်လင့်သည်ထက် ပို၍ အိမ်ပေါ်ထပ်၌ ကြာမြင့်စွာ အချိန်ယူပြီး ဒဏ်ရာ ရထားသည့် လူဆိုးကို ကြည့်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်ဆုံးမှ သူသည် ပြန်ရောက်လာကာ မိန်းမနှစ်ယောက်၏ လူနာအတွက် စိုးရိမ်မကင်း မေးခွန်းများကို ရုတ်တရက် ပြန်မဖြေဘဲ တစ်စုံတစ်ခုသော အကြောင်းအရာကို လျှို့ဝှက်ထားရသည့် အမူအရာနှင့် တံခါးကို အရင်ပိတ်လိုက်လေသည်။ ပြီးမှ…

"ဒီကိစ္စဟာ အတော်ကလေး ဆန်းတာပဲ မစ္စက်မေလီ" ဟု ဆရာဝန်သည် တံခါးကို ကျောမှီ၍ ရပ်ရာက ပြောလိုက်လေ၏။

"သူ့ အသက်ဘေး စိုးရိမ်စရာ မရှိပါစေနဲ့လို့ ကျွန်မတော့ မျှော်လင့်တာပဲ" ဟု အဒေါ်ကြီးက ပြောလိုက်လေသည်။

"အခြေအနေအရ ဆိုရင်တော့၊ သူ့ အသက် စိုးရိမ်စရာရှိရင် ဆန်းတယ်လို့ မခေါ်နိုင်ပါဘူး။ ဒါပေမဲ့ စိုးရိမ်စရာ မရှိဘူးလို့ ကျွန်တော် ထင်တာပဲ၊ ဒါနဲ့ ဒီလူဆိုးကို မစ္စက်မေလီ တွေ့ပြီးပြီလား"

"မတွေ့ရသေးပါဘူး"

"နို့…သူ့ အကြောင်းကိုကော ကြားပြီးပြီလား"

"ဟင့်အင်း"

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ" ဟု မစ္စတာဂိုင်းလ်စ်က ဝင်ပြောလိုက်လေသည်။ "ကျွန်တော် သူ့အကြောင်း ပြောပြမလို့ပါဘဲ၊ ဆရာဝန်မင်း ရောက်လာတာနဲ့"

အမှန်စင်စစ် မစ္စတာဂိုင်းလ်စ်မှာ သူ့ သေနတ်နှင့် ပစ်ဖမ်းလိုက်သည် ဆိုသော လူဆိုးမှာ၊ တကယ်တော့ သူငယ်ကလေး တစ်ယောက်မျှသာ ဖြစ်သည့်အတွက်၊ ထုတ်ဖော် ဝန်ခံခြင်းပြုဖို့ ဝန်လေးလျက် ရှိနေမိခဲ့ခြင်း ဖြစ်လေ၏။ ထိုကိစ္စနှင့် ပတ်သက်၍ပင် သူသည် သတ္တိကောင်းလှသည် ဟူ၍ အမျိုးမျိုးသော ချီးကျူးသံများကို ခံစားနေရသည် ဖြစ်လေရာ၊ အကြောင်းမှန်ကို ဖွင့်ပြောဖို့ အချိန်ကို နှစ်သိမ့် ချိုမြိန်စရာ ကောင်းလှသော မိနစ် အနည်းငယ်မျှ ပို၍ ဆွဲမထားဘဲ မနေနိုင်အောင် ဖြစ်နေခဲ့လေသည်။ ထိုအချိန်ကလေး အတွင်းဝယ် သူသည် ကြောက်ရွံ့စိတ် ကင်းမဲ့လှသည့် ရဲရင့်ခြင်း၏ ဂုဏ်သိက္ခာကို အမြင့်ဆုံးသော အဆင့်အတန်းအထိ ခံစားနေခဲ့ရသည် မဟုတ်ပါလော။

"လူနာကို ရိုဇီက သွားကြည့်ချင်ပါတယ်၊ ကျွန်မက အခွင့်မပေးလို့" ဟု မစ္စက်မေလီက ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း...လူနာရဲ့ ရုပ်ရည် အသွင်အပြင်ကတော့ ဘာမှ ကြောက်စရာ မရှိဘူး။ ဒီတော့ ကျွန်တော်နဲ့ အတူတူ လူနာကို လိုက်ကြည့်ဖို့ကို သဘောတူ မလား"

"ကြည့်ဖို့လိုတယ် ဆိုရင်တော့ လိုက်ကြည့်ပါ့မယ်လေ"

"လိုတယ်လို့ ကျွန်တော် ယူဆတာပဲလေ။ ဘာပဲဖြစ်ဖြစ် သူ့ကို မေးကြည့်လိုက်ရရင် မစွက်မေလီ အမှန်ပဲ နောင်တ ရမိမှာပဲ။ ခု လူနာဟာ ငြိမ်ငြိမ်သက်သက် ရှိသွားပါပြီ။ ဘာမှ ကြောက်စရာမရှိပါဘူး"

❑

အပေါ်ထပ်မှ လူဆိုး၏ ရုပ် အသွင်အပြင်ကို တွေ့ရလျှင် အတော်ကလေး အံ့အားသင့်သွားလိမ့်မည်ဟု ပြောဆိုရာက ဆရာဝန်လေ့စတန်းသည် မိန်းမ နှစ်ယောက်ကို လက်တစ်ဖက်တစ်ချက်တွင် တွဲကာ အပေါ်ထပ်သို့ ခေါ် ဆောင်သွားလေ၏။

လူမမာ၏ အခန်းဝသို့ ရောက်လာလျှင်ကား၊ ဆရာဝန်သည် အခန်း တံခါးကို ညင်သာစွာ ဖွင့်ရာက...

"ကဲ...လူဆိုးနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားတို့နှစ်ယောက် ဘယ်လို သဘောရတယ် ဆိုတာကို၊ ကျွန်တော် သိပါရစေ။ သူဟာ နှုတ်ခမ်းမွေးတွေ ဘာတွေ မရိတ်ရသေးပါဘူး၊ ဒါပေမဲ့ သူ့ ရုပ်ကတော့ ဆိုးသွမ်းပုံ မရှုရာပါ ဘူး၊ နေဦးလေ သူ့ကို လာကြည့်တာ လက်ခံနိုင်တဲ့ အခြေအနေမှ ရှိပါ့ မလားဆိုတာ ကျွန်တော် အရင် ဝင်ကြည့်လိုက်ဦးမယ်..."

ပြောပြောဆိုဆို ဆရာဝန်သည် မိန်းမနှစ်ယောက်ထက် အရင် အခန်း ထဲသို့ ဝင်သွားလေသည်။ ပြီးနောက်မှ မိန်းမနှစ်ယောက်ကို အခန်းထဲသို့ ဝင်လာရန် လက်ပြလိုက်ပြီးနောက် ခုတင်ကို ကာထားသည့် ကန့်လန့်ကာ အစကို အသာအယာ ဖယ်လိုက်လေ၏။ ခုတင်ပေါ်တွင်ကား၊ မိန်းမ နှစ်ယောက်သည် သူတို့ တွေ့ရလိမ့်မည်ဟု မျှော်လင့်သည့် လူဆိုးကြီးအစား နာကျင်မှုဖြင့် အင်အား ဆုတ်ယုတ်မှုတို့ဖြင့် နွမ်းလျကာ နှစ်နှစ်ခြိုက်ခြိုက် ကြီး အိပ်ပျော်နေရှာသည့် ကလေးငယ် တစ်ယောက်ကိုသာ တွေ့ခဲ့ရလေ ၏။ သူ၏ ဒဏ်ရာရနေသော လက်ကို ပျဉ်ပြားတစ်ချပ် ခံလျက် ထုံးထုံး စီးပြီး သူ၏ ရင်ပေါ်တွင် သိုင်းထားကာ သူ၏ အခြား လက်တစ်ဖက်ပေါ်တွင်

www.burmeseclassic.com



ခေါင်းကို တင်ထားလေသည်။ သူ၏ မျက်နှာကလေးကား၊ ရှေ့သို့ ဝဲကျနေသော ရှည်လျားလှသည့် ဆံပင်များဖြင့် တစ်ဝက်ဖုန်းကွယ်နေလေ၏။

သဘောထား ဖြူစင်လှသည့် ဆရာဝန်ကြီးသည် ကန့်လန့်ကာ အစကို လက်တစ်ဖက်တွင် ကိုင်ရာက တစ်မိနစ်ကျော်ကျော်မျှ တိတ်ဆိတ်စွာ ကြည့်နေလေသည်။ ထိုသို့ လူနာကို ဆရာဝန်က ကြည့်နေသည့် အတွင်း မိန်းမပျိုကလေးသည် ခုတင်ဘေးသို့ ဖြည်းညင်းစွာ ချဉ်းကပ်သွားကာ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး၊ အိုလီဗာ၏ မျက်နှာပေါ်တွင် ဝဲကျနေသည့် ဆံပင်များကို အသာအယာ ဖယ်ရှားပေးလိုက်လေသည်။ ထိုသို့ အိုလီဗာ့အပေါ်မှ သူမ မိုးကြည့်နေစဉ်၊ သူမ၏ မျက်ရည်ပေါက်များသည် အိုလီဗာ၏ နဖူးပေါ်သို့ ကျရောက်သွားကြလေသည်။ အိုလီဗာသည် လှုးလွန့်လိုက်ပြီးနောက် အိပ်ပျော်နေရာကပင် ပြုံးလိုက်လေ၏။

"အလို ဘယ့်နှာပါလိမ့်။ ဒီကလေး ကလေးဟာ လူဆိုးတွေနဲ့ ဘယ်နည်းနဲ့မှ မသက်ဆိုင်ပါဘူး" ဟု မစ္စက်မေလီက ရေရွတ်လိုက်လေသည်။ ဤတွင် ဆရာဝန်လည်း ကန့်လန့်ကာကို ပြန်ချလိုက်ပြီးနောက်...

"ဒုစရိုက်ဆိုတာ အနိစ္စတရားလိုပါပဲ။ အသက်ကြီးတဲ့ လူတွေကိုမှ ရွေးတတ်တာ မဟုတ်ဘူး မစ္စက်မေလီ"

"ဒါပေမဲ့ အို ဒီလောက် နုနုနယ်နယ် ရှိလှတဲ့ သူငယ်ကလေးဟာ၊ လူ့စည်းဝိုင်း အပြင်ဘက် ရောက်နေရတဲ့ အဆိုးဆုံး လူတွေရဲ့ အပေါင်းအဖော် ဖြစ်ရမယ်လို့ ဦးလေး ယုံကြည်နိုင်ပါ့မလား" ဟု ရိုစီက ဝင်ပြောလိုက်လေသည်။

ဆရာဝန်ကား ရိုစီပြောသလိုပင်၊ ဤ သူငယ်ကလေးသည် လူဆိုးတွေ ၏ အပေါင်းအဖော် ဖြစ်နိုင်သည်ဆိုသော အချက်ကို မယုံကြည်ချင်ဘဲနှင့် ယုံကြည်ရဟန်နှင့် ခေါင်းကို ဖြေးညင်းစွာ ယမ်းခါလိုက်လေ၏။ ပြီးနောက် သူတို့ကြောင့် လူနာတွင် အနှောင့်အယှက် ဖြစ်မည် စိုးရိမ်ကာ၊ တစ်ဖက်မှ အခန်းထဲသို့ ကူးပြောင်း လာခဲ့ကြလေသည်။

"ဘယ်လို လူကလေးဟာ ဆိုးသွမ်းခဲ့တယ်ပဲ ထားပါဦးတော့" ဟု ရိုစီက အိုလီဗာဘက်မှ ဆက်လက်၍ ရှေ့နေလိုက်ပြန်လေသည်။ "သူဟာ ငယ်ငယ်ကလေး ရှိသေးတယ် ဆိုတာကိုတော့ စဉ်းစားကြပါဦးရှင်၊ သူကလေးဟာ မိခင်ရဲ့ မေတ္တာကို ခံစားချင်မှ ခံစားခဲ့ရရှာမယ်၊ အစာငတ်ပြီးတော့ ဒီလို ဒုစရိုက်နယ်ထဲကို ရောက်လာရတဲ့ သူငယ်ကလေး ဖြစ်နေမယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ မလုပ်ချင်ဘဲနဲ့ အတင်းရိုက်နှက်ပြီး ခိုင်းတာနဲ့ လုပ်ရတာလည်း ဖြစ်ချင် ဖြစ်နေမယ်။ ဒေါ်ဒေါ်ရယ် ဒီကလေး ကလေးကို သူတို့က အကျဉ်းထောင်ထဲ ဆွဲသွားဖို့ အခွင့်မပေးခင်၊ ကျွန်မ ပြောတာတွေကို ပြန်စဉ်းစားကြည့်ပါဦး၊ ဒေါ်ဒေါ်ဟာ ကျွန်မကို ချစ်ခဲ့ပါတယ်။ ကျွန်မအပေါ်မှာ မေတ္တာ ထားခဲ့ပါတယ်၊ ဒါကြောင့်လည်း ကျွန်မမှာ မိဘမဲ့ရတဲ့ အဖြစ်ကိုတောင် ပြန် သတိ ရမိခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်မဟာလည်း ဟာဒီက ကလေးငယ်ကလေးရဲ့ အခြေအနေကို အလွယ်တကူ ရောက်သွားနိုင်တယ် ဆိုတာကို စဉ်းစားပြီး၊ သူ့ အပေါ်မှာ ကရုဏာ ထားပါ ဒေါ်ဒေါ်ရယ်"

ရိုစီသည် မျက်ရည်များ တသွင်သွင် ကျနေရာက တောင်းပန်လိုက် လေရာ၊ မစ္စက်မေလီသည် သူမကို ရင်ခွင်ထဲသို့ ဆွဲသွင်း ပွေ့ပိုက်လိုက်ရင်း က–

"အချစ်ရယ် ဒီ သူငယ်ကလေးကို ဒေါ်ဒေါ်က ဒုက္ခပေးရက်မယ်လို့ ထင်သလားကွယ်"

"အို…မထင်ပါဘူး ဒေါ်ဒေါ်ရယ်"

"ဘယ်နည်းနဲ့မှ ဒေါ်ဒေါ် ဒုက္ခ မပေးရက်ပါဘူးကွယ်၊ ဒေါ်ဒေါ် အတွက် လောကကြီးမှာ နေရဖို့ အချိန်ဟာ ကုန်လုပါပြီကွယ့်။ ကဲ သူ ကလေးကို ကယ်တင်နိုင်ဖို့ ကျွန်မတို့ ဘာများ လုပ်နိုင်မလဲ၊ ဆရာဝန် လော့စဘန်း"

"စဉ်းစားပါရစေဦး၊ စဉ်းစားပါရစေဦး"

ဆရာဝန် လော့စဘန်းလည်း အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်းက အတော်ကြာအောင် စဉ်းစားခန်း ဝင်နေလေ၏။ နောက်ဆုံးမှ လမ်းလျှောက်ရပ်လိုက်ကာ အောက်ပါအတိုင်း ပြောဆို လိုက်လေ၏။

"ဘဏ္ဍာစိုးဂိုင်းလ်စ်နဲ့ ဘရစ်တယ်လ်စ်ကို ကျွန်တော် ကျကျနနကြီး အနိုင်ကျင့်ပြီး လှည့်ပတ်လိုက်ရင်တော့ ဖြစ်နိုင်မယ်လို့ ထင်တာပဲ၊ ဘယ့်နှယ် သဘောရသလဲ"

မစ္စက်မေလီသည် ရိုစီ၏ တိုက်တွန်းချက်အရ အခွင့် ပေးလိုက် လေသည်။

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်။ နောက်တစ်နာရီ နှစ်နာရီ အတွင်း မှာပဲ ဒီ သူငယ်လေးဟာ အိပ်ရာက ပြန်နိုးလာလိမ့်မယ်။ အဲဒီကျတော့ သူ

www.burmeseclassic.com

www.burmeseclassic.com



ကို ခင်ဗျားတို့ နှစ်ယောက်ရှေ့မှာ ကျွန်တော်ကိုယ်တိုင် စစ်ဆေးကြည့်မယ် တကယ်လို့ ဒီ သူငယ်ကလေးဟာ တကယ်ပဲ ဆိုးမိုက်လှတဲ့ လူဆိုး တစ်ယောက် ဖြစ်နေတယ်လို့ ခင်ဗျားတို့ ယူဆရင်တော့ ကျွန်တော် ဘာ ဝင် မစွက်တော့ဘူး၊ သူ့ထိုက်နဲ့ သူ့ကံပဲ ရှိပါစေတော့"

"အို မဖြစ်နိုင်ပါဘူး"

"ဖြစ်နိုင်ပါတယ်လေ"

"အို…သူကလေးဟာ ဒုစရိုက် အမြစ်တွယ်နေတဲ့ သူကလေး ဘယ် နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"အေးလေ…ဒီလိုဆိုရင် ပြောတာကို သဘောမကျနိုင်စရာ မရှိပါဘူး ရှိစ်"

အိုလီဗာကား ဆရာဝန် ထင်သလို နောက် တစ်နာရီကြာသော်လည်း နိုးမလာရှာသေး၊ တစ်နာရီပြီး တစ်နာရီကုန်လွန်ခဲ့သော်လည်း အိုလီဗာကား နှစ်ခြိုက်စွာပင် အိပ်ပျော်နေလေ၏။ ညနေဘက်သို့ ကူးလာတော့မှ မစ္စက်မေလီနှင့် ရှိစီတို့ထံသို့ ဆရာဝန် လော့စတန်း ရောက်လာကာ အိုလီဗာ ကို မေးမြန်း စစ်ဆေးနိုင်မည် ဖြစ်ကြောင်း ပြောပြလေ၏။

သူတို့၏ မေးမြန်းစစ်ဆေးမှုကား ကြာမြင့်လှတော့ပေ၏။ အိုလီဗာ လည်း သူ၏ ရိုးသားလှသော ရာဇဝင်ကို အားလုံး ပြန်ပြောပြ ရှာလေသည် သို့ရာတွင် အိုလီဗာမှာ အင်အား ကုန်ခန်းနေသူ ဖြစ်ရကား တစ်ဆက်တည်း မပြောနိုင်၊ မကြာခဏ အနားယူပြီးမှ ဆက်လက်၍ ပြောပြရသည် ဖြစ်လေ ရကား အချိန်မှာ ကုန်မှန်းမသိ ကုန်သွားခဲ့ရလေ၏။

အိုလီဗာ၏ စကားများ နိဂုံးချုပ်သွားသည့် အခါ၌ကား ဆရာဝန် သည် မျက်လုံးများကို လက်ကိုင်ပဝါနှင့် သုတ်ရင်းက အခန်းထဲမှ ထွက်ခဲ့ ကာ၊ အောက်ထပ်ရှိ မစ္စတာဂိုင်းလ်စ် ထံသို့ ဆင်းသွားလေ၏။ နောက်ဆုံး၌ ဓမ္မဘာဂိုင်းလ်စ်နှင့် ဘရစ်တယ်လ်စ် တို့တွင်လည်း အိုလီဗာမှာ မိမိတို့ ည အခါသတွင် တွေ့ရပြီး သေနတ်နှင့် ပစ်လိုက်သည့် လူဆိုးများ၏ သူငယ် ကလေးတစ်ယောက် ဖြစ်ကြောင်းကို တတ်အပ် မပြောနိုင်ပါဟု ဝန်ခံရသည် အထိ ဆရာဝန်လော့စတန်းသည် အမျိုးမျိုး အနိုင်ကျင့် လှည့်ပတ်ပြော လေ၏။ လန်ဒန်မြို့မှ ပုလိပ် အရာရှိနှစ်ယောက်သည် အမှုအကြောင်းကို စုံစမ်း စစ်ဆေးရန် ရောက်လာပြန်သည့် အခါ၌လည်း အိုလီဗာမှာ ထိုည အိမ်ကို ဖောက်ထွင်းနိုင်သည့် လူဆိုးများထဲတွင် ဘယ်နည်းနှင့်မျှ မပါဝင်

www.burmeseclassic.com

www.burmeseclassic.com



င်။ သူ့ဒဏ်ရာ ရလာခြင်းမှာ ကလေးသူငယ်ပီပီ ဤ အနီးအနားရှိ ခြံတစ်ခြံသို့ ခိုးဝင်မိသဖြင့် ထောင်ချောက်လုပ်ထားသော သေနတ်ကျည်ဆန် မှန်လာခြင်းသာ ဖြစ်သည်ဟူ၍ စုံထောက်အရာရှိများ ယုံကြည်သွားစေသည်အထိ ဆရာဝန် လော့စတန်းကပင် အမျိုးမျိုး လှည့်ပတ် ပြောဆိုလိုက်လေ၏။ နောက်ဆုံးမှာတော့ ဆရာဝန် လော့စတန်း၏ အမျိုးမျိုးသော လှည့်ပတ်မှုများနှင့် ဉာဏ်ဆင်မှုများကြောင့် အိုလီဗာခမျာတွင် သူ စိတ်လုံးဝမပါဘဲ ကျူးလွန်မိသည့် အပြစ်ဒဏ်ချက်ကို မခံစားရတော့ဘဲ သူ့အိမ်ထဲသို့ ဖောက်ထွင်း ဝင်ရောက်လာသည့် လူဆိုးကလေး တစ်ယောက်ဟု စွပ်စွဲမိသူ ဓာတာကိုင်းလ်စ်သာလျှင် အရှုးဖြစ်ရ ရှာလေတော့၏။

ထို့ကြောင့် အိုလီဗာအတွက် မစ္စက်မေလီနှင့် ရိုစီတို့က တရားသူကြီးထံတွင် အာမခံ ပေးလိုက်ကာ လန်ဒန်မှ ရောက်လာသော စုံထောက်နှစ်ယောက်မှာလည်း မစ္စက်မေလီ၏ အိမ်ကို ဖောက်ထွင်းဝင်ရောက်ကြသည့် လူဆိုးများမှာ၊ လန်ဒန်မြို့တော်မှ လူဆိုးများပင် ဖြစ်ရမည်ဟု ယူဆကြပြီး ပြန်သွားကြလေတော့၏။

❑

အိုလီဗာ၏ ဝေဒနာကား၊ သေးသိမ်ခြင်း မရှိလှပေ။ သေနတ် ဒဏ်ရာအပြင်၊ တစ်ညလုံး မိုးရေထဲတွင် စိမ်နေခဲ့ရသည့်အတွက် အဖျားကလည်း ဝင်လာလေရာ၊ ရက် သီတင်းပေါင်းမြောက်မြားစွာပင် အိပ်ရာထဲ၌ လဲနေခဲ့ရှာလေ၏။ သို့ရာတွင် နောက်ဆုံး၌ကား၊ တဖြည်းဖြည်း သက်သာလာခဲ့ကာ၊ သူ့အပေါ်တွင် ကြင်နာလှသည့် အိမ်ရှင် မိန်းမနှစ်ယောက်အား မည်မျှ ကျေးဇူးကို တတ်နိုင်သလောက် ဆပ်ချင်ကြောင်း၊ မိမိအပေါ် ဤမျှလောက် ကောင်းမွန်ကြသည့် ကျေးဇူးရှင် နှစ်ယောက်ပေါ်တွင် မိမိကလည်း အဘယ်မျှလောက် မြတ်နိုး တွယ်တာနေမိပြီ၊ မိမိ၏ မြတ်နိုးမှု ကျေးဇူးတင်မှုတွေကို လက်တွေ့ ပြနိုင်ရန်အတွက် ဘာအလုပ်မဆို လုပ်ပေးချင်ကြောင်း စသည်တို့ကို ပြောနိုင်လာတော့၏။

"ကလေးရယ် မင်း မမတို့ အကျိုးကို တတ်နိုင်သလောက် ထမ်းဆောင်ချင်တယ်ဆိုရင် ထမ်းဆောင်နိုင်မယ့် အခွင့်အရေးတွေ အများကြီး ရှိပါတယ်ကွယ်" ဟု တစ်နေ့တွင် မိမိ၏ ကျေးဇူးတင်စိတ်တွေကို ထုတ်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေသော အိုလီဗာအား ရိုစီက ကြင်နာယုယစွာ ပြောလိုက်လေသည်။

"မမတို့ မကြာခင်ဘဲ တောက ရွာတစ်ရွာမှာ သွားနေကြမလို့ကွယ်။ ခေ ဒေါ်ဒေါ်က မင်းကိုပါ ခေါ်သွားမယ်တဲ့။ တောမှာဆိုတော့ ငြိမ်ငြိမ်သက်သက် တိတ်တိတ်ဆိတ်ဆိတ်ရှိပြီး လေကောင်းလေသန့်လည်း ရတော့ မင်း အတွက် ပိုကောင်းတာပေါ့၊ ရာသီဥတုကလည်း နွေဦးဆိုတော့ မင်း မကြာခင် ပြန်နေကောင်းလာမှာပါပဲကွယ်၊ အဲဒီကျတော့ မင်း ဒုက္ခခံနိုင်မယ်ဆိုရင် မမတို့အတွက် လုပ်ပေးစရာတွေ အများကြီး ရှိတယ်ကွယ်"

"မမတို့အတွက် လုပ်ပေးရတာဟာ ကျွန်တော့်အတွက် ဒုက္ခ မဟုတ် ပါဘူးခင်ဗျာ၊ မမတို့ရဲ့ ပန်းခြံကလေးကို ရေလောင်းပေးမယ်၊ မမတို့ ခိုင်းတဲ့ နေရာကို သွားပေးမယ်။ မမတို့ ကျေနပ်မယ်ဆိုရင် ပျော်မယ်ဆိုရင် ကျွန်တော် ဘာပဲ ပေးရပေးရ လုပ်ပေးချင်လှပါတယ် ခင်ဗျာ"

"အမယ်လေး မင်းက မမတို့ကို ဘာမှ ပြန်ပေးနေစရာ မလိုပါဘူး ကွယ်၊ ခုနက မမ ပြောခဲ့သလိုပဲ မင်းဟာ မမတို့အတွက် အမျိုးမျိုး အသုံးဝင် နိုင်ပါတယ်ကွယ့်၊ မင်း ခုလို ကတိပေးနေတာရဲ့ တစ်ဝက်လောက်ပဲ ကြိုးစား ပြီး လုပ်ပြပါကွယ်၊ မမတို့က ကျေနပ်မှာပဲ"

"မမတို့ဟာ သိပ်ပြီး ကြင်နာ သနားတတ်တယ်နော်"

"မင်းကလေးဟာ မမ မပြောနိုင်တာထက် ပိုပြီး ကျေနပ်စေပါတယ် ကွယ်၊ မင်း ပြောပြတဲ့ မင်း တွေ့ကြုံခဲ့ရတဲ့ ဒုက္ခ အမျိုးမျိုးထဲက မင်းကို ခေရဲ့ ဒေါ်ဒေါ်က ကယ်တင်နိုင်ခဲ့တာပဲ မမအတွက် ကျေနပ်စရာ အားရစရာ ကြီး ဖြစ်နေပါပြီ။ ဒါပေမဲ့ အဲဒီလို ဒေါ်ဒေါ်ရဲ့ ကရုဏာစိတ် ကြင်နာစိတ် တွေကို ခံစားရတဲ့ မင်းကလေးက တကယ်ပဲ နှစ်နှစ်ကာကာကြီး ကျေးဇူးတင် စိတ် ရှိတာတို့ကို ပြန်ပြီး ခင်မင် တွယ်တာနေတာကို တွေ့ရတော့၊ ပြော မပြနိုင်လောက်အောင်ဘဲ မမ ဝမ်းသာမိတာပဲကွယ်၊ မမ ပြောတာတွေကို နားလည်ခဲ့လား"

ခိုင်သည် တွေတွေကလေး ဖြစ်နေသော အိုလီဗာ၏ မျက်နှာကလေး ကို ကြည့်ရာက မေးလိုက်လေသည်။

"နားလည်ပါတယ် မမရယ်၊ ကျွန်တော်ဟာ အတော် ကျေးဇူးကန်း ခဲ့တဲ့ အကောင်ကလေး တစ်ယောက်ပါလား ဆိုတာကို တွေးနေမိလို့ပါ"

"အလို ဘယ်သူ့ကို ကျေးဇူး ကန်းခဲ့ဖူးလို့လဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"မမတို့နဲ့ မတွေ့ခင်တုန်းက၊ မမတို့လိုပဲ ကျွန်တော့်အပေါ် ကြင်နာကရုဏာ သက်ခဲ့တဲ့ ဦးကြီးနဲ့ အဘွားကြီးကိုပေါ့၊ ခု ကျွန်တော်ဟာ ဘယ်လောက်ပျော်နေရပြီ ဆိုတာကို သူတို့သာ သိရင် သူတို့လည်း ကျေနပ်ဝမ်းသာမိကြမှာပါပဲ"

"အေး ဟုတ်တာပေါ့ကွယ်၊ အေး မစ္စတာ လော့စတန်းက မမကို ကတိပေးထားပြီးပြီ၊ မင်း ခရီးသွားနိုင်လောက်အောင် နေကောင်းလာတဲ့ တစ်နေ့ကျရင်၊ သူတို့ဆီကို သွားတွေ့ဖို့ မင်းကို ခေါ်သွားပေးမယ်"

"အို တကယ်ပဲလား မမ...။ သူတို့ကိုသာ ပြန်တွေ့ရရင်၊ ကျွန်တော် ဝမ်းသာလွန်းလို့ ဘာလုပ်ရမှန်းတောင် သိတော့မှာ မဟုတ်ဘူး" ဟု အိုလီဗာသည် ဝမ်းသာအားရနှင့် မျက်နှာကလေး ဝင်းထိန်လာရာက ပြောလိုက်လေ၏။

မကြာမီမှာပင် အိုလီဗာလည်း ခရီး သွားနိုင်လောက်အောင် အင်အားပြည့်တင်းလာလေရာ၊ တစ်နေ့တွင် မစ္စတာ လော့စတန်းနှင့်အတူ မစ္စက်မေလီပိုင်သော မြင်းရထား တစ်စီးနှင့် ခရီးထွက်ခဲ့ကြလေ၏။

မစ္စတာဘရောင်းလို နေထိုင်သည့်လမ်းကို အိုလီဗာက သိရှိနေလေရာ၊ သူတို့၏ ရထားသည် ထိုလမ်းသို့ တိုက်ရိုက်ကြီး မောင်းသွားနိုင်လေ၏။ ရထားသည် လမ်းထဲသို့ ချိုးဝင်လာမိလျှင် အိုလီဗာ၏ နှလုံးမှာ ပြင်းထန်စွာ ခုန်လာလျက် အသက်ကိုလည်း မှန်မှန် မရှူနိုင်သည်အထိ စိတ်လှုပ်ရှားလာ မိလေတော့၏။

"ကဲ လူကလေး ဘယ်အိမ်လဲကွယ့်" ဟု မစ္စတာ လော့စတန်းက မေး လိုက်လေသည်။

"ဟိုဟာပဲ...ဟိုဟာပဲ" ဟု အိုလီဗာက ပြတင်းပေါက်မှ နေ၍ လက်ညှိုး ညွှန်ပြရင်းက စိတ်အားထက်သန်လှစွာ ပြောလိုက်လေသည်။

"အိမ်ဖြူကြီးဟာပေါ့၊ အို...မြန်မြန် မောင်းပါဗျာ၊ မြန်မြန်မောင်းစမ်းပါ ကျွန်တော့် တစ်ကိုယ်လုံး တုန်နေပါပြီ"

"ကဲ ကဲ လူကလေးကလည်း" ဟု သဘောကောင်းသော ဆရာဝန်ကြီးက အိုလီဗာ၏ ပခုံးကို ပုတ်ရင်းက ပြောလိုက်လေသည်။ "တို့ သူတို့ကို တွေ့ရတော့မှာပဲကွယ်၊ သူတို့လည်း မင်းကို ကောင်းကောင်း[illegible] ပြန်နေ တာကို တွေ့ရရင် သိပ် ဝမ်းသာကြမှာပဲကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



"အို…ကျွန်တော်လည်း ဒီလိုပဲ မျှော်လင့်တာပဲ၊ သူတို့ဟာ ကျွန်တော့် အပေါ် သိပ်ကောင်းခဲ့ကြတယ်"

သို့ရာတွင် အိမ်ဖြူကြီးရှေ့သို့ ရထား ဆိုက်မိသည့် အခါတွင်ကား ပြတင်းပေါက်တွင် ဆိုင်းဘုတ်တစ်ချပ် ဆွဲထားသည်ကို တွေ့ကြရလေသည်။

## "ငှားရန်"

"ဟော့ ဟိုဘက်အိမ်က တံခါးကို ခေါက်လိုက်စမ်း" ဟု မစ္စတာ လော့စတန်းက အိုလီဗာ၏ လက်တစ်ဖက်ကို ဆွဲပြီး ရထားပေါ်မှ ဆင်းရင်းက မြင်းရထား မောင်းသူကို နိုင်းလိုက်လေ၏။

"ဟိုဘက်အိမ်မှာ နေသွားတဲ့ မစ္စတာ ဘရောင်းလို အခု ဘယ်မှာ နေတယ်ဆိုတာ သိသလား"

အစေခံမကလေးသည် သူ့သခင်ထံ သွားရောက် မေးမြန်းပြီးနောက်မှ မစ္စတာဘရောင်းလိုသည် လွန်ခဲ့သော တစ်လခွဲ ကျော်ကျော်လောက်က သူ၏ ရှိသမျှ ပစ္စည်းများကို ရောင်းချကာ အနောက် အင်ဒီး(စ်) ကျွန်းစုသို့ ထွက်ခွာသွားပြီ ဖြစ်ကြောင်း ပြောပြလေ၏။

"နို့ သူ့အိမ်ကို အုပ်ထိန်းရတဲ့ မိန်းမကြီးကော"

"သူပါ ပါသွားတယ်ဦး၊ မစ္စတာ ဘရောင်းလိုရယ်၊ အိမ်ထောင် ထိန်းသိမ်းတဲ့ မိန်းမကြီးရယ်…။ နောက်ပြီး မစ္စတာ ဘရောင်းလိုရဲ့ မိတ်ဆွေ တစ်ယောက်ရယ် သူတို့ တူတူ ထွက်သွားကြတာပဲ"

"ကဲ… ဒီလိုဆိုရင် အိမ်ကိုသာ ချက်ချင်း ပြန်မောင်းပေတော့" ဟု မစ္စတာ လော့စတန်းက မြင်းရထား မောင်းသမားကို စိတ်ပျက်စွာ လှမ်း၍ အမိန့် ပေးလိုက်လေသည်။ "ဒီ အသုံးမကျတဲ့ မြို့ထဲက အမြန်ဆုံး ထွက်သွားကြပါ"

"စာအုပ်ဆိုင်ရှင် ကျန်ပါသေးတယ်ဦး၊ သူ့ဆီ သွားရတဲ့ လမ်းကို ကျွန်တော် သိပါတယ်" ဟု အိုလီဗာက ဝင်ပြောလိုက်လေသည်။ "သူ့ကို သွားတွေ့ကြရအောင် ဦးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်။ သူ့ကို သွား တွေ့ကြရအောင်…"

www.burmeseclassic.com

www.burmeseclassic.com



"လူကလေးအတွက် ဒီကနေ့အတွက် ဒီ စိတ်ပျက်မှုနဲ့ပဲ လုံလောက်ပါပြီကွယ်။ စာအုပ် ဆိုင်ရှင်ဆီကို ရောက်သွားပြန်ရင် သူဟာ သေသွားပြီ၊ ဆိုင်ကို မီးရှို့သွားပြီ၊ ဒါမှမဟုတ် ထွက်ပြေးသွားပြီ ဆိုတာ တစ်ခုခု တွေ့ရမှာပဲ၊ ဒီတော့ အိမ်ကိုသာ တန်းပြန်ကြပါစို့ကွယ်"

ယင်းသို့သော ပြင်းထန်လှသည့် စိတ်ပျက်မှုသည် အိုလီဗာအား သူ ခံစားနေရသည့် ပျော်ရွှင်မှု သုခအလယ်၌ပင် အတော်ကလေး စိတ် မချမ်းသာ ဝမ်းနည်း ဆွေးမြည့်ခြင်း ဖြစ်လေ၏။ အဘယ်ကြောင့်ဆိုသော် သူ့အပေါ် ကြင်နာသနား စေတနာတွေ ထားခဲ့သည့် မစ္စတာ ဘရောင်းလိုနှင့် မစ္စက်ဘက်ဒဝင်တို့ကို ပြန်တွေ့ရသည့် အခါတွင် ၎င်းတို့နှင့် မိမိ ခွဲခွာနေသည့် အချိန်တွင် မိမိ အဘယ်မျှလောက် စိတ်ဆင်းရဲခဲ့ရပြီး မိမိအပေါ် ထင်ရှားစွာ ပြသခဲ့သည့် ၎င်းတို့ နှစ်ယောက်၏ ကရုဏာ မေတ္တာနှင့် ကြင်နာစိတ်တွေကိုသာ တသသ သတိရနေ မိခဲ့ကြောင်းတွေကို အားရပါးရကြီး ပြန်လည်ပြောပြမည်ဟု အားခဲထားမိခဲ့ရာ၏။ ထို့အပြင်လည်း သူသည် ဒုက္ခဆင်းရဲ အမျိုးမျိုးကို ခံစားနေရစဉ်က မိမိအပေါ် အထင်လွဲနေသမျှ တို့ကို မစ္စတာဘရောင်းလိုတို့အား တစ်နေ့တွင် ရှင်းလင်းပြနိုင်လိမ့်မည်။ ၎င်းတို့ကို မိမိ ဘယ်လိုဘယ်ပုံ ခွဲခွာခဲ့ရသည် ဆိုသည့် အကြောင်းကို ရှင်းပြနိုင်မည်ဟုလည်း မျှော်လင့်ချက်ကလေးက သူ့ကို အားပေးခဲ့လေရာ ယခုတော့ ထို မျှော်လင့်ချက်မှာ ပြည့်စုံနိုင်တော့မည် မဟုတ်။ မစ္စတာ ဘရောင်းလိုတို့သည် သူသေသည်အထိ သူ့ကို သူခိုးလူဆိုး ကျေးဇူးကန်းတဲ့ ကောင်ကလေးဟု ထင်သွားကြတော့မှာပဲ ဟူသည့် အတွေးမှာ သူ့စိတ်ကို မခံမရပ်နိုင်လောက်အောင်ပင် ညှဉ်းဆဲနေလေတော့၏။

သို့တစေလည်း ယခု သူတွေ့နေရသည့် မိတ်ဆွေသစ် များမှာကား သူ့ အပေါ်တွင် ကောင်းလှတော့လေသည်။ ရက်, သီတင်းနှစ်ပတ်လောက် ကုန်လွန်ခဲ့ပြီး သစ်ပင် ပန်းပင်တိုင်းမှာ ရွက်သစ်လဲစ ပွင့်ဖူးစ ပြုလာသည့် အချိန်တွင် သူတို့သည် ချတ်စီရှာ အိမ်ကြီးမှ လပေါင်း အတော်ကြာ ခွဲခွာပြီး တောနယ်မှ ရွာကလေး တစ်ရွာတွင် သွားရောက် နေထိုင်ကြရန် [illegible] ကိုပါ ခေါ်ဆောင်လျက် ထွက်ခဲ့လေ၏။ အိမ်စောင့် အဖြစ်နှင့်ကား [illegible] ဂိုင်းလစ်နှင့် အခြား အစေခံ တစ်ယောက်ကို ထားပစ်ခဲ့ကြလေ၏ [illegible] ဖေဂင်၏ တပ်မက်မှုစိတ်ကို ဆွခဲ့သည့် အိမ်တွင်းရှိ [illegible]

www.burmeseclassic.com



ပစ္စည်းများ ကိုလည်း မြို့ပေါ်မှ ဘဏ်တိုက်တွင် ပြောင်းရွှေ့ အပ်နှံထားခဲ့ကြလေ၏။

သူတို့ ပြောင်းရွှေ့ နေထိုင်သည့် အရပ်ကလေးကား ပကတိ သာယာကြည်နူးဖွယ် ကောင်းလှဘိတော့သည်။ အမြဲတစေ ရန်ဖြစ် ဆဲဆိုသံ ကျွက်စီကျွက်စီနှင့် ရှိနေသော ညစ်ပတ် စုတ်ချာလှသည့် လူတွေအကြား၌သာ နေထိုင်ခဲ့ရသော အိုလီဗာအတွက်ကား ဘဝသစ် တစ်ခုသို့ ကူးပြောင်းရောက်လာရသည်ဟု ထင်မှတ်ရလေတော့၏။ နှင်းဆီနှင့် ပျားရည်စုပ်, ပန်းပင်များသည် သူတို့ အိမ်ကလေး၏ နံရံများတွင် တွယ်ကပ် ပေါက်ရောက်လျက်ရှိကြကာ ဥယျာဉ်ထဲမှ ပန်းရနံ့ သင်းပျံ့ပျံ့တွေမှာလည်း လေထုကို မွှေးရနံ့ကြိုင်နေစေလေသည်။ မနီးမဝေး၌ကား ဘုရားရှိခိုး ကျောင်းဝင်းကလေး တစ်ခု ရှိလေသည်။ ထိုကျောင်းဝင်းကလေး အတွင်း၌ကား၊ အရုပ်ဆိုးသည့် အုတ်ဂူ သင်္ချိုင်းတွေနှင့် ပြည့်ကျပ်၍ မနေဘဲ၊ နိမ့်ကျ ရိုးသားသည့် မြက်ပင်ကလေးတွေ စိမ်းစိမ်းလန်းလန်း ဖုံးလွှမ်းထားသည့် မြေကလေးသာ ရှိလေ၏။ ထို မြေပုံကလေးတွေကား ရွာကလေးထဲမှ ဘဝ ကူးပြောင်းသွားကြရပြီဖြစ်သော လူများ၏ အနားယူရာပင် ဖြစ်လေတော့ သည်။ ထိုနေရာသို့ အိုလီဗာသည် မကြာမကြာ ဆိုသလို ရောက်သွားတတ်ကာ သူ့မိခင်ကို မြှုပ်နှံခဲ့သည့် အလွန်တစ်ရာမှ နိမ့်ကျလှသော မြေပုံကလေးကို သတိရမိပြီး ဝမ်းနည်း ကြေကွဲလှစွာ ငိုကြွေးမိလေသည်။ သို့ရာတွင် ကောင်းကင်ဆီသို့ မော်ကြည့်မိသည့် အခါတွင်ကား၊ အိုလီဗာသည် သူ့ မိခင်ကို မြေကြီးထဲတွင် ရှိနေသည် ဟူ၍ မအောက်မေ့တော့ဘဲ၊ ဝမ်းနည်းစွာ ငိုကြွေးမိပြန်သည့်တိုင် ကြေကွဲ နာကြည်းစိတ်ကား ပျောက်သွားရတတ်လေ၏။

အမှန်တော့ ထိုအချိန်ကလေးကား အိုလီဗာအတွက် ပကတိ ပျော်မွေ့ဖွယ်ရာ ကောင်းလှတော့လေသည်။ နေ့များကား...ပကတိ ငြိမ်သက် ကြည်နူးဖွယ်ရာ ကောင်းလှကာ၊ ညများမှာလည်း သူတို့နှင့်အတူ ကြောက်ရွံ့စိတ် ထွေးခနင်တိုကို ယူဆောင်မလာကြဘဲ၊ ပျော်ရွှင်ဖွယ် နှစ်သိမ့်ဖွယ် ကောင်းလှသည့် အတွေးတွေကိုသာ ခေါ်ဆောင် လာတတ်ကြလေ၏။ အိုလီဗာသည် နံနက်တိုင်းပင် ဘုရားရှိခိုး ကျောင်းအနီးတွင်နေသည့် ဆံပင်ဖြူနှင့် လူကြီးတစ်ယောက်ထံသို့ သွားရလေသည်။ ထိုလူကြီးသည် သူ့အား စာကို ဖတ်တတ်အောင် သင်ပေးသည်သာမက၊ အရေးအသား ကျွမ်းကျင်စေရန်လည်း စိတ်ရှည်လက်ရှည်နှင့် ကြင်နာစွာ ပြသ သင်ကြားပေးလေရာ၊ အိုလီဗာအဖို့

www.burmeseclassic.com



စာသင်ကြားရသည်မှာ ပကတိ ပျော်စရာ ကောင်းနေလေတော့သည်။ စာသင်ကြားဖို့ အချိန် ကုန်လွန်ခဲ့သည့် နောက်၌ကား၊ မစ္စက် မေလီ ရိုစီ တို့နှင့် အတူ လမ်းလျှောက်ထွက်ကြကာ သူတို့ အချင်းချင်း စာအုပ်တွေအကြောင်း ပြောဆိုဆွေးနွေးကြသည်ကို နားထောင်တတ်လေသည်။ တစ်ခါတစ်ရံတွင်လည်း အရိပ် ကောင်းကောင်းနေရာများတွင် ထိုင်ကြကာ ရိုစီက စာအုပ်တစ်အုပ် ဖတ်ပြသည်ကို ညနေ မိုးချုပ်သွားသည်အထိ နားထောင်တတ်ကြလေသည်။ မိုးချုပ်သွားလျှင်ကား နောက်တစ်နေ့တွင် သင်အံ့ရမည့် စာများ သင်ခန်းစာများကို ပြင်ဆင်ကာ၊ သင်ကြားခဲ့ရသမျှသော စာတွေကိုလည်း ကျက်မှတ်ရလေ၏။ စာကျက်ပြီးလျှင်ကား မစ္စက် မေလီ ရိုစီတို့နှင့်အတူ လမ်းလျှောက် ထွက်ကြပြန်လေသည်။ ထိုအခါများတွင် မစ္စက်မေလီက လည်းကောင်း၊ ရိုစီက လည်းကောင်း၊ ပန်းတစ်ပွင့်ပွင့်ကို လိုချင်သည်ဟု ပြောလိုက်လျှင်၊ အိုလီဗာသည် ကျေနပ်အားရစွာနှင့် ခူးပေးတတ်ပြီး သူတို့က တစ်စုံတစ်ရာကို အိမ်တွင် မေ့ကျန်ရစ်ခဲ့သည် ဆိုလျှင်လည်း၊ သွက်လက်ပေါ့ပါးစွာပင် ပြန်ပြေး၍ ယူငင်ပေးတတ် လေ၏။ အတော်ကြီး မှောင်သွားသည့် အခါတွင်ကား၊ သူတို့သည် အိမ်သို့ ပြန်လာကြကာ ရိုစီက သီချင်းဆိုလျှင်လည်းဆို သို့မဟုတ် စန္ဒရား တီးပြတတ်လေသည်။ တနင်္ဂနွေနေ့များတွင် ဆိုလျှင်ကား သူတို့ အားလုံးပင် အနီးမှ ဘုရားရှိခိုး ကျောင်းဆီသို့ ဘုရားဝတ်ပြု တတ်ကြလေ၏။

အိုလီဗာ လုပ်ရသော အလုပ်များမှာကား မည်မည်ရရ မရှိလှ၊ ပတ်ဝန်းကျင် ပန်းတော ချုံတောများဆီသို့ သွားကာ၊ ပန်းများ သစ်သီးဝလံများ ခူးခြင်း၊ မစ္စက်မေလီ၏ ခြံထဲတွင် ခြံစိုက် သမားကြီးအား ကူညီရခြင်း အစရှိသည့် အိုလီဗာအတွက် ကျေနပ်ဖွယ်ရာ ကောင်းသော အလုပ်များသာလျှင် ဖြစ်လေ၏။

သို့နှင့် သုံးလမျှသောအချိန်သည် တရွေ့ရွေ့ ကုန်လွန်ခဲ့ရလေ၏။ ထို သုံးလမျှသော အချိန်ကလေးကား ဆင်းရဲဒုက္ခ အမျိုးမျိုးတို့ကိုသာ မွေးကတည်းက ထပ်တလဲလဲ ခံစားရသော အိုလီဗာအတွက် ပကတိ ပျော်ရွှင်မှု သုခနှင့် အတိပြီးသည့် အချိန်ကလေး ဖြစ်ခဲ့ရလေ၏။ မစ္စက်မေလီနှင့် ရိုစီတို့မှာလည်း အိုလီဗာ့ အပေါ်တွင် ပကတိ စေတနာ ဖြူစင်လှပြီး၊ ရင်းရင်းသားသား ချစ်ခင်ယုယ ပြုစုစောင့်ရှောက်ကြသလို၊ အိုလီဗာသည်လည်း ၎င်းတို့ကို နှစ်နှစ်ကာကာကြီး ပြန်လည် ခင်တွယ်လာမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ပင် နွေဦးရာသီသည် ကုန်လွန်ခဲ့ကာ၊ နွေရာသီဘက်သို့ ကူးပြောင်း လာခဲ့ရလေ၏။ မစ္စက် မေလီတို့၏ အိမ်ကလေးကား၊ ပကတိ သာယာ ငြိမ်သက်လှသလောက် ပျော်မြူးစရာ ကောင်းလှသော ဘဝ၌ပင် ရှိနေသေး၏။ အိုလီဗာကား ထိုအချိန်၌ ဝဖြိုး သန်စွမ်းသော လူငယ်ကလေး တစ်ယောက် ဖြစ်နေရလေပြီ။ သို့ရာတွင် ကျန်းမာခြင်းသည် လည်းကောင်း၊ ဖျားနာခြင်းသည် လည်းကောင်း၊ အိုလီဗာ၏ စိတ်ဓာတ်ကို ဘယ်လိုမှ ပြောင်းလဲစေခြင်း မရှိပေ။ အိုလီဗာကား အမြဲတစေ သူတစ်ပါးကို ခင်တွယ် မြတ်နိုးတတ်သည့် ကလေးတစ်ယောက်ပင် ဖြစ်လေ၏။

လှပသာယာသည့် ညတစ်ညတွင်ကား၊ သူတို့ သုံးယောက်သည် ထုံးစံအတိုင်း လမ်းလျှောက်ထွက်ကြပြီး ပြန်လာသည့်အခါတွင် ရိုစီမှာ ကောက်ရသလို ဖျားတော့လေသည်။ မစ္စက်မေလီလည်း ရိုစီအား အခန်းထဲ တွင် သွားရောက် အိပ်နေစေလေ၏။ သူမအား အခန်းထဲသို့ လိုက်ပို့ပြီး ပြန်လာသည့် အခါ၌ အိုလီဗာက ရိုစီ့ အခြေအနေကို စိတ်ပူစွာ ဆီးမေးမိ လေသည်။

"သိပ်ပြီး စိုးရိမ်စရာ မရှိပါဘူးလို့ ကျွန်တော်တော့ မျှော်လင့်မိတာပဲ ဒေါ်ဒေါ်၊ ဒီညတော့ မမကို ကြည့်ရတာ သိပ်ပြီး နေကောင်းပုံမရဘူး။ ဒါပေမဲ့..."

မစ္စက်မေလီလည်း အိုလီဗာအား စကား မပြောရန် လက်ရိပ်ပြလိုက် ပြီးနောက်၊ မှောင်ရိပ်ကျသော အခန်းထောင့်တစ်ထောင့်တွင် သွားထိုင်လိုက် လေသည်။ အတော်ကြာအောင် တိတ်ဆိတ်နေပြီး၊ နောက်မှ တုန်ယင်သော အသံ ဖြင့်...

"ဒေါ်ဒေါ်လည်း ရိုစီ သိပ်ပြီး နေမကောင်း မဖြစ်ပါစေနဲ့လို့ မျှော်လင့် မိတာပဲ အိုလီဗာ၊ ဒေါ်ဒေါ်ဖြင့် သူနဲ့ အတူတူ နေခဲ့ရတဲ့အချိန်တွေမှာ သိပ် ပျော်ခဲ့တာပဲ။ အေး ပျော်လွန်းလို့ပဲ ထင်ပါရဲ့၊ ခုတော့ စိတ်ဒုက္ခ ရောက်စရာ အချိန် ရောက်လာပြီလား မဆိုနိုင်ဘူး၊ ဒါပေမဲ့ ဒီလို မဖြစ်ပါစေနဲ့လို့ ဒေါ်ဒေါ် မျှော်လင့်မိပါတယ်ကွယ်"

"ဘယ်လို စိတ်ဒုက္ခ ရောက်ရမှာလဲ ဒေါ်ဒေါ်"

"အချိန် အတော်ကြာမြင့်စွာ ဒေါ်ဒေါ်ရဲ့ ပျော်ရွှင်မှု ဒေါ်ဒေါ်ရဲ့ ကျေနပ်မှု ဖြစ်ခဲ့တဲ့ ရိုစီကို ဆုံးရှုံးရမယ့် ဒဏ်ချက်ကို ပြောတာပါ"

"အို... ဘုရားသခင်က ဒီလို မဖြစ်ရအောင် တားပါစေ"

"အို မင်း ပြောတဲ့အတိုင်း ဖြစ်နိုင်ပါစေကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့အတွက် စိတ်ပူ စိုးရိမ်စရာ ကောင်းလှသော ညသည် ကုန်လွန်ခဲ့ရလေ၏။ နံနက် မိုးလင်းသည့် အခါတွင်ကား မစ္စက်မေလီ ညက နိမိတ်ဖတ်သည်တို့မှာ မှန်ကန်လာရလေသည်။ ရိုစီကား စိုးရိမ်ဖွယ်ရာ ကောင်းလှအောင်ပင် အဖျား ကြီးလာလေ၏။

"ငါတို့ဟာ ဘာမှ အရာမရောက်ဘဲ ထိုင် ဝမ်းနည်းနေမယ့်အစားအသုံးဝင်အောင် ကြိုးစားရမယ် အိုလီဗာ၊ ကဲ...ဟောဒီစာကို မစ္စတာလော့စတန်းဆီ အမြန်ဆုံး ရောက်အောင် ပို့ပေးရလိမ့်မယ်။ ဒီစာကို လယ်ကွင်းတွေထဲက ဖြတ်သွားရင် ဒီနေရာက ၄–မိုင်လောက် ဝေးတဲ့ ဈေးမြို့ကလေးဆီ ယူသွားရလိမ့်မယ်၊ အဲဒီကမှ တစ်ဆင့် အမြန်စာပို့သမား တစ်ယောက်ယောက်ကို မြင်းနဲ့ မစ္စတာလော့စတန်းဆီ စာကို အပို့လွှတ်ရမယ်။ အဲဒီ မြို့ကလေးမှာရှိတဲ့ ထမင်းဆိုင်က လူတွေက စာပို့ သမားလွှတ်ဖို့ ကိစ္စကို စီမံပေးကြလိမ့်မယ်၊ ဒီတော့ အဲဒီ ထမင်းဆိုင်အရောက် ဒီစာကို ပို့ပေးနော်..." အိုလီဗာ စကားပြန်၍ပင် မဖြေနိုင်တော့၊ ချက်ချင်းပင် ထွက်သွားဖို့ စိတ်လောကြီးနေမိတော့၏။

"ဟောဒီမှာ စာတစ်စောင် ကျန်သေးတယ်၊ ဒါပေမဲ့ ဒီစာကို ခုပဲ ပို့လိုက်ရမလား။ ဒါမှမဟုတ် ရိုစီ ဘယ်လို နေမယ်ဆိုတာကို စောင့်နေဦးမလား ဆိုတာကို ဒေါ်ဒေါ်ဖြင့် မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ မျှော်လင့်ချက်မရှိအောင် အခြေအနေ ဆိုးဝါးလာမှပဲ ဒီစာကို ပို့လိုက်ပါတော့မယ်လေ"

"ဒီစာက ချာတ်စီကိုပဲ သွားမှာလားဒေါ်ဒေါ်"

"မဟုတ်ဘူးကွယ့်..." ဟု မစ္စက်မေလီသည် စာကို အိုလီဗာ၏ လက်ထဲ သို့ သတိမေ့လျော့စွာ ထည့်ရင်းက ပြန်ဖြေလိုက်လေသည်။ စာအိတ်ပေါ်တွင် အိုလီဗာ မဖတ်တတ်သည့် နေရပ်တစ်ခု တွင်နေသည့် မှူးမတ်ကြီး တစ်ယောက်အိမ်မှ မစ္စတာဟယ်ရီမေလီထံသို့ လိပ်တတ် ထားသည်ကို တွေ့ရလေ၏။

"ဒီစာကိုပါ ပေးလိုက်ရမှာလား ဒေါ်ဒေါ်"

"ပေးဖို့ မသင့်သေးဘူး ထင်တယ်" ဟု မစ္စက်မေလီက ပြောကာ စာကို ပြန်ယူထားလိုက်လေ၏။ "မနက်ဖြန်အထိ စောင့်နေဦးမယ်လေ"

မစ္စက်မေလီသည် ပြောပြောဆိုဆို သူမ၏ ပိုက်ဆံအိတ်ကို အိုလီဗာအား ပေးလိုက်လေရာ၊ အိုလီဗာလည်း ဆိုင်းတွ၍ မနေတော့ဘဲ ချက်ချင်း ထွက်ခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



အိုလီဗာသည် လယ်ကွင်းတွေကို ဖြတ်ကာ တစ်လမ်းလုံး ပြေးခဲ့လေသည်။ တစ်ခါတစ်ရံမှသာ အသက်ရှူ မှန်လာစေရန်၊ ခေတ္တရပ်နားပြီး ဆက်လက်၍ ပြေးခဲ့လေ၏။ နောက်ဆုံးတော့ တစ်ကိုယ်လုံး ဖုန်တွေပေကာ အိုလီဗာသည် ဈေးမြို့ကလေးသို့ ရောက်လာတော့လေသည်။ မစ္စက်မေလီ ပြောလိုက်သည့် ထမင်းဆိုင်ကိုလည်း အလွယ်တကူ ရှာဖွေတွေ့ရှိ ရလေရာ အိုလီဗာလည်း ဆိုင်ရှင်နှင့် တွေ့ဆုံပြီးနောက်၊ စာကို ချတ်စီမြို့ရှိ မစ္စတာလော့စတန်းထံသို့ စာပို့သမား တစ်ယောက်အား မြင်းနှင့် အမြန်သွားပို့ခိုင်းလိုက်လေ၏။

စာပို့သမားသည် မြို့ထဲမှ မြင်းကို ဒုန်းစိုင်းစီးကာ ထွက်သွားတော့မှ အိုလီဗာလည်း အကူအညီ သေချာကျနစွာ ခေါ်ငင်လိုက်ရပြီ ဖြစ်ရကား၊ စိတ် သက်သာရာ ရသွားတော့ကာ အနည်းငယ် ပေါ့ပါးသော စိတ်နှလုံးနှင့် ဆိုင်တွင်းမှ ပြေးထွက်ခဲ့လေသည်။ ဆိုင် ဝင်းတံခါးဝမှ အထွက် အိုလီဗာသည် ဝတ်ရုံကြီးကို ကိုယ်တွင် ရစ်ပတ်ထားသော အရပ်ရှည်ရှည် လူတစ်ယောက်နှင့် ဝင်တိုးမိလေ၏။

“အလို ဒါ ဘာပါလိမ့်ဟု” ထိုသူသည် အိုလီဗာအား စိုက်ကြည့်ရာက ရုတ်တရက် နောက်သို့ ဆုတ်လိုက်ကာ ရေရွတ်လိုက်လေသည်။

“ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် အိမ်ပြန်ချင်တာနဲ့ ခင်ဗျားကို မမြင်မိဘူး”

ထိုလူကြီးကား နက်မှောင်သော မျက်လုံးကြီးများနှင့် အိုလီဗာအား ပြူးကြောင်ကြောင် စိုက်ကြည့်ပြီးနောက်...

“မရဏာရှင် သေမင်း ကြည့်စမ်းပါဦး၊ သူဟာ ခေါင်းထဲက ထလာပြီး ငါ့လမ်းမှာ ဝင်ရှုပ်နေပြန်ပြီ”

“ကျွန်တော် ဝမ်းနည်းပါတယ် ခင်ဗျာ” ဟု အိုလီဗာသည် ထိုလူကြီး၏ ဝိတ် ချောက်ချားဖွယ်ရာ အကြည့်များကြောင့် စိတ်ရှုပ်ထွေးလာရာက တောင်းပန်လိုက်ပြန်လေသည်။ “ခိုက်မိသွားသေးသလား”

“မင်း အရိုးတွေ ဆွေးမြည့် ကုန်ပါစေ” ဟု ကြောက်ရွံ့စရာ ကောင်းလှသော ဒေါသနှင့် ထိုလူကြီးသည် ရေရွတ်လိုက်ပြန်လေသည်။ “အကယ်လို့ ငါဟာ စကားတစ်ခွန်းကို ပြောဖို့ သတ္တိရှိခဲ့လို့ ရှိရင်၊ တစ်ညအတွင်းမှာ မင်း အနှောင့်အယှက်က ငါ ကင်းလွတ်နေပြီ။ မင်းခေါင်းပေါ် ကျိန်စာ အမျိုးမျိုး ကျပါစေ၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ-ဟင်”

www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် ထို စကားများကို မပီမသ ဒလဟော ရေရွတ်ရင်းက အိုလီဗာအား လက်သီး ဆုပ်ပြလိုက်လေသည်။ ပြီးနောက် အိုလီဗာအား ထိုးကြိတ်ရန်အတွက် ရှေ့သို့ ခြေလှမ်းတစ်လှမ်း တိုးလာရာက၊ ရုတ်တရက် မြေကြီးပေါ်သို့ ဘုန်းခနဲ လဲကျသွားကာ၊ ပါးစပ်မှ အမြှုပ် တစီစီ ထွက်ရင်းက တက်နေလေ၏။

အိုလီဗာကား၊ ထို အရူးကြီးအား (အိုလီဗာသည် ထိုလူကြီးအား အရူးလို့ ထင်မိသည်) ခေတ္တမျှ ငေးကြည့်နေပြီး နောက်မှ အကူအညီ ခေါ်ရန် အတွက် ဆိုင်တွင်းသို့ ပြေးဝင်ခဲ့ရလေသည်။ ထို အရူးကြီးကို ဆိုင်တွင်းသို့ သယ်ယူသွားကြတော့မှပင် အိုလီဗာလည်း အိမ်သို့ အမြန်ဆုံး ပြန်ခဲ့ရာက ထို လူကြီး၏ ထူးခြားသော စကားများနှင့် ပြုမူပုံကို အကြီးအကျယ် အံ့အားလည်းသင့် ကြောက်လည်း ကြောက်ရွံ့စွာနှင့် ပြန်စဉ်းစား လာမိလေ၏။

သို့ရာတွင် ထို လူကြီးအကြောင်းမှာ သူ့ စိတ်ထဲတွင် ကြာကြာကြီး ကျက်စား၍ မနေနိုင်ပေ။ အကြောင်းမူကား၊ အိမ်ကလေးသို့ ပြန်ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကိုယ့် အကြောင်းနှင့် ပတ်သက်သော အတွေးတွေကို လုံးဝ မောင်းထုတ်လိုက်သည့် သူ့စိတ်ကို အလုပ်ရှုပ်စရာ လုံလုံလောက်လောက်ကို တွေ့ရှိရသောကြောင့် ဖြစ်လေ၏။

ရိုစီ၏ အခြေအနေကား လျင်မြန်စွာ ဆိုးဝါးလာခဲ့၏။ ည သန်းခေါင်သို့ ရောက်သည့်အခါတွင် သူမမှာ ကယောင်ချောက်ချား ဖြစ်နေရှာလေပြီ။ ထိုအရပ်မှ ဆေးဆရာ တစ်ယောက်သည် သူမအပါးမှ တစ်ဖဝါးမခွာဘဲ ပြုစု ကုသနေ၏။ ထို ဆေးဆရာသည် သူမကိုသာ ကြည့်ပြီးသည့်နောက် မစ္စက်မေလီအား ဘေးသို့ ခေါ်ကာ သူမ၏ ရောဂါမှာ စိုးရိမ်စရာ အကောင်းဆုံး ရောဂါ ဖြစ်သည်ကို ထုတ်ဖော် ပြောဆိုခဲ့၏။

"သူ ဒီရောဂါကို ကျော်လွန်နိုင်မယ်ဆိုရင် ဘုရားသခင်ရဲ့ စွမ်းဆောင်မှုသာ ဖြစ်မှာပဲ"

နံနက်သို့ ရောက်လာ၏။ အိမ်ကလေးကား ပကတိ ငြိမ်သက် တိတ်ဆိတ် နေလေသည်။ လူများသည် လေသံကလေး များနှင့်သာ စကား ပြောကြ၏။ ဝင်းဝသို့လည်း စိုးရိမ်ပူပန်သော မျက်နှာထားများနှင့် [illegible] ရောက်လာကြ၏။ မိန်းမနှင့် ကလေးများသည် မျက်ရည်များနှင့် အိမ်ကလေး မှ ပြန်သွားတတ်ကြ၏။ တစ်သက်တမျှ ကြာမြင့်လှသော ထိုနေ့ [illegible] နှင့် မှောင်သွားပြီး၍ နာရီပေါင်း အတော်ကြာအောင်ပင် အိုလီဗာသည်

www.burmeseclassic.com



ပန်းခြံထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းက မကြာခဏ ဆိုသလို ရှိစီ၏ လှမမာ ခန်းဆီသို့ မော်ကြည့်နေခဲ့လေသည်။ မှောင်နေသော ပြတင်းပေါက်ကို တွေ့လိုက်ရတိုင်း အခန်းထဲတွင် မရဏာရှင် သေမင်း ရောက်နေပြီဖြစ်သကဲ့သို့ အိုလီဗာသည် ကြက်သီးများ ထသွားတတ်လေ၏။ ညဦးအတော်နက်သွားသည့် အချိန်၌ကား မစ္စတာလော့စတန်း ရောက်လာလေသည်။

"ပြောရမှာ သိပ် ခဲယဉ်းတာပဲ ဒါလောက် ငယ်ရွယ်ပြီး ဒါလောက် လူချစ်လူခင် ပေါများလှတာ။ ဒါပေမဲ့ သူ့အတွက် သိပ်ပြီး မျှော်လင့်ချက် မရှိတော့ဘူး" ဟု မစ္စတာလော့စတန်းကလည်း မျက်နှာကို တစ်ဖက်သို့ လှည့်ကာ လက်လျှော့စကား ပြောလိုက်လေသည်။

နောက်တစ်နေ့ နံနက်နေသည် မည်သည့် စိတ်ဒုက္ခ၊ မည်သည့် စိတ်သောကကိုမှ ဂရုမစိုက်သည့်အလား၊ တောက်ပထွန်းလင်းလျက် ရှိနေလေသည်။ အသက်ရှင်ခြင်း၏ အရိပ် နိမိတ်များ အဖြစ်နှင့် ပွင့်ဖူးနေသော ပန်းများ၊ ပျော်ရွှင်ဖွယ်ကောင်းသည့် အသံဗလံများ ဝိုင်းရံနေသည့် ကြားထဲကပင် နုပျိုလှသော တစ်ယောက်မှာတော့ လျင်မြန်စွာ ဆုတ်ယုတ်ခန်းခြောက် နေလေသည်။ အိုလီဗာသည် ဘုရားရှိခိုး ကျောင်းဝင်းထဲသို့ သွားရောက်ကာ စိမ်းလန်းသော မြေပုံကလေး တစ်ခုပေါ်တွင် ထိုင်လျက် ငိုကြွေးမိရင်းက သူမအတွက် ဆုတောင်းနေမိလေသည်။

သူ အိမ်သို့ ပြန်ရောက်လာသည့် အခါတွင်ကား...မစ္စက်မေလီသည် ဧည့်ခန်းထဲ၌ ထိုင်လျက် ရှိနေလေသည်။ သူမကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် အိုလီဗာသည် ရင် အလေးကြီး လေးသွားမိလေသည်။ အကြောင်းမူကား မစ္စက်မေလီသည် သူမ၏ တူမ အနားမှ တစ်ဖဝါးမှပင် မခွာခဲ့၊ ယခုမူ ဘယ်အကြောင်းအရာသည် သူမကို သူမ၏တူမ အပါးမှ မောင်းထုတ်လိုက်ပြီနည်း...ဟု အိုလီဗာသည် မတွေးရဲအောင် ဖြစ်လာမိလေသည်။ ရှိစီကား အိပ်ပျော်ရာမှ နိုးလာခြင်းသည် သူမအတွက် ရောဂါမှ သက်သာရာ ရပြီး အသက်ရှင်ခြင်း ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် သူတို့ကို နောက်ဆုံး နှုတ်ဆက်ပြီး သေရခြင်း ဖြစ်ချင်ဖြစ်မည်ဟု မစ္စက်မေလီက အိုလီဗာအား ပြောပြလေ၏။

သူသည် နာရီပေါင်း မြောက်မြားစွာပင် စကားပြောချင်စိတ် မရှိကြဘဲ တိတ်ဆိတ်စွာပင် ထိုင်စောင့်နေကြလေသည်။ သူတို့အတွက် လာပို့သည့်

www.burmeseclassic.com

www.burmeseclassic.com



အစား အစာများကိုလည်း နေရာမယွင်းဘဲ ပြန်ယူသွားကြရ၏။ နေဝန်းသည် ရောင်မျိုးစုံ ကွန့်မြူးလျက် အနောက်ဘက်ဆီသို့ တဖြည်းဖြည်း နိမ့်ကျသွားသည်ကို သူတို့၏ အတွေးများမှာ တခြား နေရာသို့ ရောက်နေကြောင်းကို ဖော်ပြနေသည့် အမူအရာဖြင့် ကြည့်နေကြ၏။ သူတို့၏ အကင်းပါးလှသော နားများသည် ခြေသံ တစ်ခုကို ကြားလိုက်ကြရ၏။ သူတို့သည် ချက်ချင်းပင် တံခါးပေါက်ဆီသို့ လှည့်ကြည့်လိုက်ကြစဉ် မစ္စတာလော့စဘန်း အခန်းထဲသို့ ဝင်လာလေ၏။

"ရိုစီ ဘယ့်နှယ် နေသေးသလဲ" ဟု မစ္စက်မေလီက ဆီး၍ မေးလိုက်လေသည်။ "ပြောပါရှင်၊ ချက်ချင်းပဲ ပြောလိုက်ပါ။ တထိတ်ထိတ် ဖြစ်နေရတာထက်တော့ ချက်ချင်းပဲ သိပါရစေတော့"

"စိတ်ကို ချုပ်တည်းပါဗျာ" ဟု မစ္စတာလော့စဘန်းက သူမကို ဖေးမ, ထားရင်းက ပြောလိုက်လေသည်။ "စိတ် ငြိမ်ငြိမ်ထားစမ်းပါ၊ မစ္စက်မေလီ ရယ်"

"ကျွန်မကို လွှတ်–ရိုစီကလေး သူ သေပြီ မဟုတ်လား"

"မသေပါဘူး" ဟု မစ္စတာလော့စဘန်းက လိုက်လိုက်လှဲလှဲ ပြောလိုက်လေသည်။ "ဘုရားသခင်ဟာ မဟာ ကရုဏာတော်ရှင် ဖြစ်တဲ့အတွက် ရိုစီဟာ နှစ်ပေါင်းများစွာ အသက်ရှင် နေနိုင်ပါဦးမယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ ဝမ်းသာမှု

ဝမ်းသာမှုမှာ အိုလီဗာအတွက် မခံမရပ်နိုင် လောက်အောင်ပင်၊ ပြင်းထန်လှပေတော့၏။ လုံးဝ မမျှော်လင့်မိသည့်အတွက် ကြက်သေ အသေကြီးသေကာ စကားလည်း မပြောနိုင်၊ ငိုလည်း မငိုနိုင် ဖြစ်နေမိလေသည်။ ညနေခင်း လေအေးကလေးကို ရှူရှိုက်ရင်းက၊ ရည်ရွယ်ချက် မရှိဘဲ အဝေးကြီး လမ်းလျှောက်မိသည့် အခါတွင်မှ သူ့ မမရိုစီသည် သူတို့နှင့်အတူ အသက်ရှင်လျက် နေနိုင်ဦးမှာပါ ကလားဟု ကောင်းကောင်းကြီး နားလည်လာမိတော့ကာ၊ သူ့ ရင်ထဲ လေးလံလှစွာ ခံစားနေရသည့် စိုးရိမ်မှု ဝန်ထုပ်ကြီးမှာ လုံးဝ ကွယ်ပျောက် သွားရလေတော့၏။

လူမမာခန်းအတွက်၊ ပန်းများကို တစ်ပွေ့တစ်ပိုက် ခူးပြီး၊ သူ ပြန်လာသည့်အခါတွင်ကား ညသည် လျင်မြန်စွာ လောကအတွင်းသို့ ဝင်ရောက်သာနေပြီ ဖြစ်လေသည်။ လမ်းအတိုင်း သွက်လက်စွာ လျှောက်လာစဉ်၌၊ သူ့ နောက်ဘက်မှ မြင်းရထားတစ်စီး ဒလကြမ်း မောင်းနှင်လာသည့် အသံကို ကြားရလေ၏။ လှည့်ကြည့်လိုက်သည့် အခါတွင်၊ ဒုန်းစိုင်းလာသည့် မြင်းများ ဆွဲလာသည့် မြင်းရထားတစ်စီး ဖြစ်သည်ကို တွေ့ရလေရာ၊ လမ်းမ ကျဉ်းမြောင်းသည့်အတွက် အိုလီဗာလည်း လမ်းဘေး ခြံပေါက်ဝ အနီးတွင် ရပ်လျက် လမ်းဖယ်ပေးလိုက်ရလေသည်။

မြင်းရထား ဖြတ်ကျော်သွားသည့် အခါတွင်၊ သူ မြင်ဖူးသည့် လူတစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်ရလေသည်။ ထိုလူကား ညဝတ်အိပ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းစွပ် အဖြူကြီးကို ခေါင်းတွင် စွပ်ထားတုန်း ဖြစ်လေ၏။ ထိုလူမှာ ခြည်သူမည်ဝါ ဖြစ်သည်ကိုတော့ အိုလီဗာ မမှတ်မိ။ ထိုစဉ်မှာပင် ခေါင်းစွပ် အဖြူနှင့် ဦးခေါင်းသည် ပြတင်းပေါက်မှ ပြူထွက်လာကာ၊ မြင်းရထား မောင်းသမားအား ရပ်ရန် အော်၍ အမိန့်ပေးလိုက်လေ၏။ မြင်းရထား ရပ်သွားလျှင် ထိုအသံကပင်လျှင်၊ အိုလီဗာ၏ နာမည်ကို အော်ခေါ် လိုက်ပြန်လေသည်။

"ဒီမှာ အိုလီဗာ၊ ဘာသတင်းများ ထူးသလဲ ဘယ့်နှယ်နေသေးသလဲ"

"အို ဂိုင်းလ်စ်မဟုတ်လား" ဟု အိုလီဗာ အော်ခေါ်လိုက်ရာက မြင်းရထားဆီသို့ ပြေးသွားလေ၏။ ထိုစဉ် ဂိုင်းလ်စ်ကို မြင်းရထားထဲတွင် ပါလာသည့် လူရွယ်တစ်ယောက်က ပြတင်းပေါက်မှ ဆွဲဖယ်လိုက်ကာ၊ သူ ကိုယ်တိုင်က ပြတင်းပေါက်မှ ခေါင်းပြူပြီး ရိုစီ၏ သတင်းကို စိတ်ဇော ထက်သန်စွာနှင့် မေးလိုက်လေသည်။

"တစ်ခွန်းတည်း ပြောစမ်း၊ သက်သာပြီလား ဆိုးနေသလား"

"သက်သာပါပြီ၊ အပုံကြီးကို သက်သာပါပြီ"

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်၊ မင်း ပြောတာ တကယ်ပဲနော်"

"တကယ်ပါပဲ ခင်ဗျာ၊ မစ္စတာ လော့စဘန်းက ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူးလို့ ပြောပါတယ်"

လူရွယ်လည်း ရထားပေါ်မှ ခုန်ဆင်းလိုက်ကာ...အိုလီဗာ၏ လက်တစ်ဖက်ကို ဆွဲလျက် ဘေးသို့ ခေါ်သွားပြီးမှ...။

"မင်း ပြောတာ တကယ်ပဲနော်၊ မင်း အထင်မှားနေတာများ မဖြစ်နိုင်ဘူးနော်၊ ငါ့ကို မလှည့်စားပါနဲ့ကွာ၊ ပြည့်စုံမယ် မဟုတ်တဲ့ မျှော်လင့်ချက်တွေကို ငါ့ကို မပေးပါနဲ့ကွာ"

"ကျွန်တော့်ကို ယုံပါခင်ဗျာ၊ မစ္စတာ လော့စဘန်းက မဓရိုစီဟာ နောက် နှစ်ပေါင်းများစွာ ကျွန်တော်နဲ့အတူ အသက်ရှင် နေနိုင်ဦးမှာပဲတဲ့၊ ကျွန်တော့်နားနဲ့ ကြားခဲ့ရတာပဲ"

အိုလီဗာသည် ထိုသို့ ပြောရင်းက ထိုစကားများကို သူ ကိုယ်တိုင် နားထောင်ခဲ့ရသည့် အချိန်ကို ပြန် သတိရမိကာ မျက်ရည်များ [illegible] လေသည်။ လူရွယ်လည်း မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်ပြီး [illegible]

www.burmeseclassic.com



နေလေ၏။ သူသည် တစ်ချက်နှစ်ချက် ရှိုက်လိုက်သံကို အိုလီဗာ ကြားမိလေ
သည်။ သို့ရာတွင် လူရွှယ်စိတ်ထဲ ဘယ်လို ခံစားနေရသည်ကို နားလည်
ရိပ်မိသည့်အတွက် ဘာမှ ဝင်မပြောဘဲ ဆိတ်ဆိတ်ပင် နေလိုက်လေ၏။

ထိုအတွင်း ညဝတ်အင်္ကျီကြီး ဝတ်လျက်နှင့်ဖြစ်သော မစ္စတာဂိုင်းလ်စ်
မှာလည်း မြင်းရထား၏ ခြေနင်းပေါ်တွင် ထိုင်ကာ ကြီးမားလှသော
လက်ကိုင် ပဝါကြီး တစ်ထည်နှင့် သူ့ မျက်လုံးများကို သုတ်နေလေ၏။
သူ ဟန်ဆောင်နေခြင်း မဟုတ်ကြောင်းကို လူရွှယ်ကို သူ လှည့်ကြည့်စဉ်
အခါ၌ မျက်လုံးများ နီရဲနေခြင်းကို ထောက်ချင့်၍ သိသာနိုင်ပေ၏။

လူရွှယ်လည်း မြင်းရထားကို ပစ္စည်းများနှင့် အရင် စေလွှတ်လိုက်
ကာ၊ သူနှင့်ဂိုင်းလ်စ်ကတော့ အိုလီဗာနှင့်အတူ အိမ်ကလေးဆီသို့ လမ်း
လျှောက် လာခဲ့ကြလေ၏။

မစ္စက်မေလီသည် သူမ၏ သားဖြစ်သူအား စိတ်အားထက်သန်စွာနှင့်
စောင့်မျှော်နေသည်ကို အိမ်ကလေးသို့ ရောက်သွားကြသည့်အခါ၌ သူတို့
တွေ့ရလေ၏။

"မေမေ ကျွန်တော့်ကို စောစောကတည်းက ဘာပြုလို့ စာရေး
အကြောင်းမကြားသလဲ"

"ရေးမလို့ ပါပဲကွယ်၊ ဒါပေမဲ့ မစ္စတာ လော့စဘန်းရဲ့ ဆုံးဖြတ်ချက်
ကိုသာ ရမှပဲ စာကို ပို့တော့မယ်လို့ စဉ်းစားမိလို့ပဲ၊ ရိုစီဆီကို မေမေ
ပြန်သွားရ ဦးမယ်ကွယ်"

"ဒီည မေမေ့ကို ကျွန်တော် တွေ့ရဦးမလား"

"တွေ့ရမှာပေါ့ သားရယ်"

"ရိုစီ ကိုလည်း ကျွန်တော် ရောက်နေကြောင်း ပြောလိုက်မယ်
မဟုတ်လား"

"ပြောမှာပေါ့ကွယ်"

"နောက်ပြီး သူ့ အတွက် ကျွန်တော် ဘယ်လောက် စိုးရိမ်ပူပန် ခဲ့ရ
တယ်၊ ဘယ်လောက် စိတ်ဒုက္ခ ခံစားခဲ့ရတယ် ဆိုတာတွေကိုလည်း ပြော
ပေးပါ မေမေရယ်"

"အကုန်လုံး ပြောပြလိုက်ပါ့မယ် သားရယ်"

ထိုညတွင် အိမ်ကလေးမှာ ပျော်ပျော်ရွှင်ရွှင် ပြန်ဖြစ်လာရလေသည်။
မစ္စတာ လော့စဘန်းကား စိတ်ရွှင်မြူးစွာနှင့် ရယ်စရာမောစရာ ပုံတိုပတ်စ

www.burmeseclassic.com

www.burmeseclassic.com



ကလေးများကို ပြောပြခြင်းနှင့် အိုလီဗာနှင့် ဟယ်ရီမေလီတို့ကို အားရပါးရ ရယ်မောစေကာ သူ ကိုယ်တိုင်ကလည်း အားရပါးရ ရယ်မောခဲ့လေသည်။ သို့နှင့်ပင် စိုးရိမ်ပူပန်စိတ်ကို အပြင်းအထန် ခံစားခဲ့ကြရသည်။ သူတို့အားလုံးသည် သူတို့ အထူး ရှိုအပ်နေသော အိပ်ပျော် အနားယူခွင့်ကို စိတ်လက် ပေါ့ပါးစွာနှင့် ထိုညအဖို့ ယူနိုင်ကြလေတော့၏။

နောက်တစ်နေ့ နံနက်တွင် အိုလီဗာသည် အစောကြီး အိပ်ရာမှထကာ နံနက်တိုင်း သူ လုပ်လေ့ရှိသော အလုပ်များကို ခါတိုင်းကထက် ပိုသော မျှော်လင့်ချက်နှင့် ပျော်ပျော်ကြီး လုပ်ကိုင်နေလေ၏။ နံနက်တိုင်း ပန်းခူးထွက်လေ့ရှိသော အိုလီဗာမှာ ထိုနေ့မှ စ တစ်ယောက်တည်း မထွက်ရတော့။ ဟယ်ရီမေလီသည် သူနှင့်အတူ အမြဲ ပါလာတတ်လေ၏။ အိုလီဗာက ရှာဖွေတွေ့ရှိသမျှ ပန်းတွေကို ဟယ်ရီမေလီက လှပစွာ ရွေးချယ်လျက် လူမမာထံ ပေးတတ်လေ၏။ ဟယ်ရီ ရွေးချယ်သည့် ပန်းစည်းကလေးများမှာ လူမမာက သူ့ဘေးတွင် ပန်အိုးကလေးများနှင့် အမြတ်တနိုး ထားတတ်ပြီး ပန်းများ ညှိုးနွမ်းခြောက်သွေ့ တတ်သွားသည့်တိုင် ဘယ်တော့မှ လွှင့်ပစ်ခြင်း မပြုသည်ကို အိုလီဗာ သတိပြုမိလေ၏။

သို့နှင့်ပင် နေ့များသည် လျင်မြန်စွာ ကုန်လွန်ခဲ့ရကား၊ ရိုစီမှာလည်း တစ်နေ့တခြား ကျန်းမာသထက် ကျန်းမာလာလေတော့၏။

ရိုစီသည် အခန်းထဲမှ အပြင်ထွက်ခွင့် မရသေးသဖြင့် ယခင်ကလို သုံးယောက်သား လမ်းလျှောက်ထွက်ခွင့် မရတော့သည့်တိုင် အိုလီဗာအတွက်တော့ အချိန်တွေကို အလဟဿ ကုန်လွန်စေခြင်း မရှိပေ။ သူသည် သူ့ဆရာ ဆံပင်ဖြူနှင့် အဘိုးကြီးထံတွင် နှစ်ဆ ကြိုးစားလျက် စာများကို သင်ကြားခဲ့လေရာ၊ လျင်မြန်စွာ တိုးတက်လာသည့်အတွက် အိုလီဗာတွင် သူ့ကိုယ်သူ ပြန်၍ပင် အံ့ဩမိလေ၏။ ထိုသို့ အိုလီဗာသည် စာကို ကြိုးစားနေစဉ် သူ့ကို ထိတ်လန့်စေသော အဖြစ်တစ်ရပ်ကို ကြုံတွေ့ရလေ၏။

အိုလီဗာ စာကျက်သည့် အခန်းကလေးကား၊ အိမ်အောက်ထပ်မှ နောက်ဖေးအခန်း တစ်ခန်းဖြစ်လေသည်။ ထို အခန်းကလေးကား တောအိမ်ခန်းတစ်ခန်း ပီသသော အခန်းဖြစ်ကာ ရာဇမတ်ကွက်များ ကာရံထားသည့် ပြတင်းပေါက်ကလေး တစ်ခုရှိလေသည်။ ထို ပြတင်းပေါက်သို့ စံပယ်ပန်းရုံများနှင့် ပျားဝတ်ရည်စုပ် ပန်းများသည် နွယ်တက်လျက် ရှိကာ ပန်းတွေမှ မွှေးကြိုင်လှသော ရနံ့သည် တစ်ခန်းလုံးတွင် ပျံ့နှံ့လျက် ရှိတတ်

www.burmeseclassic.com



လေ၏။ ပြတင်းပေါက်မှနေ၍ ကြည့်လျှင်ကား ပန်းခြံကို တွေ့ရကာ ပန်းခြံ၏ အဆုံးတွင်ကား တံခါးပေါက်ကလေး တစ်ခုရှိသော ခြံစည်းရိုး ဖြစ်လျက် ခြံစည်းရိုး၏ ဟိုဘက်တွင်ကား ကွင်းပြင်တွေနှင့် သစ်တောအုပ်များကို တွေ့ရနိုင်လေ၏။

လှပ လှသော ညနေခင်းအချိန် တစ်ချိန်ဝယ်၊ အိုလီဗာသည် ပြတင်းပေါက်ရှေ့တွင် ထိုင်ကာ သူ၏ စာအုပ်များကို စိတ်ဝင်စားစွာ ဖတ်ရှုလျက် ရှိနေလေ၏။ သူသည် စာအုပ်များကို ဖတ်နေရသည်မှာ အတော် ကြာမြင့်ခဲ့ပြီလည်းဖြစ်၊ ထိုနေ့မှာလည်း အတော်ကလေး ပူပူလောင်လောင် ရှိရကား အတော်ကလေး ပင်ပန်းနေရာ အိုလီဗာသည် (ထိုစာအုပ်ကို ရေးသားသည့် စာရေးဆရာသည် ဘယ်သူပဲဖြစ်ဖြစ် ရှုတ်ချ စော်ကားခြင်း မဟုတ်ပါ) စာအုပ်ကို ဖတ်နေရင်းက ငိုက်သွားမိလေ၏။

အိုလီဗာသည် မိမိ သူ့အခန်းကလေးထဲတွင် ရှိနေကြောင်းကို သိ၏။ သူ့ စာအုပ်များမှာ သူ့ရှေ့တွင် ရှိနေကြောင်းကို သိ၏။ သို့နှင့်ပင် အိုလီဗာ အိပ်ပျော်သွားမိလေသည်။ ရုတ်တရက်ကြီး ဆိုသလို ပတ်ဝန်းကျင်သည် ပြောင်းလဲသွားလေ၏။ သူသည် ရေဝတီကြီး ဖေဂင် အခန်းထဲသို့ ပြန်ရောက်သွားသည်ဟု ကြောက်ရွံ့လှစွာနှင့် စိတ်ထဲတွင် ထင်မှတ်လိုက်မိလေသည်။ စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းလှသော ရေဝတီကြီးသည် အခန်းထောင့်မှနေ၍ သူ့ကို လက်ညှိုး ထိုးပြရာက သူ့ဘေးမှ လူတစ်ယောက်က တိုးတိုး စကားပြောနေလေသည်။

"ရှူး တိုးတိုး ကိုယ့်လူ" ဟု ဖေဂင်၏ ပြောလိုက်သံကို ကြားလိုက်ရသည်ဟု၊ အိုလီဗာ့ စိတ်ထဲ ထင်မှတ်မိလေသည်။ "ဟုတ်ပါတယ် သူပါပဲ။ ကဲ လာ သွားကြစို့"

"သူပဲပေါ့ကွ" ဟု ဖေဂင်၏ဘေးမှ လူက ပြန်ဖြေလိုက်သည်ဟု သူ့စိတ်ထဲတွင် ထင်မြင်မိပြန်လေသည်။ "သူ့ကိုများ ငါက လူမှားနေဦးမယ် ထင်သလား၊ သူနဲ့ ရုပ်ရည်ချင်း တထေရာတည်းတူတဲ့ တစ္ဆေတွေ အလယ်မှာ သူ့ကို ထားဦးတော့ သူ့ကို ငါ လက်ညှိုး ထိုးပြနိုင်ပါတယ်ကွ၊ သူ့ကို မြေကြီးထဲ ပေ ၅၀-လောက် တူးပြီး ဘာမှ အမှတ်အသား မလုပ်ဘဲ မြှုပ်ထားဦးတော့ ငါ သိမှာပါပဲ"

ထိုစကားများကို ထိုလူသည် ကြောက်ရွံ့စရာ ကောင်းလှသော မုန်းတီး ရွံရှာမှုဖြင့် ပြောလိုက်သည်ဟု အိုလီဗာ ထင်မှတ်လိုက်ပြီးနောက် သူသည် အိပ်ပျော်နေရာမှ ကြောက်ရွံ့ထိတ်လန့်လှစွာ နိုးလာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အလို ဘုရားရေ၊ သူ့သွေးတွေကို အေးစိမ့်သွားစေတဲ့ ဟိုဟာကြီးဟာ ဘာပါလိမ့်၊ ဟိုမှာ–ဟိုမှာ ပြတင်းပေါက်မှာ" သူနဲ့ နီးနီးကလေးရယ်။ နီးလွန်းလို့ သူ့ကို လှမ်းထိလိုက်ရင်တောင် အလွယ်တကူ ထိနိုင်တဲ့ နေရာမှာ အခန်းထဲကို ချောင်းကြည့်နေတဲ့ ဖေဂင်ပဲပေါ့။ ဖေဂင့်ဘေးတွင်တော့ ထမင်းဆိုင်ထဲတွင် သူ့ကို တွေ့လိုက်ရပြီးနောက် ဒေါသကြီးလှသဖြင့် တက်သွားခဲ့သည့် လူကြီး။ သူသည် မုန်းတီးလှစွာနှင့်လား၊ ကြောက်ရွံ့လှစွာနှင့်လား၊ ဒါမှမဟုတ် နှစ်ခုစလုံးသော စိတ်လှုပ်ရှားမှုကို ရောထွေး၍ ခံစားနေရစွာနှင့်လားမပြောတတ်၊ မျက်မှောင်ကြီး ကုတ်ကာ သူ့ကို စိုက်ကြည့်နေလေသည်။

သို့ရာတွင် ရိပ်ခနဲသာ ထို သဏ္ဌာန်များကို အိုလီဗာ တွေ့လိုက်ရ၏။ ချက်ချင်းပင် ထိုသဏ္ဌာန်များမှာ ပျောက်ကွယ်သွားကြ၏။ သို့ရာတွင် သူတို့က သူ့ကို မည်သူမည်ဝါမှန်း သိရှိသွားကြသလို သူကလည်း သူတို့ကို ပြန်လည် မှတ်မိလေသည်။ သူ့အား သူတို့က ကြည့်ရှုပုံမှာလည်း ကျောက်သားကို ထွင်းထုလျက် သူ မွေးလာရကတည်းက သူ့ရှေ့တွင် ချထားခဲ့သည့်အလား သူ့ အသိဉာဏ်ထဲတွင် စွဲငြိလျက် ကျန်ရစ်ခဲ့လေ၏။ သူသည် ကြက်သေ သေလျက် တစ်ခဏမျှ ရပ်နေပြီး နောက်မှ သတိရလာကာ ပြတင်းပေါက်မှ နေ၍ ခြံထဲသို့ ခုန်ဆင်းလိုက်ပြီးနောက်၊ အကူအညီကို အော်ဟောင်းလိုက်လေသည်။

❑

သူ့ အော်သံကြောင့် အိမ်ထဲမှလူများ ပြေးထွက်လာကြပြီးနောက်၊ အကျိုးအကြောင်းကို သိရလျှင် ဟယ်ရီမေလီသည် တုတ်ကြီး တစ်ချောင်းကို ဆွဲကာ အိုလီဗာ လက်ညှိုး ညွှန်ပြရာ ကွင်းပြင်တွေဘက်သို့ ပြေးလိုက်သွားလေ၏။ အိုလီဗာလည်း သူ့နောက်မှ ပြေးလိုက်သွားပြန်လေ၏။ သူတို့နောက်မှ ဂိုင်းလ်နှင့် မစ္စတာ လော့စဘန်းတို့လည်း ပြေးလိုက်သွားကြပြန်လေ၏။

သို့ရာတွင် အချည်းနှီးပင် ဖြစ်ကြရလေ၏။ ခြေရာများကိုမှပင် မတွေ့ကြရချေ။

"အိုလီဗာက အိပ်မက် မက်နေတာ ဖြစ်ပါလိမ့်မယ်" ဟု ဟယ်ရီမေလီက ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အို...မဟုတ်ပါဘူး ကျွန်တော် သေသေချာချာကို တွေ့လိုက်ရတာပါ"

"ကျွန်တော်အခု အစ်ကို့ကို ထင်ထင်ရှားရှားကြီး တွေ့နေရသလိုပဲ သူတို့ကို တွေ့နေရတာပဲ"

"ရေဝတီကြီးနဲ့ ပါလာတဲ့လူက ဘယ်သူလဲ" ဟု မစ္စတာ လော့စဘာန်းက မေးလိုက်လေသည်။

"ထမင်းဆိုင်မှာ တွေ့ခဲ့ရတယ်လို့ ကျွန်တော်ပြောခဲ့တဲ့ လူပေါ့၊ သူနဲ့ ကျွန်တော်ဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြတာ သူပါပဲလို့ ကျွန်တော် ကျိန်ပြောရဲပါတယ်"

သူတို့လည်း အိုလီဗာ အမှန်အတိုင်း ပြောနေကြောင်းကို ယုံကြည်ကြသဖြင့် ဆက်လက်၍ ရှာဖွေကြပါသော်လည်း ဖေဂင်နှင့် ထိုလူကြီး၏ အရိပ်အယောင်ကိုမျှပင် မတွေ့ကြရတော့ချေ။

နောက် တစ်နေ့ နံနက်တွင် ထပ်မံ၍ သဲလွန်စများကို ရှာဖွေပြန်သော်လည်း ထို့အတူပင် အချည်းနှီး ဖြစ်ရလေ၏။ အိုလီဗာနှင့်မေလီတို့သည် ဈေးမြို့ကလေးသို့ သွားရောက် စုံစမ်းကြသေးသော်လည်း ဖေဂင်ကို လည်းကောင်း၊ ဖေဂင့်အဖော်ကိုလည်းကောင်း၊ တွေ့လိုက်ရသူဟူ၍ တစ်ယောက်ကိုမျှ ရှာဖွေမတွေ့ရှိ ကြရချေ။ ထို့ကြောင့် ထိုကိစ္စကို သူတို့သည် မကြာခင်ပင် မေ့မေ့ ပျောက်ပျောက် ဖြစ်သွားကြရလေ၏။

ထိုအတွင်း ရိုစီကား လျင်မြန်စွာပင် ကျန်းမာလာနေပြီ ဖြစ်လေ၏။ သူမသည် အခန်းထဲမှ ထွက်လာနိုင်ပြီ ဖြစ်ကာ၊ အိမ်သားများနှင့် ခါတိုင်းကဲ့သို့ပင် ရောရောနှောနှောနှင့် ပျော်ရွှင်စွာ နေနိုင်ပြီ ဖြစ်လေ၏။ ထို့ကြောင့်လည်း သူတို့၏ အိမ်ကလေးတွင် ပျော်ရွှင်ဖွယ်ရာ ကောင်းလှသော ရယ်သံအောသံတို့ကို ပြန်လည်ကြားလာရပြီ ဖြစ်လေ၏။ သို့တစေလည်း... ရိုစီနှင့် ဒေါ်မေလီတို့ သားအမိသည် မကြာခဏဆိုသလို အခန်းတံခါး ပိတ်လျက် ကြာမြင့်လှစွာ တိုင်ပင် ဆွေးနွေးနေတတ်ပြီး ရိုစီကိုလည်း မကြာခဏဆိုသလို မျက်ရည်ကျလက်နှင့် အိုလီဗာ တွေ့ရတတ်လေ၏။ မစ္စတာ လော့စဘာန်း ပြန်ဖို့ ရက် သတ်မှတ်ပြီးသည့် အခါတွင်ကား၊ ထို ထူးခြားသော အမူအရာများသည် ပိုမို၍ သိသာလာလေသည်။

တစ်နေ့သော နံနက်တွင်ကား ရိုစီသည် နံနက်စာ စားသောက်သည့် အခန်းထဲတွင် တစ်ယောက်တည်း ရှိနေစဉ် ဟယ်ရီမေလီ ဝင်ရောက်လာကာ

www.burmeseclassic.com



တွန့်ဆုတ် တွန့်ဆုတ် လုပ်နေပြီးနောက်မှ သူမနှင့် စကားပြောဖို့ အခွင့်တောင်းလိုက်လေ၏။

"ပြောစရာကတော့ နည်းနည်းကလေးပါပဲ ရှိစီ" ဟု ဟယ်ရီသည် သူ့ ကုလားထိုင်ကို ရှိစီ့ အနီးသို့ ရွှေ့ရင်းက ပြောလိုက်လေသည်။ "ကျုပ် ခုပြောမယ့် စကားတွေကို အမှန်တော့ ရှိစီလည်း သိပြီးပါပြီ။ ကျုပ် အသည်းနှလုံးထဲမှာ အမြတ်တနိုး ထားနေမိတဲ့ မျှော်လင့်ချက်တွေဟာ ရှိစီ့အတွက် အဆန်း မဟုတ်တော့ပါဘူး၊ ကျုပ် ပါးစပ်က ဖွင့်ပြောတာကို မကြားရသေးတာ တစ်ခုပါပဲ"

ရှိစီကား ဟယ်ရီက ထိုစကားများကို စတင်၍ ပြောလိုက်ကတည်းက၊ မျက်နှာကလေး ဖြူရော်နေလေသည်။ သို့ရာတွင် ထိုသို့ ဖြစ်နေခြင်းမှာ ဟယ်ရီ၏ စကားများကြောင့် ဟု ဆိုချင်မှ ဆိုနိုင်ပေမည်။ သူမ ခံစားခဲ့ရသော ရောဂါ ဝေဒနာကြောင့်ဟုလည်း ဖြစ်နိုင်ပေ၏။ သူမသည် ဦးခေါင်း ညွှတ်လိုက်ကာ ဟယ်ရီပြောမည့် စကားတွေကို တိတ်ဆိတ်စွာ စောင့်စားနေလေ၏။

"ကျုပ် အစောကြီးကတည်းက ပြန်သွားဖို့ ကောင်းခဲ့တယ် ရှိစီ"

"ဟုတ်ပါတယ်၊ ကျွန်မ ခုပြောမှာကို ခွင့်လွှတ်ပါ၊ မောင် အစောကြီးကတည်းက ပြန်သွားခဲ့ဖို့ကို ကျွန်မ လိုလားမိခဲ့ပါတယ်"

"ကျုပ် ဒီကို ရောက်လာခဲ့ရတာဟာ အင်မတန် ပြင်းထန်လှတဲ့ စိုးရိမ်ပူပန်မှုကြောင့်ပဲ ရှိစီ၊ တခြားမဟုတ်ပါဘူး၊ ကျုပ်ရဲ့မျှော်မှန်းချက် တောင့်တချက် မှန်သမျှတို့ စုတည်နေတဲ့ ကျုပ် မြတ်နိုးနေမိသူကလေးကို ဆုံးရှုံးရတော့မှာလားဆိုတဲ့ စိုးရိမ်ပူပန်မှုပဲပေါ့ ရှိစီ"

ဟယ်ရီက ထိုစကားကို ပြောနေစဉ်အတွင်း ရှိစီ၏ မျက်လုံးများတွင် မျက်ရည်များ ပြည့်လျှံလာခဲ့လေသည်။ သူမ လက်ထဲတွင် ကိုင်ထားသည့် ပန်းပင်မှ ပန်းပွင့်ကလေးပေါ်သို့ မျက်ရည်တစ်ပေါက် ကျရောက်သွားသည့် အခါတွင် မျက်ရည်ပေါက်ကလေးသည် သဘာဝ၏ အလှပဆုံး အရာဝတ္ထုများနှင့် တူညီနေတော့သလိုပင်...။

"ကျုပ်အဖို့ အဖိုးတန်ဆုံး တောင့်တမှုဟာ ရှိစီရဲ့ အသည်းနှလုံးကို ပိုင်ဆိုင်နိုင်ဖို့ပါပဲကွယ်" ဟု ဟယ်ရီက ဆက်လက်၍ ပြောရာမှ ရှိစီ၏ လက်ကလေးများကို ဆွဲယူလိုက်လေသည်။ ရှိစီ ကျုပ်မြတ်နိုးတဲ့ ရှိစီကို ချစ်ခဲ့ရတာ နှစ်ပေါင်း အတော်ကြာခဲ့ပေါ့ကွယ်။ ကျုပ်ဟာ တစ်နေ့နေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျော်စောထင်ရှားတဲ့ လူတစ်ယောက် ဖြစ်လာပြီးတဲ့နောက် ဂုဏ်တက် ဝင့်ကြွားစွာနဲ့ အိမ်ကိုပြန်လာပြီး ကျုပ် ဒီလိုကြိုးစားခဲ့ရသမျှဟာ ရိစီအတွက်ကြောင့်သာ ဖြစ်တယ်လို့ ပြောပြချင်တဲ့ မျှော်လင့်ချက်ဟာ ကျုပ်ရဲ့ ရင်ထဲမှာ အမြဲရှိပါတယ်ကွယ်။ ကျုပ် ငယ်ငယ်လေးကတည်းက ရိစီ့ကို ခင်တွယ်ခဲ့တဲ့ အထိမ်းအမှတ်တွေ ပြခဲ့တာကို အဲဒီအခါကျတော့ ကျုပ်က ပြန်သတိပေးပြီး၊ ကျုပ်တို့ နှစ်ယောက် နှုတ်က ဖွင့်မပြောဘဲနဲ့ ချုပ်ဆိုခဲ့တဲ့ စာချုပ်ဟောင်းကြီးတစ်ခုကို အပြီးအပိုင် တံဆိပ် ခတ်နှိပ်လိုက်သလိုပဲ ရိစီရဲ့ အချစ်ကို ကျုပ် တောင်းယူမယ်လို့ အမြဲ မျှော်လင့်ချက် ထားမိခဲ့ပါတယ်။ အဲဒီအချိန်ဟာ မရောက်သေးပါဘူး၊ ကျုပ်ရဲ့ မျှော်မှန်းချက်လည်း မပြည့်စုံသေးဘဲနှင့်ပဲ၊ ကျုပ်ရဲ့အသည်းနှလုံးကို ရိစီဆီမှာ အပ်ပါတယ်ကွယ်၊ ကျုပ်မှာ ရှိသမျှ အကုန်လုံးကိုလည်း ရိစီရဲ့ အဖြေတစ်ခုအပေါ်မှာ ပုံအပ်ထားမိတော့တာပဲ”

“မောင့်ရဲ့ စကားတွေဟာ ကြင်ကြင်နာနာ ရှိသလောက် မြင့်မြတ်ပါပေတယ် မောင်ရယ်” ဟု ရိစီသည် သူမ၏ စိတ်လှုပ်ရှားမှုများကို ကြိုးစား၍ ချုပ်တည်းရာက ပြန်ဖြေလိုက်လေသည်။ “ကျွန်မဟာ ကျေးဇူးကန်းတဲ့ မိန်းမ၊ အမြော်အမြင် မရှိတဲ့ မိန်းမ မဟုတ်ဘူးလို့ မောင် ယုံကြည်တဲ့အတိုင်း ကျွန်မရဲ့ အဖြေကို ပေးပါတော့မယ်”

“ရိစီကို မပစ်ဖို့ ကြိုးစားဖို့ပါပဲ မောင်ရယ်၊ မောင်ရဲ့ ငယ်ကပေါင်း မိတ်ဆွေ တစ်ယောက်အဖြစ်နဲ့ မေ့ပစ်ဖို့ကိုတော့ ပြောတာ မဟုတ်ပါဘူးနော်...ဒီလိုသာဆိုရင်ဖြင့် ကျွန်မ စိတ်ဒဏ်ချက်ကို ပြင်းပြင်းထန်ထန်ကြီး ခံစားရမှာပါပဲ၊ ဒါပေမဲ့ မောင်ချစ်တဲ့ မိန်းမတစ်ယောက် အဖြစ်နဲ့တော့ မေ့ပစ်လိုက်ပါကွယ်။ လောကထဲမှာ မောင် ဂုဏ်တက် ဝင့်ကြွားစွာနဲ့ ဆွတ်ခူးနိုင်မယ့် တခြား မိန်းမတွေ ဘယ်လောက် အဘိုးကြီး ရှိနေတယ်ဆိုတာကို ပြန်ကြည့်ပါဦးကွယ်။ ကျွန်မကတော့ မောင်ရဲ့ မိတ်ဆွေစစ် တစ်ယောက်အဖြစ်နဲ့သာ နေပါရစေတော့နော်”

ခဏမျှ တိတ်ဆိတ်သွားသည့်အတွင်း ရိစီသည် မျက်နှာကို လက်များဖြင့်အုပ်ကာ ခံစားနေရသည့် စိတ်လှုပ်ရှားမှုတို့ကို ချုပ်တည်း၍မထားနိုင်တော့ဘဲ ဝမ်းနည်းပက်လက် ငိုကြွေးနေရှာလေ၏။ ပြီးမှ ဟယ်ရီက...

“ရိစီက ဘာလို့ ဒီလို ဆုံးဖြတ်တယ်ဆိုတာကို မောင် မသိရဘူးလားကွယ်” ဟု ဟယ်ရီက အသံတိုးတိုးနှင့် မေးလိုက်လေသည်။

www.burmeseclassic.com



"နာမည်ဆိုးကြီးနဲ့ ဆွေမျိုးဉာတိ ကင်းမဲ့တဲ့ ကျွန်မဟာ တစ်ကိုယ်ကောင်းကြံပြီး မောင့်အချစ်ကို လက်ခံလိုက်တယ်လို့ မောင်ရဲ့ မိတ်ဆွေအပေါင်းအဖော်တွေက ထင်ကြမှာကို ကျွန်မ မခံချင်လို့ပါပဲ မောင်ရယ်၊ ကျွန်မဟာ မောင့် ရှေ့ရေးကို ပိတ်ပင်တားဆီးမယ့် မိန်းမ တစ်ယောက်ပါပဲ၊ ဒီတော့ ဒီလောကကြီးထဲမှာ မောင့် တိုးတက်မှုကို ကျွန်မက ပိတ်ပင် တားဆီးမယ့်လူ မဖြစ်ပါစေနဲ့ မောင်ရယ်၊ ဒါကြောင့် မောင့်အတွက်ရော၊ ကျွန်မအတွက်ပါ ဒီလို ဆုံးဖြတ်ချက် ချရတာပါပဲ"

"ဒီ စကားတွေဟာ တာဝန် သိတတ်မှုပါပဲကွယ် ကျုပ် တစ်ခုပဲ သိပါရစေ၊ ဒီစကားတွေဟာ ရိုစီရဲ့ တာဝန် သိတတ်မှုကြောင့်အပြင် ရိုစီရဲ့ တကယ့်စိတ်ထားပါ ဖြစ်မယ်ဆိုရင်..."

"အို...ကျွန်မရဲ့ တကယ့် စိတ်ထားမှာ မဟုတ်ပါဘူး" ဟု ရိုစီက မျက်နှာကလေးတွင် သွေးရောင် လျှမ်းတက်ရာက ပြန်ဖြေလိုက်လေသည်။

"ဒီလိုဆိုရင်ဖြင့် ရိုစီ ကျုပ် မေတ္တာကို လက်ခံတယ်ပေါ့နော်၊ ဒီစကားကလေးတစ်ခွန်းကို ပြောလိုက်စမ်းပါ အချစ်ရယ်၊ ဒါမှလည်း ကျုပ်ရဲ့ ပြင်းထန်လှတဲ့ စိတ်ပျက်မှုဟာ အနည်းငယ် သက်သာရာ ရသွားတော့မှာပဲ"

"မောင့် အကျိုးကို မထိခိုက်ဘူး ဆိုရင်ဖြင့်..."

"မောင့်ကို ချစ်နိုင်တယ်ပေါ့နော်၊ ဒါကိုတော့ ကျုပ်ကို ဖုန်းကွယ် မထားပါနဲ့ ရိုစီရယ်"

"မောင့် ရှေ့ရေးဟာ အများကြီး မျှော်လင့်ချက် ရှိပါတယ်။ အင်မတန်မှ ကျော်ဇော ထင်ရှားပြီး ဂုဏ်ရှိန် တောက်ပမယ့် ရှေ့ရေးပါပဲ၊ မောင့်ကို အကူအညီ အထောက်အပံ့ ပေးနိုင်မယ့် အဆက်အသွယ်တွေလည်း အများကြီး ရှိပါတယ်။ ဒါပေမဲ့ မောင့်ရဲ့ အဲဒီ အဆက်အသွယ်တွေဟာ ဂုဏ်ရှိန်မြင့်မားပြီး မာန ထက်သန်တဲ့ လူတွေဖြစ်တယ်။ ဒီတော့ သူတို့ဟာ ကျွန်မကို မွေးထုတ်ခဲ့ရတဲ့ မိခင်ကို အထင်သေး ရွံချကြမှာ အမှန်ပါပဲ၊ ဒါကြောင့်မို့ ဒီလို ကျွန်မရဲ့ မိခင်ကို အထင်သေးကြမယ့် လူတွေနဲ့ မရောချင်သလို ကျွန်မ မိခင်ရဲ့ နေရာကို မိခင် အရင်းလို ဝင်ယူခဲ့တဲ့ ဒေါ်ဒေါ်ရဲ့သား မောင့်ကိုလည်း မောင့် မိတ်ဆွေ တွေရှေ့မှာ အရှက်တကွဲ မဖြစ်စေချင်ပါဘူး။ တိုတိုပြောရရင် ကျွန်မမှာ နာမည်ဆိုး ရှိနေတယ်၊ လောကကြီးက အပြစ်မဲ့သူတွေပေါ်မှာ ပုံချတတ်တဲ့ ရှက်စရာ ကောင်းတဲ့ အစွန်းအကွက်ကြီးသာ ခဲ့သွားပါရ

www.burmeseclassic.com

www.burmeseclassic.com



စေတော့၊ ကျွန်မရဲ့ အဆက်အနွယ်တွေကို ဒီ အစွန်းအကွက်ကြီးကို အမွေ အဖြစ်နဲ့ မပေးခဲ့ပါဘူး မောင်ရယ်"

"တစ်ခွန်းတည်း ထပ်ပြောပါရစေ ရိုစီရယ်၊ ကျုပ်ဟာ အခုထက် နိမ့်ကျမယ်ဆိုရင် ကံတရားက ကျုပ်ကို မထင်ရှားတဲ့ အသက်တာကို ဖန်တီး ပေးခဲ့လို့ရှိရင် ကျုပ်ဟာ ဆင်းရဲချို့တဲ့ မကျန်းမမာ အကူအညီ ကင်းမဲ့တဲ့ လူ တစ်ယောက် ဖြစ်မယ်ဆိုရင် ကျုပ်ကို ရိုစီ ပစ်ပယ်နိုင်မှာလားဟင်"

"မောင့်ရဲ့ အခြေအနေဟာ ခု အခြေအနေထက် ကွဲပြားမယ်ဆိုရင် အို မောင်ဟာ ကျွန်မထက် ခုလောက် မမီနိုင်အောင် အဆင့်အတန်း သိပ်မမြင့် ပဲ၊ နည်းနည်းကလေးသာ မြင့်မယ်ဆိုရင် ကျွန်မဟာ မောင့်ကို ကူညီဖို့ နှစ်သိမ့်ဖို့ အဆင်သင့်ပါပဲ မောင်ရယ်၊ ဒါပေမဲ့ မောင့်ရဲ့ မြင့်မားလှတဲ့ ရည်မှန်းချက်တွေမှာတော့ ကျွန်မဟာ ခလုတ် ဆူးငြောင့်တစ်ခု မဖြစ်ချင်ပါ ဘူး။ အင်မတန် ထင်ရှားကျော်ဇောတဲ့ ပတ်ဝန်းကျင်ထဲမှာဆိုရင် ကျွန်မဟာ မောင့်အတွက် ဘယ်လိုမှ အသုံးမဝင်နိုင်ပါဘူး။ ကျွန်မဟာ ခု ဘဝမှာပဲ ပျော်နိုင်ပါတယ် မောင်ရယ်၊ ဒါပေမဲ့ ဒီထက် ပိုပြီး ပျော်ရွှင်နိုင်တယ် ဆိုတာ ကို ကျွန်မ ဝန်ခံပါတယ်"

ငယ်ရွယ်စဉ်အခါက အမြတ်တနိုး ကိုက်၍ မွေးမြူခဲ့မိသည့် ရည်မှန်း ချက် မျှော်လင့်ချက်တို့သည် ရိုစီ၏ ခေါင်းထဲသို့ ဝင်ရောက်လာလေသည်။ ၎င်းတို့နှင့်အတူ မျက်ရည်များကိုလည်း ခေါ်ဆောင်လာကာ သူမ၏ စိတ်ကို သက်သာရာ ရစေလေ၏။

"ရိုစီကို ကျုပ် ကတိ တစ်ခုပဲ တောင်းပါရစေကွယ်၊ တစ်နှစ်အတွင်း မှာ ဒါမှမဟုတ်ရင် ဒီ့ထက် အပုံကြီး စောရင်လည်း စောမှာပါပဲလေ။ အေး အဲဒီ အတောအတွင်းမှာ ဒီကိစ္စနဲ့ ပတ်သက်လို့ နောက်ဆုံးအကြိမ်အဖြစ်နဲ့ ကျုပ် ရိုစီကို ပြောပါရစေဦးကွယ်"

ရိုစီသည် ဆွေးဆွေးမြည့်မြည့် ပြုံးလိုက်လေသည်။ "ကျွန်မရဲ့ နှင်္ခာန်တဲ့ ဆုံးဖြတ်ချက်ကိုတော့ ပြောင်းလဲစေမှာ မဟုတ်ပါဘူး မောင်ရယ်"

❑

အရပ်စာရေးကြီး မစ္စတာ ဘမ်ဘယ်လ်သည် သူ့အလုပ်မှ နုတ်ထွက်ပြီး ဘုံအိမ်ကို အုပ်ချုပ်ရသည့် ဘုံအိမ် လူကြီးအလုပ် ငင်လုပ်ကာ ဘုံအိမ်ကို

www.burmeseclassic.com

www.burmeseclassic.com



အုပ်ထိန်းရသည့် မုဆိုးမ မစ္စက်ကော်နီနှင့် လက်ထပ်ခဲ့သည်မှာ ၂-လ ပြည့် မြောက်ခဲ့လေပြီ။ သို့ရာတွင် သူ၏ မျှော်လင့်ချက်များမှာကား ပြည့်စုံခြင်း ရှိဘဲ သူသာလျှင် မယားကို အသေအလဲ ကြောက်ရသူ တစ်ယောက် ဖြစ်နေ ရတော့လေသည်။ မစ္စတာ ဘမ်ဘယ်လ်သည် ဘုံအိမ်မှ သူဆင်းရဲ မိန်းမ ယောကျ်ားကလေးများ အပေါ်တွင် အသေအလဲ နိုင်ခဲ့ရသလို ယခု သူ့အပေါ် တွင် သူ့မယား ဖြစ်သူ အသေအလဲ နိုင်နေရပြီ ဖြစ်လေ၏။

သူတို့နှစ်ယောက် ဇနီးမောင်နှံ ဘဝသို့ ရောက်ခဲ့သည်မှာ ၂-လပြည့် မြောက်သောနေ့၌ မစ္စတာ ဘမ်ဘယ်လ်သည် ဇနီးဖြစ်သူနှင့် အကြီးအကျယ် ရန်ဖြစ်ကာ နောက်ဆုံးတွင် ဘုံအိမ်မှ သူဆင်းရဲမကြီး နှစ်ယောက်ရှေ့၌ ဇနီး ဖြစ်သူ၏ ကိုယ်ထိလက်ရောက် စော်ကားမှုကို အရှက်တကွဲ ခံစားခဲ့ရလေရာ သူသည် စိတ်ပျက်ပျက်နှင့် အရက်ဆိုင်သို့ ထွက်လာခဲ့လေသည်။

အရက်ဆိုင်သို့ ရောက်လျှင် ဆိုင်ထဲ၌ သူ ယခင်က မမြင်ဘူးသော တစိမ်း လူကြီးတစ်ယောက်နှင့် တွေ့ဆုံရကာ နှစ်ယောက်သား တစ်ယောက် ကိုတစ်ယောက် အကဲခတ် ကြည့်ရှုမိရာကအစ စကား စပ်မိသွားကြလေ သည်။

"ခင်ဗျားဟာ တစ်ခါတုန်းက အရပ် စာရေးကြီး လုပ်ခဲ့ဖူးတယ် မဟုတ်လား" ဟု ထို တစိမ်းလူကြီးက မစ္စတာ ဘမ်ဘယ်လ်နှင့် အနည်းငယ် စကား ပြောပြီးသည့်အခါတွင် မေးလိုက်လေသည်။ မစ္စတာ ဘမ်ဘယ်လ် လည်း အံ့အားသင့်စွာနှင့် ဟုတ်ကြောင်း ဝန်ခံလိုက်လျှင်...။

"အင်း ခင်ဗျားကို ကျုပ် အရပ်စာရေးကြီး အဝတ်အစားနဲ့ မြင်ဖူးခဲ့တာ ပဲ ဟုတ်ရမှာပေါ့၊ ဒါနဲ့...ခုတော့ ခင်ဗျား ဘာလုပ်နေသလဲ" ဟု ထိုလူက ဆက်လက်၍ မေးလိုက်လေသည်။

"ဘုံအိမ် လူကြီးလုပ်နေတယ် သူငယ်၊ ကျုပ်ဟာ ဘုံအိမ်လူကြီးပဲ" ဟု မစ္စတာ ဘမ်ဘယ်လ်က သူ့ကို ထိုလူက အထင်သေးမည် စိုးသည့် အတွက် ခန့်ခန့်ကြီး ပြောလိုက်လေသည်။ ဤတွင် ထိုသူက မစ္စတာ ဘမ်ဘယ်လ်၏ မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်ကာ...

"ခင်ဗျားဟာ အရင်တုန်းကလိုပဲ ကိုယ့် အကျိုးကို မြင်တတ်သော လူတစ်ယောက် မဟုတ်လား၊ မှန်မှန်ဖြေပါနော်၊ ခင်ဗျား အကြောင်းကို ကျုပ် ကောင်းကောင်းကြီး သိပါတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဘမ်ဘယ်လ်လည်း သူ့ မျက်လုံးများကို လက်ဝါးနှင့်ကာကာ၊ ထိုလူအား စိတ်ရှုပ်ထွေးစွာနှင့် ခြေအဆုံး ခေါင်းအဆုံး အကဲခတ်လိုက်ရင်းက...

"အင်းလေ အိမ်ထောင်သည် ယောကျာ်းတစ်ယောက်ဟာ၊ ဖြောင့်ဖြောင့် မှန်မှန်နဲ့ ရနိုင်တဲ့ ပိုက်ဆံ ဆိုရင်တော့ လက်ခံတာချည်းပဲပေါ့"

ဤတွင် သူစိမ်းယောကျာ်းလည်း ပြုံးလိုက်ရာက၊ မစ္စတာဘမ်ဘယ်လ်အတွက် အရက်တစ်ခွက် မှာပေးလိုက်လေသည်။

"ကဲ ကျွန်တော် ပြောမှာကို နားထောင်စမ်း" ဟု ထိုလူသည် သူတို့ရောက်နေသည့် အခန်းကလေး၏ တံခါးနှင့် ပြတင်းပေါက်ကို ပိတ်လိုက်ပြီးနောက် ပြောလိုက်လေသည်။ "ကျုပ် ဒီကို လာခဲ့တာ ခင်ဗျားကို လာရှာတာပဲ။ အေး နတ်ဆိုးဟာ သူ့ လူတွေကို တစ်ခါတလေ အကူအညီ ပေးတတ်တဲ့ အတိုင်းပဲ၊ ခင်ဗျားဟာ ကျုပ် ထိုင်နေတဲ့ အရက်ဆိုင်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတော့တာပဲ။ ခင်ဗျားဆီက ကျုပ် တစ်စုံတစ်ခုနဲ့ ပတ်သက်ပြီးတော့ မေးချင်တာရှိတယ်။ ကျုပ် သိချင်တဲ့ အကြောင်းဟာ ဘယ်လောက်ပဲ အရာရောက်စေကာမူ၊ ခင်ဗျားဆီက အလကား မတောင်းပါဘူး၊ ရှေ့ ဟောဒီမှာ စရန် ဆိုပါတော့ဗျာ"

ပြောရင်းကပင် ထိုလူသည် ရွှေဒင်္ဂါး နှစ်ပြားကို စားပွဲပေါ်တင်၍ မစ္စတာ ဘမ်ဘယ်လ်ထံသို့ ခပ်ဖြည်းဖြည်း တွန်းပို့လိုက်လေသည်။ သူ့အမူအရာမှာ ငွေသံကို အပြင်ဘက်မှ ကြားသွားစေလိုခြင်း ရှိဟန်မတူပေ... မစ္စတာဘမ်ဘယ်လ်လည်း ထို ရွှေဒင်္ဂါးနှစ်ပြားကို မှန်မမှန် သေချာစွာ စစ်ဆေးကြည့်ပြီးနောက်မှ သူ့ အတွင်းခံ အင်္ကျီ အိတ်ထဲသို့ ထည့်လိုက်သည့်အခါတွင်၊ ထိုလူသည် စကား ဆက်လိုက်ပြန်လေ၏။

"ခင်ဗျားရဲ့ စိတ်ကို အဲ... လွန်ခဲ့တဲ့ ၁၂–နှစ်က ဆောင်းဥတု အချိန်ဆီကို ပြန်ခေါ်သွားကြည့်စမ်းဗျာ"

"အတော့်ကို ကြာပြီပဲ၊ ဒါပေမဲ့ ကောင်းပါပြီလေ၊ ကျွန်တော့် စိတ်တော့ အဲဒီအချိန်ကို ရောက်သွားပါပြီတဲ့"

"ပတ်ဝန်းကျင်ကတော့ ဘုံအိမ်"

"ကောင်းပြီ"

"အချိန်ကတော့ ည"

"ဟုတ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"နေရာကတော့ ရပ်ကွက်က ပြုစုစောင့်ရှောက် ကျွေးမွေး သုတ်သင် ရမယ့် အခြေအမြစ် မရှိတဲ့ ကလေးလေးတွေကို မွေးတဲ့အခန်းပဲ၊ အဲဒီအခန်း မှာ ကောင်ကလေး တစ်ယောက်ကို မွေးခဲ့တယ်"

"ကောင်လေးတွေ အများကြီး မွေးခဲ့တာပေါ့ဗျာ"

"ကောင်လေးတွေကို ပြောနေတာ မဟုတ်ပါဘူးလေ၊ ကောင်လေး တစ်ကောင်ကို ပြောတာပါ၊ မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ ကုပ်ချောင်းချောင်း ကောင်လေး တစ်ယောက် ဒီ အရပ်က ခေါင်းလုပ်တဲ့ သုဘရာဇာ ဆီမှာ အလုပ်သင်ပြီး ခေါင်းလုပ်သမားဟာ ဒီကောင်လေးအတွက် ခေါင်းလုပ်ပြီး ကောင်လေးကို (ခေါင်းထဲ ထည့်ပိတ်ထားလိုက်ခဲ့ရင် ဘယ်လောက် ကောင်း လိမ့်မလဲ) အဲ ကောင်ကလေးဟာ သုဘရာဇာဆီက လန်ဒန်ကို ထွက်ပြေး သွားခဲ့တယ်"

"ဟာ အိုလီဗာတွစ်ကို ပြောနေတာ မဟုတ်လား၊ ဒီကောင်လေးကို ကျုပ် ကောင်းကောင်းကြီး မှတ်မိတာပေါ့၊ ဒီကောင်လေးလောက် ခေါင်းမာ နိုင် တေနိုင် ပေနိုင်တဲ့..."

"သူ့ အကြောင်းကို ကျုပ် သိချင်တာ မဟုတ်ဘူး၊ သူ့ အကြောင်းကို ကျုပ် သိချင်သလောက် သိပြီးပါပြီ။ ကျုပ် သိချင်တာက ဒီကောင်လေးကို ဝမ်းဆွဲ ပေးခဲ့တဲ့ ဝမ်းဆွဲ မိန်းမကြီး အကြောင်းပဲ။ ဒီ မိန်းမကြီး အခု ဘယ်မှာ ရှိသလဲ"

"ဒီမိန်းမကြီး ခု ဘယ်မှာ ရှိသလဲ...အင်း–အပြော အခက်သားပဲ၊ သူ ဘယ်နေရာကို သွားရသွားရ အဲ့ဒီနေရာမှာ ဝမ်းဆွဲ အလုပ်တော့ ရှိမှာ မဟုတ် ပါဘူး"

"ခင်ဗျား ဘာတွေ ပြောနေတာလဲ" ဟု တစိမ်းလူကြီးက မျက်နှာ ထား ခပ်တည်တည်ကြီးနှင့် မေးလိုက်လေသည်။

"လွန်ခဲ့တဲ့ ဆောင်းတွင်းတုန်းက မိန်းမကြီး သေသွားခဲ့ပြီကောဗျ"

တစိမ်းလူကြီးသည် မစ္စတာ ဘမ်ဘယ်လ်ကို စူးစိုက် ကြည့်နေခဲ့၏။ သူသည် မစ္စတာ ဘမ်ဘယ်လ်ထံတွင်သာ ငြိတွယ်နေစေသော်လည်း မြင်ရ တော့ဟန်က မတူ။ သူ့ မျက်လုံးများမှာ တွေတွေဝေဝေကြီး ဖြစ်သွားသော တစ်စုံတစ်ခုကို လေးလေးနက်နက်ကြီး စဉ်းစားတွေးတော နေဟန် ရှိသော်။ အတော်ကြာမှပင် သူသည် ကြားသိရသော အကြောင်းအရာ ကျေနပ် ရကောင်းမလား၊ စိတ်ပျက်ရကောင်းမလား ဟု ဝေခွဲရဟန်မတူ၊ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူ့ အမူအရာမှာ စိတ်သက်သာရာ ရသွားဟန် ရှိပြီး ကိစ္စမရှိပါဘူးလေဟု ပြောလိုက်ကာ ထွက်ခွာသွားတော့မည့်အလား ထိုင်ရာမှ ထလိုက်လေ၏။

သို့ရာတွင် မစ္စတာ ဘမ်ဘယ်လ်ကား လူပါးတစ်ယောက် ဖြစ်လေ၏။ သူသည် သူ့ မိန်းမ သိသော လျှို့ဝှက်ချက် တစ်ခုကို အကျိုးရှိစွာ အသုံးပြုနိုင်သည့် အခွင့်အရေး တစ်ခု ပေါ်လာပြီဟု ချက်ချင်း ရိပ်မိလိုက်လေသည်။ သူသည် သူတို့ ပြောနေကြသည့် ဝမ်းဆွဲကြီး သေဆုံးခဲ့သည့်ညက အဖြစ်အပျက်ကို ကောင်းစွာ မှတ်မိခဲ့၏။ ထိုအခါတုန်းက သူ့ ဇနီးသည်သည် သူ့အား ထိုအကြောင်းနှင့် ပတ်သက်၍ အလုံးစုံ ဖွင့်ပြောခဲ့ခြင်း မရှိသော်လည်း ထို ဝမ်းဆွဲကြီးမှာ အိုလီဗာတွစ်၏ မိခင်နှင့် တစ်နည်းနည်းတော့ ပတ်သက်သည်ဟု သိရှုံလောက်တော့ သူ့ ဇနီးထံမှ ကြားသိခဲ့ရလေသည်။ ထို့ကြောင့် မစ္စတာ ဘမ်ဘယ်လ်သည် ထွက်ခွာသွားရန် ဟန်ပြင်နေသော လူအား ထို မိန်းမကြီး သေဆုံးစဉ် အခါက မိန်းမ တစ်ယောက်ကို တစ်စုံတစ်ရာ မှာသွားခဲ့သည်ဟု မိမိ သိရှိရကြောင်းကို လျှို့ဝှက်သည့် အမူအရာနှင့် ပြောပြလိုက်လေသည်။

"အဲဒီ မိန်းမကို ကျုပ် ဘယ်လိုတွေ့နိုင်မှာလဲ" ဟု ထို လူလည်း အခိုက်အတန့်အားဖြင့် ဣန္ဒြေ မဆည်နိုင်တော့ဘဲ သူ၏ စိုးရိမ်ချက်များမှာ ထို အချက်ကြောင့် ပြန်လည် တက်ကြွလာပြန်သည်ကို ထင်ရှားစွာ ပြရင်းက မေးလိုက်ပြန်လေသည်။

"ကျုပ်ကမှ တစ်ဆင့် တွေ့နိုင်မယ်"

"ဘယ်တော့လဲ"

"မနက်ဖြန်"

"ကောင်းပြီ၊ မနက်ဖြန်ည ၉–နာရီ" ဟု ပြောလိုက်ရာက တစ်စိမ်းသောကျွံသည် စာရွက်တစ်ရွက် ထုတ်ယူ၍ မြစ်ကမ်းနားတွင် တည်ရှိသော လိပ်စာတစ်ခုအား၊ သူ၏ စိတ်ကို တုန်လှုပ်နေမှု ဖော်ပြနေသည့် လက်ရေးများနှင့် ရေးခြစ်ပေးလိုက်လေသည်။

"မနက်ဖြန်ည ၉–နာရီကျရင် အဲဒီ မိန်းမကို ကျုပ်ဆီ ခေါ်ခဲ့ပါ၊ နောက်ပြီးတော့ အထူး လျှို့ဝှက်ထားရမယ်။ ဆိုက်စ်ကိုလည်း ပြောဖို့ လိုမယ် မထင်ဘူး၊ ခင်ဗျားတို့ အကျိုးကို ပြောနေတာနော်..."

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဘမ်ဘယ်လ်လည်း လက်ထဲမှ စာရွက်ကလေးကို ကြည့်လိုက်ရာတွင် နာမည်မပါသည်ကို တွေ့ရလေရာ သူ့ကို နှုတ်ဆက်လျက်ထွက်သွားပြီ ဖြစ်သော တစိမ်း ယောကျ်ားကြီးနောက်သို့ ပြေးလိုက်သွားလေသည်။

"မင်း ဘာလိုချင်သလဲ" ဟု တစိမ်းယောကျ်ားသည် သူ့ လက်မောင်းကို မစ္စတာ ဘမ်ဘယ်လ်က နောက်မှနေ၍ တို့လိုက်သည့်အခါ၌ လှည့်ကြည့်ရင်း မေးလိုက်လေသည်။ "ကျုပ် နောက်ကို နောက်ယောင်ခံ လိုက်နေတာလား"

"ခင်ဗျားကို မေးစရာ တစ်ခု ရှိလို့ပါဗျ၊ မနက်ဖြန် လာတဲ့အခါကျတော့ ဘယ်သူ့ကို မေးရမှာလဲ"

"မန့်(က)စ်" ဟု ထိုလူက ပြန်ဖြေလိုက်ရာက ကပျာကယာ ထိုနေရာမှ လျှောက်သွားလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ တန်ဖိုးရှိလာသော ပစ္စည်းဟောင်း

လေးလံ ထိုင်းမှိုင်းလှပြီး မိုးတွေ အုံ့နေသည့် နွေဦးတစ်၏ ည တစ်ည ဖြစ်လေသည်။ ရှာတော့မည် တကဲကဲနှင့် တစ်နေ့လုံး ခြိမ်းခြောက်နေခဲ့သည့် မိုးရိပ်မိုးသားများသည် မစ္စတာ ဘမ်ဘယ်လ်တို့ ဇနီးမောင်နှံ အိမ်မှ ထွက်ခဲ့သည့် အခါ၌ မိုးပေါက်များ တဖွဲဖွဲ ရွာချလိုက်လေ၏။ သူတို့ ဇနီးမောင်နှံ ဦးတည်ရာ အရပ်ကား မြို့၏ လမ်းမကြီးနှင့် တစ်မိုင်ခွဲလောက် ဝေးကွာသည့် မြစ်ကမ်းနားတွင် တည်ရှိသည့် ပျက်စီးယိုယွင်းနေသော အိမ်များ စုဝေးတည်ရှိရာ အရပ်ပင် ဖြစ်လေတော့၏။

တဲကုပ်ကလေး၏ အလယ်တွင်ကား... စက်ရုံဟောင်းကြီး တစ်ခု ဖြစ်သည့် အဆောက်အအုံကြီးသည် မားမားကြီး ရပ်တည်နေလေသည်။ ထို အဆောက်အအုံကြီးကား ကောင်းစားစဉ် အခါကတော့ ဤ အရပ်မှ လူများကို အသက်မွေးဝမ်းကျောင်းမှု အလုပ်များကို ပေးဆောင်ခဲ့သည် ဖြစ်သော်လည်း၊ ယခုတော့ ပျက်စီးယိုယွင်းခဲ့သည်မှာ ကြာမြင့်ခဲ့လေပြီ။ ကြွက်များ မိုးများနှင့် ရေသည် ထို အဆောက်အအုံကြီး၏ အုတ်မြစ်ကို ဆွေးမြည့် ပျက်စီးစေခဲ့သည် ဖြစ်လေရာ၊ ယခုတော့ အဆောက်အအုံကြီးမှာ ရေထဲသို့ပင် အနည်းငယ် နစ်မြုပ် ကျနေပြီ ဖြစ်လေ၏။

မစ္စတာ ဘမ်ဘယ်လ်တို့ လင်မယားသည် ထို အဆောက်အအုံကြီး ရှေ့တွင် ရပ်လိုက်ကြလေသည်။ ထိုစဉ်၌ မိုးကြိုးထစ်ချုန်းလိုက်ကာ မိုးသည်လည်း သည်းထန်လှစွာ ရွာချလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာမှာပဲ ရှိရမှာပဲ" ဟု မစ္စတာ ဘမ်ဘယ်လ်က သူ့ လက်ထဲမှ စာရွက်ကလေးကို ကြည့်ရင်းက ပြောလိုက်လေသည်။

"ဟော့ ဒီမှာ"

အသံကို လိုက်၍ မစ္စတာ ဘမ်ဘယ်လ်သည် မော်ကြည့်လိုက်ရာ အဆောက်အအုံကြီး၏ ဒုတိယ အထပ်ရှိ ပြတင်းပေါက် တစ်ပေါက်မှ လူတစ်ယောက် ထွက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

"ခဏနေကြဦး၊ ကျုပ် ခင်ဗျားဆီ လာခဲ့မယ်..." ဟု ပြောပြောဆိုဆို ထိုလူ၏ ခေါင်းသည် ပြတင်းပေါက်မှ ပျောက်ကွယ်သွားကာ တံခါးသည်လည်း ပြန်ပိတ်သွားလေ၏။

"ဒီလူပဲလား" ဟု မစ္စတာ ဘမ်ဘယ်လ်၏ မယားက မေးလိုက်ရာ၊ ၎င်းက ဟုတ်ကြောင်း ခေါင်းညိတ်ပြလိုက်လေသည်။

"ကျုပ် ပြောထားတာကို ဂရုစိုက်နော်၊ စကားကို နည်းနည်းပြောနိုင်သလောက် ပြောစမ်းပါ"

အဆောက်အအုံကြီး၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး သူတို့ ဤကိစ္စကို ဆက်လက် လုပ်ဖို့ သင့်တော်ပါမည်လားဟု ယုံမှား သံသယ ဖြစ်လာသော မစ္စတာ ဘမ်ဘယ်လ်သည် သူ့ ဇနီးသည်အား ပြန်ဖြေလိုက်မည် ပြုလိုက်စဉ်မှာပင် သူတို့ ရပ်နေသည့် အနီးတွင် ရှိသော တံခါးကလေးကို ဖွင့်ကာ မန့်(က)စ်သည် အဆောက်အအုံထဲမှ ထွက်လာ၏။

မန့်(က)စ်သည် ဇနီးမောင်နှံ နှစ်ယောက်ကို အဆောက်အအုံထဲသို့ ခေါ်သွင်းလိုက်ပြီးနောက် မစ္စက်ဘမ်ဘယ်လ်အား စူးစိုက်ကြည့်နေလေသည်။ တော်ရုံတန်ရုံ အလျှော့မပေးတတ်သော မစ္စက် ဘမ်ဘယ်လ်တွင်လည်း သူမ၏ မျက်လုံးများကို လွှဲဖယ်ပစ်လိုက်ရကာ မြေကြီးဆီသို့ ငုံ့ကြည့်နေလိုက်ရလေသည်။

"ခင်ဗျား ပြောတဲ့ မိန်းမဟာ သူပဲလား"

"အင်း ဟုတ်ပါတယ်...သူပါပဲ"

မန့်(က)စ်လည်း သူတို့နှစ်ယောက်အား မျက်မှောင် ကုတ်ချည် တစ်ဝက်၊ ပြုံးချိုတစ်ဝက် အမူအရာမျိုးနှင့် ကြည့်လိုက်ပြီးနောက် ၎င်းတို့အား လှေကား တစ်ခုမှ တစ်ဆင့် အခန်းတစ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။ အခန်း ထဲသို့ ရောက်သွားလျှင် မန့်(က)စ်သည် ပြတင်းပေါက်မှ [illegible] များကို ပိတ်လိုက်ကာ ထုပ်ပေါ်တွင် စက်သီးဖြင့် ချိတ်ဆွဲထားသည့် [illegible]

www.burmeseclassic.com



တစ်အိမ်ကို လျှော့ချလိုက်လေသည်။ ထို မီးအိမ်မှ ဖျော့တော့တော့ မီးရောင်သည် အောက်တည့်တည့်ရှိ စားပွဲတစ်လုံးနှင့် ကုလားထိုင်ပေါ်သို့ လာရောက်ဟပ်နေလေ၏။

"ကဲ ကျုပ်တို့ ကိစ္စကို မြန်မြန်ကြီးစလေ၊ ကောင်းလေပဲ" ဟု မန့်(က)စ် က သူတို့ သုံးယောက်စလုံး ထိုင်မိသည်နှင့် တစ်ပြိုင်နက် စတင်၍ ပြောလိုက်လေသည်။ "သူက ကျုပ်ကိစ္စ ဘာဆိုတာကို သိပြီးပြီ မဟုတ်လား"

ထို မေးခွန်းသည် မစ္စတာဘမ်ဘယ်လ်အား မေးခြင်းဖြစ်သော်လည်း ၎င်း၏ ဇနီးကဝင်၍ သိပြီးကြောင်း ပြောလိုက်လေသည်။

"ဝမ်း ႑ကြီး သေတဲ့ညက ခင်ဗျားဟာ သူ့အနားမှာ ရှိပြီး၊ သူက ခင်ဗျားကို တစ်စုံတစ်ခု ပြောသွားတယ်ဆိုတာ မှန်တယ်ပေါ့"

"ရှင် ပြောတဲ့ သူငယ်ကလေးရဲ့ မိခင်အကြောင်းဆိုရင် ဟုတ်ပါတယ်"

"ကျုပ်ရဲ့ ပထမ မေးခွန်းက သူ ဘယ်လိုများ ပြောသွားသလဲ ဆိုတာပဲ"

"အဲဒါက ဒုတိယ မေးခွန်းပါ" ဟု မစ္စက် ဘမ်ဘယ်လ်က ခပ်တည်တည် ဝင်ပြောလိုက်သည်။ "ပထမ မေးခွန်းက ဒီအကြောင်းဟာ ရှင့်အတွက် ဘယ်လောက် အဖိုးတန်သလဲ"

"ဘာမှန်းမှ မသိရသေးဘဲနဲ့ ဘယ်လိုလုပ် ပြောနိုင်မှာလဲဗျ"

"ဘယ်လောက် အဖိုးတန်တယ်ဆိုတာကို ရှင့်ထက် ဘယ်သူက ပို သိဦးမှာလဲရှင့်" ဟု စိတ်ထက်သော မစ္စက်ဘမ်ဘယ်လ်က ပြန်ပြောလိုက်လေသည်။

"အင်း ခင်ဗျား ပြောမယ့်ဥစ္စာက တော်တော် အဖိုးတန်ပုံပဲ"

"အင်းလေ တန်မှာပေါ့"

"ကောင်လေးရဲ့ အမေဆီက၊ ဝမ်းဆွဲမကြီးက တစ်ခုခု ယူထားလိုက်တယ် မဟုတ်လား၊ ကောင်လေးရဲ့ အမေဝတ်တဲ့ အရာတစ်ခုခု"

"ရှင် ဘယ်လောက် ပေးနိုင်မယ်ဆိုတာကို ပြောပါလေ၊ ရှင်ပြောတာတွေကို ထောက်ကြည့်ရင်၊ ရှင်ဟာ ဒီအကြောင်းကို ပြောပြရမယ့်လူ တစ်ယောက်ပဲ ဆိုတာ သေချာပါပြီ"

မစ္စတာ ဘမ်ဘယ်လ်ကား ဇနီးဖြစ်သူက ထို လျှို့ဝှက်ချက်ကို သူ့အား အလုံးစုံ ဖွင့်ပြောထားခြင်း မရှိရကား သူတို့နှစ်ယောက် ပြောနေသည့် စကား

www.burmeseclassic.com

www.burmeseclassic.com



တွေကို လည်ပင်းကြီးဆန့် မျက်လုံးကြီး ပြူးပြီး သူ့ဇနီးကို တစ်လှည့် မန့်(က)စ်ကို တစ်လှည့် ကြည့်ရာက ဖုန်းကွယ်ထားနိုင်ခြင်း မရှိသော အံ့အားသင့်မှုနှင့် နားထောင်နေလေ၏။ မန့်(က)စ်က ဘယ်လောက် ပေးရမည်နည်းဟု သူ့ဇနီးကို မေးလိုက်သည့်အခါတွင် သူ၏ အံ့အားသင့်မှုမှာ ဖြစ်နိုင်ကပို၍ တိုးလာတော့လေ၏။

"ရှင့်အတွက် ဘယ်လောက် အဖိုးတန်သလဲလေ" ဟု မစ္စက် ဘမ်ဘယ်လ်က ဣန္ဒြေရရနှင့်ပင် ပြန်မေးလိုက်လေသည်။

"ဘာမှ မတန်ချင် မတန်ဘူး၊ ပေါင် ၂၀-တန်ချင်လည်း တန်မှာပေါ့၊ ဒီတော့ ဒီနှစ်ခုအနက် ဘယ်ဟာ ဆိုတာကို သိရအောင် ဖွင့်ပြောပါလားဗျ"

"ရှင် ပြောတဲ့ ပေါင် ၂၀-တန်မှာ ၅-ပေါင် ထပ်ထည့်လိုက်၊ ၂၅-ပေါင် တိတိ ရွှေဒင်္ဂါးတွေနဲ့ ပေးလို့ရှိရင် ပြောပြမယ်၊ မပေးလို့ရှိရင် မပြောနိုင်ဘူး"

"၂၅-ပေါင် ဟုတ်လား"

"ကျွန်မ ရှင်းရှင်းကြီး ပြောလိုက်ပါတယ်လေ...တကယ်တော့ သိပ်များတဲ့ငွေ မဟုတ်ပါဘူး"

"ဖွင့်ပြောလိုက်တဲ့အခါ ဘာမှ အဖိုးမတန်ဘဲ ဖြစ်နေမယ့် ဘာမဟုတ်တဲ့ လျှို့ဝှက်မှုကလေး အတွက်ဆိုရင်တော့ များတာပေါ့ဗျ၊ နောက်ပြီး ဒီလျှို့ဝှက်မှုဟာ ၁၂-နှစ်ကျော်ကျော်တောင် ကြာမြင့်ခဲ့ပြီဥစ္စာ"

"ဒီ ကိစ္စမျိုးဟာ ဝိုင်အရက်လိုပဲ နှစ်ကြာလေ အဖိုးတန်လေရှင့်"

"တကယ်လို့ ကျုပ်ဟာ ငွေပေးပြီးမှ၊ ကျုပ်အတွက် အသုံးမကျဘူး ဆိုရင်ကော"

"ရှင် လွယ်လွယ်ကလေး ကျွန်မဆီက ပြန်ယူနိုင်ပါတယ်ရှင်၊ ကျွန်မဟာ မိန်းမသားပါ၊ နောက်ပြီးတော့ တစ်ယောက်တည်း..."

"တစ်ယောက်တည်း မဟုတ်ဘူး အချစ်ရယ်၊ ကျုပ် တစ်ယောက်လုံး ရှိပါသေးတယ်" ဟု မစ္စတာဘမ်ဘယ်လ်က ကြောက်ရွံ့သဖြင့် တုန်ယင်နေသော အသံနှင့် ဝင်ပြောလိုက်လေသည်။ "ဒါပေမဲ့ မစ္စတာ မန့်(က)စ် ဟာ လူကြီးလူကောင်း တစ်ယောက်ပါ၊ ကျုပ်တို့လို ရပ်ကွက်ဆိုင်ရာ အရာရှိငွေကို အကြမ်းဖက်မယ့် လူစားမျိုး မဟုတ်ပါဘူး၊ ကျုပ်ဟာ အသက်ငယ်တော့ ပါဘူး ဆိုတာကို မစ္စတာ မန့်(က)စ် သိပါတယ်။ ဒါပေမဲ့ ကျုပ်ဟာ စိတ် ထွက်လို့ရှိရင် သူမတူဘဲ အင်အားနဲ့ ပြည့်စုံပြီး၊ ကြောက်မက်ဖွယ်ကောင်းတဲ့

www.burmeseclassic.com



လူတစ်ယောက် ဖြစ်လာတတ်တယ် ဆိုတာကိုလည်း မစ္စတာမန်(က)စ် ကြားဖူးမှာပဲ၊ ကျုပ် စိတ်ထွက်ဖို့သာ လိုတာပဲ"

ထိုသို့ ပြောရင်းကပင်၊ မစ္စတာဘမ်ဘယ်လ်၏ အမူအရာ များကား၊ သူ ကြောက်စရာကောင်းသည့် လူဖြစ်လာဖို့မှာ တကယ်ပဲ စိတ်ထွက်ဖို့ လိုကြောင်းကို ထင်ရှားစွာ ဖော်ပြလျက် ရှိနေလေ၏။

"ရှင်ဟာ အရူးအပေါကြီးပဲ" ဟု သူ့ မိန်းမက သူ့အား ငေါက်လိုက်လေသည်။ "ရှင် လျှာမရှည်ရင်ကောင်းမယ်"

"ဒီထက် တိုးစိုးမပြောနိုင်ရင်၊ သူ့လျှာကို ဒီကို မလာခင်ကတည်းက ဖြတ်ထားဖို့ကောင်းတယ်" ဟု မန်(က)စ်ကလည်း ဝင်ပြောလိုက်လေသည်။ "လက်စသတ်တော့၊ သူက ခင်ဗျားယောကျ်ားကိုး"

"အို...သူက ကျွန်မ ယောကျ်ား ဟုတ်လား" ဟု မစ္စက်ဘမ်ဘယ်လ်က မဖြစ်နိုင်သည့် အံ့မှုအရာနှင့် ပြောလိုက်သော်လည်း...

"ခင်ဗျားတို့ ဝင်လာကတည်းက ကျုပ် ရိပ်မိပြီးသားပါ" ဟု မန်(က)စ်က ပြောလိုက်လေသည်။ "ပိုကောင်းပါတယ်လေ၊ စိတ် တစ်စိတ်တည်းသာရှိတဲ့ လူနှစ်ယောက်စုံကို ဒီကိစ္စနှင့် ပတ်သက်ပြီး ဆက်ဆံဖို့ ကျုပ်အတွက် သိပ် အပန်းမကြီးလှဘူးပေါ့၊ ကဲ ကျုပ် အတည် ပြောနေတာ ဟောဒီမှာကြည့်"

သူသည် ဘေးအိတ်ထဲမှ ရွက်ဖျင် အိတ်ကလေးကို ထုတ်ယူကာ၊ ရွှေဒင်္ဂါး ၂၅-ပြားတီတီကို အထဲမှ ထုတ်ယူရေတွက်ပြီး မစ္စက် ဘမ်ဘယ်လ် ထံသို့ တွန်းပို့လိုက်လေသည်။

"ကဲ၊ ဒါတွေကိုယူပြီး ခု တင်ပဲ ပစ်လိုက်တော့မယ့် မီးကြိုးသံ ပျောက်သွားရင် ခင်ဗျား ပြောစရာရှိတာကို ပြောပေတော့"

မန်(က)စ် ပြောသည့်အတိုင်းပင် သူတို့ခေါင်းများပေါ်တွင် ထင်မှတ်ရအောင် နီးကပ်လှစွာ မိုးကြိုးတစ်ချက် ပစ်ခွင်းလိုက်လေသည်။ မိုးကြိုးသံ ပျောက်ကွယ်သွားသည့်အခါ၌၊ မန်(က)စ်သည် သူ့ မျက်နှာကြီးကို ရှေ့သို့ တိုးကာ၊ မစ္စက် ဘမ်ဘယ်လ် ပြောမည့် စကားကို နားစွင့်လိုက်လေသည်။ ယောကျ်ား နှစ်ယောက်က ပြောမည့်စကားများကို စိတ်အားထက်သန်စွာနှင့် နားစွင့်ရန် ၎င်းတို့၏ မျက်နှာများကို ရှေ့သို့ တိုးလိုက်ကြပြီး မိန်းမကြီးကလည်း သူမ၏ လေသံကလေးနှင့် ပြောမည့် စကားများကို အားထောင်သူ ကြားနိုင်စေရန် အတွက် သူမ၏ မျက်နှာကို ရှေ့သို့တိုးလိုက်သဖြင့် ၎င်းတို့

www.burmeseclassic.com



သုံးယောက်သား၏ မျက်နှာများမှာ တစ်ခုနှင့်တစ်ခု ထိကပ် သွားတော့မလားဟု ထင်မှတ်ရလေ၏။ ထုပ်တွင် ကြိုးနှင့်ဆွဲထားသည့် မီးအိမ်မှ မှုန်ရီရီမီးရောင်အောက်တွင် သူတို့၏ မျက်နှာများမှာ တစ်မျိုးအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းနေတော့လေ၏။

"အဲဒီ ဝမ်းဆွဲကြီး သေတော့၊ အခန်းထဲမှာ သူနဲ့ ကျွန်မပဲ ရှိတယ်" ဟု မစ္စက်ဘမ်ဘယ်လ်က စတင်၍ ပြောလိုက်လေသည်။

"အခြား ဘယ်သူမှ အနီးအနားမှာ မရှိဘူးလား၊ ခင်ဗျားတို့နှစ်ယောက် ပြောကြတဲ့ စကားတွေကို ဘေးကကြားပြီး နားလည်နိုင်မယ့် အခြား လူမမာတွေကော အခန်းထဲမှာ မရှိကြဘူးလား"

"တစ်ယောက်မှ မရှိပါဘူး၊ လူမမာနဲ့ နှစ်ယောက်တည်းပဲ ရှိပါတယ်၊ သူ သေသွားတော့ ကျွန်မ တစ်ယောက်တည်းပဲ သူ့ဘေးမှာ ရှိတယ်"

"ကောင်းတယ်...ကဲ ဆက်ပြောပါဦး" ဟု မန့်(က)စ်က မစ္စက်ဘမ်ဘယ်လ်ကို စိတ်အားထက်သန်စွာ စူးစိုက်ကြည့်ရှုရာက ပြောလိုက်လေသည်။

"သူ အိပ်နေတဲ့ ခုတင်၊ သူရောက်နေတဲ့ အခန်းထဲမှာပဲ လွန်ခဲ့တဲ့ ၁၀–နှစ်ကျော်လောက်က ကလေး မွေးသွားတဲ့ မိန်းမတစ်ယောက် အကြောင်း သူက ပြောပြပါတယ်၊ အဲဒီ မိန်းမမွေးတဲ့ ကလေးကတော့ ရှင် မနေ့ညက ပြောတဲ့ ကောင်ကလေးပါပဲ၊ အဲဒီ မိန်းမဆီက ဝမ်းဆွဲကြီးက တစ်စုံတစ်ခု ခိုးယူခဲ့တယ်။ အဲဒီဟာကို မိခင်ကလေးက သူ့ကလေး အတွက် ဝမ်းဆွဲဘီဘီအား အပ်သွားခဲ့တာပဲ၊ ဒါပေမဲ့ ကောင်မကြီးက မိခင် ကလေးလည်း သေသွားရော၊ ချက်ချင်းပဲ ခိုးထားလိုက်တာပဲ"

"အဲဒီ ဟာကလေးကို ဝမ်းဆွဲကြီးက ရောင်းစားပစ်လိုက်တယ် မဟုတ်လား၊ ဘယ်သူ့ဆီမှာ ရောင်းလိုက်သလဲတဲ့ ဘယ်တုန်းကတဲ့လဲ"

"ဝမ်းဆွဲကြီးက သူ အဲဒီဟာကလေးကို ခိုးယူတဲ့ အကြောင်း ပြောနေရင်းကပဲ အသက်ထွက်သွားခဲ့တာပဲ"

"သူ နောက်ထပ် ဘာမှ မပြောတော့ဘူးလား..." ဟု မန့်(က)စ်က နှိမ်ထား၍ပင် ပို၍ ကြောက်ရွံ့စရာ ကောင်းနေလှသော မချင့်မရဲ အသံကြီးနှင့် မေးလိုက်လေသည်။ ထိုနောက် ဆက်လက်၍ ဒေါသကြီးလှစွာနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"မင်း ညာတာပါ၊ ငါ့ကို ယီးတီးယားတား လုပ်လို့မရဘူးနော်၊ ဝမ်းဆွဲကြီးက ဒီထက်မက ပြောသွားမှာပါပဲ၊ မင်းတို့ကို သတ်ချင်သတ်ရပါစေ ငါ အမှန်ကိုတော့ သိရမယ်"

"ဝမ်းဆွဲကြီးက ကျွန်မ ပြောပြီးတာထက် တစ်ခွန်းမှ ပိုပြော မသွားပါဘူး..." ဟု မစ္စက်ဘမ်ဘယ်လ်သည် မန့်(က)စ်၏ ဒေါသကို မတုန်မလှုပ် ကြောက်ရွံ့ခြင်း မရှိဟန်နှင့် ပြန်ဖြေလိုက်လေသည်။ "ဒါပေမဲ့ သူ အသက် ထွက်ခါနီးကျတော့ ကျွန်မ ဂါဝန်စကို လက်တစ်ဖက်နဲ့ တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ထားခဲ့တယ်။ သူ အသက်ထွက်သွားပြီး၊ ကျွန်မလည်း ဒီလက်ကို ကျွန်မ ဂါဝန်က ဖြေလိုက်တော့ လက်ထဲမှာ စက္ကူစကလေး တစ်ခု တွေ့ရတယ်"

"စက္ကူစထဲမှာ ဘာပါသလဲ"

"ဘာမှ မပါပါဘူး၊ အပေါင် လက်မှတ်ကလေးပါ"

"ဘာကို ပေါင်ထားတာလဲ"

"ပြောပြမှာပေါ့လေ၊ ကျွန်မ ပြောပြတာကိုသာ နားထောင်စမ်းပါ။ သူငယ်ကလေးရဲ့ မိခင်က သူ့ဆီမှာ အပ်သွားတဲ့ ဥစ္စာကို ဝမ်းဆွဲကြီးဟာ သူ့ဆီမှာ အတော်ကြာအောင် ထိန်းသိမ်းထားပြီးမှ ပေါင်သုံးခဲ့တာနဲ့ တူတာပဲ၊ ဒါပေမဲ့ အဆုံးမခံဘဲ အတိုးမှန်မှန် ပေးသွားနိုင်အောင် ဟိုကရှာ သည်ကစုနဲ့ ကုတ်ကုတ်ကတ်ကတ် ကြိုးစားခဲ့တယ်၊ သူသေသွားတဲ့အခါကျတော့ အပေါင် လက်မှတ်ဟာ ၂–ရက် ကြာရင် ဆုံးတော့မယ်။ ကျွန်မလည်း တစ်နေ့နေ့ကျရင် အသုံးဝင်လာမှာပဲလို့ တွေးပြီး ရွေးယူထားလိုက်တယ်"

"ခု အဲဒါ ဘယ်မှာလဲ"

"ဟောဒီမှာပဲ" ဟု မိန်းမကြီးက ပြန်ဖြေလိုက်လေသည်။ ပြီးနောက် သူ့ထံမှ လွတ်မြောက်သွားသည်ကို စိတ်သက်သာရာ ရသွားသည့် အမူအရာနှင့် ဘားပွဲပေါ်သို့ သိုး သားရေအိတ်ကလေး တစ်ခုကို ပစ်တင်ပေးလိုက်ရာ မန့်(က)စ်လည်း စိတ်အား ထက်သန်စွာနှင့် ဖွင့်ကြည့်လိုက်လေ၏။ သားရေအိတ်ထဲတွင်ကား ရွှေ လော့ကက်သီးကလေး တစ်ခုကို တွေ့ရလေသည်၊ လော့ကက်သီးကလေး အထဲတွင်ကား ဆံပင်နှစ်ခွေနှင့် လက်ထပ် လက်စွပ် တစ်ကွင်းကို ထပ်မံ တွေ့ရပြန်လေ၏။

"လက်စွပ်ရဲ့ အတွင်းဘက်မှာ 'အက်ဂနီးစ်ဆိုတဲ့ နာမည်ကလေး တစ်ခု ထွင်းထားတယ်၊ မျိုးရိုး နာမည်အတွက်လည်း နေရာ ချန်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီးတော့မှ လက်ထပ်တဲ့ နေ့စွဲ၊ အဲဒီနေ့စွဲဟာ သူငယ်ကလေးကို မမွေးခင် တစ်နှစ်လောက် အချိန်ပဲဆိုတာ ကျွန်မ စုံစမ်းကြည့်လို့ သိရတယ်"

"ဒါပဲလား"

"ဒါပါပဲ"

မစ္စတာဘမ်ဘယ်လ်သည် သက်ပြင်းကြီး တစ်ချက် ချလိုက်လေသည်။ သူ့ မိန်းမ ပြောစရာရှိသည်တို့မှာ ပြီးသွားပြီ၊ ရထားသည့် ရွှေဒင်္ဂါး ၂၅-ပြားကို ပြန်ပေးစရာ ကိစ္စ မရှိတော့သသည်ကို သူသည် အတော်ကြီး ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်၊ စိတ်လည်း သက်သာရာ ရသွားဟန် တူလေ၏။

"ကျွန်မ ဒီ ကိစ္စနဲ့ ပတ်သက်လို့ ကျွန်မ တွေးထင်မိတာကထက် ပိုပြီး ဘာမှ မသိပါဘူး၊ သိလည်း မသိချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မသိတာက ကျွန်မအတွက် ပိုကောင်းမယ် ဆိုတာကို နားလည်လို့ပါပဲ၊ ဒါပေမဲ့ ရှင့်ကို မေးစရာ နှစ်ခုတော့ မေးချင်တယ်"

"မေးချင် မေးပေါ့ဗျာ၊ ဒါပေမဲ့ ဒီမေးခွန်းတွေကို ကျွန်တော် ပြန်ဖြေချင်မှ ဖြေမှာပဲ"

"ကျွန်မ ပြောခဲ့တာဟာ ရှင် သိချင်တဲ့ အကြောင်းအရာပဲလား၊ ကျွန်မ ခုန ပေးလိုက်တဲ့ ဥစ္စာဟာ ရှင် ကျွန်မဆီက ရလိမ့်မယ်လို့ မျှော်လင့် နေခဲ့တာပဲလား"

"ဟုတ်တယ်၊ ကဲ နောက် မေးခွန်းတစ်ခုကကော"

"ရှင် အဲဒီဟာကလေးကို ဘာလုပ်ပစ်မလို့လဲ၊ ဒီဟာကလေးကြောင့် တစ်နေ့နေ့ကျရင် ကျွန်မအပေါ် အမှုလာပတ်နိုင်စရာ အကြောင်းများ ရှိသလား"

"ဘယ်တော့မှ ရှိမှာ မဟုတ်ဘူး၊ ခင်ဗျားအပေါ်လည်း မပတ်ပါဘူး ကျုပ်အပေါ်လည်း ပတ်နိုင်မှာ မဟုတ်ဘူး ဒီမှာကြည့်..."

ပြောပြောဆိုဆို မန့်(က)စ်သည် ရတ်တရက်ကြီး...စားပွဲကို တွန်းဖယ်ပစ်လိုက်ကာ ကြမ်းပြင် တစ်နေရာမှ ထွက်နေသည့် သံကွင်းကလေး တခုကို ဆွဲလိုက်ခြင်းအားဖြင့် အံဖုံး တံခါးချပ်ကို ဖွင့်လိုက်လေ၏။ တံခါးကလေးမှာ မစ္စတာဘမ်ဘယ်လ်၏ ခြေရင်းတွင် ပွင့်သွားခြင်း ဖြစ်သောကြောင့် ...သည် ကြောက်ရွံ့ ထိတ်လန့်စွာနှင့် နောက်သို့ သုံးလေးလှမ်း ဆုတ်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ငုံ့ကြည့်စမ်း" ဟု မန့်(က)စ် အပေါက်ထဲသို့ မီးအိမ်ကို နှိပ်ချလိုက်ရင်းက ပြောလိုက်လေသည်။ "ကျုပ်ကို မကြောက်ကြပါနဲ့လေ၊ ကျုပ်သာ အလိုရှိခဲ့လို့ရှိရင်...ခင်ဗျားတို့ နှစ်ယောက် ဒီ အပေါက်ပေါ် ထိုင်နေတုန်းကတည်းက အေးအေးဆေးဆေး တံခါးကို ဖွင့်ချလိုက်နိုင်ပါတယ်"

ဤသို့ မန့်(က)စ်၏ အားပေးမှုများကြောင့် ပထမဦးဆုံး မိန်းမကြီးသည် အံဖုံး အပေါက်ဝ၏ အစပ်နားသို့ ကပ်လာကာ မစ္စတာ ဘမ်ဘယ်လ်သည်လည်း သိချင်စိတ် ပြင်းပြလာပြီး တိုးကပ်လာပြန်လေ၏။ အပေါက်မှနေ၍ ငုံ့ကြည့်လိုက်လျှင်ကား မိုးရွာနေသဖြင့် လျှံတက်ကာ စက် ကိရိယာကြီး တစ်ခု၏ အစိတ်အပိုင်းများ ဖြစ်ဟန်ရှိသည့် သံတိုသံစ ဘီးအပျက်တစ်ခုကြားမှနေ၍ ဒလဟော စီးဆင်းလျက်ရှိသော ရေများကို တွေ့ကြရလေ၏။

"ဒီ အပေါက်ကနေ လူတစ်ယောက်ရဲ့ အလောင်းကို ပစ်ချလိုက်တယ်ဆိုရင် မနက်ဖြန်ကျတော့ အလောင်းဟာ ဘယ်နေရာကို ရောက်သွားမယ် ထင်သလဲ" ဟု မန့်(က)စ်က မေးလိုက်လေသည်။

"မြစ်ထဲက ၁၂–မိုင်လောက်မှာ ရောက်သွားမှာပေါ့၊ နောက်ပြီး အလောင်းဟာ အပိုင်းပိုင်း အစိတ်စိတ် ဖြစ်နေမှာပဲ" ဟု မစ္စတာ ဘမ်ဘယ်လ်က ပြန်ဖြေလိုက်ပြီး ကြက်သီးထလိုက်လေသည်။

မန့်(က)စ်သည် သူ့ အိတ်ထဲတွင် ထည့်ထားခဲ့သည့် သားရေအိတ်ကလေးကို ကပျာကယာ ပြန်ထုတ်ယူလိုက်ကာ စက်သီးတစ်ခု၏ အပိုင်းအစဖြစ်သော အလေးတစ်စုနှင့် ချည်လိုက်ပြီးနောက် အပေါက်မှနေ၍ ရေထဲသို့ ပစ်ချလိုက်လေ၏။ သားရေအိတ်ကလေးသည် ရေထဲသို့ တည့်တည့်မတ်မတ်ကြီး ကျသွားကာ အသံမျှပင် မကြားရတော့ဘဲ စုံးစုံးနစ်မြုပ်သွားတော့လေ၏။

သုံးယောက်သားသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ထိုင်ကြရာက အတော်ကြီး စိတ်သက်သာရာ ရသွားကြဟန် တူလေ၏။

"ကဲ..." မန့်(က)စ်သည် အံဖုံးတံခါးကို ပြန်ပိတ်လိုက်လေသည်။ "စာအုပ်တော့ထဲမှာ ပါတဲ့အတိုင်း ဆိုရင်တော့ ပင်လယ်ကြီးဟာ သူ့ရဲ့အသေကောင်တွေကို ပြန်ပေးလေ့ ရှိတယ်တဲ့၊ ဒါပေမဲ့ သူ့ရဲ့ ရတနာတွေကိုတော့ ဘယ်တော့မှ ပြန်ပေးမှာ မဟုတ်ဘူး၊ လုံလုံခြုံခြုံ သိမ်းထားမှာပဲ။ ကျုပ်တို့ နောက်ထပ် ပြောစရာမရှိတော့ဘူး လူစုခွဲကြဖို့ပဲ ရှိတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခွဲကြတာပေါ့" ဟု မစ္စတာဘမ်ဘယ်လ်က သွက်သွက်လက်လက်ကြီး လက်ခံလိုက်လေသည်။

"ခင်ဗျားကြီး နှုတ်လုံကောင်းပါရဲ့နော်" ဟု မန့်(က)စ် က မစ္စတာဘမ်ဘယ်လ်ကို ခြိမ်းခြောက်သည့် မျက်နှာထားကြီးနှင့် ကြည့်ရာက ပြောလိုက်လေသည်။ "ခင်ဗျား မိန်းမအတွက်တော့ ကျုပ် မစိုးရိမ်ပါဘူး"

"ကျုပ်ကို စိတ်ချပါ သူငယ်" ဟု မစ္စတာ ဘမ်ဘယ်လ်သည် ပြောရင်းက ဦးတည္တတ်ည္တတ်နှင့် လှေကားဆီသို့ ချဉ်းကပ်သွားလေသည်။ အားလုံးအတွက် ကျုပ်အတွက် ကျုပ်ဟာ နှုတ်လုံပါ့မယ်"

"ခင်ဗျား ဒီလိုပြောတာကို ခင်ဗျားအတွက် ကျုပ် ဝမ်းသာပါတယ်၊ ကဲ အမြန်ဆုံး ထွက်သွားကြပေတော့"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၂၂။ သတင်းပေးသူ

အထက်တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ပျက်ပြီးနောက် နောက်တစ်နေ့ည နေခင်းတွင် မစ္စတာ ဆိုက်စ်သည် အိပ်ပျော်နေရာမှ နိုးလာကာ အိပ်မှုန်စုံမွှား နှင့် "ဘယ်အချိန်ရှိပြီလဲ" ဟု မေးလိုက်လေ၏။

သူ ရောက်နေသည့် အခန်းကား ချာတ်စီသို့ ခရီးမထွက်ခင်က သူ နေခဲ့သည့် ယခင်ကအခန်း မဟုတ်ပေ၊ သို့ရာတွင် ရပ်ကွက်ကတော့ အတူတူ သာလျှင် ဖြစ်ကာ၊ သူ့ ယခင်အခန်းဟောင်းမှာ ယခု သူ ရောက်နေသည့် အခန်းနှင့် ဘာမှ ဝေးကွာလှခြင်းကား မရှိပေ။ အခန်း၏ အခြေအနေကို ကြည့်ရခြင်းအားဖြင့် အိမ်ဖော်သမားကြီး မစ္စတာ ဆိုက်စ်၏ အခြေအနေမှာ သိသိသာသာကြီး နိမ့်ကျလာရုံသာ မက အတော်ကြီးလည်း အကျပ်အတည်း တွေ့နေရသည့် အချက်ကို ထင်ရှားစွာ ဖော်ပြလျက် ရှိလေ၏။

ဆိုက်စ်ကား ညဝတ်အင်္ကျီအစား သူ၏ ကုတ်အင်္ကျီ အရှည်ကြီးကို ဝတ်ကာ လဲလျောင်းလျက် ရှိလေသည်။ သူ့ မျက်နှာမှာလည်း သူသည် ဆာလောင်၍ နေထိုင် မကောင်းနေကြောင်းကို ဖော်ပြနေကာ သီတင်းတစ်ပတ်မျှ မရိတ်ဘဲ ထားခဲ့သော မုတ်ဆိတ်မွေးများ ထူထပ်စွာ ဖုံးလွှမ်းထားလျက် ရှိလေ၏။ သူ့ ခုတင်ဘေးတွင်ကား၊ သူ့ ခွေးသည် ခွေလျက်ရှိရာက ပြတင်း ပေါက်နားတွင်ကား ဆင်းရဲဒုက္ခ၏ ဒဏ်ချက်ကြောင့် အတော်ကြီး အသွင် အပြင် ညှိုးနွမ်းနေသည့်အတွက် ရုတ်တရက်အားဖြင့် မမှတ်မိနိုင်အောင် ရုပ်ကျနေသော နန်စီသည် ဆိုက်စ်၏ အတွင်းခံအင်္ကျီ ပိတ်ထည်ကို ဖာထေး

www.burmeseclassic.com



နေလေသည်။ ဆိုက်စ်၏ မေးခွန်းကို ပြန်ဖြေလိုက်သည့် အသံနှင့်သာလျှင် သူမမှာ နန်စီဖြစ်ကြောင်း သိသာနိုင်မည် ဖြစ်လေ၏။

"၇-နာရီ ထိုးပြီးတာ ကြာလှပြီ ဘီလ်၊ ဒီည ဘယ့်နှယ် နေသေးသလဲ"

"ရေလိုပဲ အားပျော့နေတာပေါ့ကွာ၊ ဟော့ ငါ့ကို လာထူစမ်း၊ ဒီ ခေါက်ခုတင်ပေါ်က ငါ့ကို ထူပေးစမ်းပါဟ"

ဖျားနာခြင်းသည် ဆိုက်စ်၏ စိတ်ကို ဘယ်လိုမှ တိုးတက် ကောင်းမွန်လာစေခြင်း ရှိဟန်မတူ၊ သူ့အား လာရောက်ထူပေးနေသည့် နန်စီအား စိတ်တိုင်းမကျတိုင်း ဆဲဆိုရေရွတ်ရင်းက တစ်ချက် ရိုက်လိုက်လေသည်။ ဤတွင် နန်စီလည်း သူမ၏ ထုံးစံအတိုင်း တက်သွားလေရာ ဆိုက်စ်လည်း အကူအညီ အော်တောင်းရလေ၏။

"ဘာဖြစ်နေတာလဲ ကိုယ့်လူ" ဟု ပြောပြောဆိုဆို ရေဝတီကြီး ဖေဂင်သည် အခန်းထဲသို့ ရောက်လာလေ၏။

"ဟိုမိန်းကလေးကို တစ်ခုခု လုပ်ပေးလိုက်ပါဦး လေကွာ…ငါ့ကို ဘာစပ်ဖြဲဖြဲ ကြည့်နေတာလဲ"

ဖေဂင်လည်း အံ့အား သင့်သွားဟန်နှင့် အာမေဋိတ်သံ ပြုလိုက်ပြီးနောက် တက်နေသော နန်စီအား ပြုစုလေ၏။ သူနှင့်အတူ အခန်းထဲသို့ လိုက်ဝင်လာသော ဒေါ့ဂျားကလည်း သူ့ လက်ထဲမှ အထုပ်ကြီး တစ်ထုပ်ကို ပစ်ချလိုက်ကာ၊ သူ့နောက်မှ လိုက်ဝင်လာသည့် ချာလီဘိတ်စ်၏ လက်ထဲမှ ပုလင်းတစ်လုံးကို ဆွဲယူလိုက်လျက် ဘူးဆို့ကို ကပျာကယာဖွင့် တစ်ချက်မော့၍ စမ်းသပ် မြည်းကြည့်ပြီးနောက်မှ နန်စီ၏ ပါးစပ်တွင်းသို့ ပုလင်းထဲမှ အရည်များကို လောင်းချလေ၏။

"ဟော့…သူ့ မျက်နှာကို ယပ်ခတ်ပေးပါ ချာလီရ" ဟု ဒေါ့ဂျားက ခိုင်းလိုက်လေသည်။ "ဖေဂင်က သူ့ လက်တွေကို ဆုပ်ပေးစမ်း၊ ဘီလ်က တော့ သူ့ အကျီကို လျှော့ပေးလိုက်ပါ"

သူတို့၏ ဝိုင်းဝန်း ပြုစုချက်ကြောင့် နန်စီလည်း အတက်ကျသွားပြီး သတိပြန်လည်ကာ ခုတင်ဘေးမှ ကုလားထိုင်ဆီသို့ ဒယိမ်းဒယိုင် လျှောက်သွားပြီး ထိုင်ချလိုက်ကာ၊ ခေါင်းအုံးတစ်လုံးတွင် သူမ၏ မျက်နှာကို မှောက်ချ ဝှက်ထားလိုက်လေသည်။ ဤတွင်မှ ဆိုက်စ်လည်း၊ မမျှော်လင့်ဘဲ သူ့

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ရောက်လာကြသည့် ဖေဂင်တို့ လူစုအား၊ အံ့အားသင့်သော မေးခွန်းကို မေးမြန်းနိုင်တော့လေသည်။

"မင်းတို့ကို ဘယ် မကောင်းဆိုးဝါးတွေကများ ဒီကို ပို့လိုက်တာလဲကွ" ဟု သူသည် ဖေဂင်အား လှမ်းမေးလိုက်လေသည်။

"မကောင်းဆိုးဝါးတွေက ပို့လိုက်တာ မဟုတ်ပါဘူးဗျာ၊ မကောင်းဆိုးဝါး ဆိုတာက ဘယ်သူ့ကိုမှ ကောင်းကျိုး ပေးတတ်တာ မဟုတ်ဘူး၊ ကျုပ်တို့ ခင်ဗျားဆီကို ရောက်လာတာ ခင်ဗျားကောင်းဖို့ပဲ၊ ဒေါ့ဂျားရေ... သူ့ဖို့ တို့မှာရှိတဲ့ ပိုက်ဆံကလေး အကုန်လုံးနဲ့ ဝယ်လာတဲ့ ဟာကလေးတွေကို ပြလိုက်ပါကွယ်..."

"ဒါတွေက အရေးမကြီးပါဘူးလေ၊ အရေးကြီးတာက ဝိုင်ကွ...ငါ ဒီကနေ့ညအတွင်း ဝိုင်လိုနေတယ်"

"ကျုပ်ဆီမှာ ပိုက်ဆံ တစ်ပြားမှ မရှိတော့ဘူးဗျ"

"မင်းအိမ်မှာ အများကြီး ရှိပါတယ်ကွာ၊ ငါ ဒီကနေ့ ဝိုင်မရလို့ မဖြစ်ဘူးကွ"

"ဘုရားရေ ဘယ်ကလာ အများကြီး ရှိရမှာလဲ..."

"မင်းဆီမှာ ဘယ်သောက် များတယ်ဆိုတာ ငါ မသိဘူး၊ မင်းလည်း မသိပါဘူး၊ ဘာပြုလို့လဲဆိုတော့ မင်းဆီမှာ ရှိတဲ့ ပိုက်ဆံတွေ အားလုံးကို ရေကြည့် ရမယ်ဆိုရင် အချိန် အတော်ကြာမှာကိုးကွ၊ ဒါပေမဲ့ ငါ ဒီကနေ့ည ပိုက်ဆံရမှ ဖြစ်မယ် ဒါ နောက်ဆုံးစကားပဲ..."

ဖေဂင်လည်း သက်ပြင်းကြီးတစ်ချက် ချလိုက်လေသည်။ "ကောင်းပြီလေ တော်တော်ကလေး ကြာတော့ ဒေါ့ဂျားနဲ့ အပို့ခိုင်းလိုက်ပါ့မယ်..."

"အံမာ ဒီလို ဘယ်ရမလဲကွာ၊ နန့်စီကို ခေါ်သွား နန့်စီ လိုက်ယူလိမ့်မယ်"

ဖေဂင်တို့ လူစုလည်း နန့်စီကို ခေါ်ဆောင်ကာ ၎င်းတို့ အိမ်သို့ ပြန်ခဲ့ကြလေသည်။ ဆိုက်စ်ကတော့ ခုတင်ပေါ်တွင် ပြန်အိပ်ရင်းက၊ နန့်စီ ပြန်လာမည့် အချိန်ကို စောင့်မျှော်နေလေ၏။

ဖေဂင်တို့ လူစုသည် ၎င်းတို့၏ အိမ်သို့ ပြန်ရောက်လာကြသည့် အခါတွင်၊ အိမ်ထဲ၌ တော့ဘီခရစ်ကစ်နှင့် တွမ်ချစ်တလင်းတို့သည် ၁၅-ကြိမ်မြောက် ဖဲ ကစားနေကြသည်ကို တွေ့ကြရလေ၏။ ခရစ်ကစ်သည် မိမိထက် အဆင့်အတန်း နိမ့်ကျသည့် တွမ်ချစ်တလင်ကဲ့သို့ လူစားမျိုးနှင့် ဖဲ

www.burmeseclassic.com



ကစားနေခြင်းကို ဘေးလူများ တွေ့သွားသည့်အတွက် ရှက်သွားဟန်နှင့် တစ်ချက်မျှ သမ်းဝေလိုက်ကာ၊ ဆိုက်စ်အကြောင်း မေးမြန်းပြီး ပြန်သွားတော့လေသည်၊ ဒေါ်ဂျားတို့ လူစုသည် နန်စီအား ခေါင်းညိတ် နှုတ်ဆက်ကာ၊ အခန်းထဲမှ ထွက်သွားကြပြန်လေ၏။

"ကဲ...ငါ ပိုက်ဆံသွားယူဦးမယ် နန်စီ" ဟု ဖေဂင်က ဒေါ်ဂျားတို့ လူစု အခန်းထဲမှ ထွက်သွားသည့်အခါတွင် ပြောလိုက်လေသည်။ "ဒီ သော့ကလေးဟာ ကောင်ကလေးတွေအတွက် နည်းနည်းပါးပါး ထားတဲ့ ဗီရို ကလေးက သော့ပါကွ၊ ဟော ဘယ်သူများလဲဟေ့...နားထောင်စမ်း" ဟု ဖေဂင်သည် သော့ကလေးကို သူ့ ရင်ကြားထဲသို့ ပြန်ဝှက်ထားလိုက်ရာက ပြောလိုက်လေသည်။

စားပွဲတွင် လက်များကို ပိုက်လျက် ထိုင်နေသော နန်စီကား ဘယ်သူ လာလာ ဘယ်သူ သွားသွား ဂရုစိုက်ဟန် မတူ၊ သို့ရာတွင် အခန်းထဲသို့ ရောက်လာသူ၏ စကားပြောသံကို ကြားလိုက်ရလျှင်ကား သူမ၏ အမူအရာ သည် ချက်ချင်း ပြောင်းလဲသွားလေသည်။ သူမ ဆောင်းထားသည့် ဦးထုပ် နှင့် ခြုံထားသည့် ရှောစောင်ကလေးကို လျှပ်စစ်ကဲ့သို့သော လျင်မြန်ခြင်း နှင့် ဖယ်ရှားပစ်လိုက်ကာ၊ စားပွဲအောက်သို့ ထိုးထည့်လိုက်လေ၏။ ဖေဂင် က လှည့်ကြည့်လိုက်သည့် အခါတွင် ပူလှ အိုက်လှသည်ကို ပျင်းတွဲလေးလံ သောအသံနှင့် နန်စီက ညည်းညူလိုက်ခြင်းဖြင့် သူမ၏ အပြုအမူကို ဆင်ခြေ ပေးလိုက်လေသည်။ သို့ရာတွင် သူမ၏ အပြုအမူကား သူမ ပြောလိုက်သည့် အသံနှင့် မလိုက်အောင် လျင်မြန် သွက်လက်ခြင်း ရှိခဲ့လေသည်။ ဖေဂင် ကတော့ ထိုစဉ်က သူမကို ကျောပေးထားခဲ့တဲ့အတွက် ထို ထူးခြားသော အပြုအမူကို သတိမပြုမိလိုက်ချေ။

"ရှပ်လိုက်တာကွာ" ဟု ဖေဂင်က ထိုလူရောက်လာသည်ကို သဘော မတွေ့ဟန်နှင့် တိုးတိုး ရေရွတ်လိုက်လေသည်။ "သူ့ကို ငါ ခပ်စောစောက မျှော်လင့်နေမိတယ်။ သူ ဒီမှာရှိတုန်း ငွေအကြောင်းနဲ့ ပတ်သက်လို့ တစ်ခွန်း မှ မပြောနဲ့နော်၊ သူ ကြာမှာ မဟုတ်ပါဘူးနော်။ ၁၀-မိနစ်လောက်ပါပဲ"

အခန်းထဲသို့ ဝင်လာသူကား မန့်(က)စ် ဖြစ်လေ၏။

နန်စီသည် စားပွဲနားသို့ ပို၍ တိုးကပ်လိုက်ပြီး၊ ဂရုမစိုက်သည့် အမူ အရာမျိုးနှင့် တစ်ချက် လှမ်းကြည့်လိုက်လေသည်။ သို့ရာတွင် မန့်(က)စ် က ဖေဂင်တို့ဘက်သို့ လှည့်သွားသည့် အခါတွင်ကား စူးရှထက်လှသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများဖြင့် နောက်တစ်ကြိမ် ထပ်မံ၍ လေးလေးနက်နက် အကဲခတ်ကြည့်ရှုလိုက်ပြန် လေသည်။ ထိုအကြည့်မျိုးမှာ ကွဲပြားလွန်းလှသဖြင့် သတိပြုမိသည့် လူသည်၊ တစ်ယောက်တည်းသော လူက "ကြည့်လိုက်တာရှ ဟုတ်ပါ့မလား" ဟု ယုံမှားမိမည် ဖြစ်လေ၏။

"သတင်းများ ထူးသလား" ဟု ဖေဂင်က မန့်(က)စ် ကို မေးလိုက်လေသည်။

"ထူးတာပေါ့၊ ထူးတာမှ သိပ်ထူးတာ"

"သတင်းကောင်းလား..."

"မဆိုးပါဘူးလေ" ဟု မန့်(က)စ်က ခပ်ပြုံးပြုံး ပြန်ဖြေလိုက်လေသည်။ ဒီ တစ်ခါတော့ ကျုပ်က အတော်လျင်တာကိုး၊ ကဲ မင်းနဲ့ စကားတစ်ခွန်းလောက် ပြောပါရစေ"

နန်စီကား စားပွဲတွင်သာ ပေထိုင်နေလေသည်၊ ဖေဂင်လည်း သူမကိုနှင်ထုတ်လိုက်ကာ မန့်(က)စ်အား သူ မသိစေချင်သည့် ငွေ အကြောင်းကို ပြောမည် စိုးသည့်အတွက် အပေါ်ထပ်သို့ လက်ညိုးညွှန်ပြပြီး၊ မန့်(က)စ်နှင့်အတူ အခန်းထဲမှ ထွက်သွားလေ၏။

သူတို့၏ ခြေသံများသည် အိမ်ကြီး တစ်အိမ်လုံး၌ ပဲ့တင်သံ ရိုက်ဟပ်သံ ပျောက်ကွယ်၍ မသွားခင်မှာပင် နန်စီသည် ဖိနပ်ချွတ်ပစ်လိုက်ကာ၊ သူမ၏ ဂါဝန်ကြီးကို မ,ယူလျက် ခေါင်းပေါ်တွင် ခြုံလိုက်ပြီး၊ တံခါးပေါက်နားတွင် ရပ်ကာ နားစွင့်လေ၏။ ခြေသံများ တိတ်ဆိတ် သွားသည်နှင့်တစ်ပြိုင်နက် သူမသည် အခန်းထဲမှ တိတ်ဆိတ်စွာ ထွက်ကာ လှေကားကြီးမှတစ်ဆင့် အပေါ်ထပ်သို့ ယုံကြည်နိုင်ဖွယ် မရှိသော တိတ်ဆိတ်ညင်သာမှုဖြင့် တက်သွားကာ မှောင်ရိပ်များတွင် ပျောက်ကွယ်သွားလေ၏။

၁၅–မိနစ် ကျော်ကျော်လောက် ကြာသွားသည့် အခါတွင်ကား နန်စီသည် ယခင်ကအတိုင်းပင် တိတ်ဆိတ် ညင်သာစွာ လှေကားပေါ်မှ ပြန်ဆင်းလာကာ အခန်းထဲသို့ ပြန်ရောက်လာပြီး၊ ချက်ချင်း လိုလိုမှာပင် ဖေဂင်နှင့် မန့်(က)စ်တို့ လှေကားမှ ဆင်းလာသံကို ကြားရလေသည်။ မန့်(က)စ်သည် ချက်ချင်းပင် အိမ်ထဲမှ ထွက်သွားတော့ကာ ဖေဂင်ကတော့ နန်စီအတွက် ပိုက်ဆံ ယူပေးရန် အိမ်ပေါ်ထပ်သို့ တက်သွားလေ၏။ သူ ပြန်လာသည့် အခါ၌ကား နန်စီမှာ ဦးထုပ်ကို ဆောင်းကာ ရှောဓောင်ခြင်းပျက် ပြန်ရန် အဆင်သင့် ပြင်နေသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ငွေစ တစ်စကို နန်စီ့ လက်ထဲသို့ ထည့်ပေးလိုက်တိုင်း သက်ပြင်း တစ်ချက်ချရာက ဖေဂင်သည် နန်စီအား ပိုက်ဆံများကို ရေတွက်ပေးလိုက် ပြီးနောက် သူတို့နှစ်ယောက်သည် နှုတ်ဆက်ကာ လူချင်းခွဲကြလေ၏။

ဆိုက်စ်ထံသို့ ပြန်ရောက်လာသည့် အခါ၌ နန်စီသည် သူမ ခံစား နေရသည့် စိတ်လှုပ်ရှားမှုကို ဖော်ပြမိပါက၊ ဆိုက်စ်သည် သတိပြုမိဟန် မတူချေ။ ငွေရခဲ့သလောဟု မေးမြန်းပြီးနောက်၊ နန်စီက ရခဲ့ကြောင်း ပြန်ဖြေ လျှင် ကျေနပ်စွာ တစ်ချက် ရေရွတ်လိုက်ရာက၊ ပြန်၍ အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့သို့ ကူးပြောင်းခဲ့လျှင်ကား၊ ဆိုက်စ်တွင် ပိုက်ဆံ ရှိနေခြင်းသည် နန်စီအတွက် ကံကောင်းခြင်းပင် ဖြစ်သည်ဟု ဆိုရမည် ဖြစ်လေ၏။ အကြောင်းမှုကား ဆိုက်စ်သည် ရသည့်ပိုက်ဆံနှင့် အစား အသောက်များကို ဝယ်ကာ အားရ ပါးရ စားသောက်ရသည့်အတွက် သူ့ စိတ်မှာ အတော် ကျေနပ် တင်းတိမ်နေလေရာ၊ နန်စီ၏ အမူအရာ နေပုံထိုင်ပုံ မှာ ထိုနေ့တွင် ထူးခြားနေသည်ကို အကဲခတ်မိဖို့ ဝေးစွ သတိပင် မပြုမိဘဲ ရှိနေလေ၏။

ထိုနေ့ ကုန်ဆုံးသွားသည့်အခါ နန်စီ၏ စိတ်လှုပ်ရှားမှုသည် ပို၍ ပြင်းထန်လာလေသည်။ ညဘက်သို့ ရောက်လျှင်ကား သူမသည် ကုလား ထိုင်ပေါ်တွင် ထိုင်ပြီး ဆိုက်စ်ကား အရက်မူးမူးနှင့် အိပ်ပျော်သွားမည့် အချိန် ကို စောင့်စားနေလေသည်။ ထို အတွင်း သူမ၏ မျက်နှာမှာ ထူးခြားလှစွာ ဖြူရော်နေပြီး၊ မျက်လုံးများမှာမူ မီးတောက်မီးလျှံလို တောက်ပြောင်နေလေ ရာ၊ ဆိုက်စ်ပင်လျှင် အံ့အား သင့်စွာဖြင့် သတိမပြုမိဘဲ မနေနိုင်တော့ပေ...။

"ဟေ့ နင့်မေကလွှား" ဟု ဆိုက်စ်သည် အိပ်ရာထဲတွင် လှဲနေရာမှ ထထိုင်လိုက်ပြီး ပြောလိုက်လေသည်။ "မင်းကို ကြည့်ရတာ အသက် ပြန် ရှင်လာတဲ့ လူသေကောင်ကြီးလိုပဲ၊ ဘာဖြစ်နေတာလဲကွ"

"အို ဘာဖြစ်ရမှာလဲ ဘာမှ မဖြစ်ဘူး၊ ရှင် ကျွန်မကို ဘာပြုလို့ ဒီလို စိုက်ကြည့်နေရတာလဲ ဘီလ်"

ဆိုက်စ်သည် နန်စီကို စိုက်ကြည့်ရင်းက "အင်းလေ ဒီကောင်မလေး လောက် သတ္တိကောင်းပြီး သစ္စာရှိတဲ့ မိန်းမ, မရှိဘူး။ နို့မို့ရင် လွန်ခဲ့တဲ့ ၃–လလောက် ကတည်းက သူ့ကို ငါ လည်လှီး သတ်ပစ်လိုက်ပြီ၊ သူ့ကို ကြည့်ရတာ ဖျားချင်နေတာနဲ့ တူပါရဲ့၊ ဟုတ်ပါတယ်လေ ဖျားချင်လို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုက်စ်သည် သူ့ကိုယ်သူ ဤသို့ ပြန်၍ စိတ်ချစေကာ အရက် ဖန်ခွက်ထဲမှ အရက်များကို ကုန်သွားသည်အထိ မော့ချလိုက်လေသည်။ ပြီးနောက်ကား အမျိုးမျိုး ရေရွတ်တိုင်းထွာရင်းက သူ့ကို ဆေးတိုက်ရန် ခိုင်းလိုက်လေ၏။ နန်စီလည်း သူ၏ ခိုင်းစေချက်ကို သွက်လက် ဖျတ်လတ်စွာ လုပ်ပေးလိုက်လေသည်။ ဆေးကို ဖန်ခွက်ထဲသို့ လောင်းထည့်စဉ် သူမသည် ဆိုက်စ်ကို ကျောပေးထားပြီးနောက် ဆေး ဖန်ခွက်နှုတ်ခမ်းတွင် တေ့ပေးလိုက်လေရာ ဆိုက်စ်လည်း မော့ချလိုက်လေ၏။

"ကဲ…ငါ့နားမှာ လာထိုင်နေစမ်း၊ နောက်ပြီး မင်း ဒီမျက်နှာထားကို ငါ မကြည့်ချင်ဘူး နဂိုကအတိုင်း နေစမ်း၊ မနေနိုင်ရင် မင်းကိုယ်မင်း ပြန်မမှတ်မိအောင် ငါက မင်းမျက်နှာကို ပြင်ပေးလိုက်မယ် ဒါပဲ"

နန်စီလည်း ဆိုက်စ်အနားတွင် လာထိုင်လိုက်လေသည်။ ဆိုက်စ်လည်း သူမ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ ခေါင်းအုံးပေါ်တွင် ခေါင်းကို လှဲချလိုက်ပြီးနောက် သူမ၏ မျက်နှာကို စိုက်ကြည့်နေလေ၏။ သူ၏ မျက်လုံးများသည် ပိတ်သွားလိုက်၊ ပွင့်နေလိုက် ဖြစ်နေပြီးနောက်မှ နန်စီ၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားသည့် လက်သည် ပြေကျသွားကာ အိပ်မွေ့ချခြင်း ခံရသူကဲ့သို့ လေးလေးကြီး အိပ်ပျော်သွားတော့လေ၏။

"အိပ်ဆေးက ခုမှပဲ ထိရောက်တော့တယ်" ဟု နန်စီသည် တစ်ကိုယ်တည်း တီးတိုး ရေရွတ်လိုက်လေသည်။ "ငါ နောက်များ ကျသွားပြီလား…"

သူမသည် ပျာယီးပျာယာ သူမ၏ ကောက်ရိုး ဦးထုပ်ကလေးကို ကောက်ဆောင်းလိုက်ကာ ရှောစောင်ကလေးကိုလည်း ခြုံလိုက်လေသည်။ ထိုအတွင်း အိပ်ဆေးပြယ်သွားပြီး ဆိုက်စ်သည် အိပ်ရာမှ နိုးလာကာ၊ သူ၏ လက်ကြီးများသည် လေးလံလှစွာနှင့် မိမိ၏ ပခုံးများပေါ်သို့ ရောက်လာလေသည်လားဟု မကြာခဏ လှည့်ကြည့် နေတတ်လေ၏။ ပြီးနောက်ကား ခုတင်ဆီသို့ လျှောက်သွားကာ အိပ်ပျော်နေသော ဆိုက်စ်၏ နှုတ်ခမ်းကို သူမ၏ နှုတ်ခမ်းများနှင့် ညင်သာစွာ ဖွင့်လျက် အပြင်သို့ သွက်လက် လျင်မြန်စွာ ထွက်ခဲ့လေ၏။

လန်ဒန်မြို့တော်၏ လူကုံထံ ရပ်ကွက်အတွင်း နန်စီ ရောက်လာသည့် အခါတွင် လမ်းများမှာ လူ အတော်ရှင်းလင်း ပြတ်လပ်လျက် ရှိနေလေသည်။ သူမ၏ ပျာယီးပျာယာ အမူအရာနှင့် ကမူးရှူးထိုး လျှောက်သွားမှုသည် လမ်းပေါ်တွင် ရှိနေသည့် အနည်းငယ်မျှသော လူတွေအား သူမတွင် စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားစေလေ၏။ အချို့သော လူများသည် သူမ နောက်မှ လိုက်လာကြကာ အချို့ကလည်း သူမရှေ့မှ ဝင်၍ ကာဆီး ကာဆီး လုပ်ကြ၏။ သို့ရာတွင် နန်စီသည် သူတို့အား ဂရုမစိုက်ဘဲ လျင်မြန်စွာသာ ဆက်လက်၍ လျှောက်လာခဲ့လေရာ သူမ သွားလိုသည့် နေရာသို့ ရောက်လာသည့်အခါတွင်ကား သူမ တစ်ယောက်တည်းသာ နေတော့လေ၏။

ဟိုက်ပတ် ဥယျာဉ်အနီး၊ သပ်ရပ်သော လမ်းအတွင်းမှ သီးသန့် ဟိုတယ်ကလေး တစ်ခု ဖြစ်လေ၏။ ဟိုတယ်တံခါးတွင် ထွန်းထားသည့် ထိန်ညီးသော ဓာတ်မီးရောင်အောက်သို့ နန်စီ ရောက်လာသည့် အခါတွင် ၇–နာရီထိုးသံကို ကြားရလေ၏။ သူမသည် ဟိုတယ်ရှေ့တွင် ချီတုံချတုံ အမူအရာနှင့် တုံ့ဆိုင်းနေခဲ့သော်လည်း နာရီထိုးသံသည် သူမအား စိတ်ပိုင်းဖြတ်ချက် ချလိုက်စေလေသည်။ တံခါးစောင့်ကား သူ့နေရာတွင် မရှိချေ။ သူမသည် စိတ်မရဲသည့် အမူအရာနှင့် ခေတ္တမျှ လှည့်ပတ်ကြည့်ရှုနေပြီး နောက်မှ အထဲသို့ ဝင်ခဲ့ကာ လှေကားကြီးဆီသို့ လျှောက်ခဲ့လေ၏။

"ဟဲ့ဟဲ့ သူငယ်မကလေး" ဟု အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားသည့် မိန်းမ တစ်ယောက်သည်၊ တံခါးပေါက် တစ်ခုမှ ထွက်ကြည့်နေရာက လှမ်းခေါ်လိုက်လေသည်။

"ညည်း ဘာလိုချင်လို့လဲ"

"ဒီမှာ တည်းခိုနေတဲ့ အမျိုးသမီး တစ်ယောက်ကို တွေ့ချင်လို့ပါ"

"အမျိုးသမီး၊ ဘယ် အမျိုးသမီးလဲ"

"မစ္စမေလီ"

ထိုမိန်းမလည်း ထိုအခါ၌ နန်စီ၏ အသွင်အပြင်ကို အကဲခတ်မိသွားပြီ ဖြစ်ရကား မတူမတန် အမူအရာနှင့် ပြန် မဖြေတော့ဘဲ၊ ယောကျ်ား အစေခံ တစ်ယောက်ကို ခေါ်လိုက်လေသည်။ နန်စီလည်း ထို ယောကျ်ား အစေခံအား သူမ တွေ့ချင်သည့်လူကို ထပ်၍ မေးလိုက်လေသည်။

"ခင်ဗျား နာမည်က ဘယ်သူလဲ"

"နာမည် ပြောပြနေလို့ အကျိုးထူးမှာ မဟုတ်ပါဘူး"

"ကိစ္စကကော..."

"ဒါလည်း အတူတူပါပဲ၊ သူနဲ့သာ ကျွန်မ တွေ့ပါရစေ"

"ကဲကဲ မင်း ဒီမှာ အလကား လာရှုပ်မနေနဲ့ သွားစမ်း" ဟု ပြောပြော ဆိုဆို ယောကျ်ား အစေခံသည် နန်စီအား အပြင်ဘက်သို့ တွန်းထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မသွားဘူး၊ ရှင်တို့ ပွဲ့ထုတ်သွားမှ ဖြစ်မှာပဲ ဒါတောင်မှ ရှင်တို့နှစ်ယောက် တတ်နိုင်မှာ မဟုတ်ဘူး" ဟု နန်းစီက စိတ်လိုက် မာန်ပါ ပြောလိုက်လေသည်။ သို့နှင့်ပင် နောက်ဆုံးကျတော့ နန်းစီသည် မစ္စမေလီနှင့် တွေ့ခွင့် ရသွားတော့လေသည်။ အစေခံ ယောက်ျားသည် သူမအား အခန်း ထဲသို့ ခေါ်သွားပြီး တစ်ယောက်တည်း ထားပစ်ခဲ့လေ၏။ မကြာမီမှာပင် အခန်းထဲသို့ မိန်းမပျိုတစ်ယောက် ဝင်လာလေသည်။ သူမမှာ ပိန်ပိန်ပါးပါး နှင့် လှပချောမွေ့လှသည့် မိန်းမပျိုကလေး တစ်ယောက် ဖြစ်သည်ကို နန်းစီ သည် မသိမသာ ခေါင်းမော်ကြည့်လိုက်ပြီး သတိပြုလိုက်မိရာက ချက်ချင်း ပင် ခေါင်းငုံ့ထားလိုက်လေသည်။

"ရှင့်ကို တွေ့ရဖို့ ကိစ္စဟာ, အတော်ကြီး ခဲယဉ်းတဲ့ အလုပ်ပဲ၊ ကျွန်မ သာ စိတ်ဆိုးပြီး ရှင့်ကို မတွေ့ဘဲ ပြန်သွားရင် တစ်နေ့နေ့ကျတော့ ရှင်ဟာ စုချ ဝမ်းနည်းမိမှာပဲ၊ ဝမ်းနည်းရမှာကလည်း အကြောင်းမရှိဘဲ မဟုတ်ဘူး သိလား"

"ရှင့်ကို တစ်စုံတစ်ယောက်က ရိုင်းရိုင်းစိုင်းစိုင်း စကား ပြောဆိုခဲ့တယ် ဆိုရင် ကျွန်မ တောင်းပန်ပါရစေနော်...ဒါပေမဲ့ ဒါကို အရေးလုပ်မနေပါနဲ့ ရှင်၊ ရှင်တွေ့ချင်တဲ့ လူဟာ ကျွန်မပါပဲ၊ ရှင် ဘာပြောစရာ ရှိလို့လဲ"

ရိုစီ၏ ကြင်နာသော အသံနှင့် ချိုသာသော အမူအရာသည် မာနကြီး မှု သဘောမကျမှုတို့ လုံးဝ ကင်းစင်လျက် ရှိနေလေရာ နန်းစီတွင် အံ့အားကြီး သင့်သွားမိရာက မျက်ရည်များ ကျလာရှာလေ၏။

"ကျွန်မ အကြောင်းကို မသိသေးဘဲနဲ့ ကျွန်မကို ဒီလို ကြင်ကြင်နာနာ မပြောပါနဲ့ မမရယ်...အင်း အတော့်ကို နောက်ကျသွားပါပကော ဟို...ဟို တံခါးကို ပိတ်ထားရဲ့လား"

"ပိတ်ထားပါတယ်၊ ဘာပြုလို့လဲ"

"ဘာပြုလို့လဲဆိုတော့၊ ကျွန်မရဲ့ အသက်နဲ့ တခြားလူတွေရဲ့ အသက် တွေကို ရှင့်လက်ထဲမှာ ကျွန်မ အပ်တော့မှာမို့လို့ပဲ၊ အိုလီဗာကလေးကို ဖေဘင်းကြီး ဖေဂင်ဆီ အတင်း ပြန်ခေါ်သွားခဲ့တဲ့ မိန်းမကြီးဟာ ကျွန်မပါပဲ ရှင် သိမှာပေါ့၊ အိုလီဗာက ပင့်တွန်ဗီးလ်မှာ ရှိတဲ့ အိမ်မှာ နေနေတုန်းကလေ"

"အို...ရှင်..."

"ဟုတ်ပါတယ်မမ...ကျွန်မပါပဲ၊ မွေးလာခဲ့ရကတည်းက သူခိုး လူဆိုးတွေ ကြားထဲမှာ နေရပြီး ကျွန်မကို ကြင်ကြင်နာနာ စကားပြောခဲ့တဲ့ လူဆိုလို့ ယောဒီက မမ တစ်ယောက်ကိုသာ တွေ့ဖူးသေးတာ ကျွန်မပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကို သိပ် သနားမိတာပဲ၊ ရှင် ဒီလို ပြောရတာ ကြားရတော့ ကျွန်မ အသည်းနှလုံးတွေ နင့် သွားမိတာပါပဲရှင်" ရိုစီကား ကရုဏာ သက်လှသည့် အသံကလေးနှင့် ပြောလိုက်လေသည်။

"မမဟာ သိပ် သဘောကောင်းတာပဲ၊ မမကို ကောင်းကင်ဘုံက ကောင်းချီးပေးပါစေ၊ ကျွန်မဟာ တစ်ခါတလေကျ ဘယ်လို မိန်းမစားမျိုး ဆိုတာကို မမ သိရရင် မမ ကျွန်မအပေါ်မှာ မုချ ကရုဏာ သက်မိမှာပါပဲ။ ဒါပေမဲ့ ကျွန်မ ခု မမဆီကို ရောက်လာတာ ကျွန်မ အသက်ကို စွန့်ပြီး လာခဲ့တာပဲ၊ ကျွန်မ ခုလို ဒီကိုလာပြီး ကျွန်မ ချောင်းနားထောင်လို့ ကြားခဲ့ ရတာတွေကို ရှင့်ကို ပြန်ပြောခဲ့ကြောင်းကို သိလို့ရှိရင် သူတို့က ကျွန်မကို မုချ သတ်ပစ်ကြတော့မှာပဲ၊ မန့်(က)စ် ဆိုတဲ့ လူကို မမ သိသလား"

"ဟင့်အင်း မသိပါဘူး" ဟု ရိုစီက ပြန်ဖြေလိုက်လေသည်။

"သူကတော့ မမတို့ကို သိတယ်၊ မမတို့ ဒီမှာနေနေတယ် ဆိုတာ သူပြောတာ လာ ချောင်းနားထောင်ရင်း ကျွန်မ သိခဲ့ရတာပဲ"

"ကျွန်မ အဲဒီ နာမည်ကို တစ်ခါမှ မကြားဖူးပါဘူး"

"ဒီလိုဆိုရင်၊ ကျွန်မ ထင်မိတဲ့အတိုင်းပဲ ကျွန်မတို့ ကြားထဲမှာ သူဟာ နာမည်ပြောင်းထားတာ ဖြစ်ရမှာပဲ၊ မမတို့ဆီကို အိုလီဗာကလေး ရောက်လာ ခါစတုန်းက ညတစ်ညမှာ အဲဒီ မန့်(က)စ် ဆိုတဲ့ လူနဲ့ ရေဝတီကြီး ဖေဂင်တို့ နှစ်ယောက်တည်း ကျိတ် တိုင်ပင်နေခဲ့ကြတာကို ကျွန်မ ချောင်း နားထောင် လို့ ကြားခဲ့ရတယ်၊ ကျွန်မ သိသရွေ့တော့ အဲဒီ မန့်(က)စ်ဟာ တစ်နေ့ကျ တော့ အိုလီဗာကလေးကို တွေ့ရပြီး အိုလီဗာဟာ သူ လိုက်ရှာနေတဲ့ သူငယ်ကလေး ဖြစ်မှန်းကို သိခဲ့ရတယ်တဲ့။ အဲဒီ အချိန်မှာပဲ၊ အိုလီဗာဟာ ဖေဂင့်လက်ထဲက လွတ်သွားခဲ့တယ်၊ ဒီတော့ မန့်(က)စ်က ဖေဂင်ကို၊ အိုလီဗာကို တွေ့အောင် ပြန်ရှာခိုင်းတယ်။ တွေ့လို့ရှိရင် သူ့ ဆီမှာ ထားပြီး သူခိုးကလေး တစ်ယောက် ဖြစ်လာအောင် လုပ်နိုင်လို့ရှိရင် ပိုက်ဆံ ဘယ် လောက် ပေးမယ်ဆိုပြီး၊ သူတို့နှစ်ယောက် ကျိတ်ပြီး သဘောတူခဲ့ကြတယ်၊ မန့်(က)စ်က အိုလီဗာကို ဘာပြုလို့ ဒီလို သူခိုးကလေး တစ်ယောက် ဖြစ်စေ ချင်တယ်ဆိုတာကိုတော့ ကျွန်မ မသိဘူး။ ဘာပြုလို့လဲဆိုတော့ သူတို့ အဲဒီလို ပြောနေတုန်း၊ ကျွန်မ ချောင်းနားထောင် ပြန်တာပဲ မန့်(က)စ်က သိသွားလို့ ကျွန်မလည်း ကပျာကယာ ထွက်ပြေးခဲ့ရလို့ပဲ၊ နောက်တော့

www.burmeseclassic.com



မန့်(က)စ်ကို ကျွန်မ နောက်ထပ် မတွေ့ရတော့ဘူး မနေ့ကမှ ပြန်တွေ့ရတော့တာပဲ"

"ဒီတော့ ဘာဖြစ်သလဲ" ဟု ရိုစီက စိတ်အားထက်သန်စွာ မေးလိုက်လေသည်။

"ကျွန်မ ပြောပါ့မယ် မမ၊ မနေ့ညကတော့ သူ ရောက်လာပြန်တယ်၊ သူနဲ့ ဖေဂင်ဟာ နှစ်ယောက်သား အပေါ်ထပ်မှာ တက် တိုင်ပင်ကြပြန်တယ်။ ကျွန်မလည်း သူတို့နောက်က အသာလိုက်သွားပြီး ချောင်း နားထောင်တော့ မန့်(က)စ် ပြောနေတဲ့ စကားကို ကြားရတာပါပဲ၊ သူက "ဒီတော့ ကောင်လေးဟာ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်းကို ထောက်ခံနိုင်တဲ့ သက်သေခံ ပစ္စည်းဟာ ခုတော့ မြစ်အောက်မှာ ရောက်နေပြီတဲ့၊ ဒီ ပစ္စည်းကို ကောင်ကလေးရဲ့ အမေဆီက ရခဲ့တဲ့ မိန်းမကြီးဟာလည်း ခေါင်းထဲမှာ ပုပ်ဆွေးနေပြီတဲ့၊ နောက်ပြီးတော့ သူတို့နှစ်ယောက်ဟာ ရယ်လိုက်ကြတယ်။ မန့်(က)စ်ကတော့ အိုလီဗာ အကြောင်း ဆက်ပြောရင်းက သိပ်ပြီး အားရ ကျေနပ်လာပုံရတယ်၊ ခုဆိုရင် ကောင်လေးရဲ့ ငွေကို သူ ပိုင်ပိုင်နိုင်နိုင် ရပါပြီတဲ့။ ဒါပေမဲ့ ဒီနည်းလမ်းနဲ့ မဟုတ်ဘဲ တခြားနည်းနဲ့ ဆိုရင် ပိုကောင်းမှာပဲတဲ့၊ ဘာပြုလို့လဲ ဆိုတော့ သူ့ ဖခင်ရဲ့ သေတမ်းစာကို သူ မခံချင်လွန်းလို့ပါတဲ့ ကောင်ကလေးကို တိုင်းပြည်မှာ ရှိသမျှ အကျဉ်းထောင်တွေထဲ ရောက်အောင် လုပ်ပြီးမှ ဖေဂင်ကို အမှုဆင်ခိုင်းပြီး ကြိုးစင်တင် သတ်ပစ်လိုက်ချင်တယ်တဲ့"

"ဒီ စကားတွေဟာ ဘာတွေများလဲကွယ်" ဟု ရိုစီက စိတ် ရှုပ်ထွေးလှစွာ ရေရွတ်လိုက်မိလေသည်။

"အမှန်တွေပါပဲ မမရယ်၊ ကျွန်မ နှုတ်က ထွက်တဲ့စကားတွေ ဖြစ်ပေမယ့် အမှန်အတိုင်းပါပဲ မမ။ နောက်ပြီး မန့်(က)စ်က ကျွန်မနားအတွက်တော့ ရိုးနေပေမယ့် မမနားအတွက်တော့ ဆန်းနေမယ့် ကျိန်စာအမျိုးမျိုး ဆိုပြီး တကယ်လို့ သူ့အတွက် ဘေးအန္တရာယ် မရှိဘူးဆိုရင် ကောင်ကလေးကို သူကိုယ်တိုင် သတ်ပစ်ချင်ပါတယ်တဲ့၊ ဒါပေမဲ့ ဒီလို မသတ်ပစ်နိုင်တော့ ကောင်လေး အသက် ရှင်နေသမျှ တစ်ချိန်လုံး သူက ကောင်လေးကို ဒုက္ခအမျိုးမျိုးရောက်အောင် ကြံစည်နေမှာပဲတဲ့၊ သူက တိုတိုပြောရရင်ကွာ ငါ့ညီအတွက် ငါ ဆင်ထားမယ့် ထောင်ချောက်တွေကို မင်းဆောင် စိတ်ကူးတတ်မှာ မဟုတ်ဘူး ဖေဂင်ရယ်တဲ့..."

www.burmeseclassic.com

www.burmeseclassic.com



"အလို သူ့ညီ ဟုတ်လား" ဟုရိုစီက အံ့အား သင့်လှစွာ အာမေဋိတ်သံ ပြုလိုက်မိလေသည်။

"ဒီ စကားတွေဟာ၊ သူ့နှုတ်က ထွက်တဲ့အတိုင်းပါပဲ မမ" ဟု နန်စီသည် သူမ၏ ပတ်ဝန်းကျင်ကို ကြောက်ရွံ့လှစွာနှင့် လှည့်ပတ်ကြည့်ရာက ပြန်ဖြေလိုက်လေသည်။ အမှန်တော့ သူမသည် စကားပြောကတည်းက ထိုကဲ့သို့လျှင် သူ့ ပတ်ဝန်းကျင်ကို ကြောက်ရွံ့လှစွာ မကြာခဏ လှည့်ပတ်ကြည့်ရှုနေခဲ့၏။ အကြောင်းမူကား ဆိုက်စ်ကို သူမ၏ မျက်စိထဲတွင် မြင်ယောင်မိကာ သူမ၏ စိတ်များမှာ ချောက်ချား လာမိသောကြောင့် ဖြစ်လေ၏။ နန်စီသည် စကား ဆက်လက်၍ ပြောလိုက်ပြန်လေသည်။ သူ ပြောတာတွေဟာ ဒါတွင် မကသေးပါဘူး မန့်(က)စ်က မမနဲ့ မမ အဒေါ် အကြောင်းကိုလည်း ပြောသေးတယ်၊ အိုလီဗာ မမတို့ လက်ထဲရောက်လာတာဟာ၊ ဘုရားသခင်ကပဲ ဖြစ်ဖြစ် မာရ်နတ်ဆိုးကပဲ ဖြစ်ဖြစ် သူ့အကြံအစည်နဲ့ ဆန့်ကျင်ဘက် ပြုလုပ်ပြီး ဖန်တီးပေးလိုက်တာပဲ ဖြစ်ရမယ်တဲ့။ ဒါပေမဲ့ ဒီလိုဖြစ်လာတာဟာ သူ့အတွက် ကျေနပ်စရာ တစ်ခုတော့ ရှိပါတယ်တဲ့၊ ဘာပြုလို့လဲဆိုတော့ အိုလီဗာဟာ တကယ်တော့ ဘယ်သူဘယ်ဝါ ဖြစ်မှန်းကို မမသာ အကြောင်းသိရင် သူ သိပ်သိချင်မှာပဲတဲ့၊ အိုလီဗာအကြောင်းမှန်ကို မမ သိရဖို့၊ မမဟာ ငွေတွေ ထောင်သောင်း သိန်းသန်းမက ပုံပေးမှာပဲတဲ့"

ရိုစီကား ထိုစကားကို လွန်စွာမှပင် အံ့အားသင့်မိသော်လည်း နန်စီသည် အမှန်အတိုင်း ပြောနေခြင်းပင် ဖြစ်သည်ကို ယုံကြည်မိလေ၏။

"အတော် မိုးချုပ်နေပြီ မမ၊ ကျွန်မ ပြန်မှပဲ ကျွန်မ ဒီကိုလာမှန်း ဘယ်သူမှ မသိအောင် ဂရုစိုက်ရမယ်၊ ကျွန်မ အိမ်ကို မြန်မြန်ပြန်ရောက်မှပဲ"

"ဒါပေမဲ့...ကျွန်မက ဘာလုပ်ရမှာလဲ...ဘာလုပ်နိုင်မှာလဲ" ဟု ရိုစီက မေးလိုက်လေသည်။ "ရှင့် အကူအညီ မရဘဲနဲ့ ခု ရှင်ပြောတဲ့ စကားတွေနဲ့ ပတ်သက်လို့ ဘယ်လို အကျိုးထူး အရာရောက်အောင် အရေးယူနိုင်မှာလဲ၊ ရှင်က ပြန်သွားမလို့ မဟုတ်လား...ရှင် ပြောတဲ့ အတိုင်းဆိုရင်ဖြင့် ရှင့် အပေါင်းအဖော်တွေဟာ သိပ် ဆိုးဝါးကြတယ် မဟုတ်လား၊ ဘာပြုလို့ သူတို့ဆီကို ပြန်သွားချင်ရတာလဲ။ တကယ်လို့ ရှင်ဟာ ခုနက ပြောပြတဲ့ စကားတွေကို ကျွန်မ ခု ချက်ချင်း ခေါ်ပေးနိုင်တဲ့ လူကြီးမင်း တစ်ယောက်ကို ပြန်ပြောပြမယ်ဆိုရင် ရှင့်ကို ဘေးအန္တရာယ် လုံခြုံမယ့်နေရာ တစ်ခုကို နာရီဝက်အတွင်း ပို့ပေးနိုင်ပါတယ်"

www.burmeseclassic.com



"ဟင့်အင်း ကျွန်မ ပြန်သွားချင်တယ်၊ ကျွန်မ ပြန်သွားရမှာပဲ။ ဘာပြုလို့လဲ ဆိုတော့ မမလို အပြစ်ကင်းစင်တဲ့ မိန်းမ တစ်ယောက်ကို ဘယ်လိုပြောရပါ့မလဲ၊ ကျွန်မ မမကို ပြောပြခဲ့တဲ့ လူတွေအထဲမှာ လူတစ်ယောက် ရှိတယ်၊ ဒီလူဟာ သူတို့အထဲမှာ ကြောက်စရာအကောင်းဆုံး လူ တစ်ယောက်ပဲ၊ ဒါပေမဲ့ သူ့ကိုတော့ ကျွန်မ ပစ်မသွားနိုင်ပါဘူး။ ကျွန်မ ခု ရောက်နေတဲ့ ဘဝဆိုးက လွတ်မြောက်ရမယ် ဆိုရင်တောင် သူ့ကိုတော့ ကျွန်မ ပစ်မသွားနိုင်ပါဘူး"

ရိုစီလည်း ဤ သနားစရာ မိန်းကလေး နန်စီကို သူမ၏ ဘဝဆိုးထဲသို့ ပြန်မသွားရန် အမျိုးမျိုး ချော့မော့ ဖျောင်းဖျ ပါသော်လည်း မရချေ။

"ကိုယ့်အပြစ်ကို နောင်တရဖို့ ပြန်မြင်ဖို့ ဘယ်တော့မှ နောက် မကျသေးပါဘူးကွယ်"

"ကျွန်မ အတွက်တော့ နောက်ကျနေပါပြီ မမရယ်၊ သူ့ကို ခုချိန်ကျမှ ကျွန်မ ပစ်မသွားနိုင်တော့ဘူး၊ ကျွန်မ အတွက်နဲ့ သူ့ကို မသေစေချင်ပါဘူး"

"သူက ဘာလို့ သေရမှာလဲကွယ့်"

"သူ့ကို ဘယ်သူကမှ ကယ်နိုင်မှာ မဟုတ်ဘူး၊ ကျွန်မ ခု မမကို ပြောပြခဲ့တာတွေကို အာဏာပိုင်တွေဆီ အသိပေးလိုက်ပြီး သူတို့ကို ဖမ်းဆီးနိုင်းရင် ကျွန်မလူဟာ အရင်ဆုံး အဖမ်းခံရမှာပဲ၊ အဖမ်းခံရရင် သူဟာ မုချ အသက် ဆုံးရှုံးရမှာပဲ၊ သူဟာ ရဲလည်း အရဲဆုံး အရက်လည်း အရက်စက် ဆုံးလူပဲ မမ"

ဒီလိုဆိုရင်ဖြင့် ရှင် ကျွန်မကို ပြောခဲ့တာတွေဟာ၊ ဘာ အသုံးကျတော့မှာလဲ။ ဒီကိစ္စကို စုံစမ်း အရေးယူမှ ဖြစ်တော့မှာပေါ့၊ ဒါမှ မဟုတ်ဘူးဆိုရင် အိုလီဗာအတွက် ဘယ်လို အကျိုး ရှိနိုင်တော့မှာလဲ၊ ရှင်ဟာ အိုလီဗာ့ အကျိုး ကို လိုလားတယ် မဟုတ်လား"

"ဒီ ကိစ္စကို လျှို့ဝှက်ထားပြီး ဒီကိစ္စနဲ့ ပတ်သက်လို့ ဘာလုပ်ပေးရမယ်ဆိုတာကို အကြံဉာဏ် ပေးနိုင်မယ့် မိတ်ဆွေ တစ်ယောက်ယောက် မမမှာ ရှိမှာပေါ့"

"ဒါပေမဲ့ ရှင့်ကို နောက်ထပ် တွေ့ဖို့ လိုလာရင် ကျွန်မ ရှင့်ကို ဘယ်နေရာမှာ တွေ့နိုင်မှာလဲ၊ ရှင်ပြောတဲ့ လူဆိုးတွေနေတဲ့ နေရာမှာတော့ ရှင့်ကို ကျွန်မ လာမရှာလိုပါဘူး။ ရှင်ဟာ ဘယ်အချိန် ဘယ်နေရာမှာ အပြင်ထွက်လေ့ရှိတတ်တယ် ဆိုတာ ပြောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့ လျှို့ဝှက်မှုကို မမဟာ ဘယ်သူ့မှ မပြောဘဲ၊ တစ်ယောက်တည်းလာမယ်လို့ ကတိပေးမလား။ ဒါမှမဟုတ် မမရဲ့ မိတ်ဆွေ အဖော်တစ်ယောက်တည်းနဲ့ လာမယ်လို့ ကတိပေးမလား"

"ကျွန်မ ကတိပေးပါတယ်"

"ကျွန်မ အသက်ရှင်နေသေးလို့ ရှိရင်၊ တနင်္ဂနွေနေ့ ညတိုင်းမှာ ကျွန်မဟာ ည ၁၁–နာရီက ၁၂–နာရီအထိ လန်ဒန် တံတားကြီးပေါ်မှာ လမ်းလျှောက်နေပါ့မယ်" ဟု နန်စီက တုံ့ဆိုင်းခြင်း မရှိဘဲ ပြောလိုက်လေ၏။

ရိုစီသည် စိတ်ပူပန်စရာ ကောင်းလှသောညကို တစ်မှေးမှ အိပ်မပျော်ဘဲ ကုန်လွန်ခဲ့ရလေ၏။ နောက်တစ်နေ့သို့ ရောက်လာ၍၊ သူမဘာသာ သူမ တစ်ယောက်တည်း ကျိတ်၍ စဉ်းစားဝေဖန်ပြီး နောက်ဆုံးတွင်ကား ဟယ်ရီအား ထို ကိစ္စကို ဖွင့်ဟ တိုင်ပင်ရန် ဆုံးဖြတ်ချက် ချလိုက်ရလေသည်။ သို့ရာတွင် ဟယ်ရီနှင့် သူတို့ ပြန်လည် တွေ့ဆုံရမည် ဆိုလျှင် နှစ်ယောက်စလုံးအတွက် စိတ် ထိခိုက်ရမည် ဖြစ်လေရကား ရိုစီသည် ဟယ်ရီ့ထံ စာရေးမည့် အလုပ်ကို ဝန်လေးလျက် ရှိနေမိတော့လေသည်။ ကလောင်တံကို ကောက်ယူလိုက် ပြန်ချလိုက်နှင့် အကြိမ်ကြိမ် စိတ်ဝေခွဲ၍ မရအောင်ရှိနေပြီး စာကို ဘယ်လို စတင်ရမည်နည်း ဟု အကြိမ်ကြိမ် စဉ်းစားနေစဉ်မှာပင် မစ္စတာဂိုင်းလ်စ်နှင့်အတူ လမ်းလျှောက်ထွက်ခဲ့သူ အိုလီဗာသည် ပျာယီးပျာယာ အမူအရာနှင့် သူမ၏ အခန်းတွင်းသို့ ဝင်ရောက်လာလေ၏။ သူ့ အမူအရာမှာ တစ်စုံတစ်ခုသော အကြောင်းအရာကြောင့် စိတ်ပြင်းထန်စွာ လှုပ်ရှားလာပုံ ရလေရာ တစ်စုံတစ်ခုသော စိုးရိမ်ထိတ်လန့်ဖွယ်ရာ အကြောင်းအရာ တစ်ခု ပေါ်ပေါက်လာပြီလားဟု ထင်မှတ်ရလေ၏။

"ဘာဖြစ်လို့ ဒါလောက် ပျာလောင်ခတ် လာတာလဲကွယ်" ဟု ရိုစီသည် အိုလီဗာထံ ချဉ်းကပ်သွားရာက မေးလိုက်လေသည်။

"ကျွန်တော်တော့ ဘာဖြစ်မှန်းတောင် မပြောတတ်ပါဘူး မမရယ်၊ ကျွန်တော် သူ့ကို ပြန်တွေ့ရပြီ။ ကျွန်တော် ပြောခဲ့တဲ့ စကားတွေဟာ အရှိအတိုင်း ဖြစ်တယ်ဆိုတာကို မမတို့ သိရတော့မယ်"

"မင်းက မမတို့ကို အမှန်ကလွဲလို့ တခြား ဘာများ ပြောခဲ့လို့လဲကွယ်၊ ဒါပေမဲ့ မင်း ဘယ်သူ့ကို ပြန်တွေ့ရပြန်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမတို့ကို ပြောပြခဲ့တဲ့ လူကြီးလေ..." ဟု အိုလီဗာက စကားလုံးများကို မနည်းကြီး ပီသအောင် ကြိုးစား၍ ပြောဂိုက်လေသည်။ "ကျွန်တော့်အပေါ် ကောင်းခဲ့တဲ့ လူကြီးဟာကော မမ၊ မစ္စတာ ဘရောင်းလိုလေ"

"ဘယ်မှာတွေ့ခဲ့တာလဲကွယ့်"

အိုလီဗာသည် ဝမ်းသာလွန်းလှသည့် အတွက် မျက်ရည်များ ကျလာရာက မြင်းရထား တစ်စီးပေါ်က ဆင်းပြီး အိမ်တစ်အိမ်ထဲ ဝင်သွားတာကို ကျွန်တော် တွေ့လိုက်ရတယ်၊ ကျွန်တော် သူ့ကို စကားမပြောလိုက်ရဘူး၊ ပြောလည်း မပြောနိုင်ပါဘူး၊ ဘာပြုလို့လဲ ဆိုတော့ သူကလည်း ကျွန်တော့်ကို မမြင်ဘူး၊ ကျွန်တော်လည်း တစ်ကိုယ်လုံး တုန်နေခဲ့တာပဲ။ ဒါပေမဲ့ ဂိုင်းလ်စ်က သူ ဒီမှာ နေသလားလို့ မေးကြည့်တော့ သူတို့ နေပါတယ်လို့ ပြန်ဖြေကြတယ်၊ ဒီမှာ မမဟု" အိုလီဗာသည် စာရွက်ကလေး တစ်ရွက်ကို ထုတ်ပေးရာက "ဒီမှာလေ သူနေတဲ့ နေရာ၊ ကျွန်တော် အဲဒီကို ချက်ချင်းပဲ သွားတော့မယ်၊ ဘုရား...ဘုရား သူနဲ့ ပြန်တွေ့ရပြီး သူ ပြောတဲ့ စကားတွေကို ကြားရတဲ့ အခါမှာ ဘယ်လိုများ နေမယ် မသိဘူး"

ရိုစီသည် အိုလီဗာက ဝမ်းသာအားရ ဖြစ်လွန်းလှသဖြင့် ဘေးမှ အော်ဟစ် ရေရွတ်နေသည့် ကြားထဲကပင်၊ စာရွက်ကလေးကို ဖတ်ကြည့်လိုက်ရာ၊ လိပ်စာမှာ ကမ်းနားလမ်း ရပ်ကွက်ထဲရှိ ကရေဗင်လမ်းထဲတွင် ဖြစ်သည်ကို တွေ့ရလေ၏။ သူမလည်း ချက်ချင်းပင် မစ္စတာ ဘရောင်းလိုအား ယခုလို ပြန်တွေ့ရခြင်းကို အကျိုးရှိစွာ အသုံးချဖို့ စိတ်ပိုင်းဖြတ်ချက်ချလိုက်မိလေ၏။

"ကဲ အိုလီဗာ မြန်မြန် လုပ်စမ်း၊ သူတို့ကို အငှားရထား တစ်စီးခေါ်ပေးဖို့ သွားပြောစမ်း။ နောက်ပြီးတော့ မင်း မမနဲ့ အတူတူလိုက်ခဲ့။ မင်းကို ဘာင်မိနစ် မဆုံးရှုံးစေဘဲ သူ့ဆီကို မမ ခေါ်သွားပေးမယ်၊ ဒေါ်ဒေါ်ကိုတော့ ခဏ တစ်နာရီလောက် အပြင်ထွက်လည်ဦးမယ်လို့ ပြောခဲ့မယ်။ ကဲ အဆင်သင့် ပြင်ထားနော်"

အိုလီဗာကို လောနေဖို့ပင် မလိုတော့ပေ။ ထို့ကြောင့် ၅-မိနစ်အတွင်းမှာပင်၊ ၎င်းတို့နှစ်ယောက်မှာ ကရေဗင်လမ်းဆီသို့ ထွက်ခွာလာခဲ့ကြပြီ ဖြစ်လေ၏။ ထိုနေရာသို့ ရောက်သည့်အခါတွင် ရိုစီသည် အိုလီဗာအား အဘိုးကြီးကို အရင်ဦးဆုံး ၎င်း ရောက်နေကြောင်းကို ပြောပြဦးမည်ဟု

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြလျက် မြင်းရထားထဲတွင် ထားခဲ့ကာ၊ သူမ တစ်ယောက်တည်း အိမ်ထဲသို့ အရင် ဝင်ခဲ့လေသည်။ အိမ်ထဲမှ အစေခံတစ်ယောက်အား မိမိ၏ လိပ်စာ ကတ်ပြားကလေး တစ်ချပ်ကို ပေးပြီး၊ မစ္စတာ ဘရောင်းလိုအား အရေးကြီးသော ကိစ္စ တစ်ရပ်နှင့် တွေ့ဆုံပါစေဟု ပြောကြားလိုက်စေလေ၏။ အစေခံလည်း မကြာမီပင် ပြန်ရောက်လာကာ၊ ရိုစီအား သူ့နောက်သို့ ခေါ်ဆောင်သွားလေ၏။ ထို အခန်းထဲသို့ ရောက်သွားလျှင်ကား၊ ကုတ်အင်္ကျီ အစိမ်းရင့်ရောင် ဝတ်ထားသည့် သဘော ကောင်းပုံရသော အသက် ခပ်ကြီးကြီး လူတစ်ယောက်နှင့် ရိုစီ တွေ့ဆုံရလေသည်။ ထို လူကြီးအနီးတွင်ကား ဒူးကျပ်ဘောင်းဘီ ဝတ်ဆင်ထားသည့် သိပ်ပြီး သဘောကောင်းပုံ မရလှသော လူကြီးတစ်ယောက်သည်၊ တုတ်ကြီးတစ်ချောင်းကို ရှေ့တွင် လက်နှစ်ဖက်နှင့် ထောက်ချက် ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လျက် ရှိနေလေ၏။

"မစ္စတာ ဘရောင်းလို မဟုတ်လား" ဟု ရိုစီက သူမကို မတ်တတ်ထ၍ အရိုအသေပြု ကြိုဆိုလိုက်သော ကုတ်အင်္ကျီအစိမ်းနှင့် လူကြီးကို မေးလိုက်လေသည်။

"ဟုတ်ပါတယ် ဦးရဲ့နာမည်ပါပဲ။ ဟောဒါကတော့ ဦးရဲ့ သူငယ်ချင်း မစ္စတာဂရင်းမဝစ်ဂ်ပါပဲ။ ကဲ...ဂရင်းမဝစ်ဂ် ကျုပ်တို့နှစ်ယောက်ကို မိနစ်အနည်းငယ်လောက် ခွဲခွာသွားပါနော်"

"ကျွန်မတို့ ခု တွေ့ဆုံရမယ့် ကိစ္စမှာ၊ မစ္စတာ ဂရင်းမဝစ်ဂ်က ရှောင်ပေးရန် မလိုပါဘူးလို့ ကျွန်မ ယုံကြည်ပါတယ်၊ ကျွန်မ ကြားသိရသမျှဟာ အမှန်အတိုင်း ဆိုရင်တော့ ကျွန်မ ခု ပြောချင်တဲ့ကိစ္စဟာ သူနဲ့လည်း သက်ဆိုင်နေပါတယ်၊ ဒီကိစ္စကို သူလည်း သိပြီးသားပါပဲ"

မစ္စတာ ဘရောင်းလိုလည်း ခေါင်းညိတ် ပြလိုက်လေသည်။ မစ္စတာ ဂရင်းမဝစ်ဂ်ကား ကုလားထိုင်ပေါ်မှ ထပြီး တောင့်တောင့် တင်းတင်းကြီး ဦးညွှတ်၍ နှုတ်ဆက်ခဲ့ရာ ယခုလည်းတစ်ဖန် တောင့်တောင့်တင်းတင်းကြီး ဦးညွှတ်လိုက်ပြန်ပြီးနောက် ကုလားထိုင်တွင် ပြန်ထိုင်လိုက်လေသည်။

"ကျွန်မကို ဦးတော့ အတော်ကြီး အံ့ဩနေမှာပဲ ဆိုတာ ယုံမှားသံသယ မရှိပါဘူး။ ဒါပေမဲ့ ဦးဟာ တစ်ခါတုန်းက ကျွန်မ အတော်ကြီး ချစ်ခင်တွယ်တာတဲ့ မိတ်ဆွေကလေး တစ်ယောက်အပေါ်မှာ၊ ကရုဏာတရား ကြီးကြီး

www.burmeseclassic.com



စုံလုစွာနဲ့ ပြုစုစောင့်ရှောက်ခဲ့ပါတယ်၊ ခု သူကလေးအကြောင်းကို ဦး ထပ် ကြားရမယ်ဆိုရင် မုချ စိတ်ဝင်စားမှာပဲလို့ ကျွန်မတော့ ယုံကြည်မိတာပဲ"

"ဟုတ်ကဲ့"

"သူ့ နာမည်ကတော့ အိုလီဗာတွစ်ပါပဲ"

ထို စကားလုံးများသည် ရိုစီ၏နှုတ်မှ ထွက်သွားသည်နှင့် တစ်ပြိုင် နက် စာအုပ်ကြီး တစ်အုပ်ကို ဖတ်ချင်ယောင် ဆောင်နေသော မစ္စတာ ဂရင်းမဝစ်ဂ်သည် စာအုပ်ကို လက်ထဲမှ ဒုန်းခနဲ လွှတ်ချလိုက်လေသည်။ ပြီးနောက် ကုလားထိုင်ပေါ်တွင် ကိုယ်ကို မတ်မတ်ကြီး လုပ်လိုက်ကာ ဗလာ မျက်လုံးများနှင့် အတော်ကြီးကြာအောင် ငေးစိုက် ကြည့်ရှုနေရာက သူ့ မျက်နှာမှာလည်း ယုတ်လျော့ခြင်း မရှိသည့် အံ့အားသင့်မှု အမူအရာကို ထုတ်ဖော်ပြနေလေ၏။ ပြီးနောက်မှ သူ၏ စိတ်လှုပ်ရှားမှုများကို ဤသို့ ထုတ်ဖော် ပြလိုက်မိခြင်းကို ရှက်သွားသည့်အလား သူ ယခင်က ထိုင်နေ သည့် အနေအထားအတိုင်း ချက်ချင်းပင် ပြန်ထိုင်လိုက်ရာက သူ့ ရှေ့တည့် တည့်သို့ စူးစိုက် ကြည့်ရှုလိုက်ပြီး ရှည်လျားလှစွာ လေချွန်လိုက်လေသည်။ သို့ရာတွင် လေချွန်သံသည် လေထဲသို့ ရောက်မလာဘဲ သူ၏ ဝမ်းဗိုက်ထဲ တွင်သာ အသက် ပျောက်သွားလေ၏။

မစ္စတာဘရောင်းလိုကား မစ္စတာဂရင်းမဝစ်ဂ် ကဲ့သို့ပင် အံ့အားသင့် သွားခဲ့သော်လည်း သူ့ မိတ်ဆွေကဲ့သို့ကား သူ၏ အံ့အားသင့်မှုကို ထူးခြား လှစွာ ထုတ်ဖော်ပြခြင်း မပြု။ သူ၏ ကုလားထိုင်ကို ရိုစီ၏ ကုလားထိုင် အနီးသို့ ပိုမို နီးကပ်အောင် ရွှေ့လိုက်ရာက...။

"ဦးက သူ့အပေါ်မှာ ကရုဏာတရား ပြခဲ့တယ်ဆိုတာကို ကျေးဇူး ပြုပြီး လုံးဝ ဖယ်ထုတ်ပစ်လိုက်ပါ မိန်းကလေး၊ တကယ်လို့ သူကလေး အပေါ်မှာ ဦး ထားရှိနေမိတဲ့ မကောင်းတဲ့ ထင်မြင်ချက်တွေကို ပြုပြင် ပြောင်းလဲ နိုင်စရာ အကြောင်း ရှိမယ်ဆိုရင် ဦးကို မြန်မြန်ကြီးသာ ဖွင့်ပြော ပါတော့"

"ကောင်လေးဟာ လူဆိုးကလေးပဲ၊ ကောင်လေးဟာ လူဆိုးကလေး မဟုတ်ဘူးဆိုရင် ကျုပ် ခေါင်းကို ကျုပ် ပြန်စား ပစ်ပြလိုက်မယ်များ" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က လည်ချောင်းသံကြီးနှင့် မျက်နှာမှ အကြောအခြင်း လှုပ်ရှားခြင်း မရှိဘဲ ပြောလိုက်လေ၏။ ရိုစီကား မျက်နှာကလေး နီမြန်းလာ ရာက...

www.burmeseclassic.com

www.burmeseclassic.com



"သူကလေးဟာ အင်မတန် မွန်မြတ်တဲ့ သဘောထား ရှိပြီး သူတစ်ပါးကို ချစ်ခင်တတ်တဲ့ ကလေးတစ်ယောက်ပါ" ဟု ပြန်လည် ချေပလိုက်လေသည်။ "သူ့ အသက်အရွယ်နဲ့ မလိုက်အောင် သူ့ကို အမျိုးမျိုး စမ်းသပ်ခဲ့တဲ့ ဘုရားသခင်က သူ့ ရင်ထဲမှာ သူ့ထက် အသက် ခြောက်ဆမက ပိုကြီးတဲ့ လူတွေ ရှက်စရာကောင်းလှအောင် သူတစ်ပါးကို ချစ်ခင်မြတ်နိုးတဲ့ စိတ်မွန်စိတ်မြတ်ကလေးကို ထည့်ပေးခဲ့ပါတယ်"

"ကျုပ်ဟာ အသက် ၆၁–နှစ်ပဲ ရှိပါသေးတယ်" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က မျက်နှာထား တည်တည်ကြီးနှင့်ပင် ပြောလိုက်လေသည်။ "ဒီတော့ အိုလီဗာဟာ ဘယ်နည်းနဲ့မဆို၊ အသက် ၁၂–နှစ်ထက် ငယ်မှာ မဟုတ်တော့ မိန်းကလေး ပြောတဲ့စကားကို ဘယ်လိုမှ အသုံးမချနိုင်ပါဘူး"

"ဦး မိတ်ဆွေကို ဂရုမစိုက်ပါနဲ့ မစ္စမေလီ"–ဟု မစ္စတာဘရောင်းလိုက ဝင်ပြောလိုက်လေသည်။ "သူပြောတာတွေဟာ စိတ်ပါလို့ ပြောတာ မဟုတ်ပါဘူး"

"စိတ်ပါလို့ ပြောတာပေါ့" ဟု မစ္စတာ ဂရင်းမဝစ်ဂ်က လည်ချောင်းသံကြီးနှင့် ပြောလိုက်လေ၏။

"အို…မဟုတ်ပါဘူး" ဟု မစ္စတာ ဘရောင်းလိုကလည်း စိတ်တိုလာဟန်နှင့် ပြောလိုက်လေသည်။

"စိတ်ပါလို့ ပြောတာဆိုရင်ဖြင့် ခင်ဗျား ခေါင်းကို ခင်ဗျား ကိုယ်က ဖြုတ်ချလိုက်ဖို့သာ ကောင်းတာပဲ"

"ဒီလို လုပ်ရဲတဲ့လူကို တွေ့ချင်စမ်းပါရဲ့ဗျာ" ဟု မစ္စတာ ဂရင်းဝစ်ဂ်က သူ့ သေနတ်ကြီးကို ကြမ်းပြင်ပေါ်သို့ ဆောင့်ချလိုက်ရင်းက ပြောလိုက်ပြန်လေ၏။ ပြီးနောက်ကား အဘိုးကြီး နှစ်ယောက်သည် မျက်နှာထား တည်တည်ကြီးတွေနှင့် နှာ တစ်ရှုံ့စီ ရှုံ့လျက် ရှိကြကာ ၎င်းတို့၏ ထုံးစံအတိုင်း လက်ဆွဲ နှုတ်ဆက်လိုက်ကြခြင်းအားဖြင့် ကျေအေးလိုက်ကြလေ၏။

"ကဲ မစ္စက်မေလီ ကျုပ်တို့ရဲ့ ကိစ္စကို ဆက်ကြဦးစို့" ဟု မစ္စတာ ဘရောင်းလိုက စကား ဆက်လိုက်ပြန်လေသည်။ "ဒီ သနားစရာကောင်းတဲ့ သူငယ်ကလေးနဲ့ ပတ်သက်လို့ ကလေးမ သိခဲ့သမျှ ဦးလည်း သိပါရစေ၊ ဦး တစ်ခုတော့ ပြောပါရစေ၊ ဒီ သူငယ်ကလေးကို ပြန်တွေ့ရဖို့ ဦး အစွမ်းကုန် ကြိုးစားခဲ့ပါ သေးတယ်။ နောက်ပြီတော့လည်း ဦးဟာ ဒီကိစ္စနဲ့ ပတ်သက်ပြီး အရပ်တစ်ပါးကို ထွက်ခွာသွားရပါသေးတယ်၊ ဒီအထဲက

www.burmeseclassic.com



ဒီ သူငယ်ကလေးဟာ ဦးကို လှည့်စားသွားတယ်ဆိုတဲ့ ဦးဆုံး ပထမ ထင်မြင်ချက်ဟာ အတော်ကြီးပဲ သံသယဖြစ်စရာ ရှိခဲ့တာကို တွေ့ခဲ့ရပါတယ်"

ရိုစီလည်း အိုလီဗာ ထွက်ခွာသွားရ ကတည်းက ကြုံတွေ့ခဲ့ရသမျှတွေကို စကားလုံး အနည်းငယ်နှင့် ပြန်လည် ပြောပြလိုက်လေသည်။ သူမအား နန်စီက လာရောက် ပြောကြားသွားသည့် အကြောင်းကိုမူ ၎င်း တစ်ယောက်တည်းအားသာ အသိပေးလိုသည့်အတွက် ချန်လှပ်ထားခဲ့လေ၏။ အိုလီဗာမှာ မိမိအပေါ် ကရုဏာတရား ပြည့်စုံလှစွာနှင့် ကောင်းခဲ့ရှာသော ကျေးဇူးရှင်ကို ပြန် မတွေ့ရသည့်အတွက် ဝမ်းနည်းနေခဲ့ ရှာကြောင်းဟု ပြောပြခြင်းဖြင့် ရိုစီသည် သူမ၏ စကားများကို နိဂုံးချုပ် လိုက်လေသည်။

"ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်" ဟု မစ္စတာဘရောင်းလိုက ရေရွတ်လိုက်လေသည်။ "ဒီစကားတွေကို ကြားတော့ ဦး သိပ်ဝမ်းသာပါတယ်...။ သိပ်ကို ဝမ်းသာပါတယ်။ ဒါပေမဲ့ ခု သူ ဘယ်မှာ ရှိတယ် ဆိုတာကိုတော့ ကလေးမက မပြောပြခဲ့ သေးပါကလား။ ကလေးမကို ဦး အပြစ်တင်တာတော့ မဟုတ်ဘူးနော် ဒါပေမဲ့ ကလေးမနဲ့ အတူတူ အိုလီဗာကို ဘာလို့ ခေါ်မလာတာလဲ"

"သူဟာ အိမ်ရှေ့က မြင်းရထားပေါ်မှာ စောင့်နေပါတယ်"

"အိမ်ရှေ့မှာ ဟုတ်လား"

ပြောပြောဆိုဆို မစ္စတာဘရောင်းလိုသည် နောက်ထပ် စကား တစ်ခွန်းမှ မပြောတော့ဘဲ လှေကားမှ ပြေးဆင်းသွားကာ မြင်းရထားပေါ်သို့ တက်သွားတော့လေ၏။

မစ္စတာဘရောင်းလို အခန်းထဲမှ ထွက်သွားသည့်အခါ၌ မစ္စတာဂရင်းမဝစ်ဂ်သည် ခေါင်းကို မော့လိုက်ကာ သူ ထိုင်နေသော ကုလားထိုင်၏ ခြေထောက် တစ်ခုတည်းနှင့် ထောက်လျက် ထိုင်နေရာကပင် သုံးခါတိတိ ပတ်ချာလှည့်လိုက်လေသည်။ ပြီးနောက်မှ ထိုင်ရာက ထကာ ထော့နဲ့ထော့နဲ့နှင့်ပင် အခန်းထဲ၌ လျှင်မြန်နိုင်သလောက် လျှင်မြန်စွာ စကြံ လျှောက်နေပြီး ရုတ်တရက် ရိုစီရှေ့တွင် ရပ်လိုက်ကာ သူမကို မပြောမဆို နမ်းလိုက်လေ၏။ ရိုစီက အလန့်တကြား ထိုင်ရာမှ ထလိုက်လျှင်...

"မကြောက်ပါနဲ့ကွယ်၊ ဦးဟာ ကလေးမရဲ့ အဘိုးအရွယ်ပါကွယ့်၊ မင်းဟာ ချစ်စရာကောင်းတဲ့ ကလေးမပဲ မင်းကို ကျုပ် သဘောကျတယ်၊ ဟော သူတို့ လာကြပြီ..."

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ ဂရင်းမဝစ်ဂ်သည် သူ့ ကုလားထိုင်ပေါ်တွင် ကပျာကယာ ကြီး ထိုင်ချလိုက်လေသည်။ မစ္စတာဘရောင်းလိုလည်း အိုလီဗာနှင့်အတူ အခန်းထဲသို့ ပြန်ဝင်လာလေရာ၊ မစ္စတာဂရင်းမဝစ်ဂ်က အိုလီဗာအား ကြည်သာဖော်ရွေစွာ ဆီးကြို နှုတ်ဆက်လိုက်လေ၏။ ထိုအချိန်ကလေးတွင် ခံစားရသည့် ကျေနပ် နှစ်သိမ့်မှုကား၊ ရိုစီအတွက် မိမိ အိုလီဗာနှင့် ပတ်သက် ၍ စိုးရိမ်ပူပန်ခဲ့ရသမျှတို့၏ ဆုလာဘ်ပင် ဖြစ်တော့လေ၏။ ထို ဆုလာဘ် နှင့်ပင် ရိုစီသည် မိမိ အိုလီဗာအတွက် စိုးရိမ်ပူပန်ရကျိုး နပ်ပြီဟု ထင်မှတ် မိတော့လေသည်။

"ဩော်...ဒါနဲ့ ကျုပ်တို့ မေ့မနေအပ်တဲ့ လူ တစ်ယောက် ရှိပါသေး တယ်" ဟု မစ္စတာဘရောင်းလိုက ပြောပြောဆိုဆို လူခေါ်ခေါင်းလောင်းကို တီးလိုက်ပြီး အစေခံရောက်လာသည့် အခါ၌ အခန်းထဲသို့ မစ္စက် ဘက်ဒဝင် ကို စေလွှတ်လိုက်ရန် မှာကြားလိုက်လေ၏။

အဘွားကြီးသည် အခန်းထဲသို့ ရောက်လာကာ၊ အပေါက်ဝမှ နေ၍ အရိုအသေ ပြုလိုက်ပြီး၊ မစ္စတာဘရောင်းလို၏ ခိုင်းစေချက်ကို စောင့်စားနေ လေ၏။

"ကြည့်စမ်း ဘက်ဒဝင်၊ မင်းဟာ တစ်နေ့ထက် တစ်နေ့ မျက်စိကန်း သထက် ကန်းလာပါကလား"

"ဟုတ်ကဲ့ဦး၊ ကျွန်မလို အသက်အရွယ်ကြီးပြီး လူတွေဟာ ဘယ်မှာ မျက်လုံး ကောင်းနိုင်တော့မှာလဲ"

"ကဲပါလေ၊ မင်းရဲ့ မျက်မှန်ကို တပ်ပြီး၊ မင်းကို ဘာပြုလို့ တို့က ဒီအခန်းထဲကို ခေါ်လိုက်ရတယ် ဆိုတာကို ရှာကြည့်စမ်းပါဦး"

အဘွားကြီးလည်း သူမ၏ အိတ်များတွင် မျက်မှန်ကို လိုက်လံရှာဖွေ နေလေ၏။ သို့ရာတွင် အိုလီဗာကား၊ အောင့်မနေနိုင်တော့ဘဲ၊ အဘွားကြီး၏ လက်မောင်းများ ကြားထဲသို့ ခုန်ဝင် လိုက်မိတော့လေသည်။

"အလို ဘုရားသခင် ကျွန်မရဲ့ အပြစ် ကင်းစင်တဲ့ လူကလေးပါ ကလား၊ ဘုရားသခင်က ကျွန်မ အပေါ်မှာ ကောင်းလှပါပေတယ်"

ဆရာဝန် လော့စဘန်း၏ ဒေါသကြီးမှုကို နန်စီသည် ချဲ့ထွင် ထင်မြင် ခဲ့သည် မဟုတ်ပေ။ နန်စီ ပြောပြသည့် ကိစ္စကို သိရသည်နှင့် ကာဝင်ချင်း နက်၊ မစ္စတာလော့စဘန်းသည် အကြီးအကျယ် ဒေါသထွက်ကာ ဖေဂင်နှင့် ဆိုက်စ်တို့ လူစုကို ချက်ချင်းလက်ငင်း ဖမ်းဆီး အရေးယူရန်အတွက်၊ ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



များအား တိုင်ကြားမည် တကဲကဲ ရှိနေရာ၊ မစ္စတာဘာရောင်းလိုက ထိုကဲ့သို့ ပြုလုပ်ပါက ဖေဂင်တို့ အပြစ်ရရုံမှအပ၊ အိုလီဗာအတွက် ဘယ်လိုမှ အကျိုး ရှိမည် မဟုတ်သည်ကို ရှင်းပြ၍ တားဆီးထားရလေ၏။

"သူတို့ကို ခင်ဗျား ပြောသလို အပြစ်ရအောင် ပြုလုပ်လိုက်လို့ရှိရင် ကျွန်တော်တို့ လိုချင်တဲ့ ရည်ရွယ်ချက် ပြည့်စုံနိုင်ပါ့မလား ဆိုတာကို ပထမ စဉ်းစားရမယ်ဗျ"

"ကျွန်တော်တို့ ရည်ရွယ်ချက်က ဘာလဲဗျ"

"အိုလီဗာရဲ့ မိဘ ဘယ်သူတွေ ဆိုတာကို သိရဖို့ပေါ့၊ နောက်ပြီးတော့ သူငယ်မကလေး ပြောပြတဲ့အတိုင်း ဟုတ်မှန်တယ်ဆိုရင် သူ ရသင့်ရထိုက်တဲ့ အမွေ ပစ္စည်းတွေကို ရဖို့ပေါ့၊ ခုတော့ ဒီ အမွေပစ္စည်းတွေကို မန့်(က)စ် ဆိုတဲ့လူက ကလိမ်ဉာဏ်ဆင်ပြီး ယူထားတယ် မဟုတ်လား"

"အား ဟုတ်သားပဲ၊ ဒါကို ကျွန်တော် မေ့သွားတော့မလို့ ကြည့်စမ်း"

"ဒါကြောင့်မို့လို့ နန်စီဆိုတဲ့ သူငယ်မကလေးကို ဘေးအန္တရာယ် မဖြစ်စေဘဲ သူ့ အပေါင်းအဖော် လူဆိုးလူယုတ်မာတွေကို ဖမ်းဆီး အရေးယူ နိုင်တယ်ပဲ ထားလိုက်ပါဦး၊ ကျွန်တော်တို့ ဘာများ လုပ်နိုင်မလဲ"

"ဒီ လူဆိုး လူယုတ်မာတွေထဲက တချို့ကို ကြိုးစင်တင် သတ်ပစ်နိုင် ပြီး ကျန်တဲ့ လူတွေကိုတော့ တစ်ကျွန်းကို ပို့ပစ်လိုက်နိုင်တာပေါ့"

"ကောင်းပြီ၊ ဒါပေမဲ့ ကျွန်တော်တို့က ဘာမှ မလုပ်တောင် ဒီ လူစု ဟာ တစ်နေ့နေ့ ကျတော့ သူတို့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေရဲ့ ဒဏ်ချက်တွေ ကို အပြည့်အစုံ ခံစားသွားရမှာကို ယုံမှားဖွယ်ရာ မရှိပါဘူး။ ဒီတော့ ကျုပ်တို့ က ဝင်ခွက်လိုက်လို့ရှိရင် သူတို့ဟာ သူတို့ရဲ့ အပြစ်ဒဏ်တွေကို စောစော ခံစားသွားရမှာက လွဲလို့ အိုလီဗာအတွက်တော့ ဘယ်လိုမှ အကျိုးထူးနိုင် မှာ မဟုတ်ဘူး၊ အိုလီဗာ့ အကျိုးကိုတောင် ထိခိုက်နိုင်စရာ ရှိတယ်"

"ဘယ်လို ထိခိုက်နိုင်မှာလဲဗျ"

"ကျွန်တော်တို့ဟာ အဲဒီ မန့်(က)စ် ဆိုတဲ့လူကို မလှုပ်သာအောင် [illegible] မကိုင်နိုင်သရွေ့တော့ လျှို့ဝှက်တဲ့ ကိစ္စကို ဖြေရှင်းအောင်လုပ်ဖို့ အင်မတန်ကြီး ခဲယဉ်းတယ် ဆိုတာ ရှင်းနေတာပဲ၊ မန့်(က)စ်ကို နိုင်ပေါက် ကိုင်ဖို့ကလည်း နည်းပရိယာယ် သုံးမှ ဖြစ်မှာဗျ၊ သူ့ကို သူ့အပေါင်းအဖော် လူဆိုးတွေနဲ့ အတူတူ မရှိတဲ့အချိန်မှာ ကျုပ်တို့ လက်ထဲရောက်အောင် ဖမ်းမိ ရမယ်ဗျ။ တကယ်လို့ သူ့ကို ကျုပ်တို့က ပုလိပ် လက်ထဲအပ်လိုက်ပြီ ဆိုပါ

www.burmeseclassic.com



တော့ သူဟာ ဘာပြစ်မှု ကျူးလွန်ပါတယ်လို့ စွပ်စွဲစရာ ကျုပ်တို့မှာ ဘာသက်သေ အထောက်အထားမှ ရှိတာမဟုတ်ဘူး။ သူ့ အပေါင်းအဖော် လူဆိုးတွေ ကျူးလွန်ခဲ့တဲ့ ဖောက်ထွင်းမှု လုယက်မှုတွေမှာတောင် သူပါ ပါတယ်လို့ ကျုပ်တို့ မစွပ်စွဲနိုင်ဘူး။ ဒီတော့ သူ့ကို ပုလိပ်လက်ထဲ အပ်လိုက်ရင် အခြေအမြစ် မရှိတဲ့ လူတော၊ လူလေ တစ်ယောက်အဖြစ်နဲ့ ထောင်ကျသွားမှာပဲ။ ဒါပေမဲ့ နောက်ကျတော့ သူ့ဟာသူ သိတဲ့ ကိစ္စတွေကို ဖွင့်ပြောတော့မှာ မဟုတ်ဘူး။ သူ့ ပါးစပ်ကို ခေါင်းမာလှစွာ အမြဲတစေ ပိတ်ထားတော့မှာပဲ။ ဒီတော့ သူဟာ ကျုပ်တို့အတွက် အ,အ အထိုင်း အကန်း တစ်ယောက်လိုပဲ ဘယ်လိုမှ အသုံးဝင်တော့မှာ မဟုတ်ဘူး"

ထို့နောက် မစ္စတာဘရောင်းလိုသည် ရိုစီက နန်စီအား ထို ကိစ္စနှင့် ပတ်သက်၍ လျှို့ဝှက်ထားပါမည် ဟူ၍ ပေးလိုက်သည့် ကတိကို စောင့်ထိန်းကြရန် သဘောတူညီ လိုက်လေသည်။ ထိုကတိကို စောင့်ထိန်းခြင်းအားဖြင့် သူတို့ ပြုလုပ်စရာ ရှိသည်ကို ထိခိုက်စရာ၊ နှောင့်ယှက်စရာ အကြောင်း တစ်စုံတစ်ရာမှ မရှိဟု သူတို့ ယူဆကြလေ၏။ သို့ရာတွင် သူတို့သည် မန့်(က်)စ်၏ ကိစ္စနှင့် ပတ်သက်၍ မည်သို့မည်ပုံ စီမံရန် မပြုလုပ်ကြမီ၊ နန်စီအား နောက်တစ်ကြိမ် ထပ်မံ တွေ့ဆုံဖို့ လိုလားလေသည်၊ အကြောင်းမူကား မန့်(က)စ် ဆိုသူမှာ ဘယ်သူဘယ်ဝါ ဖြစ်ကြောင်းကို ၎င်းတို့အား နန်စီက ညွှန်ပြမှ သိနိုင်ကြမည် ဖြစ်လေရာ၊ နန်စီက ရိုစီကို မှာကြားသွားသည့်အတိုင်း သူမကို နောက် တနင်္ဂနွေနေ့တွင်မှ တွေ့နိုင်မည် ဖြစ်လေ၏။ ထိုအတွင်း ထိုကိစ္စနှင့် ပတ်သက်၍ မည်သို့မျှ မပြုလုပ်ကြဘဲ ငြိမ်ငြိမ်သက်သက်ပင် နေကြကာ အိုလီဗာကိုလည်း အသိပေးဖို့ မသင့်သေးဟု ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။

၅–ရက်တိတိ ဘယ်လိုမှ မပြုလုပ်ကြဘဲ စောင့်နေကြရသည့် အရေးမှာ မစ္စတာ လော့စဘန်းအတွက် သဘော မတွေ့စရာကြီးပင် ဖြစ်သော်လည်း ထိုနည်းထက် ပို၍ကောင်းမွန်သော နည်းကို ခဉ်းစား၍ ရသည်နှင့်အညီ မစ္စက်မေလီနှင့် ရိုစီတို့ကလည်း မစ္စတာ ဘရောင်းလိုဘက်က ဝင်ရောက် ပြောဆိုပြန်သည့်အတွက် ထို အတိုင်းပင် ပြုလုပ်ရန် နောက်ဆုံး၌ အားလုံး သဘောတူညီလိုက်ကြ တော့လေသည်။ ဤတွင် မစ္စတာဘရောင်းလိုက "ကျွန်တော်တို့ ကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော့် မိတ်ဆွေ ဓမ္မတာ ဂရင်းမဝစ်ဂ်ရဲ့ အကူအညီကို ယူပါရစေ၊ ဒီလူကြီးဟာ ထူးခြားတဲ့ သဘွာင်

www.burmeseclassic.com



အင်္ဂတောင် ဖြစ်ပေမယ့် အတော်ကြီးပဲ ပါးနပ်တယ်ဗျ၊ ကျုပ်တို့အတွက် အတော်ကြီး အထောက်အပံ့ ပေးနိုင်မှာပဲ၊ နောက်ပြီး သူဟာ ဝတ်လုံ တစ်ယောက်ပဲ"

"ကျွန်တော့် မိတ်ဆွေကိုပါ ဒီ ကိစ္စထဲမှာ ပါဝင်ခွင့် ပြုမယ်ဆိုရင် ကျွန်တော်က ခင်ဗျား မိတ်ဆွေကို ဘယ်လိုမှ ကန့်ကွက်စရာ မရှိပါဘူး" ဟု မစ္စတာ လော့စဘန်းက ပြန်ဖြေလိုက်လေသည်။

"ခင်ဗျား မိတ်ဆွေက ဘယ်သူလဲဗျ"

"ဟောဒီက မစ္စက်မေလီရဲ့ သား ရိုစီရဲ့ မိတ်ဆွေဟောင်းကြီး တစ်ယောက်ပါပဲ" ဟု ဆရာဝန် လော့စဘန်းက ရိုစီဘက်သို့ အဓိပ္ပာယ်ပါပါ လှမ်းကြည့်လိုက်ရင်း ဖြေလိုက်လေသည်။

ရိုစီကား ရှက်သွေး ဖျန်းတက်လာသော်လည်း ဟယ်ရီကို ထိုကိစ္စထဲတွင် ပါဝင်စေဖို့ကိုတော့ ဘယ်လိုမှ ကန့်ကွက်ခြင်း မရှိရာ မစ္စတာဂရင်းမဝစ်ဂ်နှင့် ဟယ်ရီကို သူတို့ ကိစ္စထဲတွင် ပါဝင်ကြမည့် ကော်မတီလူကြီးများ အဖြစ်နှင့် ထပ်မံ ဖြည့်စွက် လိုက်ကြလေ၏။

ထို့နောက် မစ္စက်မေလီကလည်း ထိုကိစ္စ မပြီးပြတ် သေးသရွေ့ မိမိတို့သည် လန်ဒန်၌သာ ဆက်လက်၍ နေထိုင်သွားမည် ဖြစ်ကြောင်းနှင့် ထိုကိစ္စ အောင်မြင်နိုင်ဖို့ ငွေ ဘယ်လောက်ပဲ ကုန်ရကုန်ရ၊ ဒုက္ခ ဘယ်လောက်ပဲ များရများရ၊ တတ်အားသရွေ့ အကူအညီ ပေးပါမည်ဟု မစ္စတာဘရောင်းလိုအား ကတိပေးလိုက်လေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ၂၃။ သတင်းပေးသူ၏ ဇာတ်သိမ်း

နန်စီသည် တိတ်ဆိတ်လျှို့ဝှက်စွာနှင့် ရိုစီအား လာတွေ့ခဲ့သည့် ညဉ့်မှာပင်၊ မြောက် လမ်းမကြီးမှ နေ၍ ဤဝတ္ထုနှင့် သက်ဆိုင်သည့် လူနှစ်ယောက်သည် လန်ဒန်မြို့တော်သို့ ဦးတိုက်၍ လာနေကြလေ၏။ ၎င်းတို့ကား အခြားမဟုတ် အိုလီဗာ၏ မိတ်ဆွေဟောင်းကြီးများ ဖြစ်ကြသော နောဧကလေး ပိုးလ်နှင့် ချားလော့ဘ် တို့ပင် ဖြစ်ကြလေသတည်း။

၎င်းတို့နှစ်ယောက်မှာ ၎င်းတို့၏ သခင် သုဘရာဇာ မစ္စတာ ဆိုဝါဘယ်ရီ၏ ငွေများကို ခိုးလျက် လန်ဒန်မြို့တော်သို့ ထွက်ပြေးလာကြခြင်း ဖြစ်လေ၏။ သူတို့နှစ်ယောက်သည် လန်ဒန်မြို့တော်ထဲသို့ ရောက်လာသည့် အခါတွင် ဖေဂင်၏ အပေါင်းအဖော်ဖြစ်သည့် ရေဝတီကလေး ဘာနီ (နှာခေါင်းသံပါနှင့် စကားပြောတတ်သူ) ၏ ထမင်းဆိုင်တွင် ဝင်ရောက်ဘည်းခိုကြလေရာ၊ ဖေဂင်နှင့် တွေ့ဆုံမိကြလေ၏။ ဖေဂင်လည်း ၎င်းတို့နှစ်ယောက်မှာ တောသားများ ဖြစ်ကြသည်ကို အကဲခတ်မိ လေရကား၊ ၎င်းတို့အား မိမိ၏ မကောင်းမှုအလုပ်တွင် ဝင်ရောက် ကူညီလုပ်ရန် သွေးဆောင် ဖြားယောင်းတော့လေ၏။ နောက်ဆုံးတွင် ၎င်းတို့နှစ်ယောက် သည်၊ ၎င်းတို့ ရှာဖွေရသမျှ ငွေ၏ တစ်ဝက်ကို ဖေဂင်အား ပေးပြီး ဖေဂင်ထံတွင် တပည့် ခံရန် သဘောတူညီ လိုက်ကြလေ၏။ ထို့ကြောင့် ၎င်းတို့နှင့် နောက်တစ်နေ့ နံနက် ၁၀–နာရီတွင် တွေ့ဆုံရန် ဖေဂင်က ချိန်းဆိုခဲ့ပြီးနောက် ထွက်ခွာ သွားလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com



၀

ရက်အနည်းငယ်အတွင်းမှာပင် နန်းစီသည် တစ်နေ့တခြား ဖြူဖပ်ဖြူရော် ဖြစ်လာရာက ပိန်ချုံးကျသွား ရှာလေသည်၊ တစ်ခါတစ်ရံများတွင် သူမသည် သူမရှေ့တွင် ဖြစ်ပျက်နေသမျှကို လုံး၀ ဂရုမစိုက်ဘဲ ငိုင်နေ တတ်လေသည်။ ယခင်ကဆိုလျှင် စကားပြောကြသည့် အခါ၌ သူမ၏ အသံမှာ အကျယ် လောင်ဆုံး ဖြစ်ခဲ့သော်လည်း ယခုအခါတွင်တော့ ဘယ်သူက ဘာပြောနေ စေကာမူ၊ စကားဝင်ရောက် ပြောဆိုခြင်း မရှိတော့ချေ။ တစ်ခါတစ်ရံတွင် တော့ ရယ်စရာမရှိဘဲ ရုတ်တရက် အော်ရယ်တတ်ပြီး၊ အဓိပ္ပာယ် မရှိဘဲ ဆူညံဆူညံ ပြုလုပ်တတ်လေ၏။ ပြီးနောက် ချင်ချင်းလိုလို မှာပင် ငြိမ်ကျ သွားကာ ခေါင်းကို လက်များပေါ်တွင် တင်ထားရာက မှုန်တေတေကြီးနှင့် တစ်ကိုယ်တည်း စဉ်းစားခန်း ဝင်နေတတ်ပြန်လေသည်။ သူမ၏ အမူအရာ မှာ သူမအနီးတွင် ရှိနေသည့် အဖော်များ ပြောဆိုနေကြသည့် အကြောင်း အရာများနှင့် ဘယ်လိုမှ မသက်ဆိုင်သည့် အကြောင်း ကိစ္စ တစ်ခုခုဆီသို့ သူမ၏ စိတ်များ ရောက်ရှိနေပုံပင် ဖြစ်လေ၏။

တနင်္ဂနွေနေ့ညတွင်ကား၊ ဖေဂင်အား စကားပြောဆိုနေကြရာက စကားစ ဖြတ်ကာ သူမတို့နှင့် အနီးဆုံး ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်း သံ နားထောင်နေကြလေသည်။ နန်းစီလည်း ထိုင်ခုံ နိမ့်နိမ့်ကလေးပေါ်၌ ခပ်ဝပ်ဝပ်ကလေး ထိုင်နေရာက ခေါင်းမော်လိုက်ကာ၊ နာရီထိုးသံကို နားထောင်နေလေ၏။ "၁၁–နာရီ သန်းခေါင်ရောက်ဖို့ တစ်နာရီပဲ လိုပါတော့ လား" ဟု ဆိုက်စ်သည် ပြတင်းပေါက်မှ ခန်းဆီးကို ဖယ်၍ အပြင်ဘက်သို့ ကြည့်ရင်း ပြောလိုက်ပြီးနောက် သူ့နေရာသို့ ပြန်ထိုင်လေ၏။

"မှောင်ပြီးတော့ အတော်အေးတဲ့ ညပဲ၊ အလုပ်လုပ်လို့ သိပ် ကောင်း မှာပဲ"

ဖေဂင်ကား ဘယ်လိုမှ ပြန်၍ မပြောဘဲ သူ၏ အင်္ကျီလက်စကို ဆွဲ ကာ၊ နန်းစီထံသို့ ထွက်ရန် ဟန်ပြင်နေလေ၏။

"ဟယ်လို နန်စီ၊ ဒီကလေးမ ဒီအချိန်ကြီးမှ ဘယ်ကိုများ သွား မလို့လဲ" ဟု ဆိုက်စ်က မေးလိုက်လေသည်။

"သိပ် မဝေးပါဘူး"

"ဒါက ဘာအဖြေလဲ၊ မင်း ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဝေးပါဘူးလို့ ကျွန်မ ပြောတယ် မဟုတ်လား"

"အေး...ငါကလည်း ဘယ်သွားမလို့လဲလို့ မေးတယ် မဟုတ်လား"

"ဘယ်သွားရမှန်းတောင် ကျွန်မ,မသိပါဘူး"

"ဒီလိုဆိုရင် ငါသိတယ်" ဟု ဆိုက်စ်က နန်စီ အပြင်ထွက်သည်ကို ကန့်ကွက်စရာ အကြောင်း တစ်စုံတစ်ရာမှ မရှိသော်လည်း ခေါင်းမာသည့် စိတ်နှင့် ပြောလိုက်လေသည်။

"မင်း ဘယ်ကိုမှ မသွားရဘူး ပြန်ထိုင်နေ"

"ကျွန်မ နေမကောင်းဘူးလို့ ရှင့်ကို အစကတည်းက ပြောပြီးပြီ မဟုတ်လား၊ ကျွန်မ လေကောင်းလေသန့် ရှူချင်တယ်"

"ပြတင်းပေါက်ကနေ ခေါင်းပြူပြီး ရှူပါလားကွ"

"ဒီမှာ လေကောင်းလေသန့် မရှိပါဘူး၊ ကျွန်မက လမ်းတွေပေါ်မှာ အားရပါးရကြီး ရှူချင်တာ"

"ဒီလိုဆိုရင် မင်း ဘာလေကောင်းလေသန့်မှ မရှူနဲ့တော့" ဟု ဆိုက်စ်က ပြန်ဖြေလိုက်လေသည်။ ဤသို့ အမိန့်ပေးလိုက်ရာက ဆိုက်စ်သည် ထိုင်ရာမှ ထကာ တံခါးကို သော့ခတ်ပိတ်လိုက်ပြီး သော့ကို သော့ပေါက်ထဲမှ ထုတ်ယူလိုက်လေသည်။ ပြီးနောက်...နန်စီ၏ ဦးခေါင်းမှ ဦးထုပ်ကို ဆွဲချွတ်လိုက်ကာ ဗီရို အဟောင်းကြီး တစ်လုံးပေါ်သို့ ပစ်တင်လိုက်လေသည်။ "ကဲ မင်း ငြိမ်ငြိမ်ကလေး ထိုင်နေစမ်းကွာ" ဟု ဆိုက်စ်က ပြောလိုက်လေ၏။

"ဦးထုပ်ကလေး တစ်လုံးက ကျွန်မကို မသွားဘဲ မနေနိုင်အောင် မလုပ်နိုင်ပါဘူး" ဟု နန်စီက မျက်နှာကလေး ဖြူဖပ်ဖြူရော်လာရာက ပြန်ဖြေလိုက်လေသည်။ "ဘီလ် ရှင် ဘာလုပ်နေတယ် ဆိုတာ ရှင့်ကိုယ်ရှင် ပြန်သိရဲ့လား..."

"ငါ ဘာလုပ်နေတယ် အလို" ဟု ဆိုက်စ်က အော်လိုက်ရာက ဖေဂင် ဘက်သို့ လှည့်ကြည့်ပြီး "ကြည့်စမ်းပါဦးကွာ...ကောင်မလေး ရူးနေပါပြီ။ သူ ငါ့ကို ဘယ်တုန်းက ဒီလိုပြန်ပြောရဲခဲ့ဖူးလို့လဲ"

"ရှင် ဒီလိုလုပ်နေတာနဲ့ ကျွန်မ, မဟုတ်တာတွေ လျှောက်လုပ်မိလိမ့် မယ်နော်..." ဟု နန်စီက သူမ၏ လက်များနှင့် ရင်အုံကို ဖိရာက [illegible] လိုက်လေသည်။

"ကျွန်မ သွားပါရစေ၊ ခု ချက်ချင်းလည်း သွားပါရစေ"

"မသွားရဘူး..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို သွားခွင့်ပြုဖို့ သူ့ကို ပြောပေးစမ်းပါ ဖေဂင်၊ သွားခွင့်ပေးရင် သူ့အတွက် ကောင်းမှာပဲ ကျွန်မပြောတာ ကြားလား" ဟု နန်စီသည် သူမ၏ ခြေထောက်များကို ကြမ်းပြင်ပေါ်တွင် ဆောင့်ရာက အော်လိုက်လေသည်။

"မင်းကို ငါ ကြားပါတယ်ကွ" ဟု ဆိုက်စ်က ထိုင်နေရာက နန်စီအား လှည့်ကြည့်ရင်း ပြောလိုက်လေသည်။ "အေး နောက်တစ်ခါ မင်းဆီက အသံ ထပ်ကြားရရင် မင်း လည်ချောင်းကို ငါ့ခွေးက ကိုက်ဖြတ်ပြီး ခုလိုအော်နေတဲ့ မင်းရဲ့အသံကို တစ်ခါတည်း ဆွဲထုတ်ပစ်ခိုင်းလိုက်မယ်။ မင်း ဘာဖြစ်နေတာလဲ– ဟင်–ကောင်မ, မင်း ဘာဖြစ်နေတာလဲ"

"ကျွန်မ သွားပါရစေ" ဟု နန်စီက လိုက်လိုက်လဲ့လဲ့ကြီး တောင်းပန်လိုက်ပြန်လေသည်။ ပြီးနောက် ကြမ်းပြင်ပေါ်တွင် ထိုင်ချလိုက်ရာက "ဘီလ် ကျွန်မ သွားပါရစေရှင်...ရှင် ဘာလုပ်နေတယ်ဆိုတာကို ရှင် မသိဘူးနော်၊ ရှင် တကယ့်ကို မသိဘူး၊ တစ်နာရီတည်းပါရှင် သွားပါရစေ"

"အလို ဘုရားရေ ဒီကောင်မတော့ ရူးနေပါပြီ၊ မဟုတ်ရင် ကျုပ်ရဲ့ ခြေနဲ့ လက်တွေကို တစ်ခုပြီးတစ်ခု ဖြတ်ပစ်လိုက်ကြပါ" ဟု ဆိုက်စ်က ရေရွတ်ရင်းက နန်စီ၏ လက်မောင်း တစ်ဖက်ကို ကြမ်းတမ်းစွာ ဖမ်းဆွဲလိုက်လေသည်။

"ကဲ ထစမ်း"

"မထဘူး၊ ရှင် ကျွန်မကို သွားခွင့်ပေးမှ ထမယ်၊ နို့မို့ရင် ဘယ်တော့မှ မထဘူး–ဘယ်တော့မှ မထဘူး" ဟု နန်စီက အော်ဟစ်လိုက်လေသည်။ ဆိုက်စ်လည်း ခေတ္တမျှ စောင့်ကြည့်နေပြီးနောက် ရုတ်တရက် သူမ၏ လက်များကို ဖမ်းချုပ်လိုက်ကာ နန်စီအား တစ်ဖက် အခန်းကလေးထဲသို့ အတင်း ဆွဲခေါ်သွားလေ၏။ နန်စီလည်း ရုန်းရင်းကန်ရင်းနှင့်ပင် သူ ဆွဲခေါ်ရာသို့ ပါသွားတော့လေသည်။ ဆိုက်စ်လည်း ခုံရှည် တစ်ခုပေါ်တွင် ထိုင်ချလိုက်ကာ နန်စီအား ကုလားထိုင်ပေါ်သို့ တွန်းချထိုင်ခိုင်းလိုက်ပြီးနောက် မလှုပ်သာ မယှက်သာအောင် ချုပ်ကိုင်ထားလိုက်လေ၏။ နန်စီလည်း ရုန်းလိုက်ကန်လိုက်တစ်လှည့်၊ တောင်းပန် အသနားခံလိုက် တစ်လှည့်နှင့် ၁၂–နာရီထိုးသံကို ကြားလိုက်ရလေ၏။ ဤတွင်မှ သူမလည်း မောမော နွမ်းနယ်စွာနှင့် ငြိမ်သက်သွားတော့လေသည်။ ဆိုက်စ်လည်း နောက်ထပ် ဆူဆူညံညံ မလုပ်ရန် ဆဲဆို ကြိမ်းမောင်းပြီးနောက် ဖေဂင်ထံသို့ ပြန်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှူး..." ဟု ဆိုက်စ်သည် မျက်နှာမှ ချွေးသံများကို သုတ်ပစ်ရင်းက အသက် ပြင်းပြင်း မှုတ်ထုတ်လိုက်လေသည်။ "တော်တော့်ကို ထူးခြားတဲ့ ကောင်မကလေးပဲ"

"အေး...ဘီလ် မင်း ဒီလိုပြောနိုင်ပါတယ်" ဟု ဖေဂင်က စဉ်းစဉ်းစားစား အမူအရာနှင့် ထောက်ခံလိုက်လေသည်။ "မင်း ဒီလို ပြောနိုင်ပါတယ်"

"ဒီကနေ့ညမှ သူက ဘာ စိတ်ရူးပေါက်ပြီး အပြင်ထွက်ချင်တာတဲ့လဲကွ...ဟင် ဖေဂင် မင်းက သူ့စိတ်ကို ငါ့ထက် သိပါတယ်ကွာ၊ ဒါ ဘာ အဓိပ္ပာယ်တဲ့လဲကွာ"

"ခေါင်းမာတာပေါ့ဗျာ...မိန်းမတွေရဲ့ ထုံးစံအတိုင်း ခေါင်းမာတာဖြစ်မှာပေါ့ ကိုယ့်လူ"

"အေးလေ ဒီလိုပဲ ဖြစ်မှာပဲလေ သူ့ကို ကျုပ် "နှိမ်" ထားနိုင်ပြီလို့ အောက်မေ့နေတာ၊ ဒါပေမဲ့ အရင်ကလိုပဲ ဆိုးတုန်းပါပဲ"

"အရင်ကထက်တောင် ပိုဆိုးလာတယ်" ဟု ဖေဂင်က စဉ်းစဉ်းစားစား အမူအရာနှင့် ပြောလိုက်ပြန်လေသည်။ "ဘာမဟုတ်တဲ့ ကိစ္စကလေး တစ်ခုကြောင့် သူ ဒီလိုလုပ်တာ ကျုပ် အရင်က တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး"

ဖေဂင်က ထို စကားများကို ပြောလိုက်စဉ် နန်စီသည် အခန်းထဲသို့ ပြန်ရောက်လာပြီး သူမ ခပ်စောစောက ထိုင်နေသည့် နေရာတွင် ပြန်ထိုင်လိုက်လေသည်။ သူမသည် ကိုယ်ခန္ဓာကို ဟိုဘက်ယိမ်းလိုက် သည်ဘက်ယိမ်းလိုက် လုပ်နေပြီး၊ ခေါင်းကို ခါလိုက်လေသည်။ ခေတ္တမျှ ကြာလျှင် ရုတ်တရက် အော်ရယ်လိုက်လေ၏။

"အလို...လုပ်ပြန်ပြီတစ်မျိုး..." ဟု ဆိုက်စ်က လွန်မင်းအံ့အားသင့်လှသည့် အမူအရာနှင့် ဖေဂင်အား လှမ်းပြောလိုက်လေသည်။

ဖေဂင်လည်း နန်စီအား ဂရုမစိုက်ချင်သော အမူအရာနှင့် ဆိုက်စ်အား ခေါင်းညိတ် ပြလိုက်လေသည်။ နန်စီလည်း မိနစ် အနည်းငယ်မျှပင် ငြိမ်သက် သွားပြန်လေ၏။ ဖေဂင်လည်း ဆိုက်စ်အား နန်စီအတွက် မစိုးရိမ်ရန် လေသံနှင့် မှာကြားပြီးနောက် သူ့ ဦးထုပ်ကို ယူကာ နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားလေ၏။

နောက်တစ်နေ့တွင် ဖေဂင်သည် သူ့တပည့်သစ် ဖြစ်သည့် နောဧအား သူ့အတွက် အရေးကြီးသော ကိစ္စတစ်ခု ဆောင်ရွက်ပေးရန် ပြောကြားလေ၏။ ပထမ နောဧက ငြင်းသေး၏။ အကြောင်းကို ဖွင့်ပြောမှ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...တေီမက ဘယ်မှာလဲ၊ သူ့ကို ကျုပ်က ဘယ်နေရာကနေ စောင့်နေရမှာလဲ၊ ကျုပ် ဘယ်ကိုသွားရမှာလဲ"

"ဒါတွေကို အချိန်ကျရင် သိရမှာပေါ့လေ၊ တေီမ–ဘယ်သူဆိုတာကို ငါ အချိန်ကျတော့ ညွှန်ပြပေးပါ့မယ်၊ မင်းသာ အဆင်သင့် လုပ်ထားပါ"

ထိုနေ့ညနှင့် နောက်ညများတွင် နောသည် ဖေဂင်ထံမှ စကားရသည်နှင့် တစ်ပြိုင်နက် ဘယ်အချိန်တွင် မဆို အပြင်ထွက်နိုင်ရန် အဆင်သင့်ပြင်ဆင်ပြီး၊ စောင့်စားနေခဲ့လေ၏။ ညပေါင်း ၆–ညတိတိ လွန်မြောက်ခဲ့လေသည်။ ညတိုင်းညတိုင်းပင်လျှင် ဖေဂင်သည် စိတ်ပျက်သော မျက်နှာထားနှင့် ပြန်ရောက်လာကာ အချိန် မကျသေးကြောင်း တိုတိုတုတ်တုတ် အသိပေးတတ်လေ၏။ ၇–ရက်မြောက်သော ညတွင်ကား၊ သူသည် ခါတိုင်းထက်စော၍ ပြန်ရောက်လာလေသည်။ သူ့ အမူအရာကား အတော်ကြီး ဝမ်းသာအားရ ဖြစ်နေပုံရလေ၏။ ထိုညက တနင်္ဂနွေနေ့ည ဖြစ်လေသည်။

"ဒီကနေ့ည ကောင်မ အပြင်ထွက်လိမ့်မယ်။ သူ သွားမယ့် နေရာကလည်း တို့ သိချင်တဲ့ နေရာပဲလို့ ငါတော့ မှချထင်မိတာပဲ၊ တစ်နေ့လုံးသာ တစ်ယောက်တည်းပဲ ရှိခဲ့တယ်၊ သူ ကြောက်တဲ့လူဟာလည်း မနက် မိုးလင်းမှ အိမ်ပြန်ရောက်လာမှာကွ၊ ကဲ...ငါနဲ့အတူတူ လိုက်ခဲ့ မြန်မြန်လုပ်ပါကွ"

ဖေဂင်သည် နောအား ရေဝတီကလေး ဘာနီ၏ အရက်ဆိုင်သို့ ခေါ်ဆောင်သွားလေ၏။ ထိုဆိုင်ထဲတွင် တစ်ယောက်တည်း ထိုင်နေသော နန်စီအား ဖေဂင်က နောကို ချောင်းမြောင်း ညွှန်ပြလိုက်လေသည်။ မကြာမီမှာပင် နန်စီသည် ဆိုင်ထဲမှ ထွက်သွားလေ၏။

နန်စီသည် စိတ် ချောက်ချားနေဟန်နှင့် လမ်းလျှောက်နေရင်းနှင့် မကြာခဏ ဆိုသလို သူမ၏ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုတတ်လေသည်။ တစ်ခါနှစ်ခါမျှ သူမ၏နောက်မှ လျှောက်လာကြသူများ သူမကို ကျော်လွန်သွားသည်အထိ ရပ်နေတတ်လေ၏။ သို့ရာတွင် မကြာခင်မှာပင် ခဲ့တင်းလာဟန်နှင့် ခပ်သွက်သွက် လျှောက်စပြုနေလေရာ၊ သူမ နောက်မှ နောသည်လည်း မှန်မှန်ကြီး နောက်မှ လိုက်ပါလာလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com



သင်္ချိုင်းနှစ်ခုသည် လန်ဒန်တံတားကြီး အနီးသို့ ချဉ်းကပ်လာမိကြသည့် အခါတွင် ဘုရားရှိခိုးကျောင်းမှ နာရီကြီးဆီက ၁၂-နာရီ မတ်တင်း ထိုးသံ ထွက်ပေါ်လာလေ၏။

မှောင်မိုက်လှသည့် ညဖြစ်လေသည်။ နေ့တစ်နေ့လုံး ရာသီဥတုမှာ ဆိုးဝါးခဲ့လေရာ၊ ထိုအချိန် ထိုနေရာ၌ လူ အနည်းငယ်မျှသာ လှုပ်ရှား သွားလာနေကြလေ၏။ ရှိသည့် လူများမှာလည်း သင်္ချိုင်းနှစ်ခု ဖြစ်သော မိန်းမပျိုနှင့် နောက်မှလိုက်လာသူတို့ကို တွေ့မြင်ခြင်း မရှိကြ။ တွေ့မြင်ပြန် လျှင်လည်း ဂရုမစိုက်ကြဘဲ လျှင်မြန်သွက်လက်စွာ ကျော်ဖြတ်သွားနေ ကြ၏။

မိန်းမပျိုကား စိတ်မငြိမ်မသက် ဖြစ်လာဟန်နှင့် တံတားကြီးပေါ်တွင် ဟိုလျှောက်လိုက် သည်လျှောက်လိုက် လုပ်နေသည်ကို သူမအား နောက်မှ လိုက်ချောင်းနေသူကလည်း မျက်ခြည်မပြတ် လိုက်ချောင်းနေစဉ် စိန်ပေါလ် နာရီစင်ကြီးမှ ထိုနေ့၏ အသက်ကို ကုန်ဆုံးမှုကို ဖော်ပြသည့် ၁၂-နာရီ ထိုးသံ ထွက်ပေါ်လာလေ၏။ ညဉ့်သန်းခေါင်သည် လောကကြီးကို လွှမ်းမိုး ခဲ့လေပြီ။

၂-မိနစ်မျှ မကြာခင်မှာပင် မိန်းမပျိုကလေး တစ်ယောက်သည် ဆံပင် တစ်ဝက် ဖြူနေသော လူကြီးတစ်ယောက်နှင့်အတူ မြင်းရထား တစ်စီးပေါ်မှ ဆင်းလာကာ တံတားကြီးဆီသို့ တည့်တည့်ကြီး လျှောက်လာကြလေ၏။ ၎င်းတို့ တံတားကြီးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်မှာပင် တံတားပေါ် မှ မိန်းမပျိုကလေးလည်း လန့်သွားသကဲ့သို့ ကိုယ်ကလေး တွန့်သွားပြီး နောက်၊ ၎င်းတို့ထံသို့ တည့်တည့်ကြီး လျှောက်လာလေ၏။

မိန်းမပျိုနှင့် လူကြီးကား သူမကို တွေ့လျှင် အံ့အားသင့်သွားသည့် အမေဋ္ဌတ်သံကို ပြုလိုက်ကြပြီးနောက်မှ တောသား တစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် ၎င်းတို့ အနီးမှ ပွတ်သီးပွတ်သပ် ဖြတ်လျှောက်သွားသည့်အတွက် ဣန္ဒြေ ဆည်နေလိုက်ကြလေ၏။

နန်စီသည် သူမ၏ အဖော်နှစ်ယောက်ကိုသာ ကမ်းခြေဘက်တွင်ရှိ ဆိပ်ကမ်းတစ်ခုဆီသို့ ခေါ်ဆောင်သွားလေ၏။ တောသား အဝတ်အစားကို ဝတ်ဆင်ထားသည့် လူလည်း သူတို့ သတိမပြုမိကြဘဲ သူတို့နောက်မှ လိုက် ပါလာလေသည်။ တောသားသည် မှောင်ရိပ်ခိုလျက် ချောင်းနားထောင်နေ ရာ အောက်ပါစကားများကို ကြားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာပြုလို့ တို့ကို ဒီလို မှောင်ကြီးထဲကို ခေါ်လာရတာလဲကွယ်" ဟု လူကြီးက ကြင်နာမှု ပါလှသည့် အသံနှင့် မေးလိုက်လေသည်။ "မီးရောင်ထဲမှာ ဘာလို့ ပြောစရာရှိတာ မပြောတာလဲ"

"ဘာပြုလို့ မှန်းလည်း မသိဘူး။ ကျွန်မ ဒီနေ့ည အလိုလိုနေရင်းကကို ကြောက်နေမိတယ်"

"မိန်းကလေး လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က ဘာလို့ မလာသလဲ"

"ကျွန်မ် မလာနိုင်ဘူး၊ ကျွန်မကို သူက အတင်းတားထားတယ်"

"ဘယ်သူကလဲ"

"ဒီက မမလေးကို ပြောပြထားတဲ့လူပါ"

"မင်း ဦးတို့နဲ့ ဆက်သွယ်နေတယ်လို့ မင်း လူတွေကများ မယုံသင်္ကာများ ဖြစ်နေကြသလားကွယ်"

"မဖြစ်ပါဘူး၊ ဒါပေမဲ့ သူ ရှိတုန်း ကျွန်မ ဘယ်ကိုမှ သွားလို့မရဘူး၊ ကျွန်မ ဟိုအရင်အပတ်က မမလေးကို လာတွေ့ရတုန်းကတောင် သူ့ကို အိပ်ဆေးခတ်ပစ်ခဲ့ရတယ်"

"မင်း ပြန်ရောက်မသွားခင် သူများ နိုးနေခဲ့သလား"

"မနိုးပါဘူး၊ သူကော–တခြား ကျွန်မအဖော်တွေကကော ဘယ်သူကမှ ကျွန်မကို မယုံသင်္ကာ မရှိကြပါဘူး"

ဤတွင်မှ လူကြီးလည်း စိတ်ချသွားဟန်နှင့် ၎င်း လိုချင်သည့် ကိစ္စကို ပြောပြတော့လေသည်။ နန်စီက မန့်(က)စ် ဆိုသည့်လူကို မိမိတို့၏ လက်ထဲသို့ အပ်ရန်ပင် ဖြစ်တော့လေ၏။

"မန့်(က)စ် ရှင်တို့လက်ထဲ ရောက်သွားလို့ရှိရင် ကျွန်မတို့လူတွေကို သစ္စာဖောက်ပြီး အပြစ်တွေ ဖော်ရင်ကော–"

"သူ့ဆီက တို့ သိချင်တဲ့ အကြောင်း သိရရင်ပဲ တော်ပါပြီ။ တခြား ဘာမှ မလုပ်ပါဘူး၊ အိုလီဗာရဲ့ ကိစ္စနဲ့ ပတ်သက်ပြီး တို့အတွက် လူသိမခံချင်တဲ့ အကြောင်းအရာတွေ ရှိမှာပဲ၊ ကျုပ် ကတိပေးပါတယ်"

"မမလေးကော ဒီအတိုင်းပဲ ကတိပြုမလား"

"ကျွန်မ အသည်းနှလုံးထဲကကို သစ္စာဆိုပြီး ကတိပြုပါတယ်ရှင်"

ဤတွင် နန်စီလည်း သူမတို့ လူစု စားကျက်ချလေ့ရှိသည့် အရက်ဆိုင်၏ အမည်နှင့် နေရာကို တိတိကျကျ ညွှန်ကြားပြီးနောက် ထိုနေရာသို့ မန့်(က)စ်က မကြာခဏ ရောက်လာလေ့ရှိရာ ထိုနေရာမှစောင့်၍ ဖမ်းလျှင်

www.burmeseclassic.com

www.burmeseclassic.com



မိနိုင်မည် ဖြစ်ကြောင်း၊ မန့်(က)စ်၏ ရုပ်ရည် အသွင်အပြင်ကို အသေးစိတ် ပြောပြပြီးလျှင် အဘိုးကြီးက...

"သူ့ လည်ပင်းမှာ မီးလောင်ထားတဲ့ ဒဏ်ရာလိုပဲ အမာရွတ်တစ်ခု ရှိတယ် မဟုတ်လား"

"အလို သူ့ကို ဦးသိသလား"

"အင်း သိတယ်လို့ ကျုပ်တော့ ထင်တာပဲ၊ မင်း ပြောပြတဲ့ ရုပ်ရည် သွင်ပြင်ဆိုရင်ဖြင့် သူပဲ ဖြစ်ရမှာပဲ၊ ကြည့်ကြသေးတာပေါ့လေ၊ လောကကြီး မှာ လူတူ မရှားလှပါဘူး။ ဒါပေမဲ့ သူပဲ ဖြစ်ရမှာပဲလေ"

အဘိုးကြီးလည်း နန်စီအား မိမိကို သူမက ယခုလို ကူညီသည့် အတွက် ဘယ်လို ကျေးဇူးဆပ်ရမည်နည်းဟု မေးမြန်းလိုက်ရာ နန်စီက မိမိ ထိုကိစ္စနှင့် ပတ်သက်၍ ဘာမှ မသိချင်ကြောင်း စိတ်လှုပ်ရှားလှစွာနှင့် ပြန်၍ ဖြေလိုက်ရှာလေသည်။ ပြီးနောက် အဘိုးကြီးနှင့် မိန်းမပျိုကလေး သည်။ နန်စီကို ထိုနေရာတွင်ပင် ထားပစ်ခဲ့ကာ ထွက်ခွာသွားကြသည့် နောက်၊ နန်စီသည် လှေကားထစ်များ ပေါ်တွင် မှောက်ကာ ရင်ထဲတွင် ခံစားနေရသည့် စိတ်ဒဏ်ချက်ကို မျက်ရည်များ သွန်ချခြင်းဖြင့် ထုတ်ဖော် နေရှာတော့လေ၏။ သူမ၏ အမူအရာကို တွေ့ရသူ သူလျှို နောဧကား၊ ခေတ္တမျှ အံ့အားသင့်လှစွာ ငေးကြည့်နေပြီး နောက်မှ မှောင်ရိပ်ကို ခိုကာ ဖေဂင်ထံသို့ တိုက်ရိုက်ပြန်ခဲ့လေ၏။

နောဧက သူ တွေ့မြင် ကြားနာခဲ့ရသမျှကို ဖေဂင်အား အလုံးစုံ ပြန်ပြောပြလေရာ၊ ဖေဂင်က တစ်ဆင့် ဆိုက်စ်အား ထိုအကြောင်းကို ပြောပြ လိုက်ပြန်လေသည်။ ဤတွင် ဆိုက်စ်မှာ ဒေါသအမျက် ခြောင်းခြောင်းထွက် ကာ၊ ဖေဂင်၏ အိမ်မှ ကမူးရှူးထိုး ပြေးထွက်သွားလေတော့၏။

သူ့ အိမ်တံခါးဝသို့ ရောက်လာမှ ဆိုက်စ်သည် ကိုယ်ရှိန်သတ်လိုက် ကာ တံခါးကို အသံမကြားအောင် ဖွင့်လျက် အခန်းထဲသို့ ဝင်လိုက်လေ၏။ ပြီးနောက် တံခါး သော့ခတ် မင်းတုပ်ချ ပိတ်လိုက်ရုံသာ မကသေး စားပွဲ တစ်လုံးကိုလည်း တံခါးရှေ့သို့ ရွှေ့လျက် ခံထားလိုက်ပြီးမှ ခုတင်ဆီသို့ လျှောက်သွားကာ ကန့်လန့်ကာကို တအား ဆွဲဖယ်လိုက်လေ၏။ ဤတွင် ခုတင်ပေါ်၌ အဝတ်အစား တစ်ပိုင်းတစ်စနှင့် လဲလျောင်းနေသော နန်စီကို သူ တွေ့ရတော့လေသည်။ သူမသည် အိပ်ပျော်နေရာမှ လန့်နိုးလာလေ၏။

"ထစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"အော် ဘီလ်၊ ရှင်လား–" ဟု နန်စီသည် ဆိုက်စ် ပြန်ရောက်လာသည်ကို ဝမ်းသာ ကျေနပ်စွာနှင့် နှုတ်ဆက်လိုက်လေသည်။

"အေး ငါပဲ ထစမ်း"

ဖယောင်းတိုင် တစ်ခုကို ထွန်းညှိထားသော်လည်း ဆိုက်စ်သည် ဖယောင်းတိုင်ကို စွပ်တိုင်မှ ဖြုတ်ယူကာ မီးလင်းဖိုထဲသို့ တအား ပေါက်ထည့်လိုက်လေသည်။ အပြင်ဘက်တွင် အရုဏ်ဦး၏ ခပ်သဲ့သဲ့ အလင်းရောင်ကို တွေ့ရသည်။ နန်စီလည်း ပြတင်းပေါက် ခန်းဆီးများကို ဆွဲဖယ်လိုက်တော့မည် ပြုစဉ် ဆိုက်စ်က ရှေ့မှ တားဆီးထားလိုက်လေ၏။

"နေပစေ၊ ငါလုပ်မဲ့ အလုပ်အတွက် အလင်းရောင် လုံလုံလောက်လောက် ရှိပါတယ်"

ဆိုက်စ်သည် ရင်အုပ်ကြီး မြင့်ချည်နိမ့်ချည်၊ နှာခေါင်း ကျဉ်းချည်ကျယ်ချည်နှင့် နန်စီအား ခေတ္တမျှ တွေကြည့်နေ၏။ ပြီးနောက် သူမ၏ ဆံပင်နှင့် လည်ပင်းကို သူ့လက်ကြီးများဖြင့် ဖမ်းဆုပ်လိုက်ကာ၊ အခန်း အလယ်ဆီသို့ တရွတ်တိုက် ဆွဲခေါ်သွားပြီး တံခါးပေါက်ဆီသို့ တစ်ဖက် လှည့်ကြည့်လိုက်ပြန်ကာ၊ သူ့ လက်ကြီး တစ်ဖက်ကို နန်စီ၏ ပါးစပ်ပေါ်တွင် ပိတ်ဖုံးထားလိုက်လေ၏။

"ဘီလ်–ဘီလ်" နန်စီသည် ကြောက်ရွံ့လှသဖြင့် အားသန်လှစွာနှင့် ရုန်းကန်နေရာက အသက် မရှူနိုင် မကယ်နိုင် ပြောလိုက်သေးသည်။ "ကျွန်မ ကျွန်မ မအော်ပါဘူး၊ ကျွန်မ ပြောတာ နားထောင်ပါဦး ကျွန်မ ဘာလုပ်မိလို့လဲ"

"မင်း လုပ်တာ မင်းသိတယ် မဟုတ်လားဟင်... ငြိုးဟ်ကောင်မ၊ မင်းကို ဒီနေ့ည လူတစ်ယောက်က လိုက်ချောင်းခဲ့တယ်။ မင်းပြောတဲ့စကား တစ်လုံးမကျန် ကြားခဲ့ရတယ်"

"ဒီလိုဆိုရင်ဖြင့် ရှင့် အသက်ကို ကျွန်မ အဲဒီတုန်းက ချမ်းသာပေးခဲ့သလို ကျွန်မအသက်ကိုလည်း ခု ချမ်းသာပေးပါရှင်" ဟု နန်စီသည် ဆိုက်စ်အား ဖက်တွယ်ထားရာက တောင်းပန် အသနားခံလိုက်လေ၏။ "ဘီလ် အချစ်–ဘီလ်၊ ရှင် ကျွန်မကို တကယ်ပဲ မသတ်ရက်ပါဘူးနော်၊ ကျွန်မ ဒီညအတွင်းမှာပဲ ရှင့်အတွက်ကြောင့် စွန့်လွှတ်ခဲ့ရတာတွေကို ပြန်စဉ်းစား စမ်းပါဦး။ ဘီလ်–ဘီလ် ကျွန်မကို မသတ်ခင် စဉ်းစားပါဦး၊ ဘီလ်–ရှင့် အပေါ်မှာ ကျွန်မ သစ္စာ မဖောက်ခဲ့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



နန်စီက မည်သို့ပင် တောင်းပန်စေကာမူ၊ ဆိုက်စ်သည် နားထောင်ခြင်း မပြုတော့ဘဲ တုတ်ကြီး တစ်ချောင်းကို ဆွဲယူကာ ဒေါသကြီးကြီးနှင့် ဆင့်ကာဆင့်ကာ ရိုက်နှက်လေရာ၊ နန်စီမှာတွင် ၎င်း၏ တုတ်ချက်နှင့်ပင် အသက် ပျောက်သွားရ ရှာလေ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ၂၄။ ပင့်ကူအိမ် ပျက်စီးခြင်း

မစ္စတာဘာရောင်းလိုသည်၊ နန်စီ၏ သတင်းပေးချက်အတိုင်း မန့်(က)စ်အား စောင့်ဖမ်းခဲ့ရာ၊ အလွယ်တကူပင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်း၏ နေအိမ်သို့ ခေါ်ဆောင်လာလေသည်။

မစ္စတာဘာရောင်းလို၏ အိမ်ခန်းထဲတွင် နှစ်ယောက်တည်း ကျန်ရှိသည့် အခါ၌ မန့်(က)စ်က ဟန်လုပ်ကာ မိမိအား အဘယ့်ကြောင့် ဤသို့ ဖမ်းဆီး ခေါ်ဆောင်လာရသနည်း ဟု မေးမြန်းလေ၏။

"ငါ့အာဏာနဲ့ ခေါ်လာတာပေါ့၊ မင်းဟာ တို့ ခေါ်ခဲ့တုန်းက မလိုက်ရင် ဖြစ်သားနဲ့ ငြိမ်ငြိမ်သက်သက် လိုက်ခဲ့တယ်။ ခုမှ မင်းက မင်းရဲ့ လွတ်လပ်ခွင့်ကို လိုချင်တယ်ဆိုဖြီး ဥပဒေ အကူအညီကို တောင်းချင်ရင် ငါ ခုနက ပြောခဲ့သလိုပဲ မင်း လွတ်လွတ်လပ်လပ်ကြီး တောင်းနိုင်ပါတယ်၊ ဒါပေမဲ့ ငါကလည်း ဥပဒေကို ပြန် အသုံးပြုရမှာပဲ။ ဒီတော့ လက်လွန်ကုန်မှ ငါ့ကို သက်ညှာဖို့ မင်း တောင်းပန်မနေနဲ့ ဘယ့်နှယ်လဲ"

"ဦးဟာ ကျွန်တော့်ဖခင်ရဲ့ အခင်ဆုံး မိတ်ဆွေဟောင်းကြီး တစ်ယောက်ပါ၊ ဦး ကျွန်တော့်အပေါ်မှာ ဒီလို မပြုသင့်ပါဘူး" မန့်(က)စ်က သူ၏ ဝတ်ရုံကြီးနှင့် ဦးထုပ်ကို ချွတ်လိုက်ရာက ပြောလိုက်လေသည်။

"အေး ငါဟာ မင်းဖခင်ရဲ့ အချစ်ဆုံး မိတ်ဆွေကြီး တစ်ယောက် ဖြစ်ခဲ့လို့ပဲ မင်းအပေါ်မှာ ငါ ခုလိုပြုနေတာပဲ။ ဘုရားသခင်က အလိုရှိခဲ့လို့ရှိရင် ငါ့ ဇနီး ဖြစ်လာရမယ့် မင်းဖခင်ရဲ့ နှမလေးကြောင့် ငါ မင်းအပေါ်မှာ ခုလို ပြုနေမိတာပဲ၊ မင်းဖခင်ဟာ သဘာဝ လမ်းစဉ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အမှား အမျိုးမျိုးတွေကို တွေ့ကြုံခဲ့ပြီး နောက်ဆုံးကျတော့ သေသွားခဲ့ရတဲ့အထိ ငါရဲ့ အသည်းနှလုံးဟာ သူ့ဆီမှာ ငြိတွယ်နေခဲ့လို့ပဲ ငါ မင်းအပေါ်မှာ ခုလို ပြုနေ မိတာပဲ။ မင်းဖခင်နဲ့ အတူတူ ငါ ကုန်လွန်ခဲ့ရတဲ့ အချိန်တွေကို၊ ငါ အမှတ် ရနေမိလို့ပဲ ငါအခု မင်းအပေါ်မှာ သက်သက်ညှာညှာ သဘောထားနေမိတာပဲ။ မင်းရဲ့ အသုံးမကျမှုတွေအတွက် မင်းကိုယ်စား ငါ ရှက်မိပါတော့တယ် လီးဖို့ဒ်ရယ်..."

"လီးဖို့ဒ်ဆိုတဲ့ နာမည်ဟာ ကျွန်တော့်အတွက် ဘယ်လိုမှ အသုံးမကျတော့ပါဘူး"

"အေး မင်းအတွက် အသုံးမကျတော့ပေမယ့် ဒီနာမည်ဟာ ဘုရားသခင် အလိုရှိခဲ့ရင် ငါ့ဇနီးဖြစ်ရမယ့် သူကလေးရဲ့ နာမည်ကွ၊ ငါ ခုလို အသက်အိုမင်းနေပြီ ဖြစ်ပေမယ့် ဒီနာမည်ကလေးကို ကြားရတိုင်း ငါ့ အသည်းနှလုံးဟာ ပီတိ လျှမ်းလာတုန်းပါပဲ၊ အေး မင်းက ဒီနာမည်ကို အသုံးမပြုတော့တာ ငါ အများကြီး ဝမ်းသာမိပါတယ်ကွာ၊ တကယ့်ကို အများကြီး ဝမ်းသာမိပါတယ်"

"ဒါတွေက အပိုတွေပါဗျာ၊ ခင်ဗျား ကျုပ်ဆီက ဘာလိုချင်တယ် ဆိုတာကိုသာ ပြောပါ"

"မင်းမှာ ညီတစ်ယောက် ရှိတယ်၊ သူ့နာမည်ကလေးကို မင်းနားထဲ တိုးတိုးကလေး ပြောလိုက်တာနဲ့ မင်းဟာ ကြောက်ရွံ့ထိတ်လန့်စေတဲ့ စိတ်နဲ့ ခုလို ငါ အိမ်ရောက်အောင် လိုက်လာစေတဲ့ မင်း ညီကလေးလေ..."

"ကျွန်တော့်မှာ ဘာညီမှ မရှိပါဘူး၊ ကျွန်တော်ဟာ တစ်ဦးတည်းသော သားဆိုတာ ခင်ဗျားလည်း အသိပဲ"

"အေး ခု ငါပြောပြမယ့် စကားတွေကို နားထောင်ရင် မင်း စိတ်ဝင်စားစရာတွေကို ကြားရပါလိမ့်မယ်ကွာ၊ မင်း ဖခင်ဟာ အသက် ငယ်ငယ်ကလေးနဲ့ ဆွေမျိုးတွေရဲ့ ဂုဏ် မာနကြောင့် မင်းမိခင်ကို အတင်း နှုတ်မိုတ်ပြီး လက်ထပ်ယူခဲ့ရတယ် ဆိုတာကို ငါ သိပါတယ်၊ အေး- ဒီလို စိတ် မချမ်းသာစရာ ကောင်းတဲ့ အိမ်ထောင်ဖက်မှုကြောင့် မင်းလို အသုံးမကျတဲ့ လူတစ်ယောက်ဟာ လောကကြီးထဲကို ရောက်လာခဲ့ရတယ်"

"ခင်ဗျားက ကျုပ်ကို ဘယ်လို ပုတ်ခတ်ပုတ်ခတ် ကျုပ် ဂရုမစိုက်ပါဘူးဗျာ၊ မငြင်းပယ်နိုင်တဲ့ အချက်ကို ခင်ဗျား သိတာပဲ လိုင်းပါပဲ" ဟု မန့်(က)စ်က ခပ်လှောင်လှောင် ရယ်ရင်း ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါပေမဲ့ မညီမျှ မသင့်တော်တဲ့ အိမ်ထောင်ဖက်မှုကြောင့် မင်းခင်ဟာ ဘယ်လောက် စိတ်ဒုက္ခ ခံစားရတယ်ဆိုတာကိုလည်း ငါ သိခဲ့ပါတယ်၊ သူတို့နှစ်ယောက်ဟာ သူတို့ကို ရစ်ပတ်တုပ်နှောင်ထားတဲ့ အိမ်ထောင်ဖက် သံကြိုးကြီးကို သူတို့ရဲ့ အိမ်ထောင်ရေး ဘဝလမ်းစဥ် တစ်လျှောက် ဘယ်လောက် စိတ်နာကြည်းလှစွာနဲ့ တရွတ်တိုက် ဆွဲခဲ့တယ် ဆိုတာကိုလည်း ငါသိပါတယ်။ နောက်ပြီးတော့ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ခါးခါးသီးသီးကြီး မုန်းတီးရွံရှာလာပြီး သူတို့ကို ချည်နှောင်ထားတဲ့ သံကြိုးကြီးကို ဖြတ်တောက်ပစ်ခဲ့ကြရတယ် မဟုတ်လား၊ နောက်ပြီးတော့ သူတို့ရဲ့ ရှက်စရာကောင်းတဲ့ အဖြစ်ကို ထင်ရှားတွေ လျှောက်လုပ်ပြီး မေ့ပျောက် ဖုံးကွယ်နိုင်ကြဖို့ သူတို့နှစ်ယောက် ကြိုးစားခဲ့တဲ့အခါမှာ မင်းအမေကတော့ ကောင်းကောင်းကြီး အောင်မြင်ခဲ့ပါတယ်။ သူကတော့ မကြာခင်မှာပဲ ဒီအဖြစ်ကို မေ့သွားခဲ့တယ်။ ဒါပေမဲ့ မင်းဖခင် အဖို့မှာတော့ ဒီအဖြစ်ဟာ နှစ်ပေါင်းများစွာပဲ အသည်းထဲမှာ ချိုးကပ် ငြိစွဲ နေခဲ့ရတယ်"

"အေးလေ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ခွာပြီသွားကြတယ်၊ အဲဒါ ဘာဖြစ်သလဲ"

"အေး သူတို့ဟာ အတော်ကြာ ကွဲကွာနေပြီးတဲ့နောက် မင့် မိခင်ဟာ ဥရောပတိုက်ကို ကူးပြီး အပျော်အပါး အမျိုးအမျိုး လိုက်စားနေပြီး သူ့ထက် ၁၀-နှစ် တိတိ ငယ်တဲ့ သူ့ယောက်ျားကို လုံးလုံးကြီး မေ့သွားခဲ့တယ်။ မင့်ဖခင် ခမျာမှာတော့ သူ့ အိမ်ထောင်ရေး ပျက်စီးရမှုကြောင့် မျှော်လင့်စရာ အများကြီးရှိတဲ့ ရှေ့ တက်လမ်းတွေဟာ ပိတ်ပင်ကုန်ရပြီး အိမ်မှာပဲ ကုပ်နေရာက မိတ်ဆွေသစ်တွေနဲ့ သွားတွေ့ရတယ်၊ ဒါကိုတော့ မင်း သိပြီးသားပါပဲ"

"အို-မသိပါဘူး ကျုပ် မသိပါဘူး" ဟု မန့်(က)စ်သည် မျက်လုံးများကို လွှဲဖယ်လိုက်ရာက အကုန်လုံးကို ဘူးကွယ်တော့မည်ဟု စိတ်ပိုင်းဖြတ်ထားဟန်နှင့် ငြင်းလိုက်လေ၏။

"မင်းရဲ့ အမူအရာက မင်း ဒီအဖြစ်ကို သိရုံသာ မကဘူး၊ ဒီအဖြစ်ကို စိတ်နာကျည်းစွာနဲ့ တစ်ဖက်သတ် သတိရနေခဲ့တယ် ဆိုတာကို ထင်ရှားနေပါပြီကွာ၊ ငါ ပြောနေတဲ့ ကိစ္စဟာ လွန်ခဲ့တဲ့ ၁၅-နှစ်လောက်တုန်းက ဖြစ်ခဲ့တဲ့ အဖြစ်ပဲ၊ ဒီတုန်းက မင်းဟာ အသက် ၁၁-နှစ်လောက် ရှိဦးမယ်၊ မင်းအဖေကလည်း ၃၁-နှစ်ပဲ ရှိသေးတယ်။ ဘာပြုလို့လဲ ဆိုတော့ သူ့ဖခင်

www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို အတင်းအကျပ် လက်ထပ်ရမယ်လို့ အမိန့်ပေးတုန်းက သူဟာ သူငယ်ကလေး အရွယ်သာ ရှိသေးတာပဲ၊ ကဲလေ မင်းရဲ့ မိဘတွေ အပေါ်မှာ အစွန်းအကွက် ထင်စေမယ့် ဒီ အတိတ်ကာလ အဖြစ်တွေကို ငါ ဆက်ပြီး စားမြုံ့ ပြန်နေရဦးမှာလား၊ မင်း မှန်တာတွေကို ဖွင့် ဝန်ခံတော့မလား"

"ကျုပ်မှာ ဝန်ခံစရာ ဘာမှ မရှိပါဘူး။ ခင်ဗျား ဆက် စားမြုံ့ပြန်ချင်သပ ဆိုရင်လည်း ပြန်ပေတော့"

"ကောင်းပြီ၊ မင်းဖခင်တွေ့ရတဲ့ မိတ်ဆွေသစ်တွေဟာ ပင်စင်ယူထားတဲ့ ရေတပ်အရာရှိ တစ်ယောက်ပဲ။ သူက မုဆိုးဖို၊ သူ့မှာ ကလေးနှစ်ယောက် အဖတ်တင် ကျန်ရစ်ခဲ့တယ်။ နှစ်ယောက်စလုံးက သမီးတွေချည်းပဲ၊ တစ်ယောက်က အင်မတန် လှပလှတဲ့ အသက် ၁၉–နှစ် အရွယ်၊ တစ်ယောက်ကတော့ နှစ်ခါလည်သမီးသာသာကလေး ရှိဦးမယ်"

"ဒါတွေက ကျုပ်နဲ့ ဘာဆိုင်သလဲဗျ"

မစ္စတာဘာရောင်းလိုသည် မန့်(က)စ် ၏ စကားဖြတ်ပြောမှုကို ဂရုမပြုဘဲ…

"သူတို့နေထိုင်တဲ့ အရပ်ကို မင့် ဖခင်ဟာ စိတ်လေလွင့်ပြီး ရောက်သွားတယ်၊ သူတို့ဆီမှာပဲ တည်းခိုနေထိုင်ရာက ရင်းနှီးသည်ထက် ရင်းနှီးလာကြပြီး နောက်ဆုံးတော့ ရေတပ် အဘိုးကြီးဟာ သူ့ကို အင်မတန် မှပဲ ချစ်မြတ်နိုးလာတော့တယ်။ ဒါနဲ့ပဲ ပြီးပါစေတော့လို့ ငါ ဆုတောင်းမိပါရဲ့၊ ဒါပေမဲ့ အဘိုးကြီးရဲ့ အပျိုရွယ် သမီးကလည်း မင့် အဖေကို ချစ်ခင်မြတ်နိုး ပြန်တယ်"

အဘိုးကြီးသည် ခေတ္တမျှ ရပ်နားနေ၏။ မန့်(က)စ်ကား နှုတ်ခမ်းများကို ကိုက်ထားရာက ကြမ်းပြင်ပေါ်တွင် မျက်လုံးများ စူးစိုက်နေ၏၊ ထိုအခြင်းအရာကို တွေ့ရသော အဘိုးကြီးလည်း ချက်ချင်းပင် စကားဆက်ပြောပြန်၏။

"အေး တစ်နှစ် ကြာသွားတဲ့အခါကျတော့ မင့် ဖခင်ဟာ အဲဒီ သမီးပျိုကလေးနဲ့ လုံးလုံးကြီး ငြိပါးနေမိကြတော့တာပဲ။ အပြစ်ကင်းစင်ရှာတဲ့ အဲဒီကလေးမကလေးအဖို့ဟာဖြင့် ပထမဦးဆုံးအကြိမ် ဖြောင့်မှန်တဲ့ ချစ်ခြင်းမေတ္တာစိတ်ကို ခံစားရခြင်းပါပဲ"

"ခင်ဗျား ပုံဝတ္ထုက ရှည်တော်မူလိုက်တာဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဝမ်းနည်း ကြေကွဲလှစရာ ကောင်းလှပြီး၊ တကယ် ဖြစ်ပျက်ခဲ့တဲ့ ပုံဝတ္ထုကလေးပါပဲကွယ်။ တစ်လျှောက်လုံး ပျော်စရာကောင်းနေမယ် ဆိုရင်ဖြင့် ဘယ်နည်းနဲ့မှ မရှည်နိုင်ပါဘူး၊ ကဲလေ–နောက်ဆုံးတော့ မင့်ဖခင်ရဲ့ ပိုက်ဆံချမ်းသာတဲ့ ဆွေမျိုးတစ်ယောက်ဟာ သေဆုံးသွားခဲ့ပြီး (သူ့အတွက်ပဲ မင့်ဖခင်ဟာ သူ့ဘဝကို အဆုံးရှုံးခံလိုက်ရတာပဲ) မင့် ဖခင် သူ့အတွက် ခံစားရတဲ့ စိတ်ဒုက္ခတွေအတွက် လျော်ကြေးပေးတဲ့ သဘောနဲ့ သူ့မှာ ရှိသရွေ့ ပစ္စည်းဥစ္စာတွေကို မင်း ဖခင်အတွက် အမွေပေးခဲ့တော့တာပဲ။ ဒီကိစ္စ အတွက်ကြောင့် မင်း ဖခင်ဟာလည်း ရောမမြို့တော်ကို သွားရမလို ဖြစ်လာတော့ မင်းဖခင်ဟာ ချက်ချင်းပဲ လိုက်သွားရတော့တာပဲ၊ အဲဒီမှာ မင်း ဖခင်ဟာ ရောဂါရတော့ ဒီသတင်းကို ကြားရတဲ့ မင်း မိခင်ဟာ ပဲရစ်မြို့တော်ကနေပြီး ရောမမြို့တော်ကို ချက်ချင်း လိုက်လာတော့တာပဲ၊ အေး မင်း မိခင် ရောက်လာပြီး နောက်တစ်နေ့မှာပဲ မင်းဖခင်ဟာလည်း ဆုံးသွားတော့တာပဲ ဒါပေမဲ့ သူ သေတမ်းစာကို ရှာမတွေ့ရခဲ့တဲ့အတွက် သူ အမွေရလိုက်တဲ့ ပစ္စည်းဥစ္စာမှန်သမျှကို မင့် မိခင်နဲ့ မင်းက ရလိုက်ကြတော့တာပေါ့"

ဤ နေရာသို့ ရောက်လာလျှင် မန့်(က)စ်မှာ စကားပြောနေသူအား ကြည့်ရှုခြင်း မရှိသော်လည်း စိတ်အား ထက်သန်လာသည့် အမူအရာနှင့် နားထောင်နေလေ၏။ မစ္စတာဘာရောင်းလိုက ရပ်နားလိုက်ပြီးနောက် ပြောစရာ ရှိသည့်တို့ကို ပြောလိုက်ရပြီဖြစ်၍ စိတ် သက်သာရာ ရသွားသည့် အမူအရာနှင့် သူ၏ ပူလောင်နေသော မျက်နှာနှင့် လက်များကို ပဝါနှင့် သုတ်နေလေ၏။ ပြီးနောက်မှ ဆက်၍...

"မင့်ဖခင် ရောမမြို့တော်ကို မသွားခင် ငါ့ဆီကို ရောက်လာခဲ့တယ်"

"ဒီအကြောင်း ကျုပ် မကြားမိပါကလား" ဟု မန့်(က)စ်က မကျေမနပ် ဟန်နှင့် ပြောလိုက်သော်လည်း၊ သူ့ အမူအရာကား ကျေနပ်ဖွယ် မရှိသော အံ့အားသင့်မှုကို ခံစားနေရပုံ ပေါ်နေလေ၏။

"မင့် ဖခင်ဟာ ငါ့ဆီ ရောက်လာတယ်၊ ပြီးတော့ ငါ့ဆီမှာ ပစ္စည်းတွေ ထားခဲ့တဲ့ အနက် သူကိုယ်တိုင် ရေးဆွဲခဲ့တဲ့ ပန်းချီကားချပ် တစ်ချပ်လည်း ပါတယ်၊ သူ ထားပစ်ခဲ့ရတဲ့ ချစ်သူကို ပုံတူကူးဆွဲ ဆေးခြယ် ထားတဲ့ ပုံတူ ပန်းချီကားချပ်ပဲ၊ သူက ငါ့ကို မှာသွားသေးတယ်။ သူရတဲ့ အမွေပစ္စည်းတွေ မှန်သမျှကို ရသလောက် ထုခွဲရောင်းချပြီး တချို့တစ်ဝက်ကို မင်း မိခင်နဲ့

www.burmeseclassic.com



မင်းကို ပေးပြီး ကျန်တာတွေနဲ့ ဒီတိုင်းပြည်မှာ မနေတော့ဘဲ တခြား ပြည်ဘစ်ပြည်မှာ သွားနေမယ်တဲ့။ သူသွားလို့ ရှိရင် တစ်ယောက်တည်း သွားမှာ မဟုတ်ဘူး ဆိုတာကိုတော့ ငါ တွေးထင်မိပါတယ်၊ ဒါပေမဲ့ သူ့ရဲ့ အချစ်ဆုံး သူငယ်ချင်းဖြစ်တဲ့ ငါ့ကိုတောင် သူ့ အတွင်းရေးတွေကို ထုတ်ဖော်ပြောဆိုသွားခြင်း မပြုဘူး။ နောက်ကျမှ စာရေး အကြောင်းကြားပါ့မယ်လို့ ငါ့ကို ကတိပေးသေးတယ်။ ဒါပေမဲ့ အဲဒီတုန်းက သူနဲ့ ငါတွေ့ရတာဟာ တို့နှစ်ယောက်အတွက် နောက်ဆုံးအကြိမ်ပဲ၊ သူ့ဆီက စာကိုလည်း မရ၊ သူ့ကိုလည်း ငါ နောက်ထပ် မတွေ့ရတော့ဘူး..."

မစ္စတာဘရောင်းလိုလည်း ခေတ္တမျှ ရပ်နားနေပြီးနောက်၊ ဆက်လက်ပြောဆိုပြန်လေ၏။ "မင်း ဖခင် သေဆုံးပြီးနောက်တော့ ငါဟာ သူ့ ချစ်သူရှိတဲ့နေရာကို သွားသေးတယ်။ မင်း ဖခင်ရဲ့ ပြုမူသွားချက်ကြောင့် တစ်လောကလုံးက ဝိုင်းပြီး ကဲ့ရဲ့ ရှုတ်ချခြင်း ခံနေရရှာတဲ့ အဲဒီ မိန်းကလေးဟာ သူ့ကို သနားကြင်နာစွာ စောင့်ရှောက်ကြည့်ရှုမယ့် လူတစ်ယောက်တော့ ရှိပါသေးတယ် ဆိုတာကို သိရစေမယ်လို့ ငါ စိတ်ပိုင်းဖြတ်ထားမိတယ်၊ ဒါပေမဲ့ ငါ မရောက်ခင် တစ်ပတ်လောက်ကပဲ သူတို့အိမ်ထောင်ဟာ တခြားအရပ်ကို ပြောင်းရွှေ့သွားပြီ ဆိုတာကို ငါ သိရတယ်။ သူတို့မှာ ရှိတဲ့ အကြွေးမှန်သမျှကို ကြေလည်အောင် ဆပ်ပြီး ညကြီး အချိန်မတော်မှာ ထွက်သွားကြတာပဲတဲ့၊ ဘယ်အရပ်ကို သွားတယ်ဆိုတာကိုတော့ ဘယ်သူမှ မသိကြဘူး"

မန့်(က)စ်သည် အသက်ရှူ ချောင်လာဟန်နှင့် အားရပါးရ ပြုံးကာ မော်ကြည့်လိုက်လေသည်။ မစ္စတာဘရောင်းလိုလည်း သူ့ ကုလားထိုင်ကို မန့်(က)စ် အနီးသို့ ရွှေ့လိုက်ကာ ဆက်လက် ပြောဆိုပြန်လေ၏။

"အေး...မင်းရဲ့ ညီကလေး...လူတကာရဲ့ နှိပ်စက် ညှဉ်းပန်းမှုကို ခံစားနေရရှာတဲ့ မင်းရဲ့ ညီကလေးကို မကောင်းမှုတွေကို ကျူးလွန်နေတဲ့ လူဆိုးတွေ လက်ထဲက ငါက ကယ်တင်ခဲ့တဲ့အခါ ကျတော့..."

"ဘာ" ဟု မန့်(က)စ်က အံ့အားသင့်စွာ အော်လိုက်လေသည်။

"အေး...ငါ ပြောတယ် မဟုတ်လား၊ မင်း မကြာခင် ငါ ပြောတာတွေမှာ စိတ်ဝင်စားလာရပါ့စေမယ်လို့။ အေး မင်းရဲ့ ညီကလေးကို ကယ်တင်ခဲ့တဲ့ လူဟာ ငါပဲကွယ့်၊ မင်းရဲ့ အပေါင်းအဖော် လူဆိုးတွေက ...ဆီက ဖုံးကွယ်ထားကြတာကို... သူကလေးဟာ ငါ့လက်ထဲ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါ့ အိမ်မှာပဲ သူ ခံစားနေရတဲ့ ရောဂါက ပျောက်ကင်းလာနေတုန်းမှာ ငါ ခုနက ပြောတဲ့ ပုံတူရုပ်ပုံကားချပ်နဲ့ သူကလေးဟာ ရုပ်ရည်ချင်း အံ့ဩလောက်အောင် တူညီနေတာကို ငါ သတိပြုမိတယ်။ သူ့ကို ငါစပြီး တွေ့ရစဉ်တုန်းကတောင် သူ့ မျက်နှာ ကလေးဟာ ငါ့အတွက် မိတ်ဆွေဟောင်းကြီး တစ်ယောက်ကို ရိပ်ခနဲ တွေ့လိုက်ရသလိုပဲ၊ အေး သူ့ရဲ့ ဖြစ်အင်တွေကို ငါ မသိရခင်မှာပဲ သူကလေးဟာ မင်းရဲ့ အပေါင်းအဖော်တွေရဲ့ လက်ထဲကို ဘယ်လိုဘယ်ပုံ ပြန်ရောက် သွားရပြန်တယ် ဆိုတာကိုတော့ မင်းကို ငါ ပြောပြဖို့ မလိုတော့ပါဘူးနော်"

"ဘာပြုလို့ မလိုရမှာလဲ" ဟု မန့်(က)စ်က ကပျာကယာ မေးလိုက်လေ၏"

"ဘာပြုလို့လဲဆိုတော့ မင်း အဲဒီအကြောင်း ကောင်းကောင်းကြီး သိလို့ပဲ"

"ဘာ ကျွန်တော် သိတယ် ဟုတ်လား"

"မင်း ငါ့ကို လာငြင်းနေလို့ အချည်းနှီးပါပဲကွယ်။ ငါ ဒီထက် ပိုသိသေးတယ်ဆိုတာကို ခု မင်းကို ပြရမှာပေါ့"

"ခင်ဗျား ကျုပ်ကို ဘယ်လိုမှ မစွပ်စွဲနိုင်ပါဘူး၊ ခင်ဗျားမှာ ဘာ သက်သေ အထောက်အထားမှ မရှိပါဘူး"

"ကြည့်တာပေါ့လေ..." ဟု မစ္စတာဘရောင်းလိုက မန့်(က)စ်၏ မျက်နှာကို သေသေချာချာ စိုက်ကြည့်ရှုရာက ပြောလိုက်လေသည်။ "သူငယ်ကလေးကို ငါ ဆုံးရှုံးခဲ့ရပြီးတဲ့နောက်၊ သည်လိုပြန်တွေ့ ရအောင်လို့ ငါ ကြိုးစားခဲ့ရသမျှဟာ အချည်းနှီး ဖြစ်ခဲ့ရတယ်။ မင်းရဲ့ မိခင်ဟာ သေဆုံးခဲ့ရပြီ ဖြစ်တော့ ဒီလျှို့ဝှက်တဲ့ ကိစ္စကို မင်း တစ်ယောက်ပဲ ဖြေရှင်းချင်လိမ့်မယ်လို့ ငါသိခဲ့တယ်။ မင်း အကြောင်း ငါ နောက်ဆုံး ကြားသိရတာကတော့ မင်းဟာ အနောက် အိန္ဒိယ ကျွန်းစုမှာ မြေပိုင်ရှင်တစ်ယောက် ဖြစ်နေတယ် ဆိုတာပဲ။ ဒါကြောင့် ငါလည်း ဒီကိုသွားခဲ့တယ်။ ဒါပေမဲ့ ဟိုရောက်သွားတော့ မင်းဟာ လွန်ခဲ့တဲ့ လပေါင်းများစွာကပဲ အဲဒီကျွန်းစုကနေ ထွက်သွားခဲ့ပြီး ခုဆိုရင်...မင်းဟာ လန်ဒန်မြို့တော်မှာပဲ ရှိနေလိမ့်မယ် ဆိုတာ သိရတော့တာပဲ။ မင်း အဲဒီ ကျွန်းစုကို ရောက်လာလိုက်၊ နောက် ပျောက်သွားလိုက် လုပ်နေပြီး မင်းရဲ့ အပေါင်းအဖော်တွေဟာလည်း၊ မင်းငယ်ငယ်တုန်းကလိုပဲ လူဆိုး လူတေတွေချည်းပဲ ဆိုတာကို ငါ သိရပြန်တယ်။ ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



လန်ဒန်မြို့ကို ပြန်လာပြီး မင်းကို အနှံ့အပြား လိုက်ရှာပေးမယ်၊ ဘယ်မှာမှ မတွေ့ရဘူး၊ အေး...လွန်ခဲ့တဲ့ ၂–နာရီလောက်ကသာ မင်းကို ခုလို တွေ့ရတော့တာပဲ”

“အဲ...ခု ကျုပ်ကို ခင်ဗျားတွေ့ရပြီ၊ အဲဒါ ဘာဖြစ်သေးသလဲ–ခင်ဗျား ဘာလုပ်နိုင်မှာလဲ။ သူတစ်ပါး ပစ္စည်းခိုးမှု၊ လိမ်လည်မှု ဆိုတာတွေဟာ ကြီးကျယ်တဲ့ စကားတွေပါပဲ။ အခြေအမြစ် မရှိတဲ့ ကောင်ကလေး တစ်ယောက်ဟာ ခင်ဗျားရဲ့ ရုပ်ပုံ ပန်းချီကားထဲက မိန်းမနဲ့ ရုပ်ရည်ချင်း တူတယ် ဆိုတာကလေးနဲ့ပဲ၊ ဒီ စွပ်စွဲချက်အတွက် မလုံလောက်နိုင်ပါဘူးဗျ။ ဒီကောင်ကလေးဟာ၊ ကျုပ် ဖခင်နဲ့ သူ့ တိတ်တိတ်ပုန်းမယားက မွေးတယ်ဆိုတာကို တောင် ခင်ဗျား သက်သေအထောက်အထား မပြနိုင်ပါဘူး၊ ခင်ဗျား သိမှ သိရဲ့လား...”

“အေး...ငါမသိပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ရက် သီတင်းနှစ်ပတ် အတွင်းမှာပဲ၊ ဒီကိစ္စနဲ့ ပတ်သက်လို့ ငါ အားလုံး သိရပါပြီ။ မင်းမှာ ညီကလေးရှိတယ် ဆိုတာကိုလည်း မင်း သိတယ်၊ မင်း ဖခင်ဟာ သေတမ်းစာ ထားခဲ့ပါတယ်။ ဒါပေမဲ့ မင်းရဲ့ မိခင်က ဒီသေတမ်းစာကို ဖျောက်ဖျက်ပစ်လိုက်ပြီး၊ မင်း ဖခင်ရဲ့ ပစ္စည်းဥစ္စာ အမွေတွေကို သူ တစ်ယောက်တည်း လက်ဝါးကြီးအုပ် သိမ်းပိုက်တယ်၊ နောက် သူသေသွားတော့ ဒီ အမွေတွေကို မင်းလက်ထဲ ထားပစ်ခဲ့တာပဲ၊ ဒါပေမဲ့ မင့် မိခင်က သူ့ လျှို့ဝှက်မှုကို အဲဒီ အမွေနဲ့ အတူတူ မင့်ကို ပေးခဲ့တာပဲ။ တခြားမဟုတ်ဘူး...မင်း ဖခင်နဲ့ သူ့ ချစ်သူတို့ရဲ့ ပေါင်းဖက်မှုကြောင့် ကလေးတစ်ယောက် ဖွားမြင်ခဲ့တယ် ဆိုတာပဲ၊ အေး တစ်နေ့ကျတော့ မင်း လန်ဒန်မြို့မှာ ရှိနေတုန်း အိုလီဗာကို မင်း တွေ့ရတော့တာပဲ၊ အိုလီဗာဟာ မင်း ဖခင်...(သူ့ဖခင်) နဲ့ ရုပ်ရည်ချင်း အတော်ဆင်နေတာကို တွေ့ရတော့ မင်းဟာ သင်္ကာမကင်း ဖြစ်တယ်၊ ဒီတော့ မင်းဟာ သူ မွေးဖွားရာ ဇာတိမြို့ကို သွားပြီး လိုက်စုံစမ်းတော့ မသမာလူအချို့က ဖုံးဖိထားတဲ့ သူ့မိဘ အဆက်အနွယ်ကို မင်း သိရတော့တာပဲ၊ ဒီ အဆက်အနွယ်ရဲ့ သက်သေခံ အထောက်အထားတွေဟာ လုံလုံလောက်လောက် ရှိခဲ့တယ်၊ ဒါပေမဲ့ ဒီ သက်သေခံ အထောက်အထားတွေကို မင်းက ဖျက်ဆီးပစ်ခဲ့တယ်။ မင်းရဲ့ ကြံရာပါ ရေဝတီဖေဂင်ကို မင်း ပြောခဲ့တဲ့ မင်းရဲ့ စကားအတိုင်းဆိုရင် ကောင်ကလေး ဘယ်သူဆိုတာကို သိရှိနိုင်မယ့် သက်သေခံ အထောက်အထားတွေဟာ မြစ်အောက်မှာ ရောက်နေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီပစ္စည်းတွေကို ကောင်ကလေး အမေဆီက ရခဲ့တဲ့ ဝမ်းဆွဲမ ကြီးဟာ ခုလောက်ဆို ခေါင်းထဲမှာ ပုပ်ဆွေးနေပြီတဲ့။ ကဲ...မင်း ဘာပြော ဦးမလဲ–ဟင် မင်း ဖခင်နဲ့ နည်းနည်းကလေးမှ မထိုက်တန်တဲ့ သားဆိုးသား မိုက် သူခိုး လူသတ်သမားတွေနဲ့ တိတ်တိတ်ပုန်း ပေါင်းပြီး မင်းထက် အဆ ပေါင်း တစ်သန်းမက တန်တဲ့ သူကလေးရဲ့ အသက်ကို လုပ်ကြံဖို့ ကြိုးစားခဲ့တဲ့ကောင်၊ မင်းဟာ ပုခက်တွင်းကပဲ မင်း ဖခင်အတွက် စိတ်ပျက်ဝမ်းနည်းစရာကောင်းခဲ့တဲ့ လူပဲ။ ကဲ–အက်ဒဝပ်လီးဖို့ဒ် မင်း ငါ့ကို အန်တုချင်သလား၊ ငါ စွပ်စွဲတာတွေကို မင်း ငြင်းနိုင်ပါဦးမလား”

“မငြင်းနိုင်ပါဘူးခင်ဗျာ၊ မငြင်းနိုင်တော့ပါဘူး” ဟု သတ္တိကြောင်လှသော မန့်(က)စ်သည် မစ္စတာဘရောင်းလို၏ တိကျမှန်ကန်သည့် စွပ်စွဲချက်များ၏ လွှမ်းမိုးမှုကို မခံနိုင်တော့ဘဲ၊ ဝန်ခံလိုက်လေ၏။

ထို့ကြောင့်လည်း မန့်(က)စ်သည် မစ္စတာဘရောင်းလို စွပ်စွဲခဲ့သည့် အကြောင်းအရာတွေကို ဟုတ်မှန်ပါသည်ဟု စာတွင်ရေးလျက် လက်မှတ်ထိုး ဖြောင့်ချက် ပေးပါမည်ဟု ဝန်ခံ ကတိပေးလိုက်လေ၏။ ထိုစဉ် မစ္စတာလော့စဘန်း ရောက်လာကာ ဖေဂင်ကို ဖမ်းမိသွားပြီ ဖြစ်ကြောင်းနှင့် ဆိုက်စ်ကိုလည်း မကြာခင် ဖမ်းမိတော့မည် ဖြစ်ကြောင်းကို ဝမ်းသာအားရ ပြောပြလေ၏။

ဆိုက်စ်သည် သိမ်းမြစ်ထဲတွင်ရှိ ဂျေဘောက်ကျွန်းခေါ် ကျွန်းကလေး တစ်ကျွန်းပေါ်မှ အိမ်ပျက်ကြီး တစ်ဆောင်တွင် သွားရောက် ခိုအောင်းနေရာ သူ့ကို လိုက်ဖမ်းနေကြသည့် လူအုပ်ကြီးက အနောက်မှ လိုက်ပါလာပြီး အိမ်ကြီးကို ဝိုင်းရံထားကြလေ၏။ ဆိုက်စ်လည်း အိမ်ခေါင်မိုးသို့ တက်ပြေးပြီး အိမ်နောက်ဖေးရှိ မြောင်းကြီးထဲသို့ ကြိုးဖြင့် ကိုယ်ကို လျှောချ ထွက်ပြေးရန် ကြိုးစားလေ၏။ ထို့ကြောင့် ဆိုက်စ်သည် ကြိုးစ တစ်ဖက်ကို ခေါင်မိုးခေါင်းတိုင်ကြီးတွင် ခိုင်မြဲစွာ ရစ်ပတ်ချည်နှောင် ထားလိုက်၏။ ပြီးနောက် တစ်ဖက်မှ ကြိုးကွင်းလျှောကို သူ့ ခေါင်းပေါ်မှ စွပ်ချလိုက်လေ၏။ ထိုစဉ် “အို...နန်စီရဲ့ မျက်လုံးကြီးတွေ” ဟု သူသည် အော်ဟစ်လိုက်ကာ ခြေတရက် ခြေချော်သွားပြီး ခေါင်မိုးပေါ်မှ လိမ့်ကျသွားလေ၏။ သူ့ ခန္ဓာကိုယ်ကြီးသည် ရေမြောင်းကြီးထဲသို့ တစ်ရှိန်ထိုး ထိုးကျသွားလေသည်။ သို့ရာတွင် ရေမြောင်းကြီးထဲသို့ မရောက်ခင် သူ့ ခန္ဓာကိုယ်ကြီးမှာ လေထဲတွင်ပင် တုံ့ခနဲ ရပ်သွားလေသည်။ အကြောင်းမူကား သူခေါင်းပေါ်မှ စွပ်ချလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည့် ကြိုးကွင်းလျှောသည် ချိုင်းအောက်သို့ မရောက်ဘဲ လည်ပင်းတွင်သာ ရစ်ပတ်သွားပြီး သူကျသွားသော အရှိန်နှင့် သူ့ ခန္ဓာကိုယ်ကြီးကို တွဲဆွဲထားလိုက်သောကြောင့် ဖြစ်လေ၏။

ဆိုက်စ်သည် ခန္ဓာကိုယ်ကြီးကို တစ်ချက်နှစ်ချက် တွန့်လိုက်ပြီးနောက် လည်ပင်းတွင် ကြိုးတန်းလန်းနှင့် ငြိမ်သက်သွားလေ၏။ ဆိုက်စ်၏ ခွေးသည် ခေါင်မိုးတွင် ခေါက်တုံ့ခေါက်ပြန် ပြေးရင်း စိတ် ချောက်ချားဖွယ်ရာ အူနေရာက သူ့ သခင်၏ ပခုံးပေါ်သို့ ခုန်ချလိုက်၏။ သို့ရာတွင် ပခုံးပေါ်သို့ မရောက်ဘဲ မြေကြီးပေါ်သို့ တစ်ရှိန်ထိုး ကျရောက်သွားကာ ကျောက်တုံးတစ်တုံးတွင် ခေါင်းရိုက်မိပြီး ဦးနှောက်များ ပြန့်ကျဲ လွင့်စဉ်သွားလေ၏။

❑

အထက်တွင် ဖော်ပြပါ အဖြစ်အပျက်များမှာ ဖြစ်ပျက်ခဲ့သည်မှာ ၂-ရက်မျှ ကြာမြင့်ခဲ့သည့် အခါ၌ မစ္စတာဘရောင်းလို၊ မစ္စတာလော့စဘန်း၊ ဟယ်ရီမေလီ၊ မစ္စက်မေလီနှင့် ရိုစီတို့ လူစုသည် အိုလီဗာကို သူတို့နှင့်အတူ ခေါ်င်ကာ အိုလီဗာအား မွေးဖွားခဲ့ရာ ဇာတိမြို့ဆီသို့ မြင်းရထားနှစ်စီးနှင့် ခရီးထွက်ခဲ့ကြလေ၏။

မစ္စက်မေလီ၊ ရိုစီနှင့် အိုလီဗာတို့ကား မန့်(က)စ်က ဖွင့်ဟ ဝန်ခံသည့်အတွက် အိုလီဗာ၏ အတိတ် ရာဇဝင်ကို မစ္စတာဘရောင်းလိုနှင့် မစ္စတာလော့စဘန်းတို့ထံမှ သိရှိခဲ့ရပြီ ဖြစ်လေသည်။ ယခု သူတို့ ခရီးထွက်လာခြင်းမှာလည်း ထိုကိစ္စကို အပြီးသတ် ဆောင်ရွက်ဖို့ ဖြစ်သည်ဟု သူတို့ နားလည်ထားကြလေ၏။

မြို့ကလေးသို့ ရောက်လာသည့်အခါ၌ ဟိုတယ်တွင် သူတို့လူစု တည်းခိုနေထိုင်ရန် အတွက် မစ္စတာဂရင်းမဝစ်ဂ်က အလုံးစုံကို အဆင်သင့် ကြိုတင် စီမံထားပြီး ဖြစ်နေလေ၏။

မစ္စတာဘရောင်းလိုနှင့် တကွ ကျန်လူကြီးများကား ဘာတွေ အလုပ်များနေကြသည်မသိ၊ အခန်းထဲမှ ဝင်လိုက်ထွက်လိုက် အခြားအခန်းတွင် တံခါးပိတ်လျက် တိုင်ပင်နေလိုက်နှင့် ဖြစ်နေကြလေသည်။ မစ္စက်မေလီကိုလည်း တစ်ခါတွင် သူတို့လူစုက အခန်းထဲသို့ ခေါ်ယူကာ တိုင်ပင်နေကြပြန်ပြီး သူမသည် အိုလီဗာနှင့် ရိုစီတို့ထံ ပြန်ရောက်လာသည့် အခါတွင် ငိုကြွေးခဲ့ဟန်နှင့် မျက်လုံးများ နီရဲမို့မောက်နေသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်ကား ည ၉–နာရီထိုးပြီးသွားသည့် အခါ၌ မစ္စတာ ယောဒ့စတန်းနှင့် မစ္စတာ ဂရင်းမဝစ်ဂ်တို့သည် မစ္စတာဘာရောင်းလိုနှင့် အခြားလူတစ်ယောက်တို့ကို ခေါ်ငင်လျက် အိုလီဗာတို့ စောင့်နေရာ အခန်းထဲသို့ ဝင်လာကြလေ၏။ မစ္စတာဘာရောင်းလိုနှင့် ပါလာသည့် လူကို တွေ့လိုက်ရလျှင် အိုလီဗာသည် ထိတ်လန့်တကြား အော်ဟစ်လိုက်မိတော့မတတ် ဖြစ်သွားလေ၏။ အကြောင်းမူကား၊ ထိုလူမှာ ဟိုတစ်လောတုန်းက မိမိ စာကြည့်ခန်း၏ ပြတင်းပေါက်မှ မိမိကို ဖေဂင်နှင့်အတူ ချောင်းကြည့်နေခဲ့သူပင် ဖြစ်သောကြောင့်ပေတည်း။ မန့်(က)စ်ကား၊ အိုလီဗာအား မုန်းတီးစက်ဆုပ်လှစွာ တစ်ချက် လှမ်းကြည့်လိုက်လေသည်။ ထိုလူမှာ မိမိ၏ အစ်ကို ဖြစ်ကြောင်းကို အိုလီဗာသည် မယုံကြည်နိုင်အောင် ဖြစ်နေမိတော့၏။ မစ္စတာဘာရောင်းလိုလည်း လက်ထဲတွင် စာရွက် တစ်ထပ်ကို ကိုင်ထားရာက အိုလီဗာနှင့် ရိုစီတို့အနီးမှ စားပွဲတွင် ဝင်ထိုင်လိုက်လေ၏။

မစ္စတာဘာရောင်းလိုလည်း အိုလီဗာကို သူ့ထံသို့ ဆွဲခေါ်လိုက်ကာ သူ၏ လက်တစ်ဖက်ကို အိုလီဗာ၏ ခေါင်းပေါ်တွင် ယုယုယယ တင်လိုက်ပြီးနောက်...

"ဟောဒီ ကလေးဟာ မင်းရဲ့ဖအေတူ အမေကွဲ ညီကလေးပဲ၊ ငါ့ရဲ့ အချစ်ဆုံး မိတ်ဆွေ အက်ဒဝပ်လီးဖို့နဲ့ အက်နစ်(စ်)ဖလန်းမင်းတို့ တရားမဝင်ဘဲ ရတဲ့ကလေးပဲ" ဟု ပြောရာ မန့်(က)စ်က...

"ဟုတ်ပါတယ် သူတို့နှစ်ယောက်ရဲ့ တိတ်တိတ်ပုန်း ရတဲ့ ကလေးပဲပေါ့"

"မင်းပြောလိုက်တဲ့ အသုံးအနှုန်းဟာ ဒီလောကကြီးမှာ မရှိတော့တဲ့ လူနှစ်ယောက်အပေါ်မှာ အပြစ်တင်တာ ဖြစ်လေတော့ အသက်ရှင်နေတဲ့ ဘယ်သူ့အပေါ်အတွက်မှ ရှက်စရာ မကောင်းဘဲ မင်းအတွက်သာ ရှက်စရာကောင်းနေတာပဲ၊ ဒါပေမဲ့ ဒါကို ထားလိုက်ပါတော့လေ၊ အိုလီဗာဟာ ဒီမြို့ကလေးမှာ မွေးဖွားခဲ့တယ်"

"ဒီမြို့ကလေးက ဘုံအိမ်မှာ မွေးဖွားခဲ့တာပါ၊ ဒီ အကြောင်းကို စာရွက်ထဲမှာ ရေးပြီးပြီ မဟုတ်လား" ဟု မန့်(က)စ်က စိတ်တိုစွာနှင့်မစ္စတာဘာရောင်းလို၏ စားပွဲပေါ်မှ စာရွက်များကို ညွှန်ပြရင်းက ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ...ဒါပေမဲ့ မင်း ပါးစပ်က ထုတ်ဖော် ဝန်ခံတာကိုလည်း ကြားချင်သေးတယ်"

"ကောင်းပြီ–ဒီလိုဆိုရင် နားထောင်ကြ၊ ကျွန်တော့် ဖခင်ဟာ ရောမ မြို့တော်မှာ ရောဂါရပြီး သိပ်ပြီး မကျန်းမမာ ဖြစ်နေတဲ့ အခါကျတော့ သူ့ဆီကို ကျွန်တော့် မိခင်နဲ့ ကျွန်တော် ရောက်သွားကြတယ်။ ကျွန်တော့် ဖခင်ဟာ ကျွန်တော်တို့ သူ့ဆီရောက်လာမှန်း ကိုတောင် မသိတော့ဘူး၊ ကျွန်တော့် မိခင် သူ့ဆီကို သွားတာဟာ သူ့ကို ချစ်ခင်တွယ်တာလို့ သွားတာ မဟုတ်ပါဘူး။ သူ့ ပစ္စည်းတွေကို အပိုင်သိမ်းဖို့ပဲပေါ့၊ ကျွန်တော့် ဖခင်ဟာ သတိ လုံးလုံး ပြန်မလည်လာဘဲ ကျွန်တော်တို့ ရောက်သွားပြီး နောက်တစ်နေ့မှာပဲ သေဆုံးသွားခဲ့တယ်၊ သူ့ စားပွဲပေါ်က စာရွက်စာတမ်းတွေထဲမှာ သူစနေပြီး မကျန်းမမာ ဖြစ်တဲ့ညက နေ့စွဲနဲ့ မစ္စတာဘရောင်းလိုဆီကို လိပ်တပ်ထားတဲ့ စာနှစ်စောင်ကို ကျွန်တော့် မိခင်ဟာ ရှာတွေ့ခဲ့ရတယ်။ ဒီစာနှစ်စောင်ကို သူသေတဲ့ အခါကျမှ ဦးဆီကို ပို့ဖို့ အမှာစာလည်း ရေးထားတယ်။ အဲဒီ စာနှစ်စောင်ဟာ တခြား မဟုတ်ဘူး၊ တစ်စောင်က သူ့ တိတ်တိတ်ပုန်း မယား အက်နစ်(စ်)ဆီကို ရေးထားတဲ့စာဖြစ်ပြီး ကျန်တဲ့ တစ်စောင်ကတော့ သူ့ရဲ့ သေတမ်းစာပဲ"

"အက်နစ်(စ်)ဆီကို ရေးထားတဲ့ စာထဲမှာ ဘာပါသလဲ"

"အို...အကြိမ်ကြိမ် ဖျက်ထားတဲ့ စာလုံးတွေနဲ့ သူ့ရဲ့ အပြစ်ကို ထုတ်ဖော် ဝန်ခံထားပြီး အက်နစ်(စ်) ကို ဘုရားသခင်က ကယ်မပါစေလို့ သွေးရူးသွေးတန်း ရေးထားတဲ့ စာပဲ။ သူက အဲဒီ အက်နစ်(စ်)ကို သူ ဘာကြောင့် လက်မထပ်နိုင်သေးတဲ့အကြောင်း လိမ်ညာထားခဲ့ပုံပါပဲ၊ ဒါကို အက်နစ်(စ်) က ယုံပြီး သူ့ကိုယ်ကို အပ်ထားတော့ အဲဒီ စာရေးတဲ့ အချိန်မှာ အက်နစ်(စ်) မှာ ကိုယ်ဝန်ရှိနေပြီ။ ကျွန်တော့်ဖခင်က သူ့အသက်ရှင်နေသေး လို့ရှိရင် ဒီအရှက်ကို ကြိုးစားပြီး ဖုံးကွယ်ပေးပါမယ်လို့ စာထဲမှာ ရေးထား တယ်၊ သူ သေရလို့ရှိရင် သူ့ကို အပြစ်လွှတ်ဖို့ ပေါ့လေ...၊ နောက်ပြီး သူတို့ နှစ်ယောက် ကျူးလွန်မိတဲ့ အပြစ်ကို သူ့ရဲ့ ကလေးက ခံစားရမှာကို စိုးရိမ် ပူပန်နေပြန်တယ်။ နောက်ပြီး အက်နစ်(စ်) နာမည်ကို ထွင်းထားတဲ့ လက်ထပ် လက်စွပ်ကလေးကိုလည်း မပျောက် မပျက်စေဘဲ သေသေချာချာ သိမ်းဆည်းထားဖို့ မှာထားတယ်။ အဲဒီလက်စွပ်ကလေးမှာ တစ်နေ့နေ့ကျရင် သူ့နာမည်ကို အက်နစ်(စ်)ရဲ့ နာမည်နောက်မှာ တပ်ပြီး ထည့်ပေးနိုင်မယ်

www.burmeseclassic.com



လို့ သူ မျှော်လင့် မိခဲ့တဲ့ အကြောင်းကိုလည်း ရေးထားတယ်။ နောက်တော့ သူ့စာဟာ အဓိပ္ပာယ် မရှိတော့ဘူး၊ ရေးပြီးသားတွေကိုပဲ ထပ်ရေးထားတယ်။ စာရေးနေရင်းကပဲ သူ့စိတ်က လစ်ဟင်းလာတယ်နဲ့ တူတာပဲ…"

ထို စကားများကို နားထောင်နေရင်းနှင့် အိုလီဗာသည် မျက်ရည်များ တသွင်သွင် စီးကျနေလေ၏။

"ကဲ…သေတမ်းစာကကော" ဟု မစ္စတာဘရောင်းလိုက ဝင်မေး လိုက်ပြန်၏။ သို့ရာတွင် မန့်(က)စ် ပြန်၍ မပြော တိတ်ဆိတ်နေလေ၏။ ထို့ကြောင့် မစ္စတာဘရောင်းလိုကပင် ၎င်းအစား သေတမ်းစာ အကြောင်းကို ပြောပြရလေ၏။

"သေတမ်းစာဟာလည်း အက်နစ်(စ်) အတွက် ရေးခဲ့တဲ့ စာပါပဲ၊ သူ့မိန်းမ (မန့်(က)စ် မိခင်) ကြောင့်၊ သူ ဘယ်လောက် ဒုက္ခရောက်ခဲ့ရပုံ၊ သူ့ကို မုန်းတီးလို့ မိခင်ဖြစ်သူက သင်ပေးထားခဲ့တဲ့ သူ့သားရဲ့ အကျင့်စာရိတ္တ ဆိုးယုတ်ပုံတွေကို ဖော်ပြထားပြီး သူတို့နှစ်ယောက် အတွက် တစ်နှစ်ကို ပေါင် ၈၀၀–စီ အမွေပေးခဲ့တယ်။ ကျန်တဲ့ သူ့ပစ္စည်းဥစ္စာတွေကိုတော့ ညီတူညီမျှ နှစ်ပိုင်း ပိုင်းပြီး တစ်ပိုင်းကို သူ့ချစ်သူ အက်နစ်(စ်)ကို ပေးပြီး ကျန်တဲ့ တစ်ပိုင်းကို သူတို့နှစ်ယောက်ကရတဲ့ ကလေးမွေးလာပြီး၊ လူလား မြောက်လာလို့ရှိရင် ခံစားရစေမယ်လို့ မှာထားခဲ့တယ်။ တကယ်လို့ မွေးတဲ့ ကလေးဟာ မိန်းကလေးဖြစ်လို့ရှိရင် အမွေပစ္စည်းကို စည်းကမ်း ခြွင်းချက် မရှိဘဲ ခံစားနိုင်တယ်၊ ယောကျ်ားကလေး ဖြစ်တယ်ဆိုရင်တော့ စည်းကမ်း ချက်တစ်ခု ထားခဲ့တယ်။ သည်ကလေးဟာ ငယ်ရွယ်စဉ် အခါမှာ အကျင့် စာရိတ္တ ကောင်းမွန်ရမယ်။ သူ့နာမည်ဟာ ဘယ်လိုမှ အရှက်တကွဲ မဖြစ်ခဲ့ရ ဘူး။ သတ္တိကြောင်ခြင်း၊ မတရားမှု ပြုခြင်း၊ အစရှိသည်ကို မကျူးလွန်ခဲ့ဘူး ဆိုမှ အမွေပစ္စည်းကို ခံစားနိုင်ခွင့်ပေးခဲ့တယ်။ ဒီလို စည်းကမ်းချက် ထားခဲ့ ခြင်းဟာ…သူ့ချစ်သူ အက်နစ်(စ်) အပေါ်မှာ ယုံကြည်လို့ပဲလို့လည်း မှာထားခဲ့ တယ်။ အက်နစ်(စ်)က မွေးတဲ့ ကလေးဟာ အက်နစ်(စ်)လိုပဲ သဘောထား ပြည့်ဝဖြူစင် အကျင့်စာရိတ္တနဲ့ မွန်မြတ် စင်ကြယ်မှာပဲလို့ သူ ယုံကြည် တယ်တဲ့၊ ဒါပေမဲ့ တကယ်လို့ သူ ယုံကြည်ချက်ဟာ ပြည့်စုံခဲ့ခြင်း မရှိဘဲ အက်နစ်(စ်) ရဲ့ ကလေးနဲ့ မင်းဟာ အကျင့်စာရိတ္တမှစ၍ အဆင့် အတန်း တူညီလာတဲ့ အခါကျမှသာလျှင်၊ မင်းဟာ သားကြီးဖြစ်တဲ့ အတွက် အမွေကို မင်း ရစေမယ်လို့ သေတမ်းစာမှာ ရေးထားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



မန့်(က)စ်လည်း အသံကျ၍ လောင်စွာနှင့် စကားဝင်ပြောလိုက်ပြန်၏။

"ကျွန်တော့်မိခင်ဟာ မိန်းမတိုင်း မုချ ပြုလုပ်မယ့် အမှုတစ်ခုကို ပြုခဲ့တယ်။ တခြားမဟုတ်ဘူး၊ အဲဒီသေတမ်းစာကို မီးရှို့ပစ်ခဲ့တာပဲ၊ ဒါပေမဲ့ အက်နစ်(စ်)ရဲ့ စာနဲ့ အခြားသက်သေခံ စာရွက်စာတမ်း အချို့ကိုတော့ သိမ်းဆည်းထားခဲ့တယ်။ နောက်ပြီးတော့ အက်နစ်(စ်)ရဲ့ ဖခင်ဆီကို သွားပြီး ကျွန်တော့်ဖခင်ဟာ သူ့ သမီးကို တိတ်တိတ်ပုန်းမယား အဖြစ်နဲ့သာ သဘော ထားခဲ့တဲ့ အကြောင်း၊ သူ့ သမီးဟာ ကျွန်တော့်ဖခင်ရဲ့ တရားဝင် မယား ဘယ်တော့မှ ဖြစ်နိုင်တော့မယ် မဟုတ်တဲ့ အကြောင်းတွေကို မုန်းမုန်းနဲ့ ချဲ့ထွင်ပြောပြခဲ့ပြန်တယ်။ ဒီတော့ အဘိုးကြီးခမျာလည်း အကြီးအကျယ် အရှက်ရပြီး၊ သူတို့ ဇာတိနေရပ်ကနေ သူ့ သမီးနှစ်ယောက်နဲ့အတူ ထွက်ပြေးကြပြီး ဝေလနယ်ထဲက ချောင်ကျတဲ့ အရပ်တစ်ရပ်ထဲမှာ ဇာတ်မြှုပ်ပြီး နေခဲ့ကြတယ်။ သူ့နာမည်ကိုလည်း ပြောင်းပစ်ခဲ့တယ်။ မကြာခင်မှာဘဲ၊ သူဟာ သူ့အိပ်ရာမှာပဲ အသက်ပျောက်နေတာကို လူတွေက တွေ့ခဲ့ကြရ တော့တာပဲ။ လွန်ခဲ့တဲ့ တစ်ပတ် နှစ်ပတ်လောက်တုန်းက အက်နစ်(စ်) ဟာ အိမ်က ထွက်ပြေးသွားခဲ့တယ်။ အဘိုးကြီးက အနီးအနားမှာရှိတဲ့ မြို့ကလေး တွေ ရွာကလေးတွေ အနှံ့အပြားမှာ သူ့ သမီးကို လိုက်ရှာဖွေခဲ့တယ်။ ဒါပေမဲ့ မတွေ့တဲ့ အခါကျတော့ သူ့ သမီးတော့ သူ့ အရှက်ကို အသက်နဲ့ လဲသွား ပြီလို့ ယူဆပြီး အိမ်ပြန်လာ၊ ရင်ကျိုးပြီး သေတာနဲ့ တူတာပဲ"

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် မစ္စတာဘရောင်းလိုက စကား ဆက်ပြန်လေ၏။

"ဒီလိုဖြစ်ပျက်ပြီး နှစ်ပေါင်းများစွာ ကြာတော့...မန့်(က)စ်ရဲ့ မိခင် ဟာ ကျုပ်ဆီကို ရောက်လာခဲ့တယ်။ မန့်(က)စ် ဟာ အသက် ၁၈-နှစ် အရွယ်ကတည်းက သူ့မိခင်ဆီက ပစ္စည်းဥစ္စာတွေကို လိမ်လည် ခိုးယူပြီး လန်ဒန်မြို့က ထွက်ပြေးသွားခဲ့တယ်။ နောက်ပြီးတော့ အဆင့်အတန်း အနိမ့် ကျဆုံး လူတေလူပေတွေနဲ့ ပေါင်းသင်းနေထိုင်ခဲ့တယ်၊ သူ့မိခင်ဟာ အဲဒီ အချိန်ကတော့ ကုလို့မရတဲ့ ရောဂါတစ်ခုနဲ့ တဖြည်းဖြည်း ကျွမ်းနေပြီး သူ မသေခင် သူ့သားကို ပြန်တွေ့ချင်တာနဲ့ ကျုပ်ဆီကို လာအကူအညီ တောင်း တာပဲ၊ သူ့သားကို တိတ်တိတ်ဆိတ်ဆိတ် ရှာဖွေတွေ့ရှိရတဲ့ အခါမှာ သူနဲ့ အတူ ပြင်သစ်ပြည်ကို ခေါ်ဆောင်သွားခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပြင်သစ်ပြည်မှာပဲ ရောဂါကို နာတာရှည်ခံစားရပြီး ကျွန်တော့်မိခင်ဟာ သေဆုံးသွားခဲ့ရတယ်" ဟု မန့်(က)စ် က စကား ဝင်ဆက်လိုက်လေသည်။ "သူ သေခါနီးကျတော့ သူက ကျွန်တော့်ကို သေတမ်းစာကိစ္စနဲ့ အက်နစ်(စ်)တို့ အကြောင်းကို ဖွင့်ပြောပြခဲ့ပြီး အက်နစ်(စ်)နဲ့ သူ့သွေးအပေါ်မှာ တတ်နိုင်သလောက် ဒုက္ခရောက်စေဖို့ ကြိုးစားရမယ်လို့ မှာကြားသွားခဲ့တယ်။ တကယ်တော့ မှာစရာတောင် မလိုပါဘူး။ ကျွန်တော်ကလည်း ကျွန်တော့်မိခင်လိုပဲ၊ ကျွန်တော့်ဖခင်နဲ့တကွ၊ သူ့သွေး၊ သူ့ အဆက်အနွယ်တွေ အပေါ်မှာ ခါးခါးသီးသီးကြီး မုန်းတီးနေတာပဲ၊ ကျွန်တော့် မိခင်က–အက်နစ်(စ်) သူ့ကိုယ်သူ သတ်သေမှာ မဟုတ်ဘူး။ အက်နစ်(စ်)ဟာ…သားယောကျ်ားကလေး တစ်ယောက် ဖွားမြင်ခဲ့တယ်လို့ ယုံကြည်နေမိတဲ့အကြောင်း–ကျွန်တော့်ကို ဖွင့်ပြောခဲ့တယ်။ ကျွန်တော်လည်း အက်နစ်(စ်)ရဲ့ သားကလေးကို…မတွေ့တွေ့အောင် ရှာပြီး အမျိုးမျိုး ဒုက္ခရောက်အောင် ကြိုးစားပါ့မယ်လို့ ကျိန်တွယ်ပြီး ကတိပေးလိုက်တယ်။ ကျွန်တော်လည်း ကတိအတိုင်း ကြိုးစားခဲ့ပါတယ်။ တကယ်လို့…သစ္စာဖောက်တဲ့လူသာ မရှိခဲ့လို့ရှိရင်–ကျွန်တော့် ကြိုးစားမှုဟာ အဆုံးသတ် အောင်မြင်ခဲ့မှာပဲ"

မန့်(က)စ်လည်း စကားကို အဆုံးသတ်လိုက်ပြီးနောက် လက်ပိုက်ကာ တစ်ကိုယ်တည်း အမျိုးမျိုး ကျိန်ဆဲနေသည့်အတွင်း မစ္စတာ ဘရောင်းလိုက မန့်(က)စ်သည် ဖေဂင်အား အိုလီဗာကို ၎င်းထံတွင် ထားလျက် လူဆိုးသူခိုးကလေး တစ်ယောက်ဖြစ်လာအောင် လုပ်ပေးဖို့ ငွေ အမြောက်အမြားပေးလျက် တာဝန်လွှဲခဲ့ပုံကို နားထောင်နေကြသူများအား ရှင်းပြလေ၏။ ပြီးနောက် မန့်(က)စ်အား လှည့်ကြည့်ကာ…

"ကဲ…အက်နစ်(စ်)ကို မင်းအဖေကပေးခဲ့တဲ့ လက်စွပ်နဲ့လော့ကက်သီးကလေးကကော…" ဟု မေးလိုက်လေ၏။

"ဒီဟာတွေကို ကျုပ် လူတစ်ယောက်နဲ့ သူ့မိန်းမဆီက ဝယ်ယူပြီး ဖျောက်ဖျက် ပစ်လိုက်တယ်လို့ ပြောပြီးပြီ မဟုတ်လား၊ ဒီလူ နှစ်ယောက်က အဲဒီပစ္စည်းတွေကို အက်နစ်(စ်)ကို မီးဖွားပေးတဲ့ ဝမ်းဆွဲမကြီးဆီက ရခဲ့တယ်"

ဤတွင် မစ္စတာဘရောင်းလိုသည်…မစ္စတာဂရင်းမဝစ်ဂ်အား ခေါင်းညိတ်၍ အချက်ပေးလိုက်ရာ မစ္စတာဂရင်းမဝစ်ဂ်လည်း အခန်းထဲမှ လျင်မြန်စွာ ထွက်လာပြီးနောက် မကြာမီမှာပင် ဘုံအိမ်လူကြီး မစ္စတာ ဘမ်ဘယ်တို့ ဇနီးမောင်နှံကို အခန်းတွင်းသို့ သွင်းလာလေ၏။ သူတို့ နှစ်ယောက်က

www.burmeseclassic.com



မစ္စတာဘရောင်းလိုက စစ်ဆေးမေးမြန်းသည့် အခါ၌ ပထမ မစ္စက် ဘမ်ဘယ်လ်က တင်းမာ၍ ငြင်းပယ်နေသော်လည်း နောက်ဆုံးတွင် မန့်(က)စ်ကိုယ်တိုင်က ဝန်ခံထားပြီ ဖြစ်ကြောင်းကို သိရလျှင်၊ သူတို့၏ အပြစ်များကို ဝန်ခံလိုက်တော့လေ၏။

မစ္စတာဘမ်ဘယ်လ်တို့ အခန်းထဲမှ ပြန်ထွက်သွားလျှင် မစ္စတာဘရောင်းလိုလည်း ရိုစီကို ပြ၍ သိမသိ၊ မန့်(က)စ်အား မေးရာ မန့်(က)စ်က သိပါတယ်ဟု ပြောလေ၏။

"ဟင် ရှင့်ကိုတော့ ကျွန်မ တစ်ခါမှ မတွေ့ခဲ့ဖူးပါကလား" ဟု ရိုစီက ပြောသော်လည်း...

"မင်းကိုတော့ ကျုပ် ခဏခဏ တွေ့ခဲ့ရပါတယ်"

ဤတွင် မစ္စတာဘရောင်းလိုက ဝင်ပြောလိုက်ပြန်၏။

"အက်နစ်(စ်)ရဲ့ ဖခင်မှာ သမီးနှစ်ယောက် ရှိခဲ့တယ်၊ တစ်ယောက်က အက်နစ်(စ်)၊ တစ်ယောက်ကတော့ အက်နစ်(စ်)ထက် အပုံကြီးငယ်တယ်၊ အဲဒီကလေးဟာ ဘာဖြစ်သွားသလဲ"

"အဘိုးကြီးဟာ တစိမ်းတွေရဲ့ အရပ်မှာ သေရပြီး သူ့နာမည်ကိုလည်း ပြောင်းထားတော့၊ သူ့ မိတ်ဆွေ ဆွေမျိုးတွေ ဘယ်သူဘယ်ဝါ ဆိုတာကို လိုက်လံ စုံစမ်းလို့ မရခဲ့ဘူး။ ဒီတော့ ကျန်ရစ်ခဲ့တဲ့ သူ့သမီး အထွေးကလေးကို အိမ်နီးနားချင်း လူဆင်းရဲ မောင်နှံက ကောက်ယူ မွေးစားခဲ့ရတယ်"

"အင်း ဆက်ပြောပါလေ" ဟု မစ္စတာဘရောင်းလိုက မစ္စက်မေလီအား အနားသို့ ကပ်လာရန် လက်ရိပ် ပြလိုက်ပြီး ပြောလိုက်လေသည်။

"အက်နစ်(စ်)တို့ မိသားတစ်စု ဘယ်အရပ်ကို ထွက်ပြေးသွားတယ်ဆိုတာကို ဦး ဘယ်လိုပဲ လိုက်စုံစမ်းခဲ့ပေမယ့် အချည်းနှီး ဖြစ်ခဲ့ရတယ် မဟုတ်လား၊ ဒါပေမဲ့ ကျွန်တော့် မိခင်ကတော့ မုန်းစိတ်နဲ့ လိုက်ရှာလိုက်တာ နောက်ဆုံးတော့ တွေ့ခဲ့ရတယ်၊ အဘိုးကြီးရဲ့ သမီးထွေးကလေးကိုပဲ တွေ့ခဲ့ရတယ်"

"အဲဒီတော့ ကလေးကို သူ ခေါ်သွားတယ် မဟုတ်လား..."

"ဟင့်အင်း ခေါ်မသွားပါဘူး၊ ကလေးကို မွေးစားထားတဲ့ ဇနီးမောင်နှံက သိပ်ပြီး ဆင်းရဲတော့ ယောကျ်ားဖြစ်သူဟာ ကလေးကို မကြည်ဖြူတော့ဘူး၊ ကျွန်တော့် မိခင်က ကလေးဖို့ဆိုပြီး ငွေကလေး နည်းနည်းပါးပါး ပေးခဲ့တယ်၊ နောက်ထပ် ပို့ပါဦးမယ်လို့ပဲ ကတိပေးခဲ့ပေမယ့် ထပ် မပို့တော့

www.burmeseclassic.com



ဘူး။ ဒါတွင် မကသေးဘူး၊ ဒီကလေးဟာ အကျင့်စာရိတ္တ မကောင်းတဲ့ လူတွေရဲ့ အဆက်အနွယ် ဖြစ်ကြောင်း၊ သူ့အစ်မလိုပဲ သူဟာလည်း တိတ်တိတ်ပုန်း ရတဲ့လူနှစ်ယောက်က မွေးတဲ့ ကလေးဖြစ်ကြောင်းကို ပြောပြီး သူဆင်းရဲဒနီးမောင်နှံရဲ့ မုန်းစိတ်တွေကို ဆွပေးခဲ့တယ်။ သူဆင်းရဲ မောင်နှံကလည်း ကျွန်တော့် မိခင်ရဲ့ စကားကို ယုံကြည်ပြီး ကလေးကို မချစ်ခင် မတွယ်တာတော့ဘဲ တာဝန်အပိုကြီး တစ်ခုလိုသာ သဘောထားခဲ့တော့၊ ကလေးဟာ သူတို့လက်ထဲမှာပဲ ဆင်းဆင်းရဲရဲနဲ့ ကြီးပြင်းလာခဲ့ရတာပေါ့၊ နောက်ပြီး ကလေးဟာ သူ့ကိုယ်သူ တရားမဝင်တဲ့ အဖေအမေက မွေးတဲ့ ကလေးလို့ ထင်နေခဲ့တယ်။ ဒါပေမဲ့ မုဆိုးမ တစ်ယောက်က အဲဒီ ကလေးကို သွားတွေ့ရတော့ ကရုဏာသက်ပြီး သူ့ ကလေးလိုပဲ မွေးစားပြန်တယ်။ ကျွန်တော်တို့က ဘယ်လိုပဲ ကြိုးစားပေမယ့် ဒီကလေးဟာ မုဆိုးမကြီးနဲ့ အတူတူ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားနိုင်တော့တာပဲ၊ သူတို့ကို ကျွန်တော် လွန်ခဲ့တဲ့ ၂–နှစ်ကျော်ကျော်လောက်က အဆက်ပြတ်သွားလိုက်တာ လွန်ခဲ့တဲ့ သုံးလေးလလောက်ကမှ ပြန်တွေ့ရတော့တယ်"

"ခု မင်း သူ့ကို တွေ့သလား"

"တွေ့ပါတယ် ဦးဘေးက ရိုစီဟာ အက်နစ်(စ်)ရဲ့ ညီမပါပဲ"

"ဘယ်လိုပဲဖြစ်ဖြစ် ရိုစီဟာ ကျွန်မရဲ့ တူမကလေးပါပဲ" ဟု မစ္စက်မေလီသည် သတိလစ်လုနီးပါး ဖြစ်နေသော ရိုစီကို ရင်ခွင်တွင် ယုယစွာ ပွေ့ပိုက်လိုက်ရင်းက ပြောလိုက်လေ၏။ "ကမ္ဘာပေါ်မှာ ရှိသမျှ ရတနာတွေကို ရမယ်ဆိုရင်တောင် ကျွန်မ သူ့ကို အဆုံးရှုံး မခံနိုင်ပါဘူး၊ သူဟာ ကျွန်မရဲ့ သမီးကလေးပါပဲ"

သို့သော် ရိုစီက ဝမ်းနည်းနေရှာသေးသဖြင့်...

"ဝမ်းနည်းစရာ မရှိပါဘူး ရိုစီရယ်၊ ကဲ ဟောဒီမှာ ကြည့်စမ်းပါဦး၊ ရိုစီရဲ့ ရင်ခွင်ထဲကို ဝင်ဖို့ စောင့်နေတဲ့ သူကလေးဟာ ရိုစီရဲ့ တူအရင်းကလေးပဲ မဟုတ်လား"

အိုလီဗာက ရိုစီ၏ လည်ပင်းကို သိမ်းကျုံးဖက်လိုက်လေ၏။

"ကျွန်တော့် အဒေါ် မဟုတ်ပါဘူး၊ ကျွန်တော် မမကို ဒေါ်ဒေါ်လို့ ဘယ်တော့မှ မခေါ်ဘူး ကျွန်တော့် အစ်မအရင်းပါ၊ မမကို စတွေ့ခဲ့ရကတည်းက ကျွန်တော် ချစ်မိအောင် သွေးက လှုံ့ဆော်ခဲ့တာပဲ၊ ကျွန်တော့် မမ–"

www.burmeseclassic.com



သူတို့နှစ်ယောက်ကို အခန်းထဲတွင် ထားခဲ့ကြကာ ကျန်လူများသည် ရှောင်ထွက်သွားကြလေ၏။ အတော်ကြီး ကြာမှ တံခါးကို အပြင်ဘက်မှ နေ၍ ညင်သာစွာ ခေါက်လိုက်ကာ ဟယ်ရီ ဝင်လာလေရာ၊ အိုလီဗာလည်း အလိုက်သိစွာ ရှောင်ထွက်သွားတော့လေ၏။

ဟယ်ရီလည်း သူ့ မေတ္တာကို လက်ခံ တုံ့ပြန်ပါရန် ရိုစီအား ထပ်မံ တောင်းပန်ပြန်လေ၏။ သည်တစ်ခါတော့ ဟယ်ရီမှာ ကျော်ဇော ထင်ရှား မည့် ရှေ့တက်လမ်းကို မျှော်မှန်းနေသော သူတစ်ယောက် အဖြစ်နှင့် ရိုစီအား တောင်းပန်နေခြင်း မဟုတ်တော့ဘဲ၊ အခြေအနေ ဂုဏ်ဒြပ် မြင့်မားခြင်း မရှိ သည့် ခရစ်ယာန် သင်းအုပ် ဆရာဘဝသို့ ဝင်ရောက်တော့မည့် လူအဖြစ် နှင့်သာ ရိုစီ၏ မေတ္တာကို တောင်းပန်နေခြင်း ဖြစ်လေရာ၊ ရိုစီသည် ၎င်းအား အဘယ်မှာလျှင် ငြင်းပယ်နိုင်တော့မည်နည်း။

❑

BURMESE CLASSIC

"ညစာ စားဖို့အရေး၊ ချစ်သူနှစ်ယောက်ကို စောင့်မျှော်နေရတဲ့ အလုပ်ဟာ အတော်ကို စိတ်ရှည်မှ ဖြစ်မယ်ဗျ" ဟု မစ္စတာဂရင်းမဝစ်ဂ်သည် အိပ်ငိုက် နေရာမှ လန့်နိုးလာပြီး ပြောလိုက်လေသည်။

အမှန်တော့လည်း ညစာ စားကြဖို့ကို ၎င်းတို့ စောင့်မျှော်နေခဲ့ရသည် မှာ အတော်ကြီး ကြာမြင့်ခဲ့ပြီ ဖြစ်လေ၏။ ဟယ်ရီနှင့်ရိုစီတို့ အခန်းထဲတွင် အတော်ကြီး ကြာအောင် ပျောက်ကွယ်နေခဲ့ကြပြီးမှ၊ ပြုံးရွှင်သော မျက်နှာများ နှင့် ပြန်ထွက်လာကြလေ၏။

"ဒီမှာ ကျုပ်ခေါင်းကို ကျုပ် ပြန်စားဖို့၊ တကယ်ပဲ လေးလေးနက်နက် ကြီး တွေးမိတယ်ဗျာ၊ ဘာပြုလို့လဲဆိုတော့၊ ဒီညတော့ တခြား စားစရာ ရှိတော့မှာ မဟုတ်ဘူးလို့ ကျုပ် ထင်မိတာကိုး၊ ကဲ...ကဲ...ဒါတွေထားလိုက် ပါဦး၊ သတို့သမီးလောင်းကို ထုံးစံအတိုင်း ကျုပ် နမ်းပါရစေ..."

မစ္စတာဂရင်းမဝစ်ဂ်လည်း ရှက်သွေးဖျန်းနေသော ရိုစီအား နမ်းလိုက် လေ၏။ သူ့နောက် မစ္စတာဘရောင်းလိုနှင့် ဆရာဝန်လော့စဘန်တို့က လည်း နမ်းကြပြန်လေ၏။ အမှန်တော့ သူတို့ကား၊ ဟယ်ရီ၏ အတုကို ယူနေခြင်းသာ ဖြစ်ကြလေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com



သုံးလခန့် ကြာခဲ့လျှင် ဟယ်ရီနှင့်ရိစီတို့မှာ တောရွာကလေး တစ်ရွာမှ တိတ်ဆိတ်ငြိမ်သက်သော ဘုရားရှိခိုး ကျောင်းကလေးတွင် ဇနီးမောင်နှံ အဖြစ်နှင့် လက်ထပ်ထိမ်းမြား လိုက်ကြလေသည်။ ပြီးနောက် သူတို့ မောင်နှံသည်၊ ထိုရွာကလေးတွင်ပင် အိုးအိမ်ထူထောင်ကာ ရွာကလေး၏ သင်းအုပ်ဆရာအဖြစ်နှင့်ပင်၊ ဟယ်ရီသည် ဘုရားသခင်၏ အမှုတော်ကို ထမ်းရွက်နေတော့လေ၏။ မစ္စက်မေလီကား သူ့သားနှင့် ချွေးမတို့ အိမ်တွင် အတူလာရောက်နေထိုင်ပြီး၊ သူမ၏ အသက် ကုန်ဆုံးသည်အထိ၊ စိတ် ချမ်းမြေ့မှု သုခ အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားသွားရလေ၏။

အိုလီဗာနှင့် မန့်(က)စ်တို့၏ ဖခင် ထားပစ်ခဲ့သည့် အမွေပစ္စည်းကား၊ မန့်(က)စ်၏ လက်ထဲ၌ အတော်ကြီး ဆုတ်ယုတ်ခဲ့ရလေရာ၊ ယခု မစ္စတာဘရောင်းလိုတို့က သဘောထားကြီးစွာနှင့် ထို ပစ္စည်းများကို ညီအစ်ကို နှစ်ယောက်အား ညီတူညီမျှ ဝေခွဲပေးလိုက်သည့် အခါတွင်၊ တစ်ယောက်လျှင် ပေါင် ၃၀၀၀–ကျော်ကျော်စီသာ ရရှိကြတော့လေ၏။ မန့်(က)စ်လည်း သူ့ဝေစုကို ယူကာ အမေရိကတိုက်သို့ ထွက်ခွာသွားပြီး သူ့ ပစ္စည်းများကို လျှင်မြန်စွာပင် သုံးဖြုန်းပစ်လိုက်ကာ၊ နောက်ဆုံးတော့ ရာဇဝတ်မှု တစ်မှုနှင့် ထောင်ကျပြီး၊ ထောင်ထဲတွင်ပင် အသက် ဆုံးရှုံးသွားရလေ၏။

မစ္စတာဘရောင်းလိုသည် အိုလီဗာအား သူ၏သားအဖြစ်နှင့် မွေးစားကာ အိုလီဗာ၏ အလိုကို လိုက်လျက်၊ ရိစီနှင့် ဟယ်ရီတို့ နေထိုင်ရာ အရပ်သို့ပင် ပြောင်းရွှေ့နေထိုင်လျက် ရှိနေလေ၏။ မကြာခင်မှာပင်၊ မစ္စတာလော့စဘန်းနှင့် မစ္စတာ ဂရင်းမဝစ်ဂ်တို့မှာလည်း ထိုအရပ်သို့ပင် ပြောင်းရွှေ့လာကြလေရာ၊ ထိုအရပ်တွင် သူတို့မှာ ပျော်ရွှင်စရာ အကောင်းဆုံးသော လူ အစုအဝေးကလေး တစ်ရပ် ဖြစ်လာရတော့လေ၏။

မစ္စတာဘမ်ဘယ်လ်တို့ ဇနီးမောင်နှံကား၊ သူတို့ ကျူးလွန်သည့် ပြစ်မှုကြောင့် အလုပ်ပြုတ်ကာ၊ ဆင်းရဲနွမ်းပါး သွားကြလေရာ၊ နောက်ဆုံးတွင် သူတို့ ကြီးကြပ်ခဲ့ရသည့် ဘုံအိမ်တွင်ပင် သူဆင်းရဲများ အဖြစ်နှင့် လာရောက်နေထိုင် ကြရလေ၏။

မစ္စတာဘရောင်းလိုကား၊ သူ၏ မွေးစားသား အိုလီဗာကို မိမိသားအရင်းကဲ့သို့ပင် မေတ္တာတွေ ပုံအပ်လျက်၊ လိုလေသေးမရှိအောင် ပြုစုစောင့်

www.burmeseclassic.com



ရှောက်ခဲ့ကာ၊ ပညာကိုလည်း ပြည့်စုံအောင် သင်ကြားပေးခဲ့လေရာ အိုလီဗာမှာ လူကြီးလူကောင်းကလေး တစ်ယောက် ဖြစ်လာရလေ၏။

ရွာကလေးတစ်ရွာ၏ ဘုရားရှိခိုး ကျောင်းဝင်းထဲတွင်ကား၊ ကျောက်ဖြူကို ထွင်းထုထားသည့် ကျောက်ပြားတစ်ချပ် စိုက်ထူထားသည်ကို တွေ့ရမည် ဖြစ်လေသည်။ ကျောက်ဖြူပေါ်တွင်ကား၊ 'အက်နစ်(စ်)' ဟူသည့် နာမည်တစ်လုံးကိုသာ ထွင်းထုထားလေ၏။ အကယ်၍ သေလွန်ပြီးသော လူများ၏ ဝိညာဉ်များသည်၊ လူ့လောကထဲသို့ ပြန်လာကြသည်ဆိုပါက အက်နစ်(စ်) ဝိညာဉ်သည်လည်း သူမကို ချစ်ခင်မြတ်နိုးစွာနှင့် အမှတ်တရ စိုက်ထူထားသည့် ဤ ကျောက်ပြားအနီးဝယ် ကျေနပ် နှစ်သိမ့်စွာနှင့် လာရောက် ရစ်ဝဲနေမည်ဟု ယုံကြည်ရပေသတည်း။ ။

❖ ❖ ❖

မိုးဝေ

BURMESE CLASSIC

www.burmeseclassic.com